www.burmeseclassic.com

စီစဉ်သည်

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ

မြောက်ဦးမြို့မှသည်
တာချီလိတ်ဆီသို့




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

23 NOV 2007

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၀၈၇၆၀၄၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၁၅၁၁၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# ခွင့်ပန်လွှာ

အနောက်ဘက်ဆီမှ ရခိုင်တို့၏ ယဉ်ကျေးမှု၊ ဗိသုကာ၊ အနုပညာတို့ စတင်၍ အဆင့်မြင့်စွာ ထွန်းကားချိန်များ များစွာ စောလွန်းနေပါသည်။

ပုဂံခေတ်ထက် နှစ်ပေါင်း ၆၀၀ ကျော်မျှ ရှေးကျပြီး အရှေ့ဘက်မှ "ပျူ"တို့နှင့် ခေတ်ပြိုင်ဖြစ်ပါ၏။

ယင်းတို့ကို ဖော်ညွှန်းနိုင်ရန်အတွက် ရာဇဝင်နှင့် သမိုင်းစာအုပ်များ၊ မှတ်တမ်းများ၊ ကျမ်းပြုများအပါအဝင်... ကျမ်းပေါင်း အမြောက်အမြားကို အချိန်ကြာမြင့်စွာ ယူ၍ ကျွန်မ ဖတ်ရှုခဲ့ပါသည်။

အတတ်နိုင်ဆုံးသော ကြိုးစားအားထုတ်ခြင်းဖြင့် ရှာဖွေလေ့လာ ညှိနှိုင်းခဲ့ရာတွင်...

www.burmeseclassic.com

www.burmeseclassic.com

ကျွမ်းအချင်းချင်းပင် အကွဲအလွဲလေးများ တွေ့ရှိသာရပါ၏။ ကျွန်မအနေနှင့် ဆရာဦးစံသာအောင်၏ ကျမ်းများကိုသာ အထူးအားကိုးပြုခဲ့ရပါသော်လည်း...

ကျွန်မ၏ ညှိနှိုင်းဖွဲ့မှုတွင် အကွဲ၊ အလွဲ၊ အတိမ်း၊ အစောင်းများ ရှိကောင်းရှိပါလိမ့်မည်။

ဤ "မြောက်ဦးမြို့မှသည်..." သည်ကျမ်းတစ်စောင် ပမာ မလေးနက်ပါ။

ဝတ္ထုအသွင် တင်ပြရခြင်းသာဖြစ်ပါ၍ ဇာတ်လမ်းနှင့် မေတ္တာဖွဲ့ဘက်ကိုလည်း ငဲ့ရသည့်အတွက်...

အဘက်ဘက်မှ လိုအပ်ချက်များ...

သမိုင်းရှုထောင့်မှ အားနည်းချက်များ...

ကို တွေ့ရှိပါလျှင် သက်ညှာစာနာစွာဖြင့် ခွင့်လွှတ်ပါရန် ခွင့်ပန်အပ်ပါသည်။

# ကျေးဇူးမှတ်တမ်း

အုပ် ၅၀ မြောက် ရွှေရတုဝတ္ထုအား မြန်မာပြည်၏ အရှေ့နှင့်အနောက် ကန့်လန့်ဖြတ်ခရီးကို အခြေခံ၍ ရေးသားတင်ပြမည်ဟု ကျွန်မ ကြိုတင်ကြံရွယ်ခဲ့သည့်အတိုင်း...

အရှေ့ဘက်စွန်း "တာချီလိတ်မြို့" သို့ ဦးစွာ သွားပြီးနောက်... အနောက်ဘက်ဆီမှ ရခိုင်တို့၏ လျှမ်းလျှမ်းတောက် အနုပညာထွန်းကားခဲ့ရာ "မြောက်ဦးမြို့"ကို ကျွန်မ ဆန္ဒကြီးစွာ သွားရောက်ချင်လှပါသည်။

ဤဆန္ဒကို ပထမဦးဆုံး ဖြည့်ဆည်းပေးခဲ့သူမှာ...

"ချစ်သော စံစံတို့မိသားစု"ပါ။

ဒုတိယက...

"စစ်တွေမြို့မှ မမနုတို့မိသားစု" ဖြစ်ပါ၏။

ထို့နောက် မြောက်ဦးမြို့တွင် အချိန်ကြာမြင့်စွာ လှေ့လာစဉ်အတွင်း ကျွန်မတို့အား ကျွေးမွေးပြုစုရုံမက...

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုအတွက် အနီးကပ် ကူညီဖြည့်စွမ်းပေးရှာသော...

"သီရိဆောင်နေ မြောက်ဦးမြို့သူ 'နုနုခိုင်'နှင့် သူ၏ အိမ်သားများ"

ထိုမှတစ်ဆင့်...

"ဝေသာလီ" ခရီးသို့ ပင်ပန်းခံ၍ လိုက်ပို့ပေးကြသော "မောင်သော်ထွန်း"၊ "ဇော်အေးမောင်"နှင့် "ကိုအောင်လှသိန်း"

"စစ်တွေမြို့နယ် ယဉ်ကျေးမှုကော်မတီဝင်များနှင့် စာပေပညာရှင်များ"

"အဘက်ဘက်မှ အကူညီပေးခဲ့ကြသော ရခိုင်ပြည်နယ်မှ မိတ်ဆွေများ..."

အားလုံးကို...

တမ်းတနေမီအောင် လိုက်လှဲစွာ ကျေးဇူးတင်ရှိလှပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကလျာ (ဝိဇ္ဇာ–သိပ္ပံ)




www.burmeseclassic.com

www.burmeseclassic.com

"ရတနာသုံးပါး"
ကွယ်လွန်လေပြီးသော ကျေးဇူးရှင် "မိဘနှစ်ပါး"
"သင်ဆရာ၊ မြင်ဆရာ" များနှင့်
ကျွန်မ၏ တစ်သက်တာအတွင်း
အသေးအမွှား ကိစ္စလေးမှ အစ
ကြီးမားခက်ခဲသော ပြဿနာများအထိ
ဖေးမ၊ ကူညီ၊ ဆောင်ရွက်၊ အားပေးခဲ့ကြသော
"ကျေးဇူးရှင်အပေါင်း" အား
ဤစာအုပ်မှတစ်ဆင့်
နှိမ့်ချရိုကျိုးစွာ ရှိခိုးကန်တော့အပ်ပါသည်။

ကလျာ(ဝိဇ္ဇာ-သိပ္ပံ)

မောင်မျိုး
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးမြို့မှသည်...

လောင်းကြက်တွင်မူ၊ ရိပ်မြုံဖွေးဖွေး
တဆယ့်လေးဝယ်၊ ခင့်ဘေးဆုံးစွန်
**"မင်းစောမွန်"** လျှင်
တရန်တထောက် ကျိန်းခန်းလျှောက်ဖြင့်
နောက်သူရတန်၊ ပဋ္ဌာန်မင်းနေ
ပြေးရှာချေ၍၊ ပြန်လေတခါ...
မြို့ကောင်းရာကို၊ ရှာလေအကျော်
.........စနည်းနှင့်တိတ် နိမိတ်နားခို
အကျိုးမျှော်တွေ့၊ စုံရှာဘွေ့သော်
ကမ်းခြေနှစ်ကွဲ၊ လူခပဲတို့

www.burmeseclassic.com

www.burmeseclassic.com

နတ်ညဲစံသီး၊ သမီးယောက်မ
ငါးသုံ့ကြ၍၊ ချီချခေါ်ထူး
ပုံ့တပျူးလျှင်၊ မြောက်ဦးဝသဲ
ဖန်တလဲတည့်၊ ခေါ်ဆဲစည်တွင်
ပျောက်ခဲ့ကျင်သော်၊ ထိုတွင်ချိန်ရထောက်
ရှုလမြောက်က၊ ချေပေါက်သံကြား
ကျားကလန့်ရှောင်၊ ကြောင့်မှုပြေးထွက်
ကြွက်ကားလိုက်တွေ့၊ မြွေကိုဘားနိုင်၊
တရင်းဆိုင်လျက်၊ ရခိုင်မှန်ဖူး
**"ရွှေမြောက်ဦး"**ကို
နတ်မျူးညွှန်ပြ၊ နန်းရာရသည်၊
ဘူမွနက်သန် ထူးတည့်လေ။

**အခန်း။ ၁ ။**

မြောက်ဦးမြို့ သမဝါယမဆေးကုခန်းတွင် အနည်းဆုံး ၁ နှစ် တာဝန်ထမ်းဆောင်နိုင်မည့် ဆရာဝန်တစ်ဦး အလိုရှိပါသည်။

ပုံသေလစာ ၇၀၀ (ခုနစ်ရာကျပ်)သို့မဟုတ် ရာခိုင်နှုန်းနှင့် နေထိုင်မှုပါ တာဝန်ယူပါမည်။

အောက်ပါလိပ်စာသို့ ကိုယ်တိုင် လျှောက်ထားနိုင်ပါသည်။

**ဥက္ကဋ္ဌ**
သမဝါယမဆေးကုခန်း
မြောက်ဦးမြို့
ရခိုင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



ဤကြော်ငြာဖြင့် သတင်းစာအသီးသီးမှ ခေါ်ယူအပြီးတွင်—

ရှားရှားပါးပါး အမျိုးသားဆရာဝန်များကြားမှ တစ်ယောက်တည်းသော လျှောက်လွှာရှင်...

"ဒေါက်တာ ရွှေဝတ်ရည်"

ကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါ၏။

ယနေ့သည်... ဒေါက်တာရွှေဝတ်ရည် မြောက်ဦးမြို့သို့ စတင်ရောက်ရှိလာမည့်နေ့...

အနည်းဆုံး တစ်နှစ်တိတိ။

ဤရခိုင်ပြည်၏ နှလုံးသည်းပွတ်ပမာ၊ မြတ်နိုးစရာ ရှေးဟောင်းအနုပညာများဖြင့် ပြည့်လျှမ်းသော...

ရခိုင်တို့၏ နောက်ဆုံး မင်းနေမြို့တော် **'မြောက်ဦးမြို့'**တွင် ဒေါက်တာရွှေဝတ်ရည် နေထိုင်ရပါလေမည်။

ဒေါက်တာရွှေဝတ်ရည် ရောက်ရှိလာသည့်နေ့က **'အောင်ဒပ်ချောင်း'**သည်ပင်လျှင် ယခင်နှင့်မတူ။

လှိုင်းတို့ဖြင့် လှုပ်ခုန်နေသည်။ ပိုမိုစိမ်းညို့နေသည်။

ရောက်ရှိလာမည့် ဆရာဝန်မလေးအား မြူးထူးခြင်းဖြင့် ကြည်နူးစွာ ကြိုဆိုနေသည့်ပမာလို...

**'အောင်ဦးသာ'**၏ ရင်မှာလည်း လှုပ်ရှားနေသည်။ လှိုင်းညွန့်ဖူးတို့ဖြင့် လိမ့်လူးနေသော အောင်ဒပ်ချောင်းသည် သူ့ရင်ကိုယ်စားလား။





ရောက်ရှိလာမည့် ဒေါက်တာရွှေဝတ်ရည်ကို ကြိုဆိုရန် နေရာချထားရန်၊ မြို့ခံတာဝန်ရှိသူများတွင် မိတ်ဆက်ပေးရန် တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်များထဲတွင် သူအပါအဝင်...

'အောင်မြတ်ငွေး–ဘုတ်'(မော်တော်)သည် သင်္ဘောဆိပ်သို့ ညင်သာစွာ ကပ်လာသည်။

"ဟော့... အောင်ဦးသာ သိပ်လည်း မျှော်လင့်မထားနဲ့ဦး"

"ဘာလဲဗျ"

"ဩော်... ဒီအဖွဲ့ထဲမှာက လူပျိုဆိုလို့ မင်းပဲပါတာ မဟုတ်သား"

"ဟာဗျာ"

"မဟာဗျာနဲ့၊ ဒေါက်တာ ရွှေဝတ်ရည်ဆိုတော့ မင်းက အပျိုမချောချောလေးပဲလို့ စိတ်ကူးယဉ်နေမှာ"

"မဟုတ်တာဗျာ... အစ်ကိုစံသာကြီး"

"တော်ကြာ မင်း ဆရာဝန်မလေးက... မည်းမည်းတုတ်တုတ်၊ အရုပ်ဆိုးဆိုးကြီးမို့ ရန်ကုန်မှာ မစွံလို့ တို့ဆီရောက်လာတာဖြစ်နေခဲ့ရင်..."

"တော်ဗျာ၊ ကျွန်တော်လည်း အစ်ကိုတို့လိုပဲ တာဝန်အရလာကြိုတာ။ မစနဲ့ဗျာ... ဟိုမှာ ဘုတ်ဆိုက်နေပြီ"

အာရုံက အောင်မြတ်ငွေး တစ်ထပ်မော်တော်ပေါ်သို့ ရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်တော် ကပ်သည်နှင့် အပြေးအလွှားဆင်းလာပြီး ကုန်း ပေါ်မှ အောက်ဆီမှ ဆိုကြားကိတ်ရှိရာသို့ အလုအယက် တက်ပြေး ကြသည်။

အောင်ဦးသာတို့အဖွဲ့မှာ မျက်နှာသိ မြောက်ဦးမြို့သူများ လွှဲဖယ်ပြီး မျက်နှာစိမ်း အမျိုးသမီးတိုင်းကို လိုက်လံကြည့်ရှုကြသည်။

မော်တော်ထဲတွင် လူသာကုန်သွားသည်။ ရွှေဝတ်ရည်ဆိုသော ဆရာဝန်မ ဟန်ပေါက်သည့် အမျိုးသမီးကို မတွေ့ကြရ။

လူရှင်းစပြုနေပြီဖြစ်သော မော်တော်ပေါ်သို့ ကုန်းဆောင်လော် လျှောက်လှမ်း သက်ဆင်းသွားကြသည်။

ရှေ့ဆုံးက 'ဦးစံလှဦး'နောက် 'ကိုရွှေခံမောင်' ပြီးတော့ အောင်ဦးသာ။

သူတို့နှစ်ယောက်ထက် ခေါင်းတစ်လုံးစာ မြင့်နေသော အောင်ဦးသာမှာ နောက်ရောက်နေပါသော်လည်း ပြိုင်တူ သို့မဟုတ် ကျော်၍ ကြို့ပြီး မြင်နှင့်လိုက်သည်။

သူတို့ လူကြီးနှစ်ယောက်ပင် ခြေလှမ်းတုံ့သွားကြသည်။

အောင်ဦးသာက မော်တော်စက်ခန်းဘေးမှ ဆက်မလျှောက် တော့၊ တစ်စုံတစ်ခုသော အရှိန်ဝါသည် ပိုင်းခြားဟန့်တားထားလိုက် သလိုပါ။

"ဒေါက်တာ ရွှေဝတ်ရည် M.B.,B.S. (Rgn)'

ဆိုသော စာတမ်းလေး ရေးထားသည့် အတက်ချိုကျေ သေတ္တာအကြီးစားကြီးဘေးတွင်...





"ရွှေပုံလေးတစ်ပုံပါလား"

ရွှေသားစင်စစ်ဖြင့် သွန်းလုပ်ထားသည့် ရွှေစင်ရုပ်ကလေး တစ်ရုပ် တင်ထားသည်သို့မင်...

ဝင်းဝင်းဝါနေသော အသားရောင်ပေါ်တွင် တကယ့်ရွှေရောင် ပြောင်ဝမ်းဆက် လက်တိုလည်ဟိုက်ကလေးနှင့် တည်တည်ငြိမ်ငြိမ် လေး ထိုင်ပြီး အောင်ဦးသာတို့အုပ်စုကို ကြည့်နေသည်။

နက်မှောင်ရှည်လျားသော ဆံပင်များ စင်းစင်းစန့်စန့် ဖြန့်ချ ထားပြီး အဝါရောင် လက်ကိုင်ပဝါလေးနှင့် ဖြစ်သလို စုချည်ထား သည်။ နဖူးပြေပြေရှင်းရှင်း မျက်ခုံးကောင်းကောင်း နှုတ်ခမ်းက ညီညီ ထူထူလေး၊ နှာခေါင်းကဖြင့် လှရုံလေးပေါ်သည်။

ရှည်သွယ်လွန်းသည့် မျက်တောင်များက အဖျားလေးမှာ ကော့ညွှတ်နေသည်။ အရှည်လည်နေသော မျက်နက်ဝန်းလေးက ဘာနှင့် တင်စားရမလဲဟု အောင်ဦးသာ မတွေးတတ်နိုင်တော့ပါ၊ ပြေပြစ်၍ ကျစ်လျစ်ရှည်သွယ်သော ကိုယ်ခန္ဓာပိုင်ရှင်။

"ဒေါက်တာရွှေဝတ်ရည်"မှာ ပြည့်ပြည့်စုံစုံနှင့် အပြစ်မဲ့စွာ လှသည်။

အလှများအားလုံးထဲတွင် အပေါ်လွင်ဆုံးက လှလွန်းသော မျက်ဝန်းအစုံနှင့် ရွှေလို ဝင်းဝါနေသော အသားအရည်...

"ဒေါက်တာရွှေဝတ်ရည်ပါနော်"

"ဟုတ်ပါတယ်"

ဦးစံလှဦးကပင် ဦးဆောင်ပြောကြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်မှာ လူကုန်လို့၊ ကျွန်တော်တို့က မပါလာတော့ဘူး ထောင် မှတ်နေတာ"

"တစ်ယောက်နဲ့တစ်ယောက်မှ မတွေ့ဖူးကြတာ၊ ဝတ်ရည် ထွက်ရှာနေတာနဲ့စာရင် ခုလို ထိုင်စောင့်နေတာက ပိုပြီး တွေ့ နိုင်လိမ့်မယ်ထင်လို့ပါ"

"ဝတ်ရည်တဲ့"

အောင်ဦးသာ၏ရင်ထဲမှ ရွတ်ကြည့်မိသည်။ ပန်းဝတ်ရည် ဆိုသည်မှာ... အလှဆုံးပွင့်တော့မည့် ပန်းအတွက် ကလလရေကြည် သန္ဓေတည်နေသည့် ပန်းဝတ်ရည်၏ အဓိပ္ပာယ်မို့ နက်ရှိုင်းစွာ နူး သည့် သရုပ်ကိုဆောင်ပါသော်လည်း...

အောင်ဦး၏ ရင်ထဲတွင်... သူ၏ တည်ငြိမ်လွန်းသော မျက်နှာ ထားနှင့် ဝါရွှေသော အသားအရည်ကို စံပြု၍...

"ရွှေ"

ဟုသာ ခေါ်လိုက်ချင်ပါသည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒေါက်တာ့အတွေးအတိုင်းပဲ၊ တစ် တည်း ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတာပါပဲ။ ကျွန်တော် သမဝါယမဆေးခန်းရဲ့ ဥက္ကဋ္ဌ စံလှဦးပါ။ သူက အတွင်းရေးမှူ ကိုရွှေစံမောင်ပါခင်ဗျာ"

"ဥက္ကဋ္ဌကြီးတို့ ကိုယ်တိုင်လာကြိုတာ ဝမ်းသာကျေးဇူး တင်ပါတယ်"





"ဟာ... ကြိုရမှာပေါ့ ဒေါက်တာရယ်၊ ဒီလို ဝေးခေါင်လှတဲ့ ကျွန်တော်တို့ရဲ့ မြို့လေးမှာ လာပြီး ကူညီတဲ့စေတနာကို လေးစားစွာနဲ့ ကြိုဆိုရမှာပေါ့။ ဪ... ဒေါက်တာ၊ နောက်က ချာတိတ်တစ်ယောက် နဲ့ မိတ်ဆက်ပေးရဦးမယ်"

ဦးစံလှဦး၏ စကားသည် လှိုင်းငယ်တစ်ခုပမာ အောင်ဦးသာ ၏ ရင်မှာ လာရောက် ရိုက်ခတ်သွားသည်။

"သူက အောင်ဦးသာတဲ့ ဒုတိယနှစ်မှာ ကျောင်းထွက်ပေးလိုက် ရတဲ့ ကောင်လေး။ ခုတော့ ကျွန်တော်တို့မြို့ရဲ့ လူမှုရေးကိစ္စအားလုံးကို သူက အားကြိုးမာန်တက် ဆောင်ရွက်နေပါတယ်။ ဒေါက်တာ့အတွက် လည်း သူ့ကိုပဲ လိုအပ်သမျှ ဆောင်ရွက်ပေးဖို့ တာဝန်ပေးထားရတဲ့ သူပါ"

"ဪ... အောင်ဦးသာတဲ့လား"

တစ်ခုခုတော့ ပြောချင်သား။ ပြောသင့်မှန်းလည်း အသိသားနှင့် ဘာစကားပြောရမှန်း ရုတ်တရက်ကြီး ရွေးမရ၍ ခေါင်းသာ ညိတ်ပြ လိုက်ရသည်။

"ဪ... အောင်ဦးသာတဲ့လား"

ဆိုသော မိမိ၏အမည်ကို ခေါ်လိုက်သံလေးက ကြည်လွင် လွန်းလှပါဘိ။ ဤအသံလှိုင်းသည် နှလုံးသားကို ဖြတ်စီးသွားပါ၏။

သို့ပါသော်လည်း...

ကြိုဆိုသူများအားလုံးကို ပြေလည်စွာ ဖြေကြားနှုတ်ဆက်သော



www.burmeseclassic.com

ဒေါက်တာ ရွှေဝတ်ရည်၏ မျက်နှာပြင်မှာ အပြုံးဟူ၍ အရိပ်ယောင်လေးမှ မမြင်ကြရ။

တည်ကြည်ငြိမ်သက်လွန်းလှပါလား။

"ကဲ... ကျွန်တော်တို့ သွားကြရအောင်ပါ ခင်ဗျာ။ ကား အဆင်သင့် ရှိပါတယ်။ ဟော့... အောင်ဦး၊ အိတ်ဆွဲလေကွာ"

သူတို့က လူကြီးများမို့ ဒေါက်တာ အားနာမည်စိုး၍ ချာတိတ်ကို ခိုင်းလိုက်သည့် သဘောပါ။ ကြောသည် မဟုတ်ကြောင်း အောင်ဦးသာ နားလည်ပါသည်။

"ဟာ... နေပါစေရှင်"

ဆိုသော အားနာစကားလေးပင်မဆို။

မော်တော်ပဲ့ပိုင်းရှိ ပျဉ်ခင်းခုံလေးပေါ်မှာ တင်ထားသော ခြေကိုချပြီး ဖိနပ်စီး၍ ထွက်သွားနှင့်တော့သည်။

"ဒီသေတ္တာကြီးထဲမှာ ထဘီတွေပါလား မသိဘူး"

"အို...ပါမှာပေါ့။ မိန်းမသေတ္တာပဲ၊ ထဘီမပါလို့ ဘာပါမလဲ။ ခါးက တစ်ထည်တည်း ဝတ်လာမတဲ့လား"

"ဟင်း... ငါ့ကို ကူလီတစ်ယောက်များ မှတ်နေလား မသိဘူး"

တကယ်ပဲ မကျေနပ်မိသလား။ သေတ္တာ မ,ခွင့်ရတာပဲ ကျေနပ်နေမိတာလား၊ အောင်ဦးသာ ကိုယ်တိုင်ပင် မသိတော့။

"ကျေးဇူးတင်ပါတယ်။ ဝတ်ရည် မနိုင်လို့ မသယ်တာပါ။ အထဲမှာ စာအုပ်တွေများလို့ သေတ္တာက လေးနေမယ် ထင်ပါတယ်"

"အား... ရပါတယ်ခင်ဗျ"





သည်တော့လည်း စောစောဆီမှ ရင်ထဲရောက် ရန်တွေ့စကားသည် လေတိုက်ခံရသော မြူခိုးငွေ့များသဖွယ် လွယ်လွယ်လေးပင် ပြယ်သွားရပြန်သည်။

"မော်တော်မှာ အဝတ်သေတ္တာနဲ့ ထင်းရှူးသေတ္တာတစ်လုံး အပ်ထားပါသေးတယ်။ ဆေးနဲ့ ဆေးပစ္စည်း ကိရိယာတွေပါ"

"ကျွန်တော် သွားယူပါမယ် ခင်ဗျ"

ကိုရွှေဓံမောင်က မော်တော်ပေါ်သို့ ပြန်ဆင်းသွားသည်။ ဦးလှဦးက မတက်သေး။ သူ့အသိ မော်တော်ပိုင်ရှင်နှင့် စကားပြောသည်။

"ရွှေ"

ရင်ထဲမှ ရွတ်ဆိုရင်း ဘေးတိုက်ထိုင်နေသော ရွှေဝတ်ရည်ကို အောင်ဦးသာ ကားဘေးမှ ငေးကြည့်နေမိသည်။

ဒေါက်တာရွှေဝတ်ရည်သည် နယ်မြေစိမ်းကို စိတ်ဝင်စားစွာ ကြည့်လည်လှမ်းမျှော်ကြည့်မနေပါ။

သူသည် မြစ်ပြင်ဘက်သို့ ပြန်ငေးပြီး တည်ငြိမ်စွာ ထိုင်နေသည်။

လက်ရှိနေရာတွင် သူ့အတွေး ရှိမနေနိုင်။ ဝေးလံသောအရပ်စစ်နေရာရာဆီသို့ ပျံ့လွင့်ရောက်ရှိနေပေသည်ဟု အောင်ဦးသာ တော်အိပ်တွေးတတ်ပါသည်။

"သူ့အိမ်ကိုများ လွမ်းနေတာလား...

"ဒီလောက်လှတဲ့မိန်းမ တစ်ယောက်တည်း အဖော်မပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတော သူ့အတိတ်မှာ ချန်လှပ်ခဲ့စရာ တစ်ခုခုများ ရှိနေလေသလား…

"သူ့ ဘာကြောင့်များ မပြုံးတာပါလိမ့်…

"ဒီလောက်လှတဲ့ မျက်နှာမှာ အပြုံးမဲ့နေရင် နှလုံးသားရဲ့ ခံစားချက်ထုစ်ခုခုကြောင့်ပဲ ဖြစ်ရမယ် ထင်ပါရဲ့…

"သြော်… ဒေါက်တာရွှေဝတ်ရည်ဆိုတဲ့ အပြုံးမဲ့ မိန်းမလှလေးကို ကျွန်တော့်ရင်ထဲမှာ…

"ရွှေ…

"လို့ပဲ အမိုးထိုက်ရတာနာနဲ့ တင်စားပြီး ခေါ်နေပါရစေလားဗျာ"

အတွေးလွန်စိတ်များစွာ အောင်ဦးသာ၏ရင်မှာ ပျံ့နှံ့စွာ တွယ်ငြိလာရသောနေ့။

◆ ◆ ◆



အခန်း ။ ၂ ။

သမဝါယမ ဆေးကုခန်းဖွင့်ပွဲကို တောင်ရပ် ရပ်ကွက် မဟာဗညာကျော်လမ်းရှိ ယင်းအဆောက်အအုံတွင်ပင် ဖွင့်လှစ်ခဲ့ပါသည်။

မြို့လူထု များစွာကလည်း စေတနာ အင်အား၊ လုပ်အား အင်အား၊ ငွေကြေးထည့်ဝင်မှု အင်အားများစွာတို့ဖြင့် ဝိုင်းကူညီထောက်ပံ့ထားကြသည်။ ဤသမဝါယမ ဆေးခန်းမှာ အောင်မြင်မှုများစွာဖြင့် မြောက်ဦးမြို့ လူထုကျန်းမာမှုကို ရှေ့ရှုချီတက်မှာပါဟု အားလုံးက ယုံကြည်စွာ မျှော်လင့်ထားကြပါ၏။

သက်ဆိုင်ရာ မြို့ခံလူကြီးများ၊ ဆေးကုခန်း တာဝန်ရှိပုဂ္ဂိုလ်များ၏ ဟောပြောတင်ပြချက်များ အပြီးတွင် အခမ်းနားမှူးက…

"အခု ကျွန်တော်တို့ဆီကို စေတနာအပြည့်အဝနဲ့ ရောက်ရှိလာတဲ့ ဆရာဝန်မလေး ရွှေဝတ်ရည်က တုံ့ပြန်စကား ပြောကြားပါလိမ့်မယ်…

"ဒေါက်တာရွှေဝတ်ရည် စင်မြင့်ပေါ်သို့ ကြွပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မိမိကို စင်မြင့်ပေါ်သို့ကြွရန် လှမ်း၍ ဖိတ်ခေါ်လျှင်ပင် သည်မျှ ရင်ခုန်လိမ့်မည်မဟုတ်ဟု အောင်ဦးသာ တွေးလိုက်မိသည်။

"အို... ရွှေ ရယ်"

ဒီနေ့လည်း အဝါရောင်'ဝတ်စုံလေးနဲ့ပါပဲ၊ ငုပွင့်နှင့် ထပ်တူ အရောင်ပြောင် အထက်အောက် ဆင်တူနှင့်ပါ။ အင်္ကျီက လက်ရှည် လက်ပွ အဖျားစည်းထားသည်။ လည်ဟိုက်လေးနှင့်ပါ။

ဆံပင်ကို နောက်လှန်ပြီး နသယ်မှ ဆံစနွယ်များကို ထိပ်ပေါ် သိုင်းပင့်တင်ထားပြီး နောက်ဘက်ဆီမှ ဆံပင်များကိုမူ ခါးနှင့်အညီ ဖြန့်ချထားသည်။ ရှေ့မှကြည့်လျှင် ဆံပင်ဖားလျားချထားသည် မထင်ရ။ ရှင်းနေသည်မို့ ဒေါက်တာရွှေဝတ်ရည်၏ အလှမျက်နှာလေးက ပိုမိုပေါ်လွင်နေသည်။

"အခုလို... မြို့မိမြို့ဖများ၊ ဒေသခံလူများနဲ့ တွေ့ဆုံမိတ်ဆက်ခွင့်ရလို့ ကျွန်မ ကျေးဇူးတင် ဝမ်းသာလှပါတယ်လို့ တကယ်ပဲ လှိုက်လှိုက်လှဲလှဲ ပြောကြားပါရစေ...။

"ကျွန်မအနေနဲ့ ခုလို ဝေးလံလှတဲ့ မြောက်ဦးမြို့ကို တမင် ရွေးချယ်ပြီး ရောက်လာခဲ့ရခြင်း အကြောင်းရင်း သုံး၂ျက် ရှိပါတယ်...။

"ပထမအချက်အနေနဲ့ ရခိုင်တို့ရဲ့ ယဉ်ကျေးမှု လျှမ်းလျှမ်း တောက် ထွန်းကားရာ မြောက်ဦးမြို့ကို လေ့လာထိတွေ့ခွင့်နဲ့ ကျွန်မ ဘတ်တဲ့ပညာနဲ့ ကူညီခွင့်ရဖို့ပါ...။

"ဒုတိယအချက်က ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်း 'နုမြခိုင်' ရှိတဲ့မြို့မို့ပါ။ သူလည်း သိပ္ပံဘွဲ့အတွက် နောက်ဆုံးနှစ် ဖြေဆိုပြီး





ကြာခင်မှာပဲ အပြီးပြန်လာတော့မှာမို့ လူခံရှိလို့ အားရှိတာက ဒုတိယ အချက်ပါ...။

"နောက်ဆုံးကတော့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာလို့ပဲ ပြောပါ ရစေ။ ကျွန်မ ရန်ကုန်မှာ မနေချင်လို့ နေချင်တဲ့ မြို့လေးကို ရွေးပြီး ရောက်လာခဲ့တာပါ"

နောက်ထပ် နိဂုံးချုပ်စကားလုံးများကို အောင်ဦးသာ မကြား တော့...။

"ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာလို့ပဲ ပြောပါရစေ...

"ကျွန်မ ရန်ကုန်မှာ မနေချင်လို့...

"သူ့ရဲ့ ကိုယ်ရေးကိုယ်တာတဲ့...။ ရန်ကုန်မှာ မနေချင်လို့တဲ့။ အို... ဘယ်လိုကိုယ်ရေးကိုယ်တာတွေများပါလိမ့်...။

"ရန်ကုန်မှာ မနေချင်လောက်အောင် ဘာတွေများ ကြီးမားတဲ့ အခက်ခဲတွေ ရှိနေလို့ပါလိမ့်"

ဒေါက်တာရွှေဝတ်ရည် ခွန်းချွေသည့်စကားများ ပြီးဆုံးသွား သည်ကိုလည်း မကြားလိုက်။ လက်ခုပ် ဩဘာသံများကိုလည်း သတိ ထားမိ။ အောင်မြင်မှုကြောင့် ပျော်ရွှင်နေကြသည့် ပရိသတ်များ၏ လှုပ်ရှားမှုများကိုလည်း အောင်ဦးသာ မမြင်တော့သလိုပါ။

"ဒီလောက် ပညာတတ်ပြီး ဒီလောက်လှတဲ့ မိန်းမမှာ ပြဿနာ ဆိုတာ ရှိသေးသလား"

"သူ့ပညာ၊ သူ့အလှတွေနဲ့ အရာအားလုံးကို အောင်နိုင်သူ ဖြစ်နိုင်တာ ဘာကြောင့်များလဲ..."



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြည့်စုံနေသည်ဟု မြင်နေရပါလျက် လိုကွက်ရှိနေသည်ဆိုခြင်းမှာဖြင့် ပြင်ပ၏ တောင့်တချက်မဖြစ်နိုင်။

"သူ့အသည်းနှလုံးသားအတွက် လိုအပ်ချက်လား"

"ပြည့်စုံပြီးမှ နှုတ်ယူခံရခြင်းအတွက် လိုအပ်ချက်၊ ဟာကွက်လေးလား"

သေးမွှားသော စကားလေးကို ဗဟိုပြု၍ ပြန့်ကျယ်ရှည်ဝေးစွာ တွေးနေမိသော အောင်ဦးသာ။

တစ်နည်းအားဖြင့်...

ဒေါက်တာ ရွှေဝတ်ရည်အတွက် နည်းပါးသေးမိန်သော အရာသည် သူ့အတွက် မြင့်မားထင်လင်းလွန်းသော ခံစားမှုများကို ဖြစ်စွမ်းစေနိုင်သည်ပါလား။

◆ ◆ ◆



အခန်း ။ ၃ ။

"ဟယ်... နုမြခိုင်"

အသား ညိုညို၊ ကိုယ်လုံး ဖြောင့်ဖြောင့်၊ အရပ်ရှည်ရှည်၊ နုတဲ့ပေါ်ပေါ်၊ မျက်နှာလှလှနှင့် ရခိုင်မလေးက ဒေါက်တာ ရွှေဝတ်ရည်ကို ပြေးဖက်လိုက်သည်။

"ကြည့်စမ်းကွယ်... ခိုင် ဒီလောက်မြန်မြန်ကြီး ရောက်လာလိမ့်မယ်လို့ မထင်မိဘူး"

"စာမေးပွဲဖြေပြီးတဲ့ နောက်နေ့ ဖလိုက်နဲ့ လိုက်လာတာ။ စစ်တွေမှာ တစ်ညအိပ်ပြီး နောက်နေ့ မော်တော်နဲ့ ပြေးလာခဲ့ရတာ"

"ခုလည်း ခရီးရောက်မဆိုက် လိုက်လာတာ မဟုတ်လား"

"ဒါပေါ့... ပစ္စည်းတွေချပြီး တန်းပြေးလာတာ။ ဘယ်လိုလဲ၊ ရောက်တာ တစ်ပတ်ပဲ ရှိသေးတယ်... တို့များရဲ့ မြောက်ဦးကို စိတ်ပျက်ပြီး ပြန်ပြေးချင်နေပြီလား ဟင်..."

ခရီးပမ်းလာသော ခရီးသည်တစ်ဦး၏ နွမ်းနယ်မှုနှင့် သူ့သောက မျက်နှာလေးကိုကြည့်ပြီး ဒေါက်တာရွှေဝတ်ရည်က...

www.burmeseclassic.com

www.burmeseclassic.com



“ရခိုင်သား ချောချောလေးတစ်ယောက်များ ရှာပေးနိုင်မယ် ဆိုရင်တော့ မြောက်ဦးမြို့သူ လုပ်တော့မှာ...”

“အောင်မယ်... တကယ်”

“တို့က တကယ်ဖြစ်ဦး၊ ရခိုင်သားက တို့ကို ယူမှာလား”

“အို... ဘာလို့ မယူရမှာလဲ”

“မသိဘူးလေ... နုမြခိုင်တို့လို ရခိုင်ချစ်သူကိုမှ...”

“တော်စမ်းပါ။ ရခိုင်နဲ့ မြန်မာဆိုတာ တစ်သွေးတစ်သား တည်းပါ။ တစ်ခုပဲရှိတယ်... ရခိုင်ချင်းဆိုတော့ အတွင်းသိ အစင်းသိ တစ်မြို့သား တစ်မြို့ထဲသူကို လူကြီးတွေက ယူစေချင်တာပါ”

“ဒါကြောင့်ပြောတာပေါ့”

“ရွှေဝတ်ရည် ဆိုတဲ့၊ အပြစ်မဲ့ ဆရာဝန်မလေးမျိုးကိုတော့ လူကြီးတွေရော လူငယ်တွေရော ဝမ်းပမ်းတသာ လက်ခံကြမှာပါ။ ဒါဆိုရင် ဒီမြို့သူ လုပ်ရမယ်နော်”

“အင်း... မြောက်ဦးမြို့သူ မဖြစ်နိုင်သည့်တိုင် ရန်ကုန်သူတော့ ဘယ်တော့မှ ပြန်မဖြစ်ချင်တော့ပါဘူးလေ”

မြို့ခံ သူငယ်ချင်းကို တွေ့လိုက်ရ၍ တည်ငြိမ် ကြည်ဝင်းနေသော ဒေါက်တာရွှေဝတ်ရည်၏ မျက်နှာလေးမှာ နှလုံးသားရင်ပြင်ဆီမှ ရိုက်ခတ်လာသော လှိုင်းဒဏ်ကြောင့် အပြုံးနုလေးများ လွှင့်ပြယ်ရရှာပြီ။

“ဝတ်ရည်... သူငယ်ချင်း”

“ဟင်...”





“ရန်ကုန်မြို့နဲ့ ပိတောက်မြိုင်ခြံကြီးဟာ ခိုင်တို့ ရခိုင်ပြည်နယ်ကို ဘယ်လိုနည်းနဲ့မှ လိုက်မလာနိုင်သလို၊ ပိတောက်မြိုင်ခြံကြီးထဲက အဖြစ်အပျက်အားလုံးဟာလည်း လိုက်မလာပါစေနဲ့လား သူငယ်ချင်းရယ်”

“အင်း... ခြံလို၊ တိုက်လို ဒြပ်ဝတ္ထုတွေကတော့ လိုက်မလာနိုင်ဘူးပေါ့ခိုင်။ ဒါပေမယ့် အတိတ်ဆိုတဲ့ စိတ်ရဲ့အတွေးကတော့ မလာစေချင်လို့ နှင်လည်းမရဘူး။ ဝင်ချင်တဲ့အချိန်မှာ သူ့ဟာသူ နှလုံးအိမ်ထဲကို ဝင်လာပြီး ခံစားစေတယ်၊ နွမ်းစေတယ်၊ လွမ်းစေတယ်၊ ကျွမ်းစေတတ်ပါတယ်ခိုင်”

“အို...ဝတ်ရည် သူငယ်ချင်းရယ်၊ တော်ပါတော့ကွယ်”

ဒေါက်တာရွှေဝတ်ရည်၏ မျက်ဝန်းဝိုင်းဝိုင်းလေးမှာ မျက်ရည်ကြည်များ လျှံပြည့်လာသည်။

နုမြခိုင်က သူ့လက်ကလေးကို ကိုင်ပြီး...

“ဒါနဲ့ ရန်ကုန်မှာတုန်းကတော့ အားလုံးကို ချန်ထားခဲ့ပြီး နယ်မြေသစ်မှာ အသည်းနှလုံးအသစ်နဲ့ နေတော့မယ်ဆိုကွယ်”

အကြင်နာမျက်နှာ၊ စိုးရိမ်ခြင်းမျက်ဝန်းလေးများနှင့် ကြည့်နေရှာသော နုမြခိုင်ကို မြင်လေမှ...

ဝေးလံသော အရပ်ဆီသို့ ပျံ့လွင့်စွာ ထွက်ခွာသွားသော အင်အားတစ်ခုသည် ဒေါက်တာရွှေဝတ်ရည်၏ ရင်တွင်းစိတ်ဆီသို့ ပြန်လည်ဝင်ရောက်လာခဲ့ရပါပြီ။

“ဟုတ်တယ်... ဟုတ်တယ်ခိုင်ရယ်၊ အားလုံးကို မေ့နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမယ်လို့ ဝတ်ရည်ပြောခဲ့တယ်နော်။ ဒီအတိုင်းဖြစ်အောင် ကြိုးစားမယ် ခိုင်”

ခံစားမှု ပြင်းတတ်သော်လည်း တင်းမာပြတ်သားသော ရွှေဝတ်ရည်မှာ သူ့နှမ်းကြွေစိတ်များကို ချက်ချင်းပင် အားတင်းနိုင်ခဲ့ ရှာပါ၏။

နုမြခိုင်၏ အနွမ်းမျက်နှာလေးမှာ စမ်းရေတွင် စိမ်နှစ်ခွင့် ရလိုက်သလို ကြည်လင်ဝင်းစိုလာခဲ့သည်။

“ဒီမှာ ခိုင်”

“ဟင်...”

“ဟိုက ပြဿနာတွေသာ ဒီကို ဝင်မလာဘူးဆိုခဲ့ရင်တော့လေ ဝတ်ရည်ရဲ့ ရင်တွင်းက ခံပြင်းနာကျည်းမှုတွေကို ကိုယ်ပိုင်စိတ်အင်အားနဲ့ မောင်းနှင်တွန်းထုတ်ပစ်မယ်”

“ဝမ်းသာပါတယ်ဝတ်ရည်၊ ဟိုက ပြဿနာတွေလည်း ဘာတစ်ခုမှ ဝင်မလာပါစေနဲ့လို့ ခိုင်အမြဲ ဆုတောင်းပေးနေပါ့မယ်ကွယ်”

“ကောင်းပြီ ခိုင်၊ အဲသည်းမာနိုင်ရမှာပေါ့ကွယ်။ ဒါနဲ့ ခိုင် ခရီးရောက်မဆိုက်ကြီးလေ။ ပြန်ပြီး နားပါဦးလား”

“ပြန်ပါ့မယ်။ ဝတ်ရည်ကို တစ်ခုတောင်းပန်ချင်လို့။ ခိုင်တို့ အိမ်မှာပဲနေပါလားကွယ်။ ခိုင် ပြန်လာပြီပဲ”

“သူတို့ စီစဉ်ပေးထားတဲ့ ဒီနေရာလေးကို ဝတ်ရည်ကြိုက်ပါတယ်။ ပြီးတော့ လူကြီးတွေနဲ့ရော နေရတဲ့နေရာမှာ ဝတ်ရည်ကို မထားပါနဲ့။ ခုလိုပဲ လွတ်လွတ်လပ်လပ် နေပါရစေ”





“ဝတ်ရည် ပျော်သလိုနေပါ။ ခိုင်ကတော့ တူတူနေချင်လို့ပါ”

“ပျော်တော့ မပျော်ဘူးလေ။ ဒါပေမယ့် လွတ်လပ်အေးငြိမ်းမှုဟာ ဝတ်ရည်အတွက် စိတ်ရဲ့ချမ်းမြေ့မှုကို ရရှိစေပါတယ်ခိုင်”

နုမြခိုင်မှာ ယခုမှပင် ဝတ်ရည်အတွက် စီစဉ်ပေးထားသော အိမ်လေးကို သတိထားမိတော့သည်။

‘ဟာရီတောင်’ခြေရှိ ‘ညောင်ပင်ဈေး’အရပ်တွင် ရှိသော ခြေတံရှည် သစ်သားတစ်ထပ်အိမ်လေး။

သစ်လွင်သန့်ရှင်းသော အိမ်ထောင်ပရိဘောဂများ၊ အဝါရောင်နှင်းဆီများ၊ နို့နှစ်ရောင် သဘော်ဆေးများဖြင့် အိမ်လေးကို ခြယ်သလှပထားစေသည်။

“ဒါ ဦးသာဇံလှရဲ့အိမ်ပဲ”

“ဟုတ်တယ် ပြောတယ်၊ ဆန်စက်ပိုင်ရှင် သူဌေးရဲ့ ပိုနေတဲ့အိမ်တဲ့။ ဝတ်ရည်နေဖို့ရော စားဖို့ပါ လိုလေသေးမရှိ စီစဉ်ပေးထားကြပါတယ်”

“ဩော်... ခိုင့်သူငယ်ချင်း အောင်ဦးသာနဲ့ တွေ့တယ်နော်၊ အောင်ကလည်း သမ,ရဲ့ အီး–စီ ထဲမှာ ပါတာပဲ။ သူမကူညီဘူးလား။ ခိုင် သူ့ဆီ စာရေးထားတယ်။ သူနဲ့ခိုင်နဲ့က မောင်နှမရင်းလို နေကြသူတွေပါ”

“သူဟာ စကား နည်းနည်းလေးပြောပြီး ဝတ်ရည်အတွက် အလုပ်အများကြီးလုပ်ပေးတဲ့သူပဲ”

“ဝမ်းသာပါတယ် ဝတ်ရည်၊ ရွှေဝတ်ရည် အဝါရောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မှန်းသိလို့ ဒီကောင် အဝါရောင်တွေ လာဆင်ပေးထားတာ ထင်တယ်"

ဒေါက်တာရွှေဝတ်ရည်မှာ သာမန်အကြောင်းရာတစ်ခုလိုပင် ခေါင်းညိတ်ပြမိသည်။ အလေးအနက်ထားမနေမိ။

"စားတော့ရော"

"ဒေါ်အိမ်စိုးဆိုတဲ့ အမျိုးသမီးတစ်ယောက် လာထားပေး ပါတယ်။ အဖော်အတွက်ရော အချက်အပြုတ်အတွက်ပါပေါ့"

"ဩော်... ဒေါ်အိမ်စိုးက ဒီရောက်နေတယ်လား။ သူက အောင်ဦးသာ ငယ်ငယ်တည်းက ထိန်းခဲ့ရတာ။ သူ့လက်ရာမှ ဟိုကောင် က စားတတ်တာ"

"ဒေါ်အိမ်စိုး ဒီမှာ လာနေရတာ အောင်ဦးသာက ပို့ပေးတာ လား"

"ဒါဖြစ်မှာပေါ့။ သူတို့အိမ်က ထမင်းချက်တဲ့အမျိုးသမီးပဲ။ ဒီအိမ်ဟာလည်း အောင်ဦးသာရဲ့အိမ်ပဲလေ"

"ဒါနဲ့ သူဌေးဦးသာဇံလှရဲ့ အိမ်ဆို"

"အောင်ဦးသာဟာ သူဌေးဦးသာဇံလှရဲ့ တစ်ဦးတည်းသော သားပဲလေ"

"ဟင်..."

ဒေါက်တာ ရွှေဝတ်ရည် အံ့ဩသွားမိသည်။ သူ့ကို သူဌေးသား ဟု မထင်မိ။ သူ့အိမ်ဟုလည်း မတွေးမိ။ သူကလည်း မပြောပြပါ။ သည်အိမ်မှာ အဝါရောင် သဘော်ဆေးသုတ်သည်ကအစ မီးခလုတ်





အထိ၊ ရေဘုံဘိုင်၊ အဝတ်လှန်းကြိုးတန်းများပါမကျန် သူလာလုပ်ပေးနေ သည်ကို လူအားမို့ သမဆေးခန်း၏ တာဝန်ရှိသော လူငယ်မို့ ဟုသာ ထင်ခဲ့မိသည်။

ယခုတော့ အောင်ဦးသာ၏ စေတနာတို့ များလှလေ သည်သာ...

သူ့စေတနာကို အသိအမှတ်ပြုလိုက်ဒိပါသော်လည်း သူ့ပုံစံ ကိုသာ ရေးရေးမြင်ယောင်မိသည်။ သူ့မျက်နှာကိုပင် အတိအကျ မှတ်မိ၊ မျက်စိထဲစွဲ၍မနေ၊ တွေး၍ပင် ပြန်ပေါ်မလာ။

"ရွှေရယ်"ဟု သူ့ရင်မှာ မြည်တမ်းရွတ်ဆိုရင်း ခံစားမှုများစွာနှင့် ဆေးကြည့်နေတတ်သော အောင်ဦးသာသည်သာ၊ ရွှေဝတ်ရည်အတွက် ဖြစ်နေပါသော်လည်း...

ရွှေဝတ်ရည်အတွက်မူ အောင်ဦးသာသည် သာမန်ကူညီသူ တစ်ယောက် အဆင့်သာပါ။

ခံစားမှုကင်းစင်ခဲ့သော အောင်ဦးသာ၏ နှလုံးသားနှင့်...

ခံစားမှုများစွာတို့ဖြင့် နာကျင်ရာမှ ရင့်ကျက်ခဲ့ပြီဖြစ်သော ဒေါက်တာ ရွှေဝတ်ရည်၏ နှလုံးသားပမာဏချင်း ကွာဟချက် ပါတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄ ။

ရမ္မဝတီကျိုင်၊ ရခိုင်မှန်ဖူး၊ စောမွန်ပြုပြင်၊
မင်းဗာတည်၊ ရွှေမြောက်ဦးလေ... ရွှေမြောက်ဦး။
(မြောက်ဦးမြို့စောင့်နတ်–ပတ်သံသာချင်းမှ)

ပထမ ဓညဝတီခေတ် (ဘီ–စီ ၃၃၂၅ မှ ၁၅၀၇ ထိ)
ဒုတိယ ဓညဝတီခေတ် (ဘီ–စီ ၁၅၀၇ မှ ၅၈၀ ထိ)
တတိယ ဓညဝတီခေတ် (ဘီ–စီ ၅၈၀ မှ အေ–ဒီ ၃၂၆ ထိ)
ဝေသာလီကျောက်လှေကားခေတ်(အေ–ဒီ ၃၂၇ မှ ၈၁၇ ထိ)
လေးမြို့ခေတ် (အေ–ဒီ ၈၁၈ မှ ၁၄၃၀ ထိ)
မြောက်ဦးခေတ် (အေ–ဒီ ၁၄၃၀ မှ ၁၇၈၄ ထိ)

မြောက်ဦးမြို့တော်ကို လောင်းကြက်မြို့တော်၏ နောက်ဆုံးမင်းဖြစ်သော **'နရမိတ်လှခေါ် မင်းစောမွန်'**က မြန်မာသက္ကရာဇ် **၇၉၂ ခု** တော်သလင်းလဆန်း ၁ ရက် တနင်္ဂနွေနေ့တွင် တည်သည်။ (အေ–ဒီ ၁၄၃၀ က ဖြစ်ပါ၏။)

မင်းဆက်ပေါင်း **၄၈** ဆက် စိုးစံခဲ့လေသည်။





နောက်ဆုံးမင်းဆက်မှာ မဟာသမတရာဇာ (အဂ္ဂေါပုညာဘရာဇာ) လက်ထက် အေ–ဒီ **၁၇၈၄** တွင် မြို့ပျက်လေသည်။

အင်းဝဘုရင် ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းက ရခိုင်ကို လာတိုက်သဖြင့် မြောက်ဦးမြို့ကျပြီး ရခိုင်မင်းဆက်လည်း ပြတ်လေသည်။ မြန်မာသက္ကရာဇ် **၁၀၄၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ စနေနေ့**တွင် ဖြစ်၏။

မြန်မာတို့၏ ကောဇာသက္ကရာဇ်နှင့် မတူသော သီးခြားရခိုင်သက္ကရာဇ်ရှိလေသည်။

သီးခြားသက္ကရာဇ်ဆိုပါသော်လည်း ခုနှစ်ချင်း၊ သာသနာသက္ကရာဇ်ချင်း တူညီကြပါ၏။ သင်္ကြန်ရက်သာ ကွာခြားပြီး မြန်မာတို့က 'နှောင်းတန်ခူးလ'ဟု ခေါ်၍ ရခိုင်တို့က 'ထာကူးလ'ဟု ခေါ်ပါ၏။ မြန်မာတို့၏ 'သီတင်းကျွတ်လ'ကို ရခိုင်တို့က 'ဝါကျွတ်လ'ဟု ခေါ်ဝေါ်ရုံလေး ကွာခြားရုံပါ။

မြောက်ဦးမြို့တော်ကို တည်ထောင်ပြီး နှစ်ပေါင်း ၃၅၀ ကျော်အတွင်း မင်းဆက်ပေါင်း **၄၈** ဆက်တို့သည် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၍ ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုများစွာကို ကျန်ရစ်စေခဲ့သည်။

မြောက်ဦးခေတ်၏ **၁၃** ဆက်မြောက် မင်းဖြစ်သော **'မင်းဘကြီး'**မှာ ဘုန်းတန်ခိုးအကြီးထွားဆုံးသော မင်းတစ်ပါးဖြစ်၏။

ဘခင်မင်းရာဇာ လက်ထက်ကပင် စစ်သူကြီးရာထူးကို ခန့်အပ်ထားခြင်း ခံခဲ့ရသူဖြစ်ပြီး သံတွဲကို စားရသည်။



www.burmeseclassic.com

www.burmeseclassic.com



**စစ်ရေးစစ်ရာကို** ကျွမ်းကျင်လှသော 'မင်းဗာကြီး'ခေါ် 'မင်းဘင်'ခေါ် 'သီရိသုရိယ စန္ဒမဟာ ဓမ္မရာ ရာဇာ'ခေါ် 'ဇဘောက်လျှာ' (ကုလားအမည်)သည် ခရစ်သက္ကရာဇ် **၁၅၃၁** ခုနှစ်တွင် မြောက်ဦး ရွှေနန်းကို သိမ်းပိုက်ပြီး...

နောက်တစ်နှစ်တွင် ဘင်္ဂလားပြည် 'ဒါးဂါး' 'မူရှိဒါဘတ်'အပါ အဝင် မြို့ **၁၂** မြို့အထိ သိမ်းယူပြီး မြန်မာမင်းမှုထမ်းအချို့ကို အုပ်ချုပ် စေသည်။ ဘင်္ဂလားပြည်သူအချို့ကို ဆောင်ကျဉ်းလာခဲ့သည်။

တစ်ဖန်...

သက္ကရာဇ် **၁၅၃၄** ခုနှစ်တွင် စစ်ချီလာသော ပေါ်တူဂီရေတပ် ကြီးကို နှိမ်နင်းအောင်မြင်တော်မူခဲ့သည်။

ဤသို့ ကုလားနှင့် ပေါ်တူဂီတို့ကို အောင်မြင်တော်မူခြင်း အထိမ်းအမှတ်ဖြင့်...

ရခိုင်တို့၏ ကြီးမြတ်သော အနုပညာနှင့် ဂုဏ်ယူရာ၊ ကိုးကွယ် ရာ၊ မြတ်နိုးရာ လေ့လာ၍ မကုန်နိုင်ရာ ဖြစ်သော...

**ရန်အောင်ဇေယျ...**

**ခေါ်**

ဤ **သျှစ်သောင်းပုထိုးတော်ကြီး...**

ကို သက္ကရာဇ် **၈၉၇** ခု **A.D 1535** တွင်...

ဘုရင် **'မင်းဗာကြီး'**နှင့်...

မိဖုရား **'ဖွားမင်းစော'**တို့ တည်သည်။





သျှစ်သောင်း ဘုရားကြီး၏ မုခ်ဦးရှေ့မှာ ဒူးလေးထောက်ပြီး သူမှတ်တမ်းများအောက်တွင် ရေးမှတ်လိုက်၊ ဆိုင်းဘုတ်စာတမ်းကို ကြည့်လိုက်နှင့် ညှိနှိုင်းနေသော ဒေါက်တာရွှေဝတ်ရည်ကို...

"ရှိုက်သောင်းကို ရောက်တာလည်း အခါခါ။ မှတ်လို့လည်း ပြီးနိုင်သေးဘူးလားကွာ"

နုမြခိုင် စကားကို ခေါင်းလေးငုံ့၍ နားထောင်ပြီး မတ်တတ်ရပ် လိုက်သည်။

"ခုန ခိုင် ဘယ်လိုခေါ်လိုက်တယ်"

"ဗမာပိုင်ပရောပါ"

ဟု အောင်ဦးသာက နုမြခိုင်ကို ရခိုင်စကားနှင့် ပြောလေမှ နုမြခိုင်က သတိရသွားသလို ရယ်လိုက်ပြီး...

"ဩော်... ခေါ်နေကျမို့ မေ့သွားလို့ပါ။ သျှစ်သောင်းကို ရခိုင်သံနဲ့ဆို ရှိုက်သောင်းလို့ ခေါ်တယ်ကွယ်"

"ဝတ်ရည် သိပြီ။ တစ်ကို တိုက်၊ ချစ်ကို ချိုက်မို့၊ သျှစ်သောင်း ကိုလည်း ရှိုက်သောင်းဖြစ်တာ မဟုတ်လား"

နုမြခိုင်က သဘောကျသွားသည်။

"ခိုင်ပြောထားတဲ့ ရခိုင်လို ချစ်ကို ချိုက်ဆိုတာ မမေ့သေးဘဲကို"

"ခုန အောင်ဦးသာပြောတဲ့ မြန်မာလိုပဲပြောပါ ဆိုတာလည်း ဝတ်ရည် နားလည်ပြီ၊ မြောက်ဦးကို မရောက်ဦးလို့ ခေါ်တာလည်း သိပြီ"

"ဟယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ရခိုင်စကားနဲ့ ရခိုင်သံဆိုတာ နည်းနည်းလေး အခေါ်ဝေါ် ကွဲတာကလွဲရင် မြန်မာစကားကို ဗျည်းသရ ပီပီသသ ပြောကြတာပဲ။ ရရစ်သံဆိုရင် ဥပမာ– ပြောကို ပရောမှတ်လား။ ဝတ်ရည်တော့ ခိုင်တို့ပြောနေတာကို တဖြည်းဖြည်း နားလည်လာပြီ"

"အောင်ဦးသာရေ တို့တော့ အတင်းပြောဖို့ မလွယ်ဘူးဟေ့"

နုမြခိုင်၏စကားကို အားလုံး ရယ်မောကြသည်။ သူတို့ ရယ်ရသည်ထက် ဒေါက်တာ ရွှေဝတ်ရည်၏ ရယ်သံလေးကို ကြားလိုက်ရသဖြင့် နုမြခိုင်နှင့် အောင်ဦးသာတို့၏ရင်မှာ ပိုမို၍ ကြည်လန်းသွားမိကြသည်။

ဒေါက်တာရွှေဝတ်ရည်၏ အပြုံးကို မြင်ရခဲကြသည်။

လှပလွန်းပါလျက် တည်ငြိမ်အေးစက်နေသော ရွှေဝတ်ရည်၏ ခံစားမှုမျက်နှာလေးကိုသာ ထာဝရ မြင်ကြရသည်။

သူ့ရင်ကြွမ်းမှုက သူ့မျက်နှာလေးကို ထာဝရ နွမ်းနေစေသည်။

သျှစ်သောင်းပုထိုးတော်ကြီးမှသည် အုံ့မှိုင်းလက်ရာဖြစ်သော **"မင်းဖလောင်း"** ကောင်းမှုတော် **"ထုက္ကန့်သိမ်တော်ကြီး"** ဆီသို့ လျှောက်လှမ်းလာခဲ့ကြသည်။ မင်းဖလောင်းသည် မင်းတာကြီး၏ သားတော်ဖြစ်ပြီး ၁၇ဆက်မြောက် မြောက်ဦးဘုရင်မင်းမြတ်ဖြစ်ပါ၏။

"မြက်ခင်းစိမ်းစိမ်းလေးတွေ့ရင် ထိုင်ချပစ်လိုက်ချင်တယ်"

"ထိုင်ပါလေ၊ ကျွန်တော် ခင်းစရာ သွားရှာခဲ့မယ်"

"နေပါစေ အောင်ဦးသာ၊ ဝတ်ရည်က ဒီတိုင်း ထိုင်ချချင်တာ"





"ကဲ… ထိုင်ချလိုက်စမ်း။ ဝတ်ရည် ခုလို စိတ်လွတ် ကိုယ်လွတ်လေး နေနေတာကို ခိုင် မြင်ရတာ စိတ်ချမ်းသာလွန်းလို့ ပါကွယ်"

နုမြခိုင်က အရင်ထိုင်ပြီး ဒေါက်တာရွှေဝတ်ရည်၏လက်ကို အားနှင့်ဆွဲယူပြီး ထိုင်ချလိုက်စေသည်။

အမျိုးသမီးနှစ်ယောက် ခြေဆင်းလဲလျှ ထိုင်နေ၍ အောင်ဦးသာမှာ ဘာလုပ်ရမှန်းမသိအောင် ခပ်ကြောင်ကြောင် ဖြစ်သွားရရှာသည်။

နောက်တော့မှ သူ နေရာရသွားသည်။ နုမြခိုင်တို့ နောက်ဘက်ရှိ သရက်ပင်စည်ကြီးကို သူ သွားမှီနေတော့သည်။

အောင်ဦးသာမှာ မြက်ခင်းစိမ်းပေါ်မှ အဝါရောင်ဝတ်စုံလေးနှင့် ရွှေကို စူးစူးစိုက်စိုက်ကြည့်နေမိပါ၏။

သူ ရွှေနှင့် တွေ့လေတိုင်း သည်သို့ပင် အားပါးတရကြည့်ခွင့် ရခဲ့သည်။ ရွှေ၏အကြည့်က ရုတ်တရက် အပြောင်းအလွဲ မမြန်တတ်၊ သူ့ထံသို့ ဝေ့ဝဲလာခဲသည်။ တွေတွေငေးငေးလေးဖြင့် ထာဝရလို ငိုင်နေတတ်သော ရွှေ့ဆီသို့ သူ့အကြင်နာလှိုင်းများ အားပါးတရ စီးသွယ်လိမ့်ဆင်းခွင့် ရနေသည်။

'ချမ်းသာသည်' 'ပညာတတ်သည်' 'သိပ်လှသည်'ဟူသော ပြီးပြည့်စုံနေသည့် ရွှေအတွက် အောင်ဦးသာ၏ရင်မှာ အခံစားရဆုံးက…

"ကရုဏာ"



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့မှန်း သူ့ကိုယ်သူ တွေး၍မရ။ စပြီး တွေ့ရသည်မှ ယခုနေ့အထိ ရွှေ့ကို သူ့ရင်မှာအတိုင်းအဆမရှိသော ကြင်နာခြင်းများဖြင့် သနားနေမိရသည်ချည်းသာ။

ကြည့်ပါဦး။

ရွှေသည် သူ့ကိုယ်ပေါ်သို့ ကြွေကျလာသော ရွက်ကျင်လေး၏ ရိုးညှာကိုကိုင်ပြီး ပင်စည်ကြီးဆီသို့ မော့ကြည့်နေသည်။

"ကြွေပြီးသား သစ်ရွက်ကလေးဟာ နဂိုနေတိုင်း ပြန်ဆက်ဖို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူးနော် ခိုင်"

ရွှေဝတ်ရည်က သတ်ပြင်းတစ်ချက် ရှိုက်လိုက်ရင်းက...

"ဒီလိုပဲ၊ ကွဲအက် ကြွေကျပြီးသား နှလုံးသားဟာလည်း နဂိုနေတိုင်း ဘယ်တော့များ ပြန်ဖြစ်လာနိုင်မှာလဲ ခိုင်ရယ်"

"ဝတ်ရည် သူငယ်ချင်း"

နှမခိုင်ကို မျက်ရည်လျှံနေသော မျက်ဝန်းလေးနှင့် သူပြန်ကြည့်နေသည်။

"နွေလမှာ ရော်ရွက်ဝါတွေ ကြွေကျစမြဲပါကွယ်၊ ဒါပေမယ့် ဝတ်ရည်ရယ်၊ အဲဒီရွက်အိုအစား ရွက်နုလေးတွေ ပြန်ဝေတတ်တာလည်း ထည့်တွက်ပါဦး"

"ဝတ်ရည်ရဲ့ နွမ်းကြွေခဲ့ရတဲ့ နှလုံးသားကတော့ ဘယ်တော့မှ ပြန်ပြီး သစ်ဝေမလာနိုင်တော့ပါဘူးလေ"

"မဟုတ်သေးပါဘူးကွယ်၊ သူငယ်ချင်းရင်ထဲမှာ အတိတ်ဆိုတဲ့ အရိပ်ကြီး ထိုးနေတာကို ဖယ်ပစ်လိုက်စမ်းပါ။ ချက်ချင်း သစ်လွင်တောက်ပလာမှာပါ"





"ဟင်..."

"ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်ပြီး အလေးအနက် ထားတတ်လွန်းတဲ့ မိန်းမသားတိုင်းဟာ သိပ်ပြီး ခံစားကြရပါတယ်"

"ဟုတ်တယ် ခိုင်"

"ဝတ်ရည် သူ့ကို မေ့မပစ်နိုင်ဘူးလား။ ဒေါက်တာမျိုးဝေကို ဝတ်ရည်ရဲ့ ရင်ထဲက မစွန့်ပယ်နိုင်သေးဘူးလားဟင်"

"ဘာ... ခိုင် ဘာပြောတယ်"

"သူ့ကို မေ့ပစ်လိုက်စမ်းပါကွယ်"

"သူ့ကို ဝတ်ရည် သိပ်စိတ်နာတာ ခိုင်သိသားနဲ့"

"မဟုတ်သေးဘူး...၊ ဝတ်ရည် အသည်းနှလုံးကို ဝတ်ရည် ညာနေတာ"

"ဟင်..."

"သူ့ကို တကယ်စိတ်နာရင် တကယ်စွန့်လွှတ်နိုင်ရမှာပေါ့။ ခုတော့ ဝတ်ရည် သူ့ကိုမှ မမေ့နိုင်ဘဲ"

"စိတ်နာတာတော့ အမှန်ပါပဲ၊ ဒါပေမယ့် တစ်ချိန်က ဝတ်ရည်ရဲ့ ရင်ထဲကို ခွဲထည့်ထားချင်လောက်အောင် 'ကိုကို့'ကို ချစ်ခဲ့ဖူးတာလည်း ခိုင်အသိပါနော်"

"မေ့ပစ်လိုက်စမ်းပါကွယ်၊ ဒေါက်တာမျိုးဝေကို ခိုင်မုန်းတယ်၊ သူ သိပ်ရက်စက်တယ်"

"သူ သိပ်ရက်စက်တယ်၊ ဟုတ်တယ်နော်... သူ သိပ်ရက်စက်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေ၏ မျက်ဝန်းမှ မျက်ရည်တို့ ကြွေလေပြီ။

ဤမျက်ရည်စက်တို့သည် အားမာန်ကြီးသော ရေပူစမ်းနှယ် အောင်ဦးသာ၏ ရင်ခွင်သို့ အရှိန်အဟုန်ကြီးစွာ ဖြတ်စီးလာနေသည်။

"ရွှေရယ်... မငိုပါနဲ့"

"မျက်ရည်တွေ ထပ်မချွေလိုက်ပါနဲ့"

"တိတ်ပါတော့... တိတ်ပါတော့ဗျာ"

အောင်ဦးသာ၏ ရင်မှာ ထပ်ကျော့ တောင်းပန်နေမိသည်။

တန်ခိုးရှင်သာ ဖြစ်လိုက်ချင်ပါဘိတော့...။

ဤမိန်းမလှ၏ မျက်ရည်စက်တို့ လွင့်စင်ကွယ်ပျောက်စေပြီး သစ်လွင်ဖူးဝေသော အပြုံးတို့ ဖြစ်တည်လာအောင် ဖန်ဆင်းပေးလိုက်ချင်စမ်းလှပါဘိ...။

"သူ သိပ်ရက်စက်တယ်၊ ဟုတ်တယ်နော်... သူ သိပ်ရက်စက်ခဲ့တယ်တဲ့..."

ရွှေ၏ ရင်ဖွင့်စကားလေးများ ပွဲတင်ခတ်လာသည်။

"ဒေါက်တာမျိုးဝေတဲ့... တောက်..."

ရွှေ့ကို မျက်ရည်ကြွေအောင် လုပ်တဲ့လူကို ခုနေများ တွေ့လိုက်ရရင် ဒီကောင်မလွယ်၊ တစ်ချက်တည်းနဲ့ အလဲထိုးပစ်လိုက်ချင်သည်၊ သတ်ပစ်လိုက်ချင်သည်။

အို... ရွှေနဲ့ပတ်သက်လို့...

နူးညံ့သော ကရုဏာ...

ကြမ်းတမ်းသော ဒေါသ...





စသည်တို့လည်း တစ်ချိန်တည်း ပေါင်းစည်း၍ ခံစားရပါလား။

မျက်ရည် သုတ်နေသော ရွှေ့ ထံသို့ဖြင့် သူ့အကြင်နာ စမ်းရေဟာ ငြိမ့်ငြိမ့်သိမ့်သိမ့်လေး တသွင်သွင် စီးမြောနေသည်။

မျက်ရည်များကို ဖယ်ရှားလိုက်လေမှ ရွှေ့မျက်ဝန်းဖြူဖြူလှလှလေးမှာ နီးမြန်းသော အကြောဆိုင်ငယ်များ ယှက်ဖြာနေသည်ကို မြင်လာရသည်။ မျက်ဝန်းလေး မို့ပြီး နှာခေါင်းထိပ်ဖျားလေးများ နီလျက် ဝေဒနာကို သိမ်းဆည်းဆို့ပိတ်နေရရှာသော ရွှေ့မျက်နှာကို အောင်ဦးသာ ဘယ်လိုခံစားမှုမျက်နှာမျိုးနှင့် ငေးကြည့်နေမိသည် မသိ။

"အို... သူ ဘယ်လိုဖြစ်နေတာလဲ"

နှမြိခိုင်၏ ရင်တွင်းမှ အာမေဋိတ်စိတ်နှင့် လှမ်းကြည့်နေသည်ကိုပင် အောင်ဦးသာ မမြင်တော့။

အောင်ဦးသာကို သူ လူမှန်းသိတတ်စ အရွယ်မှ စတင်မြင်ဖူး၊ ယှဉ်တွဲဖူးခဲ့သည်။ သူ့ထက်ငယ်သော်လည်း တစ်မြို့တည်း တစ်မြေတည်းမှာ ကြီးပြင်းလာကြသူများဖြစ်ပါ၏။ ဤငယ်ပေါင်း၏ အကြောင်းကို အသေးစိတ် သိသည်။ မျက်နှာကို မြင်လျှင် သူ့ရင်မှာ ဘာရှိသည်ဆိုသည်ကို သိနိုင်လွန်းခဲ့သော နှမြိခိုင်ပင်လျှင် ယခု သရုပ်မခွဲနိုင်တော့...။

အောင်ဦးသာ၏ ရင်ထဲမှ များစွာသော၊ များစွာခြင်းပေါင်းစုံဖြင့် ခံစားနေရလေပြီဟုသာ ရောထွေးတွေးလိုက်ရသည်။

သည်မျက်နှာမျိုး တစ်ခါမှ မမြင်ဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com

"ဩော်... ရွှေဝတ်ရည်အတွက် မင်းရင်မှာ ဒီထိအောင် ခံစားနေရပြီလား အောင်ဦးသာရယ်"

အောင်ဦးသာ မသိရှိသေးသော အကြောင်းအရာတို့ကို သိရှိထားနှင့်ပြီးသော နုမြခိုင်၏ရင်ထဲတွင် လှုပ်ခတ်သွားမိသည်။

သူတို့ချင်း မချစ်မိသေး...

မချစ်ဖြစ်သေးကြပါသော်လည်း...

တစ်နေ့နေ့သော နှောင်းကာလ ရက်များတွင် အောင်ဦးသာနှင့် နုမြခိုင်တို့နှစ်ဦး တစ်ယောက်နှင့်တစ်ယောက် ပိုင်ဆိုင်ကြရတော့မည် ဖြစ်ကြောင်း လူကြီးချင်း ညှိထားပြီးသား...။

နုမြခိုင် သိပြီးသား...။

သဘောထား ပြည့်ဝလွန်းလှသော ရခိုင်မလေး၏စိတ်တွင် 'ဝန်တိုခြင်း'ဆိုသော စိတ်ရိုင်းများ မဝင်မိရိုးအမှန် ဖြစ်ပါသော်လည်း—

သူငယ်ချင်း ဒေါက်တာရွှေဝတ်ရည်ကိုလည်း မငိုစေချင်ပါ။

အောင်ဦးသာသည်လည်း မခံစားရစေချင်ပါ။

ဒေါက်တာရွှေဝတ်ရည်က သူ့အကြောင်းနှင့်သူ ခံစားနေရသူ။ အောင်ဦးသာက ရွှေဝတ်ရည်ထံမှ ခံစားမှုကို ဆင့်ပွား ကူးယူပြီး ပိုမိုမြင့်မားစွာ သောကဝေဒနာ သဲနေသူ...။

သူတို့ရှေ့တွင် ရှိနေပါလျက် သူ့ကိုမမြင်ကြသော ဤနှစ်ယောက်အတွက် နုမြခိုင် သက်ပြင်းချမိသည်။ သောကဝေဒနာတို့သည် ကောက်ကွေ့သောမြစ်များနှယ် သူ့ရင်ကိုပါ ကွေ့ဝိုက်တိုက်စား စီးဆင်းသွားလေပြီတည်း။





"ဆောရီး ခိုင်ရယ်... ဆောရီးနော်...၊ ဝတ်ရည် ထိန်းပါတယ်၊ တစ်ခါတလေ လွတ်သွားမိတယ်ကွယ်"

အိပ်မက်ဆိုးမှ နိုးထလာသူတစ်ယောက်လို ရွှေဝတ်ရည်မှာ နုမြခိုင်နှင့် အောင်ဦးသာကိုကြည့်ပြီး အားနာဟန်နှင့် ပြောရှာသည်။ သူ၏ အတိတ်အိပ်မက်ရှည်ကြီးကို နုမြခိုင်၏ သက်ပြင်းချသံများက ရုပ်တန့်လှန့်နိုးလိုက်လေသည်လား။

"ကဲ လာ... ထုက္ကန့်သိမ်ထဲ သွားကြရအောင်ပါလေ...။ လာလေ... အောင်ဦးသာ"

ကူးစက်ခံနေရသော သူ့ခံစားမှုဝေဒနာများကို မလုံမလဲ သိမ်းဆည်းရင်း နုမြခိုင်တို့ရှေ့မှ ကျော်ဖြတ်၍ ထုက္ကန့်သိမ်ဘက်သို့ သူ ဦးတည်သွားနှင့်သည်။

နုမြခိုင်က ဒေါက်တာ ရွှေဝတ်ရည်၏ အေးစက်နေသော လက်ကလေးကို ဆုပ်ကိုင် တွဲယူရင်း လျှောက်လာကြသည်။

သူတို့ရှေ့တွင် စာနှင့် ဖော်ညွှန်း၍လည်း မပြည့်စုံ၊ နှုတ်နှင့် ပြောကြား၍လည်း လုံလောက်မည်မထင်သော ထုထည်ကြီးမားလွန်း၍ ခန့်ထည်ခိုင်ကျည်လွန်းသော ပုံစံသစ် ဘာသာရေးအဆောက်အအုံကြီးတစ်ခု။

## 'ထုက္ကန့်သိမ် ပုထိုးတော်ကြီး'

မြန်မာသက္ကရာဇ် ၉၃၃ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော သိမ်တော်ကြီးဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဦးမင်းဆက် ၁၇ ဆက်မြောက် **"မင်းဖလောင်း"**၏ ကောင်းမှုတော်ဖြစ်လေသည်။

သိမ်၏အပေါ်တွင် မြောက်ဦးမြို့၏ ဘုရားများတွင် မြင်ရလေ့ရှိသည့်အတိုင်း ထီးတော်မပါသော ပုပုဝိုင်းဝိုင်း အလုံးတစ်ခုကို တင်ထား၍ စေတီတော် ပုံ့ပုံ့ကြီးတစ်ဆူနှင့် သည်ပုံစံအတိုင်း အရန်စေတီငယ်များကိုပါ သပ္ပာယ်စွာ ဖူးတွေ့ရပါသည်။

အတွင်း၌မူ အံ့မခန်း လက်ရာများပါ။

လွန်ခဲ့သည့် နှစ်ပေါင်းလေးရာကျော်ဆီမှ မြောက်ဦးမြို့၏ နန်းတွင်းသူ နန်းတွင်းသား၊ မှူးမတ်များ၊ တိုင်းသူပြည်သားတို့၏—

ဝတ်စားဆင်ယင်မှု၊ နေထိုင်ပုံ၊ အနုပညာ၊ တေးဂီတ၊ သီဆိုတီးမှုတ်ခြင်း က,ကွက်မျိုးစုံ၊ ဆံထုံးပုံစံများစွာနှင့် ဘာသာရေး ကိုင်းရှိုင်းကြည်ညိုနေကြပုံ

စသည်တို့ကို ပြန်လည်သက်ဝင် လှုပ်ရှားလာသည်သို့ပင် မြင်ရပါ၏။ ပန်းပုရုပ်ပေါင်းများစွာ ထုလုပ်၍ နံရံထွင်းရုပ်ထုများ ပုံဖော်၍ နောင်းလူတို့အတွက် တင်ပြပေးခဲ့ကြသည့် အနုပညာရှင် အတတ်ပညာရှင်တို့ကို ပူဇော်ချင်လောက်အောင်ပင် ကျေးဇူးတင်ရှိလှပါသည်။

သျှစ်သောင်းဘုရားနှင့် ထုက္ကံနှို့သိမ်ကို ရောက်ရခြင်းသည် မြောက်ဦးမြို့၏ လျှမ်းလျှမ်းတောက် ယဉ်ကျေးမှုထွန်းကားချိန်ကို မျက်မြင်ကိုယ်တွေ့ ပြန်လည်ရောက်ရှိသွားရသလိုပါ။ ခိုင်ခံ့လွန်းသော



နံတံတိုင်း အကန့်များစွာကြားမှ ဆင်းတုတော်များကို ကြည့်ပြီး ထွက်လာပြီးချိန်တွင်...

"မခိုင်..."

ဒေါက်တာရွှေဝတ်ရည် ဘုရားကန်တော့နေသည်ကို မတ်တတ်ရပ်၍ စောင့်နေသော နုမြခိုင်နားသို့ကပ်ပြီး အောင်ဦးသာက ခေါ်လိုက်သည်။

အောင်ဦးသာမှာ နုမြခိုင်တို့ ဒေါက်တာရွှေဝတ်ရည်တို့ထက် နှစ်နှစ်မျှလောက် ငယ်ရွယ်သောသူပါ။

"သူ့ ဘာရို့ ငိုတာလဲဟာင်"

"သူ့ရည်းစား ပစ်သွားလို့"

လေးနက်လွန်းသော အောင်ဦးသာ၏ စကားကို နုမြခိုင်က အပေါ့ဆုံးစကားလုံးနှင့် ဖြေလိုက်သည်။

"ဒီလောက်လှပြီး ဒီလောက် ပြည့်ဝပြည့်စုံတဲ့ မိန်းမကို ပစ်သွားတဲ့လူဟာ ဒီကမ္ဘာမှာ အမိုက်မဲဆုံးလူပဲ"

"အို... သူ့အကြောင်းနဲ့သူပါ။ နင်က ဘာလို့ဝင်ပြီး ခံပြင်းနေရတာလဲ"

"အဲဒီ ဒေါက်တာမျိုးဝေ ဆိုတဲ့ကောင်က အခု ဘယ်မှာလဲ"

"ဒါ နင့်အလုပ်မဟုတ်ဘူး အောင်ဦးသာရယ်"

"ကျွန်တော် သိပ်သိချင်တယ်။ ပြောစမ်းပါ မခိုင်"

"နိုင်ငံခြားမှာ"

"ဟင်...နိုင်ငံခြားမှာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်။ အင်္ဂလန်မှာ ပါရဂူဘွဲ့သွားယူတယ်"

"ဒါဖြင့် သူပြန်လာမှာပေါ့နော်"

ထွားကျိုင်းလွန်းသော်လည်း နုနယ်နေဆဲ အောင်ဦးသာ၏ မျက်နှာကိုကြည့်ပြီး...

"ဘာလဲ၊ နင်က ဒေါက်တာမျိုးဝေ ပြန်လာမှာ စိုးရိမ်နေပြီလား"

"စိုးရိမ်လား၊ မစိုးရိမ်သလား ကျွန်တော့်ကိုယ်ကျွန်တော် မသိဘူး။ သူ့ကို စိတ်ဆင်းရဲအောင် မလုပ်ရင်ပြီးရော"

"ဒါ နင်နဲ့ဆိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ"

"ဆိုင်တယ် မခိုင်ရဲ့"

"ဟင်..."

"ကျွန်တော်လေ ရွှေ့ကို သိပ်ချစ်တာပဲဗျ"

"အို...ဘာ...ဘာ..."

"ဟုတ်တယ်။ ကျွန်တော် ရွှေ့ကို သိပ်ချစ်တာပဲ။ ဒါပေမယ့် သူများတွေ ချစ်သလိုမျိုး မဟုတ်ဘူး။ ကျွန်တော့်အချစ်က တစ်သီး တစ်ခြား"

နုမြခိုင်မှာ အောင်ဦးသာကို နားမလည်နိုင်လွန်းစွာ ကြည့်နေမိသည်။

အောင်ဦးသာသည် ဘုရား မုခ်ပေါက်ငယ်ရှေ့မှ ဝန်ကြီးဝန်ကတော်၏ ဘုရားကန်တော့နေပုံမှ တစ်မျိုးသော ဆံထုံးနှင့် ရုပ်တုကို ကိုင်ရင်းက ဖြည်းညှင်းတိုးတိတ်စွာ ပြောနေသည်။





"သူ ပင်ပင်ပန်းပန်း ဆေးကုနေတာ မကြည့်ချင်ဘူး။ ထိုင်ပြီး ဆင်းနေရတာမျိုးကို မြင်ချင်တယ်"

"သူ့အတွက် အိပ်မပျော်နိုင်တဲ့ ညတွေကို ကုန်ဆုံးပေးချင်တယ်။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ပါစေ"

"ပြီးတော့ သူ ငိုနေတာကို ဘယ်တော့မှ မမြင်ရတဲ့ ကိုယ်ဖြစ်ပါရစေလို့ ဆုတောင်းတယ်"

"သူ ပြုံးနေတာကို ကျွန်တော် အမြဲမြင်ချင်တယ် မခိုင်"

"သူ့ဘဝ ငြိမ်းအေးမယ်ဆိုရင် ကျွန်တော့်ဆီက ဘာပဲပေးရပေးရ ပေးဆပ်လိုက်ချင်တယ်။ ပေးဆပ်နိုင်ခွင့်ရချင်တယ်"

"ကျွန်တော် သူ့ကို အတိုင်းအဆမရှိ ချစ်မြတ်နိုးနေမိပါတယ်။ ဒါပေမယ့်... မပိုင်ဆိုင်ချင်ပါဘူး"

"ဟင်..."

"ဒါ ကျွန်တော့်ရဲ့ အဆုံးစွန်သော ဆန္ဒပါ"

"သူ့ကိုတော့ချစ်တယ်၊ မပိုင်ဆိုင်ချင်ဘူး၊ ဟုတ်လား"

အောင်ဦးသာ ခေါင်းညိတ်ပြသည်။

"ရွှေဝတ်ရည်ကများ ပြန်ချစ်လာမယ် ဆိုရင်ရော"

"ကျွန်တော်နဲ့ မထိုက်တန်ဘူးလို့ ထင်ပါတယ်"

"နင်တို့က သိပ်ချမ်းသာတာပဲ အောင်ဦးသာရယ်"

"ဒါပေမယ့်...မခိုင်၊ ကျွန်တော် သူ့ကိုချစ်တာ တစ်မျိုးပဲ"

နုမြခိုင်က သူ့ကို ငေးကြည့်နေသည်။ အောင်ဦးသာ၏ ရင်မှာ ဖြစ်တည်နေသော ခံစားမှုများစွာကို စကားအဖြစ်နှင့် ထင်ပြရန်



www.burmeseclassic.com

www.burmeseclassic.com



မတတ်သာနိုင်ပါ။ အနီးစပ်ဆုံး အနေဖြင့်သာ...

"ကျွန်တော် သူ့ကိုလေးစားတယ်။ မြတ်နိုးတယ်"

"ရယူလိုတဲ့ ပူလောင်တဲ့ 'ချစ်ခြင်း'မျိုးမဟုတ်ဘဲ ပေးဆပ်လိုက်လျှောချင်တဲ့ အေးမြသော 'မေတ္တာ'မျိုးသာ ဖြစ်ပါတယ်"

"အင်း..."

နုမြခိုင်ကိုယ်တိုင်လည်း ဘာခံစားနေရမှန်းမသိ။ သက်ပြင်းသာ ချနေမိသည်။

"မခိုင်"

"ဟင်..."

"ရွှေ့အကြောင်း ကျွန်တော် သိပါရစေ"

"နေပါဦး သူကိုယ်တိုင်တောင် ဝတ်ရည်လို့ တင်စားသုံးနှုန်း နေတာ"

"ဟုတ်တယ်။ ကျွန်တော်သူ့ကို စပြီးတွေ့တည်းက 'ရွှေ'လို့ တင်စားပြီး သူ့ကို ဒီလိုပဲ ကျွန်တော့်ရင်ထဲမှာ အမြဲခေါ်နေမိတယ်။ ရွှေဆိုတာ ကမ္ဘာပေါ်မှာ 'စံ'ထားရတဲ့ ရတနာပဲလေ။ အားလုံးဟာ ရွှေနဲ့ စံတင်ပြီး၊ ရွှေနဲ့စက်ပြီး တန်ဖိုးထားကြရတယ် မဟုတ်လား အမွန် မြတ်ဆုံး ရွှေစင်နဲ့ တင်စားမိတာကလည်း သူ့ကို တွေ့တဲ့နေ့က ရွှေပုံ တစ်ပုံကို မြင်လိုက်ရသလို ရွှေဝါရောင်အသား၊ ရွှေဝါရောင် ဝတ်စုံ လေးနဲ့မို့ပါ"

အောင်ဦးသာ၏ စကားသံက တိုးတိတ်သော်လည်း ထက်သန် အားပြည့်လှသည်။





"မခိုင်ရယ်၊ သူ ဘာတွေဖြစ်ခဲ့တယ်၊ ဒေါက်တာမျိုးဝေနဲ့ တော်ခက်ပြီး ဘာတွေခံစားနေပါတယ် ဆိုတာတွေ ကျွန်တော် သိပါ ရစေလားဟင်"

"မခိုင် ပြောခွင့်မရှိဘူး"

"သိတော့ သိတယ်လား"

"*သိသင့်သလောက်တော့ သိပါတယ်*"

"ကျွန်တော် သိပ်သိချင်တယ်ဗျာ"

"မခိုင် ဝတ်ရည်ဆီက ခွင့်တောင်းမယ်လေ။ သူ ခွင့်ပြုရင် ပြောပြပါ့မယ်ကွယ်"

ရွှေဝတ်ရည်သည် သူ့အတိတ်ကို တံခါးပိတ်ထားချင်သည် လား၊ ကြည့်ချင်၊ သိချင်လျှင် ကြည့်ကြပါလေဟု တံခါးဖွင့်ထား လေသည်လား၊ နုမြခိုင်ကိုယ်တိုင် မသိရသေး။

ထိုနေ့က ဒေါက်တာ ရွှေဝတ်ရည်...

နုမြခိုင်နှင့်...

အောင်ဦးသာတို့သည်...

မတူညီသော သီးခြားခံစားမှု ကိုယ်စီဖြင့် ထုတ္တနိုးသိမ်မှ ထွက်ခဲ့ ကြရပါသတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၅ ။

ရေတံခါးလမ်း၊ ရုံကြီးလမ်း၊ မင်းစောမွန်လမ်း၊ မဟာပညာကျော်လမ်း စသည်များကို ရှည်လျားစွာ ဖြတ်သန်းသွားနေသော ဦးဥတ္တမလမ်းပေါ် ဈေးနှင့် မနီးမဝေးတွင် ဗိုလ်တဲရှိပါ၏။

တစ်ခြားသောပြည်နယ်နှင့် အစွန်ကျသော မြို့ငယ်များတွင် ဗိုလ်တဲသည် မြို့ပြင်၌ ရှိတတ်ကြပါသော်လည်း မြောက်ဦးမြို့မှ ဗိုလ်တဲမှာ မြို့လယ်ခေါင်တွင် ရှိနေသည်။ ညှော်သည် ပြတ်သည် မရှိပါ။ သမဆေးခန်းက မဟာပညာကျော်လမ်းပေါ်မှာ...

ထိုနေ့က ဒေါက်တာ ရွှေဝတ်ရည်မှာ လူနာများအလယ်တွင် နစ်မြုပ်နေသည်။

စေတနာပါလွန်းသော ဆရာဝန်မ ချောချောလေး။

စကားနည်းသလောက် ဆေးကုကောင်းတယ်။

သမဆေးခန်းဆိုတော့ ဈေးလည်း သက်သာတာပေါ့။



စသော နှစ်သိမ့်ဖွယ် စကားသံများကလည်း ဒေါက်တာ ရွှေဝတ်ရည်၏ ဝန်းကျင်ဝယ် လျှံ၀ဲနေပါ၏။

"ဒေါက်တာရေ... ညှော်သည်တစ်ယောက် ဖျားနေလို့ ကြည့်ပေးပါဦး"

သမအသင်း၏အမှုဆောင် ကိုရွှေဖံမောင်က ပိန်ပိန်ပါးပါးနှင့် အားနည်းလွန်းနေသော လူနာတစ်ယောက်ကို တွဲယူခေါ်ဆောင်လာသည်။

ခုတင်ပေါ်ရောက် လူနာကို အသေအချာ စမ်းသပ်ရသည်။ အအေးမိ၍ ရိုးရိုးဖျားခြင်းသာ ဖြစ်ပါ၏။ အဖျားဒီကရီက ၁၀၂ ကျော်ထိစွမရှိပါ။

ဒေါက်တာရွှေဝတ်ရည်မှာ ရောဂါသိပြီးမို့ ဆေးပေးရန်သာ ရှိပါတော့သည်။ အဆုပ်နှင့် နှလုံးခုန်နှုန်းကို စမ်းသပ်စဉ်ကလည်း လူနာမျက်နှာကို မကြည့်မိ။ သာမိုမီတာ ငုံထားခိုင်းစဉ်ကလည်း နာရီကိုသာ ကြည့်နေမိသည်။

နောက်ဆုံး မျက်လုံးအိမ်ကို ဖွင့်ကြည့်မိမှ သူ့မျက်နှာကို ကြည့်လိုက်မိသည်။ သူက ရွှေဝတ်ရည်ကို စူးစိုက်စွာ ကြည့်နေပါ၏။ သူ့အကြည့်က မှေးမှိန်အားနည်းနေသော်လည်း–

အကြည့်နောက်ကွယ်မှ အသိကမူ ဝင်းပ ကျယ်ပြန့်နေသလိုပါ။

"ငါ သူ့ကိုမြင်ဖူးသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရွှေဝတ်ရည်မှာ ဆေးပုလင်းတွင်းမှ ဆေးများကို ထုတ်ရင်း စဉ်းစားမိသည်။

ဆေးထိုးဆေးပေးပြီး ပြန်တော့လည်း တန်းစီနေသော လူနာများထဲမှ အလှည့်ကျသူက စောစောက လူနာနေရာ ရောက်လာပြန်ပါ၏။ သည်တော့လည်း ဒေါက်တာရွှေဝတ်ရည်၏ အာရုံက ဒုတိယလူ ထံသို့ ရောက်သွားရပြန်သည်။

လူများစွာနှင့် ဆက်ဆံ ပတ်သက်ရသော လုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ဆရာဝန်မို့ တစ်ချိန်ချိန် တစ်ခါခါက ကြုံဖူးသူသာ ဖြစ်မှာပါဟု သာမာန်အားဖြင့် တွေးပြီး လုပ်ငန်းခွင်၌သာ အာရုံစိုက်နေမိသည်။ တစ်ယောက်ပြီးတစ်ယောက်၊ တစ်ယောက်ပြီး တစ်ယောက်၊ ထပ်ထပ်ရောက်လာပြန်တော့လည်း အာရုံက မပျံ့လွင့်အား...

"သိပ်မောသွားပြီလား... ဒီနေ့ လူနာတွေမှ အများကြီးပဲနော်"

"ရပါတယ်၊ ကြုံတွေ့နေကျပဲ"

ဘာပဲပြောပြော နွမ်းမောနေသော မျက်နှာလေးက သက်သောခံနေပါသည်။

နားကျပ်သိမ်းနေသော စားပွဲခုံပေါ်မှာ သန့်ကြည်နေသော ရေတစ်ဖန်ခွက်ရောက်လာသည်။ ရေကို မွတ်သိပ်စွာ အကုန် မော့သောက်လိုက်သည်။

"သူ ခပ်ထားသော ဤရေသည် သီတာရေစင်အဖြစ်နှင့် ရွှေ့ရင်မှ နွမ်းနယ်နေသော နှလုံးသားကို အေးမြနိုင်ပါစေသား။





သောကဒေဝနာများ ကြွေလွင့်ပျက်ပျယ်ပါစေသား"

ပျောက်စေဆရာ ရေမန်းတိုက်သလို ရေခွက်ကို မန်းမှုတ်နေခြင်း မဟုတ်ပါသော်လည်း အောင်ဦးသာ၏ ရင်ထဲမှ စေတနာ ဂါထာများ ရွတ်ဆိုနေမိသည်ဖြစ်၍ အမှန်ပါ။

"ကဲ... စာရေးကြီး ငွေရည်ပြီးပြီလား"

ကိုရွှေစံမောင်က အောင်ဦးသာကို နောက်လိုက်ပြီး၊ စာရင်းစာအုပ်မှာ လက်မှတ်ထိုး၍ ငွေကို သိမ်းဆည်းလိုက်သည်။

အောင်ဦးသာသည် ဒေါက်တာရွှေဝတ်ရည်၏ သမဆေးခန်းမှ ရေးရ၊ မှတ်ရ၊ ငွေလက်ခံရသော စေတနာစာရေးလေး ဖြစ်နေလေပြီ။

သည်တာဝန်အတွက် လူရှာစဉ်က သူလုပ်ပါရစေဟု အောင်ဦးသာ က ပြောကြားလာသည်။ ရွှေဝတ်ရည် မည်သော အလှနတ်သမီးလေး ရောက်ရှိလာမည်ဟု မသိခင်တည်းကပါ။

သူဌေးသားမို့ လခလည်း ပေးစရာမလို၊ သူကိုယ်တိုင်ကလည်း ရပ်ရွာ၏ လူမှုရေးတာဝန်များကို ယူနေကျမို့၊ လူကြီးများ၏ ကြည်ဖြူမှုဖြင့် အောင်ဦးသာ ဆေးတိုက်မှာ ထိုင်ပေးနေရခြင်းပါ။

ရွှေ့ရဲ့ အရိပ်ကလေး ဖြစ်ခွင့်ရသွားခြင်းအတွက် အောင်ဦးသာ ကြည်နူးမှု လွှမ်းကဲနေကြောင်း လူကြီးများအားလုံးက သိနေကြသည်။ ရယ်စရာလို သဘောထားနေကြပါ၏။ အောင်ဦးသာကို အားလုံးက ချစ်ကြသည် မဟုတ်ပါလား။

"ဆိုက်ကားခေါ်လိုက်ရတော့မလား"

"လမ်းလျှောက်ပြီးပဲ ပြန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'ပြန်ကြတာပေါ့'ဆိုခြင်းအတွက် သူ့ကိုပါ လိုက်ခဲ့ပါဟု ဆိုသည်နှင့်မခြားပါ။

သူကသာ လှုပ်ရှားနေသည်၊ ရွှေကဖြင့် တည်တည်ငြိမ်ငြိမ်ပင် သူနှင့်ယှဉ်၍ လျှောက်နေသည်။ ရွှေ စကားမပြော၍ သူ ဘာမှ မပြောချင်။ ရွှေ အမောပြေပါစေ၊ စကားတွေပြောလျှင် မောနေရှာပါမည်ဟု တွေးရင်း ရွှေ့အရိပ်အကဲကိုသာ ကြည့်ပြီး ရွှေ့ဘေးမှ လိုက်လာခဲ့သည်။

"နန်းရာကုန်းဘက်က လှည့်ပြီး ပြန်ကြရအောင်"

"ရွှေမျှား ထမင်းဆာနေမလား"

"ဟင်... ဘာ... ဘယ်လို ခေါ်လိုက်တယ်"

"ဟာ...ဟို... ရွှေ...ရွှေဝတ်...အဲ...ဒေါက်...ဒေါက်တာများ ထမင်းဆာနေ..."

ဒေါက်တာရွှေဝတ်ရည်၏ ရယ်သံလွင်လွင်လေးက အောင်ဦးသာ ၏ ထစ်ငေါ့နေသော စကားလုံးများကို ဖုံးသွားသည်။ သူတို့ချင်း အနေနီးသော်လည်း စကားရှည်ရှည် မပြောမိကြ။ ပြောလျှင်လည်း ဘယ်လိုမှ မခေါ်ဖြစ်၊ သည်တစ်ခါဖြင့် ရင်ထဲမှ ခေါ်နေကျအတိုင်း လွှတ်ခနဲ ထွက်သွားရခြင်းပါ၊ ရက်ကိုးရက်ကန်းနှင့် အောင်ဦးသာကို ကြည့်ပြီး။

"အောင်ဦးသာက မမတို့ထက် ငယ်တာပဲ"

"ဗျာ..."

"မမလို့ ခေါ်ရမှာ ဝန်လေးနေလို့လား"





"ခင်ဗျာ"

"ဆရာဝန်မမို့ အထက်စီးက ခေါ်ခိုင်းနေတယ် ထင်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်တော့်ရင်ထဲမှာ အမြတ်နိုးဆုံး ရတနာနဲ့ နှိုင်းယှဉ်တင်စားထားပြီးသားမို့ ရွှေလို့ပဲ ခေါ်ပါရစေ"

အသံနှင့်ပြောခြင်းမဟုတ်ဘဲ အသည်းနှလုံးနှင့် ပြောခြင်းမို့ ရွှေမကြားသာ။

"ဟုတ်လား... အောင်ဦးသာ"

ပုစ္ဆာတစ်ခုကို စစ်မေးနေသော ဆရာမတစ်ဦး၏ လေသံမျိုးလို သယ်မကြားရလေမှ...

"မထင်ပါဘူး ခင်ဗျာ... ခေါ်စေချင်ရင်တော့ ခေါ်ပါ့မယ်"

"ခေါ်စေချင်မှဆိုတော့ မခေါ်ချင်လို့လား"

"ဟုတ်ကဲ့... မခေါ်ချင်လို့"

"အင်..."

ရွှေက မကျေနပ်ဟန် လုံးဝမပြ၊ သာမာန်အဖြစ်ပျက်လေး တစ်ခုလိုသာ... ဘာဟန်မှ မပျက်ပါဘဲ ဆက်လက်လျှောက်လာ ကြသည်။

"အို... ငါဘယ်လိုပြောလိုက်မိပါလိမ့်"

တစ်လမ်းတည်း အတူ လျှောက်လာကြပါလျက် ရွှေက ရှင်းကျက်စွာ ငြိမ်သက်နေသည်။ အောင်ဦးသာမှာဖြင့် လှိုင်းထူသော လှေပေါ်မှလူလို၊ မတည်မငြိမ် နှလုံးသားက လိမ့်လိမ့်လူးလူး...



www.burmeseclassic.com

www.burmeseclassic.com



ရွှေနှင့်သူနှင့် နှစ်ယောက်တွဲ၍ တစ်ခါမှ မလျှောက်ဖူး၊ မသွားလာဖူးသေး။ လူကြီးအဖွဲ့တွေနှင့်ဖြစ်စေ၊ နုမြခိုင်နှင့် ဖြစ်စေ၊ သွားနေလာနေကျ။ ရွှေကတော့ ယောကျ်ားလေးတစ်ယောက်နှင့်အတူ သွားရသည်ကို ဘာမှ မထူးခြားသလိုပါ။ မှန်ကန်သော ခြေလှမ်းများဖြင့် အေးအေး ငြိမ်းငြိမ်းလေး လျှောက်လှမ်းနေသည်။

အောင်ဦးသာမှာသာ ရွှေ့ရှေ့က ကျော်ရမလား၊ နောက်က လိုက်ရမလား၊ အနီးကပ်ရမလား၊ ခွာရမလားနှင့် မတည်မငြိမ်။

သူတို့နှစ်ယောက် ပြတိုက်၊ စာတိုက်နှင့် ကြေးနန်းရုံးဘက်မှ ပတ်ပြီး နန်းရာကုန်း… အုတ်ဆင့်များကို ကျော်တက်ခဲ့ကြသည်။

"မြောက်ဦးမြို့တည်တာ နှစ်ပေါင်း 'ငါးရာငါးဆယ်' ရှိပြီဆိုပေမယ့် ဒီနန်းရာကုန်းနေရာဟာ အခိုင်အမာကြီးကိုပဲ ကျန်နေသေးတာပဲနော် အောင်ဦးသာ"

"ဟုတ်ကဲ့… မင်းစောမွန်က ခရစ်သက္ကရာဇ် ၁၄၃၀ ခုနှစ်လောက်မှာ ဒီမြို့ကို တည်တယ်ဆိုပေမယ့် မင်းဗာကြီး လက်ထက်ကျမှ အခိုင်အမာ စနစ်တကျ ပြုပြင်တည်ဆောက်ခဲ့တာပါ"

"သြော်… ဟုတ်ပြီ၊ **စောမွန်ပြုပြင်၊ မင်းဗာ တည်ကော ရွှေမြောက်ဦး** လို့ ခိုင်ကပြောပြဖူးတယ်"

"ဟုတ်ကဲ့ ခရစ်နှစ် **၁၄၃၀** ခုနှစ်မှာ နန်းတက်တဲ့ မင်းစောမွန်တည်ပြီး အနှစ်တစ်ရာလောက်၊ အဲ… အတိအကျပြောရရင်တော့ **၉၈** နှစ်အကြာမှ နန်းတက်တဲ့ **၁၃** ဆက်မြောက် 'မင်းဗာကြီး' ဟာ… ပညာအမြော်အမြင်လည်းကြီးတယ်။ စစ်ရေးစစ်ရာလည်း





ကျွမ်းကျင်တော့ ဒီမြို့ကို အခိုင်အမာပြုပြင်တည်ဆောက်တယ်။ အဲဒါလည်း အကြောင်းရှိပါတယ် ခင်ဗျာ… တကယ်လို့ ရွှေ… အဲလေ… အို… စိတ်ဝင်စားမယ် ဆိုရင်တော့ ပြောပြပါရစေ"

"အင်း… ရာဇဝင်တော့ စိတ်မဝင်စားဘူး။ ဒါပေမယ့် ဒီမြို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ အနုပညာတွေကိုမြင်ရတော့ သိချင်စိတ် ရှိလာပါတယ်။ အောင်ဦးသာပြောတာ နားထောင်ရင်း ဖြည်းဖြည်းချင်း လျှောက်သွားကြတာပေါ့"

စောစောက ပြောမိသော စကားအတွက် စိတ်ကွက်ခြင်း မရှိသော ဤမိန်းမလှ၏ မြင့်မြတ်သော စိတ်ထားကို လေးစားခြင်းများစွာဖြင့် အောင်ဦးသာ ကရုတစိုက် စဉ်းစားပြီး ပြောပြမိသည်။

"ဒီအနောက်ဘက် ရခိုင်ပြည်က မင်းဗာကြီးရဲ့ ခေတ်ပြိုင် အရှေ့ဘက် မြန်မာပြည်မှာ အဲဒီအချိန်က ဂုဏ်သတင်းကြီးထွားခဲ့တဲ့ မင်းကတော့ တောင်ငူဘုရင်မင်းတရား ရွှေထီးပဲ"

"ဒီ… တပင်ရွှေထီးဟာ… တောင်ငူသာမက ပဲခူး ဟံသာဝတီ စသည်တို့ကို သိမ်းပိုက်ပြီး မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်စိုးစံနေပြီ ဆိုတဲ့ သတင်းကိုကြားရတဲ့ မင်းဗာကြီးဟာ တစ်ချိန်ချိန်မှာ စစ်မက်ပြုလာတော့မယ်ဆိုတာကို ကြိုတင်တွေးမိလာခဲ့ပါတယ်"

"ဒီမြောက်ဦးမြို့ဟာ 'ကုလားတန်မြစ်' နဲ့ 'လေးမြို့မြစ်' အကြားမှာရှိတဲ့ မြောက်နဲ့တောင် တန်းနေတဲ့ တောင်တန်းရဲ့ တောင်ဘက်အစွန်းပေါ်မှာ တည်ထားခဲ့တာပါ"

"ဒါကြောင့် မြို့ပတ်လည်မှာ တောင်ကုန်းငယ်လေးတွေ ရှိလာ -



www.burmeseclassic.com

www.burmeseclassic.com


တော့၊ အုတ်တွေ ကျောက်တွေနဲ့ မွမ်းမံဆင့်ဖို့ပြီး မြို့ရိုးအဖြစ် အခိုင်အမာ ဆောက်ပါတယ်"

"ဒီမြို့ကို ပတ်ပြီး မြို့ရံမြို့ငယ်များအဖြစ် ၁၁ မြို့ကိုပါ တစ်ခါတည်း တည်ပါတယ်"

မြို့ငယ်တွေနဲ့ နန်းမြို့တော်မှာတံခါးကွေ့၊ တံခါးကောက်၊ တန်ဆောင်း၊ ပြအိုး၊ ပစွင်၊ ရင်တားဆိုတဲ့ နန်းမြို့အင်္ဂါနဲ့အညီ တည်ပြီး…

"ရေကျုံး…နှံ့ကျုံး…ကျုံးပင်လယ် ကျုံးခြောက် စသည်တို့ကိုလည်း စီရင်ပါသတဲ့"

"မြို့တွင်းမြို့ပြင်မှာ ရေစီးသာအောင် ဆည်များစွာ တည်ဆောက်ပြီး ဆည်တံခါးတွေပါ စီရင်ထားရုံမကဘဲ…

"ကုန်းကြောင်း ရေကြောင်း တိုက်ပွဲများကိုလည်း အသင့်ဆင်နွှဲဖို့အတွက် လှေများစွာနဲ့ သေနတ်၊ မီးပေါက်၊ စိန်ပြောင်း အမြောက်၊ ဓား၊ လှံ လက်နက်အပြင် စားနပ်ရိက္ခာတို့ကိုပါ မြို့တော်နဲ့ မြို့ရံများမှာ… ပြီးပြည့်စုံအောင် စီရင်ထားခဲ့ပါတယ်တဲ့"

"အတော့်ကို အမြော်အမြင်ကြီးတဲ့ မင်းပဲနော်… ဒါနဲ့ မင်းတရားရွှေထီးက လာတိုက်ဖြစ်သလား"

"တိုက်ဖြစ်ပါတယ်"

"ဟင်…"

"မှန်နန်းရာဇဝင်အဆိုအရတော့ တစ်ကြိမ်တည်းသာ လာတိုက်တယ်တဲ့"



"မြို့ကိုယ်လည်း ခိုင်ခံ့သည်။ ကျုံးမြောင်းလည်း ကျယ်သည်။ လက်နက်ကိရိယာလည်း ထူထပ်လှသည်ဖြစ်သောကြောင့် အကြိမ်ဖန်များစွာ လုပ်ကြံတော်မူသော်လည်း မြို့ကိုမရချေ"

လို့ မှတ်တမ်းတင်ထားပါတယ်။

"ရခိုင်ရာဇဝင်အရကတော့…

"မင်းတရား ရွှေထီးဟာ နောက်ထပ် သက္ကရာဇ် ၉၀၆ ခုမှာ တစ်ကြိမ်၊ ၉၀၆ ခုနဲ့ ၉၀၈ ခုမှာ တစ်ကြိမ်စီ ပေါင်း သုံးကြိမ်တိတိ တိုက်ခိုက်တယ်လို့ ဆိုပါတယ်"

"ရခိုင်ဘုရင် မင်းဗာကြီး ကိုယ်တိုင် စစ်ရေးကျွမ်းကျင်ရုံ မကဘဲ သားတော် နှစ်ပါးကလည်း သိပ်ပြီး အားထားရပါတယ်တဲ့"

"အိမ်ရှေ့မင်းဖြစ်တဲ့ သားတော် '**မင်းတိက္ခာ**'ဟာ… ရေတပ်ကို ဦးဆောင်အုပ်ချုပ် ကွပ်ကဲခဲ့သလို…

"သားတော် '**မင်းဖလောင်း**'ဟာ… ရခိုင်ရိုးမကြီးကိုပတ်ပြီး ခြေလျင်တပ်ကို တာဝန်ယူခဲ့ပါတယ်"

"တပင်ရွှေထီးမင်းကိုယ်တိုင်လည်း ရခိုင်တပ်တို့ရဲ့ ခြံရံပိတ်ဆို့ထားခြင်းကို ခံရတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် မင်းဗာကြီးဟာ ဖျက်ဆီးခြင်းမပြုဘဲ မခိုင်ပညာရှိ အမတ်ကြီး 'မဟာပညာကျော်'က… တပင်ရွှေထီးမင်းကို ကတိသစ္စာပြုစေပြီး ပြန်လွှတ်လိုက်ပါတယ်"

"နောက်ထပ်ရော လာတိုက်သေးလား အောင်ဦးသာ"


www.burmeseclassic.com

www.burmeseclassic.com

"မတိုက်တော့ဘူး... အမတ်တွေလွှတ်၊ ဆရာတော်တွေနဲ့ လျှောက်ထားပြီး လက်ဆောင်ပဏ္ဏာများ လဲလှယ်ကြတယ်။ စစ်ပြေငြိမ်း ခဲ့ကြတယ်။ ချစ်ကြည်ရေးရခဲ့ကြပါတယ်"

"အခု ကျွန်တော်ပြောပြတာတွေအားလုံးဟာ ကျွန်တော် တီထွင်ပြီး ပြောလို့ရတဲ့ အကြောင်းတွေ မဟုတ်ပါဘူး"

"ဆရာဦးစံသာအောင်ရဲ့ မြောက်ဦးမင်းဆက် ၁၃ ဆက်မြောက် ဖြစ်တဲ့ မင်းဗာကြီးအကြောင်းကို စာမျက်နှာ ၄၀ နဲ့ ၄၁ မှာပါတဲ့ 'ရခိုင်ဒင်္ဂါးများ' စာအုပ်ထဲက ထုတ်နုတ်ပြီး ပြောပြတာပါ။ မှန်နန်း ရာဇဝင်၊ ရခိုင်ရာဇဝင်နဲ့ ကျမ်းအစောင်စောင်မှာလည်း အသေအချာ မှတ်တမ်းတင်ထားတာ၊ ရာဇဝင်လိုက်စားသူတိုင်း မြင်တွေ့ကြမှာပါ။ သမိုင်းဆိုတာ ချေဖျက်လို့ မရနိုင်တဲ့အရာပါခင်ဗျာ"

"အောင်ဦးသာက အပြောကောင်းတာပဲ။ စစ်များဖြစ်တော့ မလားလို့ ရင်မောနေတာ"

သူ့ကို ချီးမွမ်းခံရသည်ထက် ရွှေရင်ပမ်းနေရချိန်တွင် သူ့စကား များကို စိတ်ဝင်စားစေခြင်းဖြင့် စွမ်းဆောင်နိုင်လေသည်ဟူသော အသိ က သူ့ရင်ကို ပီတိလွှမ်းစေနိုင်ခဲ့သည်။

ရွှေသည် ကြီးမားခိုင်ခံ့နေဆဲ အုတ်ချပ်များကို ကိုင်ကြည့်ပြီး နှစ်ပေါင်း ငါးရာကျော်က ရခိုင်သားတို့၏ အားမာန်ကို မှန်းမျှော် တွေးကြည့်နေပုံရသည်။

"ပြတိုက်ကို ရောက်ပြီးပြီလား"

"မရောက်ရသေးဘူး"





"တစ်နေ့လောက် မခိုင်နဲ့ ချိန်းပြီး သွားကြည့်ကြတာပေါ့။ မြောက်ဦးမြို့ရဲ့ ရခိုင်ပညာရှိ ဆရာကြီး ဦးသာထွန်းနဲ့ပါ တွေ့ဆုံပြီး ရှေးဟောင်းအနုပညာအကြောင်းတွေ ရှင်းပြဖို့ စီစဉ်ပေးပါဦးမယ်"

"ပြတိုက်ထဲမှာ ဘာတွေရှိလဲ"

"အဲန်တစ်(က)(Antique)ကို စိတ်ဝင်စားမယ်ဆိုရင်တော့ သိန်းသန်းမက တန်ဖိုးဖြတ်မရတဲ့ ရှေးဟောင်းအနုပညာလက်ရာမျိုးစုံ ကို တွေ့နိုင်ပါတယ်။

"အထူးသဖြင့်တော့ ကြေးသွန်းအတတ်ပညာနဲ့ ဘုရားရုပ်တု တော် အမျိုးမျိုး၊ နတ်ရုပ်၊ အုတ် အင်္ဂတေ စသည်တို့နဲ့ ဖော်ကျူးထားတဲ့ လက်ရာပေါင်းများစွာ၊ ဝေသာလီဒင်္ဂါးမျိုးစုံနဲ့ ရခိုင်တို့ရဲ့ ခေတ် အဆက်ဆက်က အနုပညာလက်ရာပေါင်းစုံ တူးဖော်ထားတာတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်"

"ဒါမှပေါ့ ရှေးလူတွေရဲ့ ကြိုးစားပမ်းစား ထားခဲ့တဲ့ ယဉ်ကျေးမှု အနုပညာကို ဒီနေ့ခေတ်လူတွေ ဆက်လက် ထိန်းသိမ်းပေးသင့်ပါ တယ်"

"ကျွန်တော်ကတော့ ကျွန်တော်တို့ဆီက အနုပညာအကြောင်း ပြောရရင် အရွှင်တတ်တယ်။ ထမင်းဆာနေရောပေါ့။ ပြန်ကြပါစို့ လား"

"ပြန်ကြမယ်လေ၊ ရာဇဝင် ဝါသနာမပါတဲ့ ဝတ်ရည်တောင် ရခိုင်တို့ရဲ့ အားမာန်နဲ့ အနုပညာကို သိပ်စိတ်ဝင်စားပြီး မေးလေး



www.burmeseclassic.com

www.burmeseclassic.com



စားစား ချီးကျူးချင်လာပါပြီ ရခိုင်တို့ရဲ့ အမိကဂုဏ်ဒြပ်ဟာ ကြီးမေ ခြင်းပဲ သိပ်တော်ကြတယ်နော်"

"ရခိုင်ကို စိတ်ဝင်စားတယ်ဆိုလို့ ကျွန်တော် ဝမ်းသာပါတယ်"

"ပြည်နယ်တွေရဲ့ တိုင်းရင်းသားများထဲမှာ ရခိုင်ဟာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ဆုံး၊ မြတ်နိုးကိုင်းရှိုင်းဆုံး လူမျိုးဖြစ်လို့ ပိုပြီး လေးစားစိတ်နဲ့ ခင်မင်အထင်ကြီးပါတယ် အောင်ဦးသာ"

သူအပါအဝင်မို့ အောင်ဦးသာ ရင်မြူးသွားရပါသည်။ ဘာမှ တော့ မပြောဖြစ်။

"သြော်...နေပါဦး။ ဝတ်ရည် အခုနေရတဲ့အိမ်နဲ့ စားစရိတ် အတွက်က အောင်ဦးသာကို ပေးရမှာလား"

"မလိုပါဘူး"

"အို... ဘယ်ဟုတ်မလဲ"

"ကျွန်တော့် ဒါန မဟုတ်ရပါဘူး ခင်ဗျာ၊ အသင်းအနေနဲ့ တာဝန်ယူထားတဲ့ ကိစ္စပါ။ နေထိုင်ရေးပါ တာဝန်ယူပါတယ်လို့ သတင်းစာမှာ ကြေညာတည်းက ပါတာပဲ"

"ဒါပေမယ့်... နေရတာလည်း တစ်အိမ်လုံး၊ စားရတာလည်း အကောင်းဆုံးဆိုတော့ သိပ်အားနာစရာ ဖြစ်နေပြီလေ"

"ဒီက ကျေနပ်တယ်။ နေရတာ သက်တောင့်သက်သာ ရှိတယ် ဆိုရင် ကျွန်တော် ဝမ်းသာလှပါပြီခင်ဗျာ။ ဆရာဝန်ဆိုတာ တကယ် ပင်ပန်းတာပဲနော်...၊ နေရတာရော ပျော်ပါ့ရဲ့လားဟင်"

အရှိန်ရနေဆဲမို့ တဆက်တည်း မေးပစ်လိုက်မိသည်။





"ပျော်တော့ မပျော်သေးပါဘူး။ ဝတ်ရည်ဘဝကလည်း ပျော်စရာ ပျောက်ဆုံးနေတယ်လေ၊ ဒါပေမယ့်... ဆေးကုရတာလည်း ပင်ပန်းတယ် မထင်ပါဘူး။ နေရတာလည်း အကောင်းဆုံးမို့ မပျော်ရမယ့် အေးငြိမ်းစိတ်ချမ်းသာပါတယ် အောင်ဦးသာ"

ဤအိမ်တစ်လုံးကို သူ့အမည်နှင့် အမွေပေးသွားခဲ့သည့် သူ၏ အဘိုးအဘွားများဖြစ်ကြသော အဘိုးရှင်နှင့် အဘောင်ရှင်တို့၏ ဂူများဆီ သွား၍ပင် ကန်တော့လိုက်ချင်ပါသည်။

"ရွှေ နေရတာ အေးငြိမ်းစိတ်ချမ်းသာတယ်"ဆို၍ပါ။

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ ခင်ဗျာ"

"မလိုတော့ဘူး အောင်ဦးသာ၊ ဝတ်ရည် နားလိုက်ဦးမယ်။ အောင်ဦးသာ ပြန်နိုင်ပြီ။ အားလုံးအတွက် ကျေးဇူးပဲ"

ပြတ်သား တည်ငြိမ်စွာပြောပြီး ဒေါက်တာ ရွှေဝတ်ရည် အိမ်ပေါ်တက်သွားသည်။

ကြည်နူးမှု ဝေဒနာလှိုင်းတို့သည် အောင်ဦးသာ၏ ရင်မှာ သည်းသည်းထန်၍ ကျန်နေရစ်ပါလေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ။ ၆ ။

"နေပစေ၊ ကျွန်တော် နောက်ဆုံးမှဝင်မယ်။ ဒေါက်တာနဲ့ ဆွေးနွေးချင်လို့ပါ"

ကန့်လန့်ကာအဖြူ၏ ဟိုမှာဘက်ဆီမှ အသံကြားရသော်လည်း ဒေါက်တာ ရွှေဝတ်ရည် ဂရုမထားနိုင်အား၊ တစ်ယောက်ပြီး တစ်ယောက် ကြည့်ရှုကုသပြီး နောက်ဆုံးမှ ဝင်လိုသော ဆန္ဒရှိသည်ဆိုသော လူနာ ဝင်ရောက်လာခဲ့ပါပြီ။

မနေ့က သ/မ တာဝန်ခံလူကြီး လိုက်ပို့သော ညွှန့်သည် ဆိုသည့် လူနာ။

သူ အဖျားကျသွားပြီ တစ်ရာဒီဂရီပင် မပြည့်တော့၊ အဖျားကျဆေး၊ စားဆေး၊ အားဆေးများကို ပေးအပြီးတွင် သူက...

"ဒေါက်တာရွှေဝတ်ရည်ဆိုတည်းက ဦးစက်ရွှေရဲ့ သမီးလေးလားလို့ ထင်မိသား"

"ရှင်... ဒက်ဒီကို သိတယ်လား"



"သိပ်သိတာပေါ့ကွယ်၊ ဦးလေးဟာ တစ်ချိန်က ရွှေဝတ်ရည် အန်တီရဲ့ ယောက်ျား လွန်းတင်ပါ"

"အို..."

ဒေါက်တာ ရွှေဝတ်ရည်တို့ မသိမီသောအချိန် ငယ်ရွယ်စဉ်ကာလက ရှုပ်ထွေးခဲ့ဖူးသော ဇာတ်လမ်းတွင်းမှ ဇာတ်ကောင်တစ်ဦးပါ။

သူ့ကို အန်တီဆွေ၏ တစ်ခါက ခင်ပွန်းသည်အဖြစ်နှင့် အိမ်တွင် ပြဿနာတက်ကြစဉ်က အသေအချာ မြင်ဖူးခဲ့ပါသည်။

ကြာတော့ ကြာခဲ့ပါပြီ။ ဒေါက်တာရွှေဝတ်ရည်ပင် ဆေးကျောင်း မရောက်သေး၊ ဆယ်နှစ်ကျော်လောက်များရှိပြီလားပင်။

"မမေသက်ထားရော နေကောင်းရဲ့လား"

"မာမီ ဆုံးပါပြီ"

"ဟာ... နှမြောစရာ၊ သိပ်ပြီး စိတ်ထားကောင်းတဲ့ မိန်းမပါ"

ဒေါက်တာရွှေဝတ်ရည်မှာ ဦးလွန်းတင်ကို ကြည့်မိသည်။ သူနှင့် တွေ့ရှိလိုက်ရခြင်းအတွက် စိတ်တွင် နောက်ကျသွားမိသည်။ သူကဖြင့်...

"ရွှေဝတ်ရည်ကို ပြန်တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"တဲ့။

ဒေါက်တာရွှေဝတ်ရည် ခေါင်းညိတ်ပြမိသည်။ အတိတ်ဆီမှ ဖြစ်ရပ်စဉ်များသည် ဦးလွန်းတင်နှင့်အတူ ပါရှိ သတိရလာစေမည်ကို မလိုလားမိ။ သူမှတစ်ဆင့် အတိတ်ဆိုး နွယ်ပင်တို့သည် မိမိအား ရစ်ပတ်လာလေဦးမည်လားဟု ဒေါက်တာရွှေဝတ်ရည် စိုးရိမ်နေမိဆဲ...။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးနဲ့ ပြန်တွေ့လိုက်ရတဲ့အတွက် ရွှေဝတ်ရည်စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်မသွားပါနဲ့လေ။ ဦးစက်ရွှေဟာ ဦးလေးရဲ့ ကျေးဇူးရှင်တစ်ယောက်ပါ"

ဒေါက်တာ ရွှေဝတ်ရည်၏ စိတ်မကြည်သာ သွားမှုကို ဦးလွန်းတင်က တောင်းပန်ရှာသည်။

"ဦးလေးက အခု ပန်းချီပညာနဲ့ အတော်လေး အောင်မြင်နေပါပြီ။ မြန်မာ့အနုပညာလက်ရာတွေကို ပုံတူကူးပြီး နိုင်ငံခြားသားတွေကို ရောင်းတာ သိပ်စွံလို့ အခု မြောက်ဦးမြို့ရဲ့ အနုပညာလက်ရာတွေကို ခန့်ငြားတဲ့ ဆီဆေးကားကြီးတွေ ဆွဲဖို့ ရောက်လာရင်း ဖျားတာနဲ့ ရွှေဝတ်ရည်နဲ့ တွေ့ဆုံခွင့်ရခဲ့တာပါ"

"ဟုတ်ကဲ့"

"ရွှေဝတ်ရည် မှတ်မိနိုင်အောင်သာ ပြောရတာပါ။ ဦးလေး အနေနဲ့တော့ ပြီးခဲ့တဲ့ ကိစ္စတွေကို ပြန်ယူလို့ မရနိုင်တဲ့ အချိန်ကာလလိုပဲ ကုန်ဆုံးပျက်စီးသွားခဲ့ပြီလို့ သဘောထားပြီး မေ့ပစ်လိုက်ပါပြီ။ ဦးလေးနဲ့ တွေ့လိုက်ရတဲ့အတွက် ရွှေဝတ်ရည်စိတ်မှာ အနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင်သာ ခွင့်လွှတ်ပါ"

"အို... ဒီလိုလည်း မဟုတ်ပါဘူးလေ"

"ခု လောလောဆယ်ပဲ ရွှေဝတ်ရည်ဟာ ဦးလေးရဲ့ ကျေးဇူးရှင်ပါ။ ဦးလေး ဒီမှာ အတော်လေး ကြာလိမ့်ဦးမယ် ထင်တယ်။ ရွှေဝတ်ရည်က ဦးလေးကို ခိုင်းလို့ ရတာမျိုးရှိရင်သာ ဆက်သွယ်ပါ"





"ကောင်းပါပြီ၊ ဝတ်ရည်ကတော့ ကျန်းမာရေးနဲ့ ပတ်သက်လို့ပဲ အကူအညီပေးနိုင်ပါတယ်၊ အချိန်မရွေး လာခဲ့ပါ"

"ကျေးဇူးပါပဲကွယ်"

"ဟုတ်ကဲ့"

"ဦးလေးကို သူစွန့်ခွာသွားပြီးတဲ့နောက် ခုချိန်ထိ တစ်ယောက်တည်းပါပဲ။ ပန်းချီအနုပညာဟာ ဦးလေးဘဝရဲ့ အဖော်ပါပဲလေ။ ကဲ သွားမယ်နော် ရွှေဝတ်ရည်"

"ဟုတ်ကဲ့"

ဦးလွန်းတင်ပါဟု သိလိုက်ရစဉ်က မောရှမ်းနေသော ရင်ဆီသို့ မနှစ်သက်ခြင်းဆိုသော စိတ်တို့ပါ ပေါင်းစပ်ခံစားလိုက်ရသည်။

သူ့ထံမှ တောင်းပန် ရှင်းပြမှု စကားသံများ ကြားရပြန်တော့လည်း မိမိမျက်နှာပျက်သွားမှုအတွက် စိတ်ပင်မကောင်းမိ။

အမှန်တော့ ဦးလွန်းတင်မှာ ဓနတောလယ်မှ ဂုဏ်မုဆိုးတို့၏ သားကောင်တစ်ဦး ဖြစ်ခဲ့ဖူးသူပါ၊ သနားစရာ။

ဒေါက်တာရွှေဝတ်ရည် သည်သို့စဉ်းစားနေဆဲ ဦးလွန်းတင်မှာ အောင်ဦးသာ၏ စားပွဲရှေ့တွင် ငွေရှင်းနေသည်။

"ဆရာ ပန်းချီကားတွေကို ကျွန်တော် တွေ့ဖူးပါတယ်ခင်ဗျာ"

"ဟုတ်လား"

ကိုယ့်အနုပညာကို အသိမှတ်ပြုသူ၏ ရှေ့တွင် အနုပညာရှင်တို့သည် ကြည်နူးတတ်ကြစမြဲမို့ ဦးလွန်းတင်က လူညိုချောလေးကို ပြုံးကြည့်နေမိသည်။

www.burmeseclassic.com



"ဟုတ်ကဲ့... အင်ဖိုင်းပြပွဲမှာ ဆရာ့ရဲ့ 'ပုဂံဆည်းဆာ'ပန်းချီကား သုံးထောင်နဲ့ ရောင်းစွံပြီး သတင်းစာတွေမှာ ဖော်ပြခံရတာ ကျွန်တော် မှတ်မိပါတယ်။ အင်းလျားလိပ်မှာ ချိပ်ထားတဲ့ 'အငြိမ့်စင်'ဆိုတဲ့ ကားလည်း မြင်ဖူးပါတယ် ဆရာ"

"မောင်ရင်က ပန်းချီဝါသနာပါတယ်လား"

"ကိုယ်တိုင်တော့ မတတ်ကျွမ်းပါဘူး၊ ပန်းချီပညာကို သိပ်ပြီး စိတ်ဝင်စားပါတယ်။ ဒါနဲ့ ဆရာ... ဒီမြို့မှာ ဘာကိုဆွဲမှာလဲ သျှစ်သောင်းဘုရားပဲလား"

"အဲဒါလည်းပါမယ်၊ ထုက္ကန့်သိမ်လည်း ဆွဲသွားပါ့မယ်။ ဒါပေ မယ့် ခု ပထမဆုံးကတော့ သက္ကျမာန်အောင် (စကြမာန်အောင်) ဘုရား ကို အရင်ဆွဲမလို့ပါ။ စိတ်ဝင်စားရင် လာကြည့်ပါလား။ နောက် သုံးလေးရက်လောက် ကြာရင်တော့ ဦးလေး လုပ်ငန်းစနိုင်ပြီ ထင်ပါရဲ့"

"ခုလို ဖိတ်ခေါ်ခံရတာပဲ ဝမ်းသာလှပါပြီခင်ဗျာ။ ကျွန်တော် ဆေးတိုက် အားချိန်တိုင်းမှာ လာကြည့်ပါ့မယ်။ ဦးလေးနဲ့လည်း ခင်မင် ခွင့် ရချင်ပါတယ်"

ဦးလွန်းတင်က ပြုံးပြီး နှုတ်ဆက်ထွက်သွားသည်။ အောင်ဦး သာက သူ့အစီပွာယ်နှင့်သူ ပြောလိုက်ခြင်းဖြစ်ပါ၏။

ဤဦးလွန်းတင်သည် သူ ကိုးကွယ်မတတ် မြတ်နိုးနေမိသော ဒေါက်တာရွှေဝတ်ရည်တို့၏ မွေးသားစု ဖွဲ့စည်းပုံ အခြေခံကအစ သိထားသူတစ်ယောက်ပါလားဟူသော အသိဖြင့် သူ ချဉ်းကပ်ခြင်း လည်း ဖြစ်ပါ၏။





"အောင်ဦးသာ ပြန်နှင့်လေ၊ ညကျမှ ပြန်ဆုံကြတာပေါ့"

"ဟုတ်ကဲ့... ကျွန်တော် ဆိုက်ကားခေါ်ရတော့မလား"

"နေပစေ... ဒီနေ့ ခြေလျင်ပဲ ပြန်တော့မယ်"

"ညောင်းနေပါ့မယ်"

"ညောင်းနေလို့ အညောင်းပြေပါ၊ ဘာအားကစားမှ မလုပ်ဖြစ် ဘူးလေ"

အောင်ဦးသာမှာ ဟိုနေ့ကလို ဒေါက်တာရွှေဝတ်ရည်နှင့် ယှဉ်တွဲလိုက်ပါ၍ အတူလျှောက်လိုပါသော်လည်း ပြန်နှင့်လေဆိုသော အဆိုအမိန့်ကို သူပြန်လည် မလျှောက်ထားရဲ...

"လက်ကောက်ဈေးရပ်က ဒေါ်ကြာဖလှတို့အိမ်လည်း ခဏ ဝင်ဦးမလို့"

"ဒီမြို့မှာ အသိတွေများလာပြီနော်"

"အနေကြာလေ ချစ်သူခင်သူတွေ ပေါလာလေပေါ့၊ ဝတ်ရည် လည်း ဒီမှာကြာလေ နေသားကျလေ ဖြစ်လာပြီလေ"

နှလုံးသား၏ ကြည်နူးမှုရောင်စဉ်လေးများက အပြုံးအဖြစ်နှင့် အောင်ဦးသာ၏မျက်နှာမှာ ဖြာကျလာသည်။

အောင်ဦးသာ၏ အသေးစိပ် ကူညီပေးမှုကြောင့် ဆေးတိုက်မှ အရင်ထွက်ခွာသွားခွင့်ရသူက ဒေါက်တာရွှေဝတ်ရည်...

ကျော့ရှင်းသော နောက်ကျောပြင်လေးကို ငေးကြည့်ရင်း လူသာ ရပ်ကျန်ရစ်သည်။ ချစ်မြတ်နိုးခြင်းများစွာဖြင့် ဖွဲ့စည်းထားသော



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားစိတ်အစဉ်ကမူ ရွှေဝတ်ရည်၏ အရိပ်ကလေးအဖြစ်နှင့် ယှဉ်တွဲပါရှိသွားလေပြီ။ လက်မှ ကွပ်(တ်စ်)နာရီကို ငုံ့ကြည့်မိသည်။

"နေ့လည် တစ်နာရီ စနေနေ့"

အောင်ဦးသာရင်ထဲမှာ နံပါတ်များကို ရေတွက်ကြည့်မိသည်။ တစ်ပြီးတော့...နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက် ကြားမှာ ငါးနာရီကြာအောင် ဝေးကွာရဦးမည်။ အချိန်တွေက ဝေးလံရှည်လျားလှချည့်လား။ နေကိုသာ ပင်လယ်တွင်းသို့ ဆွဲချပစ်လိုက်ချင်တော့သည်။

ညနေ ၆ နာရီတွင်မှ ပြန်လည်ဆုံကြရမည်။ နုမြခိုင်တို့၏ အိမ်တွင် ဖြစ်ပါ၏။ နုမြခိုင်က ရွှေဝတ်ရည်ကို ထမင်းစားဖိတ်ထားသည်။ သူကလည်း ပါရမည်။

အဖြစ် 'သဲလွန်း'နေမိသော သူ့စိတ်များကို 'ကဲတယ်'လို့ မထင်မိ၊ 'နည်းတယ်'လို့ပင် မြင်နေမိသော အောင်ဦးသာပါတည်း...

◆ ◆ ◆



အခန်း ॥ ၇ ॥

"သမီးက ဒီကိစ္စကို ဘာဖြစ်လို့များ အောင်ဦးသာ မသိစေချင်ရသေးတာလဲ၊ ဘာဖြစ်လို့ 'မကျက်ရုံးဖြူ'တို့ဆန္ဒကို ဆိုင်းငံ့ထားရတာလဲကွယ်"

နုမြခိုင်၏မိခင် ဒေါ်စိန်နုက ထမင်းဝိုင်း ပြင်ပြီးသွားသော သမီးကို မေးနေလေပြီ...

နုမြခိုင်၏ရင်မှာ အဖြေရှိသည်။

သို့သော်... မဖြေမိပါ...

"မကျက်ရုံးဖြူက မေမေဟာ သမီးကို ဖွင့်မပြောရသေးဘူးတောင် ထင်နေတာ... ကလေးတွေကို ပြောလိုက်ကြပါစို့။ လက်ထပ်ရက် ရွေးကြပါစို့လို့တောင် ပြောနေပြီ"

နုမြခိုင်၏မိခင်နှင့် အောင်ဦးသာ၏မိခင်တို့မှာလည်း အရင်းနှီးဆုံးသော မိတ်ဆွေများပါ။



www.burmeseclassic.com

www.burmeseclassic.com



နမြခိုင်တို့က မချမ်းသာပါ။ မိခင်ရော ဖခင်ပါ ကျောင်းဆရာများ ဖြစ်ကြသည်။ မျိုးရိုးကောင်းသော သိက္ခာရှိသော ဣန္ဒြေကြီးသော မိန်းမပီသသော နမြခိုင်ကို ဒေါ်ကျက်ရုံးဖြူတို့က နှစ်ခြိုက်ကြသည်။

ကြွယ်ဝချမ်းသာလွန်းသော သူတို့၏ တစ်ဦးတည်းသော သားလေးကို နမြခိုင်လို မိန်းမ၏ ရင်ခွင်ထဲ ထည့်ပေးခြင်းဖြင့် သူ့သားလေး၏ တစ်ဘဝလုံး ငြိမ်းအေးချမ်းသာမှုကို ရရှိစေမည်ဟု ယုံကြည်ကြသည်။

အောင်ဦးသာက မဆိုးသော်လည်း မကောင်း။ တယူသန်ဆန်လွန်းသည်။ ဖွဲ့မာန်ကြီးသည် ဤတဇွတ်ထိုး စိတ်ကြောင့်ပင် တက္ကသိုလ်မြေသို့ ခြေလှမ်းစ ဒုတိယနှစ်မှာပင် သူ ကျောင်းထုတ်ခံရခြင်းဖြစ်ပါ၏။

သူ့အယူအဆမှ မှန်သည်ဟူသော အစွဲလန်းကြီးတတ်လွန်းသော စိတ်မှလွဲ၍ အောင်ဦးသာသည် ပကတိ အပြစ်မဲ့သော သီးငယ်လေးတစ်ကောင်လို ချစ်စရာကောင်းလှသည်။ သူ့စိတ်ထားက သီးငယ်၏ ပြင်ပမှ ဖုံးအုပ်နေသော သိုးမွေးများလိုပင် ဆွတ်ဆွတ်ဖြူဖွေးနေသည်ဟု နမြခိုင် မြင်မိသည်။

နမြခိုင် အောင်ဦးသာကို ချစ်ပါသည်။

နှစ်နှစ်ကာကာ... မြတ်မြတ်နိုးနိုး ချစ်ပါသည်။

သူ့အချစ်တွင် အစ်မကြီးမှသည် မောင်ငယ်တစ်ဦးပေါ်သို့ ခွင့်လွှတ်နိုင်စွမ်းသော အကြင်နာမေတ္တာမျိုးလည်း ပေါင်းရောပါဝင်နေပါ၏။





ကုံကော်ရိပ်... အင်းလျားနယ်မြေတွင် လေးနှစ်ပတ်လုံး လှည့်လည်ခဲ့ရစဉ်က၊ မေတ္တာတောင်းခံသူများစွာသို့ မိမိ၏ရင်မှ မေတ္တာငုံလေးတစ်ဖူးတလေမှ မျှဝေမပေးခဲ့ပါဘဲ...

ငုံရာမှ ပွင့်လာသည်အထိ လန်းလန်းလတ်လတ် ရှိနေစေခဲ့သည့် သူ့ရင်မှ အချစ်ပွင့်သည် သူ့ဘဝကို အပ်နှံရတော့မည့် သူ၏ တစ်ဦးတည်းသော အောင်ဦးသာအတွက်ပါ...

ယခုမူ...

သူ့ရင်တွင် ဆွတ်ခူးရန် အသင့်ဖွင့်နေပြီဖြစ်သော မေတ္တာပန်းဦးပွင့်ကို မမေတို့ မမြင်သာစေရန်သာ ကာဆီးထားရုံ့မဟုတ်တော့...

အောင်ဦးသာ ကိုယ်တိုင်ပင် မမြင်စေချင်၊ မတွေ့စေချင်တော့ပါ။

မတောင်းခံပါဘဲနှင့် ပေးအပ်ရသော အရာတို့သည် တန်ဖိုးမဲ့လှသည်။ ရတနာ မ,မည်ပါ။

တောင့်တခြင်းများစွာဖြင့် မျှော်လင့်သူလက်သို့ အပ်ရသော အရာသည်သာ၊ ခံယူသူအတွက်ရော စွန့်လှူသူအတွက်ပါ အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာပမာ ဖြစ်ပါလေမည်။

"သူ မရောက်သေးဘူးလား"

သူ့အတွက် အတွေးကမ္ဘာသစ်ကလေးသို့ ရောက်နေမိသော နမြခိုင်ကို ပစ္စုပ္ပန်ဆီသို့ ပြန်လည် ဆွဲခေါ်ခဲ့သူက အောင်ဦးသာ ကိုယ်တိုင်...



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်နှာရှိတောင်ထိုးပြီ။ သူ ထမင်းဆာနေရောပေါ့။ သူကို သွားခေါ်ကြမလားဟင်... မခိုင်"

ဂုဏ်မျက်နှာဟု အမည်ပေးထားသော ရွှေဝါရောင် ရခိုင်လုံချည်နှင့် လေယာဉ်မောင်းရှန် လက်ရှေအင်္ကျီအဖြူနှင့် အောင်ဦးသာမှာ ခန့်ညားမှုဖြင့် ချောမွေ့နေသည်။ မျက်နှာက နုနုလေး၊ လူက ညိုညို ထွားထွား အရပ်ရှည်ရှည်နှင့် အောင်ဦးသာကို နုမြခိုင်မှာ...

ပထမ ချစ်မြတ်နိုးစိတ်နှင့် ကြည့်မိသည်။

ဒုတိယက နှမြောတသစိတ်နှင့် ကြေကွဲစွာ ကြည့်မိသည်။

နောက်ဆုံးမှာဖြင့်...

ခွင့်လွှတ် ကြည်ဖြူနိုင်သော အကြင်နာကြည့်လေးများဖြင့်သာ ကြည့်လိုက်မိပါတော့သည်။

ဝေသီသော မျက်ဝန်းများနှင့် ကြည့်မိစေကာမူ နုမြခိုင် ပြုံးနိုင်ပါပြီ။

"အောင်ဦးသာ"

"ဗျာ... မခိုင်"

"ရွှေဝတ်ရည်ကို နင်သိပ်ချစ်နေသလားဟင်"

"ဟုတ်တယ်... သိပ်ချစ်တယ်၊ အို... သိပ်ချစ်တယ်ဆိုတာထက် ပိုသေးတယ်။ ဒီထက် ပြည့်စုံတဲ့ စကားလုံး မရှိလို့သာ မပြောရတာ၊ ရင်ထဲမှာတော့ အပြည့်ပဲ...အဟဲ"

အောင်ဦးသာက ရယ်မောရင်း ပြောသည်။ သူ့စကားသည် သူ့ရင်ထဲတွင် ရှိသည်များကို အကုန်အစင် စုံလင်အောင် မဖော်ပြတတ်နိုင်ပါကြောင်း နုမြခိုင် သိခွင့်ရခဲ့ပါပြီ။

"အောင်ဦးသာ"

"ဟင်"

"ဒါဖြင့်လည်း ဝတ်ရည်ကို ပြောလိုက်တော့လေ"

"ကျွန်တော် မပြောရဲဘူး"

"အို..."

"တကယ်၊ သူစိတ်ဆိုးသွားမှာ သိပ်ကြောက်တာပဲ မခိုင်ရယ်"

"မတုန့်ပြန်နိုင်ရင်သာ ရှိရမယ်၊ စိတ်တော့ဆိုးမှာ မဟုတ်ဘူး။ ဝတ်ရည်ဟာ စိတ်ထားပြည့်ဝတဲ့ မိန်းမတစ်ယောက်ပါ အောင်ဦးသာ"

"ကျွန်တော် သူ့ကို သိပ်လေးစားတယ်။ မပြောရဲဘူးဗျာ"

"ယောက်ျားလေးပဲကွာ"

"ကျွန်တော် ဒါမျိုးအတွေ့အကြုံမရှိတာလည်း မခိုင် အသိ၊ ရာဇူး မှာတုန်းက ကောင်မလေးတစ်ယောက်ကို စာလိုက်ပေးတာ ရှုပြီးလွှင့်ပစ်လို့ ကျွန်တော် စိတ်ဆိုးပြီး လိုက်ချဲပစ်တာ မခိုင်အသိလေ"

"အင်း... မှတ်မိပါတယ်"

"အဲဒါလောက်ပဲ၊ တစ်ခြားအတွေ့အကြုံလည်း မရှိဘူး။ ချစ်ရမှာတောင် စိတ်ကုန်သွားသလိုပဲမို့ ဒီလိုပဲနေလိုက်ရင်း ရွှေ့ကို တွေ့ရတာ"

"ရွှေ့ကို..."

"ဟုတ်တယ်လေ၊ ပြောပြီးပြီကော၊ စတင်ရတဲ့ ရတနာနဲ့ ပထမဆုံး ကျွန်တော့်ရင်ထဲမှာ သူ့ကို ခေါ်နေတာ။ အဲဒီ ရွှေ့ကိုလေ... ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မေတ္တာဦးနဲ့ ရူးရူးမူးမူး ချစ်မိတယ် မခိုင်ရယ်”

“မေတ္တာဦး”နဲ့တဲ့။

“ဪ... မခိုင်ရဲ့ ရင်ထဲမှာလည်း အောင်ဦးသာကို မေတ္တာဦးနဲ့ ပါပဲကွယ်”

စကားပြောနေသော နှုမြခိုင်၏ နှလုံးသားလေးကို အောင်ဦးသာ မမြင်ပါလေ။

“ဒါပေမယ့် မခိုင်ရယ်”

သူပဲ ပြောပါစေလေဆိုသော ခွင့်လွှတ်စိတ်နှင့် ကြည့်နေမိသည်။

“ကျွန်တော် သိပ်ချစ်တယ်၊ ကျွန်တော် သိပ်မြတ်နိုးတယ်။ ဒါတွေကို သူသိစေချင်တယ်၊ ခံယူရရှိစေချင်တယ်။ ဒါဆို ကျွန်တော် ကျေနပ်ပါပြီဗျာ”

“ဪ... အောင်ဦးသာရယ်”

“သူ့မေတ္တာကို ကျွန်တော် မမျှော်လင့်ရဲဘူး၊ မမျှော်လင့်ရက်ဘူး။ ကျွန်တော်နဲ့ မထိုက်တန်ဘူးလို့ပဲ ထင်နေမိပါတယ် မခိုင်”

“ဒီလိုလည်း မဟုတ်သေးဘူးလေ၊ ဝတ်ရည်ဟာ သိပ်ပြီး ချစ်တတ်တဲ့ မိန်းမ၊ မေတ္တာကို တန်ဖိုးထားလွန်းတဲ့ မိန်းမပါ အောင်ဦးသာ။ ဒါပေမယ့် ခုချိန်ဟာ သူ့ရင်ထဲမှာ ကွက်လပ်ဖြစ်နေတယ်။ အချစ်ဆိုတဲ့အရာ ပျောက်ဆုံးနေတဲ့အချိန်၊ နှလုံးသားပေါ်မှာ မေတ္တာဆိုတဲ့ ရတနာ ကွယ်မြုပ်နေတဲ့အခါပါ အောင်ဦးသာရယ်။ အသည်းနှလုံးရှိသူတိုင်း အထူးသဖြင့် ချစ်တတ်ကြသူတိုင်းဟာ ချစ်ခြင်းမေတ္တာ





ဆိုတာကို ရင်ထဲမှာ မြတ်မြတ်နိုးနိုး သိမ်းဆည်းထားချင်ကြပါတယ်။ အားဆက်ကြည့်ပါလေ။ ခံယူ၊ မယူဆိုတာက သူ့အပိုင်းပဲ”

“မခိုင်”

“ဟာင်”

“မခိုင် ပြောပေးပါလားဗျာ”

“ဪ... အောင်ဦးသာရယ်... မင်းအတွက်ဆိုရင် မခိုင် ဘာမဆို လုပ်ပေးနိုင်ပါတယ်လေ။ ဒါပေမယ့် ဒီကိစ္စကိုတော့ ကိုယ်တိုင်ပဲ ပြောသင့်တယ်လို့ မခိုင်ထင်ပါတယ် အောင်ဦးသာ”

နှုမြခိုင်၏ ငိုသံလေး ဝဲသွားသော စကားများကို အောင်ဦးသာ သတိမထားနိုင်အားပါ။

“ဒါဖြင့်လည်း အရဲစွန့်ရမှာပဲ၊ မခိုင် တစ်ခုတော့ ကူညီပါ”

“ဘာကူညီရမှာလဲ”

“ကျွန်တော်...ဖွင့်ပြောလိုက်မယ်။ သူ ကျွန်တော့်ကို စိတ်မဆိုးနဲ့ ကျွန်တော့်အဖြစ်ကို စာနာ နားလည်ဖို့တော့ မခိုင်ပြောပေးပါနော်...”

‘အချစ်ရှုံးမလေးသည်’ ရီဝေမှုန်မှိုင်းသော အားငယ်ကြည့်များဖြင့် ‘အချစ်ဦး’သို့ ငေးကြည့်ရင်း ဖြေးလေးညင်သာစွာ ခေါင်းညိတ်ပြချိန်မှာ...

နှုမြခိုင်တို့၏ ခြံတွင်းသို့ ဒေါက်တာရွှေဝတ်ရည်မှာ ထုံးစံအတိုင်း ရွှေဝါရောင်အပွင့်များ ပါရှိသော အထက်အောက် ဆင်တူ တော်ပုံလေးနှင့် ဝင်ရောက်လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နုမြခိုင်မှာ ရင်တွင်းမှ ပေါက်ကွဲမှု ဝေဒနာများကို ချက်ချင်း
သိမ်းဆည်းဝိတ်ဆို့ပြီး ချစ်သူငယ်ချင်းကို အားရဝမ်းသာ ကြို
ပါသည်။

အောင်ဦးသာမှာ ဟန်လုပ်၍ပင် မနှုတ်ဆက်နိုင်။

ရွှေဝတ်ရည်၏ အလုတွင် သူ နစ်မြုပ်နေသည်။ များပြားလှ
သော ရင်တွင်းမှ မေတ္တာများက သူ့နှုတ်ခမ်းသို့တိုင် ပြည့်လျှံပိတ်
နေ၍များ သူ့စကားမပြောဖြစ်နိုင်လေသည်လား။

“အစားဆိုတော့ တယ်ကြိုးစားပါလား။ ဘယ်အချိန်တည်း
ရောက်နေလဲ အောင်ဦးသာ”

ရွှေဝတ်ရည်၏ တရင်းတနှီး နှုတ်ဆက်ခြင်းကိုပင်…

“အခု… အခုလေးတင်ပါပဲ ရွှေ…အဲ…”

“သူကလေ… ဝတ်ရည်ကို ‘ရွှေ’တဲ့ကွယ်။ ကြားရတာ
ခပ်အောက်အောက်ပဲ၊ ဒါပေမယ့် သူကြိုက်သလိုပဲ လွတ်လွတ်လပ်လ
ခေါ်ပါစေတော့၊ သူက အငယ်ပဲ”

ကျေနပ်ခွင့်လွတ်သော အစ်မကြီးတစ်ယောက်၏ လေသံ
ပြောပြီး နုမြခိုင်၏လက်ကို တွဲလျက် အိမ်ထဲသို့ ဝင်လာခဲ့ကြသည်

“အငယ်ပဲတဲ့”

လူသာငယ်တယ်၊ ကျွန်တော့်ရင်ထဲက မေတ္တာကျတော့
မိုးပေါ်ကကောင်းကင်ကြီးလို အဆုံးမရှိတဲ့ ကျယ်ပြန့်ခြင်းနဲ့ ချစ်နေတာ
ဗျ သိရဲ့လား။

အောင်ဦးသာက သူ့ရင်တွင်းမှ ရန်တွေ့နေမိသော စကားလုံး





ကိုသူ့ဘာသာ သဘောကျပြီး၊ တစ်ယောက်တည်း ပြုံးရင်း သူတို့
နောက်မှ လိုက်လာခဲ့သည်။

ဟင်းပွဲက စုံလှသည်။

‘ငါးသတိုက်ဟု ခေါ်ကြသည့် ရန်ကုန်က ‘ကကတစ်’ကို
ကြိုက် စပ်စပ် ချက်ထားပါ၏။ ‘မြိုင်ရှေ(ချေ)ခေါ်သည့် ပုစွန်
သေး လတ်လတ်ကလေးကို သံပရာရည် ကြက်သွန်တို့နှင့် အသုပ်
ထားသည်။ ‘ဝါးတုတ်ချိုင်(ချဉ်)ခေါ်သည့် မျှစ်ချဉ်နှင့် ငါးအရည်
တစ်ပွဲ၊ ‘ကရဟွန်း’(ဟင်း)ခေါ်သည့် မြောက်ဦးတွင် နစ်ခြိုက်စွာ
လှရှိကြသော ‘ကြက်ယက်ရွက်’ အချိုကြော်နှင့် တစ်ခြားသော
ကြက်သားဆီပြန်၊ ဝက်သားဟင်းလျာများ အစုံအလင်။

ဒေါ်စိန်နုက အောင်ဦးသာကို ဝင်စားခိုင်း၍…

“နေပစေ… ကျွန်တော် နောက်မှစားမယ်၊ အရီး(အဒေါ်) အခွင်
လေး)လည်း မစားဘဲနဲ့၊ ကျွန်တော် ဝင်မစားချင်ဘူး”

“မဟုတ်တာ၊ မင်းကြိုက်တဲ့ ကမာ’အရှို (အချို)နဲ့ ကသဝါစ်’
ပ်တွေ ချက်ထားတယ်၊ ဝင်စားလေ”

“ရွှေတို့ပဲ စားနှင့်ပါ”

ရွှေဟူ၍ ဝင့်ရဲစွာ ခေါ်ပြီး၊ သူ့အမိန့်ကို နာခံသလို စောင့်ကြည့်
သဲ…

“ခိုင်တို့ မေမေ ဖေဖေတွေရော”

“မေမေနဲ့ ပါပါတို့အားလုံး စားပြီးကြပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ဝတ်ရည်တို့ သုံးယောက်ပဲ စားကြတာပေါ့ လာ... အောင်ဦးသာ"

ရွှေသည် အောင်ဦးသာအတွက် ထာဝရ တန်ခိုးတော်ရှင်မ ရွှေစီမံသမျှ မငြင်းသာ... မငြင်းလိုပါ ဆိုခြင်းထက် လိုက်လျော ပေးဆက်ချင်သည် ဆိုသည်က အဓိကပါ။

ရွှေဝတ်ရည် စားမြိန်ရှာသော်လည်း အောင်ဦးသာ မစားနိုင် အပြန်လမ်းတွင် ပြောရမည့် စကားလုံးများကို ရင်ထဲတွင် စီချယ် မိသည်။

ထို့ထက် မစားနိုင်သူက နုမြခိုင်...

ကြည်ဖြူ ကျေနပ်ခြင်းနှင့် စွန့်လွှတ် ဆုံးရှုံးခံရခြင်း စသော ဆန့်ကျင်ဘက် ခံစားမှု နှစ်ခုကို ပြိုင်တူ ခံစားနေရ၍...

နုမြခိုင်၏ ရင်တွင် ပြည့်ပိတ်နေသည်။

"ဘယ်လို တို့ကာ၊ ပင့်ကာ ဖြစ်နေကြတာလဲ၊ အားမနာနဲ့နော် ကိုယ့်အိမ်လို သဘောထားပြီး စားကြပေါ့၊ ပြောနေရမယ့် လူတွေ မဟုတ်တာ"

ဒေါက်တာရွှေဝတ်ရည်က လှောင်သည်။ ပြီးတော့ သူ့ထမင်း ပန်းကန်ထဲသို့ သူ့ဟာသူ ထမင်းများ ထည့်ဖြည့်ပြီး အားပါးတ စားတော့သည်။

နုမြခိုင်နှင့် အောင်ဦးသာမှာ သူ့အပြော၊ သူ့စားပုံလေးများ ပီတိမျက်ဝန်းများနှင့် ရွှေဝတ်ရည်သို့ သူတို့ ပြိုင်တူကြည့်ရင်း ပြိုင် ပြုံးလိုက်မိကြသည်။





"လာဟေ့...မမြဦး"

နုမြခိုင်၏ မေမေ ဆရာမ ဒေါ်စိန်နုက ချိုင့်ဆွဲ၍ ဝင်လာသော တ်လတ်တန်း အမျိုးသမီးတစ်ယောက်ကို ဖိတ်ခေါ်လိုက်သည်။

"ဒေါက်တာ့အတွက် အရှိပွဲပါ"

သူ့ချိုင့်ထဲတွင် အုန်းနို့၊ သကြား၊ နို့ဆီတို့နှင့် ကြိုရသော 'ဆန့်နှံ' င် ထောပတ်၊ အုန်းသီး၊ ဆန်မှုန့်တို့နှင့် လုပ်ထားသော 'စာလှိုင်မုန့်'နှင့် န့်ချို'များ။

"သူက ဟိုဘက်ခြံကလေ... သူ့ကလေးကို သမီး ကုပေးလို့ က်ချင်း အတက်ကျပြီး နေကောင်းသွားတည်းက ကျေးဇူးတင်ရှာ န်းလို့၊ အခုလို ကြုံတုန်း အချိုပွဲနဲ့ ညှော်ခံချင်လို့တဲ့ကွယ်"

"ကျေးဇူးပဲနော်... ဝတ်ရည်တော့ ဒီရောက်မှ တစ်နေ့တစ်ခြားကို လာပြီ"

မမြဦးက ပြုံးနေရှာသည်။

"မမြဦးက စကားသိပ်နည်းတာ၊ ပြီးတော့ ရှိုင်လိုလည်း သိပ်ပဲ တာ့ စကားမပြောချင်ဘူးတဲ့။ သူ့ခင်ပွန်းက မောင်အာရှင်လေ၊ အန်တီ ကို့ တူတော်တယ်။ ဟိုမှာ လာပြီ"

နောက်မှ ကလေးချီလျက် တက်လာသော မမြဦး၏ခင်ပွန်း ကိုစံဖော်အောင်'ဆိုသည့်သူ၊ သူ့နောက်တွင် လူငယ်လေးတစ်ယောက် ခဲ့မရဲနှင့်...

"အောင်ဦးသာရေ... မင်းသူငယ်ချင်းက မင်းဒီမှာ ဆိုတာနဲ့ လိုက်လာတာ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည်တို့ ထမင်းစားပြီးတော့ အချိုပိုင်းမှာ အားလုံး ဆုံကြသည်။ မမြဦး ခင်ပွန်း ကိုစံဖော်အောင်က...

"ကျွန်တော်တို့ ရခိုင်အသံထွက်က ယပင့်ကို ဒီအတိုင်းပဲ၊ ရရစ်ကိုတော့ ပီပီသသ ခေါ်တတ်ကြတယ်။ ဥပမာ ခြောက်ကို ခရောက်၊ ကြောက်ကို ကရောက်..."

"ဟုတ်ကဲ့... တကယ်တော့ ရခိုင်စကားဆိုတာ မြန်မာစကား စစ်စစ်ပါ။ ဗျည်းသရကို အသံထွက်ပီပီ ခေါ်ကြတာပါ။ အကွဲအလွဲက နည်းနည်းပါပဲ"

"ဟုတ်ကဲ့... ဟောဒီက အောင်ဦးသာရဲ့ သူငယ်ချင်းနာမည် ဆိုရင် စာနဲ့ရေးတော့ 'ကျော်မြ'လို့ ဖတ်ရမယ်။ ရခိုင်လို ခေါ်ရရင် 'ကျော်မရ'ကျော်က ဒီတိုင်း မြကျတော့ ရရစ်သံ ဖြစ်သွားပါတယ်"

"သြော်...ဟုတ်ကဲ့"

"ဒါကြောင့် မိတ်ဆက် ပေးရဦးမယ်။ ဟောကောင်၊ ဒါ ဒေါက်တာရွှေဝတ်ရည်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

အရှက်ကြီးပုံရသော မောင်ကျော်မြအတွက် ကိုစံဖော်အောင်၏ နောက်ထပ် မိတ်ဆက်ပေးသော စကားများက...

"သူက ကျော်မရလေ ဒါကြောင့် ကျွန်တော်က အမြဲပြောရတယ်၊ ကျော်မရရင်လည်း ငုံ့ဝင်ခဲ့လို့..."

အားလုံး ရယ်ကြတော့ မောင်ကျော်မြခမျာ မျက်နှာတပြင်လုံး နီးမြန်းသွားတော့သည်။ ရွှေဝတ်ရည်လည်း ကြွေမဆည်နိုင်...





နုမြခိုင်တို့ မေမေက ဖေးဖေးမမ ဝင်၍ ပြောလေမှ၊ မောင်ကျော်မြမှာ အရှက်ပြေထိုင်ပြီး နှုတ်ဆက်လျက် ပြန်သွားတော့သည်။

အောင်ဦးသာမှာ သူငယ်ချင်းကို မဲ့မတင်းနိုင်အား၊ ရင်ဆိုင်ရတော့မည့် မေတ္တာနိဒါန်းအတွက်သာ စိတ်မှာ ချောက်ချားနေမိသည်။ နုမြခိုင်တို့၏ အိမ်တွင်းရှိ တိုင်ကပ် ရှေးဟောင်းနာရီကြီးဆီမှ၊ တစ်ချက်ချက် မြည်နေသော စက္ကန့်သံများသည် သူ့နှလုံးခုန်နှုန်းကို လိုက်မမီပါ"

အစားပိုင်းသိမ်း၊ စကားပိုင်း သိမ်းပြီးချိန်တွင် အပြင်၌ အလင်းရောင် မရှိတော့။

"အောင်ဦးသာပဲ လိုက်ပို့လိုက်လေ"

"ခိုင် မလိုက်တော့ဘူးလား"

"ဒီမှာ သိမ်းလိုက်ဦးမယ်။ ဝတ်ရည် ပြန်ရဲတယ် မဟုတ်လား"

ရွှေဝတ်ရည် ပြုံးရွှင်စွာခေါင်းညိတ်သည်။ သူ့အတွက် အောင်ဦးသာနှင့်အတူ ပြန်ရမည်မှာ မှုစရာ ပြဿနာတစ်ခုဟု မထင်မိ၊ နုမြခိုင်၏ မိခင် ဒေါ်စိန်နုက အင်မတန်မှ အရေးကြီးသော ပြဿနာတစ်ရပ်ကို အချိန်မီ လိုက်လံတားဆီးနေရသလို...

"အို... မဟုတ်တာ။ ဒီမှာ သိမ်းမယ့်လူတွေရှိသားနဲ့။ သမီး လိုက်သွားရမှာပေါ့"

သုံးယောက်သား ထွက်လာဖြစ်သည်။

နုမြခိုင်တို့၏အိမ်မှာ ရေပေါက်ဝရပ်ကွက်တွင် ရှိသည်။ အဝေး လျှောက်လာကြပြီး ရုံးကြီးလမ်းကို ချိုးလိုက်ကြသည်။

ညဈေးလမ်းပေါ်တွင် အအေးဆိုင်၊ ခေါက်ဆွဲဆိုင်များဆီမှ



www.burmeseclassic.com

www.burmeseclassic.com



မီးချောင်းရောင်တို့သည် မျက်နှာချင်းဆိုင်ဘက်သို့ ကူးဆက်လင်းလက်နေပါ၏။

မြို့တော်ဟောင်းမို့ ကျယ်ဝန်းခမ်းနားလှခြင်း မရှိပါသော်လည်း စည်စည်ကားကားနှင့် စားသောက်ဆိုင်များလည်း စုလင်လှပါသည်။ ကံလှရပ်ကွက်ရှိ 'စန္ဒာ ရုပ်ရှင်ရုံ'၌ ရန်ကုန်တွင် မပြရသေးသော မြန်မာဇာတ်ကား ပြနေသည်။

"အအေးသောက်ဦးမလား ဟင်"

"အမလေး...တော်ပါပြီ။ ဝတ်ရည် ဒီနေ့ ထမင်းသိပ်စားကောင်းလာတာ ခိုင်ရဲ့"

မြို့လယ်ကိုလွန်လာကြသည်။ တစ်လျှောက်လုံး အောင်ဦးသာ ဘာစကားမှမပြော။ သူချစ်ခင်လေးစားသော မိန်းမနှစ်ယောက်၏ နောက်မှ လိုက်လာသည်။ လက်ကောက်ဈေးရပ်အနီးရှိ ကျိုးနေသော တံတားလေးပေါ်မှ ထိန်းပြီး လျှောက်လာကြရသည်။ စီးနေသော ချောင်းငယ်ရေပေါ်တွင် လရောင်က ဖြာကျနေ၏။ သည်မှာဘက်တွင် နီယွန်လျှပ်စစ်ရောင် မရှိတော့သဖြင့် ရွှန်းမြသော လရောင်ကို မြင်ခွင့်ရကြပါပြီ။

မကြာမီမှာပင် အောင်ဦးသာပိုင်ဆိုင်သော ညောင်ပင်ဈေးရပ်မှ ဒေါက်တာရွှေဝတ်ရည်၏နေအိမ်သို့ ရောက်ခဲ့ကြပါ၏။

"အောင်ဦးသာ"

"ဘာလဲ မခိုင်"

"ခြံထဲမှာပဲ စကားပြောကြလေ။ ငါပြန်မယ်"





"ဟာ... မခိုင်ပြန်ရင် သူက ကျွန်တော်နဲ့ စကားပြောမှာမဟုတ်ဘူး။ နေပါဦး မခိုင်ရယ်၊ ကျွန်တော့်ရင်တွေ သိပ်လှုပ်ရှားနေတယ်"

သူတို့နှစ်ယောက် နောက်ဘက်မှာချန်ရင်း တီးတိုးပြောကြားလိုက်သော စကားသံများကို ရွှေဝတ်ရည် မကြားသာ။

စိတ်လှုပ်ရှားခြင်းများစွာဖြင့် ဖြစ်နေရှာသော အောင်ဦးသာ၏ မျက်နှာကို လရောင်အောက်မှာ နုမြခိုင် ငေးကြည့်နေမိသည်။

ဤအမျိုးသားငယ်သည် တစ်နေ့နေ့တွင် မလွဲမသွေ မိမိပိုင်ဆိုင်ရတော့မည်၊ မိမိဘဝကိုလည်း သူ့ရင်ခွင်မှာ သက်ဆုံးတိုင် မြှုပ်နှံရတော့မည်ဟူသော ပိုင်နိုင်ခြင်းအသိများ ရှိထားခဲ့ပါသဖြင့်...

နုမြခိုင်သည် ငယ်စဉ်ကပင် ကျွမ်းဝင်ပြီးသား အောင်ဦးသာ ပေါ်တွင် မြတ်မြတ်နိုးနိုးဖြင့် နှစ်နှစ်ကာကာ ချစ်မိပါသည်။

တက္ကသိုလ်မြေ ကံ့ကော်တောကို မစွန့်ခွာရမီ နောက်ဆုံး ရက်ပိုင်းများက ယဉ်လိုက်ရသည့်စိတ်ကူး။ ရခိုင်တို့၏ ထုံးတမ်းစဉ်လာနှင့်အညီ 'သမားတက်ပွဲ'ဟု ခေါ်သည့် သမက်တက် မင်္ဂလာပွဲကို ဘယ်လိုဆင်နွှဲလိုက်မည်။ ကိုယ့်ထက်ငယ်သော ခင်ပွန်းသည် အချစ်ဦးလေးကို ဘယ်လို ပြုစုယုယလိုက်မည်ဟူသော စိတ်ကူးယဉ်ချက်တို့သည်...

နွေနေကြောင့် နှင်းပွင့်လေးများ လွင့်ပြယ်ခမ်းခြောက်ကုန်ရသည့်နှယ် ရင်ဝယ် အပူသည်သာ ကိန်းဝပ်ကျန်ရစ်ရပါပြီ။

'အောင်ဦးသာ၊ သူ့နောက်လိုက်သွားလေ။ မခိုင်ပြန်နှင့်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဗျာ၊ ဒီအချိန်ကြီး သူ့အိမ်မှာ ကျွန်တော် ကျန်ရစ်ရင် သူ သိက္ခာကျမှာ စိုးမိတယ်"

"ဒါဖြင့်လည်း ခြံထဲမှာ စကားပြောမလား"

"အင်း... ကောင်းတယ်။ အဲဒါ ကောင်းမယ်နော်"

နုမြခိုင်တို့ လိုက်၍ တက်လာမည့် အထင်နှင့် ခြေတံရှည်အိမ်၏ လှေကားထစ်များကို လှမ်းတက်နေပြီ ဖြစ်သော ရွှေဝတ်ရည်သို့...

"အပေါ်မတက်ပါနဲ့ဦးလား ဝတ်ရည်၊ ခြံထဲမှာ စကားပြောကြရအောင်ပါလေ"

"အာ...ကောင်းတယ်၊ လ,သိပ်သာနေတယ်။ ခြံထဲမှာ စကားပြောလို့ တကယ်ကောင်းမယ်။ နေကြဦးနော်၊ ခဏလေး၊ ပြန်ဆင်းလာခဲ့မယ်"

ရွှေဝတ်ရည် ရှင်နေသလောက် သည်နှစ်ယောက်မှာဖြင့် သီးခြားစီ ဖြစ်သော ခံစားမှုများနှင့် ရင်ပွင့်ကွဲမတတ်ပါ။

ခဏလေးအတွင်းမှာပင် ရွှေဝတ်ရည် ပြန်ဆင်းလာသည်။ လုံချည်လဲမလာ လွှတ်လပ်ပေါ့ပါးသော ဗဂျားမားညဝတ်အင်္ကျီ လက်ရှည်ပွပွ အဝါနုနုလေးနှင့်ပါ။

"ရော့...အောင်ဦးသာထိုင်ဖို့။ လာ... ခိုင်"

ခေါက်ကုလားထိုင်လေးကို ဖြန့်ပေးလိုက်ပြီး နှစ်ယောက်ထိုင် တန်းလျားတွင် သူ ဝင်ထိုင်ရင်း နုမြခိုင်ကို သူ့ဘေးမှာ နေရာပေးနေသည်။

"ဝတ္တ်ရည်..."





"အင်း..."

"ခိုင် ပြန်တော့မယ်။ သူက ဝတ်ရည်ကို စကားပြောစရာ ရှိလို့တဲ့ကွယ်၊ ကျေးဇူးပြုပြီး နားထောင်လိုက်ပါ သူငယ်ချင်းရယ်..."

အသံမတုန်အောင် မနည်းထိန်း၍ပြောပြီး နုမြခိုင် သူတို့ကို ချက်ချင်း ကျောခိုင်း၍ ထွက်လာခဲ့သည်။

ဃူတို့ မည်သို့ရှိမည် မသိ။

လရောင်လမ်းမှာ မပီပိုးဝါးပါ။ သစ်ရိပ်များကြောင့် ကွက်ကျား မည်းမှောင်နေသည်။

နုမြခိုင်မှာ အမှောင်လမ်းသို့ တစ်ယောက်တည်းတည်း လျှောက်လှမ်းလာခိုက် တိမ်မည်းဆိုင် တစ်ထွေးက ငွေလမင်းအောက်မှ ဖြတ်သန်းသွား၍ မှောင်အတိကျသွားခဲ့ရသည်။

ဪ... သူ့ရင်မှ ငွေလမင်းကဖြင့် ယခုလို ခဏတာမဟုတ်။ ဘယ်သောအခါမှ ပြန်လည် မထွန်းပနိုင်တော့ပါဘဲ ထာဝရ ပျောက်ဆုံးကွယ်ဖုံးခဲ့လေပြီသာ။

သူ့ကမ္ဘာမှ ငွေလမင်းသည် အခြားတစ်ဘက်ခြမ်းရှိ ရွှေဝတ်ရည်၏ ကမ္ဘာတွင် စွမ်းအင်ကုန်ဖြင့် ထွန်းလင်းပေးနေပါလေပြီ။

အောင်ဦးသာကို ဆုံးရှုံးစွန့်လွှတ်လိုက်ရသည့် အတွက် နုမြခိုင်၏ ရင်မှာ နာကျင်ခြင်းများစွာဖြင့် နာမြောမိပါသည်။ အသည်းနှလုံးတစ်ခုလုံး သူ့ရင်တွင်းမှ ပဲ့ကြွေကျသွားသည်သို့ ခံစားလိုက်ရသည်၊ ခံစားနေရပါသည်။

သို့ပါသော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးသာတွင် အပြစ်မရှိရှာပါ။

ရွှေဝတ်ရည်မှာလည်း ထို့အတူသာ။

လူကြီးများ၏ ညှိနှိုင်းစီစဉ်ထားမှုနှင့် သူ့ရင်တွင်းမှ ကြီးမား လှစွာသော ချစ်ခြင်းမေတ္တာတရားကို သူတို့နှစ်ဦးလုံး မသိရှာကြပါ။

ဪ... သူငယ်ချင်းတို့ရယ်...

မင်းတို့များ ပြေလည်သွားရင် ကိုယ့်တစ်သက်တာ ကြေကွဲ ရမယ့် အဖြစ်ပါ။

မပြေလည်ရင်တော့ အောင်ဦးသာကို မျှော်လင့်နိုင်ခွင့် ရှိသေး ပေမယ့်...

မခိုင်ဟာ အောင်ဦးသာရဲ့ ဒုတိယလူ ဖြစ်သွားရပြီပေါ့လေ...

"အို... ဘာပဲဖြစ်ဖြစ် မင်းတို့သာ စိတ်ချမ်းသာမှုရကြပါစေ၊ မင်းတို့ ကြိုက်သလို ဆုံးဖြတ်ကြပါ၊ မင်းတို့အတွက် အနစ်နာခံပေး နိုင်တဲ့ မခိုင်ရယ်ပါရှင်"

လရောင်က ရွှန်းမြစွာ ပြန်လည် ထွန်းပလာသည်။ မျက်စိကို စုံမှိတ်ပစ်လိုက်တော့ ပြည့်အိုင်နေသော မျက်ရည်တို့က စီးသွယ် ကျဆင်းလာသည်။

လရောင်ဆမ်း၍ အေးချမ်းနေသော ညလမ်းလေးပေါ်မှာ နုမြခိုင်မည်သော မိန်းမလှလေး၏ မျက်ရည်တို့က တစ်စက်ချင်း တစ်ပေါက်ချင်း ကြွေဆင်းကျကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆



## အခန်း ။ ၈ ။

"အို...ခိုင်တစ်ယောက် ဘယ်လိုဖြစ်သွားတာလဲ။ လရောင် အောက်မှာ စကားပြောချင်ကာမှ..."

ရွှေဝတ်ရည်က အံ့သြစိတ်နှင့် မကျေနပ်သံလေးပါ ရောစွက် ပြောလိုက်ပြီး မူပျက်နေသော အောင်ဦးသာကို ပြန်လှည့်ကြည့် လိုက်သည်။

"ဟေး... ထိုင်လေ၊ ဘာဖြစ်နေတာလဲ"

အိမ်တွင် သိမ်းဆည်းစရာများကို စိတ်စောစောနှင့် ပြန်သွား လေပြီဟုသာ လွယ်လွယ်လေး တွေးလိုက်မိသည်။ နုမြခိုင်သည် အရာရာတွင် ကျစ်လစ်သိပ်သည်းသော မိန်းမ၊ အိမ့်ကိစ္စနှင့် မိန်းမတို့ တာဝန်ကို ကျေပွန်လွန်းသော မိန်းကလေးဖြစ်ကြောင်း ရွှေဝတ်ရည် သိပြီးသား...။

နုမြခိုင်အတွက် တွေးပြီး ခုံတန်းလေးမှာ ခြေတင်လျက် လွတ်လပ်ပေါ့ပါးစွာ ထိုင်ရင်းက အောင်ဦးသာကို တရင်းတနှီး အမိန့် ပေးသလို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်အားမဲ့ လူနာတစ်ယောက်လို ရွှေဝတ်ရည်၏ရှေ့မှ ကုလားထိုင်တွင် ဖြည်းညှင်းစွာ ဝင်ထိုင်လိုက်သော အောင်ဦးသာကိုကြည့်ပြီး—

"ဝတ်ရည်...အဲ...ရွှေ့ကို...အို ရှုပ်ကုန်ပြီ။ ဒီမှာ အောင်ဦးသာ...မင်းဟာမင်း 'ရွှေပဲ ခေါ်ခေါ် 'ရွှံ့ ပဲခေါ်ခေါ်... ဒီကတော့ မမပဲ ပြောမယ်ကွာ။ အောင်ဦးသာက မမရဲ့ စာရေးလေးပဲဟာ..."

ရွှေဝတ်ရည်၏ ဟာသက မရယ်ရ၊ အောင်ဦးသာ ပြုံးပင် မပြုံးပါ၍...

"ဒေါက်တာမကြီးဆိုပြီး အထက်စီးက ပြောတယ်လည်းမထင်လိုက်ပါနဲ့ဦး ဆရာရယ်... တရင်းတနှီးဖြစ်အောင်လို့ပါ။ ဒီမြို့မှာ နေမြဲခိုင်နဲ့ အောင်ဦးသာဟာ မမရဲ့ အရင်းနှီး အချစ်ခင်ဆုံးတွေပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

အသံက တိမ်ဝင်နေသည်။ သန့်စင်သော ချစ်ခင်မှုလမ်းမှ သူက အရင်ခွဲထွက်ပြီး ရွှေ့ကို ဆွဲခေါ်ရမည့် စကားမျိုးကို ပြောရတော့မည်မို့ သူ့ဘာဒကစ၍ ပြောရမှန်းမသိတော့...။

သူ့သက်တန်း အနှစ်နှစ်ဆယ်ကျော်အတွင်း သည်မျှလောက် ရင်ခုန်ရခြင်းမျိုး မကြုံခဲ့ဖူးပါ။

"အောင်ဦးသာ မမကို ပြောစရာရှိတယ်ဆို"

"ဟုတ်ကဲ့"

"ပြောလေ"

အောင်ဦးသာမှာ သတ္တိနည်းပြီး မဆုံးဖြတ်ရဲသော ယောကျ်ားစားမျိုးဖြင့် မဟုတ်ပါ။ ရွှေနှင့်ပတ်သက်ပြီး အလေးအမြတ် ထားလွန်းမိမှက လိုက်လှဲသော မေတ္တာဦးနှင့် ပထမဆုံး ချစ်ဖူးခဲ့သော အတွေ့ကြုံမို့သာ သည်မျှ လှုပ်ရှားနေရခြင်းပါ။

"ကျွန်တော်... ကျွန်တော် ပြောချင်တာတွေကတော့ အများကြီးပါ"

"ပြောလေ"

"ရွှေ သည်းခံပြီး နားထောင်စေချင်ပါတယ်ခင်ဗျာ...၊ ကျွန်တော့်ရင်ထဲက ခံစားမှုကို နားလည်နိုင်တဲ့အထိ ကျေးဇူးပြုပြီး နားဆင်ပါ"

ရွှေဝတ်ရည်သည် လှုပ်ရှားလွန်းနေသော အောင်ဦးသာကို ယခုမှ အကဲခတ်ကြည့်မိသည်။ ရင့်ကျက်သော အတွေ့အကြုံရှင် ဒေါက်တာရွှေဝတ်ရည်မှာ အောင်ဦးသာ၏အဖြစ်ကို အံ့သြခြင်းကြီးစွာဖြင့် မှန်းဆမိလာနိုင်လေပြီ။

"လေးစားခြင်းများစွာနဲ့ မြတ်နိုးပါတယ်ဆိုတဲ့ စကားထက်သင့်မြတ်တဲ့ စကားမရှိလို့ ဒီအတိုင်းပဲ ပြောပါရစေ"

အောင်ဦးသာမှာ ပင့်သက်ကို ရှိုက်လိုက်သည်။ ယောကျ်ားတို့၏ အားမာန်ကို သွင်းလိုက်သလိုပါ။

"ရွှေနဲ့ ကျွန်တော့်ကြားမှာ များစွာ ကွာဟခြားနားနေတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ ရွှေဟာ ပြည့်စုံခြင်းမျိုးစုံနဲ့ ပြည့်စုံနေသူဖြစ်ပါလျက်နဲ့ ရွှေနဲ့ပတ်သက်ပြီး ကျွန်တော် ဘာတွေခံစားနေရပါသလဲဆိုတော့... သနားတယ်"

"ဘာ"







www.burmeseclassic.com

www.burmeseclassic.com

"သနားတယ်... ရွှေ့ကို သိပ်သနားတယ်။ ကျွန်တော် ပေးဆက်နိုင်သမျှ အားလုံး ဖြည့်တင်းပေးဆက်လိုက်ချင်တယ်"

"ပြီးတော့ အရှင်သခင်တစ်ယောက်ကို ကြည်ညိုလေးစားပုံမျိုးနဲ့ ကျွန်တော် ရွှေ့ကို မြတ်နိုးနေပါတယ်လို့ပဲ ပြောပါရစေတော့"

ယင်းစကားလုံးများသည် သူ့အသည်းနှလုံးမှ တိုက်ရိုက်ထုတ်ယူ မွေးဖွားလိုက်ရသည်မို့ မောနွမ်းသွားသည်။ အင်အားများစွာ ကုန်ခမ်းသွားသလို လူပါနုံးကျသွားသည့်အဖြစ်ကို ရွှေဝတ်ရည်က စိုက်ကြည့်နေသည်။ အောင်ဦးသာက လသာနေသော ကောင်းကင်ပြင်သို့ မော့ကြည့်နေပါ၏။ သူ ရွှေ့ကို ရင်ဆိုင်မကြည့်ရဲတော့။

"အောင်ဦးသာ"

ရွှေ့အသံက ပီပီသသ၊ တည်ငြိမ်နေသော ရွှေ့မျက်နှာကို တစ်ချက်သာကြည့်ပြီး အောင်ဦးသာ ခေါင်းငုံ့ပစ်လိုက်မိသည်။

"မမကို ရည်းစားစကား ပြောနေတာလား။ ဘာတွေပြောနေမှန်းတောင် သိပ်မသိဘူး"

သူ့ရှင်မှ လေးနက်လွန်းသော မေတ္တာတရားများကို နားမလည်နိုင်ပါဆို၍ အောင်ဦးသာ ကြေကွဲသွားမိသည်။

"မမ မေးတာ ဖြေလေ"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဟင်... ချစ်တယ်ဆိုတာ တစ်လုံးမှ မပါဘဲနဲ့လည်း ရည်းစားစကား ဖြစ်တယ်လား"

ရွှေ လှောင်လေပြီ...





"ချစ်တယ်ဆိုတာထက် လေးနက်မြင့်မားတဲ့ မေတ္တာစကားဆိုတာ ရွှေရယ် နားလည်ပါဗျာ..."

နှစ်ယောက်လုံး ငြိမ်သက်သွားကြသည်။ ရွှေဝတ်ရည်သည် အောင်ဦးသာကို သေချာစွာ စိုက်ကြည့်လာသည်။

ဆန့်ကျင်ဘက် လူငယ် ဗိုမနှစ်ဦး နီးနီးစပ်စပ် နေခွင့်ရလျှင် ဖြစ်တွယ်တတ်သည့် သဘောကို ရွှေဝတ်ရည် နားလည်ပြီးသား၊ အထူးသဖြင့် ယောက်ျားတို့မည်သည် လုပခြင်းကို အခြေခံ၍ အချစ်ဆိုသည်တို့ ပေါက်ဖွားတတ်မြဲ အစဉ်လာကိုလည်း ရွှေဝတ်ရည် သိရှိပြီးသားပါ။

သို့ပါသော်လည်း ယခု အောင်ဦးသာ၏ ခံစားမှု၊ သူ့ရပ်လွှာနှလုံးသားမှ စီးဆင်းလာသော စကားလုံးများသည် ပေါ့ပေါ့တန်တန် မဟုတ်ကြောင်းကိုဖြင့် ရွှေဝတ်ရည် အကဲခတ်မိပါပြီ။ သို့ပါသော်သည်း...

"အောင်ဦးသာ"

"ဗျာ..."

"ဘာတွေ ပြောချင်သေးလဲ။ မင်း အကုန်ပြောပြီးမှ မမ ပြောမယ်"

"ပြောချင်ပါသေးတယ်ရွှေ"

"အင်း..."

"ချစ်တယ်ဆိုတာက ပူလောင်တယ်၊ ပေါ့တယ်။ မေတ္တာဆိုတာက အေးမြလေးနက်ပါတယ်။ လူသားတစ်ယောက်ရဲ့ အသည်း



www.burmeseclassic.com

www.burmeseclassic.com

နှလုံးတစ်ခုမှ အမြင့်မားဆုံး၊ အကြီးမြင့်ဆုံးသော ချစ်မြတ်နိုးမှု မေတ္တာ ရွှေ့ကိုချစ်ပါတယ်။ ပြီးတော့ ရယူပိုင်ဆိုင်ချင်တာထက် ပေးဆ လိုက်လျောချင်ပါတယ်ဆိုတာလည်း ရွှေ သိစွမ်းနိုင်ပါစေ"

"ကောင်းပြီ အောင်ဦးသာ၊ မမအတွက်တော့ အံ့ညြတုန်လှု စရာ စကားမျိုး မဟုတ်တော့ဘူး။ ဒီလိုအရွယ်မှာ ဒီလိုခံစားမှုတွေ ဒီလိုအပြောမျိုးတွေ ပြောတတ်ကြတယ်။ မမလည်း ကြားဖူးခဲ့ရပေါ် များခဲ့ပြီ"

"ဪ... ရွှေရယ်... ရွှေ့မေတ္တာ ခြေတော်ရင်းမှာ ဝပ်စင်း မျိုးနဲ့ ကျွန်တော့်ကို ရောနှောပစ်ရက်တယ်ဗျာ"

အောင်ဦးသာ၏ ရင်တွင်းမှ စကားလုံးများသာပါ။

"ပထမဆုံး ပြောချင်တာက အောင်ဦးသာကို မမခွင့်လွှတ် တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အချစ်ဆိုတာတွေ ရောထွေးသွားပေမ သန့်စင်တဲ့ စေတနာတွေနဲ့ မမကို အောင်ဦးသာ ကူညီခဲ့တာများပြ ခုလည်း အောင်ဦးသာရဲ့ အိမ်မှာ မမခိုလှုံနေရတယ်"

"အို...ဒါက..."

"နေ... မမ ပြောပါရစေ။ အောင်ဦးသာရဲ့ မေတ္တာဆိုတာ ဒီထက် မရှင်သန်လာအောင် ပိတ်ဆီးထားလိုက်ပါတော့"

"ခင်ဗျာ..."

"အောင်ဦးသာရဲ့ ခံစားမှုကို မမယုံကြည်စွာနဲ့ သိနားလည ပါတယ်။ ဒါပေမယ့်... မမ ဘယ်နည်းနဲ့မှ လက်ခံလို့ မရနိုင်ပါ ကွယ်၊ ဘာဖြစ်လို့လဲဆိုတော့...





လက်ခံခြင်းဆိုတာ တုံ့ပြန်ခြင်းရဲ့ ပဏာမပါ"

ရွှေဝတ်ရည် သက်ပြင်းရှိုက်လိုက်သည်။

"မမမှာ တုံ့ပြန်နိုင်ခြင်းဆိုတဲ့ အသည်းနှလုံး မရှိတော့ဘူး အောင်ဦးသာရယ်"

"အသည်းနှလုံးပုံပြီး ချစ်ပါတယ်ဆိုတဲ့ စကားဟာ သိပ်မှန် တယ်၊ မမ လူတစ်ယောက်ကို တကယ်ပဲ အသည်းနှလုံးပုံပြီး ချစ်လိုက် ပြီးပါပြီ"

"သူဟာ မမရင်ထဲက နှလုံးသားနဲ့ ချစ်ခြင်းမေတ္တာအားလုံးကို ခွဲထုတ်သယ်ယူပြီး မမကို စွန့်ခွာထွက်သွားခဲ့တာ ကြာခဲ့ပါပြီလေ"

"မမတို့ အပေါ်က သစ်ပင်ကြီးကို ကြည့်လိုက်စမ်း အောင်ဦး သာ၊ နွေဦးရက်မို့ သစ်ရွက်အိုတွေ ကြွေကျကုန်ပြီနော်၊ ဒါပေမယ့်... ကြောခင် ရွက်နုတွေဝေပြီး ပြန်လည်စိမ်းလန်းလာတော့မှာပါ"

"ဒီလိုအဖြစ်မျိုးနဲ့ အချစ်သစ်တွေ ဝေလာနိုင်တဲ့ အသည်း နှလုံးမျိုး မမကိုယ်တိုင်လည်း လိုချင်ပါတယ်"

"ဒါပေမယ့်... မမဟာ ဟောဒီက မမတို့ဘေးမှာ ရှိနေတဲ့ သစ်ငုတ်တိုရဲ့ ဘဝအိုလို အမြစ်ကပါ ညှိုးခြောက်ပြီး တရွေ့ရွေ့ ကြွေ လျောရမယ့်အဖြစ်မျိုးပါ"

"ဘယ်သောအခါမှ အချစ်သစ်မဝေနိုင်တော့မယ့် အသည်း နှလုံးမျိုးပါ အောင်ဦးသာ"

"မမဟာလေ၊ ချစ်မေတ္တာတရားကို လေးလေးမြတ်မြတ် ထန်ဖိုးထားတဲ့ မိန်းမပါ။ သံယောဇဉ် ကြီးမားစွာနဲ့ သိပ်ကို ချစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့သူပါ”

“ခုတော့ ဒါတွေအားလုံးဟာ ပြီးဆုံးချုပ်ငြိမ်းခဲ့ပါပြီ အောင်ဦး သာရယ်၊ ချစ်တတ်ပါလျက် အချစ်တော်ရတဲ့ ဘဝနဲ့ မမရဲ့ အဖြစ်ဟာ အင်မတန်မှ ရင်နာကြေကွဲစရာ ကောင်းခဲ့ပါတယ်”

“ခုတော့ မမရဲ့ အသည်းနှလုံးဟာ သေဆုံးခဲ့ပြီမို့ မေတ္တာဆိုတဲ့ အရာကို ခံယူနိုင်စွမ်း၊ ပေးဆက်နိုင်စွမ်း မရှိတော့ပါဘူး အောင်ဦးသာ မမကိုသာ နားလည်စွာနဲ့ ခွင့်လွှတ်ပါလေ”

“ကျွန်တော့်ကိုရော ခွင့်လွှတ်နိုင်ပါရဲ့လားဗျာ”

“ချစ်တယ်ဆိုတာ အပြစ်ကျူးလွန်တာမှ မဟုတ်တာ။ ဘာလို့ ခွင့်မလွှတ်နိုင်ရမှာလဲကွယ်...၊ ခွင့်လွှတ်ပါတယ်လို့လည်း ပြောပြီးပါပြီ”

“မမပေါ်မှာလည်း စာနာနားလည်ပါတယ်ဆိုရင် မမတို့ အရင် အတိုင်းပဲ ခင်ခင်မင်မင် နေကြရအောင်ပါလေ၊ ကဲ... အောင်ဦးသာ ပြန်တော့နော်”

အောင်ဦးသာအတွက် ကြီးမားလေးနက်လွန်းသော နှလုံးသား ပြဿနာကြီးကို တည်တည်ငြိမ်ငြိမ် ညင်ညင်သာသာ လှလှပပလေး ကိုင်တွယ်ဖြေရှင်းပေးလိုက်တဲ့...

“ရွှေ ဆိုပါတဲ့ မိန်းမမြတ်ရယ်”

“ဆုံးရှုံးခြင်းများကိုသာ ဆုလာဒ်အဖြစ်နဲ့ ပေးသနားပြီး လာ လမ်းကို ပြန်ခိုင်းတဲ့အတိုင်း ရွှေ့ကို ကျောခိုင်းပြီး ကျွန်တော်မျိုး လှည့် ပြန်ရပါပြီ ခင်ဗျာ”





နှုတ်က မပြောဖြစ်ပါ။ မနှုတ်ဆက်ဖြစ်ပါ။ ပြောနိုင်သည့် အင်အားလည်း မရှိတော့ပါ။ ရင်တွင်းမှာသာ ဖြစ်တည်နေသော စကားလုံးများကို နှလုံးသားများ ကွယ်မြုပ်သိမ်းဆည်းလျက် လေးလံသောရင်၊ နွေးကွေးသော ခြေလှမ်းများဖြင့် သူ၏ မြတ်နိုးလှစွာ သော ရွှေ၏ရှေ့မှ အောင်ဦးသာ ထွက်ခွာခဲ့ရပါပြီ။

ရွှေဝတ်ရည်သည်လည်း...

လက်ကိုပိုက်ပြီး ကိုယ်ကို လျှော့ချလိုက်သည်။ ခုံတန်းလျား နောက်မှီပေါ်တွင် ခေါင်းတင်ပြီး ကောင်းကင်ပြင်ကို မော့ကြည့်လိုက် သည်။

တပို့တွဲလ၏ ပြည့်ခါနီးကာလမို့ လ,က ဖွေးဖွေးစင်စင် ထွန်းပ နေသည်။

ဆောင်းနှင်းကြွင်းတို့သည် ညလေနှင့်အတူ စီးခိုလိုက်ပါလာ သည်။ လေက သုန်သုန်လေး ပြေးလွှားသည့်အခါ နှင်းငွေ့မှုန်တို့ကို ယ်ယူမ,သွား၊ ချွေထားရစ်ခဲ့ပါ၍ သစ်ပင်ပေါ်မှာ...ရွက်ခြောက်ကြွေ ပါမှာ... မြေပေါ်မှာ... ပြီးတော့...

ရွှေဝတ်ရည်၏ ကိုယ်ခန္ဓာပေါ်မှာ ကြွေလျက်ပါ။

ထွန်းပသော လ။ အေးမြသော ဆောင်းလေနှင့် နှင်းပွင့်ဖွေးဖွေး တို့သည် လူသားတို့အတွက် အအေးမြဆုံးသော သဘာဝ ရတနာများ ပါသော်လည်း...

ရွှေဝတ်ရည်၏ အပူရှင်ကိုဖြင့် ငြိမ်းအေးအောင် မစွမ်းဆောင် ကြပါလားရှင်...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မေတ္တာ"

ဆိုသော စကားသံကို အောင်ဦးသာထံမှ ကြားနာလိုက်ရသဖြင့် ဝေးကွာနေသော အတိတ်သည် ပြန်လည်၍ ချဉ်းကပ်လာခဲ့သည်။

အောင်ဦးသာနှင့် ပတ်သက်၍ နှင်းတစ်ပွင့်စာမျှ ရင်ထဲတွင် တင်ရှိမနေခဲ့ပါ။ တောင်းခံလာသူကို မစွန့်လွှတ်နိုင်ပါဟု အပြတ်ပြောခဲ့ပြီမို့ သူ့ခရီးသို့သူ ဆက်လျှောက်သွားပေလိမ့်မည်ဟုသာ ယူဆလိုက်ပါသည်။

ရွှေဝတ်ရည် ပြန်လည်ခံစားနေရသည်က အသည်းကြွမ်းစေ... ရင်ပမ်းစေခဲ့သော သူအတွက်...

သြော်... ဝတ်ရည်ရဲ့ အမြတ်နိုးဆုံး...

"ဒေါက်တာမျိုးဝေ ဆိုပါတဲ့ အချစ်ဦး ကိုကိုရယ်..."

◆ ◆ ◆





ရွှေဝတ်ရည်တို့ ဘက်(ချ)မှာ ရွှေဝတ်ရည်က အလှဆုံး အမျိုးသမီး။

သူတို့ထက် နှစ်နှစ်စောသည့် ဘက်(ချ)မှာဖြင့် ကိုမျိုးဝေက အမိုက်ဆုံးသော ဆေးကျောင်းတက္ကသိုလ်ကျောင်းသားပါ။

ရွှေဝတ်ရည်က ရွှေသားစစ်စစ်ရောင် ဖို့ကွန်တီးနားကားနှင့်။ ကိုမျိုးဝေကလည်း ပိတောက်ရောင် တိုယိုတာကရိုလာနှင့်။

စတင်ဆုံမိကြသည်က ရန်ကုန်ဆေးရုံကြီးမှာ Posting ဆင်းရချိန်က Tropical ward မှာပါ။

မနက် ၇ နာရီမှ ၈ နာရီအထိ ရေခဲတိုက်မှာ လက်တွေ့ဆင်းရချိန်က မြင်ဖူးရုံသာ။

ကိုမျိုးဝေက ဒေါက်တာမျိုးဝေ အဖြစ်နှင့် ဆေးရုံကြီးမှာ ဟောက်(စ)ဆာဂျင်။ ရွှေဝတ်ရည်က Final Part-I ဆေးကျောင်းသူဖြစ်နှင့် လက်တွေ့ဆင်းရချိန်ပါ။

"ကားချင်း လဲစီးရအောင်"

"ရပါတယ် ဆရာရဲ့...၊ ဝတ်ရည်က အဝါရောင်ဆိုရင် ကြိုက်ပြီးသား"

"ဒါကြောင့် ပိတောက်မြိုင်က ပိတောက်ပွင့်တွေကြားမှာ နေတယ်ဆိုပါတော့..."

"ဟာ... ဆရာက ဝတ်ရည်အိမ်ကို သိတယ်လား"

"သိအောင် စုံစမ်းထားရတာပေါ့...။ တကယ်လို့များ အိမ်ရှင်က ဖိတ်ခေါ်ခဲ့ရင် ချက်ချင်း လာလည်နိုင်အောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆရာသမားပဲ၊ အားလပ်ချိန်မှာ လာလည်နိုင်ပါတယ်။ ဝတ်ရည်ကတော့ စာတွေပဲ ဖိမေးမှာနော…"

ကာဆီးသောစကားကို ပြုံးရွှင်စွာပြောပြီး သူ့ကွန်တီးနား ကားလေးကို ကျင်လည်စွာမောင်း၍ ရွှေဝတ်ရည် ထွက်လာခဲ့သည်။ ပြည်လမ်းသွယ် ခုနစ်မိုင်ခွဲရှိ ပိတောက်မြိုင်ခြံကြီးဆီသို့ပါ။ ခဏလေး ပြန်ပြီး နေ့လယ် ၁ နာရီမှ ၄ နာရီထိ လမ်းမတော် ဆေး(၁)မှာ Lecture တက်ရပါဦးမယ်။အရေးကြီးနေဆဲမှာ ဒေါက်တာမျိုးဝေက–

"တကယ်လို့များ အိမ်ရှင်က ဖိတ်ခေါ်ခဲ့ရင် ချက်ချင်း လာလည်နိုင်အောင်လို့ပါ"

ဟု ဆိုခဲ့သည့်အတိုင်း တကယ့်ကိုပင် ထိုနေ့ညနေနှောင်းတွင် ရွှေဝတ်ရည်ထံသို့ ဒေါက်တာမျိုးဝေ ရောက်ရှိလာခဲ့တော့သည်။

လှလွန်းသော ရွှေဝတ်ရည်အနားတွင် ချဉ်းကပ်ခွင့်ရအောင် ထောင့်မျိုးစုံမှ ကြိုးစားကြသော အမျိုးသားများစွာကို ရွှေဝတ်ရည် နည်းနည်းလေးမှ ဂရုမစိုက်ခဲ့မိ။

ဆယ်တန်းကျောင်းသူဘဝက ငါးဘာသာ ဂုဏ်ထူးရှင်အဖြစ် နှင့် ဆေးတက္ကသိုလ်သို့ ခုံနံပါတ် နှစ်ဆယ်အတွင်းမှ ဝင်ခဲ့သည်။ ၁ မှ ၁၀၀ အတွင်းဆိုလျှင် တစ်လ စတိုင်ပင် ၇၅ ကျပ်ကို ရရှိနိုင်သည်။ ယခုချိန်ထိ ရရှိနေဆဲဖြစ်သော ရွှေဝတ်ရည်မှာ တစ်ချိန်လုံး စာမှတ

စာမေးပွဲစစ်တိုင်းလည်း ဂုဏ်ထူးထွက်ခဲ့သည်။ အထူးသဖြင့် Anatomy (ခန္ဓာဗေဒ)နှင့် Physiology (ဇီဝကမ္မဗေဒ)ကို ပိုင်နိုင်သည်။ တစ်နေ့နေ့တွင် ပါရဂူဘွဲ့ရှင်တစ်ဦး ဖြစ်စွမ်းနိုင်လိမ့်မည်ဟု ဆရာသမားများ အထင်ကြီးခံခဲ့ရသော ရွှေဝတ်ရည်ပါ။





3rd M.B. တုန်းက သင်ရသော

Pharmacology (ဆေးဝါးဗေဒ)

Pathology (ရောဂါဗေဒ)နှင့်

Microbiology (အဏုဇီဝဗေဒ)

များကိုလည်း ပိုင်နိုင်ခဲ့သည်။

အဏုဇီဝကို အမှတ်အများဆုံးဖြင့် ဂုဏ်ထူးရခဲ့သူပါ။

ယခု Final Part-I တွင် သင်ရသော

Pathology (ရောဂါဗေဒ)

Forensic Medicine (ပြစ်မှုဆိုင်ရာဘာသာရပ်)နှင့်

P.S.M. ဟု ခေါ်သည့် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာများကို စာတွေ့လက်တွေ့မှာ ဂုဏ်ထူးများထွက်အောင် ကြိုးစားနေဆဲ။

"ကိုယ်ပိုင် အားလပ်ချိန်လေးမှာ ဆေးရုံက ညည်းညူသံတွေကို မေ့ထားလိုက်စမ်းပါ ဝတ်ရည်ရယ်"

ယခု သူတို့ တာဝန်ကျနေသော Ward-1-2 မှ လူနာများ အကြောင်း ကုသပုံအကြောင်းများကို ဆွေးနွေးလာသော ရွှေဝတ်ရည်သို့ ဒေါက်တာမျိုးဝေ၏ ပဏာမဆွဲခေါ်ချက်ပါ။

"ကိုယ်တို့ ဆရာဝန်တွေအတွက် လူနာတွေ၊ သွေးတွေ၊ အော်သံတွေကို ဆေးရုံပေါ်မှာပဲ ဖြေရှင်းပေးကြမယ်။ အပြင်ရောက်ရင်တော့ လောကရဲ့အလှအပတွေကို ခံစားနိုင်အောင် ကြိုးစားမှပေါ့ ဝတ်ရည်ရဲ့"

"လောကရဲ့ အလှအပ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ... ကြယ်ပွင့်လေးတွေ၊ ကန်ရေပြင်ပေါ်က လှိုင်းနုနုလေးတွေ၊ ရောင်စုံပန်းပွင့်လေးတွေက အစပေါ့။ ပြီးတော့ လူသားချင်း ခင်မင်မှုသံယောဇဉ်လေးတွေပေါ့ ဝတ်ရည်ရယ်"

"ဟင်"

"ဒါတွေကို ခံစားကြည့်ပါလား ဝတ်ရည်ရယ်၊ စာတွေပဲ တကုပ်ကုပ် ကျက်နေတော့ သိပ်ပြီး သိမ်မွေ့နုနယ်တဲ့ ဝတ်ရည်ရဲ့ အလှလေးတွေတောင် မှေးမှိန်နေတယ်"

ထိုနေ့က ဘာမှ မချေယ်သမိ၊ မျက်နှာပြောင်ပြောင်နှင့် ခါးလည်ထိ ရှည်လျားသော ဆံပင်များကို လက်ကိုင်ပဝါဖြင့် စုချည် ထားမိသည်ကိုပင် ရှက်လာမိသလိုလို။

"သိပ်ပြီး သိမ်မွေ့နုနယ်တဲ့ ဝတ်ရည်ရဲ့အလှလေး"တဲ့

"မိမိ၏အလှကို မိမိကိုယ်တိုင်ပင် မမြင်အားပါပဲ သူတစ်ပါး၏ အနီးကပ် ချီးမွမ်းသံကို ကြားလိုက်ရတော့မှ ကြည်နူးမှုလေးများက ဘယ်နေရာမှနေ၍ ရင်ထဲသို့ ဝင်လာကြသည်မသိ။

ကြိုးစားအားထုတ်မှုကြီးစွာဖြင့် သင်ခန်းစာထဲတွင် နစ်မြုပ်နေသော ရွှေဝတ်ရည်ကို ပထမဆုံး လမ်းပြခေါ်ထုတ်သူက 'သူပါ'၊ 'ကိုကိုပါ' 'ဒေါက်တာမျိုးဝေပါ"

"လောက၏အလှ"

ဆိုသည်များကို တကယ်ခံစားကြည့်တော့လည်း တကယ့်ကို ကြည်နူးစရာတွေချည်းပါလား...

အင်းလျားကန်စပ်မှာ ထိုင်ရင်း၊ ကံ့ကော်နံ့သင်းသော လေပြေ





ညှင်းကို ခံယူရှူရှိုက်ရသည်မှာ နှလုံးသား၏ နက်ရှိုင်းသော နေရာအထိ မွေးပျံ့အေးမြလာသည်တကား...

"ချစ်လိုက်တာ ဝတ်ရည်ရယ်"

"ကိုကို့ကို တုံ့ပြန်ပါနော်"

ဆိုသော စကားမျိုး တစ်ခွန်းမှ မဆိုလာမိကပင် သူပြောသည့် သံယောဇဉ်တို့၊ သမုဒယတို့ ဆိုသည်များက ရွှေဝတ်ရည်၏ရင်မှာ ခင်နှင့်နေပြီ ထင်ပါ၏။

"ဒီနေ့ လူနာတွေ သိပ်များတော့ ဝတ်ရည်လေး သိပ်မင်ပန်းမှာပဲ အင်းလျားမှာ ခဏသွားနားကြရအောင်"

ဆေးရုံမှအဆင်းတွင် ပြောတတ်သည်များ...

"ဒီနေ့ ကျိုက္ကလို့ဘုရား သွားဖူးကြရအောင်၊ မြို့ပြင်ထွက်ရတော့ စိတ်တစ်မျိုးကြည်တယ် ဝတ်ရည်ရဲ့"

ဆိုသည်များက တနင်္ဂနွေလိုနေ့တိုင်း။

"ဒီနေ့ ကိုယ့်မွေးနေ့မို့ အင်းလျားလိပ် လိုက်ခဲ့နော်။ ဝတ်ရည်နဲ့ ညစာစားရတယ်ဆိုပြီး ကိုယ့်ဒိုင်ယာရီမှာ... ဂုဏ်ယူစွာ မှတ်တမ်း တင်ထားချင်လို့ပါဗျာ"

မိမိပေါ်တွင် အရေးပေးလွန်း၊ အလေးမြတ်ထားတတ်လွန်းသူ အဖြစ်နှင့် ရွှေဝတ်ရည်မှာ ကြည်ညိုရှိသေစိတ်မှ အားကိုးလိုစိတ်များပင် ဖြစ်ပေါ်လာမိသည်။

သူမလာလျှင် မျှော်ရသည်။

သူလာပြန်တော့ ပျော်ရသည်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့သော အချစ်၏ နိဒါန်းစိတ်လေးများ ဖြစ်ထွန်းချိန်...

ရွှေဝတ်ရည်၏ရင်တွင် သံယောဇဉ်စိတ်လေးများ... တွယ်ညိလာချိန်ကျခါမှ...

"ဝတ်ရည်ကို... ကိုကိုက သိပ်ပြီး ချစ်နေခဲ့တာပါ ဝတ်ရည်ရဲ့ အမုန်း အညိုးလေးတွေပေးလိုက်မှာ ကြောက်လွန်းလို့ ဖွင့်မပြောရဲခဲ့တာပါ... ဝတ်ရည်ရယ်။ ကိုကို့ကို ပြန်မချစ်နိုင်တောင်မှ ဝတ်ရည်ကို သိပ်ချစ်ပြီး ဝတ်ရည်မုန်းမှာ သိပ်ကြောက်နေမိတဲ့ ကိုကို့ကို သနားကြင်နာစိတ်ကလေး ဝင်စမ်းပါ၊ ကိုကို့ အသည်းလေးရယ်"

"စွဲလန်းနေပြီးသအူ့သူကိုများ ထပ်သနားအောင် တကယ်ပဲ ပြောတတ်တဲ့ ကိုကိုဆိုတဲ့ လူနော်..."

"ဒီက ရင့်ထဲမှာ ဘာတွေရှိလဲဆိုတာ သူမသိတာလည်း မဟုတ်ဘဲနဲ့"

◆ ◆ ◆

ရွှေဝတ်ရည်တို့ လိုင်းပြောင်းသွားသည်။ နှစ်စဉ် ဂရိတ်ဖိုးဖိုက်ဖြင့် ဂုဏ်ထူးထွက်နေကျ ရွှေဝတ်ရည်တို့ Supple ထိပြီ။ ကျသော ဘာသာရပ်ကို တစ်လကြာမှ ထမ်ဖြေရ၍ သူများနောက် ရောက်ခဲ့ရပြီ...





"ဘယ်လိုလဲ ဝတ်ရည်ရယ်... အချစ်သရဖူ ဆောင်းတာလည်း ဆောင်းပေါ့၊ ဂုဏ်ထူးရှင် ဝတ်ရုံကြီးတော့ ခွာမချလိုက်ပါနဲ့"

ချစ်သူငယ်ချင်းများ၏ သတိပေးစကားက သည်မျှနှင့် မရပ်...

"ဒေါက်တာမျိုးဝေကိုတော့ နည်းနည်း သတိထားပါကွယ်"

"သိပ်လည်းချမ်းသာတယ်၊ ဆရာဝန်လည်းဖြစ်တယ်။ ချောလည်းချောတယ်ဆိုတော့ မိန်းမကဲလေးတွေ ဝိုင်းနေကြတာတော့ မဆန်းပါဘူးလေ။ သူ သစ္စာမပျက်ဖို့သာ အရေးကြီးပါတယ် ဝတ်ရည်ရယ်...ယူက ဒီဘက်မှာ သိပ်အ,တယ်နော်"

သူတို့ ပြောစကားများကို ကြားရပြန်တော့ မူပန်လိုက်သည့်စိတ်...

ကိုကိုနှင့် တွေ့ပြန်တော့လည်း...

"ကိုယ့်ချစ်သူနားမှာ ကောင်မလေးတွေ ဝိုင်းနေတယ်ဆိုတာ ဘယ့်လောက် ဂုဏ်ယူစရာကောင်းလဲ ကလေးမရဲ့...ဟင်"

"သူတို့...သူတို့လေးတွေကိုပစ်ပြီး ဝတ်ရည်ကို သိပ်ချစ်၊ သိပ်မြတ်နိုးတဲ့ ကိုကိုပါဗျာ"

"ဘယ်မှာလဲ သူတို့နဲ့နေဖို့အချိန်၊ ဆေးရုံနဲ့ ဝတ်ရည်နားမှာပဲ အမြဲ ကိုကိုရှိနေတာ၊ ဝတ်ရည်နှင့်မှ ပြန်ရတာချည်းပဲ။ ပြန်လည်းစဉ်းစားစမ်းပါဦး သူငယ်မရယ်"

ဟုတ်ပေသားပဲ။ ကြားစကားတွေ ယုံမိလို့ ကိုကို့ပေါ် သံသယစကားဆိုမိသည်ကိုပင် နောင်တရမိပြန်သည်။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သဲ"

"ဟိုတုန်းက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ပါ ကိုကိုရယ်၊ ဝတ်ရည်ကို ချစ်ပြီးတဲ့နောက်မှာ ဝတ်ရည်တစ်ယောက်တည်းကိုပဲ ချစ်ပါနော်"

"ဟုတ်ကဲ့..."

"ချစ်သစ္စာ ဆိုတာကိုများ ချွေဖျက်လိုက်ရင် ဝတ်ရည် သိပ်ခံစားရမှာပဲ ကိုကိုရယ်"

"ဟုတ်ကဲ့..."

"ဝတ်ရည်လေ... ကိုကို့ကို သိပ်ချစ်တာပဲ။ မေတ္တာဦးဆိုတာ ဒီလိုပဲ။ ရင်ထဲ ခွဲထည့်ထားချင်လောက်အောင် မြတ်နိုးတာမျိုးလားဟင် ကိုကို"

"ဟုတ်ကဲ့..."

"ကြည့်စမ်းကွယ်၊ သူများက ဒီလောက် အလေးအနက်ကြီး ထားပြောနေတာ သူက ပျက်ချော်ချော် ပြောင်လှောင်လှောင်နဲ့"

"ချစ် အားငယ်တဲ့စကားတွေ ပြောဦးမလား"

"အား..."

"ဟင်း...အရိုးတွေကြေအောင် ညှစ်ပစ်လိုက်မယ် ကြောက်ပြီလား"

"မကြောက်ဘူး။ သေအောင်ညှစ်"

"တကယ်..."

"တကယ်ပေါ့။ ကိုကိုဖက်ထားရင်း ကိုကို့ရင်ခွင်ထဲမှာ သေသွားချင်လိုက်တာ"





"အရှုံးမလေး"

"တကယ်ရှုံးပြီထင်ပါရဲ့ ကိုကိုရယ်၊ ကိုကိုနဲ့ နေရချိန်မှာ ကိုကို့မျက်နှာကို ကြည့်လို့မဝဘူး။ ဝေးနေရချိန် ကျပြန်တော့လည်း မျက်စိထဲမှာ ဒီတိုင်း မြင်နေတာပဲ။ ဝတ်ရည် ရင်ထဲမှာ၊ အတွေးထဲမှာ၊ အိပ်မက်ထဲမှာထိ ကိုကိုဟာ အမြဲပဲ လွှမ်းမိုးကြီးစိုးနေပါတယ်ရှင်"

"ဝတ်ရည်"

"ကိုကို"

"ကိုကိုတို့ရဲ့ ချစ်ခရီးမှာ အဆီးအတားဆိုတာ ဘာများ ရှိလို့လဲ။ ဝတ်ရည်ကို လက်ထပ်ဖို့ ကိုကို ဆုံးဖြတ်ပြီးပြီပဲ၊ ဝတ်ရည် အောင်ပြီးတာနဲ့ စေ့စပ်မယ်။ လက်ထပ်ဖို့က လပိုင်း ရက်ပိုင်းအတွင်းပဲလေ၊ မာမီဆို အင်းလျားလိပ်က မင်္ဂလာနေ့ စာရင်းတွေတောင် ကြည့်နေပြီ၊ ရက်ရွေးနေပြီပဲ ချစ်ရဲ့"

"ဟုတ်ပါတယ်၊ ဒက်ဒီကလည်း ကိုကိုနဲ့ ကျေနပ်လို့ ခုလို လွတ်လွတ်လပ်လပ် လာခွင့်ပြုထားတာပေါ့"

"အခု တစ်ယောက်အချစ်ကို တစ်ယောက် ရယူလဲလှယ်ခွင့် ရနေကြပြီ။ နောင်ဆိုရင် တစ်ယောက်ရဲ့ဘဝကို တစ်ဦးက ပိုင်ဆိုင်ခွင့် ရကြတော့မှာ မဟုတ်လား"

"ဟုတ်ပါတယ်။ ဝတ်ရည်တို့ နှစ်ယောက်လုံးလည်း ချစ်ကြတယ်။ လူကြီးချင်းလည်း ကျေနပ်ကြပြီဆိုတာ ဝတ်ရည် သိပါတယ်။ ဒါပေမယ့်... ဘာဖြစ်လို့လဲ မသိပါဘူး ကိုကိုရယ်...၊ ကိုကိုနဲ့ ပတ်သက်ပြီး ဝတ်ရည်ရင်ထဲမှာ အမြဲပဲ ပူနေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့။ အချစ်ဆိုတာ ပူလောင်ခြင်းပဲ"

"အင်းနော်..."

"ခု ရင်ထဲက ပူတယ်၊ နောက် ဗိုက်ထဲကပါ ပူလာမယ်"

"ကိုကိုနော်..."

"ဟိတ်... ဘာလို့ ထုနေတာလဲ။ အချစ်ဆိုတာ ပူလောင်ခြင်းပဲ။ ရင်ထဲရော ဗိုက်ထဲရော ခေါင်းထဲပါ ပူရမယ်လေ။ အိမ်ထောင်ရှင်မ တစ်ယောက် ဖြစ်လာတော့မယ် မဟုတ်လား"

သည်တုန်းက ရှက်စိတ်၊ ရယ်ချင်စိတ်များဖြင့် ကိုကို့ရင်ခွင်မှာ မျက်နှာကို ဝှက်ကာပြီး ပြုံးမိသည်။ ကိုကို့ အသည်းနှလုံးများက မြင်ပါလိမ့်မည်။

"ကိုကိုဆိုတဲ့ ဝတ်ရည်ရဲ့အချစ်ဦးရယ်... ဝတ်ရည်လေ ဘယ်လို ဖြစ်မှန်းမသိဘူး။ ကိုကို့ကို သိပ်... သိပ်ချစ်တာပဲရှင်"

"ဘယ်လိုဖြစ်ရမှာလဲ၊ သိပ်...သိပ်ချောလို့ပေါ့။ ဟေး...ဒီမှာ မော့ကြည့်စမ်း။ ဘယ်လောက်ချောတဲ့ ကိုကိုလဲလို့"

ဝတ်ရည် မော့မကြည့်ဖြစ်ပါ။ ကိုကို့ရင်ခွင်ကျယ်မှ မျက်နှာမခွာ ဖြစ်ပါ။ ရင်ထဲမှာ ရှိနေသည်များကိုလည်း ဖွင့်နှဲ့မပြတတ်တော့ပါ။ နှုတ်က ပြောနိုင်သည်ထက် ရင်ထဲမှာ ရာထောင်မက ကုဋေကုဋာမက ချစ်လှပါကြောင်း အချစ်ဆုံး ကိုကိုသည်သာ သိစွမ်းနိုင်ပါစေ။

သည်သို့ဖြင့်...

ချမ်းမြေ့ကြည်နူးမှု များ ဖြည့်လွှမ်းနေသော ချစ်ရက်ကလေး များ ကုန်ဆုံးပြီး ချစ်သက်တမ်း နှစ်နှစ်ရှည်ကြာပြီးသည့် အချိန်တွင်—





## ဇွေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဒေါက်တာမျိုးဝေ M.B,B.S (Rgn)

နှင့်

ဒေါက်တာရွှေဝတ်ရည် M.B,B.S(Rgn)

ဟူသော မိဘဂုဏ်ဒြပ်များ ခြံရံလျက် တင့်တယ်ခမ်းနားစွာ သတင်းစာအသီးသီးတွင် ကြော်ညာများ ပါရှိလာသည့်...

ညဘက်ဦးတွင်...

""ဝတ်ရည်ရေ၊ ယူနဲ့ တွေ့ချင်လို့တဲ့။ ခိုင်တို့ ခြံထဲမှာ လာစောင့်နေတာ ကြာလှပြီ"

သားသယ် မိခင်တစ်ယောက်ကို ခေါ်ဆောင်လာသူက ယခု နုမြခိုင်ကိုယ်တိုင်ပါ။

နုမြခိုင် မိခင်၏ အစ်ကိုအရင်းမှာ ရွှေဝတ်ရည်တို့နှင့် ခြံချင်း ကပ်လျက်နေကြသည်။

ဆယ်တန်း မအောင်မီကပင် နုမြခိုင်ကို ရန်ကုန်ရှိ ဘကြီး အိမ်တွင် ပို့ထားပါ၍ ရွှေဝတ်ရည်နှင့် အတန်းမတူ ဘာသာမတူပါ သော်လည်း စိတ်တူကိုယ်တူ၊ သွားတူလာတူနှင့် ချစ်ခင်ခဲ့ကြသည့် သူငယ်ချင်းနှစ်ဦးပါ။

"ခြံဖိတ်မှာ မယောင်မလည်နဲ့၊ ခိုင်လည်း ဒီကသွေ့သည်တွေ့ ပြန်ပြီး အိမ်ပြန်တော့ သူက အတင်းလိုက်မေးတာ။ ဒေါက်တာ မိုးဝေ ရှိသေးလားတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ရှိတယ်ဆိုတော့ သူက မဝင်သေးဘဲ ထိုင်စောင့်နေတာ

စောစောက ကိုမျိုးဝေ သူ့မိဘတွေနဲ့အတူ ပြန်သွားတာ သူမြင်တော့

ဝင်ပါရစေ၊ သူ့ကို လိုက်ပို့ပေးပါဆိုလို့ ခေါ်လာရတာ။ သူ့မှာ အရေး

ကြီးတဲ့အကြောင်း တစ်စုံတစ်ရာ ရှိလိမ့်မယ်ထင်တယ် သူငယ်ချင်း

ဝတ်ရည်နဲ့မှ နှစ်ယောက်ချင်း ပြောပါရစေတဲ့။ ခိုင် ခြံထဲကပဲ သွားစော

နေမယ်နော်"

တစ်ခုခု အကူအညီ တောင်းမည့်သူ သို့မဟုတ် ရောဂါဝေဒန

ရှင် တစ်ဦးဦးဟုသာ ယူဆပြီး စေတနာရှင် ဆရာဝန်မလေး ရွှေဝတ်

ရည်မှာ...

"ကဲ... ဝတ်ရည် ဘာကူညီရမလဲ၊ ပြောပါဦးရှင်"

"ကျွန်မ... ကျွန်မ မနက်ကမှ သတင်းစာမှာတွေ့လို့ လိုက်လာ

တာပါ။ ဒီရောက်လာတော့လည်း သူရှိနေလို့ မဝင်တာ"

"သူ ဆိုတာက ဘယ်သူလဲ"

"ကိုမျိုးဝေပါ၊ ကျွန်မယောကျ်ားပါ"

"ဘာ..."

"ဟောဒါ သူ့ကလေးပါရှင်"

နှစ်နှစ်ရွယ် ကလေးငယ်လေးကိုချီမပြရင်း အမျိုးသမီး

အသံရော ကိုယ်ခန္ဓာပါ တုန်ယင်နေသော်လည်း ရွှေဝတ်ရည်ကို စူး

ဝါးဝါးကြည့်ရင်း ပြောနေသည်။

ရွှေဝတ်ရည်မှာ...





အသက်ရော အသိဉာဏ်ကိုပါ အင်အားကြီးတစ်ရပ်က ဆွဲနုတ်

တ်ယူလိုက်သလို ရုပ်သေအဖြစ်နှင့် ကျန်ရစ်သည်။

ဦးနှောက်မှာ ဗလာ။

ရုတ်တရက်ကြီးမို့ ယုံကြည်လက်ခံခြင်း၊ မယုံကြည်နိုင်ခြင်း

ပြန်မှုမည့်သို့ ပြုရမည်ဆိုခြင်းများကို ရွှေဝတ်ရည်ဘာမှတွေး၍

တော့။

"သူနဲ့ စမ်းနဲ့ ချစ်ကြတာ နှစ်နှစ်ကျော်ပါပြီ။ ဟောဒီ သားလေး

ကြောင့် အင်းစိန်ရုံးမှာ တိတ်တိတ်ပုန်း လက်ထပ်ခဲ့ပါတယ်"

"စမ်းကိုသာ မကြည်မဖြူနဲ့ ဘူလက်ထပ်ခဲ့ရပေမယ့် သူ့သား

ဦးဝေ ကိုတော့ သူသိပ်ချစ်ပါတယ်"

"အမလေး မကြားချင်ဘူး။ မကြားချင်ဘူး"

"မကြားချင်ပေမယ့် ပြောရမှာပဲ။ ဒီက ဒေါက်တာမျိုးဝေရဲ့

ရားဝင်ဇနီးကြီး 'စမ်းမြမြ' ပါတဲ့ရှင်...

"ဟောဒါ သူသိပ်ချစ်တဲ့သား။

"ရွှေဝတ်ရည် ဆိုတဲ့ ဒေါက်တာမကြီးဟာ ဒေါက်တာမျိုးဝေရဲ့

ဓိယမယားပဲ။ အငယ်ပဲ"

"ဟင်...ဟင်... မယုံဘူး၊ မယုံဘူး

သွား...သွား...သွား..."

"ဟင်း... မယုံရင် သတင်းစာမှာ စောင့်ကြည့်လိုက်စမ်းပါ။

မြမြတို့က မပိုင်ရင် ဘာမှမလုပ်ဘူး"

စမ်းမြမြ ခပ်ပြင်းပြင်းနင်းသွားသော ခြေလှမ်းတို့သည် ကြေးပြင်

မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရွှေဝတ်ရည်ဆိုသော မိန်းမလှလေး၏...

အရုက်နှင့် သိက္ခာ...

သစ္စာတရားနှင့် ဘဝ...

ပြီးတော့...

ချစ်တတ်ခဲ့လွန်းသော နှလုံးသားနုနုလေးများပေါ်သို့ ကြ

တမ်းရက်စက်စွာ နင်းခြေဖြတ်လျှောက်သွားသော ခြေလှမ်းများ

တကား။

◆ ◆ ◆

ဘယ်နေ့၊ ဘယ်ရက်က လက်ထပ်ပြီး သားလေး ချစ်ဦးဝေ

နှစ်နှစ်ရှိပြီမို့...

'ကျွန်မသာလျှင် တရားဝင်မယားကြီးပါ'

ဆိုသော ကြော်ငြာကို လက်နှစ်ဘက်နှင့် လုံးကိုင် ဆုတ်

ရင်း...

"ဝတ်ရည် မယုံပါရစေနဲ့။ ဝတ်ရည် မယုံပါရစေနဲ့ရှင်။"

"ကိုကို ငြင်းလိုက်စမ်းပါ။

"မဟုတ်ပါဘူးလို့ ငြင်းလိုက်စမ်းပါ ကိုကိုရယ်၊ ငြင်းလိုက်

ပါ။ ငြင်းလိုက်..."

ရွှေဝတ်ရည် ဆက်၍ပင် ငိုနိုင်စွမ်းအား မရှိတော့။





ဒေါက်တာမျိုးဝေ၏ ရှေ့မှာပင် ငိုရင်း ပုံလဲကျသွားရှာတော့

ည်။

ရွှေဝတ်ရည် ဖြစ်စေချင်သလို သက်သက် သူတို့ ဘဝလေး

ာ်အောင် အရုက်လာခဲ့သော မိန်းမပါဟု ဒေါက်တာမျိုးဝေ မငြင်း

နိုင်။

"ကိုကို့ကို လမ်းခင်းပေးလွန်းလို့ လျှောက်နင်းမိခဲ့ပါတယ်

တ်ရည်။

"ကိုကို သူ့ကို လုံးဝ မချစ်ပါဘူး။ လွယ်လွန်းလို့ ဖြစ်ခဲ့ရတာပါ။

"သူ ပြောသလို သားကိုသာ ပယ်ဖျက်လိုက်ရင် ကိစ္စက ပြီးဆုံး

းမှာပါ။

"ဒါပေမယ့် ကိုကိုဟာ ဆရာဝန်စိတ်၊ ဖခင်စိတ်နဲ့ သားလေး

တွက် စွန့်ခဲ့ရတာပါ။ သူနဲ့ဆုံခဲ့တာလည်း ဝတ်ရည်နဲ့ မတွေ့ခင်

ါ"

ဖခင်စိတ် တဲ့။

သားလေး တဲ့။

"ဝတ်ရည်ကို ကိုကို သိပ်ချစ်ပါတယ်ကွယ်။ ကိုကိုတို့ စီစဉ်

းတဲ့ မင်္ဂလာကိစ္စကို မဖျက်ကြပါစို့နဲ့။ ကိုကို ဝတ်ရည်ကို

နဲ့လွှတ်ပါရစေနဲ့နော်။

"သူ့ကို လုံးဝ အသိအမှတ်မပြုတော့ပါဘူး။ သားစရိတ်ကို

ည်း အဝေးကပဲ ပေးပါ့မယ်။ ဝတ်ရည်မှသာ ကိုကိုနဲ့ ထိုက်တန်တဲ့

မိန်းဖြစ်သင့်ပါတယ် နော်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည်မှာ သူ့ရှေ့မှ အသည်းနှလုံး ဗလာနှင့်လူကို အံကြိတ်ပြီး ကြည့်လိုက်သည်။

စမ်းမြမြ ဆိုသည်က လည်သော်လည်း ဆင်းရဲပုံရသည်။

မိမိသည် သူနှင့် ဂုဏ်ရည်တူ၊ ပညာတူ၊ ဒါမျိုးကျမှ သူနှင့် ထိုက်တန်သည့် ချစ်ဇနီးတဲ့။

"ဒီမှာ ဒေါက်တာ ဦးမျိုးဝေရယ်...

"ကျွန်မလေ... ရှင့်ကို သေမလောက် ချစ်ပါတယ်၊ အသက်ထက် တန်ဖိုးထားပါတယ်။ ကိုယ့်ရင်ထဲက အသည်းနှလုံးထက် ပိုပြီး မြတ်နိုးခဲ့ပါတယ်။

"ရှင်နဲ့ ဝေးကွာရရင် သေမလောက် ခံစားရမယ်ဆိုတာလည်း သိပါတယ်။

"ဒါပေမယ့်...

"ရှင့်ကို လွမ်းလို့ သေရမယ်ဆိုရင်လည်း သေသွားစမ်းပါစေတော့...

"သူများရဲ့ချစ်သူ၊ တရားဝင်ဇနီးရှိနေတဲ့လူ။ ပြီးတော့ ဖခင်စိတ်ရှိနေတဲ့ ကလေးအဖေတစ်ယောက်ကို ကျွန်မ... ကျွန်မ... ဘယ်တော့မှ မယူဘူး။ ဘယ်တော့မှ လက်မထပ်ဘူး။

"လောကမှာ ကိုယ့်ယောကျ်ားရှိရက်နဲ့ ဖောက်ပြန်တဲ့ မိန်းမ...

"အိမ်ထောင်ရှင် ယောကျ်ားကို သူ့မိန်းမ ရင်ခွင်ထဲက ဆွဲယူပြီး ဖောက်ပြန်နေကြတဲ့ မိန်းမတွေကို ဝတ်ရည်မုန်းတယ်။

"ဒီလို အချစ်သူခိုးမိန်းမ စာရင်းထဲမှာ ဝတ်ရည်ကိုယ် ဝတ်ရည်





အသွင်းမခံနိုင်ဘူး။ မသိလို့ ချစ်မိခဲ့ပြီ။ သိပြီးတဲ့နောက်မှာတော့... ရှုမတိုးဘူး။

"အသေခံမယ်၊ အသေခံလိုက်မယ်။

"ကိုကိုဆိုတဲ့... ဝတ်ရည်သိပ်ပြီး ချစ်မြတ်နိုးခဲ့ရတဲ့ လူရယ်...

"ဝတ်ရည်ရဲ့ အရှက်နဲ့ သိက္ခာ... မေတ္တာရည် ပြည့်နေတဲ့ အသည်းနှလုံးတွေကို တစ်သက်လုံး သုံးမရအောင် တစ်စစီ ခွဲချေပြီးပြီပဲ၊ ပြန်ပါတော့၊ သွားပါတော့။

"အို... နောက်ဆုံးအကြိမ် ဆုံတွေ့ခြင်းအဖြစ်နဲ့ ခွဲခွာ ထွက်သွားပါတော့"

"ထွက်သွားပါတော့ ကိုကိုရေ..."

◆ ◆ ◆

နှစ်ဆယ့်ငါးနှစ်မျှ လောက်သော ကာလများထဲမှ ရွှေဝတ်ရည်၏ မေတ္တာကဏ္ဍ အပိုင်းသည်သာ၊ အတိတ်၏ မှိုင်းငွေ့များ အဖြစ်နှင့် မြောက်ဦးမြို့ရောက် ရွှေဝတ်ရည်ကို လာရောက် လွမ်းအုပ်သည်။

မိသားစုအပိုင်းကဏ္ဍက မပါသေး။ မစဉ်းစားဖြစ်၊ မတွေးတောအား...

နှလံမထူနိုင်အောင် ကျဲဆုံးခဲ့သော မိမိ၏ဂုဏ်သိက္ခာ- တစ်စစီ ကြွေရစ်ခဲ့ရသော မိမိ၏ အသည်းနှလုံးများကို ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် မနည်း ပြန်ဆက်ထားရပါသော်လည်း ကွဲအက်ခဲ့သော ဒဏ်ရာများက ကုစား၍မရသော အက်ကြောင်းများအဖြစ်နှင့် ရွှေဝတ်ရည်၏ရင်မှာ ထာဝရ တည်ရှိနေပါတော့မည်။

ချစ်မြတ်နိုးလွန်းခဲ့ရပါသော ကိုကိုလည်း ရန်ကုန်တွင် မရှိတော့။ စမ်းမြမြနှင့် မည်သို့ ဆက်သွယ်မှု ရှိသည်ကိုလည်း ရွှေဝတ်ရည် မသိချင်တော့ပါ။

သူလည်း နိုင်ငံခြားသို့ ထွက်သွားပြီ။

ကိုယ်လည်း မြန်မာ့အနောက်ဘက်စွန်း ဒေသ၏ အနုပညာမြို့တော်သို့ ရောက်နေလေခဲ့ပြီ။

မျက်ဝန်းတစ်ဝိုက် ပါးပြင် တစ်လျှောက်မှာ စိမ့်အိုင် စီးသွယ်နေသော မျက်ရည် မျက်နှာလေးကို...

ကြည်သာနေသော ငွေလမင်း၊ တဖျတ်ဖျတ် လက်နေသော စိန်ကြယ်ပွင့်လေးများ၊ ဆောင်းလေငွေ့တန်း၊ ရွက်စိမ်းနု၊ ပေါက်လဲ ဆိုသော ရာသီပန်းနှင့် ရွက်ခြောက်ကြွေတို့ပါ မကျန်...

အချစ်ကံခေမလေး၏ အလှဆုံးမျက်နှာနှင့် မထိုက်တန်လွန်းသော မျက်ရည်စက်များကို ကြည့်ရက်ကြမည်မထင်ပါ။

အေးငြိမ်းခြင်းကို ပိုင်ဆိုင်ကြသော သက်မဲ့များ အလယ်မှ အပူသည်မလေးအတွက်...

မျက်ရည်စီးကြောင်းလေးများ ရပ်တန့်သွားပါစေ ဟူ၍ ဝိုင်းဝန်း ဆုတောင်းပေးနေကြသည်သို့ပါပင်...

◆ ◆ ◆



### အခန်း ။ ၉ ။

ညပြည်တွင်၊ ရေကြည်မြမြ
ချမ်းအေးလှသား၊ ကန္တပနဒီ
မိုင်းရီရီလျှင်၊ မြစ်ဆီလကျာ
ရှေ့မျက်နှာဝယ်၊ ပြည်ဘာမဏ္ဍိုင်
ချက်ခရိုင်ဟု...
ရခိုင်ညွှန့်ဖူး၊ မြို့မြောက်ဦးတွင်...

(ရခိုင်ရာဇဝင်လင်္ကာမှ)

ရန်အောင်မြို့၊ သန်လျင်မြို့၊ မြတောင်မြို့၊ ကုလားမြို့၊ သာယာမြို့၊ ဘာလက်တောင်မြို့၊ ပိန်းနဲတောင်မြို့၊ နတ်တောင်မြို့၊ သျှမ်းတောင်မြို့၊ အင်ကြင်းတောင်မြို့၊ ကျားခုတ်တောင်မြို့ ဟူသော မြို့ရံ ၁၁ မြို့နှင့် တာပေါင်း ၇၀၀ ဖြင့် ဖွဲ့စည်းထားသော မြောက်ဦးမြို့တော်...



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ဆရာကြီး ဒီ–ဂျီ–အီး ဟော ကမူ မြောက်ဦးမြို့ဟောင်းသည်။ အရှေ့တိုင်း၏ ဗင်းနစ်မြို့တော်ဖြစ်သည်ဟုပင် နှိုင်းယှဉ်တင်စားခဲ့သည်။

"မြောက်ဦးမရောက်...

ဇောင်းဒွတ်လောက်က ပြန်လတ်ပြီ..."

ဟူ၍ ရခိုင်စကား အဆိုရှိခဲ့သည်။ မြောက်ဦးမြို့မှာ ခမ်းနားလွန်း၍ 'ဇောင်းဒွတ်သင်္ဘောဆိပ်'သည်လည်း ကြီးကျယ်စည်ကားပါလိမ့်မည်။ ဇောင်းဒွတ်ကိုပင် မြောက်ဦးထင်၍ လှည့်ပြန်ကြရသည်ဟု ဆိုပါ၏။

ဤဇောင်းဒွတ်ဆိပ်ကမ်းသို့ ဒတ်(ချ်)၊ ပေါ်တူဂီ၊ အရှေ့အိန္ဒိယပြည် ဂိုအာနယ်တို့မှ ပင်လယ်ကူး သင်္ဘောများစွာ လာရောက်၍ ကုန်စည်ရောင်းဝယ်လဲလှယ်မှုလည်း များစွာ ဖွံ့ဖြိုးခဲ့ပါမည်။

"လှည်းဝင်ရိုးသံတည်ည် ပုဂံဘုရားပေါင်း"

ဟူ၍ ပုဂံခေတ်ဘုရားပုထိုးများ များပြားပုံကို စာဖွဲ့ခဲ့သည့်သို့ပင်...

**"သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း"**

ဟူ၍ အဆိုရှိခဲ့သဖြင့် ဘုရားပေါင်း ခြောက်သန်းကျော် ရှိသည်ဟု စာဖွဲ့ခဲ့ကြသည်နှင့် တစ်ဆက်တည်း...

"ပန်းမဥ္ဇူ ကြိုင်ကြိုင်မွှေး အိမ်ခြေစာရင်းပြီး"

ဟူ၍ ရခိုင်သံနှင့် စပ်ဆိုထားသော စာစုကလေးမှာ မြန်မာလို–

"ပန်းမဥ္ဇူ ကြိုင်ကြိုင်မွှေး အိမ်ခြေစာရင်းပေး"





ဟု ဆိုပါသဖြင့် မြောက်ဦးမြို့၏ နယ်နိမိတ်ဝန်းကျင်၌ အိမ်ခြေပေါင်း ၅ သိန်းကျော် ရှိခဲ့သည်ဟု မှတ်သားနိုင်ပါသည်။

မြို့တော် ကြီးကျယ်သည်နှင့်အမျှ နန်းတော်သည်လည်း ခမ်းနားလွန်းခဲ့ပါသည်။

ကျောက်တံတိုင်းသုံးထပ် အဆင့်ဆင့် ကာရံတည်ဆောက်ပြီး အထက်ဆုံးထပ်၏ အလယ်ဗဟိုမှာ နန်းတော် တည်ဆောက်ခဲ့သည်။

ကျောက်စာဝန်ဟောင်း 'ဦးလူဖေဝင်း'၏ တိုင်းတာချက်အရ နန်းတော်ရာ၏ အကျယ်ဝန်းနှင့် တံတိုင်းသုံးထပ်ပါ ပေါင်းပါလျှင် ပေပေါင်း ၂၅၂၀၀ ရှိသည်။

အပေါ်ဆုံးထပ်မှာ မြေပြင်မှ ပေ ၅၀ မြင့်ပြီး...

အလျား အနောက်မှ အရှေ့သို့ ပေ ၁၇၅၀ ခန့်။

အနံ မြောက်မှတောင်သို့ ပေ ၁၇၀၀ နီးပါး ရှိပေသည်။

ယခုမူ မြို့တော်လည်း "နန်းရာကုန်း"မှာဖြင့် ခိုင်ခံ့သောအုတ်များ အဆင့်ဆင့် ရှိနေသေးကြောင်း ယနေ့ တွေ့မြင်နိုင်ပါသေးသည်။

"ကောဇာသက္ကရာဇ် ၇၉၂ မှ ၁၁၄၆ ခုထိ နှစ်ပေါင်း ၃၅၄နှစ် မင်းဆက်ပေါင်း ၄၈၊ (မူကွဲ–၄၉)ဆက် စိုးစံခဲ့တဲ့ ရခိုင်တို့ရဲ့ ယဉ်ကျေးမှု လျှမ်းလျှမ်းတောက် တိုးတက်ခဲ့တဲ့ မြောက်ဦးမြို့တော်ဟောင်းကို ရောက်ရတာ ဦးလေး သိပ်ဂုဏ်ယူမိပါတယ် အောင်ဦးသာ"

"ဝမ်းသာပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လူငယ်တွေအတွက်တော့ ပျင်းစရာပေါ့လေ။ ဦးလေးတို့လို လူကြီးတွေအတွက်တော့ ဒီလို ရောက်တောင့်ရောက်ခဲ နေရာမျိုးကို ရောက်လာခွင့်ရတုန်းရခိုက်လေးမှာ ဗဟုသုတလေးတွေ ခုလို ရေးမှတ်သွားချင်တယ်ကွယ်"

"ကျွန်တော် လေ့လာထားသမျှ ပြောပြပေးပါ့မယ်ခင်ဗျာ"

"မြောက်ဦးမြို့ရဲ့ ရခိုင်ပညာရှိ ဦးသာထွန်း ပြောပြချက်အရ ပထမ ဝေသာလီခေတ်ပြီးမှ ပထမနဲ့ ဒုတိယ ဓညဝတီခေတ်၊ ပြီးမှ ဒုတိယ ဝေသာလီ ကျောက်လှေကားခေတ်၊ ပြီးတော့ လောင်းကြက်ခေါ် လေးမြို့ခေတ်၊ ပြီးမှ မြောက်ဦးခေတ်ရယ်လို့ ရခိုင်ပြည်ကြီးရဲ့ အစဉ်အဆက်ခရီးကို ကြားနာရပါတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ဓါလောက် ဘုရားပုထိုးတွေ များတာတွေ့ရတော့ ရခိုင်တို့ရဲ့ ဗုဒ္ဓဘာသာ လေးစားမြတ်နိုးမှုကို အံ့ချီးမကုန်နိုင်အောင်ပါပဲ။ ဗုဒ္ဓဘာသာဟာ ရခိုင်ပြည်မှာ ပျံ့နှံ့တာ ကြာပြီလား အောင်ဦးသာ"

"ဟုတ်ကဲ့၊ ဒုတိယ ဓညဝတီခေတ်ဦး၊ စန္ဒသူရိယမင်း လက်ထက် ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် ရခိုင်ပြည်သို့ ကြွရောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီထက်စောဝ အချိန်တည်းက ဗုဒ္ဓဘာသာရောက်နှင့်နေပြီလို့လည်း ယူဆထားသူတွေ ရှိကြပါတယ် ဦးလေး ဦးလွန်းတင်ခင်ဗျား"

"အေးကွယ် ရခိုင်တွေကို ဦးလေး ချီးအကျူးဆုံးကတော့ ဘာသာခြားနဲ့ လက်ထပ်ပေါင်းသင်းသူ မရှိသလောက် ရှားပါတယ်။





အထူးသဖြင့် အမျိုးသမီးတွေကို ပိုချီးကျူးရပါမယ်။ အမျိုးနဲ့ ဘာသာကို လုံးဝ အပျက်မခံကြဘူး"

"ကျွန်တော်တို့လည်း ဒီအတွက် ဂုဏ်ယူပါတယ်"

"ပြီးတော့ ဗုဒ္ဓရဲ့ဘာသာတရားကိုလည်း အင်မတန်မှ လေးစားကိုင်းရှိုင်းကြတယ်နော်"

"ဟုတ်ကဲ့၊ ဒါကြောင့် **'အမျိုးသီလ၊ နှစ်ဌာနကို ပြည့်ဝမတ္တိုင်၊ စောင့်စွမ်းနိုင်သည်၊ ရက္ခိုင်နာမ၊ ဘွဲ့မည်လှနှင့် အနွတ္တသညာခေါ်အပ်ရာတည်း'** လို့ **'အသျှင်နာဂိန္ဒ မော်ကွန်း"** မှာ မှတ်တမ်းတင်ထားတာ ရှိပါတယ်"

"ဟုတ်တယ်... ဟုတ်တယ်။ အမျိုးနဲ့သီလ၊ လူမျိုးနဲ့ဘာသာပေါ့လေ၊ တကယ်လေးစားကြတာ တွေ့ရပါတယ်"

"ဦးလေးကို ခုလို စိတ်ရှည် လက်ရှည် ရှင်းပြတာ ကျေးဇူးတင်ပါတယ်"

"ဦးလေးက ဧည့်သည်။ ကျွန်တော်တို့က အိမ်ရှင်မို့ တာဝန်ရှိပါတယ်။ သိချင်တာမေးပါ"

ပန်းချီဆရာကြီး ဦးလွန်းတင်မှာ ဆေးတိုက်တွင် တွေ့ခဲ့ရသော အောင်ဦးသာနှင့် ခင်မင်နေလေပြီ။

အောင်ဦးသာမှာဖြင့်... ဧည့်သည်လည်း ဧည့်သည်ပါ၊ ရွှေဝတ်ရည်နှင့်လည်း ပတ်သက်နေပါသည်ဆို၍ လိုက်လံချဉ်းကပ်နေမိကြောင်း ဦးလွန်းတင် မသိပါစေနှင့်ဟု ရှက်စိတ်နှင့် ဆုတောင်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဦးလေးတို့ သျှစ်သောင်းဘုရားကုန်းတော်ပေါ် တက်ရအောင်... အဲဒါလေးလည်း သိသမျှ ပြောပြပါဦးကွယ်"

"ကောင်းပါပြီ ဦးလေး"

အောင်ဦးသာမှာ ပန်းချီဆရာကြီး ဦးလွန်းတင်၏ ပန်းချီပစ္စည်းများ ထည့်ထားသော အိတ်ကြီးကို သယ်မလျက် ကုန်းတော်ပေါ်သို့ စတက်ခဲ့ကြသည်။ သိပ်ပြီး မမြင့်လှပါ။ ဘုရားကုန်းတော်၏ အမြင့်မှာ ပေ ၄၀ ခန့်သာ ရှိ၏။ စောင်းတန်းဆုံးပြီး လက်ဝဲဘက်သို့ လှည့်ကြသည်။

မြန်ပြည်မှ စေတီပုထိုးများနှင့် လုံးဝ ခြားနားပါ၏။

ကျောက်သားစင်စစ် အတုံးလိုက်ကြီးကို ပုံ့ပုံ့ထည်ထည်ကြီးဖြစ်အောင် ထုထွင်းပြီး ထိပ်တွင် အရစ် အချိုင့်များဖော်၍ ဖုဖုလုံးလုံး နှစ်ဆင့် ဆင့်ထားသည်။

ထီးတော်လုံးဝမပါ...

အလယ်တွင် ပုထိုးတော်အကြီးကြီးတစ်ဆူနှင့် ဘေးပတ်လည်တွင် ရှယ်တူ ပုထိုးတော်များဖြင့် ခြံရံထားသည်။ အဆင့်ဆင့် အကြီးအသေးများ ပါရှိပါ၏။ ဘုရားရင်ပြင် ဘေးပတ်လည်တွင် ရုပ်တုမျိုးစုံကိုလည်း လက်ရာမြောက်စွာ တွေ့နိုင်ပါသည်။ လူတို့၏ စရိုက်သဘာဝ ဖော်ပြရာတွင်... တိကျလွန်းလှသည်။ ဖိုမတို့၏ နေလေ့နေထရှိသော ပုံစံကိုပင် သဘာဝကျကျ ထုလုပ်ထားပါ၍ အမျိုးသမီးတို့ပါလျှင် မျက်နှာပူစရာ။ အနုပညာရှုထောင့်မှသာ ကြည့်ရှု၍ ဂုဏ်ပြုရပေမည်။





သျှစ်သောင်းသည် ဂူဘုရားပုံစံပါ၊ အတွင်းမှ ခမ်းနားလွန်းသော အနုပညာလက်ရာများစွာကို ဝင်ကြည့်ရန် ဘုရားဖူးပြီး အထဲတွင် အောင်ဦးသာက...

"ဒီဘုရားကို ၁၅၃၅ ခုနှစ်မှာ မင်းဗာကြီးနဲ့ မိဖုရားဖွားမင်းစောတို့ တည်တာတော့ ဦးလေးသိပြီးပြီနော်။ ခုဆို နှစ်ပေါင်း ၄၄၀ ကျော်ရှိပြီပေါ့"

"သိတယ် မှတ်ပြီးပြီ...ကဲ ဦးလေးတို့ အထဲဝင်ကြည့်ရင်း ရှင်းပြတာ နားထောင်မယ်"

စောစောက မြင်ရသော ဘုရားလုံးလုံးကြီးများ၏ အောက်ဘက်ဂူပေါက်တွင်းရှိ အခန်းအဆင့်ဆင့်များကို ဝင်လိုက်သည်နှင့် အေးစိမ့်သွားတော့သည်။

ကြီးမားခိုင်ခံ့လွန်းသော ပင်လယ်ပြင်မှ ကျောက်တုံးကြီးများ၊ ကျောက်ပြားကြီးများဖြင့် အခန်းများ တည်ဆောက်ဖွဲ့စည်းထားပါ၍ ထိုသို့သော အင်အားများနှင့် သယ်မ,ယူခဲ့ကြသည်ကို မတွေးဝံ့စရာပါ။

"ဘုရင်မင်းဗာကြီးရဲ့ မွေးနေ့ဖြစ်တဲ့ တနင်္ဂနွေမုန်းလပြည့်နေ့မှာ 'ဆရာရှင်ငယ်' အမှူးပြုပြီး ပန်းရံလုပ်သားတစ်ထောင်ကျော်နဲ့ စတင်တည်ဆောက်ခဲ့တယ်လို့ ဆိုပါတယ်"

"အင်း... မင်းတို့ရဲ့ ဘုန်းအာဏာနဲ့မို့သာ ဒီလောက် ခမ်းနားကြီးကျယ်တဲ့ ဘုရားကြီးကို တည်နိုင်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားတံတိုင်းရဲ့ မြောက်နဲ့တောင် အရှည်က ပေ ၁၈၀ ရှိပြီး အရှေ့နဲ့အနောက်က ၂၂၅ ပေ ရှိပါတယ်။

"ဘုရားအတွင်းဘက်မှာရှိတဲ့ လမ်းကြောင်းများရဲ့ နံရံအထူက တချို့ ၆ ပေ၊ တချို့ ၅ ပေပါ။

"ဘုရားရဲ့ အနောက်ဘက်မှာ အဆောင်တော်တစ်ခု ရှိပါတယ် မြောက်ဦးခေတ် ဘုရင်တို့ မကိုဋ်သရဖူဆောင်းပြီး ဘုရင်အဖြစ် ဘိသိက်ခံဖို့အတွက်ပါ။

"ဒီဘုရားကြီးရဲ့ အနောက်ဘက်၊ မြောက်ဘက်နဲ့ တောင်ဘက် တံတိုင်းတွေမှာ မုခ်ဝ ၈ ခုစီ ရှိပြီး အရှေ့ဘက်ကျတော့ ၄ ခုသာ ရှိပါတယ်။

"မုခ်ဝ တစ်ခုစီမှာ အမြင့် ၄ ပေ ၁၀ လက်မ၊ အကျယ် ၈ ပေ ၈ လက်မရှိကြပြီး မုခ်ဝတိုင်းမှာ ကျောက်ချင်းကပ် တည်ဆောက်ထားတဲ့ လူအရွယ်ပမာဏမျှရှိတဲ့ ဆင်းတုတော်နှစ်ဆူစီ ရှိကြပါတယ်။

"ဘုရားရဲ့ အတွင်းဘက် နံရံတွေမှာတော့ ဦးလေးမြင်တဲ့အတိုင်း ကျောက်ရုပ်တွေကို ဆစ်ထားတဲ့ လက်ရာ၊ ကျောက်တုံးတွေကို ထွင်းထားတဲ့ လက်ရာမြောက် ရုပ်ကြွ ရုပ်လုံးတွေကို မြင်ရပါတယ်"

"အေးကွယ်... ရခိုင်တွေရဲ့ ရှေးဟောင်းယဉ်ကျေးမှု သရုပ်ကို ဒီမှာ ပီပီပြင်ပြင် မြင်ရပါပြီ။ ကျောက်ဆစ်လက်ရာတွေဟာ ချီးကျူးစရာပါ"

"နံရံတစ်ခုစီမှာ ကြည့်... အဆင့် ခြောက်ဆင့် ခွဲထားတယ်နော်"





"အင်း... ဟုတ်သားပဲ"

"အောက်ဆုံးဆင့်က လူ့ဘဝ သရုပ်ဖော် ရုပ်လုံးကြွတွေချည်းပဲ။ အလယ်လေးဆင့်ကတော့ ငါးရာ့ငါးဆယ် နိပါတ်တော် သရုပ်ဖော် ရုပ်လုံးကြွတွေဖြစ်ပြီး အထက်ဆုံး အဆင့်မှာတော့ အမျိုးသား အမျိုးသမီး ရှိခိုးကန်တော့နေကြတဲ့ ပုံသဏ္ဌာန်တွေပါပဲ"

"အေးကွယ်...ဒီရုပ်တုတွေကတစ်ဆင့် အဲဒီခေတ်၊ အဲဒီအချိန်က မျိုးကြီးမတ်ကြီးတွေရဲ့ ဝတ်စားဆင်ယင်မှု၊ နေထိုင်လှုပ်ရှားမှုတွေကို ပြောနေ ပြနေတာကို မြင်ရတာ... တကယ်ပဲ မြောက်ဦးခေတ်ကို ပြန်ရောက်သွားရသလိုပါ"

"ဟောဒီမှာက...ဗြဟ္မာအသွင်ဆောင်ထားတဲ့ လက်လေးဘက်နဲ့ ပီသနိုးရုပ်ပါ"

ဦးလွန်းတင်နှင့် အောင်ဦးသာတို့မှာ အတွင်း၌ တစ်နာရီကျော်မျှ ကြာကြသည်။ တစ်နာရီလျှင် မီးပူဖော်ခ တစ်ဆယ်ကျပ် လျှုဒါန်းခဲ့ပြီး၍ ကိုယ်ပိုင်မီးစက်အားနှင့် ဘုရားအတွင်း၌ လင်းလင်းထင်းထင်း မြင်နေရပါသည်။

"မပြန်ခင် လာဦးမယ်လေ။ ဒီဘုရားက မြို့နဲ့လည်း မဝေးတော့ အလို့ လွယ်ပါတယ်။ ကဲ... ကျေးဇူးပဲ အောင်ဦးသာရေ... ဦးလေးတော့ ဆွဲလက်စ ကားလေး ပြီးပြတ်အောင် ဆက်ဆွဲဖို့ သွားဦးမယ်။ အောင်ဦးသာ ပြန်ချင်ပြန်နှင့်လေ"

"ဟုတ်ကဲ့... ပစ္စည်းတွေကို သက္ကျမာန်အောင်အထိ လိုက်ပို့ပေးဦးမယ်။ ဦးလေး ပန်းချီဆွဲမှ ကျွန်တော် ပြန်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ငါ့တူရယ်"

အောင်ဦးသာမှာ ရင့်ကျက်နေပြီဖြစ်သော ပန်းချီဆရာကြီးသို့ မေးသင့် မမေးသင့် ချင့်ချိန်မိပါသော်လည်း သူ့ရင်ထဲတွင် ရှိနေသော သိလိုဇောကို ထိန်းသိမ်းမထားနိုင်တော့ပါ၍...

"ဦးလေးကို ကျွန်တော် မေးပါရစေခင်ဗျာ"

"မေးလေ... ဦးလေးကချည်း မေးနေလို့ အောင်ဦးသာ ဖြေရတာ အာပေါက်ရော့မယ်။ ဒီတစ်ခါ ဦးလေးက တစ်လဲပေါ့"

"ဒေါက်တာရွှေဝတ်ရည်နဲ့ ပတ်သက်ပြီး ဦးလေးသိသမျှ ကျွန်တော် သိပါရစေ"

"ဟင်..."

ဦးလွန်းတင်က အောင်ဦးသာကို အသေအချာ လှည့်ကြည့်သည်။ အဓိပ္ပာယ်ကို ရှာဖွေနေစရာမလိုဟု သူသိပြီးမို့ ပြုံးမိသည်။

"ကျွန်တော် စိတ်ဝင်စားလွန်း သိချင်လွန်းလို့ပါခင်ဗျာ"

"ဦးလေးနားလည်ပါတယ်ကွယ်"

လှပပြည့်စုံလွန်းသော မိန်းမတစ်ယောက်နားတွင် အနီးကပ် နေခွင့်ရသော အမျိုးသားတိုင်း၏ စိတ်ဝင်စားမှု စိတ်လှုပ်ရှားမှု ခံစားချက်များကို ဦးလွန်းတင် မြင်ပါသည်။ မိမိကိုယ်တိုင်လည်း တစ်ချိန်က သည်အတိုင်း... ယခု အောင်ဦးသာအတိုင်းပါ။

သူက ရွှေဝတ်ရည်အတွက်...

မိမိက ချစ်ခဲ့ရလွန်းသူ ဆွေ့အတွက်...





"အေး... မင်းမေးတာ တစ်ခွန်းတည်းနဲ့ ပြည့်စုံနေပြီ၊ ဦးလေး သိသမျှဆိုတော့..."

"အဟဲ..."

လူပျိုလေး၏ အရှက်နှောသော ရယ်သံလေးကြောင့် ဦးလွန်းတင်က ပြုံးရင်း...

"ဦးလေးကိုယ်တိုင်လည်း သိပ်မသိခဲ့ဘူး"

"ခင်ဗျာ..."

"သူတို့မိသားစုနဲ့ ထိတွေ့ခွင့်ရခဲ့တဲ့အချိန်က နည်းခဲ့လို့ပဲ။ နောက်ပိုင်းလည်း အဆက်သွယ် ပြတ်ခဲ့ကြတယ်။ အေး... ဒါပေမယ့် သိသမျှဆိုတော့..."

"ဟုတ်ကဲ့"

"ဦးလေးက ရွှေဝတ်ရည်ဖခင် 'ဦးစက်ရွှေ'ရဲ့ တပည့်ပါပဲ။ တုန်းက ခုလို ပန်းချီဝါသနာပါပေမယ့် လုပ်ငန်းတစ်ရပ်အဖြစ်နဲ့ လုပ်နိုင်သေးတော့ ဦးစက်ရွှေရဲ့ ဆီစက်လုပ်ငန်းမှာ လခစားအဖြစ် ရတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ခု ရွှေဝတ်ရည် ချောသလို သူ့မိခင် မေသက်ထားကလည်း လှတယ်။ သူ့ညီမ ဦးလေးရဲ့ချစ်သူက ပိုပြီး လှပါသေးတယ်"

"ဟုတ်လား"

"ဦးလေးချစ်သူကို ဦးလေးက သိပ်ပြီး ချစ်မြတ်နိုးခဲ့ပါတယ်။ အတွက် အစစအရာရာ စွန့်လွှတ်အနစ်နာခံပေးခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်... ဦးလေးပေါ် သူ့ သစ္စာမရှိဘူး။ ဦးလေးဟာ ဘဝနာလာခဲ့ရသူပါ"

"ဒါကြောင့် ဦးလေးဘဝကို ပန်းချီဆိုတဲ့ အနုပညာဘဝထဲမှာ မြှုပ်ထားလိုက်ပြီး ပိတောက်မြိုင်က အကြောင်းတွေလည်း မေ့ပစ်လိုက်ပါပြီ"

"နောက်ပိုင်းလည်း သူတို့နဲ့ မဆုံဖြစ်ခဲ့ဘူး။ ဒီရောက်မှပဲ ရွှေဝတ်ရည်နဲ့ ပြန်ဆုံဖြစ်ခဲ့တယ်လေ"

"ဒေါက်တာရွှေဝတ်ရည်ဟာ သိပ်သနားစရာကောင်းသလို နော်၊ သူ့ဘယ်တော့မှ ရွှင်ရွှင်ပျပျမရှိဘူး"

"အေးပေါ့။ သူ့အဖြစ်က တိုင်းသိပြည်သိ အရှက်ကွဲခဲ့ရတဲ့ အဖြစ်ကို"

"ဟင်...ဘာ...ဘာ... သူဘာဖြစ်ခဲ့လို့လဲ ဦးလေး"

"ဒါတွေ မင်းမသိဘူးလား"

"ဟင့်အင်း...ဘာမှမသိဘူး။ ပြောပြစမ်းပါ ဦးလေးရယ်"

"ဒါတော့ ကလေးတွေကိစ္စ၊ ဦးလေး မပြောပါရစေနဲ့။ နုမြိုင်ကို မေးကြည့်ပါ သူ့အကုန်သိပါတယ်"

"ဟာဗျာ..."

"မှုဟာဗျာပါနဲ့ကွယ်၊ လူငယ်တွေကိစ္စသာ မပြောပါရစေ ပိတောက်မြိုင်နဲ့ပတ်သက်တဲ့ မြှုပ်ကွက်တွေတော့ လိုအပ်လာရင် ဦးလေးအချိန်မရွေး ပြောပြပါ့မယ်။ ကတိပေးတယ်"

"ပိတောက်မြိုင်ရဲ့မြှုပ်ကွက်"





"အေးလေ၊ ခုပြောပြီးတာက ဦးလေး တွေ့ထိခဲ့ရသမျှပါ။ မြှုပ်ကွက်ဆိုတာက မလိုအပ်ပါဘူး။ မင်းတို့လူငယ်တွေရဲ့ မေတ္တာရေးနဲ့လည်း မပတ်သက်ပါဘူး။ လိုအပ်တဲ့အခါ ပြောပါ့မယ်လို့ပဲ ဦးလေး ထပ်ပြောပါရစေတော့"

အောင်ဦးသာ မမေးသာတော့။

ဦးလွှန်းတင်ကို ချဉ်းကပ်မိလေမှ ရွှေဝတ်ရည်၏ တိုင်းသိပြည်သိ အရှက်ကွဲခဲ့ရတဲ့ အဖြစ် ဆိုသည်များက သူ့ရင်ကို ပိုမိုလေးလံသော ဝေဒနာတစ်ရပ် ထပ်မံ၍ ဖြည့်စွက်ထည့်သိုပေးခြင်း ခံလိုက်ရပါပြီ။

"နုမြိုင်ကိုမေးတဲ့။ ဟုတ်တယ်။ မခိုင်ကိုမေးမယ်။ ခုပဲ သွားမေးမယ်"

"ဩော်... အောင်ဦးသာ"

"ခင်ဗျာ..."

"ဟောဒီဝဲယာက ကျောက်စာတိုင်ကြီးတွေက သိပ်အရေးကြီး တဲ့သမိုင်းမှတ်တိုင်တွေပဲ။ လုပ်ပါဦး။ ပြောစမ်းပါဦးကွာ"

အောင်ဦးသာ စိတ်မပါတော့။

စိတ်က နုမြိုင်ထံ ရောက်နေသည်။ မေးချင်လှပြီ။ သိချင်လှပြီ။ အခွယ်တာရဆုံး ရွှေဝတ်ရည်၏အကြောင်းက သိချင်လှပါပြီ။

"လုပ်ပါဦးကွ၊ ဒီကျောက်စာတိုင်ကို မင်းဟာကြီးဟာ ဝေသာလီ ခေတ်ကောင်းကနေ သယ်ယူလာပြီး ဒီမှာစိုက်ထူထားတယ်ဆိုတာလောက်ပဲ ဦးလေးက သိလို့ပါ"

"ဟုတ်ကဲ့..."



www.burmeseclassic.com

www.burmeseclassic.com



ရေပြည့်အိုးမှ ရေတစ်စက် ဖိတ်စင်သော်လည်း ပြည့်လျှံလေးထ မြဲလို အောင်ဦးသာမှာ သက်ပြင်းကို မှုတ်ထုတ်လိုက်ပါသော်လည်း မပေါ့ပါးသောရင်ဖြင့်ပင် ကူညီပြောပြရပါပြီ။

"A.D 670 ခန့်က ဝေသာလီဘုရင် "အနန္တစန္ဒြမင်းကြီး" ဟ သူ့ရဲ့အန္တယ်တော် အမည်တွေ၊ ကောင်းမှုတော်တွေကို မော်ကွန်းထိ ရေးမှတ်ထားခဲ့တဲ့ ကျောက်စာဖြစ်ပါတယ်"

"အင်း..."

"အဲဒါ ဝေသာလီပျက်ပြီး ဒီဘုရားကြီးတည်တော့ မင်းတာ က ဒီကျောက်စာတိုင်ကြီးကို သယ်ယူခဲ့ကြပြီး ဒီသျှစ်သောင်း ဘုရ ကုန်းတောင်ပေါ်မှာ စိုက်ထူထားတာပါ။ ပထမကျောက်စာတိုင်မ မြေပေါ်အမြင့် ၁၁ ပေရှိပါတယ်"

"လေးမျက်နှာဖြစ်ပြီး တစ်မျက်နှာမှာ ၂ ပေနဲ့ ၄ လက်မ ကျ ဝန်းပါတယ် ဦးလေး"

"အရှေ့' 'မြောက်'နဲ့ 'အနောက်'ဘက် မျက်နှာတွေမှ 'သက္ကတ'ဘာသာနဲ့ ကျောက်စာ ရေးထိုးထားပြီး ကျန်တဲ့ မျက်နှာ တဘက်ကတော့ ကွက်လပ်ပါ။ အဲဒီနက်နဲခက်ခဲတဲ့ ကျောက် သုံးဘက်ကို ပါမောက္ခ ဂျွန်စတင်း ဟာ အသေအချာ လေ့လာ အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးသားထားခဲ့ပါတယ်"

"သြော်..."

"ဒုတိယ ကျောက်စာတိုင်ကတော့ ၈ ပေ ၁၀ လက်မမြင့် ရှစ်ထောင့် ဖြစ်ပါတယ်။ မြေတွင်းမှာ စိုက်ထားတဲ့ အတိုင်းအ





ပေါ်ဘူးနော်"

"အင်းပေါ့"

"ဝေသာလီဘုရင် အနန္တစန္ဒြမင်း စိုက်ထူခဲ့တဲ့ ကျောက်စာတိုင် ဟာ အင်မတန်မှ အံ့မခန်းစရာ ကောင်းတဲ့အချက် ရှိနေပါတယ်။ ဘာလဲဆိုတော့ ကျောက်စာ သုံးမျက်နှာ ရေးထိုးရာမှာ တစ်မျက်နှာနဲ့ တစ်မျက်နှာကို နှစ်ပေါင်း ၂၀၀ (နှစ်ရာတိတိ)စီခြားပြီး ရေးထိုးထား ပါတယ်။ ဒီဗုလာဖြစ်နေတဲ့ အစိုင်းကတော့ နောင်းမင်းများ ရေးထိုးဖို့ ချန်လှပ်ခဲ့ပေမယ့် မြောက်ဦးခေတ်မှာ စစ်မက်အင်္ဂါကြောင့် မရေးထိုး ဖြစ်ဘူးလို့ ယူဆရပါတယ် ခင်ဗျာ"

ဦးလွန်းတင်မှာ အနီးကပ် ငုံ့ကြည့်ရင်း အောင်ဦးသာ၏ စကား ကို နားထောင်ရှာသည်။

"ဒီတစ်ခုကတော့ 'တစ်မျက်နှာမှာ ၉ လက်မ ကျယ်ပြီး ပတ်လည်ဆိုရင်တော့ ၇၂ လက်မ ကျယ်ဝန်းမှာပေါ့ခင်ဗျာ။ ကျောက် တိုင် ထိပ်နားလောက်မှာတော့ အဆင်တန်ဆာတွေနဲ့ ကျကျနန ထုလုပ်ခဲ့ဟန် တူပါတယ်"

"အင်း... ဒီဝန်းကျင်မှာ ကြာပန်းနဲ့ ဓမ္မစကြာ အမှတ်တံဆိပ် ပါတဲ့ ကျောက်တုံးကြီးတွေလည်း တွေ့ရတယ်နော်၊ ကျေးဇူးပဲကွယ်"

အလိုက်သိတတ်ပုံရသော ဦးလွန်းတင်မှာ အောင်ဦးသာ၏ မျက်နှာမှ ဝေဒနာများကို စာနာစိတ်ဖြင့် ပြန်ဆင်းလာခဲ့သည်။ အဆင်းလမ်း တွင်ဖြင့် သူချည်းသာ စကားပြောလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမြောက်ဦးကို သုတေသီတွေက ခေတ်သုံးခေတ်အဖြစ်နဲ့ ပိုင်းခြားပြီး မြင်ထားကြတယ်နော်"

"မြောက်ဦးခေတ် ထွန်းကားကြီးကျယ်ခဲ့တဲ့ နေရာမှာ လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်ဝတဲ့ 'မဟာပညာကျော်'လို အမတ်ကြီးတွေ ထွန်းကားခဲ့တာလည်း ပါပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ ဦးလေးကြားဖူးတယ်။ နာမည်တွေသာ မေ့နေတာ။ ဦးလေးက အနုပညာသည်ဆိုတော့ ပန်းချီပညာ၊ ပန်းရံပညာ၊ ကျောက်ဆစ်ပညာတွေကိုချည်း ချိုးကျူးရုံ မကသေးဘူး။ မြောက်ဦးခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ စာဆိုတော် အကျော်အမော်တွေကိုလည်း ပူဇော်ပါတယ် အောင်ဦးသာ"

"ဟုတ်ကဲ့ပါ ဦးလေး"

"**အဒူမင်းညို**'နဲ့'**ဥက္ကါပျံ**'ဆိုတဲ့ စာဆိုတော်ကြီးတွေလေ"

"ဟုတ်ပါတယ်ခင်ဗျ"

"အဒူမင်းညိုရဲ့ ရခိုင်မင်းသမီး ချေင်းဆိုရင် မြန်မာပြည်ရဲ့ အစောဆုံးချေင်း ၁၂ စောင်ထက် ပိုပြီးစောနေလို့ တကယ့်ကို မော်ကွန်းတင်စရာ ချေင်းကြီးအဖြစ်နဲ့ ယနေ့စာပေစင်မှာ စံတင်ထားကြဆဲပါ"

"ဟုတ်ကဲ့၊ အဲဒီ ချေင်းကိုတောင် ရှေ့...အဲလေ... ကျွန်တော့် ရွှေဝတ်ရည်က ကြည့်ချင်တယ်ဆိုလို့ ကျွန်တော် ရှာထားပါတယ်။ သွားပေးရဦးမယ်"

"ကဲ ကဲ... အောင်ဦးသာ မော်လှရှော့မယ်ကွယ်။ အရှေ့တိုင်းမှာ အကြီးဆုံးသိမ်အဖြစ် သမုတ်ခဲ့တဲ့ ယောဒီ ဘုရားပုံတူ ဆွဲပြီး ဦးလေး





ရှာခဲ့တော့မယ်။ အောင်ဦးသာ ပြန်နိုင်ပါပြီကွယ်... ကျေးဇူးအထူးတင်ပါတယ်"

"ဟုတ်ကဲ့... ကျွန်တော်လည်း ဦးလေးနဲ့ လာတွေ့ပါဦးမယ်။ သွားမယ်နော်"

"ကောင်းပြီ အောင်ဦးသာ...ကောင်းပြီ"

ပန်းချီဒေါက်ကို ဆင်ပြီးနောက် မပြီးသေးသော ဆီဆေးကားကို တင်နေချိန်မှာ ကျယ်ပြန့်သာယာလှသော သင်္ကျုမာန်အောင်၊ နတ်အခေါ် စကြံမာန်အောင် စေတီတော်ရင်ပြင်၏ ပြင်ပသို့ အောင်ဦးသာ ထွက်လာခဲ့ပါတော့သတည်း။

သူ့ခြေလှမ်းများက သူခင်မင်သော မခိုင်ရှိရာသို့...

သူ့စိတ်များကမူ မြတ်နိုးလွန်းရပါသော ရွှေ့ထံသို့ ရောက်နေ၊ သွားနေနှင့်လေပြီတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၁၀ ॥

'ခိုင်ခိုင်ကိုယ်တိုင် ငြင်းချင်ငြင်းလိုက်... အဲဒီကိစ္စကိုတော့ အရီးချေ ဘယ်လို မှ သဘောမတူနိုင်ဘူး။ သူ့အဖေကလည်း ဘယ်နည်းနဲ့မှ ကျေနပ်နိုင်မှာ မဟုတ်ဘူး"

"အရီးရယ်... ကိုယ့်သားလေး ဆရာဝန်မ တစ်ယောက်လုံး ရမှာကိုများ ငြင်းရတယ်လို့... ခိုင်တော့ ဝမ်းသာနေမိတယ်"

အဒေါ်အရင်းလို ချစ်ခင်ရင်းနှီးပြီးသား အောင်ဦးသာ၏ မိခင် ဒေါ်ကျက်ရုံးဖြူ သို့ နုမြခိုင်၏ ပြန်ကြားသောစကားပါ။

သူ့ရင်တွင်း လောင်မြိုက်မှုကို ပိတ်ဆီးကာရံလျက် သူ့အပြောတွင် အပြုံးလေး ရောနှော ကူပံ့လိုက်ရပါသေးသည်။ နုံးသောရင်နှင့် ဆန့်ကျင်ဘက် အပြုံးတုတစ်ခုဟူ၍ဖြင့် အမျိုးသမီးကြီး နှစ်ဦးလုံး မရိပ်မိကြရှာပါ။

နုမြခိုင်၏ မိခင်ဖြစ်သော ဆရာမ ဒေါ်စိန်နုမှာမူ ရင်းနှီးပြီးသား ဆိုပါသော်လည်း မိန်းကလေးရှင်မို့ ဝင်ပြောရခက်သလို နှုတ်ဆိတ်နေသည်ကို...





"မဟုတ်ပါဘူး။ ခိုင်ခိုင်ရော မစိန်နုကိုပါ ကျွန်မတော့ အားမရဲဘူး။ ခိုင်ခိုင်က ဘွဲ့ရလာပြီး သားလေးက ကျောင်းထုတ်ခံထားရတယ်ဆိုလို့များ..."

"အို...မဖြူရယ်...မဟုတ်တာတွေ... သူတို့လေးနှစ်ယောက် ကြီးလာရင် ပေးစားမယ်ဆိုပြီး ကျွန်မတို့သားအမိဘက်က ဘာမှ အပျက်အကွက် မရှိပါဘူး။ အောင်ဦးသာက ဆရာဝန်မကို စွဲလန်းနေလို့ စဉ်းစားကြတာပါ"

"ဆရာဝန်မက သူ့ကို မကြိုက်သေးဘူးဆို...၊ ဟုတ်လား ခိုင်ခိုင်"

"ဟုတ်ပါတယ် အရီး"

"အေး... ဒါဆို ပြီးနေတာပဲ။ သူ့ကို တစ်ခါတည်း ဖွင့်ပြောပြီး မင်္ဂလာကိစ္စ ချက်ချင်း စီစဉ်လိုက်ကြရအောင်... ဘယ့်နဲ့လဲ မစိန်နု"

"ကျွန်မ ကျေနပ်ပြီးသားကိစ္စပါ မဖြူ ကလေးတွေနဲ့သာ တိုင်ပင်ပါလေ"

"ကဲ... ခိုင်ခိုင်... အရီးရဲ့သားကို ဒီည အပြတ်ပြောပြီး အမြန်ဆုံး မင်္ဂလာကိစ္စ လုပ်တော့မယ်နော်"

နုမြခိုင်သည် အမျိုးသမီးကြီးများကို မကြည့်၊ သိတ္တနေသော မျက်ရည်များကို မမြင်သာပါစေရန် ဘေးတိုက် အနေထားဖြင့် ဝေးလံသော အရပ်ဆီသို့ လှမ်းကြည့်ရင်း ခေါင်းယမ်းပြလိုက်သည်။

"ဘယ်လို..."

"ခိုင်ခိုင် အောင်ဦးသာကို မယူပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"သူ့အချစ်ကို ရွှေဝတ်ရည် မကြာခင် နားလည် လက်ခံလာလိမ့်မယ်လို့ ခိုင်ထင်ပါတယ်၊ သူတို့ချင်းပဲ ထိုက်တန်..."

"တော်... သမီး တော်... အရီးကိုယ်တိုင် ဒီဆရာဝန်မနဲ့ သဘောမတူနိုင်ဘူး"

"ရွှေဝတ်ရည်ဟာ မြန်မာဖြစ်နေလို့လား အရီး"

"မဟုတ်ဘူး... မြန်မာကို မကြိုက်တာ မဟုတ်ဘူး။ ရခိုင်ကိုသာကြိုက်တာ။ ခုလို တစ်မြို့တည်း တစ်ရပ်တည်း အတွင်းသိ အစင်းသိ မျိုးသိ ရိုးသိတဲ့ တို့အချင်းချင်းပဲ ပေးစားချင်တယ်။ ဒါဟာ မိဘတိုင်းရဲ့ ဆန္ဒပဲ ခိုင်ခိုင်။ ပြီးတော့ ဒီဆရာဝန်မလေးဟာ ရုပ်ကလေး လှတာက လွဲလို့ နောက်ကြောင်းမှ မရှင်းဘဲ"

"အို... အရီးက ဘာတွေသိထားလို့လဲ"

"သားက ခိုင်ခိုင့်ကိုကျော်ပြီး ဆရာဝန်မကို စိတ်ဝင်စားနေပြီဆိုတည်းက စုံစမ်းကြည့်ရတာပေါ့။ သူဟာ ဒေါက်တာမျိုးဝေဆိုတာနဲ့ ယူတော့မလို့ စေ့စပ်ပြီးမှ မယားကြီးပေါ်လာလို့"

"အို..."

"ပြီးတော့ အဲဒီ ဒေါက်တာမျိုးဝေက နိုင်ငံခြားထွက်သွားပြီ။ စေ့စပ်ရေးကိုလည်း ဖျက်သေးတာမဟုတ်ဘူး။ မတော် သူပြန်လာရင် ဇာတ်က ရှုပ်ချင်ရှုပ်လာဦးမှာ"

နုမြခိုင် သက်ပြင်းချမိပါသည်။





မြတ်နိုးလွန်းရပါသော ရတနာတစ်ခုကို စွန့်လွှတ်ရခါနီး အချိန်မို့ ရင်မှာ လှိုင်းကြမ်းထန်နေသည်။

"သားသာ ဒီဆရာဝန်မနဲ့ ရသွားရင် ကျွန်မတော့ သားကို ဆုံးပြီလို့ သဘောထားလိုက်မယ်။ သူလည်း တစ်သက်လုံး စိတ်ချမ်းသာရမှာ မဟုတ်ဘူး"

"အို... အရီးရယ်... ဒီလိုမပြောပါနဲ့၊ ဒီလိုမပြောပါနဲ့နော်"

"ခိုင်ခိုင်... ဘာဖြစ်နေတာလဲ၊ ခိုင်ခိုင်ကိုယ်တိုင် သားနဲ့ နီးနီးစပ်စပ် နေဖို့ အချိန်... ခုတော့ ခိုင်ခိုင်ကိုယ်တိုင်က ရှောင်ဖယ်ဖယ်နဲ့"

မချင့်မရဲလေသံနှင့် ဒေါ်ကျက်ရှုံးဖြူက ဆိုလာသည်။ နုမြခိုင်မှာ ထိန်းထားနိုင်စွမ်းမရှိတော့။

"အို... သမီးက ဘာလို့ ငိုရတာလဲ"

သူ့ရင်မှ ဝေဒနာမှန်ကို ဤမိခင်နှစ်ယောက် မသိကြပါစေနဲ့... မမြင်ကြပါစေနဲ့...

သမီးကြီးငိုတော့ ဒေါ်စိန်နု ပြာသွားသည်။ ရင်မှာ နာသွားသည်၊ သားသမီးတို့၏ မျက်ရည်ကို မိခင်တိုင်း မမြင်ရက်ကြ။

"ပြောစမ်း ငါ့သမီးကြီး၊ ဘာဖြစ်လို့လဲကွယ်"

"မေမေ"

"အရီး"

"ဟင်... ဘာလဲသမီး"

"သမီး...သမီးလိုပဲ သူ့ကို ဖြစ်စေချင်တယ်"

"ဟင်... ဘာဖြစ်စေချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးယူမယ့် ယောကျ်ားဟာ သမီးကို အချစ်ဦး ဖြစ်စေချင်တယ်။ သူက... ရွှေဝတ်ရည်ကို ချစ်နေပြီ... ဒါကြောင့် ဒါကြောင့် သမီးလေ... သမီး အောင်ဦးသာကို မချစ်နိုင်တော့ဘူး။ လက်မထပ်နိုင်တော့ဘူး"

"အို..."

"သူ... ရွှေဝတ်ရည်ကိုပဲ ယူပါစေ... ကြည်ဖြူလိုက်ပါ အရီးရယ်... သူ့ကို ခွင့်လွှတ်လိုက်ပါနော်"

ရယူလိုသော အချစ်နှင့်...

စွန့်လွှတ်ပေးရဲသော မေတ္တာ။

နှစ်ခုအနက် ဒုတိယဖြစ်သော အမြတ်တရားလမ်းကို သူတို့နှစ်ဦးအား ပေးဆက်ပြီးမိမိက ဘေးဖယ်နေပါတော့မည်ဟူသော ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချပြီး လူကြီးများရှေ့မှ နှမြိုင် ထလာခဲ့သည်။

အိပ်ခန်းတွင်းရောက်တော့ မျက်ရည်များက ရေစီးသန်သော ချောင်းနှစ်သွယ်နှယ်ကဲ့သို့ပါ...

မိမိကျရသော အပူမျက်ရည်သည် သူတို့နှစ်ဦးအတွက် အေးမြသော စမ်းရေ ဖြစ်ပါစေသတည်း။

◆ ◆ ◆



## အခန်း ။ ၁၁ ။

ဧ...၊ ဗေပိမ့်ရေရွှတ်၊ နဝရတ်တည့်၊ စီးခတ်ကိုးမြွာ၊ ဝင်းဝင်းဝါမျှ၊ ရတနာရောင်၊ ပြောင်သည်ရှူးရှူး၊ မြောက်ဦးလည်းချက်၊ ရွှေနန်းထက်ဝယ်၊ ဘုန်းဆက်စဉ်ဖြစ်၊ ကေရာဇ်တကာ၊ မင်းပမာတည့်၊ အာဏာလက်ရုံး၊ တန်ခိုးပြုံးကာ၊ ပတ္တကုံးထန်သည်း၊ ကျွန်းလုံးကြည်းမျှ၊ ရှင့်ခမည်းမင်း၊ ရှင့်မိရင်းကား၊ လက်ငင်းယခု၊ ပြုသည့်ကမ္မ၊ ရေးပုညကြောင့်၊ ဤမျှတည်းသာ၊ မဟူစွာတည့်၊ မဟာသမတ်၊ နွယ်မပြတ်လျှင်၊ အထွတ်ထိပ်မိုး၊ ပြည်ပြည်စိုးသည်၊ မျိုးလည်းလွန်မြတ် ထူးတည့်လေး...

ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ပေါ်သည်ကမ္ဘာ၊ မဟာသမတ်မင်းများနတ်၏၊ မပြတ်တည့် ဆက်ရေး၊ သားသားမြေး...

လေည်း ယင်ယင် ဧ...



www.burmeseclassic.com

www.burmeseclassic.com



ဧ...၊ တေည့်ယင်ယင်၊ သေံလွင်နှင့်၊ ဘွားရှင်တော်ရင်း၊ မြေးမယ်မင်းကို၊ သံညှင်းနှစ်သိမ့်၊ အိပ်ပျော်စိမ့်ဟု၊ သံဆိမ့်ကျူး‌ေ၊ ဂုဏ်ရဝိက်ကြွေးသို့။ သံလေးတမျှ၊ သံမြတမွန်း၊ သံချိုခွန်းဖြင့်၊ ရွှေနန်းဘုံဗိုဟ်၊ ဥကင်ထဲဝယ်၊ တသဲသောင်းသောင်း၊ ထိန်းယပေါင်းနှင့်၊ အကြောင်းအစရင်း၊ အခြင်းအတာ၊ ဟူသမျှကို၊ ချီချပြဖော်၊ စိုက်စိုက်ခေါ်သည်၊ မယ်တော်မိခင်၊ ကျူးတည့်လေး...။

ဂီကျူးတည့် မှောက်တော်၊ ဟုတ်တည့် ပြော်၊ မယ်တော်ရှင်ရင်း၊ ကျူးခြင်းသံညောင်း၊ နားသာတောင်းစွ၊ ရှစ်သောင်းတည့် ရင်သွေး၊ နှာပျော်သေး...။

ဧလည်းယင်ယင် ဧ...။

"အင်း... နှစ်ပိုဒ်လုံးဖတ်မှပဲ မြောက်ဦးမင်းနဲ့ မိဖုရားရဲ့ ဘု[illegible]သမ္မာကို ချီးကျူးတာရော သမီးတော်လေးအတွက် ရွှေနားတော်သွင်[illegible]တဲ့ ချေင်းကျူးရင့်ပုံ အခ်ိပ္ပာယ်ကိုပါ မှန်းလို့ ကောက်လို့ ရလာတ[illegible]နော်..."

"ဟုတ်ကဲ့... ရွှေ...ဒီ 'ရခိုင်မင်းသမီး ချေင်း'ဟာ...ရှေးအကျဆုံ[illegible]ချေင်းဖြစ်လို့ အဖိုးမဖြတ်နိုင်တဲ့ စာပေရတနာတစ်ခုပါ..."

"သီဖွဲ့ခဲ့သူက 'အဒူမင်းညို'နော်။ 'အဗ္ဗဒူမင်းညို'လို့လည်[illegible]တွေ့မိတယ်"





"ဟုတ်ကဲ့ မြောက်ဦးမင်းဆက် ၃ ဆက်မြောက်ဖြစ်တဲ့ ဘစော[illegible]ဟာ ရခိုင်သက္ကရာဇ် ၈၂၁။ ခရစ်သက္ကရာဇ် ၁၄၅၉ ခုနှစ်မှာ[illegible]န်းတက်ပြီး အဒူမင်းညိုကို အမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပါတယ်။ [illegible]သာဝတီမှု ရခိုင်မင်းသမီး ချေင်းစာအုပ်မှာတော့ သက္ကရာဇ် ၈၁၇မှာ[illegible]စောဖြူနန်းတက်တယ်လို့ ဆိုထားပါတယ်။ စာဆိုရှင် အမတ်ကြီး[illegible]ဘုရင့်သမီးတော်လေး '**စောရွှေကြာ**'အတွက် ရွှေနားတော်သွင်းဖို့[illegible]ချေင်းကို ရေးစပ်ခဲ့ပါတယ်ရွှေ"

"ရခိုင်မင်းသမီးရယ်လို့ ချေင်းဘွဲ့ခံသူဟာ '**စောရွှေကြာ**'[illegible]လား"

"ဟုတ်ပါတယ်၊ မြန်မာတို့ရဲ့ **အစောဆုံး**ဖြစ်တဲ့ ချေင်း ၁၂စောင်[illegible]နံပါတ် ၁ သခင်ထွေး ချေင်းက ကောဇာ သက္ကရာဇ် **၈၃၈** မှာ[illegible]ပြီး။ ဒုတိယဖြစ်တဲ့ မင်းတရား ရွှေထီးချေင်းက **၈၇၈** ခုနှစ်မှာ[illegible]လို့ ဒီရခိုင်မင်းသမီး ချေင်းဟာ...ရှေးအကျဆုံး ချေင်းတန်ဆောင်[illegible]နေခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် အောင်ဦးသာ။ ရခိုင်ပြည် ရောက်တုန်း[illegible]ရခိုင်တို့ရဲ့ အားမာန် အနုပညာစာပေ စတဲ့ သိသင့်သိထိုက်တာတွေ[illegible]လေ့လာသွားချင်ပါတယ်"

"လေ့လာသွားချင်တယ်"

"အင်းလေ"

"လေ့လာသွားချင်တယ်ဆိုတော့ ရွှေမှာ ပြန်ဖို့ ရည်ရွယ်ပြီးသား[illegible]နော်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည် ရယ်လေသည်။

"အောင်ဦးသာကလေ မမဘာပြောပြော သိပ်ပြီးအမိပ္ပာ ကောက်တတ်တာပဲ"

"အလေးအနက်ထားလွန်းလို့ပါဗျာ"

"မမကိုယ်တိုင်တောင် ဘယ်အချိန်ဘယ်အခါမှာ ဘယ်နေ ကို ပြန်မယ်ဆိုတာ မစဉ်းစားဖြစ်သေးပါဘူးလေ"

"ကျွန်တော်တို့ရဲ့ ဧည့်ဝတီမှာ ပျော်ပါစေလို့ပဲ ကျွန်တေ ဆုတောင်းပါတယ်"

"ကဲပါ...မမလည်း ဆုတောင်းပါတယ်"

"ကျွန်တော် တစ်ခုမေးပါရစေ"

"ဘာလဲ...မေးလေ"

"ရွှေ့စကားထဲမှာ ဘယ်နေရာကို ပြန်မယ်ဆိုတာ ပါနေ လိုသေးသလားဗျာ၊ ရွှေ့အိမ်က ရန်ကုန်မှာပဲ မဟုတ်လား"

"ဒါကြောင့် ပြောတာပေါ့။ မမ စကားပြောတိုင်း အမိပ္ပာ အကျုံမခံဘူး၊ လိုက်ကောက်ပါတယ်လို့..."

"ကျွန်တော် သိခွင့်ရှိရင် သိချင်ပါတယ်"

"မမ ရန်ကုန် ပြန်ဖြစ်တောင် အိမ်ကို... ပိတောက်မြိုင်ကို ပြ မယ် မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အိမ်မှာ မေမေ့ကိုယ် တစ်ယောက်ရှောက်နေပြီလေ"

"ဟင်"





မိဒွေးနှင့် နေချင်ရာမည်မဟုတ်သော ရွှေ့ကို အသနားတွေ ကြင်နာတွေ မိုးထိမြင့်အောင် ဆင့်ဆင့်ဝေနေမိပါပြီ။

ရွှေဝတ်ရည်သည် ၃၄ ပိုဒ် ပါရှိသော ရခိုင်မင်းသမီး ဧချင်း အုပ်ငယ်ကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေပါ၍ အောင်ဦးသာသည် ရွှေဝတ်ရည်ကို အားမနာတမ်း ငေးကြည့်နေခွင့်ရသည်။

ဆောင်းည၏ လရောင်အောက်တွင် များစွာသော ပေးဆက် ချင်းများဖြင့် ဖွဲ့စည်းအပ်သော မေတ္တာစကားကို ဆိုထားသူ ပါလား ၍ အောင်ဦးသာကို အသိအမှတ် မပြုသလိုပါ။ ထိုတစ်ညကို သတိ ရတော့သလိုပါ။

"သြော်... တည်ငြိမ် ရင့်ကျက်ပါပေရဲ့ ရွှေရယ်... ဟိုညက ဖြစ်အပျက်လေးကို ဖြတ်ခြိုးချန်ရစ်ပြီး မေ့ပစ်လိုက်နိုင်တယ်နော်"

"ကျွန်တော့်ပေါ်မှာ အရင် ဆက်ဆံပုံမျိုးအတိုင်း၊ ခုလည်း လိုပါပဲလား။ မေတ္တာထားတတ်လွန်းတဲ့ ကောင်လေးတစ်ယောက် ရယ်လို့တောင် အသိအမှတ် မပြုဟန်နဲ့ ရင့်ရင့်တည်တည် နေလု ည်လားဗျာ"

ပထမတုန်းဆီကတော့ သူပြောချင် တင်ပြချင်သည်လေးများကို င်ပြခွင့်ရလျှင် တော်ပါပြီ။ သူ့ရင်မှ ခံစားမှု တစ်စိတ်တစ်ဒေသကို ားလည်ပါတယ်ဆိုရင် ကျေနပ်ပါပြီ။

"ရွှေစိတ်မဆိုးပါစေနဲ့...ရွှေ အခင်မင် မပျက်ပါစေနဲ့"

ဟူသော ဆန္ဒများအတိုင်း ယခု နောက်ပိုင်းကာလများတွင် ်နေခဲ့ပါလျက်...



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးသာမှာ တင်းတိမ် ရောင့်ရဲနိုင်စွမ်းအား မရှိတော့ပါ
မချင့်မရဲဖြစ်သောစိတ်က ရင်ထဲ၌ ရုန်းကန်လှုပ်ရှားလွန်း
သည်။

အချစ်ဦးအား အဘယ်မျှ ချစ်ရပါသည်၊ အဘယ်မျှ ကြင်
ရပါသည်၊ အဘယ်မျှ မြတ်နိုးရပါသည် ဆိုသည်များကို စီကာစဉ်က
တင်ပြချင်လှပါသည်။ သူပြောနိုင်ခွင့် ရပါလျှင်လည်း သူ့ရင်တွင်း
ကိန်းဝပ်နေသော ချစ်မြတ်နိုးစိတ်၏ တစ်ရာနှုန်းမျှလောက်ပင် ရှိမ
မဟုတ်ပါ ဆိုသည်ကိုပါ ဆက်လက်၍ ရွှေ ယုံစေချင်သည်။ လက်
စေချင်ပါသည်။

စာဖတ်နေသော ရွှေ့ကို အနှောင့်အယှက် မဖြစ်စေလိုပါ
ကက်ဆက်ကို တိတ်ခွေလဲပြီး ဖွင့်ပေးလိုက်သည်။ ရွှေ ကြိုက်သ
ဆိုသော 'နန်းတော်ရှေ့ဆရာတင်'၏ 'စုံတောမြိုင်'ကို... 'ကိုသိန်းတ
(မြန်မာပြည်)'မှ ပြန်လည် ဆန်းသစ်ထားသည့် စီးရီး(စ)...

× × သူတော်ကောင်းတွေမှ× × ကိန်းအောင်း
မွေ့လျော်ကြတဲ့× ×
စုံတော× မဟာမြိုင်×
× ပန်း...မာလာကြိုင်× × လွမ်းစရာပိုင်×
တောဂနိုင် မြိုင်အတွင်းမှာလ× ပျံ့သင်း အင်ကြင်း×
× ထန်း တစ်ပင်နှစ်ပင်× × ပန်း... သဇင် သဇင်× ×
ပေါ်ပါဘိသနဲ့× × စုံတောမြိုင်× × ချောင်× ×





"အင်... အဲဒီတိတ်ခွေ ရလာပြီကိုး... တကယ်ပဲ ရင်အေးစေတဲ့
ချင်းလေးပဲ"

"နားထောင်ပါရွှေ"

ဂီတဆိုတာ အသံသာမှုမှုတစ်ဆင့် ရင်ကို အေးမြ ငြိမ့်ညောင်း
တဲ့ အရာပဲ။ အနုပညာရေစီးကြောင်းအရ ဟော့(တ်)ဖြစ်တဲ့ သီချင်း
တွကိုလည်း လက်ခံသင့်ပေမယ့် မမတော့ အဲဒီလို အေးအေးငြိမ်းငြိမ်း
လေးပဲ နားထောင်ချင်တယ်"

"အဲဒီလို ခံစားတတ်မှန်းသိလို့ စစ်တွေထိ မှာပြီး ဒီစာအုပ်နဲ့
တူလာပို့တာပါ"

"ကက်ဆက်ပါ ပေးထားတဲ့အတွက်လည်း ကျေးဇူးတင်လှပါ
ယ်။ မမရဲ့ အနားယူချိန်လေးမှာ စာပေဂီတတွေနဲ့ အပမ်းဖြေရတာ
ကောင်းဆုံးသော သာယာမှုပါ။ ခဏတာလေးတော့ ရင်ထဲမှာ စွဲကပ်
တဲ့ သောကတွေ လွင့်စင်ရတာပေါ့ကွယ်"

"ထာဝရ လွင့်စင်သွားနိုင်အောင် ကျွန်တော် လုပ်ပေးခွင့်များ
ထ်ဆိုရင် ကျွန်တော့် ကိုယ်ခန္ဓာနဲ့ စက်လဲပြီး လုပ်ပေးရဲပါတယ်။
ပ်ပေးခွင့်လည်း ရချင်ပါတယ်"

"သူများ ကုပေးလို့ရတဲ့ ဝေဒနာမျိုးမှ မဟုတ်ဘဲ အောင်ဦးသာရဲ့"
စကားသံက ပြတ်တောင်းလွန်းတော့ မာကျောနေသည်။

အောင်ဦးသာမှာ ရွှေ့ကို ဝေဝေမှိုင်းမှိုင်း ကြည့်လိုက်သည်။
ဲလိုသော စကားများက သူ့မျက်ဝန်းမှ ယိုကျလာတော့ မရှိပါ။

"ကျွန်တော်ပြန်မယ် ရွှေ"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းထပြီး ဖြန့်ခဲ့သည်။ လှေကားရင်းမှာ ဖိနပ်စီးရင်းဖ သူ့ရွှေရတနာကို မကြည့်မိအောင် ငုံ့ပြီး လှေကားမှ ဆင်းခဲ့သည် ခပ်သုတ်သုတ်ပင် နောက်ခိုင်း၍ ထွက်လာခဲ့သည်။

မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိသော လူငယ်တို့၏စိတ်ဖြင့် နှိမ်သောဒဏ်ကို မခံချင်သောမာန်နှင့် ထွက်လာခဲ့သည်။

ရင်ထဲတွင် ခံပြင်းစိတ်နှင့် ကြေကွဲစိတ်တို့ ရောထွေးစွာ ခံစား ရသည်။

သူ့ကို ပြန်မချစ်ရင် နေပါ... သူ၏ နှိုင်းတုစံလွတ်သော မြတ် မှုမေတ္တာကိုဖြင့် အလေးအနက်ထားစေချင်လှပါသည်။

"မတို့ပြန်ချစ်ရင်လည်း ရပါတယ်။ ပေါ့ပေါ့တန်တန် မထီတ လုပ်နေဖို့တော့ မသင့်ပါ။ တဘက်လူ မည်မျှ ခံစားနေရပါသည် ဆိုသည်ကို မစာနာတတ်သော မထောက်ထားရက်သော အချစ်ရ ချစ်သူရယ်"

အောင်ဦးသာ၏ ရင်ထဲမှာ ပျံ့ဝဲနေသော အသံများ...

အောင်ဦးသာ ကွယ်ပျောက်သွားလေမှ ရွှေဝတ်ရည်သည် သူ့လက်ထဲတွင် ကိုင်ထားဆဲ ရခိုင်မင်းသမီးချင်းကို ကြည့်မိသည် စုံတော်မြှင် ဆိုသော ဂီတသံစဉ်ကို နားဆင်မိသည်။

ဆန္ဒ၏ တစွန်းတစလေးကို ကြားသိသွားလျှင်ပင် မရရအောင် စွမ်းဆောင်ရှာဖွေပေးရှာသော အောင်ဦးသာ။

စာပေနှင့် ဂီတမှာ နစ်မြုပ်ထားရင်း သူ့သောကများကို စွန့်ပ မေ့ထားနိုင်အောင် ကြိုးစားမည်ဆိုသော ရည်ရွယ်မှုအောင်မြင်အောင် ကူညီပေးနေရှာသူမှာ အောင်ဦးသာ။





ရွှေဝတ်ရည်မှာ အောင်ဦးသာ ပို့ထားသော ဒရင်း(မ)ဘက် လားထိုင်မှာ ထိုင်ရင်း ချင်းစာအုပ်ကို ရင်ခွင်ပေါ်၌ တင်ထားလိုက် သည်။

ကိုသိန်းတန်၏ စုံတော်မြှင် သံစဉ်နွဲ့နွဲ့လေးကလည်း ရင်ထဲသို့ အေးမြစွာ စီးဝင်လာနေဆဲပါ။

သူ့ရင်ပေါ်တွင်လည်း ချင်း...

သူ့ရင်ကို ငြိမ်းစေ၊ အေးစေအောင် ဂီတသံစဉ်နှင့် ချင်းကို ယ်ပို့ပေးသူမှာ အောင်ဦးသာ။

"သြော်... ငါ့အတွက် အစားအသောက် အနေအထိုင်ကအစ လှုပ်ရှားမှုအားလုံးကို အရိပ်လေးလို လိုက်ပြီး အသေးစိပ် ကူညီ းနေရှာတဲ့ ကောင်လေး"

မေတ္တာတရားကို ခံယူရရှိခြင်း ဆိုသည်မှာ အေးမြခြင်းကို ငိုးခွင့် ရရှိခြင်းပါလားဆိုသော အသိကို ရွှေဝတ်ရည် ခံယူလာ သည်။

မေတ္တာဆိုသည့် စမ်း ခမ်းခြောက်နေသည့်ဘေးမှ...

အကြင်နာ ရွက်စိမ်းများ နေပူရှိန်ရှိန်၏ဒဏ်ကို အလူးလဲ နေရချိန်တွင်...

"စမ်းရေလေး စီးလာခြင်းလား..."

"ရွက်သစ်နုလေး ဝေလာခြင်းလား..."

"နေဝင်၍ လ,ရောင်ရိပ်လေး ဖြာဆင်းလာခြင်းလားကွယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၁၂ ॥

"မခိုင်ရယ်"

"ဟင်…အောင်ဦးသာ တာဖြစ်လာလဲဟင်"

အောင်ဦးသာ၏ အိမ်တွင်ပင် ဖြစ်သည်။ ဒေါ်ကျုတ်ရုံးဖြူညာ လေအောင့်ပြီး နေမကောင်းဟု အောင်ဦးသာက ဆေးခန်းသို့မသွား လာပြောသွားပါ၍ နုမြခိုင် ရောက်ရှိနေရခြင်းပါ။

သည်အိမ်က သည်လိုပင် လာနေကျ။ နှစ်အိမ်တစ်အိမ် ကူးလူး ဆက်ဆံနေကျပါ။

အောင်ဦးသာတို့အိမ်၏ ကျယ်ဝန်းသော နောက်ဘက်ခန်းမ ကြီး၏ လေသာဆောင်တွင်ဖြစ်ပါ၏။

နာကျည်းခြင်းသို့ မရောက်မီ ခံပြင်းခြင်းလောက်သော ခံစား မှုနှင့် နာကျင်ကြေကွဲခြင်း စသော ဝေဒနာတို့ ပေါင်းယှက်ရောနှော နေသော အောင်ဦးသာ၏ မျက်နှာကို နုမြခိုင် ငေးကြည့်နေမိသည်။

"သူဟာလေ တကယ့်ကို နှလုံးသားမဲ့နေပြီ မခိုင်ရဲ့။ သူ့ရင်ထဲ





မှာ ဘာခံစားမှုမှ မရှိတော့ဘူး။ တဘက်လူရဲ့ ခံစားမှုကိုတောင် သိမှတ် စာနာတတ်တဲ့ နှလုံးသားမရှိတော့တဲ့ မိန်းမ"

ရွှေဝတ်ရည်၏ ရှေ့တော်မှောက်မှာ မပြောရဲခဲ့သမျှ ရင်ထဲမှာ အချင့်မရဲ ကြိတ်ခဲသိမ်းဆည်း၍ သယ်ဆောင်လာခဲ့ရသမျှသော စကား လုံးများကို နုမြခိုင်၏ ရှေ့ကျမှ ထုတ်သွန်နေသည်။

နုမြခိုင်၏ ရင်ထဲတွင်လည်း ဆန့်ကျင်ဘက် အင်အားများ ညီမျှစွာ ပြိုင်နေသည်။

ရွှေဝတ်ရည်ပေါ်တွင် တိကျစွာ ကျရောက်နေသည့် အောင်ဦး သာ၏ မေတ္တာအလင်းတန်းကြီး ရုပ်သိမ်းမှေးမှိန်လာလျှင် သည်မှာ ဘက် ဖြစ်သော မိမိထံသို့ လှည့်ပြန်ထွန်းလင်းလာနိုင်မလားဆည် ဟူသော မျှော်လင့်မှုနှင့်…

အချစ်ရခဲ့ အောင်ဦးသာ သည်သို့ ခံစားနေရသည်ကို မကြည့် ရက်စိတ်နှင့် ရွှေဝတ်ရည်ထံမှ မေတ္တာရောင်ပြန်များ ပြန်လည် ထွန်းလင်း တောက်ပလာစေရန် မိမိကြားဝင်၍ ပေးလိုက်ရကောင်းမလား ဟူသော စေတနာစိတ်တို့ အားပြိုင်နေဆဲမှာ…

"မခိုင်"

"ဟင်…"

"ကျွန်တော် သူ့ကို သိပ်ချစ်တယ်ဗျာ"

"အောင်ဦးသာရယ်"

"ကျွန်တော် ဖြစ်စေချင်တာက နည်းနည်းလေးပါ။ မျှော်လင့် တာက တစ်ခုတည်းပါ"

www.burmeseclassic.com



"ဘာလဲ"

"သူပြန်မချစ်ရင်လည်း နေပါ။ ကျွန်တော် ဘယ်လောက်ထိအောင် ချစ်မြတ်နိုးနေပါတယ် ဆိုတာကိုတော့ အသိအမှတ်ပြုစေချင်တယ်"

"ခု ဘယ်လိုဖြစ်လာလို့လဲကွယ်"

"သိပ်တည်တာပဲ၊ သိပ်တင်းတာပဲဗျာ"

ဘာတွေ ပြောလွှတ်လိုက်သလဲဟူ၍ နုမြခိုင် မမေးချင်တော့ပါ။

သိလိုစိတ် ရှိပါသော်လည်း အောင်ဦးသာ အသစ်အဖြစ်နှင့် ထပ်မံမခံစားရစေချင်သော စေတနာဖြင့် ပြန်လည် ပြောပြ မခိုင်းရက်တော့ပါ။

အမှန်တော့...

"**သူများကုပေးလို့ရတဲ့ ဝေဒနာမျိုးမှ မဟုတ်ဘဲ အောင်ဦးသာရဲ့**" ဟူသော စကားတစ်ပိုဒ်သာ အပြောခံလိုက်ခဲ့ရခြင်းပါ။

ရွှေ့ထံမှ လွင့်စင်လာသော မြူမှုန်တစ်စသည် ရိုးမတောင်တစ်ခုစာလောက် အောင်ဦးသာထံ ရောက်တော့ ကြီးမြင့်ကျယ်ပြန့်နေ၍သာပါ။ အောင်ဦးသာသည် ရွှေနှင့်ပတ်သက်၍ သမုဒ္ဒရာကြမ်းပြင်လောက်ထိအောင်လည်း နက်ရှိုင်းစွာတွေး၍ အဓိပ္ပာယ်ဖော်ယူလွန်းနေတတ်သူပါ။

မိန်းမများသည် ယောက်ျားတို့ထက် ရှစ်ဆမျှ ခံစားမှုရှိကြသည်ဟု သုတေသီတို့ မှတ်တမ်းပြုထားခဲ့ကြသော်လည်း...





နုမြခိုင် ခံစားနေရသည့် ရှစ်ဆထက် အောင်ဦးသာက နှစ်နှင့်ဆပ်၍ မြှောက်ရမလောက် ဖြစ်နေလေပြီလား။

'လူသားတို့သည်'ဆို၍ ခြုံပြီး ကောက်ချက်ချ၍ ရစကောင်းမည်ထင်ပါ။ အသည်းနှလုံးတစ်ခုတွင် ခံစားမှု၊ ခံယူမှုတစ်မျိုးစီဖြင့် တချို့လည်း ပြင်းပြင်းထန်ထန်၊ တချို့လည်း ပေါ့ပေါ့တန်တန်သာ ဖြစ်ပါမည်။

"အောင်ဦးသာ"

"ဗျာ... မခိုင်"

"ရွှေဝတ်ရည်ရဲ့ ပင်ကိုယ်စိတ်ဟာ တကယ် နူးညံ့သိမ်မွေ့ပါတယ်။ ကြင်နာတတ်လွန်းတဲ့ ကရုဏာရှင် ဆရာဝန်မလေးဆိုတာလည်း အောင်ဦးသာ တွေ့ရောပေါ့"

"ဟုတ်တယ်... လူနာတွေပေါ်ကျတော့ သိပ်ပြီး သနားတတ်တာပဲ။ သူ့သက်သာမှုဆိုတာကို လုံးဝဂရုမစိုက်ဘဲ တကယ်အပင်ပန်းခံပြီး ကုပေးတယ်"

"ဟုတ်ပါတယ်...။ ရွှေဝတ်ရည်ဟာ အချစ်ပျက်မလေး ဖြစ်ခဲ့တော့ အချစ်ဆိုတာကို ကြောက်နေလို့ ဖြစ်မှာပါလေ"

"ဒါပေမယ့်ဗျာ"

"အောင်ဦးသာကိုတော့ အရင်လိုပဲ အခင်မင်မပျက် နေနေရှာသားပဲ မဟုတ်လား"

"ဒီပြင် စကားပြောရင် ရတယ်။ အဲ့ဒါမျိုးပြောရင် စကားကိုဓားနဲ့ တိချလိုက်သလား မှတ်ရတယ်။ အပြတ်ကို ပြောပစ်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဦးသာ"

"ဟင်..."

"သူ့ဘက်က ဒီလို ယတိပြတ် ဖြစ်နေရင် အောင်ဦးသာရဲ့ မြတ်နိုးမှုမေတ္တာဆိုတာကိုရော ပြန်ရုပ်သိမ်းမယ်လို့ စိတ်ကူးမိသေးလား"

တောနက်ထဲတွင် မျက်စိလည်နေသူ ခရီးသွားတစ်ယောက်မှာ လမ်းလေးတစ်ခုကို တွေ့ရလို တွေ့ရငြား မျှော်လင့်မိသည့် သဘောမျိုးပါ။

"မခိုင်ရယ်... မေးရက်တယ်နော်"

"ဟင်..."

"သူ... ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ ကျွန်တော် ချစ်နေမယ်။ တုံ့ပြန်မှုဆိုတာကို တစ်သက်တာ မရရှိချင်လည်းနေ၊ ကျွန်တော်ကတော့လေ... ကျွန်တော့်နှလုံးခုန်နေသမျှ သူ့ကို ချစ်မြတ်နိုးနေမယ် မခိုင်ရယ်၊ သူဟာ ကျွန်တော့်အသည်းထဲကို ပထမဆုံး ဝင်လာတဲ့ ကျွန်တော့်ရဲ့ အချစ်ဦးပါဗျာ"

အောင်ဦးသာ၏ မျက်ဝန်းက ဝေသီရုံပါ။ နုမြခိုင်၏ မျက်ဝန်းမှာဖြင့် မျက်ရည်တို့ စို့ဝိုင်းလာသည်။ ရင်ထဲတွင် ဆို့ဆို့ကျင်ကျင် ခံစားလာရသည်။

"သူ တစ်နေ့နေ့မှာတော့ နားလည်လာမှာပါ အောင်ဦးသာရယ်..."





"အဲဒီ တစ်နေ့နေ့ဆိုတာဟာ ဘယ်ထိအောင်များ စောင့်ရဦးမှာလဲ မခိုင်...ဟင်"

"အောင်ဦးသာ"

"ဗျာ..."

"မခိုင်လေ... ဆုတောင်းပေးပါ့မယ်။ ရွှေဝတ်ရည် အမြန်ဆုံး နားလည်လာနိုင်ပါစေ။ ဒါတင်မကပါဘူး အောင်ဦးသာရယ်... မင်းရဲ့ အချစ်ဦးဆိုတာကို ပိုင်ဆိုင်နိုင်ခွင့်ရတဲ့အထိ သူ့ဘက်က လက်ခံနိုင်ပါစေတော့...လို့..."

လှိုင်းခတ်နေသော အသံကို တည်ငြိမ်အောင် ထိန်း၍ ဖြည်းဖြည်းချင်းပြောရင်း နုမြခိုင် အောင်ဦးသာကို ကျောခိုင်း၍ ထွက်လာခဲ့သည်။

မိမိ၏ မှန်ကန်သော ဤသစ္စာစကားဖြင့် မိမိ၏ အချစ်ဦး အောင်ဦးသာ၏ ရင်ကို ငြိမ်းအေးပါစေသား...။ သူ့ဆန္ဒများ အမြန်ဆုံး ပြည့်ဝပါစေသား...။

နုမြခိုင်သည် အိမ်လယ်ဆောင်မှ ဒေါ်ကျက်ရုံဖြူ၏ အခန်းဝတွင် ရပ်ပြီး သက်ပြင်းကို ရှိုက်လိုက်သည်။ နှုတ်ခမ်းနှစ်ခုကို ဖိကိုက်ရင်း မျက်တောင်ကော့ကြီးများကို ယှက်ပိတ်၍ မျက်ရည်များကို ခတ်သွင်းလိုက်သည်။

"သမီး... သားပြန်လာပြီလား"

"ဟုတ်ကဲ့အရီး"

"ထမင်းအတူစားကြလေ"



www.burmeseclassic.com

www.burmeseclassic.com

"ခိုင် မဆာလို့ အိမ်ရောက်မှပဲ စားတော့မယ်။ ခိုင်ပြန်တော့မယ် နော်...အရီး"

"ဟယ်...သားက ခိုင်ခိုင်နဲ့ စားရရင် စားလို့ကောင်းတယ်တဲ့ ခိုင်ခိုင်က သူ့ကို အရီးကအစ နွှင်ပေးတာ မဟုတ်လား။ သားလေး တစ်ခုခုစားပြီးမှ ပြန်ပါကွယ်"

"ကောင်းပါပြီ အရီးရယ်"

ဒေါ်ကျက်ရုံးဖြူသည် တစ်ဦးတည်းသော သူ့သားလေး အတွက် အဘက်ဘက်က ထောင့်စုံအောင် ချစ်မြတ်နိုးလွန်းရှာသည်။

"အရီး"

"ဟင်..."

"ခိုင် တစ်ခုတောင်းပန်ပါရစေ"

"ဘာလဲ သမီး"

"ခိုင်နဲ့သူ့ကို လူကြီးတွေ စီစဉ်ထားတယ်ဆိုတာ သူလုံး၀ မသိပါစေနဲ့လားနော်"

"ခုထိတော့ မပြောရသေးပါဘူး။ ဒါပေမယ့် သူ့အဖေနဲ့လည်း တိုင်ပင်ထားတယ်။ သားကို ပြောပြီး မင်္ဂလာပွဲကို ချက်ချင်းစီစဉ်..."

"အို...အို...မဟုတ်ဘူး။ သူစိတ်မပါဘဲနဲ့ ခိုင်ခိုင်လည်း ဘယ်နည်းနဲ့မှ ခေါင်းမညိတ်ပါရစေနဲ့ အရီးရယ်"

"ခက်တယ်... တို့ မိသားစုလေးနှစ်စု အေးအေးချမ်းချမ်းရှိဖို့ဟာ အလကား ဒီဆရာဝန်မက လာရှုပ်တယ်"





"ဒီလိုမပြောပါနဲ့ အရီးရယ်၊ ခိုင်ခိုင့်သူငယ်ချင်းမှာ အပြစ်မရှိ ရှာပါဘူး"

"အင်း... ဟိုကောင်လေးကိုကလည်း ကဲတာ။ သူ့ကို ဆေးတိုက်ဆင်းမခိုင်းတော့ဘူး"

"နေပါစေတော့လေ... အောင်ဦးသာမှာလည်း အပြစ်မရှိပါဘူး"

"ငါ့သမီးကတော့လေ...လူတွေကို ခွင့်လွှတ်ဖို့ဘက်ကပဲ အမြဲ ကြည့်နေတာပဲ"

"ခိုင်ခိုင့်ကို ကတိပေးပါနော်"

"ဘာကိုလဲ သမီး"

"ဪ... ခိုင်တို့ကိစ္စကို အောင်ဦးသာ လုံး၀ မသိပါစေနဲ့၊ မပြောလိုက်ပါနဲ့ ဆိုတာကိုပါ"

ဒေါ်ကျက်ရုံးဖြူသည် ချွေးမလောင်းလေးကို ကြင်နာစွာ ကြည့်လိုက်ပြီး ခေါင်းညိတ်ပြရှာပါ၏။

နုမြခိုင်မှာ ဒေါ်ကျက်ရုံးဖြူ ခိုင်းထားသလို ထမင်းလည်း မစားဖြစ်တော့...

အောင်ဦးသာကိုလည်း သွား၍ နှုတ်မဆက်တော့ပါဘဲနှင့် မြင်စိုင်းရပ်ကွက်ရှိ စက်သူဌေး ဦးသာဇံလုတို့၏ အိမ်ကြီးဆီမှ နွဲ့ယိုင်သော ခြေလှမ်းများဖြင့် ပြန်ခဲ့ရရှာတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၃ ။

ဝေသာလီဝယ်၊ ဓာတ်ဆဒ္ဒန်
မျိုးမှန်ဖြူလှဲ၊ တဆယ့်နှစ်စီး
ကျော့်သီးထိုခါ၊ ကျော့်ထင်ရှားသား
မဟာမည်လှိုင်း၊ တိုင်းစန္ဒရား
ကျောက်လှေကား၌...

(အဒ္ဒမင်းညို)

**ဝေသာလီ**

ဝေ=စပါးဆန်ရေ
သာလိ=ပေါများခြင်း

A.D. ၃၂၀ ခန့်မှ စတင်တည်ထောင်ပြီး A.D. ၉၅၇ ခုနှစ်တွင် ပျက်စီးခဲ့သဖြင့် နှစ်ပေါင်း ခြောက်ရာကျော် စည်ကားခဲ့သော မင်းနေ မြို့တော်ကြီး ဖြစ်ခဲ့သည်။





မြန်မာတို့၏ 'ပုဂံခေတ်'မတိုင်မီ နှစ်ပေါင်း ၆၀၀ ကျော်မျှ ...ပြီး ယဉ်ကျေးမှု ထွန်းကားခဲ့သော ရခိုင်တို့၏ မြို့တော်ကြီး ...သာလီ။

'သီရေခေတ္တရာ'နှင့် ခေတ်ပြိုင်ဖြစ်ပါသည်။ အရှေ့ဘက်တွင် ...တို့၏ ယဉ်ကျေးမှုများ အဆင့်မြင့် ထွန်းကားခဲ့သလို အနောက်ဘက် ...တွင်လည်း ရခိုင်မင်းဆက်တို့ မတိုင်မီကပင် အဆင့်မြင့်သော ဗိသုကာ ...တတ်၊ ကြေး-ငွေ သွန်းလုပ်ခြင်းအတတ်၊ ကျောက်စာတိုင်များ၊ ကျောက်စာချပ်များ ရေးထိုးခြင်းအတတ်နှင့်...

အထူးမြတ်ဆုံးဖြစ်သော ဗုဒ္ဓဘာသာတရား ထွန်းကားနေချိန် ...ပေသည်။ စေတီ၊ ပုထိုးများစွာ တည်၍ ကောင်းမှုပြုခဲ့ကြောင်း ...နီးစံမင်းများ နန်းသက်ရှည်လျား၍ စစ်မက်ငြိမ်းအေးပြီး စည်ပင် ...ပြောသော ဝေသာလီပြည်ကြီး ဖြစ်ခဲ့ကြောင်းကို ၈ ရာစု ဝေသာလီ ...င်းတစ်ပါးဖြစ်သော 'အာနန္ဒစန္ဒြမင်းကြီး'ရေးထိုးခဲ့သော ကျောက်စာ ...တိုင်ကြီးက အခိုင်အမာ သက်သေပြနေခဲ့ပါပြီ။

ဝေသာလီကို ဓညဝတီ၏ နောက်ဆုံးမင်းဆက်ဖြစ်သော ...သူရိယ ကေတုမင်း'၏သားတော် ဒွေစန္ဒြ(မဟာတိုင်းစန္ဒယား)မင်းကြီး ...က လုပခမ်းနားစွာ တည်ခဲ့ပြီး နောက်ဆုံး 'စန္ဒရားမင်းဆက်ဖြစ်သော ...ဠစန္ဒရာမင်း'လက်ထက် အေဒီ ၉၅၇ ခုတွင် ပျက်ခဲ့သည်။ သည့် ...နောက်တွင်မှ လေးမြို့ခေတ်ဦးစခဲ့သည်။

ဤ'လေးမြို့ခေတ်' 'လောင်းကြက်မြို့'နှင့် 'ပရိန်'တို့မှာ ရေတိုက် ...စား၍ ပျက်စီးဆုံးရှုံး ပျောက်ကွယ်ခဲ့ရပြီဖြစ်သော်လည်း ဝေသာလီသည်



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းကို ပြောပြရန်များ အခိုင်အမာ ကျန်နေခဲ့လေသည်လား။

ဝေသာလီမြို့၏ အရှေ့ဘက် "သင်းကျစ်တော်စေတီ" ရှိရာ သင်းကျစ်တောင်တန်းသည် ဝေသာလီကို တံတိုင်းသဖွယ် ကာရံထားပေမည်။

မြို့၏ အနောက်ဘက်တွင် ကုလားတန်မြစ်၏ မြစ်လက်တက် ဖြစ်သော 'ရမ်းချောင်း' ရှိသည်။ 'ရမ်းချောင်း၏ ချောင်းသွယ်လေးက မြို့ကို ဖြတ်စီးနေသည်။

ဝေသာလီမှာ မြို့ရိုးနှစ်ထပ်နှင့်ဖြစ်ပြီး ပထမမြို့ရိုးနှင့် ဒုတိယ မြို့ရိုးများကြားတွင် တိုင်းသူပြည်သားများ၏ အိမ်များ၊ လယ်မြေများ ရေတွင်းများရှိပြီး ဒုတိယမြို့ရိုးအတွင်းမှာမှ နန်းရာကုန်းရှိနေသည်။ နန်းရာကုန်း သုံးကုန်းရှိပါ၏။

နန်းတော်ရာကုန်းမှာ တောင်နှင့်မြောက် ပေ ၁၅၀၀၊ အရှေ့နှင့် အနောက် ပေ ၁၀၀၀ ခန့် ကျယ်ဝန်းပေသည်။

အပြင်မြို့ရိုးမှာ တောင်နှင့်မြောက် အကျယ်ဆုံးနေရာမှာ ပေ **တစ်သောင်း** ရှိပြီး အရှေ့နှင့် အနောက် အကျယ်မှာ ပေ **ခြောက်ထောင်** ခန့် မျှ ရှိပါ၏။ ကောင်းကင်ဓာတ်ပုံကို အသေအချာ ကြည့်လိုက်ပါလျှင် လေးထောင့်မဟုတ်ဘဲ မြို့မှာ ရှည်မျောမျောပါ။

'အင်ဒို'၊ 'မွန်ဂိုလွိုက်အနွယ်ဝင်'၊ 'သကျ'၊ လူမျိုးများသည် ဟိမဝန္တာ တောင်တန်းမှ 'ဘင်္ဂါ'နယ်ကို ဖြတ်ကျော်ပြီး ဝေသာလီသို့ ဝင်လာဖွယ်ရှိသည်။ တိဗက်၊ ကုန်းမြေမြင့်မှ ဟိမဝန္တာကို ဖြတ်လျှက်





မွန်ဂိုလူမျိုးနွယ်ဝင် 'သက်'နှင့် 'မြို' လူမျိုးများလည်း ရွှေ့ပြောင်းလာနိုင်သည်။ 'အင်ဒိုအာရိယံ'များလည်း ရှိနှင့်နေပေလိမ့်မည်။

ရိုရင်းစွဲလူမျိုးများနှင့် ယဉ်ကျေးမှုများပါလာသော အိန္ဒိယမှ ဝင်လာသည့် အုပ်စုများ ရောနှော၍ ဝေသာလီတွင် အခြေစိုက် နေထိုင်ကြပေလိမ့်မည်ဟု သုတေသီတို့က ယူဆထားကြပါ၏။ ဟိန္ဒူ ပင်ဆက်နှင့် လူမျိုးများ ရှိခဲ့သည်ဆိုသော ရှေးယူဆချက်ကို ပယ်ဖျက်လည်ထင်ပါ၏။

တူးဖော်ရရှိသော ဆင်းတုတော်များ၊ ဒင်္ဂါးများနှင့် 'ကမ္ဗာကျော် ကျောက်စာ' ရှိမီးခွက်များ လူ့အသုံးအဆောင်များ၏ လက်ရာများမှာ ထူးခြားပြောင် မြောက်လှပါ၏။ ကြေးနီ၊ ကြေးဝါကို နိုင်နင်းစွာ ကိုင်တွယ်ပြီး ချေး တက်ရန် စဥ့်ရည်တစ်မျိုး သုတ်ထားသည်မှာ အံ့မခန်း ချီးကျူး ရပါ၏။

ယခုအခါ ဝေသာလီမှ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေ အနှစ် လက်ရာမွန်များကို မြောက်ဦးမြို့ပြတိုက်တွင် တွေ့ရှိနိုင်ပါသည်။

ဝေသာလီတွင် ဗုဒ္ဓဘာသာကို ယုံကြည်စွာ ကိုးကွယ်ခဲ့ကြပြီ ဖြစ်သည်မှာ ယုံမှားသံသယ ဖြစ်စရာ မရှိပါပေ။

ဝေသာလီမတိုင်မီ ဓညဝတီခေတ်က စန္ဒာ သူရိယမင်း လက်ထက်တွင် 'ဂေါတမမြတ်စွာဘုရား' ရှင် ကိုယ်တော်တိုင် ကြွရောက် ၍ သူ့ကိုယ်ပွားတော်အဖြစ် '**မဟာမုနိ**' ကြေးဆင်းတုတော် ကြီးကို သွန်းလုပ်ကိုးကွယ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမဟာမုနိကို နှစ်ဆူ သွန်းလုပ်သည်ဟု အဆိုရှိခဲ့ပါသည်။ တစ်ဆူမှာ ကွယ်ပျောက်နေဆဲရှိသည်ဟုလည်း တချို့ ယုံကြည်ကြ သည်။ ဤဘုရားဆင်းတုများ သွန်းလုပ်ပြီး ကျန်ရှိနေသည့် ကြေးမှုန့် ကို မင်းမြောက်တန်ဆာများဖြင့် ဆင်ယင်ထားသော ကြေးဆင်းတု တော်များစွာ သွန်းလုပ်ခဲ့သဖြင့် မဟာကျန်(မဟာကျိန်) ဘုရားများ ကို ရခိုင်ပြည်အနှံ့ ဖူးတွေ့နိုင်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကပင် ကြေးသွန်း အတတ်ပညာဖြင့် သပ္ပာယ်စွာ သွန်းလုပ်နိုင်ခဲ့သော မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကို ယခု မန္တလေးမြို့တွင် ထားရှိကာ မြန်မာသာမက ကမ္ဘာအရပ်ရပ်ကပါ လာရောက်ကြည်ညိုနေကြရပေသည်။

ကျန်ခဲ့သော မဟာမုနိ ရုပ်ပွားတော်မှာ ကျောက်တော်မြို့ တဘက်ကမ်းတွင်ရှိပြီး ဝေသာလီမှ ကုန်းကြောင်းလမ်းသွားလျှင် 'တိမ်ညိုရွာ'အလွန်၌ ဖူးမြော်တွေ့ရှိနိုင်ပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ထောင့်ငါးရာကျော်က ငွေဒင်္ဂါးသုံးစွဲ စနစ်ဖြင့် အဆင့်မြင့်လွှမ်းခဲ့သော ကမ္ဘာ့ထိပ်တန်းဝင် နာမည်ကျော် ဝေသာလီဆိုသည့် ကျောက်လှေကားမြို့တော်ကား...

◆ ◆ ◆





"ဘဲ့နဲ့လဲဒေါက်တာ ပျင်းသွားပြီလား"

"ဟာ... ဘယ်ပျင်းပါ့မလဲ ဦးကျော်ခဲရယ်၊ တစ်ခြားဒေသကနေ လာရင်တော့ စိတ်ဝင်စားချင်မှ ဝင်စားမယ်ပေါ့။ ခုတော့... ရခိုင်တို့ရဲ့ လျှမ်းလျှမ်းတောက် မင်းနေမြို့တော် မြောက်ဦးမြို့ကို ဝတ်ရည် ရောက် နေတုန်းမှာ..."

"ဟုတ်ကဲ့"

"မြောက်ဦးမြို့ရဲ့ ယဉ်ကျေးမှု၊ ဗိသုကာပညာ၊ အနုပညာ၊ ဘာသာတရား စသည်တို့ စီးမျောလာစေခဲ့တဲ့ ဝေသာလီမြို့တော်ကြီး အကြောင်းကို အထူးပဲ စိတ်ဝင်စားမိပါတယ်။ ကျမ်းအစောင်စောင်နဲ့ ညှိနှိုင်းပြီး ရေးသားထားတဲ့ မှတ်တမ်းကို ဖတ်ခွင့်ရလို့လည်း ကျေးဇူး တင်လှပါတယ်။ ပြီးတော့ အဲဒီ ဝေသာလီကို ပို့ပေးမယ်ဆိုတဲ့ အတွက် ထပ်ပြီးတော့ ကျေးဇူးတင်ရပါတယ်ရှင်..."

"ဝမ်းသာပါတယ်ဒေါက်တာ၊ ကျွန်တော်တို့သွားဖို့ အားလုံး စီစဉ်ထားပြီးပါပြီ"

"ဒါနဲ့ ကျောက်လှေကားမြို့ဆိုတာ ဘာကိုပြောတာလဲဟင်"

"သြော်... ကျောက်လှေကားဆိုတာ ဝေသာလီ စည်ကားစဉ်က သင်္ဘောဆိပ်ကို ကျောက်လှေကားကြီးနဲ့ တည်ဆောက်လို့ပါ တိုင်း တစ်ပါးက ရွက်လှေကြီးများ ဆိုက်ကပ်ပြီး ကုန်စည်ရောင်းဝယ်ခဲ့ကြ တာနဲ့ တူပါတယ်။ အခုတောင် ဒီရေကျချိန်ဆိုရင် ကျောက်တုံးကြီးတွေ ကို မြင်နိုင်ပါသေးတယ်။ အပေါ်လှေကားတွေကတော့ ရေတိုက်စား တာရော၊ လူတွေ သယ်ယူကြတာရောကြောင့် ကွယ်ပျောက်ကုန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"သြော်... လက်တွေ့မြင်ရတော့မှာပေါ့လေ၊ ဝတ်ရည်တော အဆင်သင့်ပါပဲနော်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း စီစဉ်ပြီးပါပြီ၊ အောင်ဦးသာ နမြခိုင်ကို စောင့်နေကြတာပါ"

ယနေ့သည် ဆေးတိုက်ပိတ်သောနေ့ဖြစ်သည်။

ဦးကျော်ဇံဆိုသော လက်ကောက်ဈေးရပ်မှ မိသားစုနှင့် ရွှေဝတ်ရည် ခင်မင်နေခဲ့သည်။ သူ့ဇနီးနှင့် သမီးတို့သည် ဒေါက်တာ ရွှေဝတ်ရည်၏ လူနာများပါ။

ယနေ့ သူတို့ ဝေသာလီသို့သွား၍ ဘုန်းကြီးကျောင်းတွင် အလှူဒါနပြုကြမည်။ ရွှေဝတ်ရည်ပါ ပစ်(က)နစ်(က)သဘောမျိုး လိုက်ခဲ့ပါ။ အပမ်းဖြေရင်း လေ့လာရအောင်ဟု ဖိတ်ခေါ်ပြီး သူ ဝေသာလီ မှတ်တမ်းများကို ပေးဖတ်ခိုင်းနေခဲ့သည်ပါ...

"ဟော... လွှတ်ခေါ်ခိုင်းတဲ့ ကောင်လေးတွေ ပြန်လာကြပြီ"

ရှင်လန်းနေမိသော ရွှေဝတ်ရည်မှာ သူ့ချစ်မိတ်ဆွေ နှစ်ယောက် နှင့်အတူ သွားရမည်ပင် ထင်နေပါသော်လည်း...

"ကိုအောင်ဦးသာက ပြောလိုက်တယ်၊ မခိုင်ပါသွားပဲ သူ မလိုက်ပါရစေနဲ့တဲ့"

နမြခိုင်ထံမှ ပြန်လာသူကလည်း...

"အောင်ဦးသာပဲ လိုက်ပါမှာ၊ သူ ဒီနေ့မအားဘူး။ စစ်တွေက ဧည့်သည်တွေ အိမ်မှာရောက်နေလို့တဲ့"





ရွှေဝတ်ရည် မျက်နှာပျက်သွားမည် ထင်ပါသည်။ ဦးကျော်ဇံ က...

"ဘယ်မဟုတ်တာ၊ ဒေါက်တာအတွက်တော့ သူ့အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက် ပါရမှာပေါ့။ ခိုင်ခိုင်က ဧည့်သည်ရောက်နေ တယ်ဆိုရင် သွား...အောင်ဦးသာ လိုက်ခဲ့ရမယ်လို့ ငါက ခေါ်ခိုင်းတယ် လို့ သူ့အဖေကိုပါ ပြောပြီး တစ်ခါတည်း လိုက်လာခဲ့ဖို့ ခေါ်ခဲ့စမ်းကွာ။ ကြာနေပါဦးမယ်"

ဦးကျော်ဇံ စကားဆုံးလျှင် စက်ဘီးသမားလေး ပြန်သွားတော့ သည်။

ဟိုတလောဆီက အောင်ဦးသာ ရုတ်တရက်ထ၍ ပြန်သွားပြီး သည်မှစ၍ ယနေ့ထိ ရွှေဝတ်ရည်ကို သူအရင်လို ရောရောနှောနှော စကားမပြောတော့။ တာဝန်ကိုမူ ကျေပွန်မြဲပါ... မနက်ဘက် နွားနို့ စစ်စစ် လာပို့သည်ကအစ ဆေးတိုက်တွင် ရွှေဝတ်ရည် ဆပ်ပြာနှင့် လက်ဆေးလျှင် ရေလောင်းပေးသည်အထိ... အိမ်မှာလည်း လိုလေ သေးမရှိ ဘက်စုံ ထောင့်စုံမှ ပြည့်စုံအောင် ဖြည့်တင်းပို့ပေးရှာသည်။

စကားကိုဖြင့် မပြောတော့၊ ရွှေဝတ်ရည် မေးသည်ကိုသာ ဖြေသည်။ ရွှေဝတ်ရည် အလုပ်များနေချိန်မျိုးတွင် ခပ်လှမ်းလှမ်းဆီမှ ရီရီဝေဝေ ကြည့်နေသည်။ သူ့မျက်ဝန်းများကလည်း မှိုင်းမှိုင်း မှုန်မှုန်ပါ...

အားလုံး စောင့်မျှော်နေခိုက်မှာပင် စက်ဘီးနှင့် အောင်ဦးသာ ရောက်လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇံတို့ မိသားစုနှင့် ဝေသာလီသွားမည့်သူများ ကားရှည်ကြီးပေါ် တက်ကြပြီ။

အောင်ဦးသာမှာ... ရွှေဝတ်ရည်၏ အတူနေအဖော် ဒေါ်အိမ်စိုး ထံ သွားပြီး...

"ကျွန်တော် ညကပို့ထားတဲ့ စားစရာတွေပါလာပြီလား"

"ခြင်းထဲမှာ အစုံထည့်ယူခဲ့ပြီ"

"ရေဘူးရော လက်သုတ်ပဝါရော... စက္ကူလိပ်ရော ပါတယ် နော်..."

"ဟုတ်ကဲ့"

"ရေမသန့်ရင် ရွှေဝမ်းနာမှာစိုးလို့၊ ဪ... ထီးရော ပါရဲ့လား နေပူရင် ခေါင်းကိုက်နေမယ်"

"ဟုတ်ပါရဲ့၊ ထီးမယူရသေးဘူး"

ဒေါ်အိမ်စိုး ထီးပြေးယူနေခိုက်၊ အောင်ဦးသာ ရွှေဝတ်ရည် နားသို့ လှည့်လာသည်။ သူ့စကားများကို မကြားသာဟု သူထင်ပုံရသော်လည်း ရွှေဝတ်ရည် အလုံးစုံ ကြားသိရပါပြီ။

"ရွှေ"

သူခေါင်းငုံ့လျက် ခေါ်သည်။

"မခိုင်မပါဘဲနဲ့ ကျွန်တော်လိုက်ရင် အနှောင့်အယှက်များ ဖြစ်နေမလား"

"သဘောပဲလေ"

"ရွှေ့သဘောအတိုင်း လိုက်နာပါရစေ"





ရွှေဝတ်ရည် ဘာမှမပြောတော့ပါဘဲ ကားဆီသို့ လျှောက်လာခဲ့သည်။

"ဒေါက်တာ ရှေ့ခန်းကထိုင်ပါ"

ဒရိုင်ဘာ၏ ဘေးတွင် နေရာကျယ်လှသည်။ သည်မြို့က ကားများ၍ ဝေသာလီလို တိမ်ညိုလိုနေရာမျိုး သွားလျှင် ခရီးသည်များများ ဆံ့ရန်ဖြစ်မည် ထင်ပါသည်။ ရွှေဝတ်ရည် ကားပေါ်တက်ပြီးချိန်တွင်...

"ဟေးကောင်လေး... လာလေကွာ... ရှေ့က ထိုင်ချင်လည်း ထိုင် ဒီလာချင်လည်းလာ"

ဦးကျော်ဇံက စိတ်မရှည်သလိုအော်သည်။ ကားပေါ်တွင် ဒေါ်အိမ်စိုးကအစ တက်ပြီးကြပြီ။

အောင်ဦးသာမှာ ရှေ့ခန်းရှိ ရွှေဝတ်ရည်၏ အနားသို့လာပြီး သူ့ရွှေ့ကို မော့ကြည့်လျက်...

"ရွှေရယ် ပြောပါဦးဗျာ၊ ကျွန်တော် နေခဲ့ရမှာလား... လိုက်ခဲ့ ရမှာလား"

အခက်ခဲများကြားသို့ ရောက်နေရှာသော အောင်ဦးသာကို ရွှေဝတ်ရည် ငုံ့ကြည့်လိုက်မိသည်။

သူ့အပေါင်းအသင်းများအလယ်တွင် ကိုယ့်အမိန့်ကို နာခံ စောင့်စားနေရရှာသော အောင်ဦးသာသို့ အကြင်နာကြည့်လေးများဖြင့် ကြည့်မိရင်း အလယ်သို့ တိုးရွှေ့ပေးလိုက်ပြီး...

"လိုက်ခဲ့လေကွယ်..."

မှိုင်းဝေနေရာမှ ချက်ချင်း ကြည်လက်လာသော မျက်ဝန်းများ၊



www.burmeseclassic.com

www.burmeseclassic.com



စေ့ထားသော်လည်း ပြုံးနေသော နှုတ်ခမ်းအစုံနှင့် အောင်ဦးသာ၏ မျက်နှာမှာ ဝင်းဝင်းပပ ကြည်ကြည်လင်လင်။

ကားက 'ဘုရားပေါ် ဘုရား' ရှိရာအရပ်မှ ဖြတ်ထွက်ပြီး မြောက်ဦးနှင့် မဟာမုနိသွား ကားလမ်းအတိုင်း မောင်းနှင်လာခဲ့သည်။ သျှစ်သောင်းဘုရားကို မြင်နေရပါ၏။ ကျောက်ရိပ်ကယ်ရွာနှင့် 'တံတား'ကိုဖြတ်ပြီး လယ်ကွင်းများကို ဝဲယာမှာ မြင်နေရပါ၏။ 'ပေါက်တောပြင်ရွာ'ကို ရောက်ခဲ့ပါပြီ။ သလ္လာဝတီရွာဟုလည်း ခေါ်ပါ၏။

'မြောက်ဦးခေတ်'နှင့် 'ဝေသာလီခေတ်'သည် တစ်ဆက်တည်း မဟုတ်ဘဲ ကြား၌ 'လေးမြို့ခေတ်'တစ်ခေတ်ခြားပြီး နှစ်ပေါင်း ၆၀၀ မျှ ဝေးကွာ ခြားနားခဲ့ပါသော်လည်း ယခု ဤမြို့တော်ဟောင်း နှစ်ခုမှာ ၅ မိုင်ကျော်မျှသာ ဝေးကွာပါ၏။

"ကားက ရေသောက်ဦးမယ်"

မိုင်တိုင်သော်လည်း လမ်းရောကားပါ မကောင်း၍ ကားရေထည့်ရန် ရပ်တန့်ရပါသည်။ နောက်ဘက်မှ လူတစ်စုသည် ဒေါက်တာ ရွှေဝတ်ရည်နှင့် အောင်ဦးသာကို ဂရုမထားကြတော့၊ ရခိုင်ဘာသာ စကားဖြင့် သူတို့ဟာ သူတို့ စည်ကားလျက် ရှိနေကြသည်။

စပယ်ယာရော ဒရိုင်ဘာပါ ဆင်းချိန်တွင် အောင်ဦးသာ ပျောက်သွားသည်။ ခဏကြာတော့ ငုပန်းသွယ် တထွေးကြီးနှင့် သူ ပြန်ရောက်လာသည်။ ရွှေ့ရှေ့ ကားခုံပေါ်တွင် ပုံချထားသည်။

"ဘာလုပ်ဖို့လဲ"





"အဝါရောင်ကြိုက်တဲ့ ရွှေဟာ ပန်းငုဝါတွေနားမှာ နေရရင် ပိုပြီး စိတ်ကြည်မလားလို့ပါ။ ဒီနေ့ ဝတ်လာတဲ့ ဝတ်စုံနဲ့လည်း တစ်ရောင်တည်းမို့ပါ"

သွယ်ဆင်းနေသော ငုဝါခိုင်များစွာထဲမှ ငုပန်းသွယ်လေးနှစ်ပွင့်ကိုယူပြီး သူ့ငုဝါရင့်ရောင် အင်္ကျီလည်ဟိုက်၏ ထိပ်ကြယ်သီးမှာ ချိတ်လိုက်သည်။ ရွှေဝတ်ရည် ပန်းမပန်တတ်၊ ပန်လေ့လည်းမရှိ။

ခေါင်းမှာ ပန်ဆင်သည်ထက် သူရှုးလာသော ပန်းပွင့်လေး ရွှေ့ရင်မှာ ခိုနားနေခွင့် ရသည့်အတွက် အောင်ဦးသာမှာ သူ့အစိပ္ပာယ်နှင့်သူ ကြည်နူးသွားမိသည်။

"ခုတလော မမကို ဘာလို့ စကားမပြောတာလဲဟင်"

အောင်ဦးသာ မဖြေ။ အပြုံးဝေနေသော မျက်ဝန်းမှ တစ်ဆင့် သူ့ရင်တွင်းစိတ်ကိုသာ ရွှေသိစွမ်းနိုင်ပါစေတော့။

"ခိုင်လည်း မမဆီ သိပ်မလာတော့ဘူး"

အောင်ဦးသာက ဘေးတိုက် လှည့်ထိုင်ပြီး ရွှေဝတ်ရည်ကို အနီးကပ် ကြည့်လိုက်သည်။

"လှလိုက်တဲ့ချစ်သူရယ်"

ငုထက်ရင့်သော စိမ်းနုဝါရောင် အထက်အောက် ဝတ်စုံနှင့် ငုပန်းပုံရှေ့မှာ ထိုင်နေသော ရွှေဝတ်ရည်၏ အလှကို သူ တမေ့တမော ကြီး ကြည့်နေမိသည်။

"မမ မေးတာ ဘာလို့မဖြေလဲ"

"ကျွန်တော် ပြောချင်တာတွေကို ရွှေ မကြားချင်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

ရွှေဝတ်ရည်က လှည့်ကြည့်လိုက်တော့ ပြုံးနေသော အောင်ဦးသာ၏ မျက်နှာကို နီးနီးကပ်ကပ် မြင်လိုက်ရသည်။ ကိုယ့်အတွက်သည်မှ အလေးနက်ထားရှာသည်။ မကြိုက်သည်ကို ရှောင်ရှားရှာသည်ဆိုသော အသိတို့က မိန်းမသားတစ်ယောက်၏ ရင်ကို ညွတ်နူးတိမ်းမူစေနိုင်သည်ပါလား။ အသည်းနှလုံးမှာ မေတ္တာခြောက်သွေ့နေသည် ဆိုပါသော်လည်း ယုယမှုကိုဖြင့် တပ်မက်တောင့်တနေမိပါသေးလားဟု ရွှေဝတ်ရည်ကိုယ်တိုင် သိလာရပါပြီ။

"ဦးကျော်ဇံရေ မဟာန်ဘူးဗျို့"

"ဘာဖြစ်လို့လဲ"

"ရှပ် ကျိုးသွားပြီ"

"ဒီလမ်းတောင် သွားမရရင် မီးသာရှို့ပစ်လိုက်ကွာ၊ မင်းကားကလည်း ချီးမှပဲ"

ဦးကျော်ဇံ တကယ်ဒေါပွသည်ကို ကားပိုင်ရှင်က ရယ်မောနေသည်။ အမှန်က အလကားလိုက်ပို့ရခြင်းပါ။

"တို့က အရေးမဟုတ်၊ ဆရာဝန်မလေး အားနာလိုက်တာ"

သူတို့ချင်း ပြောနေကြစဉ်…

"ကားပျက်သွားပြီ။ ရွှေ လမ်းလျှောက်လို့ ဖြစ်ပါ့မလား"

"အဝေးကြီးလား"

"ဝေသာလီကတော့ မဝေးတော့ပါဘူး။ ဒါပေမယ့်…ဘုရားကြီးသွားဖို့၊ နန်းတော်ကုန်းတွေ တူးနေတာ ကြည့်ဖို့ဆိုရင် အတော်လေးလျှောက်ရဦးမယ်"

"ရပါတယ်။ မခ လျှောက်နိုင်ပါတယ်"

"ကျွန်တော် ရွာထဲမှာ စက်ဘီးတစ်စင်း ရှာခဲ့မယ်။ ရွှေ စီးချင်လည်းစီးသွား၊ ဒါမှမဟုတ်လို့ ကျွန်တော့်နောက်က လိုက်ရဲမယ်ဆိုရင်…"

"မမကို အထင်မကြီးနဲ့။ စက်ဘီးမစီးတတ်ဘူးရှင့်"

"ဟင်…"

"ကားသာ မိုးပျံအောင် မောင်းတတ်တာ။ စက်ဘီးစီးကို မသင်မိဘူး"

"ဟုတ်မယ်။ ရန်ကုန်မှာတော့ စက်ဘီးလည်း သိပ်မစီးကြဘူးလေ"

"အဖွဲ့တွေတောင် ဆင်းလျှောက်ကုန်ကြပြီ။ မမလည်း ဒီလိုမြေပြန့်လွင်ပြင်မှာ လွတ်လွတ်လပ်လပ် လျှောက်ချင်ပါတယ် အောင်ဦးသာ"

ဦးကျော်ဇံက အားနာစကား ဆိုလာသည်။ သူတို့ သွားနှင့်သည်။ အောင်ဦးသာက ဖြည်းဖြည်းချင်းစောင့်၍ လျှောက်ခေါ်ခဲ့ပါဟု ပြောပြီး ထွက်သွားနှင့်ကြပြီ။

"ဒေါ်အိမ်စိုးကို ခေါ်ထားလိုက်ရမလားဟင်"

သူနှင့် လျှောက်ချင်ပါ့မလားဟူသော စိုးရိမ်စိတ်နှင့် မေးလာသော အောင်ဦးသာသို့…







www.burmeseclassic.com

www.burmeseclassic.com



"မမကို ဘာလို့ ပြန်စိမ်းသွားရတာလဲ၊ နှစ်ယောက်တွဲပြီး သွားနေကျ လာနေကျပဲဟာ"

အောင်ဦးသာက နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးလိုက်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ ပြီးတော့… အတော့်လေး ရှေ့သို့ ရောက်ရှိနေကြသည့် အုပ်စုနောက်သို့ အပြေးလိုက်သွားသည်။ သူပြန်ရောက်လာတော့ သူ့လက်တွင်းမှာ ဒေါ်အိမ်စိုးခြင်းထဲမှ ခေါက်ထီးနှင့် ရေဘူးပါလာသည်။

"ရွှေ နေပူမိမှာစိုးလို့"

"ရွှေမောရင် ရေဆာနေမှာစိုးလို့"

ဆိုသော စကားများကို အောင်ဦးသာ မပြောပါဘဲနဲ့ ရွှေဝတ်ရည် ကြားနေရပါပြီ…

"ကဲ…တို့တော့ ကျောင်းဆွမ်းစားအမီ သွားကြမယ်။ မင်းပဲ ဒေါက်တာကို လိုက်ပို့ ပြပေးလိုက်နော်"

ဦးကျော်ဇံက သူခေါ်လာသော ဆရာဝန်မကို အပ်နှံပြီး အမြန်နှုန်းနှင့် လျှောက်သွားခဲ့လေပြီ။

ရွှေဝတ်ရည်မှာ ငုပန်းတစ်ခိုင်ကို ကိုင်၍ လှည့်ရမ်းရင်း အထက်တန်းကျောင်းသူလေးတစ်ယောက်အသွင်မျိုးဖြင့် ပေါ့ပါး ရွှင်လန်းစွာ လျှောက်လိုက်လာနေသည်။

"ရွှေ မနက်က ဘာစားခဲ့လဲ ဟင်"

"ဟိုကောင်လေးတစ်ယောက် ပို့ထားတဲ့ ပုံးနဲ့မိသားစုဘီစကစ် ရယ်… သူပဲ ပို့ခိုင်းတဲ့ နွားနို့စစ်စစ်ရယ်"





သူ့ကို ရည်ညွှန်းသော အပြောလေးကြောင့် အောင်ဦးသာက ကြည်နူးလိုက်ခုန်စွာ ပြုံးရင်း…

"ဒီက အစားတွေ မစားတတ်မှာစိုးလို့ ခြင်းထဲမှာလည်း အစုံ သူလာခဲ့ခိုင်းပါသေးတယ်"

"မမကို ဘာလို့ ဒီလောက်ထိ ဂရုစိုက်နေရတာလဲကွယ်"

အောင်ဦးသာမှာ ယှဉ်တွဲလျှောက်လာရင်း ရွှေ့ကို ကြာမြင့်စွာ လှည့်ကြည့်မိသည်။

"ချစ်လွန်းလို့ပေါ့ဗျာ"

ဆိုသော စကားများကို ရွှေသိပါစေ၊ ကြားပါစေ… သူမပြောခဲ့ပါ။

"ရွှေ မောလား…ဟင်"

"မမောပါဘူး"

"ဒါဖြင့် ဝေသာလီဘုရားကြီး အရင်သွားကြရအောင်ပါနော်"

"အင်း"

ဝေသာလီသည် တစ်ချိန်က နတ်ပြည်ကိုပင် ပျက်ရယ်ပြုရမည် သို့ တင်စားခဲ့ဖူးသည့် ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးဖြစ်ခဲ့ပါသော်လည်း ယခုခါ ရခိုင်၏သားကောင်မို့ နှစ်ပေါင်းတစ်ထောင်ကျော် ကြာမြင့်ခဲ့သည့် ယခုအချိန်ခါတွင်…

ဝေသာလီသည် 'ရွာ' ဖြစ်နေချေပြီတည်း။

အသွင်ကွဲသော ရွာသူရွာသားများသည် လှပလွန်းသော ရွှေဝတ်ရည်နှင့်… အရပ်ရှည်ရှည် အသားညိုညို ကိုယ်လုံးတောင့်



www.burmeseclassic.com

www.burmeseclassic.com



တောင့် မျက်နှာနုနုလေးနှင့် ရခိုင်လူချောလေးတို့ နှစ်ယောက်ကို တထူး တဆန်းလို လိုက်ကြည့်နေကြသည်။ ရင်လျားနှင့်နေတတ်သော အမျိုး သမီးကြီးငယ်တိုင်းလိုလိုပင် ဆေးတံကို ခဲထားကြသည်။

တောသရက်ပင်များ၊ ခမောင်းပင်များနှင့် ပေါက်ပင်များ အလေ့ကျ ပေါက်နေသည့် တောလမ်းလေးမှ ဖြတ်သန်းပြီး...

'ဝေသာလီဘုရားကြီး'ကုန်းတော်ပေါ်သို့ တက်ခဲ့ကြသည်။

သစ်သား ဘုအဆောင်ဆောင်နှင့် သိမ်အိုဘေးမှ ဖြတ်လျှောက် တရုတ် စကားပွင့်ဖြူဖြူပင်များ တစ်ကုန်းလုံးဝေသည့်အပေါ်တက်၍ ဘုရား တန်ဆောင်းအတွင်းသို့ ဝင်ခဲ့ကြသည်။ မလှမ်းမကမ်းကုန်းမှာ သင် ယနာတင်ခဲ့သော ကုန်းဖြစ်ပါ၏။

ဝေသာလီ ဘုရားကြီးကို အေဒီ ၄ ရာစုခန့်လောက်တွင် 'ဝေသာလီဘုရင် မဟာတိုင်းစန္ဒရားမင်း'၏ မိဖုရားကြီး 'သုပ္ပဒေဝီ'က တည်ခဲ့သည်ဟု ယူဆကြသည်။ မှုကွဲလည်းရှိပါ၏။

အောင်ဦးသာ၏ ရှင်းပြချက်ကို နားထောင်ပြီး ရွှေဝတ်ရည်မှာ ကြည်ညိုစွာ ဖူးမြော်ရင်း ဘုရားကြီးကို ကြည့်မိသည်။

ကြီးမားလွန်းသည့် တစ်တုံးတည်းသော ကျောက်တုံးကြီးကို ဤကုန်းတော်ပေါ်အရောက် မည်သို့သော နည်းဖြင့် သယ်ယူခဲ့ကြ လိမ့်...

ဤတစ်တုံးတည်းသော ကျောက်တုံးကြီးကို ဆင်းတုတော် အဖြစ်နှင့် ထုထွင်းထားသည့် ကျောက်ဆစ်ပညာကလည်း ချီးမွမ်းအံ့ စရာပါ၊ တဘက်သာ ပေါင်ပေါ်တွင် တင်ထားသော လက်တော်ထဲတွ





လူတစ်ယောက် အသာလေးဝင်ထိုင်နေနိုင်လောက်အောင် ရုပ်ထု တော်ကြီးက ကြီးမားလှပါပေသည်။ နားတော်က မဆက်ဘဲ နှာခေါင်း တော်တွင် လေးထောင့်ဆန်ဆန် ကွင်းတစ်ခု တပ်ထင်ထားပါ၏။

"ရခိုင်ဘုရား ဆင်းတုတော်တိုင်းဟာ မျက်လွှာချပြီးနေတာချည်း ပဲနော်၊ ခု မျက်လုံးတော်က ပွင့်နေတယ်"

"ဟုတ်တယ်လေ ၁၉၃၂ ခုနှစ်ကျမှ မျက်လုံးတော် ထည့်တယ် လို့ ဆိုပါတယ်။ ရှေးမူပျက်သွားသလိုပါပဲ"

"ဒီနေရာကို စစ်တွေကမပြောနဲ့ မြောက်ဦးကတောင် တချို့ ရောက်ဖူးကြဘူးတဲ့နော်"

"ဟုတ်တယ်... မလာဖြစ်ကြဘူးလေ... ဝေသာလီကလည်း အရင်လို မစည်တော့ဘူး မဟုတ်လား"

ဘုရားကန်တော့ကြသည်။ ရွှေဝတ်ရည်သည်...

"ရင်ငြိမ်းအေးခွင့်ရပါရစေ"

ဆိုသော ဆုကိုသာ တောင်းပြီး ထိုင်ရာမှ ထသည်။ သူ့ဘဝ သည် အရာအားလုံး ပြည့်စုံပြီးသားပါ...အလှ၊ ငွေ၊ ပညာတို့ မလိုတော့ ပါပြီ။ အပူရင်ဖြင့် မေတ္တာကွက်လပ် ဖြစ်နေသော နှလုံးသားသည်သာ ငြိမ်းအေးမှုရလျှင် တော်ပါပြီ။

"ဟိုဘက်မှာ မြို့ရိုးတူးနေတာ သွားကြည့်မလား၊ အစားစားဖို့ ကုန်းကြီးကျောင်း လိုက်သွားကြမလားဟင်"

"အောင်ဦးသာ သဘောပဲ"

"ဟာ... ရွှေ ဆုံးဖြတ်ပေးလေ...ဆာနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"မဆာပါဘူး"

"ဒါဖြင့် သွားကြမယ်နော်"

ရွာအပြင်မှပတ်ပြီး မြေကြမ်းတောလမ်းအတိုင်း လျှောက်ကြ၏။ ညစ်ညမ်းမှု ကင်းမဲ့သော လေသန့်သန့်က ကွင်းပြင်ကျယ်ဖြတ်တိုက်လာသည်။ လူတစ်ရပ်စာမျှ မမြင့်သော ပေါက်ပင်များကြားပေါက်နေသည့်ကြားမှ ကွေ့ဝိုက်ဖြတ်ကျော်၍ လျှောက်လာကြသည်။ တလျှောက်လုံး ရွှေဝတ်ရည်၏ ခြေလှမ်းလေးများကအစ ဂရုတစိုက်ဖေးမဦးဆောင်လာသော အောင်ဦးသာနှင့်အတူ တွဲလျှောက်နေရသည့်အဖြစ်ကို ရွှေဝတ်ရည် သာယာကြည်မွေ့မိရပါပြီ။

"ရွှေ မောလား ဟင်...ရေသောက်မလား"

"မမောပါဘူး၊ ရေတော့ သောက်ချင်တယ်"

အောင်ဦးသာက ရေဗူးဝါဝါလေး၏ အဖုံးကို ဖွင့်ပေးသည်။ ရွှေဝတ်ရည် တားမြစ်၍ ထိုးတော့ မဆောင်းဖြစ်။

"ခွက်လည်းမပါ"

"ရပါတယ်"

ပြောရင်း မော့သောက်ချလိုက်တော့ ရွှေဝတ်ရည် ရေသီးသွားသည်။

"ဟာ...ဟာ..."

အောင်ဦးသာ ပျာယာခတ်သွားသည့်အဖြစ်ကို ရွှေဝတ်ရည်ရယ်မောရင်း ရေကို ဆက်မော့သောက်သည်။

"ဖြည်းဖြည်းသောက်နော်... ရွှေ"





အသေးအမွှားလေးကိုပင် အရေးထားလွန်းရှာသော အောင်ဦးသာကို ကြည့်မိသည်။ သူ့မျက်ဝန်းမှာ အကြင်နာတွေ၊ မေတ္တာတွေ ပြည့်လို့ ဝေလို့ပါ။

နန်းတော်ဟောင်းနေရာကို တူးဖော်ထားကြသည့် အုတ်ရိုးများကို မြင်ရသည်။ လှေကားထစ်များ အခန်းဆင့်တွေ ဖွဲ့စည်းပုံများပါ စုံအလင်။

ဝေသာလီမှ တူးဖော်ရရှိသော အဆင့်မြင့် ကြေးအွန်းရုပ်များ၊ ဆင်းတုတော်များ၊ ငွေဒင်္ဂါးမြောက်မြားစွာနှင့် ကလေးနှစ်ယောက်ကို ပိုက်ထားသော ခေါင်းပြတ်နတ်ရုပ်များအကြောင်းကို ရွှေဝတ်ရည် သိပြီးခဲ့ပါပြီ။

"တူးပြီးသား ရတနာတွေကတော့ မြောက်ဦး ပြတိုက်ထဲမှာ။ ဒီမှာတော့ နန်းတော်ရာလောက်ပါပဲ။ ကဲ လေ့လာပြီးရင် ဟိုနားက အရိပ်မှာ ခဏထိုင်နားလိုက်ပါဦး။ ရွှေပင်ပန်းလှပါပြီ"

"ဟယ်...ဒီအဖင်ကြီးက အသီးဝါဝါတွေဝေလို့၊ အရိပ်လည်း ကောင်းလိုက်တာ"

နန်းမြို့ဟောင်း ကန်စောင်းနေရာမှာ ဖြစ်ပါ၏။ ပင်ခြေရောက်အောင် ဆင်ခြေလျှော ဆင်းရပါဦးမည်။

"ခမောင်းပင်ပါ ရွှေ။ အဝါရောင်ကြိုက်တဲ့ ရွှေ့အတွက် ဒီနေရာလေး ရွေးထားတာ။ လာ...အောက်ဆင်းရအောင်ပါ"

သူက ရှေ့မှ ဖြည်းဖြည်းဆင်းနှင့်သည်။ မြေခဲလေးများကို နင်းပြီး ခြေချော်မကျရန် သတိထားဆင်းနေရ၍ ရွှေဝတ်ရည်မှာ



www.burmeseclassic.com

www.burmeseclassic.com





အောင်ဦးသာ၏လက်မောင်းကို လှမ်းကိုင်တွဲရင်း ဆင်းလိုက်ခဲ့လေ သည်။

ကြည်နူးမှုသည် အောင်ဦးသာ၏ ရင်ဆီသို့ တောင်ကျချောင်းရေ တရကြမ်း ဝင်ရောက်လာသည်။ ရွှေဝတ်ရည်၏ လက်ကလေးသည် သူ့သန်မာသော လက်မောင်းကို ကိုင်ထားသည်မထင်။ သူ့အသည်း နှလုံးကို ကိုင်တွယ်ထားလိုက်သလိုပါ။

ရွှေဝတ်ရည်၏လက် ဖြေလွှတ်လေမှ သူ ပေါက်ရွက်ဖားဖား ကြီးများကို ပြေးခူးပြီး ရွှေဝတ်ရည်ထိုင်ရန် ခင်းပေးလိုက်သည်။

ရွှေ့မျက်နှာကလေး ပြုံးနေသဖြင့် သူ ဝံ့ဝံ့ရဲရဲ ဖြစ်လာသည်။ မထိရုံတမယ် အနီးကပ်ဆုံးနေရာမှာ ဝင်ထိုင်ပြီး အားလုံးကို မေ့သွား သလို ရွှေ့မျက်နှာကို မေ့မေ့မောမောကြီး ငေးကြည့်နေမိသည်။

"မြောက်ဦးရောက်တာ ရှစ်လ ရှိပါပြီနော်"

"ရွှေ ဘာကိုပြောတာလဲဟင်..."

"သြော်... ကျွန်မကို အခုမှ မြင်ဖူးသလားလို့ပါရှင်"

ရွှေဝတ်ရည် လှောင်တော့ အောင်ဦးသာ တကယ်ပဲ ရှက်သွား သည်။

ရွှေဝတ်ရည်၏ ရယ်သံလွင်လွင်လေးက သူ့ရှက်စိတ်ကို ချက်ချင်းနှင်လိုက်ပြီး ကြည်နူးမှုတို့ အစားထိုးဝင်ရောက်ခဲ့ပါပြီ။

"ရွှေ"

"အဲလိုခေါ်တာကြီး မကြိုက်ပါဘူး"

"နှုတ်က ခေါ်ခွင့်မပေးရင်လည်း ရင်ထဲကခေါ်မှာပဲ။ သိပ်ပြီး မြတ်နိုးစရာ ရတနာနဲ့ စံနှိုင်းထားတဲ့ ကျွန်တော့်အဓိပ္ပာယ်နဲ့ ကျွန်တော်ပါ"

"သိပ်ပြီး မြတ်နိုးစရာ ရတနာတဲ့လားကွယ်...။ မြတ်နိုးတယ် ဆိုတာ ဘာလဲ"

"မြတ်နိုးတယ်ဆိုတာ အလုံးစုံသော ကိစ္စမှာ ကျေနပ်ကြည်ဖြူ လိုက်လျောနိုင်ခြင်းပါ။ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ အဲဒါတွေထက် ပိုပါတယ်"

ရွှေဝတ်ရည် အရင်လို မျက်နှာတင်းမသွားတော့ ရမ်းချောင်း ဘက်ဆီသို့ လှမ်းမျှော်ရင်း စဉ်းစားသလို ခေါင်းလေးငုံ့နေသည်။

"ရွှေ့ကို ကျွန်တော် ရှင်းပြချင်တာလေး ရှိပါတယ်၊ ရွှေ ခွင့်ပြုမယ် ဆိုရင်ပေါ့"

"ပြောလေ"

"ရွှေ့ကို ကျွန်တော် အတိုင်းအဆမရှိတဲ့ လွန်ကဲခြင်းနဲ့ ချစ်မြတ် နိုးတာ ဘာကိုမှ မျှော်လင့်လို့ မဟုတ်ပါဘူး"

"ဘာကိုလဲ"

"ရွှေ့ပညာကြောင့်၊ အလှကြောင့်၊ ချမ်းသာ ကြွယ်ဝမှုကြောင့် မဟုတ်ဘဲ ရွှေ့ကို သက်သက် ချစ်မြတ်နိုးနေချင်တာပါ။ မမျှော်လင့်ရဲ ပါဘူးဗျာ...။ မျှော်လင့်ချက်မဲ့နေပါတယ်ဆိုတာ သိလျက်နဲ့လည်း ကျွန်တော့်မေတ္တာကို နောက်မဆုတ်လိုပါဘူး။ တုံ့ပြန်မှုမရှိလည်း လျော့ပျယ်မသွားပါဘူး... ချစ်နေချင်တာပဲ။ ချစ်နေခွင့်လေး ရချင်တာ ပါပဲ ရွှေရယ်"





www.burmeseclassic.com

www.burmeseclassic.com



မာန်မတင်းသော မျက်ဝန်းများဖြင့် ရွှေဝတ်ရည်က ငေးငေး တွေးတွေးလေး ကြည့်နေသည်။

"ရွှေ့အကြောင်းစုံကို ကျွန်တော် သိပြီးပါပြီ။ ဒါပေမယ့်...

"ရွှေဟာ ကျွန်တော့် အချစ်ဦးပါ။ ချစ်ခွင့်မရ၊ ဆုံခွင့်မရလည်း ကျွန်တော့်ရဲ့ တစ်သက်တာ အချစ်ဦးဟာ ရွှေပဲဖြစ်နေမှာပါလေ။

"ကျွန်တော်ဟာ သိပ်ဖွဲ့ကြီးတယ် အစွဲလန်းကြီးပါတယ်။ မဖြစ်မနေ ဘာမဆို လုပ်တတ်တဲ့ကောင်ပါ။ ဒါပေမယ့် ရွှေနဲ့ ပတ်သက်လာရင် အရာတိုင်းကို အလျှော့ပေးချင်နေတယ်။ ရွှေမတုံ့ပြန်နိုင်မှန်း သိပါရက်နဲ့ ချစ်မြတ်နိုးနေပါရစေ...လို့ ထပ်ပြီး ခွင့်ပန်တာကိုတော့ ခွင့်လွှတ်ပါ ရွှေရယ်"

မျက်ဝန်းချင်း ဆုံမိကြသည်။ ရွှေဝတ်ရည် မလွှဲဖယ်မီ အောင်ဦးသာကငုံ့ပြီး...

"ကဲပါလေ... ကျွန်တော့်စကားတွေ ရပ်နားပါတော့မယ်။ ဒီရွှေ ရွှေ့မျက်နှာလေး ပြုံးနေတာ ကျွန်တော့်ကြောင့် ပျယ်မသွားစေချင်ဘူး"

"ဟင်..."

"ရွှေ နည်းနည်းလေးပြုံးရင် အများကြီးပျော်ရပါတယ်"

"မမ မဲ့နေမယ်ဆိုရင်ကော"

"သိပ်ကို ထိခိုက်ရမှာပါ"

"အောင်ဦးသာက မမ ငိုနေတာ မမြင်ရသေးဘူးနော်။ တစ်ခါတလေ ငိုရတာများ နှလုံးသား ပွင့်ကွဲမတတ်ပါ"





"ရွှေ့မျက်ရည်ကို ကျွန်တော် ကြည့်ရဲမှာမဟုတ်ဘူး။ ရွှေသာ ငိုရဘူးဆိုရင် ကျွန်တော့်ရဲ့ စွမ်းအင် အားလုံးနဲ့ လဲပေးချင်တယ်။ ...ဒါမျိုးပြောမိပြန်ပြီ။ ခွင့်လွှတ်ပါ ကျွန်တော့်အသက်ရယ်"

အောင်ဦးသာ ဘာမှ မပြောတော့ပါဘဲ ဝါရွှေသော ခမောင်းသီးခြွေများကို ကောက်၍ လွှင့်ပေါက်မစ်နေသည်။ သူတကယ် ဘာစကားမှ မပြောတော့။

"အောင်ဦးသာ"

"ဗျာ"

"မမကိုယ် မမလည်း စမ်းစစ်ကြည့်မိပါတယ်။ မမလည်း ရှုံးသွားပါကွယ်"

"ခင်ဗျာ"

"ပြီးတော့ မိန်းမသားလည်းဖြစ်တော့ ယုယမြတ်နိုးခံလိုတဲ့ဆန္ဒ ရှိနေဆဲပါ။ အထီးကျန်ဆိုတဲ့ဘဝမှာ မေတ္တာတရားနဲ့ ဖေးမကူညီမှုဆိုတာ တကယ်လိုအပ်တဲ့အရာပါလေ"

"ဒါပေမယ့် အောင်ဦးသာရယ်။ မမရဲ့ရင်ထဲမှာ တုံ့ပြန်ပေးဆက်နိုင်တဲ့ မေတ္တာစွမ်းအားတွေ ကုန်ခမ်းသွားခဲ့ပါပြီ"

"နှလုံးသားမဲ့နေတဲ့ မိန်းမတစ်ယောက်ဟာ သူများဆီက မေတ္တာ၊ ဖေးမယုယမှုကို ရယူလိုပြီး မတုံ့ပြန်နိုင်ခဲ့ရင် မတရားရာ ရောက်နေမှာပေါ့နော်။ ဒါကြောင့်..."

"အို...အို ရွှေရယ်။ ကျွန်တော့်ရဲ့ မေတ္တာတရားကို နားလည်တယ်ဆိုရင်၊ ခံယူမယ်များ ဆိုရင် ကျွန်တော်လေ ဟာ... ဘယ်လိုပြောရ

www.burmeseclassic.com



မလဲဗျာ။ အတောင့်တဆုံးဆန္ဒ ပြည့်ပါပြီ"

ရင်တွင်းဆန္ဒကို ပြည့်စုံစွာ မပြောကြားနိုင်သော အောင်ဦးသာ၏ ကြည်နူးမှုအထွဋ်ထိပ်ဆီမှ မျက်နှာလေးကို ရွှေဝတ်ရည် ကြည့်သည်။

"ကျွန်တော့်ကို မတုံ့ပြန်နိုင်ဘူးဆိုလည်း ရပါတယ်။ ရွှေဆိုတဲ့ အသက်လို့ချစ်ရတဲ့ မမရယ်"

"ကွယ်..."

"ပြီးတော့ ရယူပိုင်ဆိုင်ဖို့အထိလည်း မမျှော်လင့်ရဲပါဘူး၊ မမျှော်လင့်ရက်ပါဘူး၊ အမြင့်မြတ်ဆုံး ချစ်သူရယ်"

"သြော်... အောင်ဦးသာရယ်"

"ကျွန်တော်လေ... ချစ်နေခွင့်၊ အို... ခုလို အနားမှာ နေခွင့်နဲ့ ရွှေ့အတွက် လိုအပ်သမျှ ပေးဆက်နေနိုင်ခွင့်ရရင်လည်း ရောင့်ရဲပါမယ် ဗျာ"

"အောင်ဦးသာ... မောင်လေး"

"ဟာ...ရွှေရယ်"

ရွှေဝတ်ရည်မှာ အောင်ဦးသာ၏ ပခုံးပေါ်သို့ ခေါင်းကို မှီလှဲလိုက်သည်။

"ကားထွက်ခါနီးတုန်းကလေ နေခဲ့ရမလား၊ လိုက်ခဲ့ရမလား ဆိုတဲ့ မမရဲ့အမိန့်ကို နာခံနေတဲ့ မျက်နှာလေးကို မမ သနားသွားမိတယ်"

"အာ..."





"မမရဲ့အချစ်ကို ရရှိသည့်တိုင် ဒုတိယအချစ် ဖြစ်နေမယ် ဆိုတာရယ်၊ ကိုယ်ခန္ဓာ လုံးဝ ယိုယွင်းမှုမရှိပေမယ့် အသည်းနှလုံး ကတော့ ဖျက်စီးယောင်းနွမ်းခဲ့ရပြီ ဆိုတာရယ်ကို အောင်ဦးသာ နားလည်မယ် ဆိုရင်လေ..."

"ရွှေ...မမ"

"အင်း... နားလည် လက်ခံနိုင်မယ်ဆိုရင် အောင်ဦးသာ ပေးဝေမယ့် 'မြတ်နိုးမှုမေတ္တာ' ဆိုတာကို မမ ခံယူပါ့မယ်ကွယ်။ မမဟာ မချစ်တတ်နိုင်ပေမယ့် မေတ္တာငတ်မွတ်နေတဲ့ မိန်းမသားတစ်ယောက် အဖြစ်နဲ့ မမကို နားလည်ပါကွယ်နော်"

"အမလေး...မမရယ်၊ ကျွန်တော် ဘာပြောရမလဲ၊ ကျွန်တော် ဘာတွေပြောရမလဲဗျာ။ သိပ်ချစ်တာပဲ၊ သိပ်သနားတာပဲ၊ သိပ်ဝမ်းသာ တာပဲ"

အစီစဉ်မဲ့ စကားလုံးများက ပိတ်ဖုံးဆို့ပြည့်နေသော သူ့ရင်ထဲမှ လျှံကျလာသည်။ သူ့အသံလေးများပင် တုန်နေသည်။ သူ့ပခုံးပေါ် ရောက် ရွှေ့ခေါင်းလေးကို သူ့ပါးနှင့် အပ်ပြီး မျက်စိစုံမှိတ်ပစ်လိုက် သည်။ ရွှေဝတ်ရည်၏ လက်ကလေးကို ညင်ညင်သာသာပင် သူ့ရင်မှာ ကပ်၍ ပွေ့ပိုက်ထားလိုက်သည်။

တစ်ဦးမျက်နှာတစ်ဦး မမြင်ကြရပါသော်လည်း အပြုံးတွေ ကိုယ်စီနှင့်ပါ။ အောင်ဦးသာကမူ အချစ်ဦးမို့ မူးမတတ်... ရူးမတတ်ပါ။

"အောင်ဦးသာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည် ခေါင်းခွာမတ်လိုက်တော့ အောင်ဦးသာသည် ရွှေဝတ်ရည်၏ လက်နှစ်ဘက်လုံးကို ဆုပ်ကိုင်ထားပြီး အနီးကပ် ကြည့်နေသည်။

"ဟိုတုန်းကလည်း ဒီလိုပဲ။ မမကို သိပ်ချစ်တာပဲလို့ အပြောခံခဲ့ရတာပါပဲ။ မမယုံခဲ့တယ်။ အသည်းနှလုံးပုံပြီး တုံ့ပြန်မိခဲ့ပါတယ်။ မမရင်မှာ ဒဏ်ရာရခဲ့တာ အောင်ဦးသာ အသိပါကွယ်။ ခုလည်း မမ ယုံပါရစေ။ ဒဏ်ရာတော့ ထပ်မပေးလိုက်ပါနဲ့လို့သာ မမ တောင်းပန်ပါရစေနော်"

"ကျွန်တော့်မေတ္တာကို သံသယ မဝင်နဲ့ဗျာ။ ကျွန်တော် ပါးစပ်နဲ့ မပြောတတ်ဘူး။ အသက်နဲ့အမျှ လက်တွေ့ပြမယ်ဗျ"

မခံမရပ်နိုင် ဖြစ်လွန်းလေ၊ ချစ်လွန်းလေ ဆိုသည်ကို ရွှေဝတ်ရည် ယုံပါပြီ။

မိမိသည် ကိုကိုဆိုသော ဒေါက်တာမျိုးဝေ၏ အချစ်ဦး မဟုတ်ပါဘဲနှင့် ချစ်ခဲ့ရစဉ် ကာလက ဒေါက်တာမျိုးဝေ သည်သို့ လှုပ်ရှားခဲ့သည် မဟုတ်ပါ၊ မတုန်လှုပ်ပါ။ အနုအလှစကားများကိုသာ ပြောကြားတတ်ပြီး ယခု အောင်ဦးသာလို လှိုက်လှိုက်လှဲလှဲကြီး ရင်ထဲက ပြောကြားခဲ့သော စကားမျိုး မကြားခဲ့ရဖူးပါ။

"ရွှေ…မမ"

"ဟင်…ခေါ်ပုံကြီးကလည်း"

"အာ…အဲ ရင်ထဲက ရွှေလို့ခေါ်မယ်။ ပါးစပ်က မမကြိုက်သလို မမပဲခေါ်မယ်"





"ကင်ပွန်းတပ်မင်္ဂလာပြီးရင် ပြောချင်တာ ပြောပါတော့ရှင်"

"အဟဲ…ဟဲ၊ ဟိုလေ… ကျွန်တော် တောင်းပန်ချင်တာက ကျွန်တော့်မေတ္တာကို ဘာနဲ့မှ မနှိုင်းယှဉ်ပါနဲ့"

"ဟင်"

"တကယ်ပါ၊ ဘာနဲ့မှ နှိုင်းယှဉ်ပြလို့မရအောင် ချစ်တာပါ အသက်ရယ်။ ဒီမှာ…မမ။ ဟိုလေ… ဟိုတုန်းက အတိတ်နွမ်းကြီးကိုလည်း မေ့ပစ်လိုက်စမ်းပါတော့နော်"

"မမ ကိုယ်တိုင်လည်း မေ့သွားချင်ပါတယ်"

"ကျွန်တော့်ရဲ့ မေတ္တာစွမ်းအင်တွေနဲ့ မောင်းနှင်ထုတ်ပေးမယ်နော် မမ၊ ဒီမှာ မမ"

"ဟင်…"

"ကျွန်တော် ဘာပြောရမလဲ"

"အို…အရူးလေး၊ သူဘာပြောချင်တယ်ဆိုတာ ဒီက ဘယ်လိုလုပ် သိမှာလဲ"

"အဟား…ဟား…ဟုတ်ပါရဲ့နော်"

အောင်ဦးသာမှာ ဝံ့ရဲ၍ မဟုတ်။ အယောင်ယောင် အမှားမှားနှင့် ရွှေဝတ်ရည်ကို လှမ်းဖက်လိုက်မိသည်။ ရွှေဝတ်ရည်မှာ သူ့လက်သန်သန်ကြီးတွင်းမှ ရုန်းထွက်လိုက်ပြီး အောင်ဦးသာ၏ ရင်ခွင်ကျယ်မှာ သူ့မျက်နှာကို မှီကပ်ပစ်လိုက်မိသည်။

တောင်ပံကျိုးလျက် မေတ္တာစံအိမ်ထက်မှ လွင့်စင်ကျလာသော အချစ်ငှက်ပျိုမလေးသည် နားခိုရာနေရာသစ်မှာ ပြေးကပ်ခိုပွဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ပါ။

"အို… ကျွန်တော် သိပ်ချစ်ရပါတဲ့ မမရယ်"

"ဟင်…"

"မြောက်ဦးမှာ မမရှိသရွေ့ ကျွန်တော် အနားမှာနေမယ်။ ရန်ကုန် ပြန်သွားရင်လည်း လိုက်ခဲ့မယ်။ ကျွန်တော့်ကို ခွဲမသွားပါဘူး ဆိုတဲ့ ကတိတော့ ပေးစမ်းပါလားဗျာ"

"ဩော်… ကွယ်… ဒီကတိမျိုးဟာ မမက တောင်းယူရမယ့် ကတိမျိုးပါ"

"မဟုတ်ပါဘူး မမရယ်၊ ကျွန်တော်ဟာ မမအတွက် အပင်အောက်က ပန်းကြွေလေးတစ်ပွင့်ပါ။ အချိန်မရွေး ကောက်ယူလို့ ရနိုင်တဲ့ နေရာမှာ ရှိနေတာပါ"

"မမသည်သာ ကုမုဒြာလို ကျွန်တော် လက်လှမ်းမမီတဲ့ အမြင့်မြတ်ဆုံးပန်းပါ"

"စကားလည်း သိပ်ပြောတတ်ပါလား"

"ကျွန်တော့် ဥပမာတွေက နီးစပ်ရုံပါ။ မကိုက်ညီသေးပါဘူး"

"ဂုဏ်ဒြပ်တွေဆိုတာကို မေ့ထားပစ်လိုက်စမ်းပါ။ အောင်ဦးသာ ကလည်း မမနဲ့ ကွာလှမ်းလွန်းနေတာ မဟုတ်ပါဘူး။ မမမှာ ဆန္ဒတစ်ခုထဲပဲ ရှိပါတယ် မောင်လေးရယ်"

"ဘာဆန္ဒလဲဟင် မမ"

"နောက်တစ်ခါ အချစ်ပျက်ရမယ့် အဖြစ်မျိုး၊ အသည်းကြွေရမယ့် ဝေဒနာမျိုးတွေ မခံစားရပါစေနဲ့ ဆိုတဲ့…"





အောင်ဦးသာသည် သို့ရင်ခွင်တွင်း ရောက်နေသော ရွှေ၏ ရျက်နှာလေးကို မော့ယူလိုက်သည်။ ရွှေ့စကားမဆုံးမီမှာပင်…

"တော်တော့ မမ၊ ဘယ်တော့မှ မဖြစ်စေရဘူး။ ကျွန်တော့် အသက်နဲ့ ကိုယ်နဲ့အတူ ရှိနေသမျှ မမဘယ်တော့မှ ကြေကွဲရတယ် ဆိုတဲ့ အဖြစ်မျိုး မဖြစ်စေရဘူးလို့ ကျွန်တော့်ရဲ့ အသက်နဲ့ လောင်းကြေးထပ်ပြီး ကတိပေးပါတယ်ဗျာ"

ဒဏ်ရာရဖူးသော သားကောင်သည် လေးညို့သံလား၊ လေညှင်းသံလား ခွဲခြားတတ်ခဲ့ပါပြီ။

တစ်ချိန်သောအခါက မိမိ၏ အသည်းနှလုံးကို ပစ်ခွင်းမည့် လေးညို့သံကို လေညှင်းသံအဖြစ်နှင့် သာယာမိခဲ့သည်။

ယခုမှသာ ကွဲအက် ဒဏ်ရာရပြီးသော နှလုံးသားဆီသို့ စစ်မှန်သော မေတ္တာလေပြေညှင်းလေး တိုက်ခတ်လာခြင်းပါ။

ဤလေပြေညှင်းဖြင့် နှလုံးသားဒဏ်ရာ ပျောက်ကင်းရပါစေသား။

ပြန်လည် ချစ်နိုင်စွမ်းသော နှလုံးသားသစ်ကလေး ဖြစ်ရပါစေသား…။

"မမရယ်၊ ကျွန်တော် တမ်းတခဲ့ရတဲ့ အိပ်မက်တွေ၊ တကယ်ဖြစ်ခဲ့ရပြီနော်၊ ကျွန်တော့်ကို သနားတယ်လားဗျာ၊ ကျွန်တော်လေ… ကျွန်တော်…၊ အို… ချစ်တယ်ဆိုတာထက် ပိုပြီး ပြောတတ်ချင်လိုက်တာဗျာ"

"အောင်ဦးသာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ...မမ"

"အောင်ဦးသာရဲ့ အချစ်ကို မမယုံတယ်။ မေတ္တာတရားနဲ့ ကြင်နာမှုကိုလည်း ခံယူချင်တယ်။ မမဘက်ကတော့ အောင်ဦးသာ လောက် ပြန်ပြီး မချစ်နိုင်သေးဘူး။ ချစ်လို့ ရဦးမယ် မထင်ဘူးကွယ်"

"ကျွန်တော်လိုချင်တာ ဒါပဲမမ၊ ကျွန်တော့်အချစ်ကို မမ လက်ခံ နားလည်ရင် တော်ပါပြီ။ ကျွန်တော် ချစ်နေခွင့် ရရင် ကျေနပ်ပါပြီ အို... ဒီနေ့ဟာ ကျွန်တော့်ဘဝအတွက် အပြည့်စုံဆုံးနေ့လေး တစ်နေ့ ပါပဲလား။ ရွှေဆိုတဲ့ ကျွန်တော့်အချစ်ဆုံးရယ်"

အောင်ဦးသာသည် အားရပါးရဖက်ပြီးမှ အားနာသွားသလို ဖြေလွှတ်လိုက်သည်။ သူ့ရွှေကို မြတ်နိုးရုံမဟုတ်၊ လေးလည်း လေးစား ပါသည်။

ရွှေ၏လက်ကို ဆုပ်ကိုင်ရင်းသာ ရွှေ့မျက်နှာကို ကြည်နူး လွန်ကဲခြင်း အကြည့်များနှင့် ကြည့်နေရှာသည်။

ရွှေဝတ်ရည်က မရန်းဖယ်၊ လွှတ်နေသော လက်တဘက်က မြေကြီးခဲများကို ကိုင်ဆွနေသည်။ ကန်ဆယ်ရာမှ တူးသွန်ထားသော မြေစိုင်ခဲများ ဖြစ်မည်ထင်ပါ၏။

"ဟင်... ဒီမှာ ဘာလေးလဲ မသိဘူး"

အောင်ဦးသာက ရွှေဝတ်ရည်လက်ထဲမှ မြေစိုင်ခဲကိုယူပြီး ထုခွဲလိုက်သည်။

"ဟာ...ဒင်္ဂါး၊ ဝေသာလီ ဒင်္ဂါးဗျ"

"ဟင်...ဘာ..."





"ငွေဒင်္ဂါးမမ၊ ဒါမျိုးတွေ ရခိုင်မြို့ဟောင်းနေရာအနှံ့မှာ တွေ့တတ်ကြတယ်"

"ဟယ်... တကယ့်ရှားပါးတဲ့ ရှေးဟောင်းပစ္စည်းပါလား။ ပြစမ်း၊ ကြည့်ရအောင်"

"နေဦး၊ ကျွန်တော် ပွတ်လိုက်ဦးမယ်"

အောင်ဦးသာက ရေ ပြေးဆေးပြီး သူ့ပုဆိုးအဖျားနှင့် သုပ်ပွတ် လိုက်သည်။ ငွေရောင် က ပြောင်မလာသော်လည်း ရုပ်လုံးကြွလာ သည်။ မြင်သာလာသည်။

ဒင်္ဂါးမှာ တိတိကျကျ ဝိုင်းဝိုင်းစက်စက် မဟုတ်၊ လက်နှင့် ဝိုင်းထားသော စက်ဝိုင်းလို မညီညာ။ တဘက်မျက်နှာတွင် ခြေခွဲပြီး လဲလျောင်းနေသည့် နွားလားဥသဘပုံနှင့် အပေါ်ဘက်တွင် မဖတ် တတ်သော စာများ၊ ကျောဘက်တွင် နေနှင့်လပုံ ခပ်ရေးရေး။

"ဟောဒီ နွားရုပ်ပေါ်က ဗြဟ္မီအက္ခရာပွားစာဟာ အဲဒီ ဒင်္ဂါး ထုတ်လုပ်ခဲ့တဲ့ ခုနှစ်နဲ့ ဘုရင်ရဲ့အမည်ကို ဖော်ပြထားတာမမ"

"ဟုတ်လား။ ဘယ်လိုလုပ် သိတာလဲ"

"သိတာပေါ့ မမရဲ့၊ ကျွန်တော်တို့ရဲ့ သျှစ်သောင်းဘုရားပေါ်က အနန္တစန္ဒြ ကျောက်စာတိုင်ကြီးကိုတောင် ဖတ်လို့ရပြီပဲ"

"ဝမ်းသာစရာကြီးနော်"

"မမနဲ့ထိုက်လို့ရတာ"

"ဒါ ဘယ်နှစ်နှစ်လောက် ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေသာလီဒင်္ဂါးတွေဟာ အေ–ဒီ ၄ ရာစုကစပြီး ဆက်တိုက် သွန်းလုပ်ခဲ့တာ ဖြစ်တယ်။ အခုလို စာပါတဲ့ ဒင်္ဂါးကတော့ နောက်ကျ တယ်။ ဒါပေမယ့်... ဒါဟာ နှစ်ပေါင်း တစ်ထောင်ကျော်က ငွေဒင်္ဂါးပဲ မမ"

"ဟယ်..."

ရွှေဝတ်ရည်မှာ ယခုခေတ် တစ်ကျပ်တန်ရွယ် ဒင်္ဂါးလေးကို မြတ်နိုး တန်ဖိုးထားစွာ ကြည့်နေမိသည်။

"မမ"

"ဟင်..."

"အဲဒီ ဒင်္ဂါးမျိုးတွေလေ၊ ကျွန်တော်တို့ ရခိုင်ပြည်အနှံ့ အိုးနဲ့ ဝါးကျည်တောက်နဲ့ အမြှုပ်ထားတာတွေ၊ မကြာခဏ တူးဖော်တွေ့ရှိ ကြရတယ်။ ခုလို တစ်ခုချင်းလည်း ရတတ်ကြပါတယ်"

"ဒါ ငွေအစစ်လားဟင်"

"ဟုတ်ကဲ့၊ ပက်ထရိုဂရပ်(ဖ)နဲ့ တိုင်းထွာထားခဲ့ကြပြီးပြီ အားလုံးဟာ ငွေသားစင်စစ် ၉၉ ရာခိုင်နှုန်း ပါဝင်တယ်တဲ့"

"အောင်ဦးသာကလေ အရာရာမှာ နှံ့စပ်ပါပေတယ်ကွယ်"

"ရှင်ဘုရင် ချီးမြှောက်ရင်တောင် ဒီလောက် ဝမ်းသာမယ် မထင်ဘူး"

"ဟင်..."

"ကျွန်တော် အအားမနေတတ်ဘူး မမ၊ တစ်ခုခုရင်လည်း လုပ်နေမှ၊ အကြောင်းရာ တစ်ခုခုကိုလည်း စပ်စုနေရမှ ကျေနပ်တယ်။





ကျွန်တော် ကျောင်းထုတ်ခံထားရတဲ့ နှစ်အတွင်းမှာ ကျွန်တော်တို့ ရခိုင်တွေရဲ့ ယဉ်ကျေးမှုအနုပညာနဲ့ တန်ခိုးအာဏာ လျှမ်းလျှမ်း တောက်ခဲ့တဲ့ အကြောင်းတွေ၊ မြို့တော်တွေ၊ မင်းဆက်တွေ အကြောင်း ကို စုဆောင်းရေးမှတ်ထားတယ်"

"ကောင်းတာပေါ့။ ဒါဖြင့် အောင်ဦးသာ နောင်နှစ် ကျောင်းပြန် တက်ရမှာပေါ့နော်၊ စယ်ကဲန်းယီးယား မှတ်လား"

"မတက်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်အသက် ဒီမှာနေရင် ကျွန်တော်လည်း ဒီမှာနေမယ်။ ကျွန်တော့်အသက် ရန်ကုန်ပြန်ရင် ကျွန်တော် ပြန်လိုက်မယ်"

"အဲဒီအသက် ထွက်သွားရင်ရော"

"ကျွန်တော် သေပြီ"

"ဟွန်း...မယုံသေးဘူး"

"တကယ်ပါ။ မမကိုသာ စွန့်လွှတ်ရမယ်၊ မမက ကျွန်တော့်ကို စွန့်ခွာသွားမယ်ဆိုရင် လူမသေတဲ့တိုင် ကျွန်တော့်ဘဝတော့ သေပြီ"

"အစတော့ ဒီလိုပဲ ပြောကြတာပဲ"

"ကျွန်တော့်ကို ဟိုသစ္စာမဲ့တဲ့ ဆရာဝန်နဲ့ မနှိုင်းပါနဲ့ဗျာ"

လေပြေညှင်းလေး 'ကြမ်းလာခြင်းပါ။

အသည်းခွဲမယ့် လေးညှို့သံ မဟုတ်ပါ။

"မမရယ်..."



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးသာကို ရွှေဝတ်ရည် နားလည်ပါသည်။ ဝေသာလီ ဒင်္ဂါးလေးကို စိတ်ဝင်စားနေ၍သာ သူ့ကို စကားမပြောဖြစ်တာ ကြည့်မနေမိခြင်းပါ။ သူ့လေသံ မာသွားကြောင်း သူသိသွားလေပြီ။

"မမနဲ့ ပတ်သက်လာရင် အတိမ်းအစောင်းလေး မခံနိုင်လောက်အောင် အဖြစ်သဲနေမိတာ ချစ်လွန်းလို့ပါဆိုတာ မမရယ် နားလည်ပါနော်"

ရွှေဝတ်ရည် ဘာမှ ပြန်မပြောမိ။ ကြည်နူးကျေနပ်သော အပြုံးသည်သာ အောင်ဦးသာအတွက် အကောင်းဆုံးသော စိတ်ဖြေဆေး ဖြစ်ပါလေမည်။

"မမ... ဒီဝေသာလီ ဒင်္ဂါးလေးကို သဘောကျနေတယ်လား ကျွန်တော်တို့ နှစ်ယောက် နိုင်ငံတော်ရဲ့ ရှေးဟောင်းသုတေသနဌာနကို တူတူအပ်ကြရအောင်နော်"

"နိုင်ငံ့အမွေအနှစ်မို့ နိုင်ငံတော်ကို အပ်သင့်တယ်ဆိုတာ မမ နားလည်ပါတယ်။ ဒါပေမယ့် မအပ်သေးဘူး"

"ဟင်...ဘာဖြစ်လို့လဲ မမရဲ့"

"အောင်ဦးသာရဲ့ မေတ္တာစစ်ကို မမ လက်ခံမိတဲ့နေ့မှာ ရလာတဲ့ ရှေးဟောင်းရတနာလေးမို့ မမ ခဏသိမ်းထားချင်သေးတယ်"

"သိမ်းထား... သိမ်းထား...၊ မမက ငွေစင် ရတနာလေးရတာ ကျွန်တော်က ရွှေစင်ရတနာကိုရတာဗျ"

အောင်ဦးသာက ရွှေဝတ်ရည်၏ လက်နှစ်ဘက်ကို စုကိုင်၍ နဖူးချင်း ထိပွတ်ပြီး အံခဲ၍ မချင့်မရဲ လေသံနှင့် ပြောလိုက်သည်။





"မမတို့ သွားကြစို့၊ ဦးကျော်ဇံတို့ စောင့်နေလိမ့်မယ်"

"ဟာ... လူအုပ်စုကြီးထဲမှာဆို မမကို လေးလေးစားစားနေရမှာ...၊ ခုလိုပဲ နေချင်တယ်... မသွားပါနဲ့။ ဦးကျော်ဇံက ရပါတယ် မမရဲ့"

"အို... ဘယ်ကောင်းမလဲကွယ်၊ ဖယ်ပါ သွားကြမယ်"

သည်တော့လည်း အောင်ဦးသာက အရင် ဖြတ်ခနဲ ထလိုက်ပြီး ရွှေဝတ်ရည်ကို ဆွဲယူ ထူမလိုက်သည်။

ကြီးမားသော အားအင်တစ်ရပ်သည် အင်အားမဲ့နေသော နှလုံးသားဆီသို့ ဝင်ရောက်လာခဲ့ပါပြီ။ ရွှေဝတ်ရည်မှာ အောင်ဦးသာကို မှီတွဲကပ်လျက် ကန်ဘောင်ပေါ်သို့ ပြန်တက်ခဲ့သည်။

လက်ထဲတွင် ဝေသာလီငွေဒင်္ဂါးလေးကို ဆုပ်ကိုင်လျက်...

ဤငွေစငယ်သည် နောင်သောအချိန်ကာလတွင် သူတို့နှစ်ဦး၏ ဘဝကို ပြောင်းလဲခြင်းများစွာ ဖြစ်ထွန်းအောင် စွမ်းဆောင်နိုင်မည့် ဝေသာလီဒင်္ဂါးဟူ၍...

ရွှေဝတ်ရည်တို့ မတွေးမိ၊ မသိရှိနိုင်ခဲ့ပါချေတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၄ ။

"ဟာ... ဒါငိုစရာ ပြဿနာလား၊ မေမေငိုတာ ကျွန်တော် သိပ်အံ့သြတယ်ဗျာ"

"သားလေးရယ်...မေမေ့ကို သနားရင် ဒီဆရာဝန်မကို မယူ(?) ပါနဲ့၊ သူနဲ့ယူရင် မေမေ ရင်ကွဲပြီ သေသွားလိမ့်မယ်"

"ခက်လိုက်တာ မေမေရာ...၊ ကျွန်တော့်မမှာ ဘာအပြစ်ရှိလို့ လဲ၊ ဘာကြောင့် မေမေ သဘောမတူရတာလဲ၊ ပြောစမ်းပါဦး"

ဒေါ်ကျက်ရုံးဖြူ ငိုသာ ငိုနေသည်၊ ဘာမှ မဖြေ။

"ကျွန်တော်က ဘွဲ့တောင် ရတဲ့ကောင် မှုတ်ဘူး။ မမက ဆရာဝန် ချမ်းသာတယ်၊ သိပ်လှတယ်။ မေမေဘာကြောင့်များ မကျေနပ်နိုင်ရတာလဲ။ မြန်မာမို့လား... ဟုတ်လား"

"ရခိုင်မပဲ ယူစေချင်တာ မေမေတို့အားလုံးရဲ့ ဆန္ဒပဲ။ အဲ ထက်ကို..."





ဒေါ်ကျက်ရုံးဖြူမှာ နုမြခိုင်အား ပေးထားမိသော ကတိကို သတိရ၍ ခိုင်ခိုင်နှင့် ပေးစားဖို့ စီစဉ်ပြီးသား ဆိုသော စကားကို မဆက်ဖြစ်တော့ပါ။

"အဲဒါထက်ကို... ဘာက ပိုသလဲ ဟင်... မေမေ၊ ပြောစမ်းပါဗျာ"

"ဟို...ဟို...သူဟာ ဆရာဝန်တစ်ယောက်နဲ့ အတူယှဉ်တွဲ သတင်းစာမှာ ကြော်ငြာခံခဲ့ရဖူးတာ သား သိရဲ့လား"

"သိတယ်။ သူ့ခွင့်ပြုချက်နဲ့ မခိုမ်ခံ အားလုံး ပြောပြပြီးပြီ"

"အဲဒီလို ရှုပ်ခဲ့တဲ့ မိန်းကလေးနဲ့..."

"တော်... မေမေ... သူရှုပ်တာ မဟုတ်ဘူး၊ ဟိုကောင် ရှုပ်တာ"

"ဘာပဲဖြစ်ဖြစ် သားရယ်... ကိုယ့်မြို့ကိုယ့်ရွာက အတွင်းသိ အစင်းသိနဲ့ပဲ"

"တော်ပါ မေမေ၊ ခုလည်း မမဟာ ဒီမြို့မှာ လာနေပြီပဲ။ သူ ဒီမှာပဲ နေတော့မှာတဲ့။ မေမေလည်း ကျွန်တော်နဲ့ မခွဲရတော့ပါဘူး။ ပြီးတော့ မမဟာ သိပ်ပြီး ရိုးသားဖြူစင်တဲ့ အပျိုစင်ပါပဲ မေမေ။ သူ မရှုပ်ခဲ့ရပါဘူးဗျာ...။ သူ့ကို ကျွန်တော် သိပ်သနားတယ်၊ သိပ်ချစ်တယ်။ ဘာအပြစ်မှ မေမေတို့ မပြနိုင်တဲ့ မမကို ကျွန်တော် မစွန့်လွှတ်နိုင်ဘူး။ ကျွန်တော်ယူမယ်... မမကို ကျွန်တော် လက်ထပ်မယ် မေမေ"

"အေး... မင်း ယူရင်.. မင်းကို စွန့်လွှတ်မယ်၊ အမွေဖြတ်မယ် ဆိုရင်ရောကွာ"



www.burmeseclassic.com

www.burmeseclassic.com

သားအမိနှစ်ယောက်၏ ပဋိပက္ခကြားသို့ ဦးသာဇံလှ ဝင်လာသည်။ သူ့မိန်းမ ငိုရတော့ သူ ဒေါပွလာပုံရသည်။

"မိန်းမယူတာ အပြစ်ကျူးလွန်တာမှ မဟုတ်ဘဲ။ ပြီးတော့ ကျွန်တော့်မမက ပါပါ့ဆန္ဒကို မက်ပြီး ကျွန်တော့်ကို ချစ်တာ မဟုတ်ဘူး။ ပါပါ အမွေဖြတ်လည်း ဖြတ်ပေါ့"

"ကြည့်စမ်း ခွေးကောင်၊ ငါ့စွန့်လွှတ်ရင် မင်းဘာလုပ်စားမှာလဲ။ မင်းမိန်းမထဘီနှား မှီခိုစားမှာလား"

"မိန်းမရှာစာ ထိုင်စားမယ့် လူဖျင်းလူညံ့မဟုတ်ဘူး ပါပါ။ ခြေရှိသမျှ လက်ရှိသမျှ အလုပ်လုပ်နေမယ်"

"သားလေးတစ်ယောက်တည်းမို့ အလိုလိုက်ခဲ့သမျှ မိုက်ကန်းဦး"

"အို...ကိုသာဇံ"

ဦးသာဇံလှက သားကို ရိုက်မည့်ဟန်ပြင်တော့ ဒေါ်ကျက်ရုံးဖြူ အပြေးအလွှား ဆီးတားရသည်။

"မဟုတ်ဘူး... မှားတာက ပါပါတို့၊ မိန်းမယူတာ မိုက်တာလား၊ ကျွန်တော်ယူမယ့် မိန်းမကလည်း ကြည့်ပါဦးဗျ"

"တော်..."

"ကျွန်တော်ဟာ ငယ်ငယ်ကတည်းက မှန်တယ်ထင်တာကို အမြဲ လုပ်ခဲ့လို့ သိပ်ခေါင်းမာတဲ့ကောင်လို့ ပါပါတို့ ဘွဲ့ပေးထားခဲ့ကြတယ် မဟုတ်လား။ ခုလည်း ကျွန်တော် ဒေါက်တာ ရွှေဝတ်ရည်ကို လက်ထပ်တာ မှားတဲ့ကိစ္စ မဟုတ်ဘူး။ အပြစ်ကျူးလွန်တာ မဟုတ်





ဘူး။ မှန်တယ်လို့ ကျွန်တော်ထင်တယ်။ မှန်ကိုလည်း မှန်တယ်။ ကျွန်တော်သူ့ကိုယူမယ်။ ပါပါ တို့သာ ကြိုက်သလိုဆုံးဖြတ်ပါ"

ဖခင်၏ ဒေါသနှင့် မိခင်၏ မျက်ရည်စက်တို့ကို ကျောခိုင်းပြီး အောင်ဦးသာ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

နမြခိုင်ဆီသို့ပါ...

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၅ ။

ရွှေဝတ်ရည်ဆီသို့...

နုမြခိုင် လှမ်းနေရသော ခြေလှမ်းများက လေးလံထုံနေလှသည်။

မြင့်မားမတ်စောက်သော တောင်ကို တက်နေရလျှင်ပင် သည်မျှ မောနွမ်းမည်မထင်...

"ဟယ်...ကြည့်စမ်းပါဦး... တကယ်ပဲ ရက်ရက် စက်စက် ပစ်ထားတယ်နော်... ဝတ်ရည်ဆီလည်း မလာ၊ ဝတ်ရည်လာတော့လည်း ခိုင်မရှိဘူးကွယ်"

နုမြခိုင်၏ လက်မောင်းကို ပြေးဖက် တွဲခေါ်ပြီး ချစ်ခင်အားကိုးသော စကားများကို လှိုက်လှဲစွာ ပြောကြားနေသော ချစ်သူငယ်ချင်းကို ကြည့်ပြီး...

နုမြခိုင် မျက်ရည်ဝဲလာသည်။





လူငယ်တို့ ဝန်းကျင်ဝယ် ဖြစ်တတ်သော ဖြစ်လေ့ရှိသော တြိဂံ အချစ်မျိုးဆိုသည်ကို ကြားဖူးခဲ့ပါသည်။

ယခုအဖြစ်က သူတို့အချစ်ကိုသာ သိရှိခွင့်ရပြီး မိမိ၏အဖြစ်ကို သူတို့မသိရှိကြ။

"ခိုင် ဘာဖြစ်နေလဲ"

"မဖြစ်ပါဘူး။ ခုတလော နည်းနည်း နေမကောင်းချင်လို့ပါ"

အပူရင်၏ ဟပ်ထင်မှု မျက်နှာကို ရွှေဝတ်ရည် မြင်တွေ့သွားလေပြီလား စိုးရိမ်မိသည်။

"ဝတ်ရည် နားကျပ်က မှီမတက်သေးပါဘူးနော်"

ဆေးကုသနေဆဲပါ၊ ဒီဆရာဝန်ကို မယုံကြည်ဘူးလား ဟူသော ငေါ့သည့်ပုံစံလေးကိုက ချစ်စရာပါ...

နုမြခိုင်၊ ရွှေဝတ်ရည်ကို ချစ်ပါသည်။

အောင်ဦးသာကိုဖြင့် ရင်ထဲမှာ ခွဲထည့်ထားချင်လောက်အောင်ပါ။

"ခိုင် တကယ် နေမကောင်းဘူးလား။ စမ်းကြည့်ပေးရမလား"

"လူက နေကောင်းပါတယ်ကွယ်"

"ဟင်...ဟုတ်တယ်၊ ခိုင့်မျက်နှာ သိပ်ညှိုးနေတယ်။ ခိုင်... တစ်ခုခုကို ကြီးကြီးကျယ်ကျယ် ခံစားနေရပြီထင်တယ်။ ဝတ်ရည်ကို ဖွင့်ပြောပြနိုင်မလား ဟင်"

"သြော်... ဝတ်ရည်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ရည်အတွက် ခိုင်ဟာ အချစ်ဆုံးသူငယ်ချင်းပါ။ ဝတ်ရည်ကို ပြောပြနိုင်လိမ့်မယ်လို့ ဝတ်ရည် ယုံကြည်မျှော်လင့်ပါတယ် ခိုင်—"

နုမြခိုင်၏ ပခုံးကိုကိုင်ပြီး တိုးညင်းကြင်နာစွာ ပြောရှာလေမှ—

နုမြခိုင် မဟန်နိုင်တော့၊ ရင်မှ လှိုက်ပြီး ရှိုက်ငိုချလိုက်တော့သည်။

"အို...ခိုင်ရယ်...ဘာဖြစ်လို့လဲကွယ်"

နုမြခိုင် ငိုနေပုံက အနီးရှိသူကို ကြေကွဲမှု ကူးစက်စေနိုင်လောက်အောင် လှိုက်လှိုက်လှဲလှဲ ရှိုက်လွန်းနေသည်။

"ဝတ်ရည် ဘာကူညီလို့ရမလဲဟင်"

နုမြခိုင်သည် ရွှေဝတ်ရည်ကို မျက်ရည်ပြည့်နေသော မျက်ဝန်းများနှင့် ငြိမ်သက်စွာ စိုက်ကြည့်နေမိသည်။

ချစ်သူငယ်ချင်း၏ အကြင်နာမျက်ဝန်း။ စိုးရိမ်ခြင်းအကြည့်များက နုမြခိုင်၏ အသည်းနှလုံးကို စူးနစ် စိုက်ဝင်လာသည်။

ဒေါက်တာရွှေဝတ်ရည်သို့ အချစ်ကြီး ချစ်နေရှာသော အောင်ဦးသာသည် မိမိ၏ အသည်းနှလုံးမှ မြတ်နိုးရသော အချစ်ဆုံး အချစ်ဦးပါဟူသော စကားကို မဆိုရဲ မပြောရက်သည့်တိုင်...

အောင်ဦးသာတို့၏ မိသားစုပြဿနာကို တင်ပြပြီး...

အကယ်၍များ ရွှေဝတ်ရည်သည် အောင်ဦးသာ ပြောသလို အောင်ဦးသာကို မချစ်လှသေးပါ။ သူ့အချစ်ကိုသာ လက်ခံရုံပါဟု ဆိုလာခဲ့ပါလျှင်...

တစ်ဦးတည်းသော သားလေးအတွက် သောကမီး တောက်





ဆောင်နေကြသော အောင်ဦးသာ မိဘများ၏ ဝေဒနာကို ကုစားပေးခဲ့ပါ၊ သောကမီးကို ငြိမ်းသတ်ပေးခဲ့ပါ။

ပြီးတော့ ရွှေဝတ်ရည်၏ ဘဝတွင်းသို့ ဇွတ်အတင်း ဝင်တော့မည့် အောင်ဦးသာအတွက် တံခါးပိတ်ထားပေးပါ သူငယ်ချင်းရယ်...

ဟူသော ဆွေးနွေးမှုစကားများကို ပြောကြားရန် ရောက်လာခဲ့မိပါသော်လည်း နုမြခိုင် ဘာတစ်ခွန်းမှ မပြောနိုင်တော့ပါ။

အကယ်၍သာ...

သူ့နေရာတွင် တစ်ခြားသော ရခိုင်မလေးတစ်ယောက် ဖြစ်ခဲ့ပါလျှင် အကြောင်းစုံကို တင်ပြပြီး ချစ်သူငယ်ချင်းကို နောက်ဆုတ်ခိုင်းဝံ့ပါသည်။ ဆွေးနွေးရုံပါမည်။ သူ့မိဘအဖြစ်များကို တင်ပြမိပါမည်။

ယခုတော့...

အောင်ဦးသာမသိအောင် ရွှေဝတ်ရည်ကို ဘေးဖယ်ခိုင်းပြီး... သွားကျန်ရစ်မည့် အောင်ဦးသာကို လက်ထပ်ယူရမည့်သူက မိမိကိုယ်တိုင်။

"ခိုင်ရယ်... ဝတ်ရည်ကို ပြောပြပါလားကွယ်။ ခိုင့်အနေနဲ့ ဇာတိမြို့ ချစ်သူခင်သူတွေ များမှာပါ။ ဝတ်ရည်မှာတော့ အချစ်ရဆုံးက ခိုင်ပါ။ အားထားမိဆုံးကလည်း ခိုင်ပါ။ ဒီမြို့ကို ရောက်လာရတာလည်း ခိုင်အားကိုးနဲ့ ရောက်လာရတာပါဆိုတာ ခိုင်သိသားနဲ့... ဝတ်ရည်ကို ပြောမပြနိုင်ဘူးလား သူငယ်ချင်းရယ်။ ခိုင် ဒီလောက်ငိုနေတော့ ဝတ်ရည်ပါ ငိုချင်လာပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည်၏ ရင်လှိုင်းခတ်သံနှင့် ဝဲလျှံလာသော မျက်ရည်များကို နုမြခိုင် ကြားရ၊ မြင်ရသည်နှင့်…

"ဟုတ်တယ်။ သူဟာ အိမ်တွင်းပြဿနာရော အချစ်အတွက်ပါ အသည်းနာ ကြေကွဲစွာနဲ့ ဒီကို ရောက်လာရရှာတာ။ ငါ ခေါ်လို့ ငါ့ဒီအလုပ်ကို လျှောက်ခိုင်းလို့ ငါ့သူငယ်ချင်းဟာ ငါ့အားကိုးနဲ့ တစ်ခါမှ မရောက်ဖူးတဲ့ အဝေးဆုံးနေရာကို လိုက်လာရရှာတာ…"

"ဝတ်ရည်မှာ အပြစ်မရှိဘူး"

"ငါ့သူငယ်ချင်းမှာ ဘာအပြစ်မှ မရှိရှာပါဘူးကွယ်"

ထပ်တူပါပဲ…

"ငါ့အချစ်ဆုံးလေးဟာလည်း အပြစ်မဲ့ရှာပါတယ်။ ငါ ရောက်မလာခင်တည်းက သိပ်လှတဲ့ ရွှေဝတ်ရည်နဲ့ နီးစပ်ခွင့်ရတော့ ချစ်သွားမှာပေါ့လေ"

မနေ့တုန်းဆီက အချစ်ဆုံးပြောပြသွားသော စကားများကို ပြန်လည် ကြားလာမိသည်။ သူသည် ရွှေဝတ်ရည်ကို ပြောပြနိုင်သည်ထက် အဆပေါင်းများစွာ ချစ်မြတ်နိုးရပါကြောင်းများ…

သူ့မိဘများကလည်း ဆရာဝန်မကို ပြန်နှင်ပေးဖို့၊ ဒီကိစ္စကို ဖျက်ပေးဖို့၊ အောင်ဦးသူ့ကို ဖျောင်းဖျနှစ်သိမ့်ပေးဖို့များ…

"အို"

နုမြခိုင်မှာ အကြောင်းစုံကို ပြန်တွေးမိလာ၍ ရင်နှင့် မဆန့်တော့ ခေါင်းယမ်းတစ်လိုက်ရသည်။

"ခိုင်…ခိုင် ဘာဖြစ်သွားတာလဲကွယ်"





လက်ရှိနေရာမှ ကင်းကွာလွင့်စင်သွားသော စိတ်အစဉ်သည် ရွှေဝတ်ရည်၏ ခေါ်သံကြောင့် ပြန်လည် သက်ဝင်လာရပါပြီ။

"ဟင်…ဘာမှ မဖြစ်ဘူး…ဘာမှ မဖြစ်ဘူး"

"ခိုင် သိပ်ခံစားနေရတယ်၊ ခိုင် တစ်ခုခု ဖြစ်နေပါတယ်"

"ဟုတ်တယ်၊ သိပ်ခံစားရတာပဲ"

"အို…"

ရွှေဝတ်ရည်သည် သည်းသည်းထန်ထန် ငိုနေသော နုမြခိုင်ကို အလန့်တကြား ကြည့်လိုက်သည်။ နုမြခိုင်မှာ အေးစက်နေသော လက်လေးများနှင့် ရွှေဝတ်ရည်ကို သိမ်းကြုံးဖက်ပစ်လိုက်ပြီး…

"ဝတ်ရည်ရေ…ခိုင် ရှုံးပြီ၊ ရှုံးရပါပြီကွယ်"

"ခိုင်…သူငယ်ချင်း"

ရွှေဝတ်ရည်က နုမြခိုင်ကို ပြန်လည်ဖက်တွယ်ပြီး အလန့်တကြား ခေါ်လေမှ သတိပြန်ဝင်လာသူလို…

"အို…ငါ့ဝေဒနာကို အမြန်ဆုံး သိမ်းဆည်းပြီး ငါ့အချစ်ဆုံးတွေအတွက် ငါတစ်ယောက်တည်း ခံစားပါတော့မယ်"

နုမြခိုင်မှာ အားပါးတရ တစ်ချက်ရှိုက်လိုက်ပြီးမှ အံကို တင်းတင်းကြိတ်လိုက်သည်။ သွန်ကျနေသော မျက်ရည်များကို သုတ်သိမ်းပိတ်ဆို့ပြီး…

"ဝတ်ရည်… သူငယ်ချင်း"

"ခိုင်"

"ခိုင်လေ ဒီမြို့မှာ မနေရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာ... ဘာဖြစ်လို့လဲ"

"ခိုင် ကျောက်တော်မြို့ကို သွားနေရတော့မယ်"

"အို...ဘာဖြစ်လို့လဲ"

"အိမ်...အိမ်က စီစဉ်တာ"

"ယောက်ျားပေးစားမလို့လား... ဟုတ်လားဟင်"

အစီအစဉ်မရှိပါ။ ပြောမိပြောရာ ပြောလိုက်ရာမှ အကြံထ ဆက်ရလာသည်။

"ခိုင်သိပ်ချစ်တဲ့လူကို မယူရဘူးဆိုလို့ ခိုင် ကျောက်တော်မြို့မှာ သွားနေတော့မယ်။ သူငယ်ချင်းနဲ့ရော ခိုင့်အချစ်ဦးနဲ့ပါ ခွဲရမှာမို့ပါ"

"ခိုင်ရယ်...ဝတ်ရည် ကိုယ်ချင်းစာပါတယ်။ ဝတ်ရည်တုန်းကလည်း အချစ်ဦးဆိုတော့ အလူးလဲခံခဲ့ရတာ ခိုင်အသိပါနော်"

ကြင်နာသံလေးများဖြင့် ဆက်လက် နှစ်သိမ့်နေရှာသော ချစ်သူငယ်ချင်း၏ စကားသည် အဆိပ်လူးမြားအဖြစ်နှင့် နုမြခိုင်၏ နှလုံးသားဗဟိုမှာ စူးစိုက်လာသည်။

"ဝတ်ရည်လည်း အသည်းတွေ ကြေကွဲလာရသူပါ။ ဒါပေမယ့် အသည်းနှလုံးဆိုတာ အသစ်လဲရိုး ထုံးစံမရှိပေမယ့် အချစ်ဆိုတာတော့ အသစ်အဖြစ်နဲ့ ပြန်လည်မွေးဖွားလာနိုင်တယ် ခိုင်။ ဝတ်ရည်ကိုလေ အောင်ဦးသာက သိပ်ချစ်လာတော့ ဝတ်ရည်ရဲ့ နှလုံးသားက အချစ်ဆိုတာ ပြန်လည် ဖြစ်ထွန်းလာတယ်။ ဝတ်ရည် သူ့ကို သိပ်ချစ်ရပါပြီ။ ဝတ်ရည်တို့ လက်ထပ်တော့မယ့်အကြောင်း သူ ခိုင့်ကို ပြောပြပြီးပြီလား"





အောက်နှုတ်ခမ်းလေးကို ဖိကိုက်ပြီး ခေါင်းညိတ်လိုက်တော့ မျက်ရည်စက်တို့က ပြန်လည် ကြွေကျလာရပြန်သည်။

"ခိုင့်အချစ်ဦးနဲ့ ဆုံဆည်းရပါစေလို့ ဝတ်ရည် လှိုက်လှဲစွာ ဆုတောင်းပေးပါတယ် ခိုင်။ မဆုံဆည်းရသည့်တိုင် ခိုင့်ရင်မှာ ဝတ်ရည်လိုပဲ အသစ်သော အချစ်တွေ ဖြစ်ထွန်းပြီး ပေါင်းဆုံနိုင်ပါစေ...လို့ ထပ်ဆင့်တည်း ဆုတောင်းပေးပါမယ် သူငယ်ချင်းရယ်"

"ခိုင့်ရင်ထဲက အချစ်ဟာ အစားထိုးလို့မရတဲ့ အချစ်မျိုးပါ"

"ဟင်"

"ခိုင် ပြန်တော့မယ်"

"အို...နေပါဦးကွယ်"

"ဝတ်ရည်တို့ လက်ထပ်ပွဲမှာ ခိုင် ရှိမနေနိုင်တာကို ခွင့်လွှတ်ပါလို့ လာတောင်းပန်တာပါ"

"ခိုင်ရယ်... ဘယ်တော့သွားမှာလဲဟင်"

"အမြန်ဆုံးပဲ"

"အိုကွယ်..."

"ဝတ်ရည်နဲ့ အောင်ဦးသာကို ခိုင် သိပ်ချစ်ပါတယ်ဆိုတာ သံသယမဲ့ ယုံကြည်ကြပါ။ ခိုင့်ကိုသာ ခွင့်လွှတ်ကြပါ သူငယ်ချင်းတို့ရယ်၊ ခိုင် သွားပါရစေတော့နော်"

"ဝတ်ရည် စိတ်မကောင်းဘူးကွယ်၊ အောင်ဦးသာလည်း စိတ်ကောင်းမှာ မဟုတ်ပါဘူး"

"ခိုင် ပြန်မယ်နော် ဝတ်ရည်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ရည် စိတ်မကောင်းဘူးကွယ်"

ဆွေ့တိုက်ခံစားနေရ၍ ထပ်ဆင့်စကားကို ဆိုမိသည်။

"ခိုင့်အတွက် စိတ်မကောင်း မဖြစ်ကြပါနဲ့။ ဝတ်ရည်တို့ရဲ့ ချစ်ခရီးသာ သောက ကင်းပါစေလို့၊ တကာယ့်စေတနာနဲ့ ခိုင် ဆုတောင်း ပေးခဲ့ပါတယ် ဝတ်ရည်ရယ်"

နှမြခိုင်၏ အပြန်လမ်းမှာ မျက်ရည်များစွာ ကြွေကျကျန်ရစ်ခဲ့ ကြောင်းကိုဖြင့် နောက်ခိုင်း အနေအထားနှင့် မြင်နေရသော ရွှေဝတ်ရည် မသိရှာပါ။

ဆွေးနွေးကြည့်ရ ကောင်းမလား...

နောက်ဆုတ်ခိုင်းရ ကောင်းမလား...

ဖွင့်ပြောရရင် သင့်မလား...

ဟူသော ဆန္ဒများကို သယ်ပိုးလျက် ရောက်လာခဲ့ရပါသော နှမြခိုင်မှာ...

ချစ်သူငယ်ချင်း၏ ရှေ့မှောက်အရောက်တွင် ဘာကိုမှ ပြော မထွက်၊ မပြောရက်တော့ပါဘဲနှင့် ထပ်ဆင့်ဝေဒနာများကိုသာ သယ်ပိုး ရင်း လှည့်ပြန်ခဲ့ရပါပြီ။

"ဆုတောင်းပေးခဲ့တဲ့အတိုင်း အချစ်ဆုံးတို့သာ ပျော်ရွှင်ချမ်းမြေ့ ကြပါစေ"

"ခိုင့်အတွက်တော့ အသက်နဲ့အမျှ ကြေကွဲနေရမယ့် အဖြစ်မျိုးနဲ့ ပဲ..."

"ရှိပါစေတော့ကွယ်"

◆





ဪ... တဘက်မှာလည်း...

သူတစ်ပါး၏ ဝေဒနာများစွာကို တတ်သိနားလည်စွာ ကုသ ပေးနိုင်ခဲ့သော စေတနာရှင် ဆရာဝန်မလေးသည်...

သူ့အချစ်ဆုံး သူငယ်ချင်း၏ ရင်တွင်းဝေဒနာများကိုမူ သူ ကိုယ်တိုင်မှ မသိရှိပါ၍ ကုစားပေးနိုင်စွမ်း မရှိပါချေတကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၆

အထုပ်ပိုးများကိုပိုက်လျက် လှေကားကို တစ်ထစ်ကျော် နှ တက်လာသည်။

"မမ"

"မမရေ..."

အသံဩကြီးနှင့် အော်တက်လာ၍ ရွှေဝတ်ရည်မှာ လှ ထပြီး လှေကားထိပ်မှ တံခါးကွယ်တွင် ဝင်၍ ပုန်းနေလိုက်သည်

"ဒေါ်အိမ်စိုး၊ မမရောဟင်၊ ကျွန်တော့် ရွှေရော"

ခံစားမှုမဲ့သော မျက်နှာနှင့် အစဉ်နေတတ်သော ဒေါ်အိမ် ပင်လျှင် ပြုံးလာသည်။ ရွှေဝတ်ရည်ကို သူမြင်နေရ၍ ရွှေဝတ်ရည် လက်ကာပြလိုက်သည်။

"မသိဘူး"

ဒေါ်အိမ်စိုးက ပြုံးစိစိနှင့် နောက်ဖေး လှည့်ဝင်သွားတော့သည်





"ဟာ... ဒုက္ခပါပဲ။ ဆေးတိုက်လည်း ပိတ်ထားပြီ။ မခိုင်လည်း ကျောက်တော် သွားနေတာ၊ မမ ဘယ်များ သွားနေပါလိမ့်"

အောင်ဦးသာမှာ တကယ့် ရွှေထုပ်ကြီး ပျောက်သွားသလို မျာယာခတ်သွားသည်။ သူ့ရင်တွင် ပွေ့လာသော အထုပ်များကို ကုလားထိုင်ပေါ်သို့ ပစ်ချလိုက်ပြီး...

"ကျွန်တော် မမကို လိုက်ရှာဦးမယ်။ ပြန်လာရင် ဒီကပဲ စောင့်၊ ကျွန်တော် ချက်ချင်း ပြန်လာခဲ့မယ်လို့။ ဘယ်တွေ လျှောက်သွား နေတာလဲလို့၊ ပြောသွားတယ်လို့ ပြောလိုက်စမ်းပါ ဒေါ်အိမ်စိုး"

ကဗျာရွတ်သလို ဆက်တိုက်ပြီး ပြောချလိုက်ပြီး တံခါးဆီ ပြန်ပြေးလာသည်။

ဆားဘီကို တစ်ချက်ကလေးမျှ မကြည့်၊ ဖေနှင့်မို့ သူဘာကိုမှ မမြင်။

လှေကားထိပ်နား အရောက်တွင် ရွှေဝတ်ရည်က သူပုန်းနေ သော တံခါးချပ်ကို တွန်းပိတ်ပစ်လိုက်သည်။ သူ့ရှေ့တွင် တံခါးချပ်က ဆီးတားလိုက်ပြီး ရွှေဝတ်ရည်ကို သူဘွားခနဲ တွေ့လိုက်ရလေတော့...

"ဗျာင်... ကြည့်စမ်း၊ ကြည့်စမ်း"

"အား..."

"အိမ်ဦးနတ်ကို ဒီလိုပဲ မလေးမစား နှောက်ရသလား"

ရွှေဝတ်ရည်ကို အောင်ဦးသာက ကြမ်းကြမ်းတမ်းတမ်းပင် ဆွဲယူပြီး ပွေ့ချီလိုက်သည်။ ကျစ်လစ်သေးသွယ်သော ရွှေဝတ်ရည်မှာ ထွားကျိုင်းသန်မာသော အောင်ဦးသာ၏ ရင်ခွင်ထဲတွင် လူးလူး

www.burmeseclassic.com



လွန့်လွန့် ပါသွားသည်။ အိပ်ခန်းတွင်း ရောက်တော့လည်း ခုတင် ပေါ်သို့ ခပ်ကြမ်းကြမ်းပင် ပစ်ချလိုက်ပြီး လက်နှစ်ဖက်ကိုပါ မရုန်းနိုင် အောင် ချုပ်ကိုင်၍ ဖိမိုးထားသည်။

"အရူးလုပ်ဦးမလားဟင်"

"ရှက်ပါတယ်ဟော့"

"နောက် လုပ်ဦးမလား၊ ပြော..."

"တို့ အရူးလုပ်တိုင်း လိုက်ရူးတဲ့ ကောင်လေး၊ လုပ်ဦးမှာပဲ"

"ကဲဗျာ...ကဲဗျာ"

"အား...သေပါပြီ"

"ကြောက်ပြီလား"

"ကြောက်ပြီ။ လွှတ်ကွယ်..."

ဖမ်းချုပ် ဖျစ်ညှစ်ထားသည်မှ ဖြေလွှတ်လိုက်တော့ ရွှေဝတ်ရည် ခုတင်ပေါ်မှ ထပြေးသည်။

"မကြောက်သေးဘူး"

အောင်ဦးသာ ခုန်ဖမ်းသည်။ ငုံ့ရှောင်တော့ လွတ်သွားသဖြင့် ရွှေဝတ်ရည် ဟက်ဟက်ပက်ပက်လေး အသံထွက်အောင်ရယ်ပြီး ဆက် ပြေးသည်။ အိပ်ခန်း၏ပြင်ပသို့ ထွက်ပြေးနိုင်ခါနီးဆဲဆဲတွင် ပြန်မိ သွားတော့သည်။ ပြေးပွဲလေးမှာ ပန်းပေးလိုက်ရသော်လည်း...

ရွှေဝတ်ရည် အားကုန်အင်ကုန် ရုန်းသည်။ အောင်ဦးသာက ကြမ်းကြမ်းတမ်းတမ်းပင် ဖက်ရင်း ဖမ်းချုပ်ထားသည်။ ရုန်းနေသော





ထားသော နပန်းသမားနှစ်ယောက်လုံး အိပ်ရာထဲ ပြန့်လဲကျသွား တော့မှ...

"မရုန်းနဲ့တော့ အချစ်ရယ်... မောင် အတင်း ဖမ်းထားမိတာ၊ ကြည့်ပါဦး... လက်မောင်းလေးကို နီရဲနေပြီ"

"အုံ့ဖွလုပ်ပေး"

"အုံ့ဖွ... မောင့်မမ မတ်တတ်ထ"

"ကြည့်ပါလား၊ သူများကို အီအီတုံးနဲ့နှိုင်းဦး"

"အဟား...ဟား...အညောင်းပြေလိုက်တာ၊ ထပ်ထုစမ်းပါဦး"

ရွှေဝတ်ရည် မထုရက်တော့၊ လှမ်းသာ ဖက်လိုက်သည်။ အောင်ဦးသာက ရွှေဝတ်ရည်၏ လက်မောင်းမှ နီမြန်းနေသော ဒဏ်ရာ နေရာလေးများကို အာငွေ့ပေးရင်း ကိုက်ငုံထားသည်။

ချစ်ကြင်ဦးစ 'ဓနီးမောင်နှံ'တို့၏ ချစ်ကျီစယ်မှု အချိန်ကာလ ကို လိုက်မီသော ကြည်နူးသာယာဖွယ်မျိုး ဤလောကတွင် မရှိပါ၊ မရနိုင်ပါ

"မမ နာသွားလား ဟင်"

"နာတာပေါ့"

အောင်ဦးသာ မျက်နှာပျက်သွားတော့...

"မမ နာသွားတာ သနားလား"

"အလကားနေရင်းတောင် သနားနေမိတာ။ ကိုယ့်ကြောင့် ရတဲ့ ဒဏ်ရာဆိုတော့ ကြည့်တောင် မကြည့်ရက်ဘူး၊ အသည်း ကွဲသွားအောင် သနားမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်..."

"ဗျာ..."

"မမကို ချစ်လား ဟင်"

"အမလေးဗျာ... ဘယ်လိုမေးလိုက်တာလဲ"

"ဖြေလေကွယ်"

"ဖြေလို့မရနိုင်ဘူး မမ...။ 'ချစ်ပါတယ်'၊ 'ချစ်တာပေါ့' ဆိုတဲ့ စကားလောက်က ပေါ့နေတယ်။ ကျွန်တော့်ရင်ထဲမှာ ရှိတာနဲ့ မတန်ပါဘူး မမရယ်"

ပက်လက်အနေထားနှင့် ရှိနေသော ရွှေဝတ်ရည်၏ မျက်နှာပေါ်မှာ ဆီးမိုးငုံ့ကြည့်နေသော အောင်ဦးသာ၏ ပါးနှစ်ဘက်ကို ရွှေဝတ်ရည်က သူ့လက်ဝါးလေးများနှင့် ကပ်ကိုင်လိုက်ပြီး...

"မမ ယုံပါပြီ။ မမရဲ့ အရိပ်လေးလိုပဲ မမအနားမှာ ရှိနေတဲ့ မောင်ရယ်... မမကို သိပ်ညှာတာပဲ၊ သိပ်လည်း ကြင်နာပဲ။ ဒါကြောင့် မောင့်ဘဝထဲကို ချက်ချင်း ဝင်ပစ်လိုက်ရဲတာပေါ့"

"မမရယ်..."

အောင်ဦးသာမှာ ရွှေဝတ်ရည်၏ လက်ခုံလေးကို အုပ်ကိုင်မ,ယူလိုက်ပြီး ရွှေဝတ်ရည်၏ ပြေညက်သော နဖူးလေးကို သူ့နဖူးနှင့် ထိကပ်ထားလိုက်သည်။ ပြီးတော့ နှာခေါင်းဖျားလေးချင်း၊ နှုတ်ခမ်းချင်း၊ မေးစေ့ချင်း လိုက်လံ ထိတို့ပြီးမှ လည်တိုင်ကျော့လေးကို ငုံနမ်းလိုက်သည်။ ပြီးတော့ ရွှေဝတ်ရည်၏ ရင်ခွင်မှာ သူ့ခေါင်းကို ဖွဖွလေး မှီကပ်ထားရင်း...





"မမရယ်...ဒီလောက်လှတဲ့ မိန်းမမြတ်တစ်ယောက်ကို မောင် ပိုင်ဆိုင်ခွင့်ရတဲ့အထိ ချစ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ပါဘူးဗျာ"

"မောင် ဆိုလိုတာ မမက ဆရာဝန်မကြီးမို့လို့လား"

"ဒါပေါ့... အစုံ ပြည့်စုံတယ်။ မောင်က ဘာမှ မဟုတ်တဲ့ ကောင်ပဲ"

"ဂုဏ်ရှိန်တွေ... ပညာတွေ... ဆိုတာထက် မမ မက်မောတဲ့ ရတနာ ဒီထဲမှာ အပြည့်ရှိနေတယ်"

ရွှေဝတ်ရည်၏ ရင်ပေါ်မှာ မှီလှဲနေသော အောင်ဦးသာ၏ ရင်ပြင်ကို လက်တင်ပြီး ပြောလိုက်သည်။

"ဂုဏ်တို့ ငွေတို့ ဆိုတာက မမမှာ ရှိပြီးသား...။ မမ အတပ်မက်ဆုံးကလေ 'မေတ္တာဦးဆိုတဲ့အရာ'၊ မမဘဝမှာ မရရှိခဲ့ဘူးတဲ့ ရတနာ"

"ရွှေဆိုတဲ့ မောင့်အချစ်ဦး မမရယ်"

"မမ တပ်မက်တာ မောင်ပြောတဲ့ မြတ်နိုးခြင်းဆိုတဲ့ မေတ္တာပါ။ မိန်းမသားတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ရဲ့ မေတ္တာဦးဆိုတာကို ရရှိပြီး ဒီလူကို ပိုင်ဆိုင်ခွင့်ရနိုင်ဖို့ ဆိုတာ အင်မတန်မှ ခဲယဉ်းပါတယ်။ ခု မမမှာ ရတောင့်ရခဲ ရတနာကို ရရှိတာမို့ မမ ဝမ်းသာနေပါတယ်ကွယ်"

"မောင်ကတော့ အဆများစွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ မောင့်ချစ်မြတ်နိုးမှုကိုပဲ တောင့်တ တပ်မက် စိတ်နဲ့ အချစ်ဆိုတာကို ခံယူခဲ့တာ။ တုံ့ပြန်နိုင်လိမ့်မယ်လို့ မထင်ခဲ့မိဘူး"

"မောင်လည်း မမျှော်လင့်ရဲခဲ့ပါဘူး"

"ဒါပေမယ့် ခြောက်နွမ်းနေတဲ့ မမရဲ့အသည်းဟာ မောင့်မေတ္တာ စိမ့်စမ်းအိုင့်မှာ စိမ်နှစ်ခွင့်ရလို့ စိုပြေမှုများနဲ့ အင်အားရှိလာပြီ ထင်ပါရဲ့ကွယ်။ ဒီမှာ မောင်..."

"ဗျာ..."

"မမလေ... မောင့်ကို ချစ်နိုင်လာပြီ၊ ချစ်လို့ရပြီ၊ အသည်းအသစ်ကလေးနဲ့ နှစ်နှစ်ကာကာ ပြန်ချစ်လို့ ရပါပြီဆိုတာ မောင်ယုံတော့ကွယ်"

"အို...မောင်...သိပ်...သိပ်ချစ်ရတဲ့ မမရယ်"

အောင်ဦးသာက ထထိုင်ပြီး ရွှေဝတ်ရည်ကို ပွေ့ယူလိုက်သည်။ ရွှေဝတ်ရည်ကို ကြေသွားမတတ် ဖက်ညှစ်လိုက်ပြီးမှ သတိရသွားသလို ယုယုယယလေး ပြန်လည် ထွေးပွေ့ထားသည်။

"အသည်းလေး"

"ဟာ...ဘယ်လို ခေါ်လိုက်တယ်"

"မမဟာ အချစ်ငတ်လာသူဆိုတာ မောင်အသိလေ။ ခုတော့ မောင့်မေတ္တာတွေ အပြည့်အဝရရှိလေတော့ အငတ်ပြေရုံမကဘူး အချစ်ဆိုတဲ့အရာကို ပြန်လည် ထုတ်လွှတ် တုံ့ပြန်နိုင်စွမ်းအားပါ ရရှိလာခဲ့ပြီကွယ်...။ ဒါကြောင့် အသည်းအသစ်ကလေးကို ရင်ထဲ ထည့်ပေးခဲ့တဲ့ မောင့်ကို **'အသည်းလေး'**လို့ပဲ ခေါ်မယ်"





"မမရယ်..."

"မမ တစ်ခုစိတ်မကောင်းတာက အသည်းလေးဟာ မမရဲ့ ဒုတိယအချစ်ကိုပဲ ရရှိရှာ..."

"တော်...တော်ပါ မမရာ၊ ဒါတွေအားလုံး မေ့လိုက်တော့နော်...။ မောင် မမကို မပြောနိုင်လောက်အောင် ချစ်ခဲ့တယ်။ ခု မမကလည်း မောင့်ကို ပြန်ချစ်လာပြီဆိုတော့ မောင်တို့ ဘဝမှာ ဘာများ လိုသေးလဲ အချစ်ရယ်...။ ပြီးပြည့်စုံနေပါပြီနော်...မမနော်"

ရွှေဝတ်ရည်သည် အောင်ဦးသာသို့ အကြင်နာပါသော အနမ်းလေးဖြင့် စတင်နမ်းလိုက်သည်။

"အာ...လက်ထပ်ပြီးတာ တစ်ပတ်ရှိပြီ၊ ပထမဆုံး ရရှိတဲ့ အနမ်းနေ့လေး၊ မောင် တစ်သက်မမေ့ဘူး အချစ်ရယ်..."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၁၇ ॥

အနူမကန်...

သက္ကရာဇ် ၉၆၅ ခန့်မှာ နန်းတက်တဲ့ မင်းရာဇာကြီး၏ သမီးတော် 'စောကြောင်မယ်'သည် အနူရောဂါတစ်မျိုး စွဲကပ်နေသဖြင့် နန်းတော်နှင့် သုံးမိုင်ခန့်မျှဝေးကွာသော နေရာတွင် ကျုံးမြောင်း သီးသန့်ထားပြီး စံစားစေခဲ့သည်။ တိုင်းသူပြည်သားများ ရောဂါဝေဒနာ ကူးမှာစိုး၍ ဖြစ်ပါ၏။

ယခုတိုင် အနူမမြောင်း၊ အနူမကန်ဟူ၍ ခေါ်စမှတ် ပြုခဲ့သည်။ မင်းဗာကြီးလက်ထက်တွင် ချဲ့ထွင်ပြုပြင်ထားပါ၏။

အနူမကန်နှင့် မလှမ်းမကမ်းရှိ လက်ဆည်ကန်မှနေ၍ တစ်မြို့လုံးသို့ ရေပိုက်ဖြင့် သယ်ယူရေဝေသည်။ ဆယ်နာရီမှ ဆယ့်တစ်နာရီအထိ ရွှေဝတ်ရည်တို့၏ ညောင်ပင်ဈေးရပ်ကွက်မှ ရေရရှိသည်။ တစ်ရက်ခြား ဖြစ်ပါ၏။ တစ်မြို့လုံးတွင်ရှိသော အောင်ဒင်ရပ်ကွက်၊





မြို့သစ်ရပ်ကွက်၊ အောင်မင်္ဂလာ၊ ဗန္ဓုလ၊ တောင်ရပ်၊ ဖာလာတန်း၊ ဟော်ကျိ၊ ကံလှ၊ ကုန်သည်တန်း၊ ရေပေါက်ဝ၊ စပါးဆိပ်၊ ကျောက်ရာဇ်ကေရပ်ကွက်များနှင့် ငါးခြောက်ဈေး၊ ဝါးဈေး၊ ကြက်ဈေး၊ သက်ကောက်ဈေး၊ ပြင်ဈေး၊ အလယ်ဈေးရပ်ကွက် စသော မြောက်ဦးမြို့၏ ရပ်ကွက်များ အားလုံးသို့ ဖြစ်ပါ၏။

အုပ်ဆိုင်းစိမ်းညို့နေသော လက်ဆည်ကန်ကြီးကို ကျယ်ပြန့်ကြည်မြစွာ မြင်ရပြီးနောက် 'ရွှေဝတ်ရည်တို့ ဇနီးမောင်နှံနှစ်ယောက်' အနူမကန်ဘက်သို့ ရောက်ရှိလာကြခြင်းဖြစ်ပါ၏။

အလာတွင်လည်း သီလသမာဓိနှင့် ပြည့်စုံ၍ တစ်မြို့လုံးက ဆည်းကပ်ကိုးကွယ်ကြသော ဆရာတော် 'ဦးလာဘ'၏ တောရအမ္ဗဋ္ဌာန်းကျောင်း'ကို ဝင်ကန်တော့ကြသည်။

ဓိနမာန်အောင် စေတီတော်၏ တောင်ကုန်းကိုဖြင့် ချစ်ခင်ပွန်း၏ လက်ကိုတွဲလျက် တက်ခဲ့ရ၍ ရွှေဝတ်ရည် မမောခဲ့ပါ။ ယခုလည်း အနူမကန်တွင် ပျော်ရွှင်စွာ ရေကူးနေမိ၍...

"မမ မတက်သေးဘူးလား'

"ဟင်အင်း...သည်း တက်နှင့်"

"အို...မမ အေးမှာစိုးလို့ ပြောတာပါ"

"မတက်သေးဘူးကွာ၊ မမ ဒီနေ့ ပျော်နေတယ်။ ရေကူးလို့သည်း သိပ်ကောင်းတာပဲ။ ရေမကူးရတာ ကြာပြီ"

အောင်ဦးသာမှာ ရွှေဝတ်ရည်ကို ထိုင်စေပြီး ခြေသလုံးပေါ်မှ အဘိနားကို ပလပ်စတစ်ကွင်းမာလေးနှင့် အုပ်စွပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးဝတ်စုံနှင့် မဟုတ်လျှင် ဘယ်လိုမှ ရေကူး၍ မကောင်း။

ရေချိုးဆိပ်လို ဖြစ်နေ၍ ရေချိုးသူများသော ဤနေရာမျိုးတွင်လည်း ရေကူးဝတ်စုံနှင့် မဖြစ်၍ အောင်ဦးသာက သူ့ချစ်ဇနီးအတွက် အသေးစိတ် ကူညီပြီး ရွှေဝတ်ရည် ရေကူးနေသည်ကို ကြည့်ကောင်းကောင်းနှင့် ထိုင်ကြည့်နေသည်။

"ကဲလေ...တော်ပါပြီ။ အိမ်ရောက်အောင် သုံးမိုင်လောက် နီးနီး အဝေးကြီး လျှောက်ရဦးမှာ"

ပြောလျက်တက်လာသော ရွှေဝတ်ရည်သို့ အောင်ဦးသာက မျက်နှာသုတ်ပဝါ ဆီးခြုံပေးသည်။

ရွှေဝတ်ရည်၏ ရင်လျားအထက် အဝတ်မဲ့ ရင်ညွန့်ဖွေးဖွေးလေးပေါ်မှာ ဓေသာလီ ဒင်္ဂါးပြားလေးကို ငွေဆွဲကြိုးနှင့် ဆွဲထားသည်။

ချစ်ဇနီး နှစ်သက်လွန်းသည်ဆို၍ သူကိုယ်တိုင် အပေါက်ဖောက်ပြီး ငွေကြိုးလေးနှင့် ချိတ်ဆွဲထားပေးခဲ့သည်။ အမြဲအကျႌထဲ ထည့်ဆွဲနေကျ၊ လူမမြင်စေချင်၍ပါ။

"ဟိုမှာ...သည်းလေးသူငယ်ချင်းတွေ မှုတ်လား"

"နေပစေ... ဒီကောင်တွေ"

ကန်ထိပ်မှ သူ့အပေါင်းအသင်းများကိုပင် ဂရုမစိုက်အား ရေစိုနေသော ဆံပင်များကို သူကိုယ်တိုင် သုတ်ပေးနေသည်။ ညနေနှောင်းလာပြီမို့ လေက လေးလံအေးမြလာသည်။ အောင်ဦးသာမှာ သူ့ရွှေ လေအေးမိလျှင် ချမ်းနေရှာတော့မည်ဆိုသော စိုးရိမ်စိတ်ထက် အရေးကြီးသောအရာ မရှိ။





"ကိုယ့်သူငယ်ချင်းတွေနဲ့လည်း တွဲပါဦး။ ကိုယ့်အိမ်လည်း ပြန်ဦးလေ။ တစ်ချိန်လုံး မမနားမှာပဲကွယ်"

"မမဝန်းကျင်ဟာ မောင့်အတွက် အကျယ်ပြန့်ဆုံးကမ္ဘာ၊ အသာယာဆုံး သုခဘုံပဲ"

"ဒါလဲ ဒါပေါ့၊ ဟိုမှာ သူငယ်ချင်းတွေတောင် ပြန်ကုန်ကြပြီ"

"ပြန်ပစေ...အကျႌမြန်မြန်ဝတ်စမ်းပါ မိန်းမရဲ့။ အအေးလည်း မိမယ်၊ သူများတွေ ကြည့်တာလည်း မကြိုက်ဘူး"

"အသည်းလေးနော်၊ ရင်ထဲက အသည်းမဟုတ်ဘူး။ အရာရာမှာ သည်းကို သည်းလွန်းလို့"

မျက်စောင်းလေးထိုးလိုက်သည့် အကြည့်ထဲတွင် ကြည်နူးခြင်း၊ ကျေနပ်ခြင်း၊ အဖြစ်သည်းမှုကို ခံယူလိုခြင်း စသည်များ စုစည်းလျက်ပါ။

အပြန်လမ်းတွင်လည်း မမ ချမ်းနေလား၊ မောသလား၊ ထမင်းဆာနေပြီလား စသော အကြင်နာ မေးခွန်းများ ဆင့်ဝေလျက်...

ယာတဲများ၊ ခြံမြေများအားမှ ဖြတ်လျှောက်လာကြစဉ်...

"မောင့်အိမ်ကို တစ်ယောက်တည်း မသွားချင်လည်း မမပါ အတူ သွားကြဦးမှ၊ လိုအပ်တဲ့ ကျန်းမာရေးကိုလည်း မမ စစ်ဆေးပေးမယ်လေ။ ဒီပညာနဲ့ပဲ ယောက္ခမကို မျက်နှာလုပ်စရာရှိတာ သည်းရဲ့"

အောင်ဦးသာ၏ ရင်ထဲ နင့်သွားသည်။ သူ့မိဘများသည် ရွှေဝတ်ရည်နှင့် သဘောမတူ၊ မကြည်ဖြူကြ၍ အိမ်ကို အဝင်အထွက် အလုပ်ရဟု တားမြစ်ထားသည့် အဖြစ်ကို ချစ်မမ မသိရှာ။



www.burmeseclassic.com

www.burmeseclassic.com



နုမြခိုင်တို့ မိသားစုကို အားနာစိတ်ဖြင့် ပစ်ပယ်ထားခြင်းလည်း အကြောင်းတစ်ရပ်ပေါ့။

အောင်ဦးသာ ပြောခဲ့ဖူးသလို သစ်ပင်အောက်မှ ပန်းကြွေတစ်ပွင့်ကို ကောက်ယူလိုက်ရသည်သို့ အောင်ဦးသာ ဘက်က အလွယ်လေး ဟု ရွှေဝတ်ရည် တကယ်ပင် ထင်နေရှာသည်။

သည့်အတွက် တရားရုံးတွင် အကျဉ်းဆုံးနည်းနှင့် နှစ်ဦး သဘောတူ လက်ထပ်လိုက်သည်။ အောင်ဦးသာဘက်က ဘယ်သူမှ မပါသည်ကိုပင် ရွှေဝတ်ရည် သံသယမရှိရှာခဲ့။ သူကိုယ်တိုင်ကပင် ဘာပကာသနမှ မပါသော၊ ဘယ်သူ့မှ ဧည့်ခံမနေရသော ပုံစံမျိုးနှင့် လက်ထပ်ချင်ပါသည် ဆို၍ အောင်ဦးသာ အသက်ရှူချောင်သွားခဲ့သည်။

အားလုံး၏ အပစ်ပယ်ခံ အောင်ဦးသာ ဖြစ်နေရသည်ကို ရွှေဝတ်ရည် ဘာမှမသိရှာပါချေ။

"မမကဖြင့် ဒီမြောက်ဦးရွှေမြို့တော်မှာ ပျော်လို့။ မမ အဘိုးကြီး ကတော့ သိပ်ဒေါပွနေပြီ"

"ဟုတ်တယ်နော်...တစ်နေ့ကလာတဲ့ စာထဲမှာ မမကို အပြစ် ဆူထားတယ်။ ဆူလည်း ဆူစရာပါပဲလေ၊ မမနဲ့မှ မောင်က မတန်တာ"

"တော်စမ်းပါ။ ဒက်ဒီသိတာက သည်းဟာ ဘွဲ့မရဘူး၊ အလုပ် မရှိဘူး။ အသက်ငယ်တဲ့ ရခိုင်သားလေး၊ မြောက်ဦးရောက်တာမှ မကြာ သေးဘူး၊ တွေ့တာ ကောက်ယူရမလားလို့ ပါတယ်နော်"





"မောင် ဖတ်ပြီး စိတ်မကောင်းခဲ့တာ မမ အတွက်ပါ။ ဖခင် တစ်ယောက်အနေနဲ့ နမြော..."

"ဆက်မပြောနဲ့တော့ မောင်၊ မမတို့ ရန်ကုန်မြို့က ပိတောက် မြိုင် ခြံကြီးမှာ ပြုသနာ ပေါင်းစုံနဲ့ပါ။ မမ အားလုံးကို အရှုံးပေးပြီး ထွက်လာခဲ့တာလည်း သူ အသိ။ သူ့ကျတော့ မာမီသေပြီး တစ်နှစ် မကြာခင် မိန်းမ ကောက်ယူလိုက်တာ။ မမက ကိုယ့်ထက် နည်းနည်း လေး ကြီးတဲ့ မိထွေးနဲ့ ဘယ်နေချင်ပါ့မလဲ"

"အင်းပေါ့"

"ကိုယ့်အပြစ်တော့ ကိုယ်မမြင်ဘူး။ ဖခင်ဆိုတော့လည်း သူ့ဘက်က အမှန်ပဲ ထားလိုက်ပါတယ်။ ဒက်ဒီမသိနိုင်တာတွေ မမ ရှိနေပါတယ်ဆိုတာလည်း ပြောစရာ ဘာလိုလဲ"

"ဟင်...ဘာတွေလဲ"

"သည်းရဲ့ အကြီးမားဆုံး မေတ္တာတရားနဲ့ ယှဉ်ကြင်နာမှု..."

အောင်ဦးသာ၏ရင်မှာ ခိုက်သွားသည်။ သူဘာကိုမှ ပြန်မပြော ဖြစ်နိုင်။ ချစ်ဇနီး၏ ပခုံးလေးကိုသာ ဖက်ပွေ့ရင်း လျှောက်လာ ကြသည်။

"လောကမှာ နေထိုင်ကြတဲ့ လူသားတွေအတွက် ပညာဆိုတာ ကြိုးစားယူလို့ ရတယ်၊ ငွေကြေးဆိုတာ ကြံဆရှာဖွေယူလို့ ရနိုင်ပါတယ် သည်း။ ဒါပေမယ့်... လူသားချင်း ထားရှိတဲ့လှယ်တဲ့ မေတ္တာတရား ဆိုတာ ဘယ်လိုနည်းနဲ့မှ ဖန်တီးယူလို့ မရနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်မေတ္တာကို ထိုက်ထိုက်တန်တန်ကြီး တန်ဖိုးထား၊ လက်ခံတဲ့ မမကို မောင်လေး...ပိုပြီး ကြည်ညိုစိတ်နဲ့ ချစ်မြတ်နိုးမိတယ်"

"သိတယ် သည်း၊ မမဟာ မေတ္တာတုကို ရရှိခံစားခဲ့ဖူးတော့ မောင့်မေတ္တာရဲ့ အမျိုးအစားကို ခွဲခြားတတ်ပါတယ်ကွယ်"

"မမရယ်..."

အောင်ဦးသာမှာ ပြောနိုင်စွမ်းသည်ထက် လွန်ကဲစွာ ကြည်နူးဝမ်းသာနေပါ၍ ရွှေဝတ်ရည်၏ လက်ကလေးကို နွေးပါစေရန် ဆုပ်ကိုင်ရင်းသာ လျှောက်လာနေမိသည်။

ကွမ်းခြံ၊ မုံလာခြံ၊ ငရုတ်ခင်း စသော ခြံမြေနှင့် ယာတဲလေးများဆီသို့ ဘားမှ ကွေ့ဝိုက် ကျော်ဖြတ် ပြန်လာရသည်မှာ လွတ်လပ်ကြည်နူးစရာ ကောင်းလွန်းလှပါသည်။

"ဟော...ဘယ်က ပြန်လာကြလဲ"

"အနူမကန်ကို ရေသွားချိုးတာ။ ဦးလေး မပြန်သေးဘဲကို"

"သျှစ်သောင်းဘုရားပွဲ နီးနေပြီ။ ပြီးမှပဲ ပြန်တော့မယ်။ ပန်းချီကားလေးတွေလည်း လက်စသပ်နေတယ်။ မင်းလည်း ပျော်နေပါလား အောင်ဦးသာ"

"မိန်းမရတော့ မအားဘူး ဦးလေးရဲ့၊ ထမင်းချက်၊ ရေထမ်း"

"အို... မောင်ကလည်း"

ပန်းချီဆရာ ဦးလွန်းတင်က ရယ်မောလျက် ရွှေဝတ်ရည်ကိုပါ နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။





"သည်းကလည်းကွယ်၊ ဘာမှန်းလည်းမသိဘူး။ မိန်းမ လုပ်စာ ဆိုင်စားပြီး မိန်းမ ဝေယျာဝစ္စလုပ်ပေး ရတယ်ဆိုတာ အကောင်း မှတ်နေလား"

"ဘာဖြစ်လဲဗျ၊ ကိုယ်ချစ်လို့ ကိုယ်လုပ်ပေးတာ။ သူတို့ကို ခေါ်ခိုင်းတာမှ မဟုတ်ဘဲ"

"ကြည့်ပါလား၊ သနပ်ခါး လိမ်းတာကအစ လိုက်ညှိပေးနေတာ သိတယ်ရှင့်၊ ဒါပေမယ့်... ဒါတွေ ပြောစရာလား"

လူရှင်းနေသော ဝန်းကျင်မှာမို့ ရွှေဝတ်ရည်သည် သူ့ချစ်သူ၏ ပခုံးစွန်းကို ခေါင်းနှင့်ခွေ့တိုက်ပြီး ပြောလိုက်သည်။

ဦးလွန်းတင်ကို မြင်ရလေတိုင်း ရန်ကုန်ရှိ ပိတောက်မြိုင်၏ ဗျသနာအကြောင်း ခေါင်းထဲ ရောက်လာသည်။ အမိုက်မှောင်သည် ပြန်လည် လွှမ်းမိုးလာသလို ရှိရပါသော်လည်း...

နေအိုရောင် ဆည်းဆာ အောက်၊ တောင်[illegible] တောလမ်းလေးကြားမှာ မြတ်နိုးယုယစွာ တွဲခေါ်လာသော ချစ်သူနှင့်အတူ လျှောက်လှမ်းလာရချိန်မို့ အတိတ်နွမ်းသည် လွင့်ပြယ်[illegible]

"မောင်...သည်း"

"မမ"

"မောင်လုပ်နေတဲ့ အခု ပုစွန်ဖာယ်၊ ဘာညီ၊ [illegible] တွေကို မော်တော်ပြေးဆွဲနေတဲ့ လုပ်ငန်းဟာလည်း [illegible] မဟုတ်ပါဘူး။ အိမ်ထောင်တစ်ခုကို ရှာကျွေးနိုင်တဲ့ [illegible]"



www.burmeseclassic.com

www.burmeseclassic.com



"မောင် စီစဉ်ထားတာတွေ အများကြီးပါ။ ကျောင်းမတ
တော့ဘဲ စီးပွားရေးလုပ်မလို့ပါ။ ဒါပေမယ့်... မမ နားကကို မခွဲ
သေးလို့"

"အဲဒီလိုလည်း မှတ်သေးဘူးကွယ်၊ မောင့်ကို မသိမ်ငယ်စေ
ဘူး။ အထူးသဖြင့် မောင့် အသိုင်းဝိုင်းအလယ်မှာ ပိုပြီး မျက်နှာမ
စေချင်ဘူး။ မမဟာ ဒီမြေမှာပဲ မောင်နဲ့နေပြီး ဒီမှာ အခြေချတော့မယ်
ဆုံးဖြတ်လိုက်တာ မောင်အသိပါနော်"

"အဲဒါကြောင့် ပိုပြီး သနား၊ ပိုပြီး ချစ်ရတာပေါ့ဗျာ။ အ
အထိုင် ဆင်းရဲ..."

"တော်ပါကွယ်...၊ ချမ်းသာမှုက မမ ရရှိခဲ့ပြီးပြီ၊ မမ မျှော်
တာ၊ တောင့်တာတာက အခုရရှိနေတဲ့ မောင့်ရဲ့ ချစ်မြတ်နိုး
ပြောပြီးပြီပဲ"

"မောင့်ဘက်ကတော့ အတိုင်းအဆမရှိအောင်ပါ မမရ
တစ်မြို့လုံးကလည်း မမကို အားကိုးစိတ်နဲ့ ချစ်နေကြတာ မမ အသိ

"မမကလည်း အားလုံးကို သံယောဇဉ် ရှိပြီးသား၊ စေတ
ထားပြီးသားပါ"

"ဒါကြောင့် တစ်မြို့လုံးကလည်း ချစ်၊ မောင်ကလည်း
ပန်းကလေးတွေကလည်း ချစ်၊ ရွက်ခြောက်ကြွေလေးတွေကအ
ချစ်တဲ့..."

"သွားစမ်းပါ။ ပုရွက်ဆိပ်တွေ၊ တီကောင်တွေပါ မပါလို့
သေးတယ်"





ဟာသစကားကြီး မဟုတ်ပါဘဲနှင့်လည်း ရွှင်နေကြ၍ အားပါး
တရ ရယ်မောကြရင်းဖြင့် အိမ်ရှေ့သို့ ရောက်လာခဲ့ပြီ။

ရွှေဝတ်ရည်၏ လက်ကိုဆွဲလျက် အိပ်ခန်းတွင်းသို့ တောက်
လျှောက် ခေါ်လာသည်။ အတင်းလှဲအိပ်စေသည်။

"မမ သိပ်မောသွားလားဟင်"

"မောတော့ မမောဘူး။ ခြေညောင်းတယ်"

"ညောင်းမယ်ဆိုတာ သိတယ်။ ရေလည်းကူး လမ်းလည်း
လျှောက်နဲ့"

ရွှေဝတ်ရည်၏ နုဖူးပြင်နှင့် လက်ဖျားခြေဖျားလေးများကိုပါ
အေးသလားစမ်းပြီး...

"ရေကူးလာလို့ အအေးမိမှာစိုးရိမ်တာ။ နွေးနေပါတယ်။ ကဲ...
လှဲနေ ထမလာနဲ့နော်... မောင်မခေါ်ဘဲ ထလာရင်တော့ အသိပဲ"

သူ့ ယုယမှုလေးများကို ရှိုက်မက်စွာခံစားရင်း အပြုံးမျက်စောင်း
လေးနှင့် ထိုးကြည့်မိသည်။ သူ့စကား နားထောင်ချင်၍ချည်း မဟုတ်၊
ရွှေဝတ်ရည် အမှန်လည်း ခြေသလုံး ကြွက်သားများ ညောင်းနေ၍
ခုတင်ပေါ်တွင် လဲလျောင်းနေခဲ့မိသည်။ သူ့နောက်သို့ ထမလိုက်ဖြစ်။

ယုယကြင်နာမှုများစွာဖြင့် ဖွဲ့စည်းအပ်သော ခင်ပွန်းသည်၏
အကြင်နာကို ရရှိသော ဇနီးသည်တစ်ယောက် ဖြစ်ခွင့်ရခြင်းအတွက်
ရွှေဝတ်ရည်၏ ရင်မှာ သိမ့်သိမ့်ခါအောင် ကြည်နူးနေမိသည်။

အောင်ဦးသာ၏ အပေါ်တွင်လည်း တစ်စက္ကန့်တိုးတိုင်း
တစ်ချစ်တိုးလာသည်ဟု ထင်မိသည်။ ဒက်ဒီတို့ ယူဆသလို ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ထက်ငယ်ပြီး ဘွဲ့မရှိသော တောသားလေးတစ်ယောက်ကို ကောက်ယူလိုက်မိသည်ဟု နောင်တရမနေပါ။ အောင်ဦးသာ၏ ဇနီးသည်ဖြစ်ရခြင်းမှာ ရာကောင်းလှပါသည်ဟု ယုံမှတ်ထားလိုက်ပါပြီ။

"ကဲ... မမ ထတော့၊ အဆင်သင့်ဖြစ်ပြီ"

"ဘာလဲ"

"ထမင်းစားကြမယ်လေ၊ မဆာသေးဘူးလား"

"ဆာနေပြီ၊ ထရမှာ ပျင်းလို့"

"တစ်နေ့ အလုပ်ပိတ်တယ်။ တစ်နေ့အပျင်းကြီးတယ်။ ခါတိုင်းများဆို... မြင်ရတဲ့မောင်တောင် မောတယ်"

"မမတော့ မောရမှန်းတောင် မသိဘူး"

"ဟောဒီ မြောက်ဦးသူ မြောက်ဦးသားတွေကို ရောဂါထူပါတယ်ဗျာ"

"ဟဲ့"

"တကယ် မမ နားမှာ ဝိုင်းနေကြတာပဲ၊ လူနာတွေထဲမှာ မြုပ်နေတာ၊ မကြည့်ရက်ဘူး။ ဒါကြောင့် တစ်မြို့လုံး ကျန်းမာတော်မူကြပါစေလို့ ဆုတောင်းပါတယ်... တကယ်ပါပဲ"

သူ့ပြောပုံလေးကို ရွှေဝတ်ရည် နှစ်ခြိုက်စွာ ရယ်မောမိသည်။

"ထမင်းစားမယ်လေ...ထ"

"ထူ"

ရွှေဝတ်ရည်က လက်ကမ်းပေးသည်။ အောင်ဦးသာက လက်ကို ကမ်းမယူ၊ တစ်ကိုယ်လုံးကို ပွေ့ထူလိုက်ပြီး နောက်ဖေး





ဘက်သို့ ခေါ်ဆောင်သွားတော့သည်။

ဒေါ်အိမ်စိုးက ချက်ပြုတ်ပြီးသည်နှင့် ပြန်သွားသည်။ ရွှေဝတ်ရည်တို့ ကြင်စဦး ဇနီးမောင်နှံ နှစ်ယောက် လွတ်လွတ်လပ်လပ် နေရအောင်ပါ...

"ဟင်... သည်း မစားဘူးလား"

"ဗိုက်ဆာလှပြီပဲ၊ စားမှာပေါ့"

"ပန်းကန်က တစ်ချပ်တည်း"

"ကိုယ်ပြင်တဲ့ ထမင်းဝိုင်း၊ ကိုယ်ကြိုက်သလို ပြင်မှာပေါ့ ရိုးဒေါ်ရဲ့။ ဟောဒီ တစ်ပန်းကန်ထဲမှာ ဂျီးဒေါ်နဲ့ ကျွန်တော် စားမယ်။ ဟောဒီဇွန်းတစ်ချောင်းတည်းနဲ့ ဟင်းခပ်မယ်။ ရေတစ်ခွက်တည်း တူတူ သောက်မယ်။ ကဲ... ရှင်းပလား။ ဘာမေးချင်တာရှိသေးလဲ"

"ဟုတ်ကဲ့ ရှင်းပါပြီဆရာ။ မေးစရာ မရှိတော့ပါဘူး"

"ဒါဖြင့် စားနိုင်ပြီ... ဒီမှာ ယူစား"

အာလူးကြော် ရှည်ရှည်အတုံးလေးကို အောင်ဦးသာက တဘက်က ကိုက်ထားသည်။ သူ့အကြိုက်ဖြစ်အောင် နှုတ်ခမ်းချင်းထိကပ် ကိုက်ယူလိုက်ရသည်။

စားမြိန်လွန်းသော ထမင်းတစ်ပွဲကို နှစ်ယောက်တွဲ၍ စားရင်းလုကြ...ခွဲ့ကြနှင့်...

သူတို့၏ ချစ်ကမ္ဘာလေးအတွင်းမှာ ကြည်နူးခြင်းဆိုသော အရိပ်များ မိုးထားသည်။ ချမ်းမြေ့ခြင်းဆိုသော စမ်းရေလေး တသွင်သွင်စီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမုန်းဆိုသော နေပြောက်မထိုးပါ။

အကြင်နာ နှင်းလွှာရုံအောက်ရှိ ချစ်စံအိမ်လေးအတွင်းမှ အချစ်ဆုံး နှစ်ယောက်အတွက်...

အပြင်ဘက်၌ အမှောင်သည် စိုးမိုးလာပြီဖြစ်သော်လည်း...

သူတို့၏ ဝန်းကျင်လေးမှ မေတ္တာမီးအိမ်သည်မှ စွမ်းအင်များစွာဖြင့် လင်းလက်လျက်ပါတည်း။

◆ ◆ ◆



## အခန်း ။ ၁၈ ။

ယခုနှစ်၏ ရေတက်ရေကျကို ကြည့်ပြီး 'သျှစ်သောင်းဘုရားပွဲ' ကို မေလ ၅ ရက်နေ့တွင် စတင်သည်။

"သင်းပုန်း ဆွမ်းတင်ပွဲ"

ကိုလည်း ဘုရားပွဲစသည့် ထိုနေ့နံနက် အရုဏ်တက်တွင် ရပ်ကွက်အလိုက် သျှစ်သောင်းဘုရားသို့ ဆွမ်းတော်တင်ကြရန် တစ်စု တစ်ဝေးကြီး သွားလေ့ရှိသည်။

ပိန်းနဲရွက်ဖြစ်စေ တစ်ခြားသော သန့်ရှင်းသည့် ဖက်ရွက်ကြီးများကို ကန်တော့ချွန်လုပ်ပြီး ထမင်းများကို သိပ်ထည့်၍ ဖက်ကို ယ်လိုက်သည်။ စေတီပုံလို ချွန်ချွန်အလိပ် ထမင်းတုံးလေးများကို လင်ဗန်းတွင် စီရီဆင့်တင်ထားပြီး ဆွမ်းတော်ပွဲလုပ်သည်။ အချိုမုန့် သစ်သီးစုံများပါထည့်ပြီး အတီးအမှုတ်နှင့် နံနက်အရုဏ်တက်တွင် သျှစ်သောင်း ပုထိုးတော်ကြီးသို့ သွားကြသည်။ ထိုတစ်ညလုံး ပျော်ဆိုးကြ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဦးခင်လှစံတို့အဖွဲ့ကလည်း တက်တက်ကြွကြွ [ရခိုင်တို့သည် ပထမဆုံးမွေးဖွားသော သားဖြစ်စေ သမီးဖြစ်စေကို ဦး ထည့်သည်။ ဥပမာ ဦးသာစံဆိုလျှင် ဦးဦးသာစံဖြစ်ပါ၏။]

ဤသင်ပုန်းဆွမ်းတင်ပွဲကို တန်ဆောင်မုန်းလပြည့်။ ကဆုန်လပြည့် စသော နေ့ကြီးများတွင်လည်း ပြုလုပ်လေ့ရှိကြပါသည်။ ဗုဒ္ဓဘာသာကို ထိုက်တန်ကောင်းမြတ်စွာ ယုံကြည်သက်ဝင်သော ရခိုင်တို့၏ ယဉ်ကျေးခြင်းနှင့် မြောက်ဦးမြို့၏ ဓလေ့ဖြစ်ပါ၏။

ဒုတိယနေ့ဖြစ်သော ယနေ့ မေလ ၆ ရက်နေ့တွင်ဖြင့်... အစည်ကားဆုံးသော **'လှေပြိုင်ပွဲ'**ကို နေ့လည် ၁၂ နာရီမှ စတင်ခဲ့ပါပြီ...

ယခုနှစ်တွင် ရွာပေါင်းဆယ်ရွာမှ လှေဆယ်စင်း ပြိုင်ကြသည်။

ပြိုင်ပွဲဝင်မည့် လှေလှော်သမားများမှာ အစိုးရ မူလတန်းကျောင်းမှာ တည်းခိုကြပါသော်လည်း လှေပြိုင်ပွဲသို့ လာကြည့်သူများ၊ ကိုယ့်ရွာအတွက် လာရောက်အားပေးကြသူများမှာ လှေများ သမ္ဗာန်များပေါ်တွင်ပင် တည်းခိုကြပါ၏။

လောင်းကြက်၊ တမော်ရွာ၊ မြောင်းဘွေရွာ၊ ဆင်အိုးရွာနှင့် မြက်ရိုပ်ကျွန်းအပြင် လေးမြို့မြစ်ထဲတွင် ကျွန်းပေါ်နေသော သီးနှံပေါင်းစုံ စိုက်ပျိုးဖြစ်ထွန်းသည့် 'ရေလယ်ကျွန်း'စသော ရပ်ရွာအသီးသီးမှ လာကြသော လှေများက အောင်ဒပ်ချောင်းအပြည့်။

ကုန်းလမ်းမှ လာကြသော လူည်းတန်းကြီးများကလည်း တမျှော်တခေါ်ပါ။ သုံးလေးငါးမိုင်မျှဝေးသော ဝေသာလီလို၊ မြောင်းတွေ လို၊ ပေါက်တောပြင်လို ရွာများမှာ ကုန်းကြောင်း လာကြသော





ဧရိသတ်ကလည်း မနည်းပါ။ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ စက်သားစသော မော်တော်တုတ်ခရီးနှင့်လည်း တစ်နေ့သုံးခေါက်မျှ လူအပြည့်တင်လာ၍လည်း မကုန်နိုင်။

သျှစ်သောင်းဘုရားပွဲသည် ရခိုင်တစ်ပြည်နယ်လုံးရှိ အစည်ကားဆုံးသော ဘုရားပွဲတစ်ပွဲ ဖြစ်ပါ၏။

**ရမ္မာဝတီ** (ရမ်းဗြဲမြို့နယ်)၊ **ဒွာရာဝတီ** (သံတွဲမြို့နယ်)၊ **ဓညဝတီ**(စစ်တွေ–မြောက်ဦးမြို့နယ်)နှင့် **မေဃဝတီ** (မာန်အောင်မြို့နယ်)ဆိုသော ရခိုင်ပြည်နယ်၏ **'ဝတီလေးရပ်'**လုံးတွင် ရှိသော ဘုရားပွဲများထဲတွင် အစည်ကားဆုံးသော ပွဲအဖြစ်နှင့်လည်း သတ်မှတ်ရပါလိမ့်မည်။

လှေပြိုင်ပွဲမစမီ ယခင်က ရရှိခဲ့ဖူးသော ဆုတံဆိပ်များ၊ အလံများကို ဝင့်ဝင့်ကြွားကြွား ပြသကာ အတီးအမှုတ်၊ အကအခုန်များနှင့် အောင်ဒပ်ချောင်းတလျှောက် လှော်ခတ်နေကြသည်။ ကြည့်ရှုအားပေးကြသည့် အမျိုးသားလှေများမှာလည်း အောင်ဒပ်ချောင်းတလျှောက် လှော်ခတ်ပြေးလွှားနေကြပေသည်။

ဘုရားပွဲ ကျင်းပရေး ကော်မတီမှ မဏ္ဍပ်များ ဆောက်လုပ်ထားပြီး လက်မှတ်နှင့် ဝင်ကြည့်နိုင်ရန် စီစဉ်ထားပေသည်။

အောင်ဦးသာတို့၏ ဆန်စက်နောက် အောင်ဒပ်ချောင်း နံဘေးတွင် ရွှေဝတ်ရည်တို့ ဇနီးမောင်နှံ ရောက်နေကြပါ၏။

နှစ်စင်းစီ တစ်တွဲပြီးတစ်တွဲ ပြိုင်နေကြသော လှေများ၊ ပြိုင်ပွဲဝင်နိုင်သော လှေသားများ၏ အပြုံးအပျော်များကို ကြည့်ပြီး ရွှေဝတ်ရည်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပျော်နေသလောက်၊ အောင်ဦးသာ မျက်နှာပျက်နေသည်။ ရွှေဝတ်ရည် မသိရှိ မရိပ်မိပါစေရန် သိမ်းသို ကွယ်ဖုံးထားရသဖြင့် ရင်ပမ်းလှုပါ ဘိသည်။

ဆယ့်နှစ်နာရီမှစပြီး သုံးနာရီကျော်တွင် လှေပြိုင်ပွဲ ပြီးသွားခဲ့သည်။

"သည်းရေ… ပြန်ကြမလား"

"မမသဘောလေ"

"ဘုရားပွဲဘက် သွားချင်သေးတယ်"

"သွားမယ်လေ"

တိုးကြိတ်နေကြသော လူအုပ်များကြားမှ ရွှေဝတ်ရည်ကို ကာဆီးပြီး ထွက်လာကြသည်။

သူ့ အပေါင်းအသင်းများ၊ သူငယ်ချင်းများကို တွေ့ပါလျက် ခေါင်းငုံ့ ကွေ့ရှောင်ပြီး မမြင်ချင်ယောင် ဆောင်နေသော အောင်ဦးသာ၏ အဖြစ်ကို ရွှေဝတ်ရည် စတင် သတိထားလာမိသော်လည်း မိမိ တစ်ယောက်တည်းအတွက် ရှိနေချင်ရှာ၍ ဖြစ်မှာပါဟု တွေးယူပြီး ရွှေဝတ်ရည်မှာ ဘုရားပွဲလာ ပရိသတ်အဖြစ်နှင့် ပျော်ရွှင်ကြည်နူးနေမိသည်။

'ရေတံခါးလမ်း' တစ်လျှောက်ရှိ ဈေးဆိုင်တန်းကြီးများမှ ရွှေဝတ်ရည် ကြိုက်လွန်းသော ရခိုင်မုန့်တီအသုပ်တစ်ပွဲ၊ အရည်နှင့် တစ်ပွဲ စားဖြစ်သည်။ လတ်ဆတ်လွန်းသော 'ငါးရွှေမှုန့်ကြော်'လည်း စားရသည်မှာ ချိုမြိန်လှပါ၏။ အစပ်ကြိုက်သော ရခိုင်တို့လောက်





ရုတ်သီးမစားနိုင်သော်လည်း အချဉ်၊ အစပ်၊ မုန်ညင်းဆီ အကြော် သည်များ အဆင်ပြေအောင် ရောစပ်၍ စားကောင်းလှပါသည်။

ဘုရား၏ တောင်ဘက်တွင်ဖြင့် ထမင်းဆိုင်များက တစ်သီ တစ်တန်းကြီး။ သ/မ အရောင်းဆိုင်နှင့် ဒန်ဒယ် ပစ္စည်းမျိုးစုံဆိုင် လည်း စုံလင်လှသည်။

ဘုရား၏ အရှေ့တောင်ဘက်တွင်ဖြင့် ရခိုင်ရိုးရာ ပဒေသာကပွဲ ရှိသည်။ 'ကျွင်ယိမ်း'၊ 'ကျောက်ရိုးယိမ်း'၊ 'အာရိယံနွယ်ယိမ်း'၊ ကွတ်ယိမ်း'၊ 'နှစ်ပါးသွား'နှင့် 'ပိုးဝါဘွဲ့အက'များ ပါရှိမည်ဆိုပါ သည်။ လိပ်ပြာအောင်ပံလေးလို ပဝါကို ဖြန့်ကာ ဖြန့်ကာ က,သော ိုင်မင်းသမီး 'ပိုးဝါ'အကကို ရွှေဝတ်ရည် သဘောကျလှပါသည်။ ညကျမှ တစ်ခေါက်ထွက်၍ ကြည့်ပါဦးမည်။

Who (ဟူး) စတိတ်ရိုးယိုတီးဝိုင်းမှလည်း ယနေ့ည ဂီတပဒေသာပွဲ ရှိသည်။

နယ်လှည့်ရုပ်ရှင်မှလည်း ကွင်းပြင်တွင် ရုပ်ရှင်ကားများစွာ ပြပါလိမ့်ဦးမည်။

ရွှေဝတ်ရည်မှာ အောင်ဦးသာ၏ လက်ကို ခိုတွဲလျက် ပရိသတ် ထဲတွင် တိုးဝှေ့လျှောက်နေသည်။ ဆံယဉ်နွယ်များပေါ်တွင် ပန်းအဝန် တတ်ပါဟု ဆိုရှာတတ်သော ရွှေဝတ်ရည်၏ မျက်နှာမှာဖြင့်---

မညှိုးသော၊ မနွမ်းသော အပြုံးပန်းလေးသည် လန်းလန်း ဆတ်ဆတ်…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ကျားချေ...ကျားချေ"

"ထီးလှေ့လှေ့ထီး"

"မောင်ဇာရွာကလဲ ဝေး"

အားပေး အော်ဟစ်သံများနှင့် မောင်းတီးသံများက လျှံထွက်လာသည်။

ဘုရားပွဲအတွင်းမှ အဆူညံဆုံး၊ အစည်ကားဆုံးသော ရခိုင်တို့၏ ,ရိုးရာ **'ကျွင်ကိုင်ပွဲ'**ကို ထုကွန့်သိမ်နှင့် သျှစ်သောင်းဘုရားကြားရှိ ကျယ်ပြန့်သော မြေကွက်လပ်ကြီးတွင် နေ့လည် ၂ နာရီမှစတင်၍ ကျင်းပနေပါပြီ။

"သူတို့ ဘာတွေ အော်နေတာလဲ ဟင်...အသည်းလေး...၊ မမ နားမလည်ဘူး"

"ကျင်ပွဲဝင်တဲ့ ကျင်ကိုင်သမား၊ ကျင်သန်များကို 'ကျားကလေးဟေ့'လို့ အားပေးတာပါ မမ"

"သြော်..."

"မောင်ဇာရွာကလဲ ဝေး ဆိုတာကတော့ မင်းဘယ်ရွာကလဲလို့ ရခိုင်လိုမေးပြီး အားပေးတာ။ ထီးလှေ့လှေ့ထီး ဆိုတာကလည်း အားပေးတာပါပဲ"

ကျင်ပွဲဝင်နေတဲ့ လူကို **'ကျင်ကိုင်တယ်'**။ အဲဒီ နှစ်ယောက်အနက် တစ်ယောက်က **'အဖမ်းသား'**၊ တစ်ယောက်က **'အခံသား'** ဖြစ်ပြီး အောင်နိုင်သူကိုတော့ **'ကျင်သန်'**လို့ ခေါ်ကြပါတယ်"

အကျီမပါ... ခါးစည်းကြိုးများပါသော ခါးတောင်းကျိုက်များ





နှင့် သန်မာတောင့်တင်းသော ကျင်ကိုင်သမားနှစ်ယောက် လုံးထွေးနေကြသည်ကို ရွှေဝတ်ရည် မျက်လုံးလေး အဝိုင်းသားနှင့် ကြည့်နေမိသည်။ မောင်းကလည်း တစ်ချိန်လုံး တီးနေပါ၏။

"ဘေးကရပ်နေတာ ကျင်ဒိုင်လူကြီးနှစ်ဦး မမ ဟိုမှာထိုင်နေတာက အကဲဖြတ်နှစ်ဦးပါ"

"အင်း"

"ကြောင်လိမ်ပစ်ချနည်း၊ ပေါင်ထမ်းချနည်း၊ အိပ်၍ချနည်း၊ ရွှမ်းထိုးပစ်နည်း၊ လက်ထောက်ပစ်ချနည်း၊ ပရပ်ပရစ်လို့ ခေါ်တဲ့ လက်ချိတ်သတ်နည်းဆိုပြီး နည်းတွေ အများကြီးရှိတယ် မမ။ ဒါပေမယ့် အဖမ်းသားက ဘယ်လိုနည်းကို သုံးရမယ်၊ အခံသားက ဘယ်လိုနည်းနဲ့ ရှောင်ပြီး တန်ပြန်သတ်ရမယ် ဆိုတဲ့ ဥပဒေတွေ ရှိပါတယ်။ နပန်းသတ်တာထက် ဥပဒေများပြီး စည်းကမ်းကြီးပါတယ်"

"ရွှေမောင်းတန်း' 'ငွေမောင်းတန်း'လို့ ခေါ်ပြီး 'ရွှေခွက်' 'ငွေခွက်'တွေ ပေးပါတယ်။ ကျင်ကိုင်သူနှစ်ယောက်ချင်း ညှိပြီး 'ဆန်ဝါ' မလုပ်ရပါဘူး"

"ဆန်ဝါလုပ်တယ်ဆိုတာ ဘာလဲ"

"သြော်... မင်းအနိုင်ယူ၊ ငါ့အရှုံးပေးမယ်ဆိုပြီး အနာမခံဘဲ ရွှေခွက်ရအောင် ညှိမထားရဘူးလို့ ပြောတာပါ။ သိရင်လည်း ဒိုင်က ထုတ်ပစ်ပါတယ်။ ဒီလိုလည်း မလုပ်ကြပါဘူး"

"ကြည့်ပါဦး၊ သတ်နေကြတာ ကြောက်စရာကြီးနော်၊ ဟော..., ကျောခနဲ့ကျသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်က အရှိုးပေးလိုက်သည်။ ပရိသတ်တို့၏ အော်သံ

ဟည်း၍ ထွက်လာတော့သည်။

"နိုင်လို့ ရွှေခွက်ငွေခွက် ရတာထက်ကို 'ကျင်သန်'ဆို

လူစွမ်းကောင်းဘွဲ့ကို ပိုပြီး မက်မောကြတာပါ မမ"

"ဒါပေါ့"

"ရှေးတုန်းက ကျင်သန်တစ်ယောက်ဖြစ်ဖို့အတွက် တောင်

တက်ပြီး ဝါးလုံးတစ်ရာ ခုတ်ရတယ်။ အဲဒီ ဝါးတစ်ရာကိုထမ်း

တောင်ပေါ်တောင်အောက် အတက်ဆင်း လုပ်ပြီး ကျင့်ရပါတယ်

ရှေးဘုရင်များ လက်ထက်ကဆိုရင် ဘုရင်စီးမယ့် လှေတော်

ကျင်သန်များသာ လှော်ရတယ်လို့ ဆိုပါတယ်"

"ရိုးရာ အားကစားတစ်ခုသာ မဟုတ်ဘဲ ရခိုင်အမျိုးသားတို့

လူစွမ်းကောင်းရွေးပွဲဆိုလည်း မမှားဘူးပေါ့"

"ဟုတ်ကဲ့၊ ဟော... နောက်တစ်ပွဲ စတော့မယ် မမ"

"တော်ပြီ... ဘုရားကန်တော့ပြီး ပြန်ကြမယ်။ ညကျမှ ရိုးရာ

လာကြည့်မယ်။ အမျိုးသမီးလေးတွေ အမျိုးသားလိုဝတ်ပြီး က

အခုလို 'ကျင်ယိမ်း'နဲ့ 'ပိုးဝါအက'ကို မမ ကြည့်ချင်လို့"

"ဒါဖြင့် ညတစ်ခေါက် ထွက်မယ်လေ။ ခု ပြန်ကြပါစို့

နေပူနေပြီ။ မမမျက်နှာလေးတွေကို နီလို့။ ပင်ပန်းနေပြီ"

"ပင်ပန်းပေမယ့် ပျော်နေတာပဲ မောင်ရဲ့။ အိမ်ရောက်ပြီ

အသည်းလေးရဲ့ရင်ခွင်မှာ နားလိုက်ရရင် မမရဲ့ ပင်ပန်းနွမ်းနယ်

ဆိုတာတွေက အားလုံး လွင့်ပြယ်ကုန်မှာပါ"





"မမရှယ်..."

ရွှေဝတ်ရည်၏ ပခုံးလေးကို ကြင်ကြင်နာနာ ဖက်လျက် လူအုပ်

တွင်းမှ ထွက်ခဲ့သည်။ အောင်ဦးသာ၏ ခြေလှမ်းများ ထုံနှေးနေသည်

ကိုဖြင့် ရွှေဝတ်ရည် မရိပ်မိရှာပါ။

"ဟေး...,အောင်ဦးသာ"

သူ့ သူငယ်ချင်းတစ်ယောက်။

"မောင်းအမိသိဖို့ဗျယ်...မောင်းက ကောင်းကောင်းပျော်နီ"

အောင်ဦးသာက ဘာစကားမှ မတုန့်ပြန်ဘဲ ထိုသူကို ကျော်ခိုင်း

လိုက်ပြီး ကွေ့ရှောင်လှည့်ထွက်လာပါသော်လည်း ရခိုင်လို ဆက်ပြော

ပြန်သည်။

"ဆီးရုံကိုလား ကရိုနီ"

ရွှေဝတ်ရည်သည် သူတို့၏စကားကို နားမလည်ပါသော်လည်း

အမိ(အမေ)ဆိုသော စကားနှင့် ဆီးရုံ(ဆေးရုံ)ဆိုသော စကားကို

မှန်းဆမိလာပါ၍...

"အို...မောင်လေး မေမေ ဆေးရုံတင်ထားရတယ်လား...

ဟုတ်လားဟင်"

"ဟုတ်ပါတယ် မမ"

"အို... ဘာဖြစ်လို့လဲ"

"အစုံပါပဲ။ ဆီးချိုလည်းရှိတယ်၊ သွေးတိုးရော၊ နှလုံး

"ဟာ... မောင်က သိပ်ဆိုးတယ်ကွာ။ မြန်မြန်

ဆရာဝန်ပဲဟာ ကြည့်ပေးရမှာပေါ့။ မေမေက ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးသာ ဘာမှ မဖြေနိုင်။ မျက်နှာ မပျက်မိအောင်သာ ထိန်းထားရသည်။

"သည်းဟာလေ... တကယ်ပဲ။ သိပ်ဆိုးတယ်။ ဆေးရုံတင် လောက်အောင် မဖြစ်ခင်ကတည်းက မမကို အိမ်ခေါ်သွား ပြီးရော ကြိုပြီး ကုသလို့ ရတာပေါ့"

ဖက်ထားသော အောင်ဦးသာ၏ လက်များ အေးစက်လာ သည်။ ခံစားမှုရှိန် ပျံ့နှံ့လာကြောင်း ရွှေဝတ်ရည် စတင်သတိထားမိ ခဲ့ရပါပြီ။

သျှစ်သောင်းဘုရားနှင့် သူတို့အိမ်နေရာ ညောင်ပင်ဈေးနှင့်က မဝေးလှ။ 'ဟာရီတောင်'ခြေမှ ကွေ့ပတ်ဖြတ်လာသဖြင့် မကြာမြင့်မီ မှာပင် အိမ်သို့ ရောက်ခဲ့ကြသည်။

"မြောက်ဦးဆေးရုံက 'ဒေါက်တာမိုးဝေ'ဟာလည်း မမ မိတ်ဆွေပဲ။ မမပါ လိုက်ကြည့်မယ်လေ...နော်"

ရွှေဝတ်ရည်ကို ကုလားထိုင်ပေါ်မှာ ထိုင်စေပြီး လက်တန်း နှစ်ဖက်ကို လက်ဖြင့်ထောက်၍ ချစ်ဇနီး၏ မျက်နှာကို ငုံ့၍ အနီးကပ် ကြည့်လျက်...

"မောင်ပဲ သွားကြည့်လိုက်ပါ့မယ်။ ချက်ချင်း ပြန်လာခဲ့မယ် နော်"

"အို...ဘာလို့ ချက်ချင်း ပြန်လာရမှာလဲ။ ဆေးရုံမှာတောင် စောင့်အိပ်တန် အိပ်ရမှာပေါ့။ သည်းက တစ်ဦးတည်းသောသားလေး ပဲဟာ"





အောင်ဦးသာက ခေါင်းညိတ်ပြသည်။ မျက်နှာက မကောင်း။

"မမ လိုက်ကြည့်မယ်နော် မောင်"

"မမရယ်..."

ဘုရားပွဲမှအပြန်မို့ ကပိုကရို ဖြစ်နေသော ဆံယဉ်စလေးများကို နဖူးပြင်ပေါ်မှ သပ်တင်ပေးလိုက်ပြီး...

"မမ လိုက်လို့မဖြစ်လို့ပါ။ ဘာပဲဖြစ်ဖြစ် မောင် ချက်ချင်း ပြန်လာခဲ့မယ်။ မောင် သွားမယ်နော်"

အောင်ဦးသာ မျက်ရည်ဝဲလာသည်။

အချိန်မီ ခေါင်းငုံ့ပြီး လှည့်ထွက်သွားပါလျက်နှင့် ရွှေဝတ်ရည် မြင်လိုက်ရပါပြီ။ အိမ်ရှေ့အိမ်မှ ဘိုင်စကယ်ကို ငှားယူ၍ ဆေးရုံရှိရာ နန်းရာကုန်းဘက်သို့ အမြန်နင်းသွားသည်။

"မမလိုက်လို့ မဖြစ်လို့ပါ"

"မမလိုက်လို့ မဖြစ်လို့ပါ"

ဆိုသော စကားသံများက ရွှေဝတ်ရည်၏ အထီးကျန် ဝန်းကျင် ထဲ ပဲ့တင်ထပ်နေသည်။

လက်ထပ်ပြီးသည့်နေ့မှစ၍ ယခု နှစ်လကျော် ကြာသည့်တိုင် သောက္ခမမှအစ အောင်ဦးသာ၏ ဆွေမျိုးများနှင့် တစ်ခါမျှ ရောနှောခွင့် မရခဲ့။

"ဟောဒီ မမ အသည်းလေးဟာလေ တကယ်ပဲ အရာရာမှာ သည်းကို သည်းတယ်။ မောင်တို့ အိမ်လိုက်ခဲ့ပါရစေ။ မသွားနိုင် လူကြီးတွေကို မလေးစားရာ ရောက်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်ထီ ချစ်ရတဲ့ အချိန်လေးထဲက ဘယ်သူမှ ဖွဲ့မဆေး ပါရစေနဲ့ မိန်းမရယ်၊ အသာနေစမ်းပါ"

အရှမ်းများ ယက်ဖောက်ပြီး ကြည်နူးမှု ခြုံလွှာလေးဖြင့် နွေးထွေး စေခဲ့စဉ်က အမှန်ပင် ထင်ခဲ့မိသည်။

ဆေးခန်းကိစ္စပြီးပြန်တော့ အိမ်တွင် သူနှင့် ရောရောထွေးထွေး နေ့ထိုင်ရင်းဖြင့် 'ရင်သိမ့်မှုကမ္ဘာလေး'မှ မထွက်ဖြစ်၊ လက်ထပ်ပြီး ကာလုရပ်ရှိ စန္ဒရုပ်ရှင်ရုံတွင် တစ်ခါသာ ရုပ်ရှင်ကြည့်မိကြသည်။ အချိန် လိုသာ အိမ်ထဲမှာ နေဖြစ်ခဲ့ပါ၏။

အောင်ဦးသာ၏ မိဘနှင့် ဝန်းကျင်အားလုံးသည် မိမိတို့ အကျနပ်နှစ်ခြိုက်စွာ လက်ခံကြပါလိမ့်မည်ဟု ပုံသေနည်းဖြင့် ယူဆ ထားမိခဲ့ရာမှ...

ယနေ့အဖြစ်ကြောင့် မမျှော်မှန်းဝံ့သော အတွေးတစ်ရပ်သည် ဒေါက်တာရွှေဝတ်ရည်၏ ရင်တွင်းသို့ ချောက်ချားဖွယ်များနှင့် အတူ ဝင်ရောက်လာခဲ့ပါပြီတည်း။

"ဆန်စက်ပိုင်ရှင် သူဌေးတို့ရဲ့ တစ်ဦးတည်းသော သူတို့ သားလေး...ကို...

ငါနဲ့မျှား သဘောမတူကြလို့လား..."

◆ ◆ ◆



## အခန်း ॥ ၁၉ ॥

"ဟာဗျာ... မမကလည်း၊ မဟုတ်ပါဘူးဆိုမှ၊ ဘာလို့ မျက်နှာ ပျက်နေရတာလဲ"

"မမကို အမှန်အတိုင်း ပြောပြစမ်းပါ"

"ဒီလောက်လှပြီး၊ ဒီလောက် ပညာတွေတတ်တဲ့ ဆရာဝန်မကို သဘောမတူဘဲ ရှိကြပါ့မလား မမရာ။ နာချင်းနာရင် မမဘက်က အများကြီး နစ်နာတာပါ။ ကျွန်တော်က သူညအဆင့် ရှိတဲ့ကောင်ပါ"

"မမရဲ့ အိမ်ထောင်ရေးကို ဂုဏ်ငွေပေတံနဲ့တိုင်းပြီး မရွေးဘူး၊ အသည်းနှလုံးနဲ့ ရွေးခဲ့တာပါ"

"မောင် သိပါတယ် အချစ်ရယ်"

"အစတုန်းကတော့ မေတ္တာရေကြည် ဝတ်နေတဲ့ နွေလွှင်ပြင်မှာ မောင့်အကြင်နာစမ်းကို တွေ့ရတော့ ကြည်နူးစွာ ခံယူသောက်သုံး မယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ ခုတော့..."

"ခုတော့ ဘာဖြစ်သလဲဟင် မမ"



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ မောင့်မေတ္တာကို ခံယူရုံသက်သက် မဟုတ်တော့ဘူး။ မမလည်း မောင့်ကို ချစ်လာပြီ။ ရင်ထဲမှာ နှစ်နှစ်ကာကာ ရှူးရှူးမြဲမြဲနဲ့ကို ချစ်လာမိတဲ့ မမရဲ့ သည်းလေးရယ်"

အောင်ဦးသာမှာ ရွှေဝတ်ရည်ကို ပွေ့ယူလိုက်သည်။ ရင်ခွင်တွင်းရောက် အလှဆုံး မျက်နှာလေးကို အကြင်နာဆုံး အကြည့်များနှင့် ငုံ့ကြည့်နေသည်။

"သဲ"

"မမ"

"သည်းလေးရဲ့ မိဘတွေက မမနဲ့ သဘောမတူဘူး မဟုတ်လားဟင်၊ မမလည်း ခုမှ စဉ်းစားမိလာတယ်။ မမ အမှန်အတိုင်း သိပါရစေ"

"မဟုတ်ပါဘူး မမရာ၊ ဘာပဲဖြစ်ဖြစ်၊ မောင်နဲ့ မောင်သိပ်ချစ်တဲ့ မမဟာ လက်ထပ်ပြီးကြပြီ။ အချစ်ဆုံး လင်နဲ့မယားအဖြစ်တစ်အိုးတစ်အိမ် တည်ထောင်နေခဲ့ကြပြီပဲဗျာ"

နွမ်းနေသော ရွှေဝတ်ရည်၏ သံသယ မျက်နှာလေးကို မေးစေ့မှ မော့ယူလိုက်သည်။ ထိလိုက်လျှင် ကြွေသွားတော့မလို အိတွေးနေသော ပန်းနုရောင် ပါးပြင်လေးကို အကြင်နာဆုံးဖြင့် အညင်သာဆုံး နမ်းရှိုက်လိုက်သည်။

"ဒါနဲ့ မမ စိတ်မချမ်းသာမယ့် အလုပ်ကို ဘာမှ မလုပ်ဘူးဆို"

"တစ်သက်တာအတွက် ကတိပေးထားတယ်၊ သန္နိဋ္ဌာန်ချထားတယ်။ ဆုံးဖြတ်ထားတယ်ဆိုတာ ပြောပြီးပြီပဲ"





သူ၏ မာန်ပြည့်သော သစ္စာစကားကို ရွှေဝတ်ရည် ယုံကြည်ပါသည်။

"မမ အမှန်အတိုင်း မသိရရင် စိတ်မချမ်းသာဘူးကွယ်"

အောင်ဦးသာမှာ ရွှေဝတ်ရည်ကို မြှောက်တင်လိုက်ပြီး သူ့ပါးပြင်ကို ရွှေဝတ်ရည်၏ နဖူးပေါ်တွင် ကပ်တင်ထားလိုက်သည်။

အောင်ဦးသာမှာ မပြောရက်၊ ပြော၍လည်း မထွက်။ အချစ်ဆုံးသက်သာစွာ ခံစားရပါစေရန် စကားလုံးလေးများ ရွေးလိုက်ပြီးမှ...

"မမကို လက်ထပ်လိုက်တဲ့အတွက် အိမ်က မကျေမနပ် မဖြစ်ကြပါဘူး၊ ဒါပေမယ့်... မမနဲ့ မောင်နဲ့ မတွေ့ဆုံရခင် ငယ်စဉ်ထဲက မောင့်ကို ရခိုင်မလေး တစ်ယောက်နဲ့ ပေးစားဖို့ လူကြီးချင်း ပြောဆိုထားကြပြီးမို့..."

"ဟင်..."

"မိန်းကလေးဘက်ကို မျက်နှာပူတာပါတဲ့"

"မမက မြန်မာဖြစ်နေလို့လား"

"ဒီ... ဒီလိုလည်း မဟုတ်ပါဘူး"

"မမ စိတ်မကောင်းနိုင်တော့ဘူး"

"ဘာစိတ်မကောင်းစရာရှိလဲ မမရာ၊ မေမေတို့က မိန်းကလေးဘက်ကို မျက်နှာပူနေလို့ ဒီချွေးမကို သိပ်အရေးမပေးရဲတာပါ"

"မောင်"

"ဗျာ..."

"အဲဒီ မိန်းကလေးကို မောင်ချစ်သလား။ ဒါမှမဟုတ် သူက

www.burmeseclassic.com



မောင့်ကို ချစ်နေပြီးသား... မျှော်လင့်နေပြီးသားလားဟင်"

အောင်ဦးသာ မျက်နှာမပျက်အောင် မနည်းသတိထားရသည်။ စကားသံ မှန်အောင်လည်း အထူးဂရုစိုက်ပြီးမှ...

"မောင်တို့ချင်း မြင်တောင် မမြင်ဖူးကြသေးဘူး"

"အို... တကယ်"

"တကယ်ပါ၊ သူက ဒီမြို့ကမှ မဟုတ်ဘဲ၊ တောကပါ၊ မောင် ဘွဲ့ရပြီးမှ လက်ထပ်ပေးဖို့ ပြောဆိုထားတာပါ။ ဟိုမိန်းကလေး ကလည်း မောင့်ကို ဘယ်လိုလုပ် ချစ်မှာလဲ။ မြင်မှ မမြင်ဘူးကြတာ"

"တကယ်လားကွယ်"

"တကယ်ပါ၊ မောင် မညာပါဘူး"

မညာပါဘူးဆိုသော စကားဖြင့် ဖြောင်ညာလိုက်ရခြင်းပါ။

"အောင်ဦးသာသည် အလုံးစုံကို သိရှိခဲ့ပြီးလေပြီ"

နှမြခိုင်တစ်ယောက် ကျောက်တော်သို့ ထွက်သွားရခြင်းမှာ သူတို့ကြောင့်ပါဟု ရွှေ့ကို ဘယ်နည်းနှင့်မှ အသိမခံနိုင်ပါ။

ချစ်ဇနီး ရင်မမ်းရမည့် အဖြစ်ကို ရှောင်ရှားနိုင်ရန်အတွက် လိမ်ညာရပါမည်။ မုသားစကားကို ရဲရဲဆိုဝံ့ပါသည်။ အို...ရွှေ့အတွက် ဘာမဆို... လုပ်ဆောင်ရဲသည်။ စွန့်လွှတ်ရဲသည်။

သူချစ်ခဲ့ခင်ခဲ့ ဆိုးနွဲ့ခဲ့ဖူးသော ငယ်ကကျွမ်းရသည့် မခိုင်၏ အဖြစ်ကိုဖြင့် စာနာသနားမိသည် အမှန်ပါ။

မခိုင်သည် မိမိပေါ်တွင် မျှော်လင့်ခြင်းဖြင့် ချစ်ခင်စောင့်စား နေခဲ့ ရှာသည်။ မိမိက ရွှေ့ကို ချက်ချင်းကြီး ကောက်ယူလိုက်သဖြင့် နာကြင်





ကြေကွဲစိတ်၊ ရှက်ရွံ့စိတ်တို့ဖြင့် ကျောက်တော်သို့ ထွက်သွားရရှာပြီ ဖြစ်ကြောင်း။

အပေါင်းအသင်းများမှတစ်ဆင့် ရွှေနှင့် လက်ထပ်ပြီးမှ သိရှိခဲ့ရ ခြင်းပါ။

မခိုင်ကို သနားမိပါသည်။ ချစ်ခင်တွယ်တာစိတ်လည်း ရှိပါ သည်။

သို့သော်... ချစ်သူလို့မဟုတ်ပါ။ ရွှေ့ကိုချစ်ရသော အချစ်မျိုးနှင့် တစ်ခြားစီပါ။

အစ်မရင်းတစ်ယောက်လို သွေးသားလို ချစ်ခင်ပုံမျိုးထက် မပို ပါ။

ဤလောကတွင် ရွှေ့ထက်ပို၍ ချစ်မြတ်နိုးရမည့် မိန်းမမျိုး မရှိနိုင်ပါ။ တစ်သက်တာ ရှာတွေ့တော့မည်မဟုတ်ပါ။ အစားထိုးမရ သော မြတ်နိုးမှုမေတ္တာနှင့် နှစ်နှစ်ကာကာ ချစ်ခဲ့မိသည်မှာလည်း တစ်ဦး တည်းသော ဤချစ်ဇနီးပါ...

"အသည်းလေးရယ်... ဘာတွေစဉ်းစားနေတာလဲ"

"မမကိုယ်စား... အစားထိုးစရာ မောင့်အတွက် ဘယ်သော အခါမှ မရှိနိုင်ဘူးဆိုတဲ့ အကြောင်းပါ"

"မမ စိတ်မကောင်းဘူး"

"မမ စိတ်မကောင်းဘူးဆိုပြီး ဟောဒီလို မျက်နှာလေး ပျက်နေ ရင် ဒီကကောင်က ငိုချင်လာတယ်။ မမစိတ်မကောင်းဘူး ဆိုတာ မကြားရက်ဘူး။ စိတ်ညစ်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့် သော်ကရောင် မျက်နှာကိုဖြင့် မမြင်ရ၍ မည်သို့ရှိသည် မသိ။ ချစ်သည်းလေး၏ မျက်နှာနွမ်းနွမ်းကို မြင်ရလေမှ ရွှေဝတ်ရည် သတိရတော့သည်။

ကိုယ့်မျက်နှာပျက်မှုကို သူမကြည့်ရက်သလို သူ့မျက်နှာလေး နွမ်းနေသည်ကိုလည်း ပြန်လည်လန်းလာစေလိုပါသည်။

"မောင့်ကို မမ နှစ်ခုပဲမေးမယ်"

အောင်ဦးသာ၏ လည်တိုင်ကို ဖက်ခိုလျက်...

"သည်းလေး မိဘတွေက မမနဲ့ သဘောတူလား။ မတူ ဘူးလား"

"တူပါတယ်"

"လူကြီးချင်း စေ့စပ်ထား..."

"ဟာ...စေ့စပ်တာမဟုတ်ပါဘူး မမရ"

"ကဲ... ထားပါတော့၊ လူကြီးချင်း ပြောဆိုထားကြတဲ့ ရှိုင်း မလေးကို မောင် မမြင်ဖူးဘူးဆိုတာ တကယ်လား။ မချစ်ဘူးဆိုတာ အဟုတ်လား"

"တကယ်... တကယ်ပါဗျာ"

မလိမ်ညာတတ်သော အောင်ဦးသာမှာ တိတိကျကျကြီး လိမ်ရ ညာရပါ၍ အချစ်ဆုံးမမ မရိပ်မိပါစေရန် အစွမ်းကုန် သတိထား၍ ဖြေရပါ၏။

"မမ ယုံမယ်နော်"

"ယုံပါ... ယုံပြီးရင်လည်း မျက်နှာလေးမညိုးနဲ့တော့ မမရယ်"





ရွှေဝတ်ရည်ပြုံးမိသည်။

သူ့စိတ်ကျေနပ်ပါစေရန် ပြုံးပြရခြင်းမျိုးမဟုတ်ပါ...

ရင်မှာ တင်ရှိနေသော သံသယ အစိုင်အခဲများကို လွှင့်ပြယ်စေခဲ့သော အသည်းလေး၏ အဖြေကြောင့်၊ ပြီးတော့... ချစ်ခင်ပွန်း၏ ကြင်နာလွန်းသော ဂရုဏာတရားကို ရရှိခံစားရခြင်းကြောင့်...

ရွှေဝတ်ရည်... ရင်သိမ့်ကြည်နူးစွာ ပြုံးမိခြင်းပါတည်း။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၀ ။

ဟာရီတောင်…သည် ရွှေဝတ်ရည်တို့အိမ်နှင့် အနီးလေးပါ…

ညနေဘက်များတွင် လက်တွဲလျက် တက်လေ့ရှိကြသည်။ ယနေ့ဖြင့် ဆေးတိုက်ပိတ်ရက်လည်းဖြစ် အောင်ဦးသာလည်း သူ့ဘုတ်(မော်တော်)အပေါက်ဝရွာမှ ဖြန့်ရောက်မည်ဆို၍ ငွေသိမ်းရန် အလုပ်ကိစ္စနှင့် ထွက်သွားသဖြင့် ရွှေဝတ်ရည် တစ်ယောက်တည်း ဟာရီတောင်ပေါ်သို့ တက်လာခဲ့သည်။

ဟာရီတောင်မှာ… မြေပြန့်အလယ်တွင် ပုံ့ပုံ့ကြီး တည်ရှိနေသော တောင်ကုန်းလေးတစ်ခုပါ၊ အတော်မြင့်၍ တစ်မြို့လုံးလိုလို၏ ရှုခင်းကို အပေါ်စီးမှ လှပစွာ မြင်နေရသည်။

မြောက်ဦးမြို့တွင် လမ်းမကြီးများမှလွဲ၍ ရပ်ကွက်များကြားမှ လမ်းသွယ်လေးများမှာ ကွေ့ကွေ့ဝိုက်ဝိုက် ရှိနေကြသည်။ အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်လေးများကို အပေါ်စီးမှ ကြည့်ရသည်မှာ ချမ်းမြေ့ကြည်နူးစရာပါ။





"ဟယ်…ကြည့်စမ်း။ ဖြည်းဖြည်းများ တက်ခဲ့ရှေ့ပေါ့ မောင်ရယ်။ မောနေတော့မှာပဲ"

တောင်စောင်းကို ထွင်းထစ်ထားသော မြေသားပြင့် လှေကားအတိုင်း အပြေးတက်လာသဖြင့် ရွှေဝတ်ရည် လှမ်းပြောလိုက်မိသည်။

"ဘာလို့ တစ်ယောက်တည်း တက်လာတာလဲ"

"ပျင်းလို့ပေါ့၊ သူကဖြင့် ဘယ်အချိန် ပြန်လာမယ်မှန်းမှ မသိတာ"

"ဟုတ်တယ်…သူ့ယောက်ျားက တစ်နေကုန် သွားနေကျ၊ လည်နေကျကို…"

သူ ရွဲ့ပြောလိုက်သည့် မျက်နှာလေးကို ရွှေဝတ်ရည် အသည်းခိုက်အောင် ချစ်သွားမိသည်။ အောင်ဦးသာမှာ သူ့အလုပ်ကိစ္စတစ်ခုမှလွဲ၍ ရွှေဝတ်ရည်နားမှာ အမြဲကပ်လျက်ရှိသူပါ။

"မမအကြိုက် ပုံစွန်ထုပ်ကြီးတွေ ဝယ်လာတယ်။ မောင်ကိုယ်တိုင် ချက်ကျွေးမလို့၊ အိမ်လည်းရောက်ရော မရှိဘူးဆိုလို့ ပြေးလိုက်လာရတာဗျ။ ဘုရားသွားတူတူ၊ ကျောင်းသွားတူတူလို့ ဆိုတယ် မဟုတ်လား။ တစ်ယောက်တည်း လာချင်ဦး"

"ဟိတ်… ဖယ်ကွယ်… ဘုရားပေါ်မှာ…"

အာဏာသံလိုလိုနှင့် ပခုံးနှစ်ဘက်ကို ကိုင်ညှစ်ပြီး အနီးကပ်ပြောလာ၍ ရွှေဝတ်ရည် ရှန်းလိုက်ရသည်။

"မမလေ… ဘုရားရှိခိုးပြီး မောင့်မေမေ ကျန်းမာပါစေ၊ မောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာမှုရအောင် ယောက္ခမတွေနဲ့ စည်းစည်းလုံးလုံး နေရ စေ...လို့ နိပ် ဘုရားရှိခိုးပြီး ဆုတောင်းလိုက်တယ်သိလား"

"မမရယ်..."

အောင်ဦးသာ သက်ပြင်းချမိသည်။ နှုတ်ခိုင်ကို ချစ်သနားနေ သည်နှင့်အမျှ ရွှေဝတ်ရည်ကို လက်ခံနိုင်ကြလိမ့်မည်မဟုတ်ကြောင်း အောင်ဦးသာ သိပါသည်။ အရိုး ဒေါ်စိန်နုကိုလည်း မေမေမှာ အား လွန်းနေရှာသူပါ။ ဘာမှ မသိရှာသော ရွှေဝတ်ရည်က...

"ပြန်ကြမလား ဟင်..."

"မမဆန္ဒဟာ မောင့်ဆန္ဒဆိုတာ သိရက်နဲ့ ဘာလို့ မေးမေးနေ တာလဲ။ ပြန်မယ်ဆိုရင် လိုက်မယ်...၊ နေမယ်ဆိုရင် နေမယ်"

ရွှေဝတ်ရည်မှာ အောင်ဦးသာ၏ မျက်နှာကို ချစ်မြတ်နိုးခြင်း များစွာဖြင့် ပြုံး၍ကြည့်လိုက်မိသည်။

"မောင်ရယ်... ကိုယ့်ကို ဒီလောက်ချစ်မြတ်နိုးတဲ့ခင်ပွန်းသည် တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတာ မမ သိပ်ကံကောင်းတာပဲ၊ နေ ထိုင်ရတာလည်း သိပ်ပြီး ကြည်နူးချမ်းမြေ့စရာကောင်းတယ်နော် အချစ်ရေ... မမလေ ဟောဒီ မြောက်ဦးမြို့တော်ဟောင်းမှာ နေရတာ လည်း သိပ်ပျော်တာပဲ...။

"ဒါကြောင့် မောင်နဲ့လည်း ဘယ်တော့မှ မခွဲဘူး၊ မြောက်ဦး ကလည်း ဘယ်တော့မှ မပြန်ဘူး၊ ရန်ကုန်ကို မမ မပြန်ချင်ဘူး ဒီမြေမှာပဲ အခြေချပြီး မောင့်ရဲ့မြတ်နိုးယုယမှုကို သက်ဆုံးတိုင် မမခံယူမယ်နော်"





ကိုယ့်ထက်ငယ်သည် ဆိုသော်လည်း အရာတိုင်း၏ရှေ့မှာ အဆီးရပ်ကွယ်ပေးနိုင်စွမ်းရှိသော၊ ကိစ္စတိုင်းကို စွမ်းဆောင်ဖြေရှင်း ပေးနိုင်သော ခင်ပွန်းသည်ကို အားကိုးစိတ်နှင့်လည်း တွယ်တာရပါပြီ။ တောင့်တင်း သန်မာသော ချစ်သူ၏ လက်မောင်းကို ဖက်တွယ်ခို ကပ်လျက် ဆင်းသက်လာရသော အားအင်နှင့် ယှဉ်သာခိုင်နှိုင်းစရာ အရာ ဤလောကတွင် မရှိပါချေ။

အိမ်တွင် ပုစွန်များ၊ ငါးများ၊ အသီးနှံများ၏ အလယ်တွင် ဒေါ်အိမ်စိုး အလုပ်ရှုပ်နေသည်။ တစ်မျိုးမကြိုက်လျှင် တစ်မျိုးနှင့် အားကောင်းပါစေရန်ဟူသော အောင်ဦးသာ၏ စီမံချက်အတိုင်း ဒေါ်အိမ့်စိုး ချက်ရရှာပေမည်။

အောင်ဦးသာသည် ဟင်းလည်းချက်တတ်သည်။ သူ မတတ် ကျွမ်းသည့်အရာ မရှိသလောက်ပါ။ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကိုယ်ခန္ဓာ တောင့်တင်းမှု အားကစားလည်းလုပ်သည်။ မိန်းမစားဖို့ လည်း ကိုယ်တိုင် ချက်ကျွေးနေသည်ကို သူ့သူငယ်ချင်းများက တစ်ခါတစ်ရံ လှောင်သံကြားရသော်လည်း အရေးအကြီးဆုံးမှာ ရွှေပါ ဟု သူ ကြေညာထားပြီးလေပြီ။

"ကြည့်စမ်း...မမ၊ ပုစွန်ကြီးတွေ ဘယ်လောက် လတ်လဲ၊ တသိုက်မှ လေးကျပ်ဗျ"

ကြည်စိမ်းနေသော ပုစွန်ထုပ်ကြီးကို ကိုင်မြှောက်ပြပြီး အားပါး တရ ပြောလိုက်သည်။ ရွှေ့အကြိုက် သံပုရာရည်နိုင်နိုင်နှင့် သုပ်ပေးမည်



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ပြောသေးသည်။ ပုစွန်လက်တံများကို သူကိုယ်တိုင် ဖွဲ့ချွေနေပါ၏။

မြောက်ဦးတွင် အစားအသောက် အလွန်ပေါပါ၏။ ဝက် တစ်ပိဿာခန့်ကို တစ်ဆယ်၊ အမဲ ကိုးကျပ်နှင့် ကြက်ကြီးတစ်ကောင်မှ တစ်ဆယ်လောက် ပေးရပါ၏။

အချိန်ကိုမူ ပိဿာနှင့် မရောင်းကြပါ၊ 'သိုက်'နှင့် ချိန်တွယ်သည်။ 'တစ်ပိဿာ'တွင် နှစ်သိုက်ခွဲ ရှိပါ၍ ပုစွန်ဈေးသည် တစ်ပိဿာ တစ်ဆယ်ဈေးဖြစ်ပါ၏။ အသီးအနှံများလည်း ပေါသည်။ ခရမ်းသီး တစ်ပိဿာပုံလောက်မှ တစ်ကျပ်မျှ ကျပါ၏။ ရွှေဝတ်ရည်၏ လခနှင့် အောင်ဦးသာ၏ မော်တော်ပြေးဆွဲသော ဝင်ငွေတို့မှာ သူတို့လင်မယား အတွက် စားမကုန် သောက်မခမ်းသော ချစ်နတ်ဘုံနတ်နန်းလေးပါ။

"ဒီနေ့ မမတို့ ဆေးခန်းရဲ့ အစည်းဝေးလေ…။ ဘာလိုလိုနဲ့ မမ ရောက်တာတောင် တစ်နှစ်ကျော် ရှိသွားပြီနော်။ နေ့ခင်းကျ မောင်လည်း လိုက်မှာလား"

"လိုက်မှာပေါ့ဗျ…၊ ဒီကောင်ကလည်း ဆေးခန်းစာရေးကြီး ပဲဟာ…"

ကြည်လင်နေသော ရင်ဖြင့် ရွှင်ရွှင်သောသောလေး ရယ်မောမိသည်။

"မမ အိမ်ရှေ့မှာ သွားနေလေ"

"ဘာလုပ်ဖို့လဲ"





"ဩော်… ဒီမှာ နံကုန်မှာစိုးလို့။ ပြီးတော့ စားဖိုမှူးနားမှာလည်း လာရှုပ်မနေနဲ့လေ… အလုပ်ပျက်တယ်ဗျ။ သူလည်း ဘာမှ မလုပ်တတ်ဘဲနဲ့…"

"မလုပ်တတ်ပေမယ့် ကိုယ့်ယောက်ျားက မီးဖိုချောင်ထဲမှာ ရှိနေတာ… ဒီက အိမ်ရှေ့မှာ ဖိမ်နဲ့သွားနေရက်ပါ့မလား ရှင့်"

ရွှေဝတ်ရည်၏ မျက်စောင်းလေးကို မချင့်မရဲနှင့် ကြည့်လိုက်ပြီး…

"ကဲ ဒေါ်အိမ်စိုး… အိမ်ရှေ့သွားနေတော့ဗျာ"

ဒေါ်အိမ်စိုးက လက်ပင် မဆေးတော့ဘဲ ထွက်သွားတော့သည်။ အဖြစ်သည်းလွန်းသော သည်လင်မယားကြားမှ လွတ်မြောက်ခွင့် ရသွားသည့်အတွက် သူ အနေချောင်သွားပုံရပါ၏။

အောင်ဦးသာက…

"လာခဲ့ဦး ဒီနားကို…"

"မလာဘူး"

အမှုန့်ကြေမတတ် ဖက်ညှစ်ပစ်တော့မလို ကြည့်နေလိုက်ပြီးမှ အောင်ဦးသာက…

"လာမလား…လာခေါ်ရမလား ပြော။ နောက်မှ ကြောက်ပါပြီ မအော်ကြေး"

ရွှေဝတ်ရည်မှာ အားပါးတရ ရယ်မောလျက် ပုစွန်ဆေးရင်း ကြမ်းပြင်တွင် ထိုင်နေသော အောင်ဦးသာ၏ နောက်ကျောပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



တအားပြေးဖက်ပြီး ရုတ်တရက် ထိုင်ချလိုက်သဖြင့်...

တောင့်မထားမိသော အောင်ဦးသာမှာ မဟန်နိုင်တော့။ နှစ်ယောက်သား ဖက်တွယ်လျက် တိမ်းစောင်းသွားသဖြင့် ပုစွန်စိမ်ထားသော ရေပုံးကြီးက သူတို့ဘက်သို့ လဲမှောက်ကျလာသည်။

ပုစွန်ညှီပါသောရေများ စိုရွှဲပေလူးကုန်ကြသော ချစ်သူနှစ်ဦးမှာ စိတ်မညစ်ကြ၊ ဒေါသမဖြစ်ကြပါဘဲနှင့်...

အကြည်နူးဆုံး၊ အရွှင်မြူးဆုံးသော ရယ်သံ လွင်လွင်လေးများသည်သာ မီးဖိုချောင်အတွင်းမှာ ကြာမြင့်စွာ ပျံ့လွင့်လျက်...

◆ ◆ ◆



**အခန်း ။ ၂၁ ။**

သ/မ အသင်း၏ အစည်းဝေးသာ ဆိုသည်၊ လူလည်းမရှိ။ အသင်းအမှုဆောင်လူကြီး လေးဦးသာရှိနေကြသည်။

ရွှေဝတ်ရည်ကဖြင့် ဘာမှ မသိရှာ။

အောင်ဦးသာက ရိပ်မိစပြုလေပြီ။

"ကဲ...အောင်ဦးသာ၊ စာရင်းတွေညှိဖို့ မင်းက ဟိုဘက်ခန်းသွား။ ကိုရွှေဇံမောင်တို့နဲ့ ဆွေးနွေး"

ဦးလွန်းလှဦးက စီစဉ်ပေးလိုက်သဖြင့် သူ၏ရှေ့နားမှ အောင်ဦးသာ ထ၍လာခဲ့ရသည်။ မကြားသာ မမြင်သာသော တဘက်ခန်းတွင် ကိုရွှေဇံမောင်၏ ရှင်းလင်းတင်ပြချက်ကို အောင်ဦးသာ ကြားနာရပါလေပြီ။

"ဒေါက်တာရွှေဝတ်ရည်ဟာ ဆရာဝန်ကောင်းတစ်ယောက်ပါ။ တို့ဆေးခန်းကလွဲပြီး အိမ်မှာတောင် သီးသန့် ငွေမရှာဘူး။ တကယ့်စေတနာဆရာဝန်ဆိုတာ တို့တစ်မြို့လုံးက နားလည်လက်ခံပါတယ် အောင်ဦးသာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း မျက်နှာပျက်နေကြသည်မို့ ဆိုလိုရင်းကို သိချင်ဇောနှင့် ကိုရွှေခံမောင်ကို ကြည့်လိုက်ပြီးမှ...

"ကျွန်တော့်မိန်းမကို ဒီလောက်ညှန်းနေတာ ဘာအကြောင်းရှိလို့လဲ"

"အေး... မင်း ပထမဆုံး နားလည်ထားစေချင်တာက တို့ဟာ ဒေါက်တာရွှေဝတ်ရည်ကို အားလုံးက ချစ်ခင်လေးစားကြပါတယ် ဆိုတာကိုပဲ"

"ဟုတ်ပါပြီ"

"ဒါပေမယ့် သူ့ကို ဒီ သ/မ ဆေးခန်းမှာ ဆက်ပြီး ခန့်လို့ မဖြစ်တော့ဘူးကွာ"

"ဗျာ"

"စာချုပ်ထားတဲ့ တစ်နှစ်လည်း စေ့ခဲ့ပြီးပြီမို့..."

"နေပါဦး၊ မမကို အားလုံးက သဘောကျပါရက်နဲ့ ဘာလို့ ဆက်မခန့်နိုင်ရတာလဲ ကိုရွှေခံမောင်ရဲ့"

မခံချင်သံနှင့် မေးမိ၍ ရရှိသောအဖြေက...

"ပြောရရင်တော့ မင်းကြောင့်ပဲ အောင်ဦးသာ"

"ဘာ"

"မင်းကြောင့်"

"ကျွန်တော်က ဘာလုပ်နေလို့လဲ"

"ရွှေဝတ်ရည်ကို ယူတာယ်လေ"

"အို... ကျွန်တော့်မိန်းမမို့ မခန့်နိုင်ဘူး။ ဒီလိုကြေးလားဗျ"





"ငါပြောတာ သေသေချာချာ နားထောင်ပါ အောင်ဦးသာ။ ဒေါ်ကျက်ရိုးဖြူဟာ မင်း ရွှေဝတ်ရည်ကို ယူတာနဲ့ မသေရုံတမယ် ကျန်တော့တယ်ဆိုတာ မင်းအသိပဲ"

"မြန်မာကိုယူလို့... အတိတ်နှမ်းရှိခဲ့တဲ့ ဆရာဝန်မမို့၊ အတွင်းသိ အဆင်းသိမဟုတ်လို့ ဆိုတဲ့ သိမ်နုပ်တဲ့ အတွေးမျိုးတွေ မရှိရှာပါဘူး အောင်ဦးသာ၊ နဂိုက ရောဂါရှိနေတဲ့ ဒေါ်ကျက်ရိုးဖြူ ခုလောက် ခံစားနေရတာ နုမြခိုင်ကြောင့် သိရဲ့လား"

"ဗျာ"

"သူက စကားလွန်ထားတယ်၊ ဒေါ်စိန်နုနဲ့ကလည်း သူငယ်ချင်းတွေ၊ အခု မိန်းကလေးရှင်မှာ မျက်နှာမပြရဲလောက်အောင် ဖြစ်နေရတော့ ဒေါ်ကျက်ရိုးဖြူမှာ မျက်နှာပူလွန်း၊ အားနာလွန်းရှာရာက ခံစားမှု ပြင်းထန်တာကို မခံနိုင်တဲ့ နှလုံးရောဂါသည်ဆိုတော့ ဆေးရုံတက်ရတဲ့ အထိဖြစ်တာ မင်းအသိ"

"ဟင်း"

"ပြီးတော့ ဘွဲ့ရပြီး အိမ်ပြန်လာစ နုမြခိုင်ဟာလည်း ဒီမြို့ကကို ကျောင်းပြေးနေရရှာတဲ့ အဖြစ်မှာ တကယ်ရင်နာစရာပါ... အောင်ဦးသာ"

"ကျွန်တော် မခိုင်ကို သိပ်ခင်ပါတယ်။ သနားလည်း သနားခဲ့တယ်။ ဒါပေမယ့် ဒီကိစ္စတွေက ကျွန်တော်နဲ့ မဆိုင်ခဲ့ပါဘူး ကိုရွှေခံ။ ကျွန်တော် မမကိုယူပြီးမှ မခိုင်ထွက်သွားရတဲ့အကြောင်းကို သူငယ်ချင်း ...မရထွန်းက ပြောပြလို့ပါ"

"အေး... ဟုတ်တယ်။ ခု ဖြစ်ရတဲ့အဖြစ်က ဘယ်သူ့မှာမှ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိဘူး။ ကံကြမ္မာကိုပဲ ပုံချရမှာပဲကွာ”

အောင်ဦးသာရင်မှာ ရှုပ်ထွေးလာသည်။ တဒိတ်ဒိတ် ခုတ်တိုးနေသော နှလုံးသားတွင်းမှာ မိဘအတွက်၊ ချစ်ဇနီးအတွက် ခံစားမှုများစွာ ရောထွေးနေရသည်။

“ဒီတော့ အောင်ဦးသာ၊ ဒေါက်တာရွှေဝတ်ရည် ဒီမှာ ရှိနေသမျှ မင်းမိခင် ဒေါ်ကျက်ရှုံးဖြူလည်း ဒေါ်စိန်နု တို့ကို အားနာတာနဲ့ ချွေးမလေးကို မခေါ်ရဲ၊ မပြောရဲတဲ့ အဖြစ်နဲ့ နေနေကြရရင် ကြာတော့ မကောင်းလေပဲပေါ့”

“ဒေါက်တာရွှေဝတ်ရည်ခမျာလည်း ဘာမှ မသိသေးလို့ တော်သေးတယ်”

“သူ့ သူငယ်ချင်း နုမြခိုင်ရဲ့အဖြစ်ကို သူမသိခင် သူဒီမြေက ပြန်သွားနိုင်ခဲ့ရင် အကောင်းဆုံးပဲ အောင်ဦးသာ။ နုမြခိုင်လည်း သူ့အိမ်ကို ပြန်လာပါစေတော့လေ”

“ကိုရွှေဇံမောင် ဆိုလိုတာက မမကို အလုပ်ထုတ်ပြီး ဒီနယ်က ပြန်...”

“အို... မင်းစကား လမ်းလွှဲနေပြီ အောင်ဦးသာ၊ တို့စေတနာကို နားလည်စမ်းပါကွာ၊ ဒီကိစ္စတွေအားလုံး ပြေပြေလည်လည် ဖြစ်သွားနိုင်ဖို့ လူမှုရေးရှုထောင့်ကကြည့်ပြီး ဒေါက်တာရွှေဝတ်ရည်လို စေတနာဆရာဝန်မလေးကို တို့က လက်လွှတ်အဆုံးရှုံးခံပေးရမှာပါ အောင်ဦးသာ”

အောင်ဦးသာမှာ အံကို တင်းကြိတ်ပြီး ခေါင်းညိတ်လိုက်သည်။





“မမကို ပြန်ခိုင်းကြမယ်ပေါ့”

“ဒါက မင်းတို့အပိုင်းပါ။ အလုပ်လက်မဲ့နဲ့တော့ သူလည်း ဒီမှာနေမယ် မထင်ဘူးလေ”

“သူ ပြန်မယ်ဆိုရင် ကျွန်တော် လိုက်သွားမယ် ကိုရွှေဇံ၊ သူ ကျွန်တော့်ကိုချစ်လို့ ဒီမှာနေဖို့ ဆုံးဖြတ်ထားတာဗျ၊ နေခွင့် မရရင် ကျွန်တော်ကလည်း သူ့ကို ပြန်ချစ်ကြောင်း ပြမှာပဲ။ သူဘယ်ကိုပဲ ပြန်ပြန်၊ ကျွန်တော် လိုက်သွားမယ်”

“မင်းက ငယ်သေးတော့...”

ကိုရွှေဇံမောင်က စကားကို ရပ်လိုက်ပြီးမှ...

“မင်းတို့ အိမ်ထောင်ရေး ကိစ္စကိုတော့ တို့များဝင်ပြီး အကြံပေးခွင့် မရှိပါဘူး။ လူမှုရေးရှုထောင့်က ကြည့်ပြီး ဆောင်ရွက်ရတဲ့ တို့ရဲ့စေတနာကိုသာ နားလည်လက်ခံစေချင်တယ်”

“မမတော့ သိပ်ဝမ်းနည်းသွားမှာပဲဗျာ၊ သူ ဒီမှာနေတော့မယ်လို့ ဆုံးဖြတ်ထားရှာတာ”

“တစ်ခုတော့ရှိတယ်နော် အောင်ဦးသာ”

“ဘာလဲ ကိုရွှေဇံမောင်”

“မင်းနဲ့ သဘောတူပြီးသား မိန်းကလေးဟာ နုမြခိုင်ဆိုတဲ့ သူ့ သူငယ်ချင်းမှန်း ဒေါက်တာရွှေဝတ်ရည် မသိသေးတာ တော်သေးတယ်နော်”

“အင်း... ဟုတ်တယ်... ဟုတ်တယ်။ အဲဒါသာ မမသိသွားရင် မလွယ်ဘူး။ သူက မခိုင်ကို သိပ်ချစ်တာ။ မခိုင်ကြောင့် သူ ဒီလိုက်

www.burmeseclassic.com



လာတာ။ အခုတော့ သူ့ကို ပစ်သွားရက်တယ်လို့ ခနခန ပြောနေတာ"

"သိမျှား သိသွားရင်တော့ အခက်ပဲနော်၊ ငါပြောသလို ဖန်တီး ဖြစ်ပေါ်လာတဲ့ ကံကြမ္မာကိုပဲ အပြစ်ပုံချပေတော့ အောင်ဦးသာရေ ကဲ...ရှေ့ဆက်ဖို့တော့ မင်းတို့အပိုင်းပဲ။ ကြည့်သာ စီစဉ်ပေတော့ကွာ တို့များ စေတနာကိုသာ နားလည်ပါလို့ ထပ်ပြီး ပြောပါရစေ။ ဒါပဲ အောင်ဦးသာ"

◆ ◆ ◆

"မမ၊ အို... မမ ငိုနေတယ်"

အောင်ဦးသာ ပျာသွားမိသည်။ သူ့ရင်ခွင်သို့ ရောက်လာလေ ရွှေ တစ်ခါမှ မငိုဘူးခဲ့၊

"မမ ဒီလောက် လုပ်ပေးရက်နဲ့ မမကို အလုပ်ထုတ်ပစ်တာ သိပ်ဝမ်းနည်းတယ် သည်းရယ်"

ထုက္ကန့်သိမ် အသွားလမ်းတွင် ရွှေ ပထမဆုံး ငိုနေသည်ကို မြင်ခဲ့ရဖူးစဉ်က သူ့ရင်ပါ ရေပူစမ်း ကူးစက်ခဲ့သည်။ အဆုံးစွန်သော သနားခြင်းဖြင့် သနားခဲ့မိသည်။ ဤမိန်းမလှအတွက် ဘာမဆို စွမ်းဆောင်ပေးရဲသော၊ ပေးလိုသော ဆန္ဒမာန်များ တက်ကြွခဲ့မိသည်။

ယခု...

ပိုင်ဆိုင်ခြင်းဖြင့် ချစ်ခွင့်ရလာသောအခါတွင်ဖြင့် ဟိုစဉ်က ဖြစ်ခဲ့ ရသော ခံစားမှုများသည် အသေးအမွှားလေးများ ဖြစ်သွားခဲ့ရပါပြီ





"မမ ဘာလုပ်ချင်လဲဟင်"

"မမကို ဘာလို့ ရပ်စဲရတာလဲလို့ မေးတော့ စာချုပ်စေ့လို့ ပါတဲ့။ မမ မေးတာကို အားနာလို့ ထင်ပါရဲ့ မောင်ရယ်...။ အောင်ဦးသာ ဖြေပါလိမ့်မယ်တဲ့။ ကျွန်တော်တို့ကို ခွင့်လွှတ်ပါတဲ့။ အဲဒါ မမ သိပါရစေ"

အောင်ဦးသာမှာ ပါးပြင်နပေါ်မှ ဆက်သွယ်စီးကျနေသော မျက်ရည်စက်လေးများကို သူ့လက်ညှိုးလေးဖြင့် သုတ်ဖယ်လိုက်ရင်း...

မည်သို့သော အဖြေမျိုးဖြင့် နှစ်သိမ့်ပေးရမည်မှန်း စဉ်းစား၍ မရနိုင်အောင်ပါ။

"မောင့်ကို ဘယ်လိုပြောကြလဲဟင်"

"အင်း သူတို့ တစ်ခြားဆရာဝန်တစ်ယောက် ငှားချင်လို့ ထင်ပါရဲ့ မမရယ်၊ ဒါ ဒီလောက် စိတ်မကောင်းစရာ ပြဿနာ မဟုတ်ပါဘူး မောင့်အသက်ရယ်...၊ မငိုစမ်းပါနဲ့။ မောင့်အသည်းတွေကို ချေပစ်နေသလိုပဲ။ မောင်လေ... မမကို သိပ်သနားတယ်ဗျာ"

ရွှေဝတ်ရည်၏ မျက်နှာလေးက အောင်ဦးသာ၏ ရင်ခွင်တွင်းသို့ လဲကျလာသည်။ မှီကပ်ရင်း ရှိုက်ငိုနေသည်။

အောင်ဦးသာက ကြင်နာခြင်း များစွာဖြင့် ယုယုယယ နှစ်သိမ့် ချော့မော့နေရှာပါ၏။

တစ်ချိန်က ငိုခဲ့ရခြင်းမျိုးနှင့် တစ်ခြားစီ။

ရွှေဝတ်ရည်မှာ သူ့စေတနာ အရာမရောက်လေခြင်းဟူ၍ ဝမ်းနည်းနေမိသည် မှန်ပါသော်လည်း... ချစ်သူ၏ ရင်ခွင်မှာ ငိုကြွေးခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရရှိသော မိန်းမသားတို့၏ မျက်ရည်မှာ နှလုံးသားသို့တိုင် ပူပြင်းလောင်မြိုက်ခြင်း မရှိပါ။

အကြင်နာချစ်သူ၏ ယုယမှုရင်ခွင်တွင် နားစက်ငိုကြွေးရခြင်းမှာ အထီးကျန်ဘဝ၏ မျက်ရည်များလို ရင်ကို ဆွေးမြေ့စွာ ပူလောင်ခြင်း မရှိပါချေ။

"မမ ဘာလုပ်ရမလဲ သည်းရယ်"

"မမ ဘာလုပ်ချင်သလဲ ပြော၊ မောင် အားလုံး လုပ်ပေးမယ်။ မမရှေ့မှာ မောင့်ရှိနေပြီ။ မောင့်ဘဝထဲမှာ မမ ရှိနေပြီပဲ။ ဘာအားငယ်စရာရှိလဲ အချစ်ရယ်"

"ဒါဖြင့် မောင်ပဲ စီစဉ်ပေတော့"

"ဘာကို စီစဉ်ရမှာလဲဟင် မမ"

"ဘာပဲဖြစ်ဖြစ်၊ မောင် စီစဉ်တာ မမနာခံမယ်"

"ရွှေလို မြတ်နိုးစရာကောင်းတဲ့ မောင့်မမရယ်"

အောင်ဦးသာက မြတ်မြတ်နိုးနိုး ပွေ့ပိုက်ထားလိုက်မိသည်။

"မမ ရန်ကုန်ပြန်မလား"

"မောင်ရော"

"အိုး... လိုက်မှာပေါ့"

ရွှေဝတ်ရည်၏ မျက်နှာလေး ပြုံးလာသော်လည်း...

"မမ ရန်ကုန် မပြန်ချင်ဘူးကွယ်"

ခက်ချေပြီ။ ဒီမြေတွင် ဆက်နေ၍ မဖြစ်နိုင်တော့သည့်အကြောင်းကို မမ မသိစေလိုပါ။





"မမက ဒီမှာ ဆက်နေချင်လို့လားဟင်"

"ဒီမြို့ ဒီအိမ်လေးမှာတော့ မမ ပျော်တယ် မောင်ရယ်"

အောင်ဦးသာ ရင်နင့်သွားမိသည်။ ကိုရွှေဖံမောင် ပြောသလိုခနဲ့လာသည့် ကံကြမ္မာက ညှာတာမှုကင်းလွန်းသည်။ ချစ်သူ ပျော်မွေ့ကြည်နူးသည်ဆိုသော နေရာလေးမှ ခွဲခွာမသွားစေရက်ပါသော်လည်း...

"မောင်တော့ ဒီမှာ မနေချင်လှတော့ပါဘူး။ မမလည်း မမလူနာတွေနဲ့ ဝေးရရင် ကြာတော့ စိတ်ဓာတ်ကျလာမှာ စိုးရတယ်"

"ဟုတ်တယ်နော်"

"ဒါဖြင့် ဒီလိုလုပ်ကြရင် ကောင်းမလား"

"သည်းလေး စီစဉ်ပေးတာ မမလိုက်နာပါ့မယ်ကွယ်"

"မောင်က ဒီမှာ မနေချင်ဘူး။ မမက ရန်ကုန်မပြန်ချင်ဘူးဆိုရင် လောလောဆယ် မောင်တို့ စစ်တွေမှာ ခနသွားနေကြရအောင်၊ ပြီးတော့မှ မောင်တို့နေဖို့ရော အလုပ်ကိုင်ပါ စီစဉ်မယ်။ မမကို ဘာမှခိုင်းရက်ဘူး။ မောင်ပဲ ရှာကျွေးမယ်"

"မမ သိပ်ချစ်ရတဲ့မောင်ရယ်... မမ အားကိုးတယ်ကွယ်။ ကြိုက်သလိုသာ စီစဉ်ပေးပါ... မမ လိုက်နာမယ်နော်"

အောင်ဦးသာမှာ သူ့ကို ဖက်ထားရင်း မျက်ရည်ဝိုင်းနေရသည့်အဖြစ်ကို ရွှေဝတ်ရည် မသိရှာပါချေတည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၂ ။

"ရွှေဝတ်ရည် ပြန်တော့မယ်ဆိုလို့ လာနှုတ်ဆက်တာပါ—"

"ဪ… ဦးလွန်းတင်"

"အောင်ဦးသာရော"

"ပြောင်းကြဖို့ကိစ္စတွေ စီစဉ်နေတယ်။ အပြင်ခနသွားတယ် ထိုင်ပါ။ ဦးလေးကိုတော့ မတွေ့တာကြာလို့ ပြန်သွားပြီ ထင်နေတာ"

"မနေ့တည်းက ပြန်ဖို့ပဲ၊ ဘုတ်မရှိလို့၊ သဘက်ခါ အောင်မြတ်ရွှေ ထွက်မယ်၊ အဲဒါနဲ့ လိုက်ဖြစ်လိမ့်မယ်ထင်တယ်။ ရွှေဝတ်ရည်တို့ရော၊ အဲဒီ ဘုတ်နဲ့ပဲလား"

"သီးသန့်ထင်တယ်။ မသိဘူး၊ သူပဲ အားလုံး စီစဉ်နေပါတယ်"

"ဘာကူညီ ပေးရဦးမလဲ"

"ရပါတယ်… ပန်းချီတွေရော ပြီးပြီလား"

"စိတ်ကြိုက်ကို အားပါးတရ ဆွဲခွင့်ရတယ်၊ ပြီးသွားပြီ"





ဦးလွန်းတင်မှာ… အနုပညာရှင်တစ်ဦး၏ ဈာန်ဝင်ချိန်လို တည်ငြိမ်နေပါ၏။ အသက်ရွယ်နှင့် အတွေ့အကြုံသည်လည်း လူတစ်ဦး၏ ရင့်ကျက်မှုကို ဆင့်ကဲမြင့်မားစေလေသည်သာ…

"အေးကွယ်… ဒီ မြန်မာနိုင်ငံရဲ့ အနောက်ဘက်စွန်း ဒေသမှာ လာပြီး တွေ့ရ ဆုံရတာ အံ့ဩစရာပဲ၊ ဦးလေးလည်း ဟိုတုန်းက ကိစ္စတွေကို အားလုံး မေ့နိုင်အောင် ကြိုးစားပြီး အနုပညာထဲမှာပဲ ဘဝကို မြှုပ်ထားတယ်"

"ကောင်းပါတယ်"

"ရွှေဝတ်ရည် ပိတောက်မြိုင်ကို ပြန်မှာလား"

ရွှေဝတ်ရည် ခေါင်းခါပြမိသည်။

"သီးခြားနေကြမယ်လား"

"ရန်ကုန်ကို မပြန်ဘူး"

"ဟုတ်လား… အားလုံးက ရန်ကုန်ပြန်မယ်လို့ ပြောနေကြတာ၊ ဘယ်မှာနေကြမှာလဲ"

"စစ်တွေမှာလို့ ပြောတာပဲ"

"ဪ…"

"ဦးလေးက အနုပညာထဲမှာ ဘဝကို မြှုပ်ထားလိုက်သလို၊ ဝတ်ရည်ရဲ့ဘဝကိုလည်း အောင်ဦးသာဆီမှာပဲ အပ်ထားလိုက်ပြီ"

"အောင်ဦးသာဟာ သိပ်တော်တဲ့ လူငယ်လေးတစ်ယောက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝအတွက် ဘာကိုမှ စွမ်းဆောင်ချင်စိတ်မရှိအောင် စိတ်ဓာတ်ကျမိပါရဲ့ ဦးလေးရယ်၊ ဝတ်ရည်အဖြစ်ကလည်း ဦးလေး သိတဲ့အတိုင်းပဲလေ၊ အန်တီလည်း ဘယ်ရောက်နေမှန်းတောင် မသိဘူး။ အိမ်မှာကလည်း မိခွေးနဲ့ ရှုပ်ထွေးနေတဲ့ ပိတောက်မြိုင်ကိုလည်း မပြန်ချင်တော့ပါဘူး"

"ကောင်းပါတယ်၊ ဟိုအကဲ့ဘဝကို မေ့ထားလိုက်ပါလေ။ ပတ်သက်ကြုံဆုံလာမှပဲ ဖြေရှင်းယူပေါ့၊ အောင်ဦးသာဟာ အရာရာကို ဝိုင်းကူဖြေရှင်းပေးနိုင်မယ့် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်မှာပါ"

သားလူမြင်သည်ထက်ပိုပြီး တော်သောယောက်ျား၊ အပြင်လူတို့ သိနိုင်သည်ထက် ပိုပြီး ချစ်မြတ်နိုးနိုင်သော ခင်ပွန်းကောင်းတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရထားပြီဖြစ်ကြောင်းလည်း ရွှေဝတ်ရည် သိပါသည်။

အောင်ဦးသာပေါ်တွင် အချစ်ဦးမဟုတ်သည်မှလွဲ၍ အချစ်တတ်နိုင်ဆုံးသော မေတ္တာ၊ အစ,သာရှိပြီး အဆုံးရှိနိုင်မည် မဟုတ်သော အချစ်များစွာဖြင့် တုံ့ပြန် ပေးဆက်ပြီးခဲ့ပါလေပြီ။

"ကဲ… ဒါဖြင့် ဦးလေးပြန်မယ်၊ ဘာများ ကူညီပေးရဦးမလဲလို့ လာမေးပြီး နှုတ်ဆက်တာပါ"

"ကျေးဇူးတင်ပါတယ်"

"ဦးလေးလဲ ခုရက်အတွင်း ပြန်မှာပဲ၊ ဘယ်သူက အရင်ကျမလဲ သာ မသိတာ"

"ဝတ်ရည်တို့က နောက်ကျမှာပါ။ ဪ… ဦးလေး…"





ရွှေဝတ်ရည်မှာ ဦးလွန်းတင်ကိုကြည့်ပြီး သတိတစ်ခု ရလာသည်။ ဦးလွန်းတင်မှာ သည်မြို့တွင် ဆုံမိသည့် တစ်ဦးတည်းသော အသိကျွမ်းမို့…

"ဝတ်ရည်ကို တစ်ခု ကူညီပေးပါလား ဦးလေး"

"ပြောလေ…"

"မောင်က ဝတ်ရည်ကို ဘယ်သူနဲ့မှ မဆုံစေချင်ဘူးတဲ့၊ ဝတ်ရည် ဝမ်းနည်းမှာစိုးလို့တဲ့လေ၊ မိတ်ဆွေတွေလည်း အိမ်ကိုတောင် အလာမခံဘူး"

"ဟုတ်လား"

"ဒါပေမယ့်… နုမြခိုင်…ကိုတော့ ဝတ်ရည် တွေ့သွားချင်တယ်"

"ဟုတ်တယ်၊ သူက ရွှေဝတ်ရည်ကို သိပ်ချစ်တဲ့ သူငယ်ချင်းပဲ"

"အဲဒါတောင် မတွေ့ရဘူးလုပ်နေတယ်"

"ဟုတ်တယ် ရွှေဝတ်ရည်ကို သိပ်ချစ်ပြီး မယားနား ကပ်နေတယ်။ မိန်းမကိစ္စနဲ့ပဲ အလုပ်ရှုပ်နေတာပဲဆိုတာ ဒီမြို့မှာ နာမည်ကျော်လို့…ရွှေဝတ်ရည်ကို သူချစ်တာက လူသိရှင်ကြားကြီး"

ရွှေဝတ်ရည်က ပြုံးရင်း…

"သူ့ခိုင်းရင် လုပ်ပေးမှာ မဟုတ်ဘူး။ နုမြခိုင်နဲ့ ခွဲရရင် သူ့မိန်းမ စိတ်ဆင်းရဲမယ် လုပ်နေဦးမယ်။ အဲဒါ ဦးလေး ကူညီစမ်းပါ"

"နုမြခိုင် ဒီကိုလာတွေ့ပါဆို့ သွားပြောပေးရမလား"

"ဟုတ်ကဲ့… အဲဒီသဘောပဲ။ ဒါပေမယ့် သူ ဒီမှာ မရှိဘူး။ ဝတ်ရည် ပြန်ခါနီး တွေ့ချင်၊ နှုတ်ဆက်ချင်လို့ ဖြစ်နိုင်ရင် ကျေးဇူးတော်



www.burmeseclassic.com

www.burmeseclassic.com



က ပြန်လာခဲ့ဖို့ မှာပေးပါလို့ သူ့အိမ်ကို သွားပြောပေးပါ။ ဦးလေး အိမ်သိလား"

"ဆရာ ဦးစံခိုင်နဲ့ ဆရာမ ဒေါ်စိန်နုအိမ် မဟုတ်လား... သိပါတယ်"

"ကျေးဇူးပဲနော်"

"ရပါတယ်လေ... ခုပဲ သွားပြောပေးမယ်။ အချိန်မှ သိပ်မရှိတော့တာ"

"ဟုတ်ကဲ့... အဲ့ဒီရင်လည်း အကျိုးအကြောင်းလေး ပြန်လာပြောပေးပါ"

"ကောင်းပါပြီ ရွှေဝတ်ရည်"

ဦးလွန်းတင် ထွက်သွားသည့်အခါ သိမ်းဆည်း၍ မပြီးနိုင်သေးသော ပစ္စည်းများကို ကူသိမ်းနေရသည်။ သူ ပြန်မလာခင်ပါ။

"မမ ဘာမှ မလုပ်နဲ့နော်၊ ဘာမှ မသိမ်းဘူးနော်"

ဟု မှာသွားပါသော်လည်း ရွှေဝတ်ရည် မနေနိုင်။ ဝိုင်းကူသိမ်းဆည်းနေမိသည်။

မကြာခင်မှာပင် ဆိုက်ကားတစ်စီး ဆိုက်လာသည်။ လက်ထဲမှ အထုပ်တစ်ထုပ်နှင့် ပြန်လာသော ဦးလွန်းတင်။

"ဦးလေး မြန်လှချည်လား"

"ဟုတ်တယ်... ဒီမှာ 'ဆန့်နံ့မှုန့်' လက်ဆောင်တစ်ထုပ် ပေးလိုက်တယ်။ လာမနှုတ်ဆက်ရတာ ခွင့်လွှတ်ပါတဲ့။ ဆရာမ ဒေါ်စိန်နုက မှာလိုက်တယ်"





"သြော်... ဟုတ်ကဲ့၊ ခိုင့်ကို မှာပေးမယ်တဲ့လား ဟင်"

ဦးလွန်းတင်က အထုပ်ကို လှမ်းပေးရင်း စဉ်းစားဟန်နှင့် ရွှေဝတ်ရည်ကို မကြည့်ဘဲ ခြံတွင်းသို့ လှမ်းငေးလျက် တည်ငြိမ်စွာ ပြောသည်။

"ဒေါ်စိန်နု မှာလိုက်ပုံက တစ်မျိုးထူးခြားသလိုပဲ။ သမီးကို ခေါ်ပြီး စိတ်ဆင်းရဲအောင် မလုပ်ပါရစေနဲ့တော့ကွယ်...တဲ့"

"ဟင်..."

ရွှေဝတ်ရည် အဓိပ္ပာယ်ဖော်ကြူး၍မရနိုင်။

"ဘယ်လိုပြောလိုက်တယ် ဦးလေး"

"အဲဒီလိုပဲ ပြောလိုက်တာပဲ။ ဆရာမ ကြည့်ရတာ မျက်နှာလည်း မကောင်းလို့ သူ့မေးတာပဲယူပြီး ပြန်လာခဲ့တယ်"

"သမီးကိုခေါ်ပြီး စိတ်ဆင်းရဲအောင် မလုပ်ပါရစေနဲ့တော့ကွယ်..."

"သမီးကိုခေါ်ပြီး စိတ်ဆင်းရဲအောင် မလုပ်ပါရစေနဲ့တော့ကွယ်..."

"ငါနဲ့ ဆုံတာနဲ့ ခိုင်က ဘာလို့ စိတ်ဆင်းရဲရမှာလဲ..."

အဖြေမဲ့ပုစ္ဆာကိုသာ တွေးနေမိသည်။ ဦးလွန်းတင် နှုတ်ဆက်ထွက်ခွာသွားသည်ကိုပင် ကျေးဇူးတင်စကား မဆိုလိုက်မိ။

"ခိုင်ဟာ ငါ့အချစ်ဆုံး သူငယ်ချင်း"

"ငါနဲ့ ဆုံရတာနဲ့ သူ ဘာလို့ စိတ်ဆင်းရဲရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျောက်တော်သို့ ထွက်မသွားမီ နောက်ဆုံး ဆုံလိုက်ရသော မြင်ကွင်းကို ရွှေဝတ်ရည် ရုတ်တရက် ချက်ချင်းကြီး ပြန်လည်မြင်ယောင်လာသည်။

ရှုပ်ထွေးနေသော အတွေး၏ အမှောင်ထုများကြားတွင် အတွေးမျှင်တစ်စသည်... အလင်းတန်းလေးတစ်ခုလို ဖြစ်လာပါ၍—

"ဒေါ်အိမ်စိုး...ဒေါ်အိမ်စိုး"

ရွှေဝတ်ရည် နောက်ဖေးသို့ ပြေးဝင်ရင်း ခေါ်လိုက်မိသည်။

"ခိုင် ကျောက်တော်ကို ဘာလို့ ထွက်သွားတာလဲဟင် သိလား"

"ဆရာမကို ပြောမသွားဘူးလား"

"ဟင်အင်း...အဲဒါ ဝတ်ရည်ကို ပြောပြပေးပါနော်"

"သူတို့ရှက်လို့ ဖြစ်မှာပေါ့"

"ရှက်လို့... ဟုတ်လား"

စကားနည်းသော ဒေါ်အိမ်စိုးက ခေါင်းညိတ်ပြလိုက်သည်။

"ဘာ...ဘာကို ရှက်တာလဲ...ဟင်"

"သူတို့က အောင်ဦးသာကို သိပ်လိုချင်ကြတယ်လေ"

အနီးမှ တိုင်ကို လှမ်းကိုင်ပြီး ရွှေဝတ်ရည် မျက်စိစုံမှိတ်ပစ်လိုက်မိသည်။ ခံစားမှုရင်ကို ဖွင့်ခွဲလိုက်၍ နှလုံးသားသည် အလျင်နှုန်းမြန်စွာ ခုန်ပျံလှုပ်ရှားလာရသည်။

"သမားတက် မင်္ဂလာပွဲလုပ်ဖို့ စီစဉ်ပြီးမှ ဆရာမနဲ့ ရသွားတော့..."





"ဒေါ်...ဒေါ်အိမ်စိုး... မောင်နဲ့ ခိုင်နဲ့က ချစ်သူတွေလား၊ ရည်းစားတွေလား ဟင်"

"မခိုင်က အောင်ဦးသာကို သိပ်ချစ်တယ်၊ သူ့မိဘတွေကလည်း သိပ်လိုချင်ကြတာ"

"အမယ်လေး..."

ရွှေဝတ်ရည်၏ လက်မှ ဆန့်နံ့မှုန့်ထုပ် လွတ်ကျပြီး ရွှေဝါမှုန့်လေးများ ပြန့်ကျဲသွားလေပြီ။

"ဒါပေမယ့် အောင်ဦးသာက ဆရာမကို သိပ်ချစ်တာပါ"

ဒေါ်အိမ်စိုး စကားကို ဆုံးအောင် နားမထောင်ဖြစ်တော့ပါပဲ အိမ်ရှေ့ဘက်သို့ သူရူးတစ်ယောက်အသွင်နှင့် ကစဉ့်ကလျား ပြေးထွက်လာခဲ့မိသည်။

ချစ်ခြင်းမေတ္တာနှင့် လူငယ်တို့၏ ခံစားမှုကို နားမလည်ရှာသော အပျိုကြီး ဒေါ်အိမ်စိုးမှာ အရေးကြီးသောကိစ္စ မဟုတ်သလို သူ့အလုပ်ကိုသာ သူ ဆက်လုပ်နေတော့သည်။

ရွှေဝတ်ရည်မှာ ခုတင်ပေါ်တွင် ကန့်လန့်ဖြတ် လဲကျသွားသည်။

နမြခိုင်နှင့် နောက်ဆုံး ဆုံရစဉ်က သူ ငိုသွားပုံမှာ အနီးရှိ သူ့ကိုပါ ကြေကွဲမှု ကူးစက်စေနိုင်လောက်အောင် လှိုက်လှိုက်လှဲလှဲ ရှိလှန်းသည့်အဖြစ်ကို ပြန်လည် မြင်ယောင်လာမိသည်။

"ဖုတ်တယ်... သိပ်ခံစားရတာပဲ"

"ဝတ်ရည်ရေ... ခိုင်ရှုံးပြီ... ရှုံးရပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင် ကျောက်တော်မြို့မှာ သွားနေတော့မယ်"

"သူငယ်ချင်းနဲ့ရော ခိုင့်အချစ်ဦးနဲ့ပါ ခွဲရမှာမို့ပါ"

"ဝတ်ရည်တို့ရဲ့ ချစ်ခရီးသာ သောကကင်းပါစေ...လို့ တကယ့်စေတနာနဲ့ ခိုင် ဆုတောင်းပေးခဲ့ပါတယ် ဝတ်ရည်ရယ်"

အသည်းနှလုံး ကွဲအက်ခြင်းမှ ယိုစီးလာသော သွေးစိမ်းရှင်ရှင်တို့သည် မျက်ဝန်းမှတစ်ဆင့် မျက်ရည် ဖြစ်လာသည်ဟု ယူဆနိုင်လောက်အောင် နုမြခိုင် ငိုသွားပုံက ရင်နင့်ကြေကွဲစရာ ကောင်းလွန်းလှသည့် အဖြစ်များကို...

ရွှေဝတ်ရည် အနုစိပ် ပြန်လည်မြင်ယောင်လာမိတော့သည်။

"အမယ်လေး... သူငယ်ချင်းရယ်"

"မောင်ဖြောဟ ခိုင့်အချစ်ဦးတဲ့လားကွယ်"

"ဝတ်ရည် မသိပါဘူး၊ ဝတ်ရည် ဘာမှမသိခဲ့ရပါဘူးရှင်"

"ကိုယ်ချင်းစာပါတယ် သူငယ်ချင်းရေ... ခိုင် ဘယ်ထိအောင် ခံစားသွားရတယ်ဆိုတာ အသည်းကွဲဘူးတဲ့ ဝတ်ရည် စာနာတတ်ပါတယ်ကွယ်"

စောစောကသာ သိခွင့်ရရင် ခိုင့်စေတနာမျိုးအတိုင်း ဘေးဖယ်ပေးပါတယ်။ ဝတ်ရည် ဒီမြောက်ဦးမြို့ကကို အပြီးတိုင် စွန့်ခွာထွက်သွားပါ့မယ်လို့ သစ္စာဆိုပြီး ပြောပါရစေ။

ဒါပေမယ့်လေ...

အရာအားလုံးဟာ ပြီးဆုံးနောက်ကျသွားခဲ့ပြီ သူငယ်ချင်းရေ...

ဝတ်ရည်ကံက ဆိုးလှချည်လား။





သူများရဲ့ ခင်ပွန်း...

သူများရဲ့ ချစ်သူ...

တွေကိုမှ ဝတ်ရည် ချစ်သွားဖြစ်ပါတယ်။

တကယ် မသိခဲ့ရတာ အမှန်ပါကွယ်။

ဒါပေမယ့်...

ဝတ်ရည်ဟာ အချစ်သူခိုးမ...

ဒုတိယ ချစ်သူမ...

သူများရဲ့ နှလုံးသားကို နာကျင်စေတဲ့မိန်းမ...

အို...

"ဝတ်ရည်ဘဝမှာ ဒါမျိုး အဖြစ်မခံဘူး။ ဘယ်တော့မှ သူများချစ်သူဟာ ကိုယ့်ချစ်သူ မဖြစ်စေရဘူး။ အချစ်ဦးအဖြစ်နဲ့သာ ရယူပိုင်ဆိုင်မယ်လို့ မာန်ထားခဲ့တဲ့ မိန်းမပါ"

ခုတော့ကွယ်...

"အချစ်ဆုံး သူငယ်ချင်းရဲ့ချစ်သူကိုမှ ဝတ်ရည် သိမ်းပိုက်မိခဲ့ပြီ။

"ခိုင်ရေ... ခိုင်ကြေကွဲသလို ဝတ်ရည်လည်း အသည်းတွေကြွေမတတ် ခိုင့်ကိုယ်စား ခံစားနေရပါပြီ။

ဝတ်ရည် နားလည်ပါပြီ။

သဘောပေါက်ပါပြီရှင်။

မောင့်မိဘတွေ ဝတ်ရည်ကို လက်မခံနိုင်ကြတာ...

မောင့် အပေါင်းအသင်းတွေ မောင့်ကို ခွာကြတာ...

ဝတ်ရည် ဒီမြို့မှာ ဆက်ပြီး နေခွင့်မရှိတော့တာတွေဟာ...



www.burmeseclassic.com

www.burmeseclassic.com



နှမြခိုင်ဘက်က နာကျည်းကြလို့ပေါ့လေ...

"ဝတ်ရည်ဟာ ကြည့်ဖြူမှုများနဲ့ အေးငြိမ်းနေကြတဲ့ မိသားစု နှစ်ခုကြားမှာ ဝတ်ရည် ဝင်ခဲ့မိတယ်...

"မိသားစုနှစ်စုရဲ့ ပေါင်းကူးမှုတံတားကို ချိုးဖျက်ဖြိုခွဲခဲ့ပြီး...

"နှစ်ဘက်စလုံးစီကို သောကတွေ၊ ကြေကွဲမှုတွေ၊ အရှက်တကွဲ ဖြစ်စေမှုတွေဆိုတဲ့ ရေပူစမ်းများကို စီးဆင်းစေခဲ့တာ ငါ...

"ငါ့ကြောင့်... ငါ့ကြောင့်"

ဩော်...အားလုံးပေါ်မှာ စေတနာထားပါလျက်နဲ့...

"အားလုံးတွက် ဒုက္ခရောက်စေအောင် ဖြစ်ရတဲ့ ကံကြမ္မာရယ်"

ခိုင့်ကို သိပ်သနားတယ်၊ ကိုယ်ချင်းစာတယ်။

မောင့်မိဘတွေကိုလည်း သနားတယ်။

ခိုင့်မိဘတွေကိုလည်း မျက်နှာပူမိတယ်။

အောင်ဦးသာဆိုတဲ့ မြောက်ဦးမြို့ရဲ့ အချစ်တော်လေး... မိခင် ဖခင်တို့ရဲ့ အသည်းနှလုံးလေးကို ငါ ခွဲထုတ်ခေါ်ယူသွားရတော့မယ်။

ငါ ဒီလို မရက်စက်သင့်ဘူး။

ငါ့အချစ်... ငါ့အသည်း...ငါ့အသက်လေးကိုလည်း မခွဲ နိုင်ဘူး။

ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရမလဲကွယ်။

ယခင် နာကျင်ခဲ့ရဖူးသော နှလုံးသားဆီမှာ နှစ်ဆမျှ ကြီးမား သော ကြေကွဲမှုဝေဒနာကို ရွှေဝတ်ရည်မှာ အလူးလူး အလဲလဲ ခံစား နေရရှာသည်။





သူ့ဝန်းကျင်ဝယ် နာကျင်ကြေကွဲရာမှ ကျလာသော မျက်ရည် များက လွှင့်ပျံ့စိုနစ်နေသည်။

မြောက်ဦးမြို့ရောက် ဒေါက်တာရွှေဝတ်ရည်၏ နောက်ဆုံးရက် များမှ မျက်ရည်စက်များ...

ငိုရှိုက်သံများသည်...

ဤမြို့တော်ဟောင်းလေးမှာ ကြာမြင့်စွာ ပဲ့တင်ထပ်၍ ကျန်ရစ်မတတ်ပါတကား။

◆ ◆ ◆

www.burmeseclassic.com

## အခန်း ။ ၂၃ ။

မြို့နှင့်လှမ်းသော လေယာဉ်ကွင်းလမ်း မရောက်မီ ခွဲကျွေ သွားသော သင်္ဘောဆိပ်လမ်းအတိုင်း မနက်စောစောထဲက ဆင်းခဲ့ကြသည်။

ခရီးသည်တင် သင်္ဘောမဟုတ်၊ စစ်တွေမြို့သို့ သူ့ကိစ္စနှင့် သူသွားမည့် ဘုတ်သေးသေးလေးနှင့် အောင်ဦးသာတို့ လင်မယား လိုက်ခဲ့ကြသည်။ တစ်ခြားသော ခရီးသည်များလည်း ပါရှိပါ၏။ အောင်ဦးသာတို့၏ ပစ္စည်းများကလည်း မနည်းချေ။

မော်တော်ငယ်လေးမထွက်မချင်း အောင်ဦးသာမှာ အငြိမ်ကို မနေ။ မိန်းမထိုင်ဖို့ ပွဲဦးစင်မြင့်လေးမှာ နေရာခင်းပေးပြီး သူက ပစ္စည်းများ စစ်လိုက်၊ လိုက်ပို့သောသူများ ရွှေဝတ်ရည်နား မရောက်လာခင် သွားစကားပြောလိုက်နှင့် အလုပ်ကို ရှုပ်နေသည်။

ဘုတ် စထွက်ပါပြီ။

နောက်ဆုံးအနေနှင့် မြောက်ဦးမြို့ကို ခွဲခွာရတော့မည်။





အောင်ဒပ်ချောင်းသည်ပင်လျှင် လှိုင်းထန်နေသည်။ မြို့၏ ထမ်းခြေကို မမြင်နိုင်တော့သည့် အချိန်တွင်မှ အောင်ဦးသာက ရွှေဝတ်ရည်၏ လက်ကလေးကို ဆုပ်ကိုင်ပြီး စကားစသည်။

“မမရယ်... တစ်ချိန်လုံး ငိုနေတာ မောင် မမြင်ရက်တော့ဘူး။ ဒီမြောက်ဦးကို ဒီလောက် ခင်တွယ်မနေပါနဲ့တော့ဗျာ”

“သြော်...မမရဲ့ရင်မှ ဝေဒနာမှန်ကို မသိလေခြင်းမောင်ရယ်...”

ပင်လယ်နှင့်နီးသော မြစ်ချောင်းသွယ်တို့၏ သဘာဝအတိုင်း နုံးမြေပေါ်တွင် လမုပင်နှင့် ပင်လယ်ဓနိပင်တို့က အုပ်ဖြာဆက်တန်းနေကြသည်။ စိမ်းစိုသော သစ်ရွက်များ၏ ရောင်စဉ်က မြစ်ပြင်မှာ စိမ်းစိမ်းညို့ညို့ ဖြစ်နေပါ၏။

သဘာဝ၏ အလှတရားဟူသည် လူသားတို့၏ စိတ်အစဉ်ကို လိုက်ပြီး ပိုမိုလေးနက်စေနိုင်သည်။

ရွှင်ကြည်သောရင်ဖြင့် မြင်ရလျှင် ပိုမို ကြည်နူးရပါသော်လည်း...

ကြေကွဲနွမ်းနေသောရင်ဖြင့် မြင်ရလျှင် ကြေကွဲမှု ခံစားချက်ကို ပိုမို၍ မြင့်မားစေနိုင်သည်သာ။

ပဒဲ ရောက်ပြီး ‘စက်သား’သို့ ရောက်ပါ၏။ ရန်ကုန်တွင် မုန့်ဖက်ထုပ်ခေါ်သော ‘ဖက်ထုပ်မုန့်’နှင့် ပုစွန်မီးနီပြုတ် လတ်လတ်ကြီးကြီး များကို ဝယ်လာပြီး...

“ရော့... သိပ်ချိုတယ်။ မမစား”



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်ကို အခွံခွာပြီး နှုတ်ခမ်းကြားသို့ပင် ထည့်ခွံ့ပေးနေရှာသည်။

"တော်ပါပြီ သည်းရယ်"

"စားပါဦး။ မမက ပုစွန်ကြိုက်ပါတယ်"

"တော်ပြီ၊ မစားနိုင်တော့ဘူး"

"မမရာ စိတ်မညစ်စမ်းပါနဲ့။ ငါ ငိုရင် အသည်းခိုက်အောင် ခံစားရတဲ့ ကောင်လေးတစ်ယောက် ရှိနေတယ်လို့ စိတ်မှာ မှတ်ယူပါ မမရယ်"

သည်လိုအကြင်နာစကားမျိုး ကြားရပြန်လေ မျက်ရည်က ဝိုင်းလာရလေပါ။

"စစ်တွေ ရောက်ရင်လေ မမ ဘာအလုပ်မှ မလုပ်ရသေးဘူး။ မမ စိတ်အချမ်းသာဆုံးဖြစ်အောင် ထားနိုင်ဖို့ မောင် စီစဉ်ထားတယ်။ မောင်လေ မမကို သိပ်သနားတာပဲ။ သိပ်ချစ်တယ်ဗျာ"

အနီးကပ် ကြည့်ပြီး ပြောနေရှာသည်။

"သြော်... သူငါ့ကို တကယ်ချစ်ရှာတယ်။ အဲဒီလိုပဲ ခိုင်ဟာလည်း သူ့ကို..."

"အို... မမရယ်ဗျာ...၊ ဒီမျက်ရည်တွေက ကျလာပြန်ပြီ။ မြောက်ဦးကို ဘာကြောင့် ဒီလောက် လွမ်းနေရတာလဲ"

ရွှေဝတ်ရည် မျက်ရည်များကို သုတ်ပစ်ရပါသည်။ နောက်ထပ် မကျဖြစ်အောင် ကြိုးစားရပါမည်။





"မမ ငိုတာကို လုံးဝမမြင်ပါရစေနဲ့။ မမ အငိုတိတ်အောင် မောင် ဘာပဲဖြစ်ဖြစ်၊ လုပ်ပေးစမ်းပါရစေဗျာ"

"သြော်...မမကို သိပ်ချစ်တဲ့ ခင်ပွန်းသည် တစ်ယောက်ကို ပိုင်ဆိုင်ရရှိပေမယ့် မမ မပျော်နိုင်ရတဲ့ အဖြစ်ပါလား သည်းရယ်"

"ဘာဖြစ်လို့ မပျော်နိုင်ရမှာလဲ မမရဲ့"

ရွှေဝတ်ရည် ဘာမှမဖြေနိုင်။

"မောင် သိပါတယ်။ မြောက်ဦးမှာ နေမယ်လို့ စိတ်ဆုံးဖြတ်ပြီးမှ ခွဲလာရလို့ လွမ်းနေတာပါ။ စစ်တွေရောက်ရင် မောင်လေ ဒီထက် ဆယ်ဆ မမကို ယုယမယ်၊ ပြုစုမယ်၊ မမ ပျော်ရွှင်အောင် ထားပါ့မယ်ဗျာ၊ တိတ်စမ်းပါတော့ အချစ်ရယ်"

အောင်ဦးသာမှာ လက်ကို သွားဆေးပြီး ရွှေဝတ်ရည်၏ ပခုံးလေးကို သိမ်းဖက်လျက် တစ်ခြားသော စကားများကို ရွှန်းရွှန်းဝေအောင် ပြောနေရှာသည်။ ချစ်ဇနီး စိတ်ပြောင်းစေရန်ပါ။

"ဦးရစ်တောင် စေတီ"

မြင့်မားသော တောင်တန်းထိပ်မှာ အောက်ခြေ အဖြူ၊ အထက် အနက်၊ ထီးတော်ခန့်ခန့်နှင့် စေတီကြီး တစ်ဆူကို ကြည်ညိုဖွယ် ဖူးတွေ့လိုက်ရပါ၏။

'အောင်ဒပ်ချောင်း' မှထွက်ပြီး 'သံသရာမြစ်' လွန်လျှင် တစ်လျှောက်လုံး ကုလားတန်မြစ်အတိုင်း စစ်တွေထိ ဆက်၍သွားရပါမည်။

"မသိသည်ပဲဖြစ်စေ၊ သူတစ်ပါး၏ ချစ်သူကို ရယူပိုင်ဆိုင်ရသော အဖြစ်မျိုးနှင့် ဘဝဆက်တိုင်း မကြုံတွေ့ရပါစေနှင့်ဘုရား..."



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များကို ထိန်းရင်း ရှေးဟောင်းစေတီတော်ကို ရွှေဝတ်ရည် မော်တော်ပေါ်မှ ဖူးမြော်ရင်း ဆုတောင်းမိပါသည်။

"ပုဏ္ဏားကျွန်း"

ဝါးဖြင့် ဆောက်ထားသော ထမင်းဆိုင်တန်းများ ပြည့်နေသော်လည်း အောင်ဦးသာက ကောင်စီရုံး၊ ရဲဌာန ရှေ့များမှ ပတ်ကွေ့ပြီး အိမ်ထမင်းဆိုင်တစ်ခုသို့ ခေါ်ဆောင်သွားသည်။

ပုဏ္ဏားကျွန်းမြို့မှာ စစ်တွေနှင့် မြောက်ဦးမြို့သွား လမ်းပေါ်မှ ထမင်းစားစခန်း ရေလမ်းမြို့လေး ဖြစ်ပါ၏။

စားသောက်ရသည်မှာ မြန်မာစားပွဲခုံလေးနှင့် သန့်သန့်ရှင်းရှင်း၊ ဟင်းလျာများ ကောင်းပါသော်လည်း ရွှေဝတ်ရည် မစားနိုင်။

ဖနီးသည် မစားနိုင်၍ သူပါ မစားနိုင်ရှာ။ ရွှေဝတ်ရည် စိတ်မကောင်းပါသော်လည်း ခံစားမှုဖြင့် ပြည့်နေသော ရင်မှာ ဘာအစာမှ မဝင်နိုင်ပါ။

"မိုးတွေ ညို့နေပါလား"

အောင်ဦးသာက ဘုတ်ပေါ်အတက် ခက်ခဲသော တံတားပေါ်မှ ရွှေဝတ်ရည်ကို တွဲဆင်းရင်း မိုးပေါ်ကြည့်၍ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဗျ၊ ကိုဒိုးစိန်အောင်"

"ဘုတ်စက်က သိပ်မမှန်ချင်ဘူးကွ"

မော်တော်စက်ပြင်နေသည်ကို သူ့ဝါသနာအတိုင်း ဝိုင်းကူချင်သော်လည်း ဖနီးသည်နားက မခွာလိုပါ၍ အောင်ဦးသာ ရွှေ့နားမှာသာ ကပ်လိုက်လာသည်။





"ဟော… စက်နှိုးလို့ ရသွားပြီ။ ဘုတ်က အစုတ်လေး မမရဲ့၊ ခမ သီးသန့်သွားရအောင်လို့ တမင် စီစဉ်တာ"

မော်တော်လေး စတင်ထွက်ခွာနိုင်ပါပြီ။

"မင်းမဆယ်ကျောက်"တဲ့။

"ကျောက်တုံး မည်းမည်းလေးတွေစုပြီး ကျွန်းငယ်လေးတွေ ဖြစ်နေတာ လှတယ်နော် မမ၊ သစ်ပင်လေးတွေ ပေါက်နေတာလည်း စိမ်းစိုနေတာပဲ။ ချစ်စရာလေး၊ ကြည့်ပါဦး။ သာယာလိုက်တာ၊ အဲဒီကျွန်းလေးမှာ မောင်နဲ့မမနဲ့ ဆင်းနေခဲ့ကြမလားဟင်"

ချစ်ဇနီး ရှုင်ကြည်ပါစေရန် ပြောရှာသဖြင့် နွမ်းယဲ့သည့်ကြားမှ ပြုံးမိပါသည်။ သူသာ ရွှန်းရွှန်းစေ့နေသည်။ ရွှေဝတ်ရည် စကား မပြောဖြစ်ပါ။ မပြောနိုင်ပါ။ အပြုံးတုလေးများပင် မဆင်မြန်းနိုင်ပါ။

သူ့ကိုမှီထားရာမှ သူ့တီရှပ်လက်တို၏ အနားစလေးကို ကိုင်ဆွဲပြီး…

"မောင်က ဘာလို့ အပြောလွှင်လွှင်ကြီး ဒီနေ့မှ ဝတ်လာရတာလဲကွယ်…"

"အာ… ဟုတ်ပါရဲ့။ မမ အပြာရောင် မကြိုက်လို့ မဝတ်ဘဲထားတာ၊ ဒီမနက် အလုပ်ရှုပ်လို့ ကမန်းကတန်း ဆွဲဝတ်လာမိတာ လဲလိုက်မယ်"

"အို…နေပါစေ…မမက အမြဲအဝါဝတ်တော့ အပြာနဲ့ရောရင် စိမ်းသွားမှာစိုးလို့"

"မမကလည်းဗျာ… ပန်းချီရေးနေတာမှ မဟုတ်တာ။ အို…"

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် အပြာရောင်ကို နောက် ဘယ်တော့မှ မသုံးတော့ပါဘူးတဲ့ မောင့်အချစ်ဆုံး ရွှေရယ်"

မော်တော်က သိပ်လှုပ်သွားသည်။ ကုလားတန်မြစ်ပြင်ထဲ ကျယ်လာသည်။

"မမ မူးလာရင် ဘီစစ်(ခ်စ်)သောက်မလား"

"အင်း"

အိပ်ရေးကပျက်၊ အစာကမရှိ၍ လှိုင်းဒဏ်ကို မခံနိုင်...

သူကိုယ်တိုင် ဖျော်လာသော ကော်ဖီကို ဓာတ်ဘူးတွင်းမှ ငှဲ့ပြီး ဆေးတစ်ပြားနှင့် တိုက်သည်။

"မောင်တောင် ဆေးကုတတ်နေပြီ"

"ဆရာဝန်မ ယောက်ျားပဲ၊ ဒီလောက်တော့ ရှိမှာပေါ့"

"အား... လှိုင်းသိပ်ကြီးပါလား"

"မူးသေးလား"

"မူးတာထက် ကြောက်စရာကြီးနော်"

"ကိစ္စမရှိပါဘူး။ အသာလေး လှဲနေလိုက်နော် မမ..."

ခေါင်းအုံးများ မြင့်အောင်ဆင့်ပေးပြီး ချစ်ဇနီးကို လှဲစေသည်။ ရွှေ့ကိုသာ အားပေးနေရသည်။ အောင်ဦးသာကိုယ်တိုင် ဆိုးရွားသော မုတ်သုန်ဦး၏ လေကြမ်းကို ဘဝင်မကျနိုင်။ လေကြမ်းကြောင့် လှိုင်းလုံးကြီးများက မြင့်မားစွာ ခုန်ထနေသည်။

လှဲနေသော ရွှေ၏ ဆံပင် နုနွယ်လေးများကို သပ်တင်ပေးပြီး မှိန်းနေစေသည်။





လည်တိုင်ဆီမှ သွယ်ကျနေသော ဝေသာလီဒင်္ဂါးနှင့် ငွေကြိုး ဆလုံးကို အင်္ကျီတွင်း သွင်းပေးပြီး မှိန်းနေသော ချစ်ဇနီး၏ နွမ်းနေသော မျက်နှာလေးကို သနားကြင်နာလွန်းစွာ ကြည့်နေဆဲ...

"ဝုန်း"

ဆိုသော ကန့်လန့်ဖြတ် လှိုင်းလုံးကြီးတစ်ခုက မော်တော်ငယ်ကို ရက်စက်စွာ တွန်းလှဲလိုက်သည်။ လေကြမ်းကပါ ဝိုင်းတိုက်သည်။

"အား... လုပ်ကြပါဦး"

"အမယ်လေး"

"သေပါပြီ"

လူသားတို့၏ အကြောက်ရွံ့ဆုံးသော သေငယ်ဇောသံနှင့် အော်ဟစ်သံများက ကျွက်ကျွက်ညံသွားသည်နှင့် တစ်ဆက်တည်း တရှိန်ချိန်တည်း...

မော်တော်ငယ်သည် စက္ကန့်ပိုင်းအတွင်းမှာပင် စုန်းစုန်းမြုပ် နစ်သွားတော့သည်။

"အမယ်လေး...မောင်ရေ..."

ဆိုသော အသံစူးစူးလေးကို နောက်ဆုံး သဲ့သဲ့လေး ကြားလိုက်ရပြီးသည်နှင့်...

အောင်ဦးသာမှာ မိမိ၏ခေါင်းကို ပြင်းထန်စွာ ထိရိုက်မှုကို ခံစားလိုက်ရပြီးနောက်...

ခြေလွတ်လက်လွတ်ဖြင့် တစ်ကိုယ်တည်း ရေအောက်သို့ လိမ့်ကျ မြုပ်နစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးမမကိုပင်... ကူနိုင် ကယ်နိုင်ခွင့် အချိန်လုံးဝမရလိုက်တော့ပါဘဲနှင့်...

အောင်ဦးသာကိုယ်တိုင်ပင်လျှင်...

မိုးသက်မုန်တိုင်းအောက် လှိုင်းကြမ်းကြီးများ အလယ်တွင် မြုပ်ချီ...ပေါ်ချီ... လူးချီ...လိမ့်ချီ ဖြစ်နေပြီးနောက်တွင်...

တစ်စုံတစ်ခုကို ဖက်တွယ်မိလိုက်လေသလားပင်၊ သတိတရား မရ ရှိတော့ပါဘဲနှင့်...

လုံးဝ မေ့မြောသွားခဲ့ရချေပြီတည်း။

◆ ◆ ◆



## အခန်း ။ ၂၄ ။

ထိုနေ့က မိုးသည် သည်းထန်ခြင်း မရှိသော်လည်း... အဆက်မပြတ် ရွာနေသည်။

မြောက်ဦးမြို့သူ မြို့သားတို့၏ မျက်ရည်များနှင့် အပြိုင်ပါ...

ကောင်းကင်ပြင် တစ်ခုလုံး ညိုမှောင်နေသည်။

လေသည် သုန်သုန်ညှင်းညှင်းလေး အဆက်မပြတ် တိုက်ခတ်နေပါ၍ မြောက်ဦးမြို့၏ 'သုသာန်'နှင့် ဇရပ်အိုလေးတစ်ဝိုက်မှာ ရှိနေကြသူအားလုံး အေးစိမ့်ခြင်းများဖြင့် စိုနစ်နေကြသည်။

ဝန်းကျင်က စိမ့်အေးနေပါသော်လည်း အားလုံး၏ ရင်မှာဖြင့် ပြင်းပြစွာ ပူလောင်နေကြသည်။ ကြေကွဲခြင်း၊ နှမြောခြင်း၊ ယူကျုံးမရခြင်းဆိုသော ခံစားမှုများ ကိုယ်စီ ရှိနေကြလေသည်။

"ဖြစ်မှ ဖြစ်ရလေ သူငယ်ချင်းရယ်"

"ဘယ်သောအခါမှ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးခြင်းပါလား ကွယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ခိုင့်ရဲ့ အသည်းနှလုံးနဲ့ လဲပေးထားပါရက်နဲ့ ဝတ်ရည်ရဲ့အပြ… က ဆိုးလှချည်လား သူငယ်ချင်းရဲ့…"

နုမြခိုင်၏ ငိုရှိုက်သံက ကြေကွဲစရာကောင်းလှသည်။

ပြန်ချိန်တန်၍ နုမြခိုင်ကို ဆွဲယူ တွဲခေါ်ကြသူများပင်လျှင် သူတို… မနှစ်သိမ့်နိုင်ကြ။ အားလုံး ငိုရှိုက်လျက်…။

"အမယ်လေး… မြောက်ဦးမှာ ပျော်တယ်ဆိုတဲ့ ဝတ်ရည်ရေ… တကယ်ပဲ ထာဝရ နေရပါပေါ့လား သူငယ်ချင်းရဲ့…"

သချိုင်းပြင်သို့ ရောက်လာသည့်တိုင် အုတ်ဂူဖြူဖြူလေးကို… ပြန်လှည့်ကြည့်ရင်း နုမြခိုင်မှာ မချိတင်ကဲနှင့် အော်ငိုလိုက်ရှာသည်။

"အောင်ဦးသာကို ခေါ်ခဲ့ကြဦးလေ"

"နေပါစေ…သူ့အချစ်ဆုံးနားမှာ နေပါစေဦးရှင်၊ မခေါ်ကြပါ… နဲ့ဦး"

တောင်းပန်သော နုမြခိုင်နှင့်အတူ အသုဘ ပို့သူများ၏ အပြန်… လမ်းတွင် မျက်ရည်များ ချခင်းသွားကြသည်။

**ရွှေ…**

**ဒေါက်တာရွှေဝတ်ရည်**

**အသက် ၂၅ နှစ်**

ဟူသော အုတ်ဂူဖြူဖြူ အသစ်ကလေးကို ဖက်တွယ်မှီကပ်… ထားသည့် 'အောင်ဦးသာ'၏ ကျောပြင်ပေါ်မှာ မိုးရေစက်များ…





ကျဆင်းနေသလို…

ဂူလေးပေါ်သို့လည်း အောင်ဦးသာ၏ မျက်ရည်စက်များစွာက… နှစ်မြုပ်မတတ် ကျဆင်းနေလျက်ပါ။

အနီးမှ သူငယ်ချင်းများက မခေါ်ရက်၊ မထူမတည့်ရ… ရက်ကြ…။

"ကျွန်တော် မယုံဘူး… ကျွန်တော် မယုံဘူးဗျ"

"ဘာကိုလဲကွာ…"

"ကျွန်တော့်မိန်းမက ရေကူး သိပ်ကျင်လည်တာ"

"သူ မသေနိုင်ဘူး… သူ မသေနိုင်ပါဘူးဗျာ"

"မသေရဘူး… မမ မသေရဘူးဗျ"

အောင်ဦးသာ၏အသံက အက်ကွဲဆို့နင့်နေသည်။ အနီးရှိသော… ယောက်ျားလေးများပါ ငိုဖြစ်ကြသည်။

"မမ မသေဘူး၊ ကျွန်တော့်အတွက် အချစ်ဆုံး မမဟာ… ဘယ်တော့မှ မသေဘူး"

"ပြန်ကြပါစို့ သူငယ်ချင်းရာ"

"မပြန်ဘူး၊ ဒီအလောင်း မမအလောင်းဆိုတာ ကျွန်တော်… မယုံဘူး။ မမ မသေနိုင်ပါဘူးဗျာ…နော်"

ပရိဒေဝမီးသည် အောင်ဦးသာကို ရှူးစေမတတ် တောက်လောင်… နေချေပြီ။

"အလောင်းကလည်း ငါးရက်ကြာမှ ကျွန်းပေါ်မှာတွေ့ရတော့… ဘယ် ရုပ်ပေါ်တော့မလဲ။ ပြီးတော့ ပုဏ္ဏားကျွန်းအောက်ကတစ်ဆင့်…

www.burmeseclassic.com

www.burmeseclassic.com



ဒီကို သယ်လာတာဆိုတော့ ဒီနေ့ပဲ မင်းတို့ဘုတ်နှစ်တာ ကိုးရက်ရှိသွားပြီလေ။ မင်းကတော့ ဆယ်မယ့်လူနဲ့တွေ့လို့..."

"မမရယ်..."

"ရုပ်ပျက်နေပေမယ့် သူ့ရဲ့ အဝါရောင်ဝတ်စုံလေးက သက်သေခံနေပြီပဲ အောင်ဦးသာရယ်။ သူ သေဆုံးတာကတော့ တကယ်ပါ။ မင်းသာ ဖြေ..."

"မဖြေဘူး၊ ကျွန်တော် ဖြေနိုင်လောင်လည်း မကြိုးစားဘူး"

"မမ သေတယ်ဆိုတာလည်း မယုံဘူး"

"ဒါပေမယ့် ဒီမှာ မမရှိနေတယ်ဆိုရင် ကျွန်တော်ဒီမှာပဲနေမယ်..."

"ခင်ဗျားတို့ပြန်ကြ... မင်းတို့ပြန်ကြ"

သူ ကြုံးအော်လိုက်သည်။

ခံစားမှု ပြင်းထန်လွန်းလှသော အောင်ဦးသာ၏ အဖြစ်ကို မမြင်ရက်စရာပါ။

"ရွှေ...ဆိုတဲ့ မောင့်အချစ်ဆုံး...

မမရယ်..."

"မမရဲ့ အသည်းလေးဆိုတဲ့ မောင်လေ... မမ သေတယ်ဆိုတာ လက်မခံပါရစေနဲ့၊ မယုံပါရစေနဲ့နော်"

"ပြန်မဆုံရတော့ဘူးဗျား၊ တကယ်ပဲ မမကို အဆုံးခံရတော့မှာလားဗျာ"

"မောင် မပြန်ဘူး..."



"မောင် မသွားဘူး..."

"မမနားက မောင် ခွဲမသွားရက်ပါဘူး အချစ်ဆုံးရယ်..."

အုတ်ဂူသည်သာ အစိုင်အခဲ မဟုတ်ပါလျှင် အောင်ဦးသာ၏ ဖက်တွယ်မှုဖြင့် ကြေကျသွားနိုင်လောက်သည်။

အောင်ဦးသာ၏ အဖြစ်ကို ရပ်ကြည့်ရုံမှလွဲ၍ သူ့အတွက် ဖြေသိမ့်စရာနည်းလမ်း ဤလောကတွင် ရှာမရနိုင်ပါ၊ အစားထိုးစရာအရာ မရှိနိုင်ပါဟု...

အားလုံးက သိနေကြသည်။

လေက ထန်မြ...

မိုးက စွေဆဲပါ။

အောင်ဦးသာ ဘာစကားမှ မဆိုနိုင်တော့။ ရှိုက်ငိုနေသောအသံသည်သာ တစ်ချက်ချင်း ပျံ့လွင့်နေရာမှ...

တဖြည်းဖြည်း... တိမ်သွား ငြိမ်သွားတော့သည်။

အောင်ဦးသာ၏ ခန္ဓာသည်လည်း သူ့အချစ်ဆုံး၏ အုတ်ဂူလေးဆီးမှာ ခွေလျက်သား ပုံလဲ ကျသွားရှာလေတော့သတည်း။

*

ပြီးပါပြီ။

*

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၂၄-၁၂-၁၉၉၀

www.burmeseclassic.com

www.burmeseclassic.com

**မြောက်ဦးမြို့မှသည်...** ဇာတ်လမ်းမှာ ဤနေရာတွင် ရပ်တန့်သွားသော်လည်း အောင်ဦးသာ၊ နုမြခိုင်၊ ရွှေဝတ်ရည် တို့နှင့်အတူ နောက်ထပ် ဇာတ်ဆောင်သစ်များစွာဖြင့် "ပိတောက်မြိုင်စံအိမ်" ကြီး၏ ကောက်ကျစ်မှုများနှင့် သွားလာရန် ခက်ခဲလှသော မြန်မာနိုင်ငံ၏ အရှေ့ဘက်စွန်းခရီးမှ လျှို့ဝှက်ဇာတ်လမ်းများကို ဖန်တီးထားသည့်

**'တာချီလိတ်ဆီသို့'**

ကို ကျေးဇူးပြု၍ ဆက်လက်ဖတ်ရှုပါရန်...

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

www.burmeseclassic.com

www.burmeseclassic.com

12 DEC 2007

# ကလျာ ဝိဇ္ဇာ·သိပ္ပံ

## တာချီလိတ်ဆီသို့

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၁၃၀၉၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၁၂၀၁၁၀၇

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်


ထုတ်ဝေခြင်း
ဒုတိယအကြိမ်၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ-သိပ္ပံ) ၏

# မြောက်ဦးမြို့မှသည် တာချီလိတ်ဆီသို့




www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုတွင် ပါရှိသော တာချီလိတ် ခရီးကြမ်းများမှာ ၁၉၇၉ ခုနှစ်က ဖြစ်ပါသည်။

**အခန်း။ ၁ ။**

အမျိုးသမီးတစ်ယောက်...

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် တော်တော့်ကို လှသည်။

'မောင်သဲမြတ်' ဝင်လာပြီးမှ သူစားပွဲထိပ်တွင် ထိုင်လိုက်သည်။

"ဒီဘက်ကိုလာပါ မောင်သဲမြတ်"

အသံက နုနုကြည်ကြည် မဟုတ်၊ ရင့်ရင့်အက်အက်မို့ သူ့မျက်နှာကို သတိထား ကြည့်လိုက်မိသည်။

ရောက်ရှိလာသည့် ဧရာဧည့်သည်ကို သူ့အလှများဖြင့် နှင်ထုတ်နိုင်စွမ်းမရှိ။ ဇရာ၏ စိုးမိုးခြင်းကို ခံနေရပြီဖြစ်သော အမျိုးသမီးကြီး။

အလှရည် တက်ဆဲ၊ အသက် အစိတ်ဝန်းကျင် အရွယ်ဟု အဝေးက ထင်ခဲ့မိသော်လည်း အသက်လေးဆယ်ကျော် ဖြစ်နေမှန်း အနီးရောက်မှ မြင်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးဆီက စာပါလာတယ်ဆိုပေမယ့် မမတို့အဖွဲ့မှာ လူသစ်မလိုဘူး။ တာဝန်ပေးစရာ နေရာမရှိဘူး မောင်သဲမြတ်"

"ကျွန်တော် ဒီအတိုင်းတော့ မပြန်နိုင်ဘူး။ ဒီအဖွဲ့က လက်မခံပါဘူးဆိုတဲ့ စာ၊ အဲဒီပေါ်မှာ ပြန်ရေးပေးလိုက်ပါ။ ကျွန်တော် ဆရာကြီး ဦးစကြာဆီ ပြန်ပြီးပေးလိုက်ရုံပါပဲ"

အမျိုးသမီး ငြိမ်သွားသည်။ သူ့ဘေးမှ အတွင်းရေးမှူးကို လှည့်ကြည့်ပါလေ၏။ ရပ်နေသော ဆံရှည်နှစ်ယောက်က ချဉ်းကပ်လာသည်။ မောင်သဲမြတ်ကို သူတို့စက်ဝိုင်းပုံသဏ္ဍာန် ခြံရံထားလိုက်ကြသည်။

"မင်းဟာ ဆရာကြီးဆီက လာတဲ့လူပါလို့ တို့ယုံသင့် မယုံသင့် အရင်စဉ်းစားရလိမ့်ဦးမယ်"

အတွင်းရေးမှူးဆိုသောသူက ပြောလိုက်သည်။

"ဒါတော့ အရှင်းကြီးပဲ။ ခင်ဗျားတို့ရဲ့ ဆံရာကြီးဆီကို လှမ်းမေး ကြည့်ကြပေါ့ဗျ"

ဆံရှည်တစ်ယောက်က ခါးထောက်လိုက်ပြီး...

"ဟား...ဟား... ဟော့ကောင်၊ ဒီအုပ်စုမှာ ဆရာကြီးကို မြင်ဖူးတဲ့ လူ တစ်ယောက်မှ..."

"ဗျာန်း..."

အတွင်းရေးမှူးက ထိုင်ရာမှ ဆတ်ခနဲထပြီး ပါးကို လက်ပြန် ရိုက်ချလိုက်သည်။





ဆံရှည်နှုတ်မှ စကားသံထွက်မလာ။ သွေးစလေးများသာ ထွက်လာသည်။

"မောင်သဲမြတ်ဟာ တို့ရဲ့ဧည့်သည်ပဲ။ သူ့ကို ငါယုံကြည်တယ်။ တော်မီနဲ့ စိုင်းစိုင်း အပြင်မှာ သွားနေကြစမ်း"

အမျိုးသမီး၏ အမိန့်ကို နာခံရသော်လည်း သူတို့နှစ်ယောက်၏ မျက်လုံးနှစ်စုံက မောင်သဲမြတ်ကို စိန်းစိန်းကြီး စိုက်ကြည့်ရင်း လှည့်ထွက်သွားကြသည်။

"ဒီလိုလေ မောင်သဲမြတ်ရဲ့"

အမျိုးသမီးကြီး၏ လေသံက ပြတ်တောင်း မာကျောလွန်းနေသည်။

"တို့များဆီကို ဒီလိုအချိုးမျိုးနဲ့ ဝင်လာလို့ မရမါဘူး။ မင်း ဒီတိုင်းပြန်လို့များ ရမယ်မှတ်နေလား"

"ကျုပ်ကို မခြိမ်းခြောက်ပါနဲ့"

"မင်း စမ်းကြည့်လေ၊ ဒီမြေက တို့ခွင့်ပြုချက်မရဘဲနဲ့ ထွက်လို့ ရမလားလို့"

"ခင်ဗျားတို့က ဒီမြေပိုင်ရှင် ပဒေသရာဇ်ကြီးတွေလား။ ကျုပ် မကြိုက်ရင် ပြန်မှာပေါ့"

"ဟင်း...ဟင်း...မောင်သဲမြတ်၊ အသက်က ငယ်ငယ်၊ လူက နုနုထွားထွားနဲ့ ချစ်စရာလေး။ ကိုယ့်ဘဝကိုယ် နှမြောစမ်းပါ"

"ဘာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီစာနဲ့ ရောက်လာသူတစ်ယောက်ဟာ ဒီအဖွဲ့ရဲ့ ခွင့်ပြုချက်မရဘဲ ပြန်သွားချင်တယ်ဆိုရင် ရပါတယ်။ ဒါပေမယ့်... ဝိညာဉ်ဝဲ ပြန်သွားလို့ရမယ်။ ကိုယ်ခန္ဓာကိုတော့ တို့က ယူထားလိုက်မှာ..."

အမျိုးသမီးကဲ့ သားရေပျော့အိတ်ကို ဖွင့်ပြီး လက်ကိုင်ပဝါလှလှလေးကို ဆွဲထုတ်လိုက်သည်။

အိတ်တွင်းမှာ မောင်သဲမြတ် မြင်လိုက်ရသည့်အရာက ငွေရောင်ပစ္စတိုလှလှလေး။

ဤအမျိုးသမီးကြီးကို ရှုးရှုးဝါးဝါး စိုက်ကြည့်လိုက်မိသည်။

ဒီကိုလာတည်းက မောင်သဲမြတ်အတွက် အသက်ဆိုသည်က ရင်းပြီးသား၊ သူ့ခြိမ်းခြောက်မှုကို မဖြုပါ။

သို့သော်လည်း သတိဆိုသော အရာသည် ထက်မြက်သော အတွေးအခေါ်နှင့် တစ်ပါတည်း ယှဉ်တွဲနေရမည် ဆိုသည်တို့မှု မောင်သဲမြတ် ခံယူထားနှင့်ပြီးသား။

အမျိုးသမီးကြီးက သေနတ်ကို အတွင်းရေးမှူးဘက်သို့ မသိမသာလေး တွန်းပို့ပြီး ခြံထဲဘက်သို့ ထွက်၍ရသော လက်ျာဘက် အခန်းတွင်းသို့ ဝင်သွား၏။

"ဒီမှာ မောင်သဲမြတ်"

အတွင်းရေးမှူး၏ အသက်က လေးဆယ်ခန့်၊ အမျိုးသမီးကြီး ထက် အနည်းငယ် ငယ်ပေလိမ့်မည်။ အရပ်က ငါးပေသုံးလက်မခန့်သာ။ ကိုယ်ခန္ဓာကပြည့်ပြည့်၊ ဝခုံးနှင့် ရင်အုပ်ကျယ်ကျယ်၊ တောင့်တင်း





သန့်မာဆဲ၊ မျက်နှာပြားပြား ဝိုင်းဝိုင်း၊ အသားက နီစပ်စပ်၊ ပြတ်သားတိကျစွာ ဆောင်ရွက်မည့် အသွင်မျိုး၊ ကောက်ကျစ်စဉ်းလဲမည့် ရုပ်လုံးမျိုး မဟုတ်သော်လည်း အညိုးကြီးမည့်၊ ရက်စက်မည့် ရုပ်ဝန်းပိုင်ရှင်...

"မင်းကို တို့ယုံကြည်နိုင်တဲ့အထိ ဒီမှာကောင်းကောင်းနေပါ၊ မင်းအတွက် အားလုံး ငါတို့တာဝန်ယူတယ်။ ကြိုက်သလောက် အတိုင်ငွေကို စောစောက စိုင်းစိုင်းဆီမှာ ထုတ်ယူနိုင်တယ်။ ရှေ့ အခု... အတိုင်ပါးထောင်ယူထား၊ ကြိုက်သလိုသုံး၊ ခြေရှုပ်ဖို့တော့ စိတ်မကူးနဲ့ ဒါပဲ"

"ခင်ဗျားတို့ပြောစရာကုန်ရင် ကျုပ်ပြန်မယ်"

"တစ်ယောက်နှင့်တစ်ယောက် မေတ္တာမဲ့သော အကြည့်များနှင့် ကြည့်နေဆဲ"

"အို... သူ့ကို ဘယ်မှာသိပ်မှာလဲ၊ ဘယ်သူနဲ့ ပြန်လွှတ်မှာလဲ"

"အားလုံး စီစဉ်ပြီးပြီ"

"အမျိုးသမီးက သူ့ထိုပ်စားပွဲရှိရာသို့ အသွားလမ်းတွင် မောင်သဲမြတ်ဘေးမှ ကပ်လျှောက်ရင်း...

"နေစမ်းပါဦး...ဒီအဖွဲ့ထဲ ရောက်လာတဲ့လူရဲ့ နာမည်က ကဗျာဆန်လှချည်လား... ဒါ နာမည်ရင်း မဟုတ်နိုင်ဘူး"

"ကိုယ် အားလုံး စစ်ဆေးပြီးပြီ မာရီ... သူ့ကို ပြန်ခိုင်းလိုက်တော့၊ ကြည့်ချင်တယ်ဆိုလို့ ခေါ်ပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူး ပြောနေဆဲ၊ မောင်သဲမြတ်၏ လီဗိုက်(စ) (Levis)ကုတ်အင်္ကျီအိတ်တွင်းသို့ တစ်စုံတစ်ခု ဝင်လာသည်။ သူ အသာအယာ စမ်းကြည့်မိတော့ စာခေါက်လေးတစ်ခု...

မောင်သဲမြတ်က မာရီဆိုသော အမျိုးသမီးကြီးနည်းတူ ဘာမှ မဖြစ်သလို မတ်တတ်ရပ်လိုက်ရသည်။

စားပွဲပေါ်မှ ဘတ် ၁၀၀ တန် အရွက်ပေါင်း ၅၀ ကိုယူ၍ ဂျင်းဆောင်းဘီအိတ်ထဲ ထည့်လိုက်ပြီး၊ ခပ်တည်တည်ပင် တည့်မတ်စွာ လျှောက်ထွက်လာခဲ့သည်။

သူတို့ကို နှုတ်ဆက်နေရန်လည်း မလိုဟုထင်သည်။

ခြံတံခါးဝတွင် တော်မီဆိုသူက ဖိုက်ချင်သည့်ပုံစံနှင့် အပြတ်ကြည့်သည်။ သူ့ရှေ့အရောက်တွင်မှ မောင်သဲမြတ်က မြေပေါ်မှ ခဲတစ်လုံးကို သူ့ဝပ်ကင်းရှူးဦးနှင့် ဆောင့်ကန်ပစ်လိုက်သည်။ မြေကြီးများက ဖွာလွင့်သွားပါ၏။

"တောက်"

"ကဲ...လာပါ ကိုသဲမြတ်။ တော်မီ တံခါးလုံလုံပိတ်ထားပါ"

တော်မီ၏ တက်ခေါက်သံပြီးသည်နှင့် စိုင်းစိုင်း၏ စကားသံ ထွက်လာသည်။ စိုင်းစိုင်းက တော်မီထက် အဆင့်မြင့်ပုံရသည်။ တော်မီမှာ မောင်သဲမြတ်ကို မကျေနပ်သော်လည်း အံတုခွင့် ရှိပုံမရ သံတံခါးကြီးကိုသာ ဒေါနှင့် ဆောင့်ပိတ်ပစ်လိုက်သည်။





ဂျစ်ကားက လမ်းကျဉ်းလေးအတိုင်း ဖြတ်မောင်းလာသည်။ တဘက်ကမ်းဆီမှ မာကျူရီ နီယွန်တို့၏ ရောင်စဉ်များက ကောင်းကင် ပြင်သို့တိုင် အလင်းတန်းပြန့်နေသည်။

ထိုင်းနိုင်ငံ၏ မယ်ဆိုင်မြို့က နေ့ခင်းထက်ပင် လင်းနေပါ သေးလား...

ခဏအတွင်းမှာပင် မြို့ပြင်ရပ်ကွက်တစ်ခုမှ သွပ်ပြားများ အလုံ ကာထားသောခြံသို့ ရောက်လာသည်။ ကားဟွန်းသုံးချက် ဆက်တီး လိုက်ပြီးသည်နှင့် တံခါးက ပွင့်လာသည်။

အိမ်ကြီးတစ်ခုနှင့် တိုက်တန်းလျားငယ်တစ်လုံး၊ သုံးခန်းတွဲ၊ ပထမဆုံးအခန်းထိပ်မှာ ရပ်လိုက်ပြီး...

"ရောသော့... ကိုသဲမြတ်အတွက်က အဲဒီအခန်းပဲ"

သည့်မျှပြောပြီး စိုင်းစိုင်းက ဂျစ်ကားကို အမြန်နှုန်းနှင့် ပြန်ကွေ့ မောင်းထွက်သွားသည်။

တံခါးဖွင့်ပေးသူက လှည့်၍မျှပင်မကြည့်၊ အိမ်ကြီးထဲသို့ ဝင် သွားသည်။

မောင်သဲမြတ်မှာ သံလို ခိုင်မာသည်ဆိုသောပလတ်စတစ် ယိုးဒယားသော့ကိုဖွင့်ပြီး ဝင်လိုက်သည်။ မီးပြာမြှာ ခင်း(မ)လိုက် ရောင်က အားလုံးကို မြင်သာသည်။

အခန်းက သူတို့ပြောသည့်အတိုင်း အားလုံး အဆင်သင့်၊ နှစ်ယောက်အိပ် ဖော်မိုက်ကာ ခုတင်၊ ဖုံးမွေ့ရာ၊ ရေခဲသေတ္တာ၊ ပန်ကာ၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ခန်း၏ ဒရမ်း(မ)ဘက် ထိပ်မှာ တယ်လီဖေးရှင်းတစ်လုံး။

မောင်သဲမြတ်မှာ ဘောင်းဘီထဲမှ ဘတ်ငါးထောင်ကို မစမ်းမိ၊ ဂျင်းကုတ်ထဲမှ စာရွက်ခေါက်လေးကို စမ်းရသည်။ ရှိပါ၏။ တံခါးကို အလုံအခြုံပိတ်ပြီး အခန်းကို လှေ့လာလိုက်ပြီးမှ အိတ်ထဲကစာကို ထုတ်၍ စားပွဲတင်မီးအောက်မှာ ကိုယ်နှင့်ကွယ်ပြီး စာကို အနီးကပ် ဖတ်လိုက်သည်။

**ဖုန်းထွန် ရွာသစ်အနီးက အင်္ဂလိပ်သချိုင်း ထဲကို နက်ဖန် ညနေ ၅ နာရီ လာခဲ့ပါ။ သိပ်အရေးကြီးတယ်။**

❖ ❖ ❖



**အခန်း ။ ၂ ။**

မြန်မာနိုင်ငံ၏အရှေ့ဘက်စွန်းမှ နယ်ခြားမြို့လေးဖြစ်သော **တာချီလိတ်မြို့**

၏ သင်္ချိုင်းတွင်းသို့ ဝင်ခါနီးတွင် ခြေလှမ်းတန့်သွားမိသည်။

အဆင့်မြင့် အာဏာရှ အမျိုးသမီးကြီးက တွေ့ချင်လို့ပါဟူသော အဆိုအမိန့်နှင့် မနေ့ညဦးက ပြီးပါလျှက်နှင့်...

"ဘာ့ကြောင့်များ သူက စာနဲ့ချိန်းရပါလိမ့်"

ဒေါ်မာရီ၏အတွင်းရေးမှူးပါဟုဆိုသော သူ၏ ဩဇာရှိန်က ဖိလွှမ်းနေသည်ဟု မောင်သဲမြတ်ထင်မိသည်။

ငါ ရင်ဆိုင်မလား...

ရှောင်ပြေးမလား...

ဒီနှစ်လမ်းကိုပဲ ရွေးရမယ်။ ရှောင်ပြေးဖို့ ဆိုတာက ယောက်ျား တစ်ယောက်အနေနဲ့ အောက်တန်းကျလှတယ်။ ငါ ရင်ဆိုင်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်နိုင်သော ဆုံးဖြတ်ချက်များနှင့် အဆင့်ဆင့် အထပ်ထပ် အနိမ့်အမြင့် အုတ်ဂူများ၊ လက်ဝါးကပ်တိုင်များကြားသို့ ဝင်ခဲ့သည်။

အခြားတဘက်တွင် မြန်မာသချိုင်း...။

လက်မှ နာရီကို ကြည့်မိသည်။ ငါးနာရီ သုံးမိနစ် စွန်းသွားသည်။

ဘာအရိပ်အယောင်မှ မတွေ့ရ...။ တဘက်တွင် ငွေတောင် ဆိုသော တောင်မြင့်မြင့်ရှိသည်။ လေက သုန်လာ၍ ရွက်ကြွေတို့ လွင့်လာသည်။ သချိုင်းတွင်းမှာ လူသူ တစ်ယောက်မျှမရှိ။ လဲလျောင်းနေသော သက်မဲ့အလောင်းကောင်များနည်းတူ၊ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါ၏။

မောင်သဲမြတ်မှာ မြင်ကွင်းတစ်ဆုံး လှည့်ပတ် ကြည့်ရင်း တစ်ဂူပြီးတစ်ဂူ ကျော်လာသည်။ စစ်ကြိုခေတ်က သေဆုံးခဲ့သော အင်္ဂလိပ် စစ်ဗိုလ်တစ်ဦး၏ ဂူအိုကြီးကို လွန်ကျော်လိုက်မိသည်နှင့်...

"ဟိတ်"

လက်တဘက်၏ လှမ်းဆွဲခြင်းခံလိုက်ရသဖြင့် မောင်သဲမြတ်က တစ်ချက်အသံနည်းနည်းထွက်သွားပြီး ခုခံကာကွယ်ရန် ကိုယ်ခံပညာနှင့် အသင့်အနေအထား ဖြစ်သွားသည်။

"မမပါ...မောင်သဲမြတ်"

မျက်နှာရှေ့မှ ချည်းပြိုင်ပုံစံ ကာဆီးထားသော လက်ဖျံနှစ်ဘက်ကို အောက်ပြန်ချလိုက်ရသည်။ ခေါင်းကိုလည်း ပြန်လှည့်၍စုပြီး သူခေါ်ရာ အုတ်ဂူအကွယ်သို့ ဝင်ကပ်လိုက်ရပါ၏။





"ဘယ်သူတွေ့ပါသေးလဲ"

"မမတစ်ယောက်တည်းပါ၊ အချိန်မရှိဘူး သိပ်အရေးကြီးတာ ပေါ်ရစေ"

သူမသည် တကယ် တုန်လှုပ်နေသည်။ ဝန်းကျင်သို့လည်း ထိတ်တလန့်ကြည့်သည်။

"မောင်သဲမြတ်ဆိုတာ နာမည်ရင်းမဟုတ်ဘူး"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"မင်း ဘယ်သူလဲ မောင်သဲမြတ်"

အမျိုးသမီးက ခပ်ထန်ထန် မေးလိုက်သော်လည်း သူ့မျက်ဝန်းမှာ မာန်ထင်မနေ။ တောင်းပန်ဟန်မျိုး ဝင်နေသည်။ မျက်ရည်ဝိုင်းနေသည်။

သူမသည် တစ်ခုခုကို အမှန်တကယ် ခံစားနေရကြောင်းဖြင့် ပေါ်လွင်သည်။ သို့သော်လည်း သူ့ကို ယုံကြည်ပစ်လိုက်ရန်၊ သနားပစ်လိုက်ရန် စိတ်မကူးမိ။ မောင်သဲမြတ်တို့ နှလုံးသားက ကတ္တီပါလို နူးညံ့၊ ကျောက်သားပြင်လို မာကျောပြီးသားဖြစ်ကြောင်း ဒေါ်မာရီ မသိဟန်မတူ။

"ဘာမှမဖြေဘဲ ဘာလို့ စိုက်ကြည့်နေတာလဲ"

အဖြေမရလေ သူမက ထပ်မေးလေ။

"ဒီမှာ မောင်သဲမြတ်၊ မင်းဟာ စုံထောက်လား။ မမကို အမှန်အတိုင်း ပြောစမ်းပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်သဲမြတ်၏ရယ်သံက အ,မင်္ဂလာမြေမှာ ပဲ့တင်ထပ်မတတ် ဟီးသွားသည်။

"ဟင်...ဟုတ်လား။ ပြောစမ်းပါ"

"ခက်ပါလား ဒေါ်မာရီရယ်၊ ဟုတ်လည်း ဟုတ်တယ် ပြောပါ့မလားဆိုတာ စဉ်းစားပြီးမှမေးပေါ့"

"ဟုတ်ပါတယ်။ ညာမယ် ဆိုတာတော့ သိပါတယ်။ ဒါပေမယ့် ဖြစ်စေချင်လို့ပါ"

"ဘာ..."

"စုံထောက်တစ်ယောက် ဖြစ်စေချင်လို့ပါ"

"နားထောင်လို့တော့ ကောင်းပါတယ်။ ဒါပေမယ့် အဆင်က သိပ်ရိုးနေတယ်။ တခြားအကွက်လေးထွင်ပြီး ပြောပါလားဗျာ"

"မလှောင်ပါနဲ့ မောင်လေးရယ်၊ မမတကယ် ဒုက္ခရောက်နေလို့ပါ။ စုံထောက်ဆိုရင် သူတို့အကြောင်းတွေ ဖွင့်ချမလို့"

"ဆင်ထားတဲ့ထောင်ချောက်က ,လှပေမယ့် ဒီသားကောင်က မရဘူး"

"ခက်တာပဲ။ ကဲပါလေ။ မမ ဘာပြောလို့မှ ယုံမှာ မဟုတ်ဘူး၊ ဒီမှာ မောင်သဲမြတ်ဟာ ဘာရည်ရွယ်ချက်နဲ့ပဲလာလာ မမ အားလုံးကူညီမယ်"

အမျိုးသမီးက သူ့လက်ကိုဆွဲကိုင်ရင်း မော့ကြည့်နေသည်၊ တောင်းပန် အသနားခံနေသည့် ဤမျက်ဝန်းကိုပင် သနားချင်လာသလိုလို။





"ဒေါ်မာရီ့ဆန္ဒကဘာလဲ"

"မောင်သဲမြတ်အတွက် အားလုံးကူညီမယ်။ ငွေလိုရင်လည်း သိန်းချီပေးပါ့မယ်"

"ဘာအတွက်လဲ"

"မမကိုလည်း မကယ်ပါနဲ့"

"ဗျာ..."

"မမသမီးလေးကို ကယ်သွားပေးပါ"

"ဘာ..."

"သူတို့နဲ့ဝေးရာကို ခေါ်သွားပြီး သူ့ဘဝလေး ပြန်ရှင်လာအောင်၊ ပြန်ကောင်းလာအောင် လုပ်ပေးပါ သ...သားရယ်"

ဒေါ်မာရီ၏ အသံသာမက အသားများပါ တုန်လာသည်။ သူ့လက်များ အေးစက်လာသည်။ ကျလာသည့် မျက်ရည်များကို သုတ်ပစ်ပြီး သူ တစ်ချက်ရှိုက်လိုက်သည်။ စိတ်ကို ပြန်ထိန်းလိုက်ပုံရသည်။

"သူတို့က သိပ်လျင်တယ်။ အစစအရာရာ သတိထားနော်၊ ...အဲလေ...အန်တီ သွားတော့မယ်။ မောင်သဲမြတ်အတွက် ဟိုမှာ အားစောင့်ခိုင်းထားတယ်။ အဲဒီလမ်းအတိုင်း ဆင်းသွား။ အန်တီ သွားတော့မယ်။ အန်တီ့ကို ယုံကြည်လာနိုင်ပါစေလို့ ဘုရားသခင်ထံမှာ ဆုတောင်းပါတယ်"

အမျိုးသမီးသည် ဝူများကြားမှ လျှင်မြန်ဖျတ်လတ်စွာနှင့် ဆူးပတ် ဆင်းပြေးပြီး ပျောက်ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ညွှန်ပြခဲ့ရာသို့ ကြည့်မိသည်။ ဂျစ်ကားတစ်စင်းက တောင်ခြေမှာ ပြားဝပ်စွာရပ်လျက်...

"ငါ လာတဲ့လမ်းအတိုင်း ပြန်ရမလား"

"သူ ခင်းတဲ့လမ်းကို လျှောက်ရမလား"

ဆုံးဖြတ်ချက်နှစ်ခုကို လျှပ်တစ်ပြက် ရွေးရသည်။ သူတို့နှင့် ရှောင်ကွင်း၍မဖြစ်။ ထိတွေ့ရင်း ဖြေရှင်းမှဖြစ်မည်။

ကားရှိရာသို့ ပြေးဆင်းခဲ့သည်။ ကားစတီယာရင်၏နောက်မှ အမျိုးသမီးက အောင်နိုင်စွာပြုံးရင်း ကြိုဆိုနေသည်။

"သြော်...ခင်ဗျားကို"

ပြောရင်း ဘေးမှ ဝင်ထိုင်လိုက်ရသည်။ စက်နှိုးပြီးသား၊ ဂီယာသွင်းပြီးသားကားက ပျံတက်တော့မတတ်၊ အရှိန်ပြင်းစွာ ထွက်လာသည်။

"အဟား...ဟား...ကိုသဲမာ...ရှင့်ကို မာမီကြီးက ဘာတွေများ ကျအောင် ပြောလွှတ်လိုက်သလဲ"

"ဟင်...စန်ဒြာ...ဟာ..."

❖ ❖ ❖

## အခန်း ။ ၃ ။

"ဟင်...စန်ဒြာ...ဟာ"

ကားဘေးမှာ ဝင်ထိုင်ရင်း အတွေးတို့က ဆက်စပ်လာသည်။

"စန်ဒြာဇေဗီယာ (Sandra Xavier)ဆိုတဲ့ ငါနဲ့ရင်းနှီးပြီးသား မိန်းကလေးဟာ ဒီဂိုဏ်းခေါင်းဆောင် ဒေါ်မာရီရဲ့ သမီးလေးပါလား"

တာချီလိတ်မြို့တွင်းမှာ စန်ဒြာ ကားမောင်းနေစဉ် အတွင်း စန်ဒြာနှင့် စတင်ဆုံခဲ့ရသည့် အကြောင်းများက မောင်သဲမြတ်၏ အတွေးထဲဝယ် ပြန်လည်လှုပ်ရှားသက်ဝင်လာသည်။

❖ ❖ ❖





www.burmeseclassic.com

www.burmeseclassic.com



ထိုင်းနိုင်ငံ၏မြို့တော် ဗန်ကောက်သို့ ဤမယ်ဆိုင်တံတားကြီး ထိပ်မှ ၈၉၁ ကီလိုမီတာ ဝေးကွာသည်ဟု ဖော်ညွှန်းထားသော ဆိုင်းဘုတ်တစ်ခု ပါရှိ၏။ (Bangkok to Mae Sai-891 Km)ဟု ဆိုထားပါ၍ ၁ ကီလိုမီတာလျှင် ၀.၆၂ မိုင် ရှိသဖြင့် တာချီလိတ်နှင့် ကပ်လျက် မယ်ဆိုင်နှင့် ဗန်ကောက်မြို့တော်မှာ ၅၅၂.၄၂ မိုင် ဝေးကွာပါမည်။

နိုင်လွန်လမ်း ပြန့်ပြန့်ညက်ညက်ကြီးက သူ့ဦးတည်ရာမှာ မျက်စိတဆုံး...

ညနေ ၆ နာရီတွင် ဗန်ကောက်မြို့သို့ ထွက်မည့် အသစ်စက်စက် ဟီးနိုးကားကြီးက ဆိုဖာနှင့် ကတ္တီပါလိုက်ကာနှင့် အိမ်သာနှင့်...

ဤမိုင်ငါးရာကျော်ခရီးကို နောက်နေ့ နံနက် ၅ နာရီအရောက် ညချင်းပေါက် မောင်းပေလိမ့်မည်။

"အင်ယုံးစိန် ကုန်မျိုးစုံ ပင်ရင်းဈေးခန်း"

ဟူသော မယ်ဆိုင်တံတား၏ လက်ဝဲဘက်ထိပ်မှ ခြောက်ထပ် တိုက်ကြီးတွင်းသို့ ဝင်ခဲ့သည်။ တစ်ထပ်တွင် လျှပ်စစ်ပစ္စည်း၊ တစ်ထပ်တွင် အားကစားပစ္စည်း၊ တစ်ထပ်တွင် အဝတ်အထည်၊ အိမ်သုံးပစ္စည်းစသော ကုန်မျိုးစုံက ကြည့်မကုန်နိုင်တော့။

ခြောက်ထပ်ဆိုသော်လည်း ငါးထပ်သာမြင်ရသည်။ တစ်ထပ်က မြေကြီးထဲမှာ...





အမျိုးသားငယ်က မြေအောက်ထပ်သို့ လှေကား လိမ်လိမ်ကွေ့ကွေ့လေးအတိုင်း ဆင်းလာခဲ့သည်။

ပန်းကန်ခွက်ယောက်၊ ကလေးကစားစရာ ပစ္စည်းမှအစ ဗွာသုံးကုန် ပစ္စည်းကအစုံ၊ သူက ဂက်(စ)လိုက်တာ မီးခြစ်လှလှလေးတစ်လုံးကို ဝယ်ယူနေဆဲ...

"ကိုသဲမြတ်ဆိုတာလားဟင်"

"အိုး...ခင်ဗျား မြန်မာလား၊ မြန်မာစကားတတ်နေတဲ့ ယိုးဒယားလေးလား"

"ဟင်း...ဟင်း...စန္ဒြာက မြန်မာပါရှင်"

"နာမည်က ဘယ်သူ"

"အင်္ဂလိပ်နာမည်ပါ။ စန္ဒြာဇေဗီယာ(Sandra Xavier)ပါတဲ့ရှင်"

"သြော်...စန္ဒြာ(Sandra)...အင်း...ခေါ်လို့တော့ အကောင်းသား"

"စန္ဒြာ မေးတာမဖြေသေးဘူး။ ကိုသဲမြတ်လားလို့"

"မောင်သဲမြတ်ပါ"

"ဟင်း...ဟင်း...သိပ်ငယ်ချင်တယ်ထင်တယ်"

ခရမ်းပြာရောင် လက်သည်းရှည်များကြားမှ စီးကရက်ကို ရှိုက်ဖွာလိုက်ရင်း အမျိုးသမီးက ရယ်လိုက်သည်။

စန္ဒြာ၏ ပါးလွှာသော ပန်းနုရောင်လည်ဟိုက်...ကျောဟိုက် အင်္ကျီအောက်မှ ဘရာစီယာက... အထင်းသား။ သေးကျင်သော



www.burmeseclassic.com

www.burmeseclassic.com



ခါးအတိုင်းအကျီကြ ရှုံ့ကျပြီး တင်သားအထက်အထိ ရှည်ကျနေသည်။ အိညက်သော အုတ်နီခဲရောင် ဘောင်းဘီက တင်နှင့် အံဝင်ဂွင်ကျ။ အဖျားတျမှ တဆောင်ခန့် ကားနေသည်။

မျက်နှာကတော့ သဘာဝဆိုလျှင် လှဦးမည်။ ချယ်သမှုကြောင့် ဆန်းသစ်ရုံသာရှိသည်။ မလှပါ။ ဆံပင်က မျက်နှာ၏ နောက်ဘက်တွင် ပဆောက်ပုံ ဝေဝိုင်းကော့ပျံနေသည်။

"ကိုသဲ...အဲလေ...မောင်သဲမြတ်က 'ဂျွန်ပျံ'အမှတ်တံဆိပ်နဲ့ ဆရာကြီးဆီက ရောက်လာသူမို့ စန်ဒြာက ကြိုဆိုဖို့ ရောက်လာတာပါရှင်"

"သြော်...စန်ဒြာကလည်း ဆရာကြီး ဦးစကြာတို့အဖွဲ့က ပဲလား"

"သာမာန် အသင်းသူလေးပါတဲ့၊ မောင်မောင်သဲရယ်...ဦးစကြာဆိုတဲ့ ဆရာကြီးကို စန်ဒြာတို့လောက်အဆင့်နဲ့ တွေ့ခွင့်မရှိပါဘူး"

"ကျုပ် မောင်သဲမြတ်မှန်း ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"စန်ဒြာ အားလုံးသိပါတယ်ရှင်"

"ဒါဖြင့် အခုဘာကိစ္စလဲ"

"မောင်မောင်သဲမြတ်ကို ညှော်ခံဖို့...အလုံးစုံပြုစုဖို့ပါရှင်..."

စန်ဒြာက မျက်လုံးကို စွေမှေးကြည့်ရင်း နှုတ်ခမ်းလေးတစ်ခြမ်း တည်းကွေး၍ ပြုံးလိုက်သည်။

အသိရ မခက်လွန်းသော စန်ဒြာသို့...





"ကျုပ်အတွက် ဘာမှမလိုအပ်သေးပါဘူး"

"ပြုစုပေးလောက်အောင် ဝေဒနာမရှိဘူးတဲ့လားရှင်"

"ဟုတ်တယ်၊ မရှိဘူး။ မြို့ထဲ လျှောက်ဦးမယ်။ ကျုပ်နောက်က မလိုက်ခဲ့ပါနဲ့။ ဂိတ်မပိတ်ခင် ပြန်လာခဲ့မယ်"

မောင်သဲမြတ် လှည့်ထွက်လာတော့ စန်ဒြာက လှေကားထိပ်မှ ရပ်ပြီး....

"စန်ဒြာကို ချန်ထားခဲ့ပေမယ့် မောင်သဲမြတ်ဆိုတဲ့ ဧည့်သည် သစ်ရယ်...

"ရှင့်နောက်မှာ ခြေရာခံပြီးလိုက်နေမယ့် သူတွေ ရှေ့တွက်လို့ မရအောင် များပြားပါတယ်ဆိုတာရော သိပါရဲ့လားရှင်"

စန်ဒြာက ပလတ်စတစ်ပုံလောင်း လှေကားလက်ကိုင်နီလေးပေါ်မှာ လက်တင်၊ လက်ပေါ်တွင် မျက်နှာတင်ပြီး သွေးအေးအေးနှင့် ခြိမ်းခြောက်လိုက်သည်။

မောင်သဲမြတ် ခြေလှမ်း တန့်သွားပြီးမှ ခပ်ဆတ်ဆတ်ပင် လှေကားထစ်များကို နင်းလျှက် မြေတိုက်အထပ်မှ ထွက်ခဲ့တော့သည်။

စန်ဒြာတို့၏ အဖွဲ့မှာ အင်အားကြီးမားလှကြောင်း သည်တာချီလိတ်ဆိုသော နယ်ခြားမြို့လေးသို့ မရောက်ရှိမီကပင် သူမှန်းဆမိခဲ့ပြီးသား။

ဆုံးဖြတ်ချက်များစွာနှင့် ရောက်လာခဲ့သည်မှန်သော်လည်း... သူ့တွင် လက်နက်မဲ့၊ အင်အားမဲ့၊ ပြီးတော့ တစ်ကိုယ်တည်း ဦးနှောက်ဉာဏ်စွမ်းအား၊ တတ်ထားသော ကိုယ်ခံပညာ၊ လျင်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်လတ်ခြင်း၊ ဆုံးဖြတ်ရဲခြင်းများကိုသာ…

ကိုယ်စားပြုလျက် ဤတစ်ဖွဲ့လုံးကို ရင်ဆိုင်ရပါတော့မည်သာ။

စန်ဒြာနှင့် စတင်တွေ့ရှိရသော နေ့လေးကို ပြန်လည် တွေးနေစဉ် ကားက ခြံဝင်းတစ်ခုတွင်းသို့ ရောက်လာသည်။

မောင်သဲမြတ်၏ တည်းခိုဆောင်လေး ရှေ့တည့်တည့်မှာ ဆောင့်ရပ်လိုက်သည်။

"လိုက်ပို့တဲ့အတွက် ကျေးဇူးပါပဲ စန်ဒြာ"

"သူက နှုတ်ဆက်နေတာလား"

"ဒါပေါ့"

"နှုတ်ဆက်စရာ မလိုပါဘူး"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ စန်ဒြာက သူနဲ့အတူနေမယ့်သူ"

❖ ❖ ❖



အခန်း ။ ၄ ။

မှိုင်းရီပြာလဲ့သော အလင်းရောင်လေးအောက်တွင် နှစ်ယောက်သား ရှိနေကြသည် ဆိုသော်လည်း မောင်သဲမြတ်က ဒရင်း(မ)ဘုတ်ဆါမှ မထဘဲ တယ်လီဗေးရှင်းကို ကြည့်နေသည်။ ပထမ ဘောလုံးပွဲပြီးတော့ ထိုင်းနိုင်ငံ၏ နာမည်ကြီးအမျိုးသားအဆိုတော်သာနင်အင်ထော်ရထစ်(Thanin-Ein-thorathip)၏ အလှကို ငွေနှင့်ချည်း ဝယ်မရပါဟု အဓိပ္ပာယ်ရသည့် သီချင်းကို ဆိုနေကြောင်း စန်ဒြာက ပြောပြသည်။

သူ့အလှည့်ပြီးတော့ နာမည်ကြီး အမျိုးသမီးနှစ်ယောက်၏ အားသံသာကို ကြားရမြင်ရပြန်ပါ၏။

ဖောင်စီဝါရနု (Phon-Si-Varanu)နှင့် ကျင်တနာစုစတိတ် (Kyin-ta-na susa-thip)တို့ ဖြစ်ကြောင်း စန်ဒြာကပင် ရှင်းပြသည်။

www.burmeseclassic.com



တေးသံနှင့် ရုပ်လွှာကို အာရုံမရောက်ပါသော်လည်း ငေးနေမိသည်။ ဗန်ကောက်မြို့မှ လွင့်သည်ကို တာချီလိတ်ကမ်းမှ ဖမ်း၍ ရပါ၏။

တယ်လီဗေးရှင်းစားမှ ကောင်တာငယ်လေးရှေ့တွင် စန်ဒြာက ရပ်နေသည်။ အပေါ်ပိုင်း ဟိုက်လွန်းသော မက္ကစီ ပါးပါး ပေါ့ပေါ့လေးက စန်ဒြာ၏ ကိုယ်လုံးလှလှလေးကို ပိုးတဝါး မြင်သာစေသည်။

စန်ဒြာက Ballantine's 12 years old အရက်ကို pegmeasure ခြင်ခွက်ဖြင့် ပုလင်းနှင့် တော့စွပ်ဒွန်ချနေသည်။ လေးကြိမ်ထည့်၍ နှစ်ပက်စာ ရရှိလာသော နိုင်လွန်ဖန်ခွက်လှလှလေး နှစ်ခွက်ကို ကိုင်လျက် တစ်ခွက်ကို...

"ရော့..."

မောင်သဲမြတ်က မကြည့်ဘဲ လှမ်းယူပြီး မော့သောက်လိုက်သည်။

"ယူဦးမှာလား"

"သုံးဆထည့်"

"သိပ်များလို့ ရလို့လားလို့"

"ထည့်စမ်းပါ"

"စောစောစီးစီး ဖလက်ပြနေမှာစိုးလို့လည်း ပြောရသေးရဲ့။ ဟင်း...ဟင်း...ကဲ...ရော့..."

စန်ဒြာက သူ့အရက်ခွက်ကို ထည့်ပေးရင်း ပြောသည်။

"ဘာလို့ လျှော့ထည့်ရတာလဲ"





"သိပ်များမှာစိုးလို့"

"အရက်များလို့ သဲမြတ်တို့ ဖလက်ပြရိုး ထုံးစံမရှိဘူး"

ဘာလင်တိုင်းဆိုသည့် အရက်ကို နှစ်ကျိုက်ခွဲ၍ မော့ပြီး...

"ပေးစမ်းပါဦး"

"စော်တော့ကွယ်"

အမျိုးသမီးက ဘေးမှာ ဒူးထောက်ထိုင်ချလိုက်ပြီး မောင်သဲမြတ်၏ ရင်ခွင်ပေါ် ခေါင်းမှီထားသည်။

ဝီစကီရှိန်နှင့် စန်ဒြာတို့ မူးယစ်ရီဝေနေလေပြီ။

မောင်သဲမြတ်၏ စပို့ရှပ်ဇစ်ကို ဆွဲဖွင့်ပြီး ကြွက်သားရင်ပြင်ကို နှုတ်ခမ်းလေးနှင့် ပွတ်ရွှေ့ပွေ့ဖက်လာသည်။

"ဒေါ်မာရီ"

မျက်စိထဲတွင် မျက်ဝန်းလှလှမှ မျက်ရည်ကျနေသော သူ့မိခင်၏ အနွမ်းမျက်နှာပြင်ကို မြင်နေရသည်။

"ချောက်..."

တယ်လီဗေးရှင်း ခလုတ်ကို ရီမုတ်(တ်)ကွန်ထရိုး(လ်)ဖြင့် ဘေးထိုင်နှင့် ဆက်တွဲထားသည်မို့ အမျိုးသမီးက ပိတ်လိုက်သည်။

"စန်ဒြာ အိပ်ချင်ပြီကွယ်"

"သွားအိပ်လေ"

"လာလေ"

"ကဲ...စန်ဒြာ၊ ဖယ်စမ်း၊ ခေါင်း မူးနေပြီ။ သွား... ခုတင်ပေါ်မှာ အိပ်ချည်"



www.burmeseclassic.com

www.burmeseclassic.com



"သူရော..."

"ဒီမှာပဲ အိပ်မယ်"

"စန်ဒြာလည်း ဒီမှာပဲအိပ်မယ်"

"ငါ့ကို လာညှုမနေနဲ့။ သွားစမ်း"

"ဒါကြောင့် ကိုသဲမာကြီးလို့..."

"အေး...အသည်းမာလို့ အချစ်မရှိရှုမကဘူး။ ဘာဆန္ဒမှလည်း မရှိဘူး။ ဖယ်စမ်းကွာ"

စန်ဒြာ၏ပခုံးကို ခပ်ကြမ်းကြမ်းပင် မ,ပြီး ဖယ်ပစ်လိုက်သည်။ ကစင့်ကရဲ ကြမ်းပြင်ပေါ်ကျ၍ စန်ဒြာက ဒယီးဒယိုင် ထပြီး သူ့အား စားပွဲပေါ်ရှိ ပန်းအိုးမှ ဒေစီပန်းတစ်ဆုပ်ကို ဆွဲယူပြီး ပေါက်ပစ်ခဲ့သည်။

မောင်သဲမြတ်က ရေထိပန်းများကို သူ့ရင်ပေါ်မှ ဖယ်ပစ်လိုက်ပြီး စီးကရက်ကို ထုတ်ယူလိုက်လေ၏။ စန်ဒြာနှင့် ဆုံရသည့်မနက်က ဝယ်ခဲ့သော ဂက်စ်လိုက်တာလေးကို ဖွင့်ညှိနေဆဲ အထဲမှ ကျိန်ဆဲသံများကို ကြားနေရသည်။

"နွားဘဝက လူဖြစ်လာလို့ နွားစိတ်မကုန်ဘူး"

ဖြစ်ချင်ဇာတိုင်းဖြစ်နေသော အမျိုးသမီးငယ်၏ အသံကြောင့် ပြုံးချင်လာမိသည်။ မပြုံးဖြစ်။

သူ မပြုံးဖြစ်ခဲ့သည်မှာလည်း ကြာခဲ့ပြီ။

သူ့မှာ လေးလံသော တာဝန်များ၊ ကြီးမားသော လုပ်ဆောင်စရာများ၊ အရေးကြီးသော ရှာဖွေမှု များစွာတို့ကို လုပ်ဆောင်ရပါဦးမည်။





သူ့မှာ ရည်ရွယ်ချက်အပြည့်နှင့်ပါ။ ကိစ္စများစွာနှင့်ပါ။

သို့သော် သူသည်...

မေတ္တာမပါသည့် သူ။

အသည်းနှလုံး ဗလာနှင့်လူ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၅ ။

ထိုင်းနိုင်ငံသူ၊ နိုင်ငံသားတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ထိုင်းဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့သည် ဗုဒ္ဓဘာသာကို များစွာ သက်ဝင်ယုံကြည်ကိုးကွယ်ကြသူများ ဖြစ်ပါ၏။

ဤမင်းနှင့် မိဖုရားကိုလည်း တစ်တိုင်းပြည်လုံးက လေးစားကြည်ညိုကြသည်။ အိမ်တိုင်း၊ ဆိုင်တိုင်း၊ လက်တွန်းလှည်းနှင့် ရောင်းသော စားစရာ ဆိုင်လေးကအစ မင်းနှင့် မိဖုရားပုံကို ကိုးကွယ်ရန် ချိတ်ဆွဲထားကြလေသည်။

ထိုင်းနိုင်ငံ၏ နယ်ခြားမြို့လေး မယ်ဆိုင်မှာလည်း ဘုရားနှင့် ဘုန်းကြီးကျောင်းနှင့်ပါ။ Phra Dhat Doy Wad Pagoda ဖာရာဒပ် ဒွိုင် ဝပ် ဘုရားဟူ၍ အင်္ဂလိပ်စာထိုးထားသော လှေကားမုခ်ဦးကို မော့ကြည့်မိသည်။

ကြည့်ကွင်းသာ ဆုံးသွားသည်။ လှေကားထစ်များက မဆုံး။

"ကြည့်စမ်း။ နဂါးကြီးတွေ ဘယ့်လောက်လှလဲ နော်"





"အင်း... အဲဒါ ကြည့်နေတာ။ အခု မြင်ရတဲ့အတိုင်း ကိုယ်လုံးဒါက အကြေးခွံနေရာတွေမှာ ဆေးစိမ်းနဲ့ ဆေးဖြူအကြားတွေအားလုံး ခြယ်ထားသလား"

"တလျှောက်လုံးပဲ၊ မိုးအပေါ်ရောက်တဲ့အထိ"

"အမြင့်ကြီးလား"

"အမယ်လေး...မောအောင် တက်ရမယ်"

စန်ဒြာသည် မနက်ကျတော့လည်း ကြည်ကြည်လင်လင်ပါ။ အပြာရောင်ဘောင်းဘီနှင့်၊ အပေါ်ပိုင်းမှာ မြန်မာမိန်းကလေးငယ်များ ဝတ်သော ရှင်မီးအင်္ကျီလို Nightie ကို ဝတ်ထားပါ၏။ ကျောနှင့် ရင်အပေါ်ပိုင်းတွင် သိုင်းထားသော လက်တစ်လုံးစာ ကြိုးပြားလေးမှ လွဲ၍ အားလုံး ဗလာ။ ကိုယ်လုံးလှသော စန်ဒြာက ဘောင်းဘီနှင့် လိုက်သည်။ အမြဲလည်း သူ ဝတ်သည်။ သည်မှာဘက်တွင် နေထိုင်ကြသော မြန်မာအမျိုးသမီးတို့မှာ ဘလောက်(စ)နှင့် ဘောင်းဘီ၊ သို့မဟုတ် မက်(က်)စီ ဝတ်လေ့ရှိကြသည်။ မြန်မာလိုလည်း ဝတ်ပါ၏။

ထိုင်း အမျိုးသမီးငယ်များ၊ တရုတ်မများ၊ ရှမ်းမလေးများ၊ ရှမ်းတရုတ်မလေးများတို့ကမူ ဘောင်းဘီကိုသာ ဝတ်ကြသည်။ ဘောင်းဘီနှင့် စီးလိုက်ကြသည့် မော်တော်ဆိုင်ကယ်များကလည်း မယ်ဆိုင်တစ်မြို့လုံး နေရာအနှံ့။ ဈေးအတွင်း လမ်းကြားလေးများသို့ပါ ဝင်သည်။ လမ်းမကျယ်ကြီးများပေါ်မှာဖြင့် လွှင့်ခနဲအောင် စီးကြသည်မှာ ဒုတ်ဆန် 160 J တို့၊ မစ်ဆူဘီရှီ လန်ဆာတို့၊ တိုယိုတာ အမျိုးအစားဝင် ကားသစ်များနှင့်အပြိုင် မိုးပေါ် ပျံတက်မတတ်။



www.burmeseclassic.com

www.burmeseclassic.com



"ဗန်ဒိုင်မီကီခန့်"

"မီစောင်လို့ငွဲပက်ခန့်"

"ခေါ့(ပ်) ခွန်း မာ့(က်)...ခါ"

"ဟိုက်မီခွာမ်စု(ခ်)စဗိုင်"

လေ့ကားများကို စတင်တက်စဉ် စန်ဒြာက ဘုန်းကြီးတစ်ပါးနှင့် ပြောဆိုနေခြင်းပါ။

"ဘာစကားလဲ"

"ထိုင်းဘာသာနဲ့ လေ့ကားဘယ်နှစ်ထစ်ရှိလဲလို့ မေးကြည့်တာ ဘုန်းကြီးကဖြေတယ်။ ၂၀၈ ထစ်တဲ့"

စန်ဒြာက "ကျေးဇူးတင်ပါတယ်"ဆိုတော့ ဘုန်းကြီးက...

"အေး...ချမ်းသာကြပါစေ တဲ့"

ယိုးဒယားစကားကလည်း ရှုပ်သား။ "ကျေးဇူးတင်ပါတယ်" ကိုတောင် အသက်၊ ဂုဏ်၊ ဝါကြီးသူက ပြောရင်...

"ခေါ်(ပ်)ကျိုင်း မာ့က်"လို့ ပြောရတာ။

"ခေါ့(ပ)ခွန်းမာ့(က်)ခါ"ဆိုတာက စန်ဒြာတို့လို လူငယ်တွေက ပြောရတာ။ 'ခါ'ဆိုတာ 'ရှင်'၊ 'ခရပ်'ဆိုရင် 'ခင်ဗျား'။

လေ့ကားတွင် တံမြက်စည်း လှဲနေသော ဝါရွှေသည့် သင်္ကန်း ဝတ် သံဃာတော်က တည်ငြိမ်သောမျက်နှာနှင့် ဖြေကြားပါ၏။ အထက်မှအောက်သို့တိုင် တံမြက်စည်းကို ဂရုတစိုက် လှဲရင်း ဆင်းလာနေရာမှ မောင်သဲမြတ်နှင့် စန်ဒြာတို့ထံ ဖုံလွှင့်မည်စိုးဟန်နှင့် ရပ်တန့် လိုက်သည်။





"ဒါ့ ထိုင်းအမျိုးသား ဗုဒ္ဓဘာသာဘုန်းတော်ကြီးပေါ့နော်"

"ဒါပေါ့"

မောင်သဲမြတ်မှာ သူ့ဝပ်ကင်းရှူးဖိနပ်ကို သေးချပြီး ဘောင်းဘီ နှင့်ပင် ဒူးတုပ်လျက် ဘုန်းတော်ကြီးကို ကန်တော့လိုက်သည်။

ဗုဒ္ဓ၏ ဘာသာတရားကို လေးစားသက်ဝင်နေသော ထိုင်း သံဃာတော်သည် မေတ္တာပြည့်လျှမ်းစွာ ပြုံး၍ တိုးတိတ်စွာ ဆုများ ပေးလျက် တည်ငြိမ်သော ဣန္ဒြေနှင့် ရပ်နေရှာပါ၏။

စန်ဒြာက မကန်တော့ဘဲ ရပ်နေ၍–

"စန်ဒြာက ဗုဒ္ဓဘာသာမဟုတ်ဘဲကို။ ခရစ်ယာန်လား"

"ဘာ့ဘာသာမှ မကိုးကွယ်ဘူး"

စန်ဒြာကို စိတ်ပျက်စွာ ကြည့်မိပြီး...

"ယိုးဒယားစကားလည်း အတော်တတ်နေပါလား"

"ထိုင်း၊ ရှမ်း၊ အင်္ဂလိပ် အားလုံး နည်းနည်းစီရတယ်"

"တော်သားပဲ"

"ဒီဘက်မှာ ဒါတွေ မကျွမ်းရင် ခံရမယ်။ အခါ၊ လားဟူနဲ့ ပလောင်စကားတောင် ထမင်းစားရေသောက် ရသေးတယ်"

စန်ဒြာက သူ့ကို ချီးမွမ်းလိုက်၍ တာချီလိတ်မြို့နယ်တွင် ရှိသော တိုင်းရင်းသားစကားများပါ တတ်ကျွမ်းကြောင်း ဝင့်ကြွားလိုက် သေးသည်။

လေ့ကားအတိုင်း တက်လာကြသည်။ ကိုယ်ခံပညာရော ဘုန်းမာရေးပါ တောင့်တင်းလွန်းသော မောင်သဲမြတ်နည်းတူ စန်ဒြာ



www.burmeseclassic.com

www.burmeseclassic.com



က ဘေးမှ မမောတမ်း မပန်းတမ်း လိုက်တက်နိုင်သည်။ သူတို့ မရပ်နားကြ။

"၂၀၈ ထစ်တောင် ရှိတဲ့ လှေကားဘေးကာ အုတ်နံရံထိပ်တလျှောက်လုံး နဂါးကြီးနှစ်ကောင် သွယ်ဆင်းနေတဲ့ပုံ လုပ်ထားတာ တကယ်ချီးမွမ်းမိတယ်"

"တကယ့် နဂါးတောင် ဒီလောက် ရှည်ချင်မှ ရှည်မှာနော်"

စန်ဒြာက စကားဆက်ပြောလာသည်။ ရောက်ခါနီးမို့ မောဟိုက်သံလေး ပါလာပြီ။

"သူ တက်ချင်တယ်ဆိုလို့သာ၊ အပေါ်ကျတော့ အလကားဘုရားက သေးသေးလေး..."

"အို... ဒီလိုမပြောရဘူးလေ...၊ ဒါ သိပ်အရေးကြီးတဲ့ သမိုင်းဝင်ဘုရား"

"ယူ သိလို့လား"

"သိတာပေါ့။ ဒါ တို့ရဲ့ ရွှေဘိုဘုရင် ဦးအောင်ဇေယျ တည်ခဲ့တာပေါ့"

"သူ ဘယ်သူပြောလဲ"

"ရာဇဝင်မှာ အထင်အရှား ရှိတာပဲ...။ ဦးအောင်ဇေယျ ဇင်းမယ် [ထိုင်းအခေါ် ချင်းမိုင်(Chienmae)] အထိ ရောက်ခဲ့တာ လူတိုင်းသိတာပဲ"

ဘုရားကုန်းတော်ပေါ်သို့ ရောက်ခဲ့ကြပြီ။





မုခ်ဦး၏ ဝဲယာမှာ အညိုရောင် ခြသေ့်ငယ်လေးကောင် အတိုင်းလျက် နှစ်ဘက်ရှိသည်။

စေတီမှာ ဘုဏ်တော်မမြင့်လှသော်လည်း သပ္ပာယ်ပါသည်။ ကုန်းမြေလေးက သန့်ရှင်းသာယာလှပါဘိ။

တရုတ်စကားပင်များနှင့် လက်ပံပင်၊ သဖန်းသီးများ ပြွတ်နေသော သဖန်းပင်များကိုပါ တွေ့ရှိရသည်။

"တောင်ဘက်မှာ တာချီလိတ်မြို့"

"ဟုတ်သားပဲ၊ ငွေတောင်ဦးဘုရားတောင်ကိုတောင် မြင်နေရတယ်"

"ဟိုဘက်တောင်ပေါ်ကကြည့်လည်း ဒီဘုရားကို မြင်ရတာပဲ"

"ဟုတ်မှာပေါ့"

"အရှေ့ဘက်မှာ မယ်ဆိုင်"

မယ်ဆိုင်မြို့၏ တစ်မြို့လုံးရှုခင်းကို မြင်နေရသည်။ တာချီလိတ်နှင့် မယ်ဆိုင်ဆိုသည်ကလည်း နှစ်နိုင်ငံအဖြစ်နှင့်သာ ပိုင်းခြားထားရသည်။ ရေနည်းချိန်တွင် လူလမ်းလျှောက်၍ ကူးသွားလျှင်ရနိုင်သော မယ်ဆိုင်ချောင်းငယ်လေးတစ်ခုသာ ခြားထားခြင်းဖြစ်ပါ၏။ ဤချောင်းငယ်သည် မဲခေါင်မြစ်တွင်းသို့ စီးဝင်ကာ လောနိုင်ငံတွင်းသို့ ဆက်လက်စီးဆင်းသွားပါလိမ့်မည်။

တည်ဆောက်ထားသော ဤချောင်းကူးတံတား၏ ဟိုဘက်သည်ဘက်မှာ နှစ်နိုင်ငံ၏ သက်ဆိုင်ရာအကောက်ခွန်နှင့် လ–ဝ–က



www.burmeseclassic.com

www.burmeseclassic.com



များက စောင့်ကြပ်နေကြပါ၏။ မနက် ၆ နာရီမှ ည ၆ နာရီထိ စိစစ်ပြီး သွားခွင့်ပြုပါသည်။ နယ်ခြားမြို့တိုင်း၏ ထုံးစံအတိုင်းပါ။

"ဟိုဘက်မှာ ပါကွေ့"

"ပါကွေ့ဆိုတာ ဘာလဲ"

"ယူ တာကယ့်ဖွူး(လ်)ပဲ၊ ဒီရောက်ပြီး ဒါတောင် မသိဘူးလား"

"တော်စမ်းပါ၊ ကျုပ် ဒါတွေ ဝါသနာမပါဘူး"

"သိပါတယ်။ ဒီလောက် ပြောနေရမယ့် လူတွေ မဟုတ်တော့ပါဘူးရှင့်...။ ကဲ ဘုရားဒါယကာ လုပ်မှာမှုတ်လား။ ဘုရားရှိခိုးလေ-ပြီးရင် သွားမယ်"

စန္ဒြာဇေဗီယာ (Sandra Xavier)ဆိုသော်လည်း မြန်မာစကားကို ကျွမ်းကျင်လှသည်။ ကပြားရုပ်လည်း မပေါက်၊ သူ့မိခင်လောက်လည်း မလှပါ။

"သွားမယ်လေ"

"သွားပါမယ်...သာ့ယာလွန်းလို့ ခဏလေးကြည့်ပါရစေဦး"

"အာ...အာ..ဒါတွေ သုံးခွင့်မရှိဘူးလေ"

မောင်သဲမြတ်၏ လက်တွင်းမှ အဝေးကြည့် မှန်ပြောင်းကို စန္ဒြာက ဆွဲလုလိုက်သည်။

"ဘုရားဒကာ နောက်က ရှုံဒိုးတွေ အများကြီးပါနော်... ဥာဏ်မများပါနဲ့"

"ဟား...ကြောက်နေရပါလား၊ မြို့ရှုခင်းတောင် မကြည့်ရတော့ဘူးလား"





"မကြည့်ရဘူး။ ဒီနေ့အဖို့ အဖွဲ့အနေနဲ့ အထူးအာဏာကုန်ထွဲအပ်ခြင်းခံရတဲ့ စန္ဒြာရဲ့အမိန့်ပါတဲ့ရှင်"

"ခင်ဗျားတို့က ဘာအဖွဲ့လဲ"

"လုပ်မနေနဲ့၊ ဒီအကြောင်းသိပြီးမှ ဒီကို ရောက်လာတာ။ ဒီကသည်း ရှင့် ဘယ်သူဆိုတာ သိပြီးသား"

မောင်သဲမြတ် နည်းနည်းတော့ ဖြုန်မိသား။ သို့သော်လည်း အန်မပျက်ပင် မြို့ငယ်လေး၏ရှုခင်းကို အပေါ်စီးမှ ကြည့်နေမိသည်။

မယ်ဆိုင်မှာ မြို့ငယ်သော်လည်း ယိုးဒယားပစ္စည်းများ၏ အဓိကရောင်းချရာဌာနကြီး ဖြစ်ပါ၍ ရောင်းဝယ်မှုများ ကြီးကျယ်စွာ စည်ကားလှသည်။

ဤပစ္စည်းမျိုးစုံတို့ကို တချို့လည်း ဗန်ကောက်မြို့တော်မှ တိုက်ရိုက်၊ တချို့လည်း ဤမယ်ဆိုင်၏ ခရိုင်မြို့ဖြစ်သော မိုင် ၄၀ လောက်မျှသာ ဝေးကွာသည့် ကျိုင်ခရိုင်း(Chiengrai)မြို့မှ ရောက်လာသည်။ ကျိုင်ခရိုင်းတွင် စက်ရုံများစွာမှ လူသုံးကုန်ပစ္စည်း မျိုးစုံ ထုတ်လုပ်နေသည်။

"ကဲ...လာလေ"

စကားကို ဆုံးအောင်ပင် မပြောရတော့၊ စန္ဒြာက လက်ဆွဲ၍ လှေကားမှ အတင်း ဆင်းတော့မည်လုပ်မှ၊ ဘုရားကို အပြေးအလွှား ရှိခိုးရသည်။

"တပည့်တော်၏ မျှော်လင့်ရည်ရွယ်ချက်များ အမြန်ဆုံး ပြည့်ဝပါရစေဘုရား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရာရှစ်ထစ်သော လှေကားကို စန်ဒြာနှင့်အတူ ဆင်းရင်း စန်ဒြာပြောသလို...

“ဒီကလည်း ရှင်ဘယ်သူဆိုတာ သိပြီးသား”

ဆိုသည့် စကားသည် ခြိမ်းခြောက်မှုသာ ဖြစ်ပါစေ၊ အမှန်တကယ် သိခြင်းမဟုတ်ပါစေနှင့်ဟုသာ ဆုတောင်းရပါတော့သည်။

စန်ဒြာက မောင်သဲမြတ်၏လက်ကို ပိုင်ပိုင်နိုင်နိုင်တွဲရင်း မြို့တွင်း လျှောက်လာသည်။ ‘စိန်သောင်း’စတိုးသို့ သူဝင်သည်။ ဘာဝယ်မှန်းမသိပါ။

လမ်းမကြီး၏ ဝဲယာရှိ တိုက်ဆိုင်ကြီးများ၊ ကုန်မျိုးစုံစတိုးဆိုင်ကြီးများ၊ ခြောက်ထပ်ဟိုတယ်ကြီးများကို မောင်သဲမြတ် ငေးမောရင်း စောင့်နေရပါသည်။

အကယ်၍ မိမိအလိုရှိသောပစ္စည်း ဤမယ်ဆိုင်တွင် မရှိဘူး ထား။ ယခုလို အသိဆိုင်များမှတစ်ဆင့် မှာယူလျှင် ယခု ညထွက်မည့် ဗန်ကောက်သွား ကားကြီးနှင့် မှာလိုက်မည်။ နောက် တစ်ရက်ခြားတွင် ရောက်ရှိလာပေမည်။ ဤမြို့ လွယ်ကူ၍ ဗန်ကောက်မြို့နှင့် တစပ်တည်းလို ဖြစ်နေပါသည်။

နိုင်ငံကူးလက်မှတ်မပါဘဲ သွားကြသူများလည်း မရေတွက်နိုင်။ ထိုင်းနှင့်မြန်မာတို့၏ ရုပ်ရည်က ရော၍ရသည်။ မြန်မာအမျိုးသမီး ဖြစ်သော်လည်း စန်ဒြာတို့လို ဆံပင်တိုနှင့် ဘောင်းဘီနှင့်ဆိုလျှင် အင်တာနေရှင်နယ် ဝတ်စုံမို့ ရော၍ရသည်။





မောင်သဲမြတ်ကတော့ မသွားပါ၊ တရားမဝင်နည်းဖြင့်လည်း မသွားလိုပါ။ မိဘခွင့်ပြုမှ သွားချင်သည့် သားလိမ္မာတစ်ယောက်လို ကိုယ့်တိုင်းပြည်၏ အုပ်ချုပ်ရေး ဥပဒေများကို လေးစားပါသည်။

“ဘာစားမလဲ”

“ကြိုက်တာကျွေး”

“ကျွေးတိုင်းဖြင့် မစားဘဲနဲ့”

“စားပါမယ်”

“လာ…ဒါဖြင့် ဒီဆိုင်ကောင်းတယ်”

ခေါက်ဆွဲ… ဝက်သားချဉ်ချဉ်၊ ဘဲပေါင်းချိုချိုနှင့် အမျိုးမျိုးသော အရုပ်ဆန်သည့် ယိုးဒယားအစားအစာများကို စားပြီး…

“ရုပ်ရှင်ကြည့်ရအောင်”

စန်ဒြာက နာရီကို ကြည့်လိုက်သည်။ အမှန်တော့ မောင်သဲမြတ် ရုပ်ရှင်မကြည့်ချင်ပါ။ စန်ဒြာနှင့် အနေပိုကြာရန် အချိန်ဆွဲလိုက်ခြင်းပါ။

“ဒါဖြင့် ခဏလေးနော်…”

စန်ဒြာ ထွက်သွားသည်။ လိုက်ကြည့်သော်လည်း မမီတော့။ ဟွန်ဒါ ယောက်ျား မော်တော်ဆိုင်ကယ်၏ နောက်မြီးပေါ် ခုန်တက်ပြီး ချိုးကွေ့သွားသည်။

မောင်သဲမြတ်ရှေ့သို့ ကူကာပူး(Kakapoo)ဆိုသော ရှူးစူးရှ အေးအေးမြမြ အရည်လာချသည်။ မော့သောက်ရင်း စန်ဒြာကို စောင့်ရသည်။ သူဘာမှ လှုပ်ရှား၍မဖြစ်…



www.burmeseclassic.com

www.burmeseclassic.com



၁၅ မိနစ်ခန့်အကြာတွင် စန်ဒြာ ပြန်လာသည်။ ရုပ်ရှင်လက်မှတ် ဝယ်လာပြီဟု ဆိုပါ၏။

သူ့ကိုဘာမှ မမေးတော့၊ သူကလည်း ဘာမှမပြော။

ဈေး တိုက်ဆိုင်တန်းများ အတော်လေးလွန်လာမှ ခေတ်ဆီဆိုင်ရုပ်ရှင်ရုံများ တွေ့ရသည်။ နှစ်ရုံရှိသည့်အနက် ယိုးဒယားရုပ်ရှင်ရုံမှ 'ဂျက်ကီချန်း' ပါသော တရုတ်ကားချည်း နှစ်ကား ဆက်ပြမည်ဆိုပါ၏။

၆ ဘတ်... ၈ ဘတ်... ၁၀ ဘတ် တန်းများ ရှိပါ၏။ ၁၅ဘတ်တန်းမှာဖြင့် ဆိုဖာအကောင်းစားများနှင့် မှန်လုံခန်း လုပ်ထားသည်။ အပေါက်စောင့်များကလည်း ယိုးဒယားမချောချောလေးတွေချည်း...

"အဲဒီနောက်က မှန်လုံခန်းမှာကြည့်ရင်၊ ယိုးဒယားလို ဘာသာပြန်ပြီးသား ကြားရတယ်"

မောင်သဲမြတ်မှာ လေ့လာသည့်အနေဖြင့်သာ ကြည့်ရသည်။ စိတ်က မရွှင်ပျလှ။

ရုပ်ရှင်မပြမီတွင် အားလုံး မတ်တတ်ရပ်ကြရပါ၏။

ယိုးဒယားဘုရင်၏ ပုံတော်...လေးမျိုးကို တစ်ပုံပြီးတစ်ပုံ ပြသစဉ် နိုင်ငံတော်သီချင်း တီးလုံးတီးသည်။ ဘုရင့် အဆောင်ယောင်နှင့်ပုံ၊ စစ်မှုထမ်းဝတ်စုံနှင့်ပုံ စသည်များပါဝင်ပြီး နောက်ဆုံး ငါးပုံမြောက်တွင် မိဖုရားကြီးနှင့် တွဲလျက်ပုံကို ပြသည်။

ပြီးမှ ထိုင်းနိုင်ငံတော်အလံ လွင့်ထူထားသည့်ပုံကို ပြပါ၏။ လေးစားစွာ မတ်တတ်ရပ်ပြီးမှ အားလုံး ထိုင်ကြရပါ၏။





"တစ်ပွဲပြီးရင် ပြန်ကြတာပေါ့ စန်ဒြာ"

"ဘာဖြစ်လို့လဲ"

"စန်ဒြာ့ကို စိတ်ပူနေကြမှာစိုးလို့"

"စန်ဒြာ့အတွက် စိတ်ပူမယ့်လူဆိုတာ မရှိပါဘူး"

"စန်ဒြာ့မာမီကတော့ ပူမှာပေါ့"

"သွားစမ်းပါ၊ သူ့ကို ညွှန့်ခံဖို့ လွှတ်ထားပေးတာပဲ"

"ညွှန့်ဝတ်မကျေပါဘူး"

"ဒီထက်ကျေရဦးမလား။ သူကဖြင့်..."

"ဘာမေးလို့မှ မရဘဲ"

"ပြောခွင့်မှ မရှိဘဲ"

"စန်ဒြာတို့မာမီအကြောင်းလောက်ရော"

"သူက ပိုအသိရခက်သေး"

"စန်ဒြာသိသမျှ မသိရဘူးလား..."

"စန်ဒြာကိုယ်တိုင် မသိတာပါ"

"ရှိတာ"

"မရှိပါဘူး။ သူ့ကို စန်ဒြာ ဘယ်လိုယုံကြည်ရမှာလဲ၊ ဒါပေမယ့် သူ့ကို စန်ဒြာအားကိုးချင်တယ်ကွယ်"

"ဟင်"

"တစ်ခုတော့ သူတို့မသိခင် သတိပေးပါရစေ"

"ဘာလဲစန်ဒြာ"

"ဦးယုလှိုင်ကိုတော့ သတိထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးယုလှိုင်ဆိုတာ ဘယ်သူလဲ"

"မာမီကြီးရဲ့ယောက်ျားလေ..."

"သူ့ကို ဘယ်တော့ တွေ့ခွင့်ရမှာမို့လဲ"

"သူနဲ့ တွေ့ပြီးပြီလေ..."

"ဟင်...ဘယ်တုန်းကလဲ"

"မာမီကြီးနဲ့အတူထူ ဆိုတယ်ဆို..."

"ဩော်...ဟို အတွင်းရေးမှူး ဆိုတဲ့လူမှုတ်လား"

"ဟုတ်တယ်...ဒီလိုပဲ သူက နောက်ကကြိုးကိုင်ပြီး မာမီကြီးကို ရှေ့တန်းတင်ထားတာ"

"အဖွဲ့သားတွေ အများကြီးလားဟင်"

"ပြောခွင့် ရှိတာထက် ပိုပြောမိရင် စန်ဒြာရဲ့ ပါးစပ်ကို ထာဝရ သူတို့ပိတ်ထားကြလိမ့်မယ်"

စန်ဒြာသည် သားကောင်ပါလား။

"ဦးယုလှိုင်ဟာ သစ္စာရှိပါတယ်၊ ဒါပေမယ့် ရက်စက်တယ်၊ စန်ဒြာ အကြံပေးပါရစေ"

"ပြောပါ စန်ဒြာ"

"ဒီအဖွဲ့ထဲဝင်ရင် သူ့ကို ဘယ်တော့မှ ကျော်မလုပ်ပါနဲ့နော်..."

"ကျေးဇူးတင်ပါတယ် စန်ဒြာ"

ပိတ်ကားပေါ်သို့ မျက်နှာမူလိုက်ရသော်လည်း စိတ်ထဲတွင် ရှုပ်ထွေးလျက်...





ဦးယုလှိုင်နှင့် ပတ်သက်၍ စန်ဒြာသည် အမှန်အတိုင်း စေတနာ ရှင်ပြာသည်လား၊ ကြောက်ရွံ့အောင် ခြိမ်းခြောက်သည်လား၊ မဝေခွဲ အောက် နိုင်သေး။

နယ်ခြားရောက် မောင်သဲမြတ်၏ အတွေးအခေါ်ထဲ...အမြင်ထဲ တွင် ဝေဝါးဆဲ...မှုန်မှိုင်းဆဲမို့ ရှေ့ဆက်ရမည့် လမ်းမှာ ပျောက်ဆုံး သွားတတ်ပါ။

"သူ့ကို စန်ဒြာ တစ်ခုမေးပါရစေ"

"မေးလေ"

"သူ စုံထောက်မဟုတ်လား"

"မဟုတ်ပါဘူး"

"အင်းပေါ့... ဟုတ်လည်း ဟုတ်တယ် ဘယ်ပြောပါ့မလဲ"

"စန်ဒြာကို သူတို့က မေးခိုင်းတာ မဟုတ်လား"

"သူတို့ဆိုတာထက် မာမီကြီးက ပိုသိချင်နေတာ"

"မဟုတ်ရပါဘူးဗျာ"

"ဒီအဖွဲ့မှာ လူသစ်လဲမလိုဘူး၊ ဘယ်တော့မှလည်း အဝင်မခံ ဘူး။ ဒါပေမယ့် ဆရာကြီးဆီက ထောက်ခံချက်နဲ့ ရောက်လာတာကို ဘာကယ်ပဲ အံ့ဩနေကြတယ်။ စန်ဒြာတို့အဖွဲ့ဟာ ဒီလိုတစ်ခါမှ မျက်နှာသစ်တစ်ယောက်ကို လက်ခံရိုးထုံးစံ မရှိဘူး။ ဒါကြောင့် မာမီကြီးက သူ့ကို သိပ်စိတ်ဝင်စားတာပဲ"

"သူ့သမီးလေးအတွက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မောင်သဲမြတ်က စန်ဒြာ့ဘက်သို့ ကြည့်ရင်း ရည်ညွှန်းပြော သည်။ ရုပ်ရှင်ကို မကြည့်ဖြစ်တော့။

"ဟုတ်တယ်...သူက သူ့သမီးကို သိပ်ချစ်တာတဲ့။ သူ့သမီးဟာ တစ်ခုခုဖြစ်နေတယ်ထင်တယ်"

"ဟင်...သူ့သမီးဟာ စန်ဒြာပဲ မဟုတ်ဘူးလား"

"ဘယ်ကလာ... သူ့သမီးဆိုတာကို စန်ဒြာတို့ မြင်တောင် မမြင်ဖူးကြဘူး"

မောင်သဲမြတ်မှာ စန်ဒြာ့ အဖြေကြောင့် တုန်လှုပ်သွားမိသည်။ သူ့ခြေလှမ်းများသည် ဤအဖွဲ့ကို လိုက်မီရန် များစွာတုန့်နှေးနေသေး ကြောင်း သူကိုယ်တိုင် သိလာရပါပြီ။

"ဦးယုလှိုင်က သူ့သမီးကို မကြည်ဘူးဆိုလားပဲ"

စန်ဒြာသည် ဣန္ဒြေမရှိသော မိန်းကလေးပီပီ စကားလည်း များသည်။ တည်ငြိမ်ခြင်းလည်း ကင်းမဲ့သည်။ မောင်သဲမြတ်၏ လက်မောင်းကို ဖက်တွယ်ပြီး ရုပ်ရှင်ကြည့်ရင်း ရယ်နေသည်။ အငြိမ် လည်းမနေ။

"သူ့သမီးက စန်ဒြာ့လောက် လှမယ်မထင်ပါဘူး"

"စန်ဒြာက သူ့ကိုကျပြီးသား၊ မမြှောက်နဲ့"

စန်ဒြာက ပါးလည်းပါးသည်။ ဒါကြောင့်သာ မောင်သဲမြတ် ထံမှ သတင်းကိုရရှိရန် ဒေါ်မာရီက ထည့်ပေးထားခြင်းဖြစ်လေမည်။

"ဒေါ်မာရီ့သမီးဟာ ဦးယုလှိုင်ရဲ့သမီး မဟုတ်ဘူးပေါ့"

"အင်း"





"နာမည်က ဘယ်သူတဲ့လဲ"

"စန်ဒြာ တကယ်မသိတာ၊ ဒါတော့ယုံ။ မြင်လည်း မမြင်ဖူးဘူး။ ဦးယုလှိုင်ရယ်၊ ဒေါ်မာရီရယ်၊ သူ့သမီးဆိုတာတို့ရယ် ကြားမှာ ပြဿနာတွေရှိနေတာတော့ စန်ဒြာသိတယ်"

သည်မျှပြောပြီး စန်ဒြာက ရုပ်ရှင်ဘက်သို့ စိတ်ဝင်စားသွား ပြန်သည်။

မောင်သဲမြတ်၏ရင်မှာ ထပ်ဆင့် တွေးစရာ ဖြစ်ထွန်းလာ သည်။

မျှော်လင့်ဖွယ်ရာ ရောင်စဉ်တန်းတစ်ခုကိုပါ တစ်ဆက်တည်း မြင်တွေ့လာရတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၆

'သတိ' ဆိုသောစိတ်ဖြင့် ထာဝရ နေထိုင်အိပ်စက်ခြင်းကြော
တိုးတိတ်သောအသံလေးတစ်ခုကြောင့်ပင် နိုးလာသည်။

မောင်သဲမြတ်မှာ လှုပ်ရှားခြင်း မျက်စိကို ဖွင့်သည်။ နား
စွင့်လိုက်သည်။ အသံသည် မိမိ၏ ခုတင်ခေါင်းရင်းဘက်ဆီမှ ကြား
ခြင်း ဖြစ်သော်လည်း ပြာလဲ့သော မီးမှိန်မှိန်အောက်တွင် ဘာပုံရိပ်
မထင်လာသေး။

ငြိမ်၍ ကြည့်နေဆဲ...

ပိတ်ထားသော ခြေရင်းတံခါးပေါက်က လွယ်ကူစွာ ပွင့်လာပြီး
လူတစ်ယောက်ဝင်လာသည်။ တစ်ဆက်တည်းပင် ခေါင်းရင်းဘက်
လူတစ်ယောက်၏ အရိပ်က ရွေ့လျား၍ အနားကပ်လာသည်။

သူတို့နှစ်ယောက်လုံး ခုတင်လယ်သို့ ချဉ်းကပ်လာချိန်တွင်
မောင်သဲမြတ် ခုတင်ပေါ်မှ ခုန်ထလိုက်သည်။





မောင်သဲမြတ် လှုပ်ရှားလိုက်သည်နှင့် ခေါင်းရင်းဘက်မှ ရောက်
သော လယ်သာဂျာကင်နှင့်လူက စတင်တိုက်ခိုက်သည်။ ခြေရင်း
ဘက်မှ ဂျင်းဝမ်းဆက်နှင့်လူက နောက်တစ်လှမ်း ဆုတ်လိုက်သည်။

လယ်သာဂျာကင်နှင့်လူက ခုတင်ပေါ်မှ မောင်သဲမြတ်၏
ခြေထောက်ကို ဖြတ်ရိုက်လိုက်စဉ်...

ကိုယ်ခံပညာ တတ်ကျွမ်းပြီးသား မောင်သဲမြတ်က ကြွခုန်ရှောင်
ရင်း ခြေကိုကားလျက် ကန်ထည့်လိုက်သည်။

လယ်သာဂျာကင်နှင့်လူမှာ မျက်နှာကို တည့်တည့်အကန်ခံရ၍
အန်ကျသွားသည်။

တစ်ဆက်တည်းမှာ ဂျင်းနှင့်လူက ဝင်လာသည်။

မောင်သဲမြတ်၏ ခြေထောက်ကို လှမ်းဆွဲ၍ လန်လဲစေသည်။
အစ်ပတ်လှည့်၍ ပြန်ထလိုက်စဉ် လယ်သာဂျာကင်နှင့်လူကလည်း
ချက်ချင်းပင် ပြန်ထလာနိုင်သည်။ သူတို့လည်း ရွာတတ်၊ ဖည်တတ်၊
ခိုင်တတ်၊ တိုက်တတ်သော 'ဖိုက်တာ'များဖြစ်ပုံရသည်။

နှစ်ယောက်တစ်ယောက် ဖြစ်သော်လည်း ခုတင်ပေါ်မှ မောင်သဲ
မြတ်က အသာစီး။

ခြေကိုသာ သုံးနေရသည်။ ခုန်ရင်း၊ ရှောင်ရင်း၊ တားရင်း၊
ကန်ရင်းဖြင့် တိုက်ခိုက်နေရပါ၏။

လွတ်အောင် ရှောင်နေရုံနှင့်ချည်းမပြီး။ ရန်သူတစ်ယောက်
ဆောက် မှောက်သွားပါမှ ဟူသော အသိဖြင့် ခုတင်ပေါ်မှ ဖျတ်လတ်စွာ
ခုန်ဆင်းလျက် ဂျင်းနှင့်လူကို လက်ဝါးစောင်းနှင့် ဖြတ်ခုတ်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချက်ကောင်းတည့်တည့်ပါပဲ။ နားအောက် လည်တိုင်
သန်မာသော ရိုက်ချက်မိသွား၍ ဂျင်းနှင့်လူ မှောက်သွားပြီ။ မထ
တော့။

လယ်သာဂျာကင်နှင့်လူက တိုက်ကွက်ကိုဆင်ရင်း နောက်
သူဆုတ်နေသည်၊ မောင်သဲမြတ်၏ပညာကို သူဖြုန်သွားလေပြီ။

မောင်သဲမြတ် စိုးရိမ်စရာမရှိ။ တစ်ယောက် တစ်ယောက်ချ
တော့ အသာလေးပေါ့။

လယ်သာဂျာကင်နှင့်လူ၏ ဒဏ်ရာမျက်နှာမှာ ဖြူဆုပ်နေ
ချက်ချင်း အားတက်ကြည်လင်လာသည်။ သူ့မျက်ဝန်းက လင်းလ
စွာ မောင်သဲမြတ်ကိုကျော်၍ ကြည့်လိုက်သဖြင့် သိလိုက်ပါပြီ။

နောက်မှာ ရန်သူ။

မောင်သဲမြတ်က ခုန်၍ ခြေကို နောက်သို့ကွေးပြီး ကန်ထ
လိုက်သည်။

"အင့်..."

တစ်စုံတစ်ယောက်၏ရင်ဝကို ကန်မိကြောင်း သိလိုက်ရသည်
ဒူးထောက်ကျသွားပြီမှာ သေချာသည်။

မောင်သဲမြတ်၏ ခြေအစုံ ကြမ်းပြင်ပေါ်သို့ ကျလျှင်ကျခြင်း

"ဟိတ်..."

မောင်သဲမြတ် ရုန်းသည်။ မရတော့။ သန်မာသော
နှစ်ယောက်၏ ချုပ်ကိုင်ခြင်းကို ခံထားလိုက်ရပြီ။





ပထမ နှစ်ယောက်။

နောက် သုံးယောက်။ ပေါင်း ငါးယောက်။

နှစ်ယောက်သာ မှောက်နေသည်။ သုံးယောက်နှင့် တစ်
ယောက်၊ ပြီးတော့ ချုပ်ကိုင်မှု ဦးသွားပြီမို့ မောင်သဲမြတ် မလှုပ်ရှားနိုင်
တော့။

လယ်သာဂျာကင်နှင့်လူက အော်တိုမက်တစ်ဓားကို ဖွင့်ထုတ်
လိုက်သည်။ သန်မာတည့်မတ်စွာ ထောက်ခနဲ ထွက်လာသည်။

သူက ခလုတ်ကို ပြန်နှိပ်လိုက်သည့်အခါ ဓားက ပြန်ဝင်သွား
တော့သည်။

ဤဓားရိုးတံနှင့် မောင်သဲမြတ်၏ လက်ဝဲဘက် လည်တိုင်ကို
ထောက်ထားသည်။ လက်မက ခလုတ်ပေါ်မှာ။

သူ နှိပ်လိုက်သည်နှင့် လည်တိုင်ထဲသို့ အသွားနှစ်ဖက်နှင့်
ဓားသွား အရှိန်ပြင်းစွာ ထိုးဖောက်ဝင်ရောက်ပေတော့မည်။

သူ မလှုပ်ရဲတော့။

"ဒီနှစ်ကောင်လုံး ထားခဲ့"

မောင်သဲမြတ်၏ တိုက်ကွက်ဒဏ် ခံလိုက်ရသူ နှစ်ဦးကို
နှိုးထားရစ်ခဲ့ပြီး ဓားထောက်လျက်ပင် သူတို့ အပြင်သို့ ခေါ်ထုတ်သွား
ကြသည်။

အပြင်တွင် ဂျစ်ကားတစ်စီး။

မောင်သဲမြတ်ကို ကားပေါ်တက်စေသည်။ မောင်းသူက
တစ်ယောက်၊ သူ့ဒီဘက်မှ တစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



နောက်က တစ်ယောက်က ကျောပြင်သို့ ဓားဓားက အော်တို
မက်တစ် ဓားကို ထောက်လျက် ကားက တရကြမ်း ထွက်လာသည်။

မောင်သဲမြတ် မလှုပ်ရဲတော့။

မုဆိုးတို့၏ သားရဲတွင်းထဲသို့ သားကောင်အဖြစ်နှင့် မောင်သဲ
မြတ် ကျုံနစ်ကျခဲ့ရလေပြီ။

"သူတို့ ဘယ်သူတွေလဲ"

"သူတို့ ဦးတည်ရာအရပ်က ဘယ်လဲ"

ဆိုသော အတွေးလောက်မှ လွဲ၍ သူဘာကိုမှ ကြိုတင်
တွက်ဆ၍ မရ။

ခန့်မှန်း၍ မဖြစ်သည့် အဖြစ်ပါလား။

❖ ❖ ❖



## အခန်း ။ ၇ ။

ကားကိုထောင် ဖြစ်ဟန်တူပါ၏။ ပြန့်ရှင်းနေသည်။ ဘာပရိ
ဘာဂမှမရှိ။

မောင်သဲမြတ်မှာ ကြာရှည် ရပ်မနေနိုင်တော့၍ အင်္ဂတေ
ကြမ်းပြင်တွင် သည်တိုင်းထိုင်ချလိုက်ရသည်။

၁၀ ပေလောက် အမြင့်တွင် သံဇကာကွက် ပတ်လည်ရှိသည်။
အမြင့်နေပြီဖြစ်ကြောင်း မြင်တွေ့ရပေ၏။ ညက သူ့လက်မှာ နာရီပင်
ပါရှိလော။

ဘာဖြစ်လာမည်ဆိုသည်ကို သူကြိုတင် တွေးမနေတော့။
ဖြစ်လာမည့် ပြဿနာကိုသာ အကောင်းဆုံးနည်းနှင့် ဖြေရှင်းရန်
ပြင်ဆင်ထားရုံသာ။

သိချင်မှု တစ်ခုသာရှိသည်။ သူ့ကို ဘာအကြောင်းကြောင့်များ
ချုပ်နှောင်ထားရပါလိမ့် ဟူ၍...

"အင်း...ပေးဦး၊ ပေးပါဦး"

www.burmeseclassic.com



အသံက ဖျော့လွန်းလှသည်။ တိတ်ဆိတ်နေချိန်တွင် နားစွင့်နေသည်မို့ ကြားရုံလေး။

မောင်သဲမြတ် ဆတ်ခနဲ ထလိုက်ပြီး အာရုံစူးစိုက်လိုက်သည်။

"တော်တော့နော်၊ ဒါပဲရှိတယ်"

အမျိုးသားတစ်ဦး၏ ဖျောင်းဖျသံအပြီးတွင် အားနည်းလွန်းသော အမျိုးသမီးတစ်ဦး၏ တောင်းပန်သံလေး။

"သ...သနားရင်ပေး...ပေးပါဦး။ အို..."

အသံလေးက တိမ်ဝင်ပြီး ငိုသံနှင့် ဆုံးသွားသည်။ ပြီးတော့ ငြိမ်သွားသည်။

လူတစ်ယောက်၏ လမ်းလျှောက်သွားသံ၊ တံခါးဖွင့်သံ၊ ပြန်ပိတ်သံ။

ပြီးတော့ စောစောကအတိုင်း အားလုံးပြန်လည် တိတ်ဆိတ်သွားသည်။

မောင်သဲမြတ် ထင်မှတ်ထားသလို သူ ကျောမှီထားသော နံရံမှာ အဆောက်အအုံ၏ အဆုံးမဟုတ်သေး။ ဟိုဘက်နှင့် သည်ဘက်ကို ပိုင်းခြားထားသည့် နံရံသာဖြစ်ကြောင်း သိလာရသည်။

ဤဆယ်ပေကျော် အမြင့်ကို တက်ရောက်နိုင်လျှင် သံဇကာကွက်ကြားမှတစ်ဆင့် ဟိုဘက်ခန်းကို မြင်သာနိုင်မည်။

မောင်သဲမြတ် ဖျတ်လတ်စွာ အခန်းပတ်လည်ကို လှည့်ပြီး ရရာပစ္စည်းကို ရှာရသည်။ ရေပေါ်ထိုးထားသည့် ရေပေါ်စာ၊ သစ်လွှသုံးကို ယက်ရှာမိသည်။ ကွေးနေသော သံတစ်ချောင်းနှင့် သစ်သားအတုံးအစလေးများသာ ရသည်။ သုံးမရအောင် တုံးနေသည့် ဆောက်ငယ်လေးတစ်ခုကိုပါရ၍ ဝမ်းသာသွားမိသည်။ ဤအဆောက်အအုံမှာ အသစ်ဖြစ်၍ အမှိုက်တစ်ပုံကျန်နေသည်ကပင် အားတက်စရာပါ။

မောင်သဲမြတ်မှာ ဆောက်နှင့် သံတစ်ချောင်းကို အသုံးချပြီး သစ်သားတုံးများကို တစို့လုပ်သည်။ အခန်းထောင့်မှ သစ်သားတိုင်ကို သစ်ကော်တွင်းဖောက်ပြီး သူ့ခြေတစ်လှမ်းစာနှင့် လက်တစ်ကမ်းစာမှာ တာယိရိုက်သွင်းရင်း နားထောင်သော်လည်း ဘာသံမှ မကြားရ။

သူ့ ထုနှက် ရိုက်သွင်းသံကိုလည်း ဟိုဘက်ခန်းဆီမှ ဘာမှ တုံ့ပြန်မလာ။

မောင်သဲမြတ် ခြေတစ်ဘက် တင်တက်လျက် အပေါ်စီးကို လှမ်းကိုင်ပြီး တစ်ဆင့်တက်သည်။ အပေါ်သံဇကာကို မမိတမိမှာပင် ခြေနင်းက ကျိုးထွက်သွားတော့သည်။ ဆင့်ကို ဆွဲထား၍ တန်းလန်းဖြစ်နေရာမှ ခက်ခဲစွာ သံဇကာကိုကိုင်၍ မြင်သာအောင် တက်ရသည်။

"အမျိုးသမီးတစ်ယောက်ပါလား"

အိညက်နေသော မွေ့ရာပေါ်တွင် ခွေခွေလေး အိပ်ပျော်လျက်...

"ရှူး...ရှူး...ဟေး..."

အသံပေးကြည့်သည်။ မရ။

"ဒီမှာ...ဒီမှာ..."

"ဟိုဘက်ခန်းက အမျိုးသမီး"

အသံမြင့်လိုက်တော့ သူ လူးလွန့်လာသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ...ဒီမှာ...ကျွန်တော် ဘာကူညီရမလဲဟင်"

သူ့လို ပိတ်လှောင်ခံနေရသည်ဟု ယူဆလာ၍ မေးမိသည်။ အမှန်တော့ သူကိုယ်တိုင် အကျဉ်းစံဘ၀။ သံဇကာကွက်မှာ လက်တွယ်လျက် အံနေထားနှင့် လက်ကနာလှပြီ၊ သတိမထားနိုင်အား။

"ဒီမှာ... ကျွန်တော်ဒီမှာ"

အသံကြား၍ သူ လှူပ်လာသဖြင့် မောင်သဲမြတ် အော်ပြောလိုက် မိသည်။

သူ့ခုတင်က သည်ဘက်သို့ ခေါင်းပေးထားပါ၍ အမျိုးသမီးငယ်မှာ ခက်ခဲစွာ အားယူ၍ တဖြည်းဖြည်းချင်း ခေါင်းလေးကို လှန်မော့ကြည့်လာသည်။

"ဟိုက်...အမယ်လေး..."

သတိလက်လွတ် ဖြစ်သွားသော သူ့အော်သံနှင့်အတူ သူ တွယ်ထားရာမှ ပြုတ်ကျလာသည်။

တဆက်တည်းမှာပင် မောင်သဲမြတ်၏ အခန်းတံခါးလည်း ပွင့်လာပြီး လူသုံးယောက် ဝင်လာတော့သည်။

❖ ❖ ❖



**အခန်း ॥ ၈ ॥**

"အင့်...အား..."

ဆိုသော ခံရသံ၊ 'ဂုတ်' 'ခွပ်'ဆိုသော ရိုက်နှက် ထိုးကြိတ်ဆောင့်ကန်သံများကိုသာ တစ်ခန်းလုံး ကြားနေရသည်။

ချုပ်ထားသည်က သုံးယောက်။

ထိုးနေ၊ ကန်နေသူက တစ်ဦးတည်း။

လှိမ့်ခံနေရသူကတော့ မောင်သဲမြတ်။

"ပြောစမ်း၊ မင်း ဘယ်သူလဲ"

"ဒီကို ဘာလာလုပ်တာလဲ"

ဤမေးခွန်းမျိုး မေးပြီး ထိုးနှက်၊ ပြီးတော့ ထပ်မေး။ ပြီးတော့ ထိုးနှက်၊ ယခု ထပ်မေးပြန်ပြီ။

"ကျုပ်ဟာ စိတ်လေနေတဲ့ ကျောင်းသားတစ်ယောက်၊ ဆရာကြီး ဦးစကြာက ဒီကိုသွား၊ သူတို့အသင်းထဲ ဝင်၊ ခိုင်းတာလေ၊ မင်း

www.burmeseclassic.com



အကျိုးရှိမယ်ဆိုလို့ ရောက်လာတာပါလို့ ဘယ်နှခါ ပြောရမလဲ၊ ခင်ဗျား တို့ ကျုပ်ကိုသတ်လည်း ကျုပ်ပါးစပ်က ဒီစကားပဲ ထွက်မှာပဲ"

"ကဲ..."

"အ...အား..."

အရိုက်ကို အားကုန်ထိုးခြင်း ခံလိုက်ရ၍ မောင်သဲမြတ် ခွေသွား သည်။ ချုပ်ထားသောသူများက လွှတ်ပေးလိုက်ကြသည့် အခါ...

မျက်နှာပြင်မှာ ဒဏ်ရာနှင့်၊ နှုတ်ခမ်းတစ်ဝိုက်မှာ သွေးများ ဖြာလျက်... အရိုက်ကို ထပ်၍ အထိုးခံလိုက်ရသော မောင်သဲမြတ်မှာ အသက်ရှုမရတော့ပါဘဲ အောင့်လွန်းသော ဝေဒနာကို ပြင်းပြစွာ ခံစားရင်း...

ညွတ်ခွေကျသွားသည်။

အသိဉာဏ်ပါ ကိုယ်မှ ခွေတ္တလွင့်ခွာသွားလေပြီ။

❖ ❖ ❖

ပထမဆုံးသိရသည်က နူးညံ့သော လက်အစုံနှင့် ယုယသော ကိုယ်တွယ်မှု...။

နာကျင်သော ဝေဒနာကို ကိုယ်ခန္ဓာအနှံ့ ခံစားနေရသည်ကိုပါ တဆက်တည်း သိလာရသည်။





"အား..."

"ရှူး...တိုးတိုး"

အမျိုးသမီးတစ်ဦး၏အသံ။ နှုတ်ခမ်းဆီမှာ အနာကို ပူနွေးသော အရာနှင့် ထိကပ် တို့လိမ်းပေးနေသည်။

"သတိရပြီလား...ဟင်"

သူ့အသံက လေသံလေးမျှသာ...။

မောင်သဲမြတ် မျက်လုံးဖွင့်ကြည့်သည်။ မျက်ဝန်းတစ်ဝိုက် မှာလည်း ဒဏ်ရာရထားသည်မို့ ပိတ်နေသဖြင့် ရုတ်တရက် ဖွင့်မရ။ ဖွင့်လာပြန်တော့လည်း ဘာမှ မသဲကွဲ။ မှောင်ထဲပါလား။ ငရဲသည် အတိုယမြောက်သို့ ရောက်နေပါပြီကော...။

"ဘယ်...ဘယ်ရောက်..."

"ရှူး... အသံမထွက်နဲ့လေ၊ သူတို့ အပြင်မှာ ရှိနေကြတယ်။ ဒီမှာ... ပြောတာကို အသေအချာနားထောင်ပါ၊ သတိရပြီလား၊ သိပ် အရေးကြီးတယ်"

မှုန်ဝါးနေသော အသိဉာဏ်က ကြည်လင်လာရသည်။ နီးကပ် သော အတိတ်သည် ချောက်လှန့်လာခဲ့ပြီ၊ မောင်သဲမြတ်မှာ အလုံးစုံ သော အကြောင်းရာကို ချက်ချင်းမှတ်မိလာသည်။

"စန္ဒြာ...စန္ဒြာ"

"စန္ဒြာမဟုတ်ဘူးလေ။ ရှေ့...ဒီမှာသော့။ သခမီးကို ဒီက ထယ်ထုတ်သွားပေးပါနော်"

"ဩော်...ဒေါ်...ဒေါ်...မာရီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"သူတို့လာမယ့် စနေညမှာ ပစ္စည်းတွေ ထုတ်လိမ့်မယ်၊ မင်း ဝတ္တရားအတိုင်း ဆောင်ရွက်ပါ။ ဖမ်းချင်ဖမ်းပါ။ သမီးလေးကိုသာ အချိန်မီကယ်ပေးပါ။ စိတ်ချပါရစေကွယ်...အချိန်မရဘူး။ သွားမယ် နော်"

ဒေါ်မာရီမှာ မောင်သဲမြတ် လက်တွင်းသို့ သော့တစ်ချောင်း ထည့်ပြီး ချက်ချင်းလို ပျောက်ကွယ်သွားသည်။

"အို...ဘယ်လိုလဲ"

ရုတ်တရက် လိုက်မသွားနိုင်သော်လည်း အိပ်ရာပေါ်မှ ထထိုင် မိလျက်သား...။

သူ့ကို ပထမဆုံးပေးထားခဲ့သည့် နဂိုနေရာမှာပင်...

"ငါ့ကို ဘယ်သူတွေက ခေါ်...

ဘယ်သူတွေက နှိပ်စက်ပြီး...

ဘယ်သူတွေက ဒီမှာ ပြန်ထားကြတာလဲ"

စက်ဝန်းတစ်ခုလို အတွေးရော လူပါ တစ်ပတ်လည်ပြီး နဂို နေရာ ပြန်ရောက်လာရသည့်အခါ...

အတွေးစက်ဝန်းတွင်းမှ တစ်ခုသော နေရာ၏ အကြောင်း ခေါင်းထဲရောက်လာသည်နှင့်...

"ငါ...သွားမယ်...ငါ ပြန်သွားမယ်"

ဘာအဏ်ရာကိုမှ သတိမရတော့။ ခုတင်ပေါ်မှ ခုန်ဆင်းသည်။ ကျင်းဂျက်ကက်ကို ထပ်ဝတ်လိုက်သည်။ သစ်သီး လှီးသည့် ခေါက်ဓား





ငယ်တစ်ချောင်းသာ လက်နက်အဖြစ် အိတ်တွင်း ထည့်လိုက်သည်။

တံခါးကိုဖွင့်ပြီး အပြင်ဘက်သို့ ခြေလှမ်းလိုက်သည့်အခါ ပိန်းပိတ်အောင် အပြင်မှာ မှောင်နေသည်။

လက်တွင် နာရီက ပတ်ထားပေးပြီးသားမို့ ကွတ်(တစ်)နာရီ၏ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်သည်။ နာရီပေါ်တွင် လင်းလာသော ရောင်ခြည်ဖြင့်...

ည ၂ နာရီ ၁၃ မိနစ်...

ကြာသပတေးနေ့...

ဟူသော သတ်မှတ်ချက်များကို မြင်တွေ့လာရသည်။

အမှောင်ကို မကြောက်ဘူး ထား...

ကြီးမားသော ငါ့ရဲ့ ရည်ရွယ်ချက် အင်အားနဲ့ သူ့ကို ကယ်ပေး နိုင်တယ်ပဲထား...

"ငါရောက်ခဲ့တာ ဘယ်နေရာလဲ"

"သူရှိနေတဲ့ ကားဂိုထောင်က ဘယ်အရပ်မှာလဲ"

"ဒုတိယအကြိမ် ငါ့ကို ခေါ်ဆောင်ပြီး ရေရေလည်လည် နှာခဲ့ ကြတဲ့ ကောင်တွေနဲ့ ဆုံခဲ့ရတဲ့နေရာကို ငါဘယ်လိုသွားမလဲ"

ပြင်းထန်လွန်းသော ဆန္ဒရှိရာသို့ သွားရမည့်လမ်းက လုံးလုံး လျားလျား ဆုံးရှုံးပျောက်ကွယ်နေပါပြီကော။

မောင်သဲမြတ်မှာ ကိုယ်ခန္ဓာပေါ်မှ နာကျင်သော ဝေဒနာတို့ ထက် အဆပေါင်းများစွာ နာ ငင်သော စိတ်ဝေဒနာတို့ ...မှာ ချက်ချင်းဖြစ်ထွန်းလာရသည်မို့...



www.burmeseclassic.com

www.burmeseclassic.com



မာန်တင်းနိုင်အား မရှိတော့။ အပေါက်ဝတွင် ခြေကုန်လက်ပန်း ကျသူလို ယိုင်နွဲ့စွာ ထိုင်ချလိုက်သည်။

သူ့ရှေ့တွင် ပိတ်ဆီးနေသော အမှောင်ကဲ့သို့ပင် သူ့အဖြစ် လည်း ပိန်းပိတ်လျက်သာ။

အမှောင်၏နောက်တွင် အလင်းရောက်တတ်သည့် ဖြစ်ရပ် ပင် သူမေ့လျော့သွားလောက်အောင် ခံစားမှုက ပြင်းထန်လွန်း သည်။

သူ့အဖြစ်ကို သူ့ရှေ့တည့်တည့်ရှိ အိမ်ကြီး၏ ပြတင်း တစ်ချပ်ကို လှစ်ဟ၍ တစ်ယောက်သောသူက ကြည့်ရှုနေသည် လည်း မောင်သဲမြတ် လုံးဝမသိရှိ၊ မကြည့်မိပါချေ။

❖ ❖ ❖



## အခန်း ။ ၉ ။

ဖောင်လိုတ်ရပ်၊ ဆန်(မ)ဆိုင်း၊ မကာအိုခမ်း(မ)၊ ဝမ်ကောင်း၊ လော၊ ဖုံးထုန်(ထွန်)နှင့် ရှာသစ် စသော 'ရပ်ကွက်များ'တာချီလိတ် တွင်ရှိသည်။

မောင်သဲမြတ်၏ ငရဲနှစ်ည အဖြစ်က အိပ်မက်တစ်ခုလိုပင်၊ ယ်ခန္ဓာပေါ်မှာသာ ဒဏ်ရာများမရှိလျှင် ကိုယ့်ကိုယ်ကိုပင် မယုံ စရာပါ။

ယခု သူတို့သည် ဤနှစ်ရက်အတွင်းကအတိုင်း မောင်သဲမြတ်ကို ဆက်ဆံကြ၊ ပြုစုကြ၊ ကျွေးမွေးကြနှင့်ပါ။

စန်ဒြာကိုတော့ မတွေ့ရ။ မောင်သဲမြတ်ပေါ် ယိမ်းယိုင်စပြုလာ သာ စန်ဒြာကို အနီးကပ်ခွင့် မပေးတော့ဟု ထင်ရသည်။

စိုင်းစိုင်း ဆိုသော အမျိုးသားတစ်ယောက်နှင့် ဂျစ်ကားတစ်စီး ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သဲမြတ်မှာ တာချီလိတ်၏ ရုပ်ကွက်များအားလုံး ကားတစ်စင်းနှင့် လှည့်ပတ်သွားနေသည်။ သူကိုယ်တိုင် မောင်းခွင် ၏။ သားမှ စိုင်းစိုင်းကတော့ မခွာ။

ကျောက်ထုရွာသွား ငွေတောင်ဘုရားပေါ်မှ ရှုခင်းများ အပေါ်စီးမှ ကြည့်ကြပါသည်။

"သီရိရတနာဂူဟာကျောင်း"

ဆိုသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းကို ခဏ ဝင်ခွင့်ရသည်။

ကျောင်းသားများ၊ ကိုရင်များသည် ငါးပါးသီလကို ပါဠိ ရှမ်းလိုရော ကျက်နေကြသည်မှာ နားထောင်၍ပင် ကောင်းသော အားလုံး ထိုင်းဘာသာနှင့် ရှမ်းဘာသာသာ သုံးကြသည်။

တရားဟောသည့်စင်က ခန့်ခန့်ညားညားပါ။ လက်ရာ နက်မှောင်နေသော အမည်းစစ်စစ် ထမ်းစင်ပုံ ပိုးသားမျက်နှာကျက် တိုင်များက လှပလွန်းသည်။ အနီးရဲရဲတွင် ရွှေဆေးများက ယိုးဒ ပန်းခက်များ။

မြန်မာတို့နည်း ယူထားသည့် ယိုးဒယားအနုပညာများ ပြန်လည်မြင်ရတော့ မြန်မာဆန်လွန်းသည့်နေရာကို ပြန်ရောက် သလိုလို ဖြစ်နေမိသည်။

"ကဲ...ကြာတယ်။ ပြန်ကြမယ်"

ဘုန်းကြီးကျောင်းထဲမှာ နေရင်း စဉ်းစားနေမိသော မောင် မြတ်ကို စိုင်းစိုင်းက နှိုးဆော်လိုက်သည်။





ရပ်နေသော စိုင်းစိုင်းကို တရားဟောပလ္လင်အောက်မှ ထိုင်နေ သော မောင်သဲမြတ် မော့ကြည့်မိသည်။

သူ ဝှက်ထားသော ခါးကြားမှသေနတ်ကို လှစ်ခနဲမြင်လိုက်ရ သည်။

"ဒေါ်မာရီက မြို့တစ်ပတ်ရောက်ပြခိုင်းထားတာပဲ။ ခဏတော့ ပါဦး အပေါင်းအသင်းရယ်"

မောင်သဲမြတ်၏စကားကိုရော အပြုံးကိုပါ သူ ဘာမှ မတုံ့ပြန် ခပ်တည်တည်ပင် ရှေ့မှ ဆင်းသွားသည်။

"ကျွန်တော့်ခြေထောက်တွေ သိပ်နာနေတယ်။ လီဗာတောင် နိုင်ဘူး။ ခင်ဗျားပဲ မောင်းပါ"

အကြံနှင့် မောင်သဲမြတ်ကို... စိုင်းစိုင်းက သံသယရှိပုံ မရ။ မောင်းထွက်လာသည်။

မောင်သဲမြတ်တွင် ဒဏ်ရာများ ရှိနေသည့် အကြောင်း သည်း သူသိနှင့်ပြီးပုံရသည်။

ကားက မြို့ထဲက ပြန်ထွက်လာသည်။ ခုတ်ဆီဆိုင်၊ သောက်ဆိုင်များရှိရာ တာချီလိတ်မြို့အဝင် တစ်ခုတည်းသော မကြီးအတိုင်း ဖြတ်မောင်းလာခဲ့သည်။ တံတားခြေရင်းမှ မြန်မာ ကြီးမြင်းများ၊ ချည်ချုပ်လုံချည်၊ လွယ်အိတ်၊ ယွန်းထည် စသော နည်းအနည်းငယ်မြင့်သော ခြောက်ခြောက်သွေ့သွေ့။ ထိုလမ်းအတိုင်း ကောင်းရပ်'ကို ဖြတ်လာခဲ့သည်။

မောင်သဲမြတ် စဉ်းစားခဲ့ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤနှစ်ရက်လုံး ညှင်းပန်းနှိပ်စက်ခဲ့ကြသူများသည် တခြားသေ
အဖွဲ့မှ မဖြစ်နိုင်၊ ဦးယုလှိုင်၏ အမိန့်ဖြင့် သူနှင့်မဆုံဖြစ်သေးသေ
မျက်နှာသစ်များက သူ့ကို ဖမ်းဆီးစေပြီး ရိုက်နှက်မေးမြန်းခဲ့ခြင်းသ
ဖြစ်ကြောင်း မောင်သဲမြတ် အခိုင်အမာ တွေးသိခဲ့ပြီးပါလေပြီ။

မြို့မြောက်ဘက်ရှိ ဘုန်းကြီးကျောင်းနှင့် ဘုရားသို့ သွားသည
တရုတ်ဘုံကျောင်းနီနီလေးတော့ မဝင်တော့ပါ။ မကာအိုခမ်းရှ
မဟာမြတ်မုနိဘုရား သွားဖူးမြော်ပြီး အပြန်တွင် ဆေးရုံ၊ လေယာဉ်ကွင
ပတ်မောင်းခိုင်းပြီး...

ဝမ်ကောင်းရပ်မှ ကောင်းမွန်သပ်ရပ်သော တင်းနှစ်ကွ
ဘော်လီဘောကွင်းများရှိသော အလယ်တန်းကျောင်းရှေ့သို့ဖြ
ဤမြို့တွင် အ–ထ–က တစ်ကျောင်း၊ အ–လ–က တစ်ကျောင်းန
ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေးများသာ ရှိကြသည်။

"ကဲ...တစ်မြို့လုံးလည်း နှံ့ပြီ။ ဘယ်ပို့ရဦးမလဲ။ ငရဲပြည်လာ

"ဟုတ်တယ် ကိုစိုင်းစိုင်း၊ တကယ်ပဲ ငရဲပြည်သွားမလို့၊ ပို့ေ
စမ်းပါ"

"ဟိတ်ကောင်..."

"မလုပ်ပါနဲ့"

သူ့ဂျာကင်ကို ဖယ်လိုက်ပြီး ဓားနှင့် ရှုးရှူးနစ်နစ် ထောက်
ပြောလိုက်သည်။

"ငြိမ်ငြိမ်မောင်းပါ။ လူလည်းသတ်ရဲတယ်။ ရဲဌာနလည
ခေါ်သွားရဲတယ်"





စိုင်းစိုင်း ကြောင်သွားစဉ်မှာ သူ့ထံမှ သေနတ်ကို နှိုက်ယူ
တ်သည်။

မကျယ်ဝန်းလှသော မြို့တွင်းမှာမို့ စိုင်းစိုင်း ဣန္ဒြေမပျက်ရဲ၊

"ဘယ်မောင်းရမှာလဲ"

"ကျုပ်ကို ချုပ်ထားတဲ့ ကားဂိုထောင်"

"ငါ မသိဘူး"

"မသိရင် ရှေ့နားက ကောင်စီရုံးမှာရပ်စမ်း။ လူကြီးတွေနဲ့
သွားမယ်"

ဘီရိုတ်ကို တစ်ချက်နင်းလိုက်ပြီး စိုင်းစိုင်း ကြောင်သွားသည်။
သန့်သွားပုံလည်း ရပါ၏။

"ကဲ...ရပ်လေဗျာ"

သေနတ်နှင့်ထောက်ရင်း တဘက်က ကျွေးစတီယာရင်ကို
ပြီး ပြောလိုက်သည်။

"ငြိမ်ငြိမ်လိုက်ခဲ့ပါ"

"အဲဒီကိုသာမောင်းနော်၊ ဉာဏ်မများနဲ့။ သတ္တိမရှိရင် မင်းတို့ဆီ
ယောက်တည်း မလာဘူး"

"ငါ လူသာသတ်မယ်။ ညာမပြောတတ်ဘူး"

"သိပ်ကြိုက်ပေါ့။ မောင်း..."

စိုင်းစိုင်းကို သူယုံသွားသည်။ သူ့ပြတ်သားမှုက သူ့မျက်နှာ
ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုံးစုန်ရပ်တွင်း လှည့်ဝတ်မောင်း;ရင်း ဝင်လာသည်။

ပစ္စည်းအများဆုံး တွေ့ရှိသိမ်းဆည်းဖမ်းမိခဲ့၍ ကမ္ဘာပေါ်တွင် အများဆုံး စံချိန်တင်ခဲ့ရဖူးသော တရုတ်အိမ်နားမှ ဖြတ်လာသည်။

ဆက်မောင်းလာပြီးနောက်တွင် အဆောက်အအုံတစ်ခုရှေ့တွင် ရပ်လိုက်ပါ၏။

သူ့ကို ဖမ်းဆီးခဲ့သော ကားဂိုထောင်သစ်ကြီး ရှေ့ပါပဲ။ စိုင်းစိုင်း သိပ်မျက်နှာပျက်နေသည်။ တိုက်ကွက်ကို သူစဉ်းစားနေပုံရပါ၏။ ဟုတ်တော့ဟုတ်ပါသည်။ သူ့အဖွဲ့က ကျေနပ်ခွင့်လွှတ်လိမ့်မည် မဟုတ်ပါ။

မောင်သဲမြတ်၏ရင်မှာ မွှင့်ကွဲမတတ် တိုးခုန်လာသည်။ သည် မြို့ရောက်မှ သူ သည့်လောက်ပင် မချောက်ချားဖူးသေး။

"ဟုတ်မှ ဟုတ်ပါ့မလား"

"ဟုတ်ပါ့ ဗျာ"

ဟူသော ဆန္ဒများကြောင့် ရဲရင့်လွန်းသော သူ့လက်များကိုပင် ဆတ်ဆတ်တုန်နေစေသည်။

"ဒါပဲ။ သော့ပိတ်ထားတယ်"

"ရော့...ဒီသော့နဲ့ ဖွင့်"

ဂိုထောင်သော့အပ်လိုက်သော စိုင်းစိုင်း မျက်နှာဖြူသွားအောင် အံ့သြသွားသည်။ စိုင်းစိုင်း တုန်လှုပ်သွားသည်ထက် သူ့ရင်မှာ အဆ တစ်ကုဋေမက လှုပ်ရှားနေမိကြောင်း စိုင်းစိုင်း မသိလေပါ။

တံခါး ပွင့်သွားပြီ။

မျှော်လင့်လွန်းခဲ့ရသော အမျိုးသမီးက သူ့ခုတင်ပေါ်တွင်





...ပြောပြောကိုဝတ်လျက် ခွေခွေလေး လှဲနေဆဲ။

"တံခါး ပြန်ပိတ်လိုက်"

စိုင်းစိုင်း နာခံရသည်။ မောင်သဲမြတ်လက်မှာ သေနတ်နှင့်။ အသည်းနှလုံးထဲက ပြဿနာမို့ သူ လှုပ်ရှားလှပြီ။ သို့ပါ ...လည်း မနည်းအားခဲ၍ တည်ငြိမ်အောင် ကြိုးစားပြီး စိုင်းစိုင်းကို ...ဆေးဆုံးတိုင်မှာ ကြိုးတုပ်ထားရပါလေ၏။ မျက်လုံးကို အဝတ် ...ချိန်နှင့် မဖြစ်သေး။ ခုတင်ဘေးရှိ ဂွမ်းလိပ်မှ ဂွမ်းတစ်ဆုပ်ကို ဖဲ့ယူပြီး ...ခိုင်းနားကို ဂွမ်းနှင့် ဆို့ပိတ်လိုက်သည်။

ဆက်တိုက်လုပ်ပြီး ခုတင်ဘေးသို့ သူ ပြေးလာခဲ့သည်။ အိပ်နေသော အမျိုးသမီးကို ပိုင်နိုင်စွာ ပွေ့ယူလိုက်သည်။

"ရွှေ...ရွှေရယ်"

"မောင်လေ၊ ရွှေ့အသည်းလေးဆိုတဲ့ အောင်ဦးသာလေ၊ အို" မြောက်ဦးမြို့ရှိ ဒေါက်တာ ရွှေဝတ်ရည်၏ အုတ်ဂူလေးဘေးမှာ ...ကြိုက်ခဲ့ရစဉ်ကလို အောင်ဦးသာမှာ လှိုက်လှဲကြေကွဲသောရင်ဖြင့် သူ့ ...မြတ်နိုးဆုံးသော ချစ်ဇနီး၏ အဖြစ်ကို ကြည့်ရင်း မျက်ရည်များ ...ဆက်မပြတ် ကျဆင်းလာသည်။

"အင်း...ဘယ်သူလဲ"

"မမရယ်...မောင်လေ၊ အောင်ဦးသာလေ"

"သွားပါ၊ တစ်ယောက်တည်း နေပါရစေ"

"မောင့်ကို ကြည့်ပါဦး။ မောင်လေ...ရွှေ့ဆီကို ဘယ်ထိအောင် ...တွေခဲ့ပြီး လိုက်ခဲ့ရတယ်ဆိုတာတွေ၊ ဘယ်လို ရှာခဲ့ရတယ်..."

"ဖယ်ပါ။ ထပ်ပေးပါဦး။ နည်းနည်းပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရင်စေ့ထားသော သူ့နိုင်လွန်စွယ်တာ၏ လက်ကလေး[illegible] ပင့်တင်ပြရင်း သူ တောင်းဆိုသည်။

"ဟာ... အို..."

လက်တွင် အပ်ရာများစွာနှင့်...

ဘိန်းဖြူကို အကြောတွင်းသို့ ထိုးသွင်းနေရသော အဆင့်သို့ ရောက်နေသည့်အဖြစ်။

အောင်ဦးသာမှာ မျက်ရည်များ သုတ်ဖယ်ပြီး သူ့မျက်နှာ[illegible] အနီးကပ်ကြည့်သည်။ မေးစေ့လေးကို မော့ယူလိုက်သည်။

မျက်နှာက ရွှေမှ ရွှေအစစ်။

ရှိဝေနေသော မျက်ဝန်းက ဒေါက်တာရွှေဝတ်ရည်၏ မျက်ဝန်း မဟုတ်။

"မဟုတ်ဘူး။ မဟုတ်ဘူး။ ဒါ ငါ့မမ မဟုတ်နိုင်ဘူး"

ဘိန်းဖြူ၏ သားကောင် အမျိုးသမီးကို သူ့ဇနီး၊ သူ့အချစ်ဆုံး မဟုတ်စေချင်။

မဟုတ်ပြန်တော့လည်း မြန်မာပြည်၏ တန့်လန့်ဖြတ်ခရီး ဖြစ်သော အနောက်ဘက်စွန်းမှ အရှေ့ဘက်စွန်းအရောက် အခုံးအခ ဒုက္ခခံ၍လာရသော ခရီးက အချည်းနှီး။

သူ ပင်ပန်း ဒုက္ခရောက်ရသည်က ထားပါတော့။

သည်နေရာမှာ ရွှေရှိနေသည်ဟူသော မျှော်လင့်ချက်ကြီးဖြင့် လိုက်လာခဲ့ရာမှ ရွှေဝတ်ရည် မဟုတ်လေတော့...





ပျောက်ဆုံးသွားရသော မျှော်လင့်ချက်များနှင့်အတူ အသည်း [illegible]ပေါ် ဒုတိယအကြိမ် ကြေမွပျက်ကျသွားရသည် သို့ပါ။

သူ့မျက်ရည်များကို ထပ်မံသုတ်ဖယ်ပြီး သူ အကြိမ်ကြိမ် [illegible]ခဲ့ဖူးသော မျက်နှာလေးကို အသေအချာ တစ်ခုချင်း တစ်နေရာ [illegible] ကြည့်မိသည်။

ရွှေ့မျက်နှာ ပုံစံလေးအတိုင်းသာ ကျန်တော့သည်။ အသား [illegible]ဟု၍ မရှိသလောက်၊ သူ အကြိမ်ကြိမ် ပွေ့ပိုက်ခဲ့ဖူးသော ကိုယ် [illegible] တစ်ဝက်စာပင် မရှိတော့ပါ။

မေးဖျား၊ နဖူးပြင်၊ နှာခေါင်း၊ နှုတ်ခမ်းလေးများကို အသေအချာ [illegible]အနီးကပ် ကြည့်ပြီးသည့်အခါ...

သူ့ရင်ခွင်မှာ ပြန်လည် ငြိမ်သက်သွားသော မိန်းကလေးကို အောင်ဦးသာ အိပ်ရာပေါ် ပြန်ချသိပ်လိုက်သည်။

"ရွှေ မဟုတ်ဘူး"

"မောင့်အချစ်ဆုံး မမ မဖြစ်နိုင်ဘူး"

"ဒေါက်တာ ရွှေဝတ်ရည်ဆိုတာ နံပါတ်ဖိုးရဲ့ သားကောင် ဖြစ် [illegible]သာနိုင်ပါဘူး"

အောင်ဦးသာမှာ ခုတင်ပေါ်တွင် သူ့ကို ကျောခိုင်းထိုင်၍ ခေါင်း [illegible]ရင်း၊ ခေါင်းခါရင်းဖြင့် ရင်တွင်းမှ ငြင်းလိုက်သည်။

မြောက်ဦးမြို့ကအပြန် ကုလားတန်မြစ်ထဲမှာ ရေနစ်သေဆုံး [illegible]ဟု သူတို့တွေ ပြောကြသလို၊ ယုံကြည်ခဲ့ကြသလို၊ မြောက်ဦးမြေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂူသွင်း သင်္ဂြိုဟ်ခဲ့ကြသလို…

ဒေါက်တာရွှေဝတ်ရည် တဈာယ်သေဆုံးခဲ့ပြီးလေပြီလား—

ဒါမှမဟုတ်…

ရန်ကုန်သို့ ရောက်ရှိလာသော အောင်ဦးသာမှာ မဆုံဘူးသေး သော ယောက္ခမကြီးဦးစက်ရွှေနှင့် တွေ့ခွင့်ရပြီးနောက် သူ ပြောကြား ခဲ့သလို…

"ရွှေဝတ်ရည် မသေပါ"

"တာချီလိတ်မှာ ရှိနေသည်"

ဆိုသော ရွှေဖခင်၏ နိုင်မာတိကျသော စကားကိုပင် ဆက် လက်ယုံကြည်ရမည်လား…

ရွှေ မသေဘူးပဲထားပါ။ သည်အတိုင်းသာ ဖြစ်စေချင်သော ဆန္ဒ ကြီးမားလွန်းလှပါသော်လည်း…

ယခု အမျိုးသမီးသည်..

ရွှေဝတ်ရည် မဟုတ်နိုင်သည်မှာဖြင့် သေချာခဲ့ပါလေပြီတည်း။

❖ ❖ ❖



**အခန်း ။ ၁၀ ။**

ကားကိုသာ မောင်းနေရသည်၊ ဦးတည်ရာမရှိ။

စိုင်းစိုင်းသည် အောင်ဦးသာ၏ ရိုက်ချက်ဖြင့် သူ သတိလစ်ရင်း ကျန်ခဲ့သောနောက်ခန်းမှာ ခွေခွေလေးပါလာသည်။

လက်ကို ကြိုးတုတ်ထားသော်လည်း သူ သတိရလာသည့် အခါ အောင်ဦးသာကို ဖြစ်သည့်နည်းဖြင့် တိုက်ခိုက်ပေရော့မည်။ ကားမောင်းနေရသူအဖို့ အန္တရာယ်များသည်။

စောစောပိုင်းအချိန်များဆီက မျှော်လင့်စိတ်ဖြင့် တက်ကြွနေခဲ့ သည်။ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားများကို အသုံးချရင်း အချစ်ဆုံး ရွှေကို ရှာဖွေနေခဲ့သည်။

ယခုတော့ သူ့ရှေ့မှာ အမှောင်သည် ပြန်လည် ဝိတ်ဆီးနေခဲ့ပြီ။

လမ်းခွဲအသွယ်သွယ်ကိုလည်း မြင်ခွင့်မရတော့။ ရရှိသည့် တိုင်အောင်လည်း ဘယ်လမ်းကိုလိုက်၍ ဘာဆက်လုပ်ရမည်မှန်း အောင်ဦးသာ မစဉ်းစားတတ်တော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲသောရင်၊ တမ်းတသော စိတ်၊ လွမ်းဆွတ်သော ခံစားမှုများနှင့် လူသားတစ်ယောက်သည် စဥ်းစားချင့်ချိန်နိုင်မှု အင်အားပါ လျော့နည်းလာတတ်မြဲ...

အောင်ဦးသာမှာ ဝေသီနေသော မျက်ရည်မျက်ဝန်းကို ကြည်လင်အောင် အားစိုက်ပြီးကြည့်လိုက်သည်။

"ခုလောက်ဆို ဦးဖုလှိုင်တို့အဖွဲ့ ငါ့ကို သတိထားမိ လောက်ပြီ..."

စိုင်းစိုင်းနှင့်အတူ ပြန်ရောက်ချိန်တန်၍ မရောက်လာသော သူနှင့် ကားကို ရှာကြပေရော့မည်။

ဘိန်းဖြူပေးချိန်ရောက်တိုင်း ဝင်လာကြမည့် ဟိုအမျိုးသမီး၏ အခန်းကိုလည်း စစ်ဆေးကြပေလိမ့်မည်။

"ငါဘယ်သွားပြီး ဘာဆက်လုပ်မလဲ"

မယ်ဆိုင်တံတားကြီးအနီး "မြ-မြန်မာထမင်းဆိုင်"ရှေ့တွင် အမျိုးသားတစ်စု၏ ကြည့်နေသောပုံစံကို သူမကြိုက်၍ ဆက်ပြီး မောင်းလာခဲ့သည်။

လက်မှ နာရီကို ကြည့်မိသည်။ အချိန်ကိုကြည့်ခြင်းမဟုတ်၊ နေ့ကိုကြည့်ခြင်းပါ။ အချိန်က ညနေစောင်းဟုသာ သိလိုက်သည်။

သောကြာနေ့...

ဒေါ်မာရီပြောခဲ့သော စနေနေ့မတိုင်ခင် သူ ဘာမှ မလှုပ်ရှားချင်သေး။





ကားက လမ်းမကြီးပေါ် ပြန်ရောက်လာသည်။ လက်ဝဲဘက်သို့ ချိုးကွေ့ပစ်လိုက်သည်။ ညနေပိုင်းတွင် မစည်ကားသော တာချီလိတ်၏ ဈေးဘက်သို့ မောင်းချလာသည်။ တောင်စောင်းအပေါ်ဆင့် ဆင့်ထားတွင် အစိုးရဝန်ထမ်းများနေသော အိမ်များရှိသည်။ လူသူ ရှိသောအရပ်၏ လမ်းမပေါ်မှာ ကားကို သည်တိုင်း ထိုးရပ်ပြီး ကားပေါ်မှ သူဆင်းလာခဲ့သည်။ စိုင်းစိုင်းသေနတ်ကို မေ့နေသော သူ့ကိုယ်အောက်မှာ ထားခဲ့ပြီး ခပ်သုတ်သုတ် လျှောက်၍...

လူလွတ်ဆိုက်ကားတစ်စင်းကို တက်စီးလိုက်သည်။

ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်ကမ်းမှာရော၊ မြန်မာပြည်ဘက်ကမ်း၌ပါ လှပစွာတွေ့ရလေ့ရှိပါသည်။ ရောင်စုံအမိုးကို လှန်ချ၍ ပြန်တင်၍ ရသော...

ဆန်(မ)လော့ခေါ် ဆိုက်ကားကိုခေါ်၍ အဖော်ရစေ၊ အကွယ် အာ ရစေလိုသော သဘောနှင့်ပါ...

ဆိုက်ကားမှာ ရန်ကုန်လို ရှေ့နောက်မဟုတ်။ နှစ်ယောက်တွဲ ထိုင်ရပြီး ကိုယ်ထည်ကပါ ရောင်စုံနှင့် လှပလှသည်။ ဆိုက်ကား သမားကလည်း ပါတိတ်အကျီနှင့် ဂျင်းဘောင်းဘီနှင့်ပါ။

မယ်ဆိုင်ဘက်ကမ်း၏ ရုပ်ရှင်ရုံများတွင် ပြသနေသော ရုပ်ရှင် ဓာတ်ပုံ စာများကိုပါ ကြော်ငြာအဖြစ် ချိုပ်ဆွဲထားလေ့ရှိပါ၏။

အုတ်တိုက်တရားရုံး အဆောက်အဦ လမ်းအတိုင်း၊ လမ်းမကြီး ဘက်သို့ ထွက်လာခဲ့သည်။ လူနည်းနည်းရှင်းသော လက်ဖက်ရည်ဆိုင် တစ်ခုသို့ သူဝင်လိုက်သည်။ အအေးပါ၍ အစိမ်းရောင် အပုလေးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် Sprite အငယ်စား တစ်ပုလင်းနှင့် ရေခဲကို ရောသောက်ရင်း စဉ်းစားရသည်။

ဝန်းကျင်မှာ သူ့ကို သတိထားနေမည့်သူ မရှိ...

“ဒီနေရာမှာ တည်းခိုခန်းမရှိဘူးလား”

“သီးသန့်ကြီးတော့ မရှိဘူး။ ဒါပေမယ့် ကုန်သည်ဆိုရင် ကုန်လက်ခံတဲ့အိမ်တွေ၊ ထမင်းဆိုင်တွေမှာ တည်းလို့ရတာပဲ။ ဒီမှာ တည်းမလား”

“ကျွန်တော် လျှောက်ဦးမယ်။ တည်းဖြစ်ရင် ပြန်လာမယ်။ ကုန်သည်တွေ လက်ခံတဲ့နေရာက ဘယ်မှာလဲ”

“ဒီနောက်ဘက်မှာ”

လမ်းကြားတွင်းသို့ အောင်ဦးသာ ဝင်ခဲ့သည်။ ဂျစ်ကားနှစ်စင်း ဂျီအမ်စီ ကားကြီးတစ်စင်းပေါ်တွင် ဝန်စည်များတင်ရင်း စည်းနှောင်နေကြသည့် လူတစ်အုပ်ကို တွေ့ရသည်။ အမျိုးသမီးအုပ်စုများပါ ပါရှိသည်။

“ဒီမှာ ကျွန်တော် တစ်ညအိပ်ခွင့် ရနိုင်မလား”

အိမ်ရှင်ထင်သူကို မေးမိသော်လည်း...

“ဟိုမှာ မေးကြည့်ပါ”

ရှမ်းတရုတ်မတစ်ဦးကို လက်ညှိုးညွှန်ပြသည်။ အမျိုးသမီးက မှောင်ခိုကုန် ရောင်းဝယ်လက်ခံသော်လည်း ရိုးသားပုံရပါ၏။ ခြံဝန်း ကျယ်၍ အိမ်ငယ်လေး သုံးလုံးရှိသည်။ လူသူများသည်။ သည်တစ်ည သည်ကုန်သည်များကြားမှာ လုံခြုံတန်ကောင်းပါရဲ့...





အိပ်ရန်နှင့် ထမင်းစားရန် ဘတ် ၃၀ နှင့် ဈေးတည့်သွားကြသည်။

တာချီလိတ်တစ်မြို့လုံး ဘတ်ငွေရော ကျပ်ငွေပါ သုံးစွဲကြပါ၏။

ရာတန်သာ အသုံးများကြသည်။ ဘတ်ငါးဆယ်၊ တစ်ဆယ်တန်လည်း ရှိပါ၏။ ငါးဘတ်မှ တစ်ဘတ်အထိ ငွေရောင်၊ ဘတ်ဝက်နှင့် တစ်စိပ်(တမတ်)က ကြေးဝါရောင်ဖြစ်ပြီး အားလုံး ဘုရင့်ပုံတော်ပါရှိသည်။ တဘက်တွင် ဂဠုန်ပျံနေပုံ သူတို့အမှတ်သား တံဆိပ်ကို အများဆုံး တွေ့ရပါ၏။

“အိပ်ရာလိပ်ပါလား”

“မပါဘူး”

“ဒါဖြင့် အပေါ်မှာပြင်ပေးမယ်နော်”

“ကျေးဇူးပဲ”

ဒေါ်မာရီတို့နှင့် ပထမဆုံးရစဉ်က ပေးထားသော ဘတ်ငွေ အထပ်လိုက်ပါလာ၍ တော်သေးသည်။

ယခုလောက်ဆို သူတို့ သူ့ကို ရှာနေလောက်ပြီ၊ အိပ်ရာသာ အမြန်ပြင်ခိုင်းပြီး အပေါ်ထပ်သို့ တက်ခဲ့ရလေ၏။ ထမင်းစားချင်စိတ် မရှိ၊ စားဝင်နိုင်စရာ အကြောင်းလည်း မရှိပါ။ အပေါ်ထပ်တွင် အိပ်ရာငယ်များ ပြည့်နေသည်။ စောသေး၍ လူသူမရှိကြ။

အောင်ဦးသာမှာ အိပ်ရာပေါ်သို့ နှမ်းလျစွာ အိပ်လဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆိုသော အရာသည် ရခိုင်ကမ်းရိုးတန်းဆီမှ လှိုင်းကြမ်းများလို သူ့ရင်ကို ပြင်းထန်စွာ ရိုက်ပုတ်လာသည်။

"ရွှေ...မမ..ရယ်..."

သည်သို့ တမ်းတရင်း မျက်ရည်ကျခဲ့ရသည့် ကာလက တစ်နှစ်ကျော်ခဲ့ပြီ...။

အချစ်ရဆုံး...အမြတ်နိုးမိဆုံး မိန်းမကို ရင်ခွင်မှာထားပြီး ပိုင်ဆိုင်ခွင့်ရပြီးကာမှ ဆုံးရှုံးခဲ့ရခြင်းသည်...

သူ့ရင်မှ နှလုံးသားကို ခွဲယူသည်နှင့် ထပ်တူလို ခံစားခဲ့ရသည်မှာ ကြာခဲ့ပါပြီ။

ယခုတွေ့ရသော အမျိုးသမီးနှင့် ရွှေ...

သူ့ရွှေမဟုတ်ပါဟု စိတ်ကသိသော်လည်း ဟုတ်စေချင်သည်၊ ပြန်လည်ဆုံဆည်းရသော အဖြစ်နှင့် ကြုံဆုံရလေဦးမည်ဟု မျှော်လင့်ဆဲ ရှိနေသည်ကလည်း အကြောင်းရှိပါသည်။

ရွှေ့ဖခင် ဦးစက်ရွှေကိုယ်တိုင် လမ်းညွှန်လွှဲလိုက်သည့် ကိစ္စကို မှတည်၍...

ရွှေသေဆုံးပြီးသည်၏ တစ်နှစ်ကျော်အတွင်းမှ အချိန်ကာလတို့သည် အောင်ဦးသာ၏ အတွေးမှာ ပြန်လည်လှုပ်ရှား သက်ဝင်လာပါချေသတည်း။

❖ ❖ ❖



## အခန်း ။ ၁၁ ။

"အောင်ဦးသာရယ်၊ နင့်ကို ဖြေမခိုင်းရက်ပါဘူး။ ဘာဖြစ်လို့လဲ ...တော့ မခိုင် ကိုယ်တိုင်လည်း မဖြေနိုင်တဲ့ အဖြစ်မို့ပါ"

မြောက်ဦးမြို့၏ အုတ်ဂူဘေးတွင် ညနေတိုင်း လာရောက် ...နေကျ၊ အောင်ဦးသာ ရှိရာသို့ နှမြခိုင် လိုက်လာသည်။

တစ်ခါတစ်ရံတော့ ယခုလိုပင် ဂူဘေးမှာ ငေးငိုင်စွာ ထိုင်နေ ...သည်။ တစ်ခါတလေ ကျပြန်တော့လည်း ကျတတ်ခဲ့သော ...ကျများတို့၏ မျက်ရည်များစွာကို သွန်ချရင်း အောင်ဦးသာ ...ကြီးတငင် ငိုကြွေးနေတတ်သည်။

"ဒါပေမယ့်ကွယ်..."

နှမြခိုင်မှာ အောင်ဦးသာ၏ ပခုံးလေးကိုကိုင်ပြီး...

"အရှေ့ကိုလည်း ကြည့်ပါဦး"

ဒေါ်ကျက်ရုံးဖြူမှာ မြောက်ဦးတွင် ကုသ၍ မဖြစ်တော့။ အထူး ...သမားတော်များရှိရာ ရခိုင်ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ရမည်။ ...ဆွေသို့ သွားရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စကို အောင်ဦးသာ ဘာမှ မစီစဉ်ပေးပါ။ အောင်ဦး
ပေါ်တွင် မိခင်တို့၏ ကြီးမားသော ခွင့်လွှတ်နိုင်မှုမေတ္တာဖြင့် ကျေး
မကာ မုဆိုးဖို သားလေး၏ ဆွေးမြေ့ကြေကွဲနေရသော ဘဝကို
ခေါ်ကျက်ရုံးဖြူ မကြည့်ရက်၊ မမြင်ရက်၊ သူ့နှလုံးရောဂါ သည်း
ရခြင်းမှာလည်း ဤအချက် ပါမည်ထင်သည်။

"မြန်ကြပါစို့နော်၊ မနက်ဖြန် အရီးကို စစ်တွေသယ်သွား
အိမ်မှာ စီစဉ်နေကြတယ်။ ဒါကြောင့် မခိုင် လိုက်လာခေါ်တာ"

အောင်ဦးသာမှာ ထိန်းတော့ ထိန်းရှာပါသေးသည်။ မရှော
မျက်ရည်တို့ တစ်ပေါက်ချင်း ကျလာရင်း...

"ကျွန်တော် မကျေနပ်ဘူး။ မမဘာလို့ သေရတာလဲ။
ဘာလို့ သေသွားရတာလဲဗျာ"

"အို...ကွယ်..."

"ကျွန်တော့်ကို ဘာလို့များ ကယ်လိုက်ကြတာလဲ။ မ
ကျွန်တော်နဲ့ တူတူသေသွားသင့်တယ်နော်၊ တူတူကို သေသွား
တယ်။ သေသွားချင်တယ် မခိုင်ရယ်"

နုမြခိုင်လည်း ရော၍ငိုရပါပြီ။

"ကဲ...ထပါတော့ မောင်လေးရယ်"

နုမြခိုင်က ပြန်ထိန်းရင်း အောင်ဦးသာကို တွဲထူလိုက်သ
အစ်မကြီးတစ်ယောက်မှ မောင်နှငယ်တွေးသို့ သနားပုံမျိုး၊ မိ
တစ်ယောက်မှ သားလေးသို့ ကြင်နာစိတ်မျိုးဖြင့် နုမြခိုင်မှာ အော
သာ၏ မျက်ရည်များကို သုတ်ပေးရှာသည်။





"မခိုင် သစ္စာစကား ပြောမယ်နော်"

"ဟင်..."

"မခိုင် သေသွားရင် ခုလို မမြင်ရက်အောင် ခံစားနေရမယ့်လူ
ချန်ရစ်ပါဘူး အောင်ဦးသာ။ ပြီးတော့ မင်းတို့နှစ်ယောက်လုံးဟာ
င်ရဲ့ အချစ်ဆုံးတွေ..."

"ဒါကြောင့် ရွှေဝတ်ရည်နဲ့ လဲပေးလို့ရရင်လေ၊ မခိုင် ဘဝချင်း
ပေးပါတယ်"

"အသည်းနှလုံးရော ဘဝပါ တကယ့်ကို လဲပေးရဲလောက်
င် မင်းတို့အတွက်..."

ငိုနေသော နုမြခိုင်၏ လက်ကို အောင်ဦးသာ ကိုင်ဆွဲ၍...

"မခိုင်ရဲ့ စေတနာကို ယုံတယ်။ ဒါပေမယ့်...မမရော ကျွန်တော်
ခံယူရက်ပါဘူး။ နောက်ဆုံးတော့ ကံကြမ္မာကိုက ရက်စက်
ိုင်းလွန်းပါတယ်ဗျာ"

"ဖြေပါလို့တော့ မပြောချင်ပါဘူး။ ဒါပေမယ့် ပြေပါစေဆိုတဲ့
ကိုတော့ ပန်မိပါတယ် အောင်ဦးသာ ကဲ... ပြန်ကြပါစို့နော်ကွယ်"

မြောက်ဦးမြို့၏ သုသာန်မြေမှ နှစ်ယောက်သား လက်တွဲ၍
ခဲ့ကြသည်။

ဒေါက်တာရွှေဝတ်ရည်၏ အုတ်ဂူနေရာလေးမှ မြစ်ဖျားခံလျက်
ရည်စီးလမ်းသည် သူတို့ခြေချရာ လမ်းအတိုင်း လိုက်ပါစီးဆင်း
သည်...

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့၏ကမ္ဘာတွင် သိရန်ခက်ခဲလွန်းစွာဖြင့် နက်ရှိုင်း
ကျယ်ဝန်းဆုံးသော အရာသည် မေတ္တာတရားသာ ဖြစ်ပါလိမ့်မည်
သိပ္ပံပညာရှင်တို့အမြင်ဖြင့်လည်း တိကျသော ပုံသေနည်းမ
ရှာမရ၊ အဆုံးနှင့်အစ ဆိုသော အရာတို့မှာ ဖြစ်တည်လိုက်၊ ချုပ်ငြိမ်း
လိုက်ဆိုသော သဘောကို ဆောင်တတ်သည်။

ကြီးမားဆုံး၊ ဆန်းပြားဆုံးသော အင်အားများကိုလည်း
ဖြစ်ထွန်းစေနိုင်သည်မှာ မေတ္တာတရားသာ။

လောကတွင် သွေးသားချင်းမှ၊ မိန်းမချင်းမှ၊ ယောကျာ်းချင်း
သန့်စင်သော မေတ္တာမျိုး ထားရှိနိုင်ကြသည် မဟုတ်။ သွေးသား
မဟုတ်ပါဘဲနှင့်လည်း သန့်သန့်စင်စင် ချစ်ခင်၍ အေးမြသော မေတ္တာ
ချင်း တွဲလှယ်ပေးဆက်၍ ရနိုင်ပါ၏။

အောင်ဦးသာနှင့် နုမြခိုင်လည်း သည်အတိုင်း။

ပတ်ဝန်းကျင်ဟူသည် တစ်ခါတစ်ရံတွင် ကာယကံရှင်မှ
ထက်ပင် တစ်ကွက်ကျော်၍ မြင်ကြတွေ့ကြတတ်သည်။

နုမြခိုင်သည် အောင်ဦးသာကို ပိုင်ဆိုင်ခွင့် ရတော့မည်ဟူသော
မျှော်လင့်ချက်ဖြင့် ပြန်လည် ကမ်းတွယ်နေလေသည်ဟု မြင်ကြ
ဖြစ်သော်လည်း...

သူတို့နှစ်ယောက်လုံးမှာ ဆုံးရှုံးရခြင်းများစွာဖြင့် ရွှေဝတ်
ကိုသာ တမ်းတနေမိသည်။

အောင်ဦးသာပေါ်တွင် နုမြခိုင်မှာ ဖေးဖေးမမ,နှင့် သနား
ပါကြောင်း၊ အသန့်စင်ဆုံးသော သွေးသားရင်းပမာ အစ်မကြီး



ယောက်လို မေတ္တာမျိုးဖြင့် ကြင်နာနေမိပါကြောင်း၊ အောင်ဦးသာ
လည်း ခံယူရရှိနေမိပါကြောင်းများကို...

ဤကာယကံရှင် နှစ်ဦးသာ အသိဆုံးပါ။

❖ ❖ ❖

စစ်တွေသို့ရောက်လေမှ ဒေါ်ကျက်ရုံးဖြူ၏ အခြေနေမှာ သိသိ
သာသာကြီး တိုးတက်ကောင်းမွန်လာခဲ့သည်။

ရောဂါပျောက်သည်တော့ မဟုတ်သေး။

နှလုံးရောဂါ ဝေဒနာရှင်တို့ ထုံးစံအတိုင်း ကြာရှည်စွာ ဖေးမ
ရပေဦးမည်။ ဆေးကုသမှု ခံယူရဦးမည်။ စိတ်သောက မဖြစ်ဖို့က
အရေးကြီးဆုံး။

ဘာပဲဖြစ်ဖြစ် ဒေါ်ကျက်ရုံးဖြူ သည်မျှ ကျန်းမာလာသည်ကိုပင်
အားလုံးက ဝိုင်း၍ ဝမ်းသာနေကြရသည်။

သူတို့သားအဖသုံးယောက်လုံး စစ်တွေသို့ ရောက်နေကြသည်။
အောင်ဦးသာကိုယ်တိုင် မိခင်ကြီးကို ထိတွေ့စွာ ပြုစုသည်မို့ ဦးသာဓလှ
မှာ ဝမ်းသာအားရ ဖြစ်နေပါ၏။

အောင်ဦးသာသည် ဒေါ်ကျက်ရုံးဖြူ အဖို့ သမားတော်တစ်ဆူ
သာ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျက်ရုံးဖြူအတွက် တစ်ကွက်လေးသာ လိုနေခဲ့သည်

နမြခိုင် အနားမှာရှိနေစေလိုသည့်ဆန္ဒ။

နမြခိုင်လည်း လိုက်လာပြုစုပေးချင်လှပါသည်။

သို့သော်လည်း ပတ်ဝန်းကျင်...

သည်အတွက်ဖြစ်ကြောင်း ခံယူကြပြီးသားမို့ ဒေါ်ကျက်ရုံးဖြူ

နမြခိုင်မှာ နားလည်စွာဖြင့် ဝေးကွာနေရခြင်းပါ။

ဒေါ်ကျက်ရုံးဖြူ ကျန်းမာလာလေမှ ကိစ္စတစ်ခုက ပေါ်

ခဲ့သည်။

ဦးသာဇံလှ၏ ဆန်စက်အတွက် လိုအပ်သော စက်ပစ္စည်း

ရန်ကုန်တွင် သွားရောက်ဝယ်ယူရန် ကိစ္စဖြစ်ပါ၏။

ဦးသာဇံလှ သွားရန်ဖြစ်သော်လည်း ဇနီးသည်ကို စိတ်

စိတ်ရှုးတောလေ ဖြစ်နေသော အောင်ဦးသာနှင့် လူမ

ထားခဲ့ရမှာလည်း စိတ်မဖြောင့်ပါ၍...

"သားရေ...ဒီမှာ သူ့ညီမတွေ၊ အမျိုးတွေလည်း ရှိပါတယ်

ပါပါလည်း သားပြန်လာမှ မြောက်ဦး ခဏပြန်မယ်၊ သားသာ

ပစ္စည်းတွေ ရန်ကုန်မှာ သွားဝယ်ပေးပါ"

ဟုဆို၍ စာရင်းနှင့်ငွေများ အပ်လိုက်သဖြင့် အောင်ဦးသာ

စစ်တွေမြို့မှ ဂျက်လေယာဉ်စီးလျက် ရန်ကုန်မြေသို့ ခြေချမိ

အစပြုလျက်...

❖ ❖ ❖

**အခန်း ။ ၁၂ ။**

ကျောက်မြောင်းရပ်တွင် သပ်ရပ်သော တစ်ထပ်ပျဉ်ထောင်

လေးဖြင့် တမည့်တစ်ယောက်နှင့်အတူနေသော...

"ဦးလွန်းတင်" မှာ အောင်ဦးသာကို မြင်လိုက်သည့်အခါ သွေး

တ်သွားလေပြီလားဟု ထင်မှတ်ရအောင် မျက်နှာတစ်ပြင်လုံး ဖြူပြီး

တိုလစ်မတတ် လန့်လွန်းသွားရှာသည်။

"ပန်းချီပန်းပုကောင်စီမှာ လိပ်စာမေးပြီး လိုက်လာတာ။ ဦးလေး

ကောင်းလား"

"အေး...အေး၊ နေကောင်းပါတယ်။ မင်း...မင်း မိန်သွားလိုက်

အောင်ဦးသာ"

"ပိန်ဆို...ဦးလေးရယ်"

မျက်ရည်ဝဲလာသော အောင်ဦးသာကို ဦးလွန်းတင်က ဘာမှ

ပြောဘဲ ငေးကြည့်နေသည်။ ဦးလွန်းတင် လှုပ်ရှားလွန်းနေကြောင်း

အမူအရာများစွာနှင့် အောင်ဦးသာ သတိမထားမိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကို တိုင်ပင်ချင်လို့ ကျွန်တော်လိုက်လာတာ"

"ပြောပါ"

"မမဆုံးတာ ဦးလေး သိပြီးပါပြီနော်"

"အင်း...အင်းလေ၊ ကြာတော်င်ကြာပြီပဲ"

"ဦးလေးလည်း ပျောက်သွားလိုက်တာ၊ ကျွန်တော်လ ဦလေး ဘယ်အချိန်က ပြန်သွားတယ်ဆိုတာတောင် မမေးဖြစ်ပါ ကျွန်တော် မမအတွက် ဘယ်လောက်ခံစားရမယ်ဆိုတာ..."

"ဦးလေး စာနာမိပါတယ် ငါ့တူရယ်"

အောင်ဦးသာမှာ ဦးလွန်းတင်ကို တွေ့လိုက်ရလေတော့ ရှ ရည်နှင့် ပတ်သက်ပြီး သိခဲ့ရဖူးသူမို့ သူ့ရင်မှာ အသစ်ဖြစ်လာရ

မျက်ရည်များကျလာသော အောင်ဦးသာကို ဦးလွန်းတ ပခုံးလေးပုတ်၍ နှစ်သိမ့်ရင်း...

"ကဲပါကွာ...ဒါတွေ မပြောပါနဲ့။ ထမင်းစားပြီးမှ ပြန်။ ဦး ပြည်ဘက်က နို့စိမ့်နွှေးချောင်းမှာ သွားဆွဲခဲ့တဲ့ ပန်းချီတွေ ကြည့်ပါ

ဦးလွန်းတင်ကိုယ်တိုင် စိတ်တည်ငြိမ်အောင် ကြိုးစားလိုက် အောင်ဦးသာ၏အာရုံကို ပြောင်းပေးလိုက်ပါသော်လည်း...

"ကျွန်တော် ပြောစရာရှိလို့ ဦးလေးဆီလာတာပါ"

"ဘာလဲ အောင်ဦးသာ"

"ကျွန်တော် ရွှေနေခဲ့တဲ့အိမ်ကို သွားချင်တယ်"

"ဟင်...ဘာအတွက်လဲ"



"ခြောက်... မမ နေခဲ့တဲ့နေရာ၊ ဥပမာ သူစိုက်ခဲ့တဲ့ ပန်းပင်၊ သူ ချုပ်ခဲ့တဲ့ ကန့်လန့်ကာလေးလိုက အစ သူ့အိပ်ခန်း၊ သူ့စာအုပ်၊ သူ့ ပစ္စည်းလေးတွေကအစ ကျွန်တော် ကြည့်ချင်မိတယ် ဦးလေးရယ်"

ဦးလွန်းတင်မှာ အောင်ဦးသာကိုကြည့်ပြီး ပြဿနာကြီးတစ်ရပ် သို့ သူက စဉ်းစားနေသည်။

"အဲဒါ...ဦးလေး ကျွန်တော့်ကို လိုက်ပို့ပေးပါဗျာ"

"ဟင်..."

ဦးလွန်းတင်မှာ တွေ့ခါစ လန့်သွားသည်လောက်နီးနီး အံ့ဩ သွားပြန်သည်။

"ကျွန်တော့်ကို ကူညီပါနော်...။ ကျွန်တော်လေ... မမနဲ့ ပတ်သက်တဲ့ ခြေရာလက်ရာလေးတွေက အစ..."

"အောင်ဦးသာ"

ဦးလွန်းတင်က စကားကိုဖြတ်၍ ဝင်ပြောလိုက်သည်။

"မင်း ရွှေဝတ်ရည်ကို ဘယ်လိုချစ်ပြီး ဘယ်ထိအောင် ခံစားနေ ရမယ်ဆိုတာ ဦးလေးနားလည်ပါတယ်။ ဒါပေမယ့် ဦးစက်ရွှေဆီကို ဖြင့် မသွားပါနဲ့တော့ကွာ"

"ဘာဖြစ်လို့လဲ"

"မင်းကို တွေ့လိုက်ရတော့ ဦးလေးတောင် ချောက်ချားသွား မိတယ်။ ဦးလေးဘဝရဲ့ ဒီဘက်ပိုင်း ဆယ်နှစ်ကျော်မှာ ဒီနေ့လောက် စိတ်လှုပ်ရှားမိတာမျိုး တစ်ခါမှ မဖြစ်ထွန်းဖူးသေးဘူးဆိုရင် မင်း ယုံနိုင်မှာ မဟုတ်ဘူး အောင်ဦးသာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်းတင် မျက်နှာ ပြောင်းလဲလွန်းနေသည်ကို ယခုမှ သတိထား ကြည့်မိသည်။

"ကျွန်တော့် အတွက်လား"

"မင်းတို့ နှစ်ယောက်အတွက်"

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ဦးလေး ထပ်တွေ့ဦးမယ်။ အခုပြောချင်တာကတော့ ဦးစက်ရွှေဆီ မသွားပါနဲ့"

"မသွားစေချင်တဲ့အကြောင်းက ဘာလဲ"

"ပြောရင် မင်း စိတ်ဆိုးမလား"

"ဦးလေးကို ကျွန်တော် ဘာလို့ စိတ်ဆိုးရမှာလဲ။ ကျွန်တော့်ကိစ္စ ပြောနေတာပဲ"

"ဒါဆိုရင် ပြောမယ်။ ရွှေဝတ်ရည်ဟာ မင်းဇနီးအဖြစ်နဲ့ သေဆုံးသွားခဲ့တယ်။ မင်းက ရွှေဝတ်ရည်အဖေဆီ လိုက်လာတယ် ဆိုရင် ဘာထင်မလဲ"

"ကျွန်တော် မသိဘူး"

"အမွေ လိုချင်လို့ လို့"

"ဟာ... ကျွန်တော်က ငတ်နေတဲ့ကောင်မှ မဟုတ်တာဘဲ ဦးလေးရ"

"ဒါက မင်းကိုယ်တိုင်ရဲ့ ခံယူချက်လေ။ ဦးစက်ရွှေက မင်းလို ဘယ်တွေးပါ့မလဲ"

"ကျွန်တော် ဒါတွေ ဘာမှထည့်မပြောဘူးလေ"





"ငွေကြေးနဲ့ အရှိန်အဝါဆိုတာ လူတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့မှုကို ဖယ်ထုတ်စေတယ် အောင်ဦးသာ။ စိုးရိမ်ခြင်း၊ တွန့်တိုခြင်း၊ မယုံကြည်နိုင်ခြင်းဆိုတာတွေကို ဖြစ်ထွန်းစေနိုင်တာ ငွေကြေးချမ်းသာလာမှုက စ,တာပဲ။ ဦးစက်ရွှေက ဒီမိန်းမလက်ထက်မှာ ပိုပြီးချမ်းသာလာတယ်လေ"

"ကျွန်တော် အပြတ်ပဲ သိပါရစေ။ ဦးလေး ကျွန်တော့်ကို ထိုက်ပို့နိုင်မလား"

"မပို့နိုင်တာ မဟုတ်ဘူး။ မပို့ချင်တာ။ ဦးလေးကို နားလည်နိုင်လွှတ်ပါ အောင်ဦးသာ။ သူတို့နဲ့ ဦးလေးနဲ့ အဆက်အသွယ်ပြတ်နေတာ ကြာလှပါပြီ"

"ရပါတယ် ဦးလေးရာ၊ ဒါဖြင့် ကျွန်တော်ပြန်မယ်"

"ဟင်... မင်းဟာက စိတ်မဆိုးဘူးသာဆိုတယ်။ ချက်ချင်းကြီး ပြန်တော့မယ်လား"

"သွားမယ် ဦးလေး"

"နေဦး အောင်ဦးသာ၊ ထမင်းမစားချင်သာနေ၊ လက်ဖက်ရည်လေးတော့ သောက်သွားပါဦးကွာ"

"မသောက်ချင်လို့ပါ။ ကျွန်တော့်ရင်ထဲမှာ မမနဲ့ ပတ်သက်ပြီး ဘယ်လိုဖြေလို့မှ မပြေလို့ပါ။ ဦးလေးကို စိတ်ဆိုးလို့ မဟုတ်ပါဘူး"

ဖျတ်လတ်လွန်းသော အောင်ဦးသာမှာ ပြောပြောဆိုဆိုသွားနှင့် အိမ်ပေါ်က ဆင်းသည်။

ဦးလွန်းတင်က ဖိနပ်ချုပ်သို့တိုင် အမြန်လိုက်ဆင်းလာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဦးသာ...နေဦး...နေဦး"

သူ့လက်မောင်းကိုဆွဲလျက် ရင်ခုန်နှုန်းကြောင့် မောဟိုက်... များနှင့် ဆက်တိုက်ပြောရှာသည်။

"ဦးလေးစကားကို နားထောင်ပါ။ ဦးစက်ရွှေဆီ မသွားပါ... ပြီးတော့...ပြီးတော့..."

သေရေးရှင်ရေးစကားကို ပြောနေရသူလို ဦးလွန်းတင်... လှုပ်ရှားလွန်းစွာဖြင့်...

"မင်း...မင်း...ဦးလေးဆီကို လာခဲ့ပါဦး။ ဦးလေးဆီကို နော... တစ်ခေါက် ထပ်လာခဲ့ပါဦးနော်..."

အောင်ဦးသာ ဘာမှ မဖြေကြားမိ။

ဦးလွန်းတင်၏ လက်ကိုသာ ညင်သာစွာဖယ်ရှားပြီး ... ထွက်လာခဲ့သည်။

ဦးလွန်းတင် မှာကြားသလို နောက်တစ်ခေါက် မရောက်ဖြ... ခဲ့သည်က အောင်ဦးသာ၏ မဟာအမှား။

❖ ❖ ❖



အခန်း ။ ၁၃ ။

"ပိတောက်မြိုင်"

ပြည့်လမ်းပေါ် ခုနစ်မိုင်ခွဲရှိ နှစ်ထပ်တိုက်သစ်ကြီးနှင့် ကျယ်ဝန်းသော ခြံကြီးက ကြည့်လေရာ နေရာတိုင်းမှာ သပ်ရပ်လှပနေသည်။

ပိတောက်မြိုင် ဆိုသော်လည်း နွေလည်မို့ ပိတောက်တို့ မပွင့်သေး။ မိုးစက်တို့ နှိုးလာမည့်ရက်ကို ငံ့မျှော်စွာ စောင့်နေကြသည်။

ပိတောက်ပင်တွင် ပိတောက်ဖူးကျစ်ကျစ်တို့ စိမ်းညို့နေဆဲ အချိန်တွင်...

တစ်ခြံလုံး ငုတို့ ပွင့်နေကြသည်။

မမသည် ငယ်ငယ်ကပင် အဝါရောင်ကို ကြိုက်နှစ်သက်သဖြင့် ... ဤတိုက်ကို အုတ်မြစ်ချစဉ်မှစ၍ မမ၏ မေမေက ငုပင်များ ပျိုးထား ...ခဲ့သည်။ ပိတောက်ပင်ကြီး နှစ်ပင်ပါသော ခြံမို့ ဝယ်ဖြစ်ခဲ့သည်ဟု...

သူ့မိခင် "ဒေါ်မေသက်ထား" က သူ့အား မည်မျှချစ်ခဲ့ကြောင်း ... ဒေါက်တာရွှေဝတ်ရည်က အောင်ဦးသာ၏ ရင်ခွင်ရောက်...များ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းက ပြောပြခဲ့ဖူးသည်။

"ငှဝါ ပန်းသွယ်များ"

ကို ကြည့်ပြီး မြောက်ဦးမြို့မှ ဝေသာလီသို့ သွားသည့်နေ့က အကြောင်း အောင်ဦးသာ သတိရလာသည်။

သူခူးပေးသော ငှပန်းသွယ်ကို ရွှေ့ရင်မှာ ပန်ဆင်သောနေ့

မြို့ရှေ့တွင်ရပ်ရင်း ငှပန်းသွယ်များကို ငေးလျက် ခွေးခြေ တမ်းတ စွာ အောင်ဦးသာ တွေးနေမိပြန်သည်။

"ဘာကိစ္စရှိလို့လဲ"

"ဘယ်သူ့ တွေ့ချင်လို့လဲ"

ဆယ့်ခြောက်နှစ်လောက်အရွယ် ကောင်လေးတစ်ယောက်က သံတံခါးနောက်ကွယ်တွင်ရပ်လျက် မေးလာလေမှ အောင်ဦးသာ လက်ရှိနေရာကို သတိပြန်လည်လာသည်။

"ဒါ ဦးစက်ရွှေအိမ်လား"

"ဟုတ်တယ်"

"ရှိသလား"

"အပြင်သွားတယ်။ ဘာကိစ္စလဲ"

"တွေ့ချင်လို့"

"ဘယ်သူက တွေ့ချင်တာလဲ၊ အစ်ကို့နာမည် ဘယ်သူလဲ"

"ဒါနဲ့ ဦးစက်ရွှေ မရှိဘူးဆို"

"မရှိပေမယ့်ဒီလိုပဲ ညှိသည်လာရင် မေးထားရတာ ကျွန်တော့် တာဝန်ဗျ"





"သူ ငါ့ကို မသိပါဘူး၊ ငါကသာ သူ့ကိုသိတာ။ သူ ဘယ်အချိန် ပြန်လာမလဲသာ ပြောပါ"

"ငါးနာရီကျော်ရင် ရောက်ပြီ"

အောင်ဦးသာ နာရီကို ကြည့်လိုက်သည်။ လေးနာရီ မိနစ် သေးသေးသယ်...။

"ကောင်းပြီ...တံခါးမဖွင့်နဲ့၊ ငါ ဒီကပဲ ထိုင်စောင့်နေမယ်"

ကောင်လေးက အတွင်းသို့မဝင်၊ သူ့ကို ငေးကြည့်နေသည်။ အောင်ဦးသာမှာ မြို့ရှေ့ရှိ အုတ်ခုံပေါ်တွင် ထိုင်ရင်း ပြည်လမ်းပေါ်တွင် ပြေးလွှားနေကြသော ကားရောင်စုံများကို ကြည့်နေမိပါသော်လည်း စိတ်ကမူ...

"မမ တစ်ချိန်က ဒီလမ်းပေါ်မှာ သူ့ကားဝါဝါလေးကို မောင်းခဲ့မှာပဲ။

"ဒီတိုက်ကြီးထဲမှာ စိတ်မနှမ်းရခင်ဘဝက မမ ဟာ ဒီထက် ပိုလှမှာ...

"ဒါပေမယ့်...သူ့ရဲ့ အလှအသစ်၊ ဘဝအသစ်ကလေးကို ငါ့ ရင်ခွင်ထဲမှာပဲ...အို...မမ...မမရယ်..."

အောင်ဦးသာ ဒီထက်ဆက်တွေးလျှင် မျက်ရည်ကျဖြစ်မေလိမ့် မည်။ အသက်ကို ပြင်းပြင်းစွာ ရှူရှိုက်ပြီး တိုက်ကြီးကိုသာ ငေးကြည့်နေ ပေါ်၏။

သူ့အတွေးကြောင့်လား၊ နှစ်သိမ်းကျော်တန်သော 'မင်္ဂလာဘီရှိ ဂ်လဲနှ'ကြောင့်လား မသိ၊ ကား၏စက်သံကို မကြား။ သူ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



သံတံခါးထိပ်သို့ ကားရပ်လေမှ မြင်မိသည်။

"ဦးစက်ရွှေ"

ဟု မပြောဘဲနှင့် သိသာသော အသက်ငါးဆယ်ခန့် အမျိုးသား ကြီးတစ်ဦး။ ဒေါက်တာ ရွှေဝတ်ရည်နှင့်တူသော အစိတ်အပိုင်းရှိသည့် မျက်နှာနှင့်လူ။ သူ့ဘေးမှာ သုံးဆယ်ကျော်ရွယ် ပျံ့နေသည့် အမျိုးသမီး တစ်ယောက်။ နောက် အိမ်ထောင်ဖိုသူ ဖြစ်ရလမည်။

"ဘယ်က ကောင်လဲ"

တံခါး လာဖွင့်သော ကလေးကို ခပ်ရင့်ရင့် မေးလိုက်သည်။

"ဦးလေးကို တွေ့ချင်လို့ စောင့်နေတာတဲ့"

အောင်ဦးသာကို ခပ်ကျောကျော ကြည့်ရင်း ကားကို မောင်းဝင် သွားသည်။ သူ့ခြံဝတွင် နှမ်းလျစွာ ထိုင်နေသည်ကို ကျက်သရေမဲ့သည် ဟုများ ထင်လေသည်လား။

အောင်ဦးသာ တိုက်ရှေ့ ပေါ်တီကိုအရောက် လမ်းလျှောက် ဝင်ခဲ့သည်။ သူတို့နှစ်ယောက်လုံး အောင်ဦးသာအလာကို စောင့်ကြည့် နေကြသည်။

"ဘာကိစ္စလဲ"

"ကျွန်တော် အောင်ဦးသာပါ၊ ဒေါက်တာ ရွှေဝတ်ရည်ရဲ့ ယောကျ်ား"

"ဟင်...ဘာ..."

သူ့အဖြေကြောင့် ဦးစက်ရွှေတို့၏ အာမေဋိတ်သံ ပြိုင်တူ ထွက်လာသည်။





"မင်း...မင်း...ဘာကိစ္စလဲ"

ဦးစက်ရွှေက လှေကားနှစ်ထစ်မှ ပြန်ဆင်းရင်းမေးလိုက်သည်။

"ကျွန်တော့်မိန်းမနဲ့ ပတ်သက်ခဲ့တာလေးတွေ ကျွန်တော် ...ည့်ချင်... မြင်ချင်..."

"ဘာ...ဘယ်လို"

သူ့ဇနီးက လက်ပွေ့အိတ်ကြီး ယမ်းခါ၍ အလန့်တကြား ...လာသည်။

"ကျွန်တော့်မိန်းမရဲ့..."

ရဲရင့်ပြတ်သားသော အောင်ဦးသာပင် ဆွံ့အ သွားသည်။ သူ့ ...ည် ရည်ရွယ်ရင်းကလည်း အခြေအမြစ် မခိုင်မာ။ ရှုးမတတ် ...ရ၍ ရွှေနေခဲ့သော အိမ်သို့ အရူးတစ်ယောက်လို အလွမ်းတွေ ...င်း ရောက်လာရခြင်းပါ။

"ကိုကိုနော်...အမွေကိစ္စတွေ၊ ဘာတွေ ရှုပ်ရှုပ် ရှုပ်ရှုပ် ဖြစ်လာ ...ယ်။ ခုတည်းက အပြတ်ရှင်းထား..."

"ဆွဲထိုးပစ်လိုက်မည်" ဟူသော စိတ်ဖြင့် ခြေတစ်လှမ်း ...လိုက်စဉ်မှာပင် အမျိုးသမီးက အိမ်တွင်းသို့ လှည့်ဝင်သွားသည်။

"ဒီမှာ...တွ"

ဦးစက်ရွှေ၏ မျက်ဝန်းမှ မီးစွယ်နှစ်ခု ထွက်လာသည့်သို့ပါ။

"မင်းမိန်းမတောင် သေနေမှ မင်းက ဒီအိမ်ကို ဘာမှ လာ...ရာ ...ကြောင်းမရှိဘူး။ ငါ့သမီးကလည်း ငါ့ကိုကန်ပြီး ထွက်သွားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



တောမှာ တွေ့ရာလူ ကောက်ယူခဲ့တယ်ပဲ ကြားရတာ။ မင်းကို တို
သားမက်အဖြစ်...”

“ဒီမှာဗျ...”

“မင်း ဘာမှ မပြောနဲ့၊ ဒီအိမ်နဲ့ မင်းနဲ့ ဘာမှ ပတ်သက်
အကြောင်းမရှိဘူး”

“ဒုန်း...”

“တောက်...”

အောင်ဦးသာက ကားကို လက်သီးနှင့်ထုရင်း တောက်ခေါ
လိုက်သည်။ ဦးစက်ရွှေမှာ သူ့ကားသစ်ကလေးကို အထုခံရ၍ သူ့ရင်
အထုခံလိုက်ရသလို ရင်ခေါင်းသံ ပါလာအောင် အော်လိုက်သည်

“သွား...မင်း ခုထွက်သွား”

“ခင်ဗျားကြီး မကြီးကျယ်နဲ့၊ ကျုပ်သွားမယ်။ ဒါပေမ
ထပ်နှင်ရင် ခင်ဗျားကို ဆွဲထိုးပြီးမှ သွားမယ်”

ကိုယ်ခန္ဓာ တောင့်တင်းလွန်းသော လူငယ်တစ်ယောက်
ဒေါသကို ဦးစက်ရွှေ နည်းနည်းလန့်သွားပုံရသည်။ ခြံထဲတွင်လည်
တံခါးစောင့်ကောင်လေးမှလွဲ၍ သူ့ကို ကူမည့်သူ ရှိဟန်မတူ။

“ကဲ...ကွာ”

နောက်မှ ည–နံပါတ်ပြားကို တစ်ချက် ဆောင့်ကန်ခဲ့ပြီးမှ လှ
ထွက်လာသည်။ နောက်ဘက်တွင် ဘာဖြစ်နေသည်ကို အောင်ဦးသ
လှည့်မကြည့်တော့။ သူ ရမ်းခွင့်ရခဲ့၍ ကျေနပ်မိသော်လည်း ဒေါသ
မပြေသေး။





ဦးလွန်းတင် ကြိုတင် တွေးဆခဲ့သည့်အတိုင်း အမွေရလိုမှုနှင့်
ာက်လာသူဟု သူတို့ထင်ခဲ့ကြသည်။ အောင်ဦးသာမှာ အလွမ်း
နေတွင် ဒေါသစိတ်များပါ ထပ်ဆင့် ဖြစ်ထွန်းလာ၍ ရင်ခုန်နှုန်း
လွန်းနေပါ၏။ သူ ဒေါနှင့်မို့ မောရမှန်းမသိ။ ပြည်လမ်းမကြီး
တွင် သွက်သွက်ကြီး လျှောက်နေမိသည်။

“အစ်ကို...အစ်ကို”

မီးတောက်မြိုင်မှ တံခါးစောင့်ကောင်လေး ပြေးလိုက်လာသည်။
အလို့ပါ...

“အစ်ကို...အစ်ကို့ကို...အစ်ကို့ကို”

“မင်း သိပ်မောနေပြီ။ အဝေးကြီးပြေးလိုက်လာရတာကို...
ဲ့ အယုတ်တမာ အဘိုးကြီးက ဘာပြောခိုင်းလို့လဲ”

“ဦးလေးက တောင်းပန်ခိုင်းလိုက်လို့”

“ဘာ”

“သူ့... သူ့မိန်းမရေ့မှာမို့ပါတဲ့”

“အဲဒါ ဘာဖြစ်လဲ”

“သူ အစ်ကို့ကို တွေ့ချင်လို့တဲ့”

“တွေ့စရာမလိုတော့ပါဘူး”

“မဟုတ်ပါဘူး အစ်ကိုရာ... ဦးလေးတ အစ်ကို့ကို တကယ်
ချင် တကယ်တောင်းပန်ချင်တာပါဗျ၊ ဒီမှာ လိပ်စာရေးပေးခဲ့ပါ။
ာတွေ့မှာပါတဲ့”



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ဘောလ်ပဲန်နှင့် စာရွက်ငယ်လေး တစ်ခု လှမ်းပေးသည်။

"သူ တွေ့ချင်ပေမယ့် ငါမှ မတွေ့ချင်တော့ဘဲ၊ ဘာလုပ်ရေးမ ရမှာလဲ"

"အစ်ကို့လိပ်စာ ပါမလာရင် ကျွန်တော့်ကို ဆူမှာဗျ"

"ငါမတတ်နိုင်ဘူး"

"မဟုတ်ဘူးအစ်ကို။ သူ့သမီး...ဟို... မမရွှေဝတ္တရည်နဲ့ ပတ်သက်ပြီး..."

"ဟင်...ဘာ"

"အဲဒါ ပြောစရာရှိလို့ပါတဲ့"

အောင်ဦးသာ တွေဝေမနေတော့၊ အဘိုးကြီးကို လုံးဝ ကြည့်မ သည့်တိုင်၊ သူ့မမ၏ အမည်ပါလာသဖြင့် ဂဏန်းငါးလုံးကို ချက်ချင်း ရေးပေးလိုက်မိတော့သည်။

"အဲဒီဖုန်းနံပါတ်ကိုပဲ ဆက်ပါလို့ ပြော၊ ငါ အဲဒီတယ်လီဖုန်း ရှိတဲ့နေရာမှာ ခုပြန်သွားပြီးတည်းက စောင့်နေမယ်လို့ပြောလိုက်"

"ဟုတ်ကဲ့ အစ်ကိုရာ၊ ကျေးဇူးပါပဲ"

❖ ❖ ❖



အခန်း ။ ၁၄ ။

"သောက်...အောင်ဦးသာ"

ဝီစကီ ဖန်ခွက်ကို ဦးစက်ရွှေက ချပေးလိုက်သည်။ စိတ်မငြိမ် သော အောင်ဦးသာမှာ သည့်မျှလောက်သောက်၍ မဖြုန်သေး။ ရှေးသေး...

"ကဲ...မင်း...စိတ်နည်းနည်းငြိမ်ရင် ပြောတော့မယ်"

"ပြောပါ"

တယ်လီဖုန်းနှင့် ချိန်းဆိုပြီးနောက် ယခု အင်းလျားလိပ်၏ ဘရုတ်အစားအစာရသော စားသောက်ခန်းမသို့ ရောက်နေကြခြင်း ဖြစ်ပါ၏။ ဝက်နံကင်...ပုစွန်လုံးကျုံအုံကြော်၊ ကြက်သားပျားရည် ဆမ်း... စသော စားသောက်ဖွယ်တို့က အစုံအလင်၊ ဦးစက်ရွှေ၏ပုံစံကို အောင်ဦးသာ မနှစ်သက်လှ၊ မမနှင့် ပတ်သက်သည် ဆို၍သာ လာရ သည်။ သည့်မျှ အံ့သြတုန်လှုပ်ဖွယ် မယုံကြည်နိုင်စရာ သတင်းကိုကို ကြားရလိမ့်မည်ဟုဖြင့် မထင်မိခဲ့ပါ။

www.burmeseclassic.com



"ငါ့သမီး… မင်းဇနီး…ရွှေဝတ်ရည် မသေခဲ့ပါဘူး အောင်ဦးသာ"

"ဗျာ"

"သူ့ကို တံငါလှေတစ်စင်းက ကယ်ဆယ်ခဲ့တယ်။ သူ့အ… အရ… မင်းဆီမပြန်ဘဲ ရန်ကုန်ကိုပြန်လာခဲ့ပြီး…"

"ကျွန်တော် မယုံဘူး… ဒါမဖြစ်နိုင်ဘူး"

"မင်း သိပ်စိတ်လှုပ်ရှားနေပါလား"

ရှိဝေစေသော အယ်(လ်)ကိုဟောဓာတ်များ ချက်ချင်း လွှင့်ပျံ… ကုန်သည်။ အောင်ဦးသာ မမူးတော့…ရှူးရှူးရှားရှားသာ ဖြစ်လာသည်။

"မမဟာ ကျွန်တော့်မိန်းမ၊ ကျွန်တော်တို့ လင်မယားချင်း… သိပ်ချစ်ကြတာ၊ သူ မသေရင် သူ့ယောက်ျား ကျွန်တော့်ဆီကို သူ ဆက်သွယ်ရမှာပေါ့"

"မဆက်သွယ်ချင်စရာ အကြောင်းရှိတယ် အောင်ဦးသာ…"

"မဖြစ်နိုင်ဘူး…ဘာမှမရှိဘူး"

"ဒါဆိုရင် ရွှေဝတ်ရည် သက်ရှိထင်ရှားရှိတယ်ဆိုတာကို အောင်ဦးသာက လက်မခံတော့သဘောလား"

"မဖြစ်နိုင်လို့ ပြောနေတာဗျ။ လက်ခံချင်တာပေါ့။ ကျွန်တော့် မိန်းမသာ ပြန်ပြီးအသက်ရှင်မယ်ဆိုရင်လေ…၊ အို…ကျွန်တော့် လက် ခြေ၊ မျက်စိ၊ အသည်းနှလုံး စသည်တို့နဲ့ လဲလှယ်ယူမယ်"

"လဲစရာမလိုပါဘူး၊ သူ့ဆီလိုက်သွားရုံပဲ"





"ခုပဲလိုက်မယ်။ ဘယ်မှာလဲ၊ ကျွန်တော့်အချစ်ဆုံး မမ၊ ဘယ်မှာ ရှိနေလဲ၊ ပြောစမ်းပါဗျာ"

အင်းလျားလိပ်၏ နည့်ကြိုမလေးပင် လန့်သွားအောင် အောင်ဦးသာက ဝုန်းဝုန်းဒိုင်းဒိုင်း ထပြီး ဦးစက်ရွှေ၏လက်ကို ဆွဲယမ်း ရင်း မေးမိသည်။

ဦးစက်ရွှေ၏ မျက်ဝန်းက ထာဝရ အေးစက်နေသော်လည်း ဆုတ်မာမည့် အသွင်မျိုးရှိသည်။

သူသည် ပြဿနာတစ်ရပ်ကို သွေးအေးအေးနှင့် ရက်စက်စွာ ဖြေရှင်းတတ်မည့်ပုံစံမျိုး…သူ့ကို စတင်ဆုံဆည်းရစဉ်ကပင်၊ အောင်ဦး သာ သတိထားမိခဲ့ပါသော်လည်း သူ့စကားများက အောင်ဦးသာ၏ နှလုံးသားကို ရိုက်ပုတ်လှုပ်ခါနေသည့်သို့ပါ။

"ငြိမ်ငြိမ်ထိုင်ပါ အောင်ဦးသာ၊ အန်ကယ့်လ်စကားကို နား ထောင်စမ်းပါ။ ရွှေဝတ်ရည် အသက်ထင်ရှား ရှိနေကြောင်းအန်ကယ်လ် သက်သေပြမယ်။ မင်းယုံကြည်ပြီဆိုရင် သူရှိတဲ့နေရာကို လိုက်ပြီး သွားခေါ်ရဲမလား"

"မမဟာ သမုဒ္ဒရာ ကြမ်းပြင်မှာ ရှိနေပါစေ၊ ဟိမဝန္တာတောင် ထိပ်မှာ ရောက်နေပါစေ၊ အခု တဆက်တည်းပဲ ကျွန်တော် လိုက်သွား မယ်"

"ဒီလောက်မလိုပါဘူး။ သူ မြန်မာပြည်ထဲမှာ၊ တာချီလိတ် မှာပါ"

"တာချီလိတ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အရှေ့ဘက် အဆုံးဆုံးက မြန်မာပြည်ရဲ့ နယ်ခြားမြို့ပဲ"

"သူ ဘာသွားလုပ်နေတာလဲ"

"မင်းက မြန်မာပြည်ရဲ့ အနောက်ဘက်ဆုံးက မြောက်ဦးမြို့သား မဟုတ်လား။ မင်းနဲ့ အဝေးဆုံးနေရာကို ပြေးတာပေါ့"

"ကျွန်တော် လိုက်သွားမယ်။ မမသာ ဘာကြောင့် သွားနေရတယ်ဆိုတာ ကျွန်တော် လက်ခံနိုင်အောင် ပြောပြစမ်းပါ"

"အောင်ဦးသာက ရခိုင်မလေး နမြခိုင်နဲ့ ယူခါနီးဆို၊ ဒါကို..."

"မဟုတ်ဘူး။ ဒီကိစ္စက ရှင်းပြီးသား၊ သူနဲ့ကျွန်တော် လက်ထပ်ပြီးနေမှ၊ ဒီကိစ္စကြောင့်ဆိုတာ မဖြစ်နိုင်ဘူး"

"ကဲကွာ...ထားပါ။ အန်ကယ်လ်ကိုယ်တိုင် ရွှေဝတ်ရည်နဲ့ ဆုံပြီးပြီဆိုတာရော ယုံလား"

"ယုံအောင် ပြောစမ်းပါ"

"အန်ကယ်လ်နဲ့ သမီးနဲ့ အဆက်ပြတ်နေတယ်ဆိုတာ သိတယ် နော်..."

"အင်းပါ"

"ဒါကြောင့် ဟိုမှာ မင်းတို့ ဘယ်လို နေကြ၊ ထိုင်ကြတယ်ဆိုတာ အန်ကယ်လ့်အနေနဲ့ သိစရာအကြောင်းမရှိဘူး မဟုတ်လား"

"လိုရင်းကို မြန်မြန်ပြောစမ်းပါ"

"ရွှေဝတ်ရည်ရဲ့ လည်ပင်းမှာ ဝေသာလီဒင်္ဂါးလေး ဆွဲထားတယ်"





"ဟာ..."

အောင်ဦးသာ၏ရင်မှာ ဆို့တက်လာသည်၊ ဝမ်းသာလွန်း၍ပါ။ သို့သော်လည်း ဦးစက်ရွှေ၏ ကောက်ကျစ်မည့် ရုပ်သွင်ကို မယုံရဲ သေးပါ၍...

"ရွှေကြိုးနဲ့ ဆွဲထားတယ် မဟုတ်လား"

"မဟုတ်ဘူး။ ငွေကြိုးနဲ့။ မင်းကိုယ်တိုင် ဖောက်ပြီး ဆွဲပေးထားတာဆို"

အောင်ဦးသာ ဘာမှကို မပြောနိုင်တော့။ မမ အသက်ရှင်နေပါသေးသည် ဆိုသည်မှာ ယုံမှားစရာ မရှိနိုင်တော့ပါ။ သူသည် သေဆုံးသွားသူတစ်ယောက်လို တစ်ကိုယ်လုံး အေးစက်ငြိမ်သက်သွားပြီး ဘာမှ မပြောနိုင်တော့။

ရွှေဝတ်ရည်ကို ဝေသာလီဒင်္ဂါးလေး ဖောက်ဆွဲပေးထားကြောင်း၊ ဦးစက်ရွှေထံ သတင်းရောက်နိုင်စရာ အကြောင်းမရှိပါ။ မြောက်ဦးမြို့မှာပင် သိသူ မရှိသလောက်ပါ။

"ကောင်းပြီ။ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော် နက်ဖြန်ခါပဲ ခရီးထွက်မယ်၊ တာချီလိတ်အရောက် လိုက်သွားမယ်။ ဒါပဲ မဟုတ်လား"

"ရွှေဝတ်ရည်ကို ပါအောင် ခေါ်လာခဲ့ရမယ်နော်"

"ဒါ အန်ကယ်လ်ပြောစရာ လိုသေးလား။ ဦး သမီးဆိုပေမယ့် ကျွန်တော့်မိန်းမဗျ"

"အေးလေ၊ ဒါပေမယ့်...မင်းတို့ မြောက်ဦးမြို့မှာတုန်းကလို 'ဒေါက်တာရွှေဝတ်ရည်'ဆိုတဲ့ ဆိုင်းဘုတ်လေးတင်ပြီး အလှင်အရှာ



www.burmeseclassic.com

www.burmeseclassic.com



မနေရလို့ မင်း ရှာဖို့မလွယ်ပါဘူး"

"ဟင်..."

"သူဟာ အဖွဲ့အစည်းတစ်ခုထဲကို ရောက်နေတာယ်။ မင်း အပါ အဝင် ဘယ်သူမှ အဲဒီနားကို ကပ်လို့မရဘူး။ ဒါကြောင့် အဲဒီအဖွဲ့ထဲ ဝင်နိုင်ခွင့်၊ ရွှေဝတ်ရည်ကို ပြန်ခေါ်လာနိုင်ခွင့်ရအောင် သူတို့ရဲ့ သက်ဆိုင်ရာ၊ ပတ်သက်ရာဆီက ထောက်ခံစာ တစ်ခုခု ယူသွားမှ ဖြစ်မယ်"

အောင်ဦးသာ ရှုပ်ထွေးသွားသည်။ ရွှေဝတ်ရည် အသက်ရှင် လျက် ရှိနေပါသည်ဆိုသော ကိစ္စကို ဝေသာလီဒင်္ဂါး သက်သေကြောင့် သူ ယုံမိသည်။

မော်တော်မောက်ခါနီး နောက်ဆုံးအချိန်ထိ ဤဆွဲကြိုးလေး ရွှေလည်တိုင်ဖွေးဖွေးမှာ ဆွဲထားလျက်...

အချစ်မြတ်နိုးဆုံးသော မမ အသက်ရှင်လျက် ရှိနေသေးသည် ဆိုခြင်းအတွက် ရင်ပွင့်သွားလောက်အောင် ဝမ်းသာမိသည် မှန် သော်လည်း...

ဦးစက်ရွှေကို အကဲမရ။

အောင်ဦးသာကို ငါးစာပြ၍ များယူချင်စရာ တစ်ခုခုရှိနေလေ မည်ဟု အောင်ဦးသာ ထိုစဉ်တည်းက သံသယ ဖြစ်မိသည်တော့ အမှန်။

ဘာပဲဖြစ်ရဖြစ်ရ၊ ဘာကိုပဲ ရင်ဆိုင်ရ ရင်ဆိုင်ရပါစေ။ ရွှေ့ကို တွေ့ရမည်ဆိုလျှင် သူအရာအားလုံးကို စွန့်လွှတ်နိုင်သည်။ စွန့်စား





ရဲပါသည်။

"ကဲ...အဲဒီ အဖွဲ့ဆိုတာရဲ့ အကြီးအကဲဟာ အန်ကယ်လ်ပဲ မဟုတ်လား"

"မင်း ဒီလို ငါ့ကို မယုံသင်္ကာဖြစ်နေရင် မသွားနဲ့လေ။ ငါဟာ ဆောက်ပြန်ရေးသမားတစ်ယောက်လို့ မင်းထင်ရင် သက်သေရှာပါ။ တွေ့တာနဲ့ ရဲတိုင်၊ ငါကိုယ်တိုင် အဖမ်းခံမယ်။ စက်ရွှေ ရာဇဝင်မှာ သမ္မာအာဇီဝနဲ့ စီးပွားရှာစားတယ်။ ခုဟာက သိပ်မိုက်တဲ့သမီး၊ သိပ်ရမ်းကားတဲ့ ဇနီးအတွက်မို့ ငါ မင်းလိုကောင်နဲ့ ဆက်ဆံနေရတာ၊ မသွားချင်လည်း နေတော့။ ဒင်းတို့ထိုက်နဲ့ ဒင်းတို့ကံပဲ"

ဦးစက်ရွှေက နေရာမှထသည်။ ငွေကို သူကိုယ်တိုင် သွားရှင်းပြီး ပြန်တော့မည့်ဟန် ပြင်တော့ အောင်ဦးသာ လိုက်ဆွဲရမြန်သည်။

မနေ့က ဆုံရစဉ်က မကြေလည်ခဲ့သဖြင့် ယနေ့ တအာက်သတ် မကောင်း မြင်နေမိသည်လားဟု ယောက္ခမကြီးကို ကြည့်ပြီး ပြန်လည် စိတ်ဖြေရသည်။

"ဒီမှာဗျာ...၊ ဘာကြီးပဲဖြစ်ဖြစ်၊ ကျွန်တော့်မိန်းမနဲ့ ကျွန်တော် တွေ့ရရင် ပြီးရော၊ ဦးလေး... အဲ... အန်ကယ်လ်သာ စီစဉ်ပေးပါ"

သည်တော့မှ ဦးစက်ရွှေ ပြန်ထိုင်သည်။ သူလည်း ဒေါသနှင့် လူပါ။ သို့သော်လည်း အောင်ဦးသာလိုပင် အောင်ဦးသာကို သွားစေ ချင်နေသူသာ။

"အဲဒီအဖွဲ့ရဲ့ ဆရာကြီးဆိုတာက တောင်ကြီးကနေ လှမ်းပြီး ချုပ်ကိုင်နေတာတဲ့။ အဲဒီကိစ္စတွေကို ငါလည်း မသိပါဘူး။ ငါ့အခု



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ "မြင့်မာဦး" က တောင်ကြီးသူမို့ သိတာ။ သူ့အသိရဲ့ အကူအညီနဲ့ သူတို့ရဲ့စာကို ယူခိုင်းပြီး မင်းကိုလွှတ်ရမှာ"

"အမြန်ဆုံး လုပ်ပေးပါ။ ပြီးတာနဲ့ ကျွန်တော်သွားမယ်။ ခုပြီးလည်း ခုပဲသွားမယ်"

ဦးစက်ရွှေက သားမက်ကို တစ်ချက်ကြည့်၍ ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။

"စောစောတည်းက ကျွန်တော့်ကို အကြောင်းကြားဖို့ကောင်းပါတယ်"

"မင်းက ခုမှ လာပြီးဆက်သွယ်တာကိုး"

"ဒါတောင် အန်ကယ်လ်တို့က ဘယ်မှာလက်ခံလို့လဲ"

"ငါ့မိန်းမကြောင့်ပါ။ ငါ့အမှား ငါသိပြီး ချက်ချင်းမဲ..."

"ဟုတ်ပါပြီ။ ထားလိုက်ပါတော့ဗျာ၊ ကျွန်တော် နက်ဖြန်ပဲ ရန်ကုန်က စ,ထွက်ချင်ပြီ။ ခရီးက အဝေးကြီး"

"နက်ဖြန်တော့ ဘယ်ဖြစ်ဦးမှာလဲ။ အစစ ပြင်ဆင်ရဦးမယ်လေ၊ မင်း ကိုယ်ခံတောင့်ဖို့ကအစ ပြန်လေ့ကျင့်ဦး။ အန်ကယ်(လ်)ဘက်ကလည်း မှတ်ပုံတင်ကအစ ပြင်ဆင်ပေးရမှာ"

"အို...ဘာလို့လဲ"

"ရွှေဝတ်ရည်ရဲ့ခင်ပွန်း အောင်ဦးသာအဖြစ်နဲ့ လိုက်သွားလို့ ဘယ်ရမလဲ။ တခြားတစ်ယောက် အဖွဲ့ဝင်အဖြစ်မျိုးနဲ့သွားမှ မင်းဝင်ခွင့်ရပြီး မင်းမိန်းမနဲ့တွေ့ရမှာ"

"မလွယ်ပါလား"





"အေး...တကယ်မလွယ်တာ။ ဘာပဲဖြစ်ဖြစ် ငါ့သမီးကို အပါခေါ်လာဖို့က မင်းတာဝန်"

"ဦးလေးစကားက ကျွန်တော့်ဆန္ဒရဲ့ အပုံတစ်သိန်းပုံ တစ်ပုံတောင် မရှိပါဘူး"

အောင်ဦးသာ၏ ရဲရင့်ပြတ်သားမှုကို ဦးစက်ရွှေက ပို၍ သဘောကျသွားပုံရသည်။

"ကဲ... ကျွန်တော့်ဘက်က ဘာတွေလုပ်ရမလဲ"

"မင်း ဟိုမှာ ဘာနာမည်နဲ့ လုပ်ရမလဲသာ စဉ်းစား။ တခြားကိစ္စအားလုံး အန်ကယ်လ့်တာဝန်"

"ငွေတော့ ပေးဖို့မလိုဘူး"

"မင်းဟာ အန်ကယ်လ့်သားမက်ပဲ"

"အန်ကယ်လ့်ငွေ တစ်ကျပ်ပါရင် ကျွန်တော်မသွားဘူး"

စက်ပစ္စည်းများဝယ်ရန် အောင်ဦးသာထံမှာ ငွေများပါရှိလာပြီးဖြစ်သည်။ ယောက္ခမ၏ အောက်ကျလည်းမခံချင်။ သူ့နောက်ဇနီး၏ ငြိုငြင်ခြင်းမျက်နှာကိုလည်း သူမကြည့်လိုပါ။

"ကောင်းပြီ။ မင်းနာမည်သာရွေးထား။ အန်ကယ်လ်ကပဲ မင်းကို ထပ်ပြီး ဆက်သွယ်မယ်"

အင်းလျားလိပ်မှပင် လမ်းခွဲကြသည်။

ဦးစက်ရွှေက သူ့ ဂဲလဲန့်ကားနှင့်... အောင်ဦးသာက သူတည်းခိုသော ပွဲရုံမှ ဂျစ်ကားနှင့်။ တစ်ယောက်တစ်လမ်းစီ ပြန်ခဲ့ကြပါသည်။

"အမည်..."



www.burmeseclassic.com

www.burmeseclassic.com



ငါ့နာမည်ကို အသစ်ရွေးရမယ် ဆိုပဲ...။

"မောင့်ကို အသဲလေးလို့ခေါ်တတ်တဲ့ မောင့်ရဲ့ အမြတ်နိုးဆုံး မမရယ်..."

အချစ်ဆုံး မမပေးခဲ့တဲ့ သင်္ကေတ လေးတွေကို ရွေးပြီး မောင့်ရဲ့နာမည်ကို...

"မောင်သဲမြတ်"

လို့ ပြောင်းပြီး အချစ်ဆုံးမမ ရှိနေပါတယ်ဆိုတဲ့ အရှေ့ပိုင်း ရှမ်းပြည်နယ်ရဲ့ နယ်ခြားမြို့လေးကို မောင် အမြန်ဆုံးရောက်အောင် လာခဲ့ပါ့မယ် အချစ်ရယ်...

"မောင့်ရဲ့ ချစ်မြတ်နိုးဆုံး ရွှေဆိုတဲ့မမကို ပြန်လည်တွေ့ဆုံခွင့်သာ ရနိုင်ပါစေဗျာ"

သည်သို့ဖြင့်...

အောင်ဦးသာ မည်သော မောင်သဲမြတ် သည်...

**မြောက်ဦးမြို့မှသည် တာချီလိတ်ဆီသို့...**

❖ ❖ ❖



အခန်း ။ ၁၅ ။

"မင်းတစ်ယောက်ယောက်ကို ပုန်းနေသလား"

"မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ"

အောင်ဦးသာ၏ အတိတ်အတွေးများကို အိမ်ရှင် ရှမ်းတရုတ်မ ၏ ခပ်ဝဲဝဲမေးသံဖြင့် ရပ်တန့်သွားစေရသည်။

"ငါ့ကို အမှန်အတိုင်းပြောပါလား"

"ဘာဖြစ်လို့လဲဆိုတာ ပြောပါ"

"ဦးယုလှိုင်အဖွဲ့သားတွေ ခြေရှုပ်နေလို့"

အောင်ဦးသာ ရုတ်ခြည်း ထထိုင်လိုက်သည်။ စိုးရိမ်မှု မျက်နှာဖြစ်ထွန်းသွားလိမ့်မည် ထင်သည်။

"အမှန်ပြောရင် ကူညီမလို့"

"ခင်ဗျားကို ဘယ်လိုလုပ် ယုံရမလဲ"

"ငါ ဘယ်တော့မှ မညာဘူး"

"ကောင်းပြီ။ ဒါဖြင့် ကူ ညီပါ"

"ဒီတစ်ညလုံး မထွက်ဘဲ နေနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးသာ ခေါင်းညိတ်ပြလိုက်သည်။

"ဘတ်တစ်ရာ ထပ်ပေးရမယ်"

ဆောင်းဘီအိတ်ထဲမှ ရာတန်တစ်ချပ်ကိုထုတ်ပြီး အမျိုးသမီးကို မကြည့်ဘဲ ပေးလိုက်သည်။

"လာ...လိုက်ခဲ့ပါ"

တဘက်အိမ်၏ အပေါ်ထပ်သို့ ခေါ်သွားသည်။ သားနားသော အိပ်ခန်းတစ်ခုအတွင်းမှ ဖြတ်ဝင်ရပါ၏။

"ဒါ သမီးရဲ့အခန်း၊ သူ 'တာလေ' သွားနေတယ်။ ဒီမှာ သိပ် လုံခြုံတယ်"

"ကျေးဇူးပဲ"

အမျိုးသမီး ထွက်သွားပြီး ခဏအကြာတွင် တင်း(န်)ဘီယာ လေးဗူး၊ အမဲခြောက်ကြော်၊ ဝါဂွမ်းလို နူးညံ့ပြီး ဖြူဖွေးနေသည့် စက်နှင့် ပါးပါးလှီးပြီးသား ယိုးဒယား ဆင်းဒဝစ် ပေါင်မုန့်ထုပ်၊ သစ်သီးခြောက် ယိုဗူးတစ်ခု၊ ရေခဲတုံးလေးများပါသည့် ရေခဲရေတချိုင့်၊ မီးလမိုင်း ရေခွက်တစ်လုံးတို့ကို အမျိုးသမီးကိုယ်တိုင် လာပို့သည်။

"ဒီမှာ အစ်မ"

"အေး..."

"ဦးယုလှိုင်ကို သိလား"

"သိတယ်"

"သူ ဘာတွေလုပ်လဲ"

"သူက ငွေပဲထုတ်တာ၊ သူ့တပည့်တွေက ဖိုးလုပ်တယ် ပြော





တာပဲ။ တို့လည်း မသိပါဘူး။ သူ့မိန်းမက အားကြီးလှတယ်နော်... ရန်ကုန်က..."

"သူ့...သူ့သမီးကရော"

"သူ့သမီးတော့ မမြင်ဖူးပါဘူး"

"ဦးယုလှိုင်က ဘယ်မှာနေတာလဲ ဟင်"

"ကျိုင်းတုံမှာလည်းနေတယ်၊ ဒီမှာတော့ ဖုန်းထွန်မှာလေ။ သူ့တိုက်မှာ သွားရှာတာ ခဏ ခဏ၊ ဘာမှ မတွေ့"

"ဦးယုလှိုင် မိန်းမက ရန်ကုန်က ဟုတ်လား"

"အေး...ငါ့ယောက်ျားတွေတော့သိတယ်"

"ဒီမှာ မေးပေးစမ်းပါ၊ အတိအကျသိရရင် ဘတ်သုံးရာ ဆေးမယ်"

"မလိုဘူး...ရပြီးပြီ၊ မေးပေးမယ်"

လောဘချည်း မဟုတ်၊ သစ္စာရှိပုံရသော အမျိုးသမီး၏ အပြန် ကို စိတ်မောအောင် စောင့်ရသည်။ ပြီးမှ–

"ဒေါ်မာရီနဲ့ ငါ့ယောက်ျားနဲ့ သိတယ်"

"အို...ဟုတ်လား"

"သူ့ ရန်ကုန်က သူဌေး ဦးစက်ရွှေ ဆိုသူရဲ့မိန်းမတဲ့"

"ဟာ..."

ဦးစက်ရွှေ၏ဇနီး ဒေါ်မေသက်ထားသည် ဒေါက်တာ ရွှေဝတ် ရည်၏မိခင်ပါတည်း။ ဖောက်ပြန်မှုကြောင့် သေပြီဟု ပြောထားခဲ့သနို့ တုပါ၏။ အောင်ဦးသာမှာ မေ့မေ့ လျော့လျော့ဖြင့် အိမ်ရှင်မ၏လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ရင်း အလောတကြီး မေးမိသည်။

"သူ… သူက ဘယ်လို ရောက်လာတာလဲ၊ ဘယ်တုန်းက ရောက်လာတာလဲ ဟင်…။ သူ့မှာ သမီးရှိတယ်။ သူ့သမီးနဲ့ သူနဲ့ အတူလာသလား"

"မသိဘူး၊ ဒီမှာတော့ ဦးယုလှိုင် မိန်းမပဲ…"

"သွားမေးပေးစမ်းပါဦး၊ ကျွန်တော် သိပ်အရေးကြီးလွန်းလို့ ပါဗျာ"

ချက်ချင်းလို အမျိုးသမီး ပြန်ရောက်လာသည်။

"ငါ့ယောက်ျားက ဆုံးသွားတာလိုက်တယ်၊ ဘာမှ မပြောခဲ့ တော့ဘဲ"

"ဟင်…"

"နင် ဘာယူဦးမလဲ"

အောင်ဦးသာ ခေါင်းခါလိုက်သည်။

"ဒါဖြင့် တံခါးပိတ်ထား၊ ငါမလာတော့ဘူး၊ ဒီမှာ စိတ်ချ အိပ်ပါ"

အမျိုးသမီး တံခါးကို ဆွဲစေ့ပေးရင်း ပြန်ထွက်သွားသည်။

အောင်ဦးသာမှာ ရင်မောလွန်းစွာဖြင့် ခုတင်ပေါ်တွင် ကန့်လန့် ဖြတ် လှဲအိပ်ချလိုက်မိသည်။

မျက်စိထဲတွင် နေ့လည်က တွေ့ခဲ့ရသော အမျိုးသမီးကိုသာ ပြန်လည်မြင်ယောင်နေမိသည်။

"မမရယ်…"





"မောင် တွေ့ခဲ့ရတာ မမ အစစ်လား"

"ဘိန်းဖြူစွဲလို့ ရုပ်ပျက်နေတဲ့ ကျွန်တော့်ရဲ့ ရွှေလားဗျာ"

ခက်ခဲကြမ်းတမ်းလွန်းစွာ လာခဲ့ရသော ခရီးစဉ်ဖြစ်သော်လည်း တာချီလိတ် ရောက်သည်အထိ စိတ်က တက်ကြွနေမိသည်။

သူတို့အဖွဲ့၏ ရိုက်နှက်ညှဉ်းပမ်းဒဏ်ကို ခံရစဉ်ကလည်း စိတ်ဓာတ်မကျမိ။

အမျှော်လင့်ကြီး မျှော်လင့်ခဲ့ရသော အချစ်ဆုံးမမကို တကယ် တွေ့ရမှ စိတ်ဓာတ်ကျသွားရတော့သည်။

ပထမဆုံး ကားကိုထောင်တွင် ချောင်းကြည့်စဉ်က မမ၏ မျက်နှာလေးကို မြင်လိုက်ရ၍ တွယ်ထားသည်မှပင် ပြုတ်ကျသွားခဲ့ သည်။

သို့ပါသော်လည်း အနီးကပ် ကြည့်ခွင့်ရသည့်အခါ သူချစ်ဇနီး မဟုတ်နိုင်ပါဟု စိတ်က ငြင်းဆိုမိပြန်သည်။

ယခုတော့ ဒေါ်မာရီဟု အမည်ပြောင်းထားသည့် ဒေါ်မေ ကိုင်ထားသည် ဦးစက်ရွှေ၏ ဇနီးတဲ့…။

ဒေါ်မာရီ၏ ပါးစပ်က သူ့သမီးကို ကယ်ပေးပါဟု ပြောခဲ့ သည်။

ဦးစက်ရွှေက သူ့သမီးကို ဤနေရာမှ ခေါ်ခဲ့ပါဟု မှာလိုက် သည်။

အခြေအနေအရပ်ရပ်တို့ကြောင့် ဘိန်းဖြူစွဲနေသော မိန်းမသည် ဒါက်တာရွှေဝတ်ရည်ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပါသော်လည်း အောင်ဦးသာ၏ ရင်တွင် ထွေးပွေ့ခဲ့ရဖူးသော ရွှေ မဟုတ်နိုင်ပါဟု သူ့အသည်းနှလုံးက ငြင်းဆိုနေမိပြန်သည်။

"မမရယ်...မမ ဒီလောက် မမိုက်ပါဘူး။ ပြီးတော့ ဆရာ တစ်ယောက်ပါ။ တယ်နည်းနဲ့မှ နံပါတ်ဖိုး အစွဲခံမှာ မဟုတ်ပါဘူး

"ဒါပေမယ့် မောင်လေ... French Connection ဆိုတဲ့ ရုပ်ရှင် ကားတစ်ခု ကြည့်ဖူးတယ်။ ပြင်သစ်ပြည်မှာ ရဲအရာရှိကို လူဆိုးအဖွဲ့က ဖမ်းပြီး ဘိန်းဖြူတွေ အတင်းထိုးထိုးပေးရာက နောက်ဆုံး စွဲသွား တယ်...။ မမကိုလည်း ဒီလိုပဲ လုပ်ထားကြသလား...ဟင်"

"ဒါကြောင့် မမရဲ့မေမေက ကယ်ထုတ်ခိုင်းတာလား..."

"မောင့်ကို သူ့သားမက်မှန်း မသိရှာသူ။ ဒေါ်မာရီနဲ့ အေး ထပ်တွေ့ခွင့် ရချင်တယ်"

"အို...မောင် ဘာဆက်လုပ်ရမလဲ"

"မမ ဟုတ်ခဲ့ရင်လည်း မောင့်ကိုတောင် မမှတ်မိတော့ပါလား

မမကို ဆုံးရှုံးခွဲခွာခဲ့ရတာ တစ်နှစ်...နှစ်လနဲ့ သုံးရက်ရှိ ပေမယ့်...

မောင့်ရင်ထဲမှာလေ...

အတွေးများ ရပ်တန့်သွားသည်။

အလွမ်းတို့သည် ရင်မှ လျှံ၍ မျက်ရည်များအဖြစ် အန်ကျလာ သည်။

ထိုတစ်ညလုံး အောင်ဦးသာ တစ်မှေးမှ အိပ်မရတော့ပါချေ

❖ ❖ ❖



အခန်း ။ ၁၆ ။

သစ်ဆန်းလာသော နောက်တစ်ရက်သည်...

"စနေနေ့ပါတည်း"

ထုံစ်ညလုံး အောင်ဦးသာ စဉ်းစားခဲ့သည်။

ဤမျှ ကြီးမားနက်ရှိုင်းသော ပြဿနာကြီးကို သူတစ်ဦးတည်း ရှင်း၍ မဖြစ်တော့။ ဤမြို့ ဤနယ်တွင်လည်း အသိဟူ၍ ယောက်မျှမရှိ။ အနောက်ဘက်စွန်းသား တစ်ယောက် အရှေ့ဘက် သို့ ရောက်ရှိနေသဖြင့် အသိတွေ့နိုင်ဖို့လည်း မလွယ်။

မြန်မာပြည်မြေပုံကို ကြည့်လိုက်ပါလျှင် အရှေ့နှင့်အနောက် ညီတည့် ကန့်လန့်ဖြတ်ခရီး၏ မြေဆုံးမြေစမို့ မိုင်ပေါင်းက ၄၅၀ ၅၀၀ မျှ ဝေးကွာမည်။ တိုက်ရိုက်လာ၍လည်း မရ။ သင်္ဘော၊ ယာဉ်၊ မီးရထား၊ ကား စသော သွားလာမှု ယာဉ်မျိုးစုံကို မစီးပါဘဲ ခရီး မရောက်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဦးမြို့မှ ရေလမ်းဖြင့် စစ်တွေ၊ စစ်တွေမှ ရေလမ်း
မဟုတ် လေလမ်းဖြင့် ရန်ကုန်မြို့သို့ ဆင်းလာပြီးမှ ရှမ်းပြည်နယ်
မီးရထားဖြင့် လာခဲ့ရသည်။ တောင်ပိုင်း ရှမ်းပြည်နယ်သို့ ရောက်
လေမှ ဟဲဟိုးလေဆိပ်မှတစ်ဆင့် အရှေ့ပိုင်း ရှမ်းပြည်နယ်၏ မြို့
ကျိုင်းတုံသို့ လေယာဉ်ခရီး၊ ကျိုင်းတုံမှ တာချီလိတ်သို့ မြန်မာပြ
တွင် အခက်ခဲဆုံး ကားလမ်းနှင့်။

'မြောက်ဦးမြို့မှသည် တာချီလိတ်ဆီ'သို့ လာခဲ့ရသော ခရီး
ကို စဉ်းစားမိရင်း ရှေ့ဆက်ရမည့် ခရီးနှင့် လုပ်ဆောင်သင့်သော
များကိုသာ အထပ်ထပ်အခါခါ စဉ်းစားနေမိပါတော့သည်။

အောက်ထပ်တွင် ကုန်သည်များ ကျွက်ကျွက်ညံနေသ
ဂျစ်ကားသုံးစင်းစာလောက်ကို တစ်စင်းတည်းစာင်ပြီး နောက်
ထရေလာခေါ်ချိတ်တွဲစရာဖြင့် ချိတ်ဆွဲထားသည့် ဝန်စည်များ
လည်း မြင်မကောင်း၊ ဤဂျစ်ကားတစ်စင်းတည်း လိုက်မည့် လူ
လည်း နှစ်ဆယ်ကျော်၊ အားလုံး အဆင်သင့် ဖြစ်နေပါလျက် ထွက်
ပါမစ် သက်ဆိုင်ရာမှ မရသေးပါ၍ ပွက်လောရိုက်နေကြသည်။

သူတို့ထံ အာရုံမရောက်နိုင်၊ ကိုယ့်ဇောနှင့်၊ ကိုယ့်သောက
မှောင်ခို ကုန်သည်များကြားမှ သူထွက်လာခဲ့သည်။ လည်ပတ်ပုံရသေ
အခါအမျိုးသားလေးကို မြန်မာစကားဖြင့် နားလည်အောင် မနည်
ရှင်းပြရသည်။ သူ နည်းနည်း ဖြိနဲ့ပြောတတ်ပါ၏။

နောက်ဆုံး စာတစ်စောင်ကို ဘတ်တရာနှင့် ဈေးတည့်သွား
ကောင်လေး ပြေးလေပြီ၊ ဘတ်တစ်ရာထက် လျှော့ပေးစရာလည်း မ



အမ်းလည်း မနေချင်၊ အကယ်၍ ဤစာသည်သာ...

"ဒေါ်မာရီခေါ် ဒေါ်မေသက်ထား"

ထံသို့ ရောက်ရှိသွားခွင့် ရပါလျှင် ဘတ်တစ်သောင်းမက
တန်ဖိုးရှိမှာပါ။

ရပ်ရှင်ရုံရှိသော 'တာလော့ရပ်'တွင် အောင်ဦးသာ ရှိနေသည်။
သူ သွားရသည်က ဖုန်းထွန်၊ မဝေးကွာလှ၊ အချိန်က ခဏသာ
ကြာသော်လည်း ဦးယုလှိုင်တို့ဘက်က မသိအောင် ဒေါ်မာရီကိုလည်း
တွေ့ဆုံပြန်ကြားခွင့် ရရှိပါစေဆိုသော စိတ်ဆန္ဒတို့သည် အောင်ဦးသာ
ကို အချိန်တိုလေးအတွင်းမှာ ရက်စက်စွာ နှိပ်စက်နေသည်။ သူသမီးကို
တယ်လိုပါသည်။ နည်းလမ်းညွှန်ပါ။ သူ လွတ်နေပြီဆိုသော
အကြောင်းရာတို့ကို ဒေါ်မေသက်ထားထံ တိုတိုနှင့်ရှင်းရှင်း ရေးပေး
လိုက်ခြင်း ဖြစ်ပါ၏။

"သူတို့သိရင် ငါသေပြီ။ ရော့..."

စာတစ်စောင် ပြန်ပါလာသည်၊ သူ ရေးလိုက်သော စာ မဟုတ်၊
အခါအမျိုးသားလေး၏ ပခုံးကို ပုတ်၍...

"ကျေးဇူးတင်လိုက်တာ ညီလေးရာ၊ ဘာမှာလိုက်သေးလဲ
ဟင်..."

"မသိ"

အောင်ဦးသာနားမှာ သူ နေရဲတော့။ ထွက်ပြေးသွားလေပြီ။
အောင်ဦးသာမှာ သူ့အခန်းရှိရာသို့ ပြန်တက်လာခဲ့သည်။ ဆိုင်ရှင်တို့
အလုပ်ရှုပ်နေကြပါ၏။ ရှမ်းတရုတ်မ၏ ခင်ပွန်းဆိုသူက အောင်ဦးသာ



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်လံကြည့်ရှုနေကြောင်းကိုဖြင့် အောင်ဦးသာရော ထိုသူ၏ စနီးပါ အကဲမခတ်မိကြ၊ အခန်းတံခါးပိတ်ပြီး စာကို ဖွင့်ချလိုက်သည်။

"ဒီည မကယ်နိုင်ရင် မမီတော့ဘူး"

ဒေါ်မာရီ၏လက်ရေး ဟုတ်မဟုတ်လည်း မသိနိုင်။ လက်မှတ်လည်း မပါ။ သို့သော်လည်း သူ့စာဖတ်ရ၍ စာပြန်လိုက်ကြောင်းဖြင့် သေချာသည်။ အမျိုးသမီးလက်ရေးလည်း ဖြစ်ပြီး အပြေးအလွှားရေးသားပြန်ကြားလိုက်ရကြောင်း သေချာ၍ ဒေါ်မာရီ့စာ ဖြစ်သည်ဟု အောင်ဦးသာ ယုံကြည်လက်ခံသည်။

"ကဲ…ဖြစ်ချင်တာဖြစ်၊ မမကို လက်တစ်ကမ်း အလိုကနေပြီး ဝေးကွာသွားရမယ့် အဖြစ်မျိုး ငါ အဖြစ်မခံနိုင်တော့ဘူး"

"ငါ့အသက်နဲ့ စက်လဲပြီးတော့ဖြစ်ဖြစ်၊ ရွှေ့ကို ငါကယ်တင်မယ်"

❖ ❖ ❖



လက်ကို လှမ်းဆွဲခြင်း ခံလိုက်ရ၍ အောင်ဦးသာ လန့်သွားသည်။ အချိန်ကလည်း ဆည်းဆာနှောင်းနေပြီ။

"မင်း အောင်ဦးသာ မဟုတ်လား။ ဘာလာလုပ်တာလဲ"

ရဲဝတ်စုံနှင့် လူငယ်တစ်ဦး၊ သူ့ကို အောင်ဦးသာ မမှတ်မိ။

"ငါ ရဲထွန်းနီလေကွာ၊ ပင်းယဆောင်တုန်းက မှင်းဟိုဘက်ခန်းမှာ နေခဲ့တာ"

"အာ…မှတ်မိပြီ၊ ငါ ကျောင်းထုတ်ခံရတဲ့အထိ မင်း ကျန်ခဲ့သေးတာပဲ"

"အေး…ငါ ဂရက်ဂျူရိတ်ဖြစ်ပြီး ဖောင်ကြီးတက်ရတယ်။ ပြီးတော့ ဒီကို ပိုစတင်ချလိုက်တာ။ မင်း ဘာလာလုပ်တာလဲ"

အောင်ဦးသာ နှုတ်လေးနေသည်။

"အရောင်းအဝယ်နဲ့လား၊ ဒီဘက်မှာတော့ ရန်ကုန်ထက် သုံးဆလောက် သက်သာတယ်။ သယ်ရတာသာ မလွယ်တာရေ"

ရဲထွန်းနီက အောင်ဦးသာ ဘာမှမဖြေနိုင်ပါ၍ မှောင်ခိုကုန်ကူးနေသူဟု ထင်သွားလေသလားပင်။

"ရဲထွန်းနီ"

"ကဲ…လာကွာ၊ တစ်ခုခုစားရင်း စကားပြောရအောင်၊ မင်း ဘယ်မှာတည်းလဲ"

အောင်ဦးသာ ဘာမှမဖြေဘဲ ရဲထွန်းနီ၏ တာဝန်ဝတ်စုံကို ကြည့်လိုက်မိသည်။

"ရဲတပ်ဖွဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရဲ ဆိုသည်မှာ ပြည်သူအတွက် အားထားရာ မဟုတ်ပါလား။

"လာလေကွာ"

"စားသောက်ဆိုင် မသွားချင်ဘူး။ တစ်နေရာရာသွားကြမှ၊ ငါ မင်းကို ပြောစရာရှိတယ်"

မကာအိုခမ်းရပ်မှ မဟာမြတ်မုနိဘုရား ပရဝုဏ်ထဲ ဝင်ခဲ့ကြသည်။

တက္ကသိုလ်သို့တက်ပြီး အဆောင်နေခဲ့ရသော ကျောင်းသူကျောင်းသားတို့မှာ အနယ်နယ်မှ သူငယ်ချင်းများ ရတတ်သည်။ သွားလေရာတွင်လည်း တွေ့ရှိကြုံဆုံတတ်ကြပါ၏။

"မင်းမှာ ဘာအခက်ခဲရှိနေလဲ သူငယ်ချင်း"

ဤခရီးကြမ်းကြီးကို အပျော် အလည်ထွက်မည့်သူ မရှိသလောက် ရှားကြောင်း ရဲထွန်းနီ သိပြီးဖြစ်ပါလိမ့်မည်။

"ဒီမှာ ရဲထွန်းနီ"

"အေး"

"မင်းကိုတွေ့မှပဲ အကြံရတော့တယ်။ ငါ့ပြဿနာက သိပ်ပြီးကြီးမားနေလို့ လုပ်သင့်တာကိုတောင် ငါမေ့နေမိတယ်"

"ဘာလဲ မင်းပစ္စည်းတွေ ဝယ်ထားလား"

"ဒါတွေမဟုတ်ပါဘူး၊ ငါ ကုန်ဝယ်လာတာလည်း မဟုတ်ဘူး ဘာတာဝန်နဲ့မှလည်း လာတာမဟုတ်ဘူး။ ငါ့မိန်းမပျောက်နေတာ ဒီရောက်နေတယ်လို့ သတင်းကြားတာနဲ့ ငါလာရှာတာ"

"ဟင်...မင်းဟာကလည်း"



"ကဲ ဒီမှာ...ဒီလို သူငယ်ချင်း"

အောင်ဦးသာမှာ သူ့ဖြစ်ပုံ အလုံးစုံကို အကျဉ်းရုံးပြီး မထိန်မချန် ပြန်ပြောပြလိုက်သည်။

"အေး...တို့လည်း ဦးယုလှိုင်ကို သေကံလို့ စောင့်ကြည့်နေကြတာ ကြာပြီ၊ ခုလို သတင်းအတိအကျရပြီဆိုရင်တော့ သက်ဆိုင်ရာနဲ့ ညှိနှိုင်းပြီး... ဝင်ဖမ်းရုံပဲ"

"အဲဒါကတော့ မင်းတို့တာဝန်ရှိသလိုသာလုပ်ပါ။ ငါကတော့ ငါ့မိန်းမကိုပဲ ကယ်ထုတ်သွားချင်တယ်"

"ဘိန်းဖြူစွဲနေတဲ့ ရွှေဝတ်ရည်ဟာ မင်းရဲ့ တရားဝင်ဇနီးပါဆိုတာ ငါကိုယ်တိုင်ဝင်ပြီး ထောက်ခံပေးပါ့မယ်။ ဒါဆို မင်းသူ့ကို ခေါ်သွားပြီး ကျိုင်းတုံရောက်ရင် ဘိန်းဖြတ်ဆေးရုံ တင်လိုက်ပေါ့"

"ငါ သူ့ကို ရန်ကုန်အထိ ခေါ်သွားချင်တယ်"

"ဒါတော့ သူငယ်ချင်းသဘောလေ...ဆေးရုံတော့ ပို့မှ..."

"ပို့မှာပေါ့"

"ကဲ...ဒါဖြင့် တို့သွားကြမယ်။ အချိန်မရှိဘူး။ ငါလည်း တာဝန်ရှိသူတွေနဲ့ တိုင်ပင်စီစဉ်ရဦးမယ်"

"ကောင်းပြီ...မင်းနဲ့တွေ့ရတာ ငါ့အဖို့ တကယ်အားတက်ပါတယ်။ ငါဘာလုပ်ရမယ်ဆိုတာကို စဉ်းစားမရနိုင်တဲ့အချိန်ပါ၊ ငါ့မိန်းမလည်း ဖြစ်နေပါစေ၊ အချိန်မီလည်း ကယ်ဆယ်ခေါ်ဆောင်သွားခွင့် ရနိုင်ပါစေလို့ ငါဆုတောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိ ရဲထွန်းနီမှာ အောင်ဦးသာ၏ စကားများကို အံ့ဩမှင်သက်ဖြင့်၍ စောင့်မနေအားတော့။

သူဆောင်ရွက်ရမည့် တာဝန်များကိုသာ ဆက်တိုက်စဉ်းစားရင်း ဘုရားနှင့် ဘုန်းကြီးကျောင်း ပရိဝုဏ်မှ သူငယ်ချင်းနှစ်ယောက် ထွက်လာခဲ့ကြပါတော့သည်။

❖ ❖ ❖

## အခန်း ။ ၁၇ ။

"ဒိုင်း…ဒိုင်း…ဒိုင်း…"

ဟူသော သေနတ်သံများသည် လားဟူနှင့် ပလောင်တိုင်းရင်းသားများ နေထိုင်ရာ တာချီလိတ်မြို့နှင့် ဝေးကွာသော ပလောင်တောင်တန်းများ အောက်ခြေလမ်းတွင် ကြားနေရသည်။

ဂျစ်ကားကို ဦးယုလှိုင်ကိုယ်တိုင် မောင်းနှင်သည်။

သူ့ဘေးတွင် ဒေါ်မာရီဆိုသော ဒေါ်မေသက်ထား…

ဒေါ်မေသက်ထား၏ဘေးတွင် ဦးယုလှိုင်၏ အမိန့်ဖြင့် မခေါ်ချင်ပါဘဲလျက် ခေါ်လာရသော သူ့သမီး…

ဤဂျစ်ကား၏နောက်မှ တော်မီတို့ပါသော သူ့တပည့်အဖွဲ့၏ ထရပ်ကားကြီးတစ်စင်း။ ဤနောက်မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရဲတပ်ဖွဲ့…

"ရှေ့မှာ လမ်းမရှိတော့ဘူး"

"အသက်အသေမခံချင်ပါနဲ့"

"ကားတွေရပ်ပါ…လက်နက်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာ၏ သက်သွာစွာ စပီကာနှင့် သတိပေးသံကို မနာခံ၊ ရှေ့ဂျစ်ကားဆီမှချည်း သေနတ်သံ လာနေသည်။ နောက်ကားကြီးဆီမှ ပြန်ပစ်သံ မကြားရ၊ လက်နက်ပါကြဟန် မတူ...

"လမ်းက သိပ်ကျဉ်းနေပြီ။ ရှေ့ကကား လွတ်သွားမှာ စိုးရတယ်။ ကားကြီးရဲ့ဘီးကိုသာ ပစ်ထည့်လိုက်တော့"

"ဒိုင်း...ဒိုင်း"

ရဲထွန်းနီ၏ အမိန့်သံနှင့် သေနတ်သံတို့ ရောထွက်လာပြီးသည့်နောက်တွင် ထရပ်ကားကြီးမှာ ကစင့်ကလျားနှင့် လမ်းဘေးသို့ ထိုးကျသွားတော့သည်။

မှောက်စရာနေရာမရှိသည့် လမ်းကြားကို ရွေး၍ပစ်ခဲ့သည့် အတိုင်းပင် ကားမှာ လမ်းဘေးတောင်စောင်းတွင် တစ်ခြမ်းစောင်းရုံသာ ကပ်မှီရပ်တန့်သွားတော့သည်။

ရဲတပ်သားများ ပြေးဆင်းပြီး ကားကို ဝိုင်းလိုက်ကြသည်။ မလွတ်နိုင်မှန်းသိသော မသမာစီးပွားရေးဖောက်ပြန်မှု အုပ်စုသားများမှာ လက်မြှောက်ရင်း ကားပေါ်မှ တစ်ယောက်ချင်း ဆင်းလာကြသည်။

အကြဲကြီးလိုက်သည့် ဦးယုလှိုင်။

ကားတစ်စင်းလုံး ဘိန်းဖြူချည်း...

ဤပစ္စည်းများကို တောလမ်း တောင်လမ်းမှ အဆင့်ဆင့် သယ်ယူပြီး ဆရာကြီးဆိုသော ပုဂ္ဂိုလ်ရှိရာသို့ တင်ပို့မည်။ တချို့လည်း ကမ္ဘာအနှံ့ ဖြန့်မည်။

သည်တစ်ချီ အလီကြီးကြဲဖြီးလျှင် ဤတိုင်းပြည်မှ စွန့်ခွာပြီး





နိုင်ငံခြားသို့ အပြီးတိုင် ပြောင်းရွှေ့နေထိုင်တော့မည်ဟူသော ရည်ရွယ်ချက်နှင့် ဦးယုလှိုင်၊ သူ့ဇနီးငယ် စန်းဒြာဒေဝီယာကိုမူ ဗန်ကောက်မြို့သို့ ကြိုတင်ပို့ထားလိုက်ပြီဟုပါ ပြောကြသည်။

သူ့တပည့်များက အဖမ်းခံပြီး ဝန်ခံချက်များ ပေးနေချိန်တွင်...

ဦးယုလှိုင်၏ ကားမှာ မနားတမ်း ပြေးလွှားနေဆဲ။ ဝီလီဂျစ် အကောင်းစားမို့ တောလမ်း၊ တောင်ကုန်းငယ်များကိုလည်း သူ ကျော်လွှားဖြတ်သန်း၍ အပြင်းမောင်းနှင်နေပါ၏။

နောက်မှ ရဲကားကလည်း အမီလိုက်နေဆဲ...

"ဟိုက်... မိန်းမတစ်ယောက် ကျလာပြီ"

အရှိန်နှင့် ပြေးနေဆဲ ကားပေါ်မှ အမျိုးသမီးတစ်ဦး လိမ့်ကျလာ၍ ကားကို မနည်းရပ်လိုက်ရသည်။

"အောင်ဦးသာ သွားကြည့်"

ရဲထွန်းနီက အော်ပြော၍ ကားမရပ်ဖြစ်မီ အောင်ဦးသာ ခုန်ဆင်းလိုက်သည်။

"ဟာ... ရွှေ... ရွှေများလား"

သွေးစွန်းနေသော အမျိုးသမီးကို အောင်ဦးသာ ပွေ့ယူလိုက်စဉ်...

"လမ်းဖယ်လေ။ လူဦး မင်း နေခဲ့"

ရဲထွန်းနီ၏ အော်သံအဆုံးတွင် အမိန့်များ နာခံပြီးသားဖြစ်သွားကြသည်။

ရဲကားလည်း တရှိန်ထိုး လိုက်သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဦးယုလှိုင်၏ခရီးကား ရှည်လျှားချင်၍မရ။ ဆက်သွားနိုင်ခြင်း မရှိတော့။

မြင့်မားသော တောင်ကမ်းပါးယံကို ဂျစ်ကားက ဦးတိုက်တိုး သွားခဲ့ပါပြီ။

"ဒိုင်း...ဒိုင်း..."

သေနတ်များ အဆက်မပြတ်ပစ်ရင်း ဒေါ်မာရီကိုဆွဲလျှ တောင်ပေါ် တက်ပြေးသည်။

သူ့ ခရီးမတွင်တော့၊ ဒေါ်မာရီမှာ သူ့ခေါ်ရာသို့ စိတ်တူ ကိုယ်တူ လိုက်ပြေးသည် မဟုတ်။ ရဲတပ်ဖွဲ့များ အားကိုးရှိရာ ဘက်သို့ ရုန်းနေကြောင်း မြင်ရသည်။

နောက်ဆုံးတွင်...

"ဟေ့...ဘယ်သူမှ အနားမကပ်ကြနဲ့၊ ဒီမှာ သတ်ပစ်လိုက်မယ်

ဒေါ်မာရီမည်သော ဒေါ်မေသက်ထားမှာ ဓားစာခံဖြစ်လေပြီ ဦးယုလှိုင်မှာ သူ့လက်တွင်းမှ သားကောင်ကိုပြ၍ ခြိမ်းခြောက် ပါပြီ။

ဒေါ်မေသက်ထား၏လက်ကို လိမ်ဆွဲ၍ ကျောမှာကပ်ထားပြီ သေနတ်နှင့် တေ့ချိန်ထားသည်။

"သစ္စာဖောက်မ၊ ဒီကောင်တွေကို နင်သတင်းပေးလိုက်တာ မဟုတ်လား"

"နင့်ကိုသတ်ပြီးမှ ငါသေမယ်"

"ကိုယုလှိုင်ရယ်...အဖမ်းခံလိုက်ပါတော့။ အဖမ်းခံလိုက်





တော့။ မလွတ်တော့ပါဘူး"

"ဟင်း...ယုလှိုင်ဆိုတဲ့ကောင်က ဒူးထောက်တဲ့ကောင်စားမျိုး ဟုတ်ဘူးဟေ့"

သူတို့လင်မယားချင်း အချင်းများနေချိန်မှာ ရဲတပ်ဖွဲ့တို့သည် တဖြည်းဖြည်း စက်ဝိုင်းပုံသဏ္ဌာန်ဖြင့် ဖြန့်တက်ရင်း ဝန်းဝိုင်းရန် ကြိုးပမ်းနေကြသည်ကို ဦးယုလှိုင် မြင်သွား၊ သိသွားလေပြီ။

"မလာကြနဲ့။ မကပ်ကြနဲ့"

"သူ့ကို သတ်လိုက်မယ်"

ဒေါ်မေသက်ထား၏ အသက်ကို ငဲ့ညှာသောအားဖြင့် တာဝန်ရှိ ဘိုလ်များမှာ ချင့်ချင့်ချိန်ချိန်ဖြင့် ရှေ့သို့ မတိုးကြပါဘဲ အခြေအနေကို စောင့်ကြည့်နေကြပါသော်လည်း...

ဦးယုလှိုင်မှာ တောင်ထိပ်မှ တောင်ခြေသို့ တဖြည်းဖြည်း ဆုတ်ရင်း ဆင်းသည်။ ဒေါ်မေသက်ထားမှာ သူ့အကြံ၊ သူ့ခေါ်ရာသို့ လိုက်တော့ပါဘဲ သူ့ခရီးနှောင့်နှေးစေအောင် ရုန်းကန်ရင်း အဖမ်းခံနိုင် ရအောင် ကြိုးစားနေဆဲ...

"ဒိုင်း..."

ဟူသော အသံအဆုံးတွင်...

"ဟာ..."

ဒေါ်မေသက်ထား၏ နောက်ကျောပြင်မှ သွေးများ ဒလဟော ထိုးဆင်းပြီး ပုံကျသွားသည်။ တောင်စောင်းထိပ်မှ သူတစ်လိမ့်ပြီး တစ်လိမ့် လိမ့်ကျလာသည်ကို သည်ဘက်မှ ဥပဓိဝန်ထမ်းများက



www.burmeseclassic.com

www.burmeseclassic.com



ဆီးဖမ်း ပွေ့ယူကြရပါ၏။

"ဒိုင်း...ဒိုင်း..."

ဟူသော သေနတ်များကို အဆက်မပြတ် ပစ်ခတ်ရင်း ဦး[illegible] လှိုင်မှာ တောင်ထိပ်မှ လိမ့်ဆင်းသွားသည်။

"ဟာ...မိုးကျော်...မင်း ထိသွားပြီ"

ရဲတပ်သားတစ်ယောက်မှာလည်း ဦးယုလှိုင်၏ လက်ချက်[illegible] သွေးအိုင်ထဲသို့ ခွေလဲကျသွားသည်။

မဖြစ်တော့။ ဦးယုလှိုင်သည် အသာတကြည် အဖမ်းခံမည့်[illegible] မဟုတ်ရုံမက လက်လှမ်းမီသမျှ အပြစ်မဲ့ဝန်ထမ်းများ၏ အသက်[illegible] ရက်စက်စွာ သတ်ပစ်တော့မည်မို့...

"ဒိုင်း..."

ရဲထွန်းနီ၏ ဖြောင့်မှန်သော လက်ချက်သည် ဦးယုလှိုင်[illegible] နှလုံးသားများကို ဖောက်ထွင်းသွားလေပြီလားမသိ။ တောင်ခြေမြေ[illegible] သို့ ခွေကျပြီး လုံးဝ ငြိမ်သက်သွားလေတော့သည်။

"ကဲ...အောင်ကြီးတို့ ဟိုအလောင်းကို ကောက်ခဲ့ကြ"

"ဒေါ်မာရီနဲ့ မိုးကျော်ကို အချိန်မီ ဆေးရုံပို့ကြရအောင်"

တစက္ကန့်လေးမျှ မရပ်နားဘဲ လှုပ်ရှားကြသည်။ ပြေးလွှား[illegible] သည်။ သယ်မကြသည်။

ရဲကားသည် သည်လမ်းအတိုင်း ပြန်လှည့်လာချိန်တွ[illegible] အောင်ဦးသာမှာ အမျိုးသမီးကိုပွေ့လျက်...

"ကဲ...ကဲ...နောက်ခန်းက အမြန်တက်ကြ"





ရဲထွန်းနီကပင် နှိုးဆော်လိုက်သည်။

"သ...သ...မီးလေး...ဘယ်လိုနေ..."

ဒေါ်မာရီမှာ သွေးနစ်နေသော်လည်း စကားကို မနည်းအားခဲ [illegible]ပြောရင်း မျက်စိဖွင့်ကြည့်ရှာသည်။

"ဘာမှမဖြစ်ပါဘူး။ ပွန်းပဲ့ရုံပါ။ သူ့မေ့နေတယ်"

"စာ ရတယ်...အောင်...အောင်...ဦးသာ နော်"

"ဟုတ်...ဟုတ်ကဲ့ပါခင်ဗျ"

"အ...သမီး...လေးကို ရန်ကုန်ခေါ်သွားပေးပါ။ သူ့... [illegible]အဖေဆီ..."

"စိတ်ချပါ။ ခေါ်သွားမှာပါ ခင်ဗျာ"

"ဘိန်းဖြတ်ဖို့ ခေါ်ခိုင်းထားတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ တွေ့ခဲ့ပြီးပါပြီ"

"အန်...အန်တီဟာ ဦးစက်ရွှေရဲ့ မိန်းမ..."

"ဟုတ်ကဲ့ပါ"

"သ... သမီးလေး... ရွှေ... ဝတ်..."

သူ့စကားမဆုံးနိုင်မီ မောဟိုက်ပင်ပန်းလွန်းစွာ ထွက်သက်ကို [illegible]ရှိုက်ပြီး ခေါင်းငိုက်စိုက်ကျသွားရှာတော့သည်။

ဒေါ်မာရီ သေဆုံးလေပြီ။

ပေါင်တွင်သာ ဒဏ်ရာရထားသော ရဲတပ်သား မိုးကျော်၏ [illegible]သက်ကိုဖြင့် ကယ်မီနိုင်အောင် ကားသည် တာချီလိတ်ဆေးရုံဆီသို့ [illegible]အားမောင်းနေဆဲ...

www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ဟုဝ..."

ဒေါ်မေသက်ထား၏ စကားကြောင့် ရွှေဝတ်ရည် အစစ်အ
ဖြစ်လေပြီဟူသော အသိကို ရရှိလိုက်ရပြီး ရွှေဝတ်ရည်ဟု မယုံကြ
မိသော ပိန်လွန်းနေသည့် သူ့ရင်ခွင်တွင်းရောက် မျက်နှာလေး
ငုံ့ကြည့်နေမိဆဲ...

ရွှေဝတ်ရည်၏ လည်တိုင်ကျော့ဆီမှ ပစ္စည်းလေးတ
လျှောကျလာ၍ အောင်ဦးသာ လန့်သွားရခြင်းပါ။

ငွေဆွဲကြိုးလေးဖြင့် ချိတ်ဆွဲထားသော...

"ဓေသာလီဒင်္ဂါးလေး"

တစ်နှစ်ကျော် ကာလမို့ ရုပ်ပြောင်းနေခဲ့သော ဘိန်းဖြူဖွဲ့ မိန်း
ရွှေဝတ်ရည် မဟုတ်နိုင်ပါဟု ယူဆစိတ်ဖြင့် သံသယများ ဖြစ်
နေရာမှ...

ဤသင်္ကေတလေးကို တွေ့လိုက်ရသဖြင့် အောင်ဦးသ
နှလုံးသားများ ခုန်ပျံထွက်ကျသွားလေဖြီလား ထင်ရအောင် အံ့ဩ
ဝမ်းနည်းစိတ်နှင့်၊ ဝမ်းသာစိတ်တို့ ရောထွေးသွားခဲ့ရပါလေပြီ။

"အို... ရွှေဆိုတဲ့ မမရယ်"

"မမကို မောင် တကယ်ပဲ ပြန်လည်ဆုံဆည်းခွင့် ရခဲ့ပါပြ

"မမ မသေဘူး။ မောင့်အမြတ်နိုးဆုံး မမ တကယ် မသေ
ပါလားဗျာ"

"အို... ဝမ်းသာလိုက်တာ။ မောင် ဝမ်းသာလိုက်ရ
အချစ်ရယ်..."

❖ ❖ ❖

**အခန်း ။ ၁၈ ။**

တာချီလိတ်နှင့် ၇ မိုင်မျှ ဝေးကွာသော 'မယ်ဟုတ်ချောင်း'
(မ)လင်းချောင်း'တို့မှာ သာယာလှပလွန်းပြီး အားလုံး မဲခေါင်မြစ်
သို့ စီးဝင်ကြပါလေသည်။ မြို့၏ အနောက်ဘက်တောင်တန်းများ
ါမှ အခါလူမျိုးတို့မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပြီး
ောင်တန်းများပေါ်မှ အခါလူမျိုးတို့မှာ ခရစ်ယာန်နှင့် နတ်ကို
ိုးကွယ်ကြပြီး နတ်ကိုးကွယ်သူတို့က အယူသည်းသည်။ အားလုံး
ိုင်းရင်းသားဝတ်စုံများ ဝတ်ကြသည်။ အခါအမျိုးသမီးတို့မှာ မျက်နှာ
ကို ဆေးနီများ ခြယ်သ,လေ့ရှိကြပြီး ဖခင်နှင့် အစ်ကိုများရှေ့မှာပင်
လူမျိုးလှည့်ခွင့် ရကြသည်။

အောင်ဦးသာတို့ လိုက်ပါစီးနင်းကြမည့် မော်ခိုကုန်တင်
ချစ်ကားမှာ သက်ဆိုင်ရာ၏ ထွက်ခွာခွင့်အမိန့် မရသေး၍ စောင့်ဆိုင်း
နေရဆဲ တာချီလိတ် ဗဟုသုတများကို သူတို့ အချင်းချင်း ပြောနေကြ
သော အကြောင်းရာများ ဖြစ်ပါ၏။ အောင်ဦးသာ စိတ်မဝင်စားနိုင်



www.burmeseclassic.com

www.burmeseclassic.com



အားပါသော်လည်း မကြားချင်၍မရ၊ ခေါင်းစဉ်ပြောင်းသွားပြန်သည်။ မကာအိုခမ်းရပ်မှ ဘုရားပွဲတော်မှာ စည်ကားလှသည်။

မယ်ဆိုင်မြို့မှ လာရောက် ဖွင့်လှစ်သော အမိုးရောင်စုံနှင့် မော်တာတပ် ချားရဟတ်ကြီးမှာ လှပလွန်းလှသည်။ စီးရသည်မှာ ရင်ကို အေးစေ လုပ်စေသည်။

ဆန်းပြားမှုတစ်ခုမှာ ကြီးထွားမှုနှေးသော မိန်းကလေးကို မြွေကြီးနှင့် ကစိုင်းနေခြင်းဖြစ်ပါ၏။

တခြားပွဲကတော့ သေနတ်ပစ်ပွဲနှင့် ကံစမ်း လက်မှတ်၊ တဘက်နှင့် ထိုးပြီး မဲနှိုက်ရသည့်ပွဲ ဖြစ်ပါ၏။ သေနတ်ပစ်ပွဲမှာ တောတွင် သဏ္ဌာန် ကျယ်ပြန့်စွာ တောတောင်သစ်ပင်အုပ်များ ထားပြီး တော သတ္တဝါလေးများ အကြိုအကြားမှာထားရှိသည်။ သမင်၊ ဆင်၊ ကျား ကျီ စသည့် အရုပ်တို့ကို ထိမှန်အောင် ပစ်နိုင်လျှင် ဆုငွေများ ရရှိသည်။ မထိလျှင်တော့ ပစ်ခသုံးဘာတ် ရှုံးရုံသာ။

ဘုရားပွဲ အကြောင်း၊ မြို့နယ် အကြောင်း၊ ကာစတန်ဂိတ် အကြောင်း၊ ကုန်ဈေးနှုန်းအကြောင်း စသော စကားသံများကို အောင်ဦးသာ စိတ်ပျက်စွာ ကြားနေရသည်။

"ရလာပြီ…ထွက်မယ်"

နှီးဆော်သံကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ကောင်စီ၏ ခွင့်ပြုချက်ရမှ ကားထွက်ရသည်။ ကုန်တွေက တင်ပြီးသား၊ ချည်နှောင်ပြီးသား။





ကားကိုလည်း ကြည့်ပါဦး…

ဂျစ်ကားကို အမိုးဖွင့်ပြီး ဒရိုင်ဘာနှင့် ရှေ့နှစ်ယောက်စာ ရာမှလွဲ၍ နောက်တစ်ခန်းလုံး ကုန်စည် သေတ္တာများက လူနှစ်ရပ် အဆင့်ဆင့် အထပ်ထပ်။ သံဖရိန်မှာ ကပ်ပြီး ကြိုးနှင့် ချည်နှောင် သည်။

နောက်တွင် တွဲချိတ်ထားသည့် ထရေလာဆိုသော ကုန်တွဲ တွင် မဆန့်မပြဲ၊ မနိုင်မနင်း၊ ပစ္စည်းများက အပြည့်။

လူကျတော့…

ဒရိုင်ဘာ မြင်သာရုံလေး ကွက်လပ်ထားပြီး ဂျစ်ကားဘော (စ)ပေါ်တွင် လူခြောက်ယောက်၊ သူတို့က နေပူဒဏ် သာမက ပွဲဒဏ်ကိုပါ အောက်ပိုင်းကျက်သွားမတတ် ခံစားရမည့် လူများ ဒရိုင်ဘာ၏ ခေါင်းပေါ်တွင် တာလပတ်အမိုးရှိ၍ ပစ္စည်းပုံးပေါ်မှ င်လိုက်ရသူများက အောက်ကို မမြင်ရ။

ဒရိုင်ဘာ၏ ဘယ်ဘက်ဘေးမှ ကားဘော်ဒီ၏ နံရံလေး က်သုံးသစ်ခနဲ့ကို တင်မှေးတင်ပြီး လိုက်ရသည့် လူတစ်ယောက်…

ဒရိုင်ဘာ၏ဘေးတွင် ကားဆရာနှင့် ကျွမ်းဝင်သော ရှမ်းအမျိုး မီးကြီးတစ်ဦး။

သူ့ဘေးတွင် ရွှေဝတ်ရည် ထိုင်ရမည်။

ဂျစ်ကားပေါ်မှ တမျှော်တခေါ် မြင့်နေသော ကုန်စည်များပေါ် တွင် အောင်ဦးသာ အပါအဝင် ခရီးသည်များမှာ တိရစ္ဆာန်များလို

www.burmeseclassic.com

www.burmeseclassic.com



တိုးလို့တွဲလောင်း တွယ်လျက်၊ ရပ်လျက်။ မာကျောလွန်းသော ပစ္စည်းများပေါ်တွင် ထိုင်လျက် လိုက်ရမည်။

ကိုယ်ခန္ဓာ၏အသားများ ဖွဲ့ကြွေမတတ် ထိမည်၊ နာမည် ပြီးတော့ နေပူပူအောက်။

ပစ္စည်းများမှာလည်း အထားမတတ်ဘဲ ကွဲရှတတ်သောအ ဆိုပါလျှင် ကျိုးငြင်းတိုရောက်သော အမှုန်များအဖြစ်သာ မြင်ကြရမည်။

မြန်မာပြည်တွင် အဆိုးရွားဆုံးသော **'ခရီးကြမ်း အန္တရာယ် လမ်း'** ကို စတင်ပါတော့မည်။

"မမ၊ ကဲ…လာ၊ ကား ထွက်တော့မယ်တဲ့"

ကားဆိုက်ထားသော အိမ်တွင်းတွင် အိပ်လှဲနေသော ရွှေဝတ် ရည် ကို အောင်ဦးသာ အနီးကပ်ခေါ်မိသည်။

"မလိုက်ဘူး။ ဒီမှာပဲနေပါရစေ… ရှင်ဘယ်သူလဲ"

"သြော်…မမရယ်…ဖြစ်ချင်တာဖြစ်ရစမ်းပါစေ၊ မမ မောင့်ကို မမှတ်မိတာ မောင် အသည်းကွဲတော့မယ်"

"ဒီက သူပြောတဲ့ ရွှေဝတ်ရည်မှ မဟုတ်ဘဲ ရွှေ…ဝတ်…မှုန်"

"ရွှေဝတ်မှုန်"

"ဟုတ်တယ်လေ…ရန်ကုန်က"

"တော်ပါတော့၊ မောင့်ကိုမညာပါနဲ့တော့၊ ဟောဒီနှုတ်ခမ်း လေးရယ်၊ ဒီနှာခေါင်းလေးရယ်ဟာ မမမှ မမပါ။ သိပ်ပိန်သွားလို့ ရှုပ်ပျက်နေပေမယ့် မမရဲ့လည်ပင်းက ဝေသာလီ ဒဂါးသက်သေလေး ကိုတော့ မမေ့ကောင်းပါဘူးဗျာ…ကဲ…လာပါ"



အောင်ဦးသာ ပွေ့ခေါ်ရသည်။ ရွှေဝတ်ရည်မှာ ကိုယ်ပူမကျ သေးရှာ။ တကကယ့်ကို နွမ်းလျနေပါသည်။ အောင်ဦးသာ ခေါ်လာတော့ သည်း မငြင်းရှာ။

အောင်ဦးသာမှာ အချစ်မြတ်နိုးရဆုံး မိန်းမကို ကားရှိရာသို့ ပွေ့ယူလာဆဲ…

"မောင့်ကို အသံလေးလို့ ခေါ်ပြီး ချစ်လာခဲ့ပါပြီ ဆိုတဲ့ မောင့် မေရယ်"

"အသက်ရှင်ဆဲ ရှိနေပါလျက်နဲ့ မောင့်ကို ဘာလို့မတွေ့ရ တာလဲ၊ မမနဲ့မောင်ဟာ ချစ်ဇနီးနဲ့ ချစ်ခင်ပွန်းပါလေ။ ဘာအကြောင်း ဆွေကြောင့်များ မမ ဇာတ်မြုပ်ထားရတာလဲ။ ဘာလို့ ဒီလိုအရှေ့ဖျားမှာ လာပြီး ပုန်းနေရတာလဲ"

"မမရဲ့ အသိဉာဏ်တွေ ပုံမှန်ရောက်စေချင်လှပြီ၊ မောင်သိချင် လှပြီ။ ကြားချင်လှပြီဗျ"

အောင်ဦးသာမှာ ပွေ့လာရင်း မချင့်မရဲနှင့် စိတ်ထဲက ရွတ်ဆိုနေ မိသည်။

မြောက်ဦးမြို့တွင် နေခဲ့ရသော နောက်ဆုံးရက်များဆီမှ ဒေါက်တာရွှေဝတ်ရည်၏ ရင်တွင်းသို့ ရက်စက်ကြမ်းတမ်းသော ခံစားမှု ဇာတ်လမ်းတစ်ပုဒ် စူးနစ်ဝင်ရောက်လာခဲ့ရပါကြောင်း အောင်ဦး သာ ယနေ့ထိ မသိရှိရှာခဲ့…

ယင်းအကြောင်းအရာသည်…

www.burmeseclassic.com

www.burmeseclassic.com



နုမြခိုင်မှာ အောင်ဦးသာ၏ တစ်ဘဝစာအတွက် မိဘများက ရွေးချယ်ထားခဲ့သော မိန်းကလေး...

ပြီးတော့...အောင်ဦးသာကို နုမြခိုင်က သိပ်ပြီး ချစ်မြတ်နိုးနေပါသည်ဆိုသော အသိကို ရွှေဝတ်ရည် သိရှိခဲ့ရခြင်းပါတည်း။

❖ ❖ ❖

အခန်း ။ ၁၉ ။

ပထမဆုံး ဒုက္ခက...

တာချီလိတ်မြို့မှအထွက်ဖြစ်သော ကာစတန်ဂိတ်ပါ။

ပစ္စည်းပိုင်ရှင်များ၊ ကားဆရာနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းစစ်ဆေး၍ကို မပြီးနိုင်၊ မဆုံးနိုင်အောင် ဘာတွေ သာနာတက်နေကြသည်ဟု အောင်ဦးသာ မသိ၊ ကိုယ်နှင့်လည်း ဆိုင်၊ ဘာပစ္စည်းမှလည်းမပါ။ ကားရပ်သည်နှင့် ကားထိပ်ဖျားမှ ချောက်တစ်ကောင်လို တွယ်၍ အောင်ဦးသာ ဆင်းခဲ့ ရသည်။

"မမနေကောင်းရဲ့သားပဲဟင်... မူးသေးလား"

သူ့ မျက်စိမဖွင့်၊ ခေါင်းသာညိတ်ပြသည်။

"ကိုယ်တွေက ပိုပူလာသလိုပဲ၊ ဘာဆေးသောက်ရင် ကောင်းသဲ မမရယ်၊ စဉ်းစားပါဦး။ မမဟာ ဆရာဝန်တစ်ယောက် ဆိုတာ နေပါနဲ့နော်"

ရွှေဝတ်ရည်ဆီးမှာ ကပ်ထိုင်ပြီး ခေါင်းလေးကို သူ့ပေါင်းမှာ ထားစေရင်း မေးလိုက်သည်။ ရွှေဝတ်ရည်ထံမှ ဘာအဖြေမှမရ...။



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ပုံတင်ပေးပါ"

ကားဆရာတောင်း၍ ပေးပြီး စစ်ဆေးခံ၍ ပြန်ရလာသည့် အခါ...

"ရွှေဝတ်မှုန်"

သူပြောသည့် အမည်ပါပင်၊ အောင်ဦးသာမှာ စိတ်ထဲတွင် ထင့်သလိုဖြစ်သွားမိပြီးမှ...

"သြော်... ငါကလည်း... ငါတောင် မောင်သဲမြတ် ဖြစ်လာ သေးတာ၊ ရွှေဝတ်ရည်ဆိုတာ သေပြီလို့ သူအားလုံးကို သိစေချင်လို့ နေမှာပါ"

"ဒီမှာ အဘအမည်က ဦးစက်ရွှေပဲ"

"ငါဟာလေ... ငါ့အချစ်ဆုံး မမပေါ်မှာ ဘာလို့များ သံသယ တွေ ဝင်ဝင်နေမိပါလိမ့်"

"မမမှာ လုံလောက်တဲ့အကြောင်း တစ်စုံတစ်ရာရှိလိမ့်မယ်။ ငါ့ကို ဘာလို့များ အတွေ့မခံဘဲ ရှောင်ပြေးရတာလဲလို့၊ ငါသိချင်လှ ပါပြီ"

"မမရယ်...မောင့်အတွက်များ ဒီဘက်ကို ပြေးလာပြီး ကိုယ့် ဘဝကို အဆုံးခံနေတာလား။ ဆရာဝန်မကြီးတစ်ယောက်လုံးက ဆေးသမားဖြစ်သွားရတာ ရင်နာစရာ ကောင်းလွန်းလှပါတယ်ဗျာ"

အောင်ဦးသာမှာ ရွှေဝတ်ရည်၏ နဖူးထိပ် ဆံယဉ်စနေရာ လေးကို ရှိုက်နမ်းလိုက်ပြီးမှ ပါးနှင့် မီကပ်ထားလိုက်သည်။

နားလည် တတ်ကျွမ်းသော သမားတော်များထံ မရောက်ရှိ





နေကိုပိုင်းဆီတ၊ အောင်ဦးသာကိုယ်တိုင် ချစ်ဇနီး၏ အသက်ဆက်ရေး အတွက် ကိုယ်တိုင်ဆေးပေးခဲ့ရသည်။

လိမ့်ကျခဲ့သော ဒဏ်ရာများကိုလည်း ဆေးထည့်ပြီးပါပြီ။ အဖျားရှိန် ဆေးရှိန်ဖြင့် ရွှေဝတ်ရည်မှာ ခေါင်းကိုမထောင်နိုင်၊ မျက်စိ သည်း မဖွင့်နိုင်ရှာ။

အချစ်ဆုံး မမနားမှာ ယခုလို ဖေးဖေးမမ ပွေ့ပွေ့ပိုက်ပိုက် သိုက်ခွင့်မရ။

ကားခ တစ်ယောက်ငါးရာမျှ ပေးထားရပါလျက် ယောကျ်ား ချိုဆိုပြီး ရှေ့ခန်းက စီးခွင့်မရှိ။

ချစ်ဇနီး၏နားတွင် နေခွင့်မရပါ၍ ဤလမ်းသည် မေတ္တာ တရား ဆိုသည်တို့ ရှာမသော 'လောဘလမ်း'သာ ဖြစ်ချေသည်ဟု အောင်ဦးသာ တွေးနေမိဆဲ ကားထွက်တော့မည် ဟူသော နှိုးဆော်သံကို ကြားလိုက်ရသည်။

ရွှေဝတ်ရည်ကို အလယ်မှာထားပေးပါဟု တောင်းပန်ပြီး နေရာ ချပြီးမှ ကားထိပ်ပေါ် ပြန်တွယ်တက်၍ လိုက်ခဲ့ရပါတော့သည်။

အရဏ်တက်မှ ထ၍ ထွက်ရန်ပြင်ဆင် ညှိနှိုင်း ခွင့်ပြုချက်များ ယူခဲ့ရသော ကားသည် တာကယ်တမ်း တာချီလိတ်မြို့၏ အဝင်အထွက် ဂိတ်မှ စတင်ထွက်ခွာလာခွင့်ရချိန်မှာ...

နေ့လည် တစ်နာရီ ထိုးပေပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



'**ဟောင်လီတ်**' မှ စထွက်ပြီး '**ဟွေခိုက်ရွာ**'၊ '**ဝမ်ကောက်**'၊ '**ဝမ်ကောက်လုံ**' စသော ရှမ်းတိုင်းရင်းသားတို့၏ ရွာငယ်လေးများကို ဖြတ်သန်းပြီး...

စမ်းချောင်းကြီးရှိ၍ တံတားပေါ်မှ ဖြတ်ကျော်သွားရသော 'ဟိုခိုရွာ'သို့ ရောက်ခဲ့သည်။

တာချီလိတ်မှ တာလေအထိ လမ်းက မြေပြန့်များပြီး ပြုပြင်ထားပါ၏။ လမ်းပြန့်ပြူးသည်ဆိုသော်လည်း မနိုင်သောဝန်ကို ထမ်းလာရသည့် ဂျစ်ကားမှာ တစ်နာရီလျှင် ၁၀ မိုင်နှုန်း ထက်ပို၍ မမောင်းမရ။ ဆက်တိုက်လည်း မောင်းနေနိုင်ခြင်း မဟုတ်ပါ။ ပြင်လိုက် ရပ်လိုက်နှင့်...

မိုင်းဖုန်လမ်းခွဲသို့ ရောက်လာသည်။

လက်ျာဘက်သို့ ချိုးကွေ့ပြီး ဤလမ်းအတိုင်း သွားပါလျှင် မိုင်းဖုန် ဆိုသော မြန်မာပြည်၏ နယ်စွန်သို့ ရောက်ပါသည်။ မိုင် ၃၀ ခန့်သောက်သာ ဝေးကွာပါမည်။

ဤမိုင်းဖုန်လမ်းခွဲ လမ်းဆုံးနှင့် ထိစပ်ကပ်လျက်ရှိသော မြေမှာ လာအိုဆိုသည့် '**လောနိုင်ငံ**'။

လာအိုဘက်ကမ်းနှင့် မိုင်းဖုန် မှထွက်သော မြေအိုးမည်းမည်း လေးများမှာ ပန်းများ အစင်းများ ပုံဖော်ထား၍ လှပအေးမြလှသည်။ သုံးသူများ၍ အိုးမည်းမည်း အပုံလိုက်များ ရောင်းချနေသည်ကို မြင်တွေ့ရပါ၏။

မူလတန်းကျောင်းကို သပ်သပ်ရပ်ရပ်လေး ဆောက်ထားသော



ပန်းပင်ကျေးရွာအုပ်စု'ကို ဝင်ခဲ့ပါပြီ။

ဘိန်းစိုက်ခင်းများစွာကို တားဆီးဖျက်ဆီးနိုင်ခဲ့ပါ၍ သီးနှံပင်များ အစားထိုးစိုက်ပျိုးနေကြပါပြီ။ ကားလမ်း၏ ဝဲ–ယာ တွင် စပါးပင်များနှင့် ဝင်းဝင်းဝါနေသည့် အညာဒေသတွင် စိုက်ကြသော 'ပန်းနှမ်းခင်း'များကိုပါ မြင်ရသည်မှာ ရင်အေးစရာပါ။ စပါးမှ ဆန်၊ နှမ်းမှ ဆီဖြင့် ဤဒေသ ဝပြောသာယာကြပါစေ။

"ဆင်းကြ...ဆင်းကြ...ကားက ဘီးမြုတ်သွားပြီ"

မောင်ခိုကုန်သည် အမျိုးသမီးဝဝကြီးများ ကားထိပ်ဖျားမှ ခုန်ဆင်းခဲ့စွာ ဆင်းနေသည်ကို ကူညီဆွဲခေါ်ပေးမည့် လူပင် မရှိ။ ကိုယ့်အတွက်နှင့်၊ ကိုယ့်လောဘနှင့်၊ ကိုယ့်အပူနှင့်ချည်း။ သူတို့တွေက ငွေရှာရန်အတွက်...

အောင်ဦးသာက ရွှေ့အတွက်...

လူမှုရေး ဆောင်ရွက်လေ့ရှိသော အောင်ဦးသာပင်လျှင် ထိုသူ့မှ မကြည့်အား။ ဖျားနေသော ဇနီးနားသို့ ပြေးလာရသည်။

ရွှေဝတ်ရည်မှာ လှန်မှီလျက် မျက်စိမှိတ်ထားသည်။

"မမ နေကောင်းရဲ့လား ဟင်"

စမ်းရင်း မေးမိသည်။

ကိုယ်ကပူပြီး ခြေလက်များက အေးနေပါ၏။ သူ့ ဘာမှ ပြန်မဖြေ။

"စိတ်ညစ်တာပဲ။ တာလေရောက်မှ ကားကပျက်ရင် ခက်ဦးမှာပေါ့။ ဒီည ဒီမှာအိပ်ရဖို့ သေချာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည်ဘေးမှ ဒေါ်ခမ်း(မ)မိုင်ဆိုသော အမျိုးသမီးက ညည်းညူသည်။

"တာလေက ဘယ်လောက်ဝေးလဲ"

"တာချီလိတ်နဲ့ တာလေက ၂၇ မိုင်ပါ။ တာလေမှာ စစ်တပ်စခန်း တစ်ခု ရှိပါတယ်"

အောင်ဦးသာ သက်ပြင်းချမိသည်။ ၂၇ မိုင်ခရီးလေးကိုပင် နေ့ချင်းမပေါက်နိုင်တော့လည်း မခက်ပါလား။

ကျိုင်းတုံနှင့် တာချီလိတ်က ၁၀၂ မိုင်သာ ဝေးကွာပါသော်လည်း...

အောင်ဦးသာ အလာတုန်းက နှစ်ညအိပ် သုံးရက်ကြာသည်။ အလာလမ်းမို့ ဘာကုန်မှမပါကြ။ ယခုအပြန်တွင်ဖြင့် ကားများ မနိုင်သောဝန်ကို ထမ်းလျက် ခရီးဆက်ရလေမည်။

တာလေလွန်ပြီး ရှေ့ဆက်ရမည့်ခရီးက မြင့်မားမတ်စောက်လှ လွန်းသော တောင်တက် တောင်ဆင်းလမ်း။ ခရီးကကြမ်း၊ လမ်းက ကျဉ်း။

"အင်း... အပြန်လမ်းမှာ ဘယ်နှညများ အိပ်ရဦးမယ် မသိဘူး"

အောင်ဦးသာ တွေးရင်း သက်ပြင်းချမိသည်။ ချစ်လှစွာသော မမကို သမားတော်များထံ အရောက်ပို့နိုင်ဖို့က အရေးအကြီးဆုံး။

အချစ်ဓာဖြင့် ပူပန်ရသည့် စိတ်သောကသည် ရင်ကြွေ မတတ်။





"သေချာပြီ။ ဒီမှာ အိပ်ရမယ်။ ယူနီဖောဆယ်ပ္ပိုင်းကို တာချီလိတ်ပြန်မှာ ရဦးမှာတဲ့"

"ခက်တာပဲဗျာ၊ ကျွန်တော့်မိန်းမကလည်း သိပ်ဖျားနေတယ်။ တာလေမှာ အိပ်ခွင့်ရရင် တော်သေးတယ်။ အခုလို တောထဲက နေရာမှာဆိုရင် ဒုက္ခပဲ"

"ဒီလမ်းမှာ ဒီလိုပဲ။ ရှင်သွားချင်ရင် ကားကြီးတွေ မေးကြည့်ပါ။ သူတို့ခေါ်ရင် လိုက်သွားနှင့်။ ပြီး တာလေက စောင့်ပါလား"

မေတ္တာရှားပါးသော နယ်မြေတွင် ဒေါ်ခမ်း(မ)မိုင်၏ စကားက အားရှိလှလား။ သူ့ အနေချောင်အောင်လားပင် ခွဲခြားမရ။

တာချီလိတ်သို့လေယာဉ်က တစ်လတစ်ခေါက်သာလာသည်။ ခေါက်တစ်ရက်တွင်မှ နှစ်ပတ်တစ်ခေါက်။ လိုက်ဖိုသည့်သူများ ကြိုတင်လျှောက် ရသည်။ တာဝန်နှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လေယာဉ်နှင့်မှ သွားသူများကို အစည်းအဝေးထိုင်ပြီးမှ ရွေးချယ်ပြီး ကြေညာစာရင်းကို ပင်လို ကပ်ထားသည်။ တာချီလိတ်မှ ကျိုင်းတုံသို့ လေယာဉ် စီးခွင့်ရရှိသူမှာ သိန်းထီပေါက်သူထက်ပင် ကံကောင်းပါ၏။

"လေယာဉ်သာ စီးခွင့်ရပါလျှင်..."

ရွှေ့ကို ပွေ့ထားရင်း ဘယ်လိုမှမဖြစ်နိုင်သော အမ်းတမှုကို အောင်ဦးသာ တမ်းတနေမိသည်။

"ဘာဖြစ်လဲ ဟေ့"

မြင့်မောက် ကြီးမားလှသော လော်ရီကားကြီးတစ်စင်းက သမားအချင်းချင်း မေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာခင်ဗျာ...ကျွန်တော့်မိန်းမ သိပ်ဖျားနေလို့ လိုက်လို့
လိုက်ခဲ့ပါရစေ။ တာလေအထိပါ"

"တက်နိုင်ရင်တက်၊ တစ်ရာလောက်တော့ပေး"

"ရပါတယ်"

စီးလာသော ဂျစ်ကားကို တာလေတွင် သူတို့နှင့် ဆုံမိ
ချိန်းဆိုမှာကြားပြီး ရွှေ့ကို ပွေ့ပူလျက်ပင် ကားကြီးရှိရာသို့
ရသည်။

"အို...ဘယ်ဖြစ်မလဲ။ ဒီမှာ လူအပြည့်"

"ရွှေ့စရာတောင် နေရာရှိတာမဟုတ်ဘူး"

"နောက်လူတက်လို့ ဘယ်ဖြစ်မလဲ"

ကားပေါ်မှ လူများ၏ ပျူငှာမှုကို လုံးဝ ဂရုမပြုနိုင်တော့
စက်မသပ်သော ကားပေါ်သို့ အောင်ဦးသာမှာ ခက်ခဲပင်ပန်းလွန်း
ဖြင့် တွယ်ဖက်တက်ခဲ့ရသည်။

ဘယ်သူမှ မကူကြ၊ ဆွဲမခေါ်ကြ၊ ကြပ်လွန်းရသည့်အ
ထပ်၍ သိပ်လိုက်သလို ဖြစ်တော့မည် ဟူသော စောင် မာန်စီး
မလိုလားသော မျက်လုံးများအကြားသို့ ဖွတ်အတင်းပင် ထိုးတက်
ပါတော့သည်။

"မမရယ်..."

ရွှေဝတ်ရည်ကို ပွေ့ပိုက်ခွင့်ရသဖြင့် အောင်ဦးသာ၏ ရင်တွင်း
ဆွေးမြေ့ကြေကွဲစွာ ခေါ်လိုက်မိသည်။





သည့်မျှ ဝေးခေါင်လှသော အရပ်ဆီသို့ ဘဝပျက်ခဲ့ပြီး
...လာရသော အကြောင်းရင်းကို အောင်ဦးသာ သိချင်လှပါပြီ။

"ရေ... ရေ... နည်းနည်း..."

ရွှေဝတ်ရည်အတွက် ရေလေးတစ်ခွက်ကို အနီးမှ တောင်းမရ။
...ားဆီမှ ဘောင်းဘီနက်နှင့် ခေါင်းပေါင်းနှင့် ရှမ်းအမျိုးသားကြီး
...ယောက်က 'နမ့်(မ)'ဟူ၍ ရှမ်းဘာသာဖြင့် ရေလားဟုမေးပြီး
...ခြိုသော ရေတစ်ခွက်ကို သူ့ဗူးထဲမှ ငှဲ့ပေးရှာသည်။

လောဘလူသားများကြားမှာ မေတ္တာရေကြည်ကိုလည်း ရနိုင်
...သေးလားဟူသော အသိဖြင့် အောင်ဦးသာမှာ မြန်မာစကားမတတ်
...ာ ရှမ်းအဘိုးကြီးသို့ ကျေးဇူးမျက်စန်းများဖြင့် ကြည့်ပြီးသာ
...မျက်ပြုံးပြုလိုက်ရပါတော့သည်။

ကားကြီးပေါ်မှ လူများမှာ လေကြမ်းမိသော သစ်ကိုင်းငယ်များ
...ပြင်းထန်စွာ ယမ်းခါတွန်းတိုက် ထိခိုက်မိရင်းဖြင့် တာချီလိတ်နှင့်
...ပိမှသာဝေးကွာသော ဤလမ်းပေါ်မှ အကြီးဆုံးရွာ... စစ်တပ်ရင်း
...

တာလေ'သို့ ည ၇ နာရီတွင် ကားဝင်ခဲ့ပါပြီ။

ဤကားလည်း ဤည တာလေမှာ အိပ်ပါမည်။

ကုန်သည်များသည် စားသောက်ဖို့ ဆိုင်၊ တစ်ညတာ နားခို
...က်ရာ နေရာများကို...

သူ့ထက်ငါ ဦးအောင် အလုအယက် အပြေးအလွှား ရှာဖွေကြ
...သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၈

မှန်သားလို ကြည်လင်နေသော စမ်းချောင်းသည့် တောင်[illegible] တွင် ညှင်သာစွာ စီးဆင်းရွေ့လျားနေသည်မှာ ကားလမ်း တစ်လျှော[illegible] လုံးလိုပါ။

စိမ့်စမ်းများ၊ တောတောင်များ၊ စိမ်းလန်းသော သစ်ပင်[illegible] စသည့် သဘာဝအလှတရားတို့သည် လူသားတို့၏ ရင်ကို ငြိမ်း[illegible] အေးစေနိုင်သည် ဆိုပါသော်လည်း...

အပူပြင်းသော သောကရင်ကိုဖြင့် ဤအေးမြမှုက မစော်[illegible] ပါချေ။

"မမ ပိုဖျားလာပြီ...ဒုက္ခပဲ"

အချစ်ဆုံးကို လက်လွှတ်ဆုံးရှုံးခဲ့ရသော ခံစားမှုများ ဖြစ်[illegible] ခဲ့ရဖူးသည့် အပူရင်မှာ ဤသောကမျိုး ထပ်မံဝင်လာသည့်အ[illegible] နှစ်ဆမျှ ပူလောင်လှပါချေသည်။

"ပေးပါ...ထိုးပေးပါဦး"





သူ့စွယ်တာအပြာလေးကို ပင့်ထောင်ပြီး ဆေးကို တောင်းဆိုနေ[illegible]သည်။

"နေဦးနော်...လူတွေမြင်သွားရင် ခက်မယ်။ ကားကြာကြာ[illegible]နော်"

"ဟင့်အင်း...ဟင့်အင်း"

မောနေသော ရင်နှင့် ချွေးပြန်နေသော မျက်နှာကို မြင်သည်မှာ[illegible]စရာကောင်းလှသည်။

အောင်ဦးသာတို့ ငွေပေး၍ စီးလာသည့် ဂျစ်ကားမှာ ပြုပြင်ပြီး[illegible]လာသဖြင့် တာလေဂိတ်ကို ပြောပြီး ည ၉ နာရီကျော် ဆယ်နာရီ[illegible]တွင် ဝင်လာနိုင်ခဲ့သည်။

နောက်တစ်နေ့တွင် ဤဂျစ်ကားပေါ်တက်ပြီး ခရီးဆက်နေရ[illegible]ပါ။

ကား ခဏလေးနား၍ ပြင်ဆင်နေဆဲ ရွှေဝတ်ရည်ကို အားပေး[illegible]ရပါ၏။ ဤခရီးသည်များကြားမှာ ဇနီးသည်၏ ဆန္ဒကို ဖြည့်ပေး[illegible]၍လည်း မဖြစ်။

"ကဲ သွားကြမယ်၊ **'ပန်းခလုံ'**ကျမှ နားမယ်"

ကားပိုင်ရှင်၏တူလည်း ဖြစ်၊ ကားဒရိုင်ဘာ၏ အဖော်လည်း[illegible]သော 'စိုင်းလုံးဆိုင်'က နှိုးဆော်လိုက်သဖြင့် ရွှေဝတ်ရည်နှင့် လူချင်း[illegible]လိုက်ရသည်။

မော်တော်ကားသည် လူတစ်ယောက်၏ လမ်းလျှောက်နှုန်း[illegible]က် နှေးပါသည်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ ဟာသစကားဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မည်။

မယုံလျှင် ဤတာချီလိတ်ခရီးကို သွားကြည့်စေချင်ပါသည်...

ကားပေါ်မှ ဆင်း၍ လမ်းလျှောက်ရသော အမျိုးသမီးများ... ခြေကို ဤကားက လိုက်မမီပါကြောင်း ဤခရီးသွားဖူးသူ၊ ကြား... တိုင်း သိကြပါသည်။

တစ်လမ်းလုံးတော့ မဟုတ်ပါ။ ကြမ်းတမ်းလွန်းသော ... များစွာမှာ ဤအတိုင်းပါ။

တာချီလိတ် ကျိုင်းတုံ ၁၀၂ မိုင်ကို ကုန်စည် တင်လာသော... ကားတို့မှာ အနည်းဆုံး နှစ်ညအိပ်၊ သုံးရက် သွားရပါသည်။ တစ်... လောက်ကြာသည်က သာမာန်ဖြစ်နေကျ၊ တစ်ခါတလေ ကား... ကုန်ပါ ပစ်မထားနိုင်သူတို့မှာ ကားပစ္စည်းစောင့်ရင်း ပြင်ရင်း... တစ်လနီးပါး ကြာခဲ့ဖူးကြောင်း အတွေ့အကြုံ ခရီးသည်များ ပြောပြ... ပါသည်။

"ပန်ခဲလုံ"

တစ်လမ်းလုံး တောထဲတောင်ကြားမှ ကျဉ်းမြောင်းသောလ... ချောက်နခမ်းဘေးမှ အသဲတလှပ်လှပ်နှင့် လာခဲ့ရာမှ ရွာတစ်ခု... ဝင်ပြီဆို၍ အားရှိပါးရှိ ဆင်းကြသည်။ ရွာကိုလည်း ကြည့်ပါဦး...

တစ်ရွာလုံးမှ တဲ ၁၀ လုံး အတိသာရှိသော နေရာ။

နားရာစခန်းလေးလိုမို့ လက်ဖက်ရည်ဆိုင်လေးတစ်ခု ရှိသည်... ရရှိသည့် ပစ္စည်းကတော့ အပျံစား၊ ဂျပန်ခေါက်ဆွဲပြုတ်၊ ကိုကာကိုလာ...





...တင်း၊ ဟောလစ်၊ ရေခဲမရသော်လည်း အအေးမျိုးစုံ၊ ပုလင်းများ၊ ...များ၊ ဝေဖာနှင့် ဘီစကစ်မျိုးစုံ...

အံရာရာကို နားလည်လွယ်၊ တတ်သိလွယ်သော၊ မနေတတ်... လူငယ် အောင်ဦးသာမှာ ကားပျက်ရာတွင်လည်း ဝင်ပြင်ပေးခဲ့... သည်။

အချစ်ဆုံး မမ၏ဆန္ဒကိုလည်း ဆေးပညာ ရှုထောင့်မှ ကူညီ... သည်။

"မမရယ်...မမရဲ့အဖြစ်ကို မောင် ရင်နာလှပါပြီ"

"ဘာကြောင့် ဒီဘက်ကို ရောက်လာရတာလဲ"

"ဘာဖြစ်လို့များ ကိုယ့်ဘဝကို အဆုံးခံလိုက်ရတာလဲ ဆိုတာ... ...င့်ကို ဘယ်တော့မှ ပြောပြနိုင်မှာလဲ အချစ်ရယ်"

မှိန်းနေသော ရွှေဝတ်ရည်တို့ တဲ၏နောက်အက်ဆီမှာ မွေ့ထား... ...င်း မျက်နှာလေးကို ငုံ့ကြည့်၍ မေးမိသည်။

မြောက်ဦးမြို့မှ ရွှေဝတ်ရည်၏ ချစ်သူများစွာကို ခေါ်ပြပါလျှင် ... ရွှေဝတ်ရည် မဟုတ်ပါဟု အားလုံးက ငြင်းဆိုကြပါလိမ့်မည်။

အောင်ဦးသာပင်လျှင် အနီးကပ် တွေ့ဆုံရစဉ်က အချစ်ဆုံး ...မ မဟုတ်ပါဟု သူ့ခုတင်မှာ ပြန်သိပ်ထားခဲ့ရဖူးသည်။

ယခု ဝေသာလီဒဂါး သက်သေနှင့် ဒေါ်မေသက်ထား၏ ...ားကြောင့်သာ ရွှေဝတ်ရည်မှာ သူ့ရင်ခွင်တွင်းသို့ ကံကောင်း... ...ာက်မစွာ ပြန်ရောက်ခဲ့ရခြင်း ဖြစ်ပါ၏။

"မမရယ်...မမ အမေ သေပြီလို့ မောင့်ကို ဘာလို့ ညာရတာလဲ"

www.burmeseclassic.com



"ဩော်…မိခင်က နောက်အိမ်ထောင်နဲ့ ဒီဘဝရောက်နေ[…]ရက်တာနဲ့များ မပြောချင်တာလား"

"အဲဒါတွေက အရေးမကြီးပါဘူး မောင့်အချစ်ဆုံးရယ်"

"ဒီနေရာကို မမ ဘာကြောင့် ရောက်နေတာလဲ"

"မောင့်ရဲ့ အသည်းနှလုံးတွေ ကြေစေ၊ ကွဲစေအောင် တစ်နှ[…]ကျော်ပတ်လုံး ဘာကြောင့်များ ဒီလို နေနိုင်ရက်တယ်ဆိုတာတွေ[…]မောင်လေ…

သိချင်လှပါပြီဗျာ"

ဒေါက်တာရွှေဝတ်ရည်မည်သော အောင်ဦးသာ၏ အချစ်ဦး[…]နိုးရဆုံး မိန်းမဖြတ်သည်…

ယခုအခါ အသည်းနှလုံးမဲ့နေသူ တစ်ယောက်ပမာ အောင်ဦး[…]သာ၏ စကားတို့ကို ကြားနေရပါလျက် ဘာတစ်ခုမျှ မတုံ့ပြန်လာ[…]

သူ့ဝေဒနာများနှင့်သာ ယစ်မူးလျက်။

ရွှေဝတ်ရည်ကို တွဲဖက်၍ တဲတွင်းသို့ ပြန်ခေါ်လာခဲ့ရသည်[…]ခေါက်ဆွဲပြုတ်ကို တိုက်သည်၊ မသောက်၊ အိုဗာတင်းတစ်ခွက်[…]ဖွတ်အံတင်းတိုက်ရသည်။

ညည်တစ်နေ့လုံး သည်အစာသာ ဝင်သေးသည်မို့ အောင်ဦး[…]သာ၏ ရင်မှာပါ ပူလောင်လာသည်။ ဘာမှ မစားဖြစ်။

ပထမ ရောက်လာသည်က လှမ်းလျှောက်အဖွဲ့။

တာချီလိတ်မှ ကျိုင်းတုံမြို့အထိ ခြေလျင်ခရီးဖြင့် ပစ္စည်း[…]သယ်ကြသည့် သူများ…





ပေါ့ပါးသော ဖုံမွှေ့ရာ ရှေ့နှစ်လုံး နောက်နှစ်လုံးကို ထမ်းပိုးနှင့်ထမ်းပြီး တချို့လည်း မုန့်ထုပ်ပေါ့ပေါ့များ၊ တချို့လည်း ဖော့နှင့်ဖော့ရုပ်များကို မွေ့ရာပေါ်တင်ပြီး လူငယ်များက နှစ်ရက်အရောက်၊ လူကြီးများက သုံးရက်အရောက်။ လမ်းလျှောက်ကြသည်။

တစ်ဖွဲ့လျှင် အနည်းဆုံး ငါးယောက်၊ ဤသို့ တပင်တပန်းထမ်း၍ သယ်ရောင်းရသူများကို လမ်းမှဆီး၍ လုယက်သူများ၊ ဓားပြတိုက်ကြသူများကလည်း ရှိသေးသည်။

ပစ္စည်းယူရုံ မဟုတ်။ တချို့ လူပါသတ်၍ တောထဲထား၊ ဆောင်စောင်းမှ တွန်းချကြသည်ဟုလည်း ရင်နာစရာ ကြားသိရသည်။

ခြေလျင်သမားတို့ နားရာမှ မထွက်ခွာမီ နောက်ထပ် ရောက်လာသည့် အဖွဲ့က…

စက်ဘီးစီး လူငယ်များချည်း။

ယနေ့ ရန်ကုန်မြို့နှင့် မြန်မာပြည့် အနှံ့အပြားတွင် တွေ့နေရသော နောက်တွင် စတီးခြင်းကြားလေးများပါသော Chopper အမျိုးအစားနှင့် တခြားသော စက်ဘီးလှလှလေးများ။

နောက်မှ ခြင်းလေးထဲတွင် ယိုးဒယားဖော့ဖိနပ်နှင့် ဟင်းခပ်မှုန့်သော ဈေးကိုက်ရာကုန်များကို တနိုင်သယ်ပြီး…

တချို့ နေ့ချင်းပေါက်ဝင်သည်။ တချို့ ယမ်းခလောက်တွင် တစ်ညအိပ်ပြီး အခြေနေကြည့်၍ ကျိုင်းတုံမြို့သို့ နောက်တစ်နေ့တွင် ဝင်နိုင်သည်ဟု ဆိုပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော လမ်းလျှောက်အဖွဲ့များ၊ ဘိုင်စကယ်စီးအဖွဲ့များ တစ်လမ်းလုံးလိုပင် မကြာခဏ တွေ့ရတတ်ပါသည်။

ဘိုင်စကယ်နှင့် ရှမ်းအမျိုးသား လူငယ်များ၏ ခွန်အား အားရစရာ။ အားကစားသမားကောင်းများ ဖြစ်ထွန်းနိုင်မည့် အလားအလာ၊ တောင်ဆင်း၊ တောင်တက်ခရီးကို ဤမျှစီးနိုင်လျှင် လက်ရွေးစင် စက်ဘီးသမားများ ဖြစ်နိုင်သည်။ မဆက်သွယ်မိကြ၍ပါ။

မောပမ်းနေသော်လည်း ရွှင်လန်းသော မျက်နှာများနှင့် စိတ် အပ်(ပ)ဗူးများကို ဖွင့်၍ ပလတ်စတစ်ပိုက်ကလေးနှင့် စုတ်သော ကြပြီး ခရီးဆက်ထွက်ခွာသွားကြတော့သည်။

တချို့လည်း ကိုယ့်ငွေရင်းနှင့်။ တချို့လည်း ကျိုင်းတုံအရော တစ်ခေါက် နှစ်ရာစား၊ သုံးရာစားနှင့် စရိတ်ငြိမ်းဟု သိရပါ၏။

သည်ဘက်ကမူ တံမြက်စည်းလုပ်သည့် ကိုင်းဘောရွက် များကို ထိုင်းနိုင်ငံမှ ထုတ်လုပ်သော ပစ္စည်းများ၏ ကုန်ကြမ်းအဖြ တထမ်းတရွက် သယ်ဆောင်သွားကြ၊ ရောင်းချကြသည်ကိုလည်း တစ်လမ်းလုံးလို မြင်ရပါ၏။ တာချီလိတ်တွင်လည်း တံတားကြီး မှာ ပုံရောင်းကြသည်။ ကိုယ့်ဆီမှ ကုန်ကြမ်းများကို ထမ်း၍ ယိုးဒယား ဘက်သို့ ဈေးနည်းနည်းနှင့် ပို့ရပြီး သူတို့ဆီက ကုန်ချောကို ဈေးကြီးကြီး နှင့် ပြန်ဝယ်ရပါ၏။

"ကဲ…သွားကြမယ်"

"မိုင်းဖြတ်လောက်အထိတော့ အရောက်မောင်းနိုင်ပါစေ၊ ဒါ တော့ထဲမှာ မအိပ်ရမှာ"





တောင်ကြီးမှ အဒေါ်ကြီးတစ်ယောက်၏ ဆုတောင်းသံပါ။

ရွှေဝတ်ရည်၏ မျက်နှာလေးကို အဝတ်ရေစိုနှင့် ပွတ်သုတ်ပေး ပြီး သူ့နေရာသို့ ပြန်တင်ပေးရသည်။

အဖြစ်သဲရန်ကော ဟူသော မျက်ဝန်းများဖြင့်သာ ကြည့်ကြ သည်။ ဘယ်သူကမှ မမေးကြ၊ မပြောကြ၊ မကူညီကြပါ။

"ဝူး…ဝူး…"

ဆိုသော အသံဖြင့် စပါယ်ရှယ် ဂီယာဖြင့်သာ တစ်လမ်းလုံး သိမ့်ရှိလေး မောင်းလာရသည်။ ကားစက်သံကလည်း မမှန်။

တဘက်ဘေးတွင် မြင့်မားမတ်စောက်လွန်းသော တောင်ကမ္ဘား ဆီး တဘက်တွင် နက်ရှိုင်းလွန်းသော ချောက်၊ စမ်းရေလေးစီးနေသည် ကို မကြည့်နိုင်အားပါ၊ လမ်းက ကျဉ်းလိုက်သည့်ဖြစ်ခြင်း၊ ကား ဘစ်ချက် အတိမ်းမခံ၊ မြေလမ်းမို့ တောင်စောင်းအကွေ့များတွင် တစ်ခုတစ်ခု တိမ်းစောင်းခဲ့ပါလျှင် အောက်သို့ ထိုးကျပြီး အရိုးအသား ရှာမရနိုင်မှန်း ကားစီးသူများအားလုံး သိထားကြပါ၍ 'ဘုရား'တရင်း ခြင်းသာ…

'မိုင်းဖြတ်'သို့… ညဦးပိုင်းမှာ ဝင်လာနိုင်ခဲ့ပါပြီ။

ဤမိုးဖြတ်သည် ကျိုင်းတုံမှ ၅၁ မိုင်၊ တာချီလိတ်မှလည်း ၅၁ မိုင် ဝေးကွာသော ဗဟိုခရီးဖြစ်ပါသတည်း။

မနက်စာနှင့် ညစာ ထမင်းကို မိုင်းဖြတ်မှာ ပေါင်းစားလိုက်ရ သည်။ လမ်းတွင် မစားခဲ့ရ၊ စားစရာဆိုင်လည်း လုံးဝမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ခရီးသည်တို့၏ နားခိုရာ တဲတန်းလျားလေးမှာ မပြည့်စုံသော အိမ်ရာပစ္စည်းများဖြင့် တစ်ညတာနားစက်ရသည်။

"ဟင်း...သိပ်ချမ်းတာပဲ"

မမထံမှ စကားသံ သဲ့သဲ့လေးကြောင့် အောင်ဦးသာ... စောင်ပါးလေးကို ခြုံပေးပြီး ထွေးပွေ့ထားလိုက်ရသည်။

ချစ်ကြင်စ အချိန်က တက်ကြွခဲ့ရသော ချစ်စိတ်များနှင့် တခြားစီ...

အောင်ဦးသာ၏ ရင်မှာ အမြတ်နိုးဆုံး ရတနာကို ပြန်လည် ရရှိခဲ့ပါသော်လည်း လေးလံနေမိသည်။ ချမ်းမြေ့ရမည့်အစား ပြင်း... စွာ ပူလောင်နေမိသည်။

တစ်မှေးမျှ မအိပ်စက်ရပါသော ညသည် ရှည်လျားလွန်း... ချေသည်။

မနက် အရုဏ်မတက်မီက ပြင်ဆင်ကြပြီး ထုံးစံအတိုင်း ထွက်ခွင့်၊ စစ်ဆေးခွင့်များတောင်းဆို၍...

ပင်လယ်ရေ မျက်နှာပြင်အထက် ၁၅၀၀ ပေ မြင့်သော မိုးဖြူ... မှ နံနက်ဆယ်နာရီကျော်မှာ ထွက်ရသည်။

"တံတားကျိုးနေလို့ စောင့်ရဦးမတဲ့"

တကားလုံး၏ သက်ပြင်းချသံက တောလယ်မှာ ပဲ့တင်ထပ် သွားတော့သည်။

အားလုံး စိတ်ပျက်စွာ စောင့်ဆိုင်းပြီးသည့်အခါ လမ်းဌာန၏ ယာယီပြင်ဆင်ပေးမှုဖြင့် ကားမှာ ခက်ခဲလွန်းစွာ သက်စွန့်ဆံဖျား ဘုရား...





...၍ မောင်းသွားသည်။

အောင်ဦးသာမှာ ရွှေဝတ်ရည်ကို ဖက်တွဲ၍ အောက်ခြေ ...စမ်းချောင်းအရောက် ဆင်းလျှောက်ရသည်။ ပေါင်လယ်လောက် ...ရောက်သည်အထိ ရေစီးသန်သော စမ်းချောင်းမှ ဖြတ်သန်းပြီး ...ကောင်းပေါ်သို့ မောဟိုက်ပင်ပန်းလွန်းစွာ တွယ်ကုပ်၍ တက်ရ ...ပြန်သည်။ ရွှေဝတ်ရည်ကို ဖေးမဖက်တွယ်လျက်နှင့်ပါ...

**"အမလေး တကယ်မလွယ်တဲ့ ခရီးပါလား"**

ညည်းညူသံ၊ နွမ်းလျသံများကိုသာ ကြားနေရ၊ ရွတ်ဆိုကြ ပြီးနောက်၊ ဤကားသည် ခြေလျင်ထက် နှေးကွေးစွာဖြင့် (ထိုစဉ် ကာလက) မြန်မာပြည်ရှိ...

အဆိုးရွားဆုံး...

အရက်စက်ဆုံးသော...

ခရီးကြမ်း လမ်းကြီးကို ဆက်လက်ရပြန်ပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၁ ။

"အမလေး…ဘုရား…ဘုရား…"

"ဝုန်း…ဒိုင်း…"

"ကယ်ကြပါဦး"

"သေပါပြီရှင်"

ဆိုသော အန္တရာယ်ခရီးကြမ်းတွင်းမှာ လူသားတို့၏ ကြောက်အား လန့်အား အော်သံများအဆုံးတွင်…

ကားမှောက်သွားပါပြီတည်း…

❖ ❖ ❖





"မမ…မမ…ဟာ…မမရယ်"

နဖူးပြင်ပေါ်မှ သွေးစီးကြောင်းများသည် မျက်နှာပေါ်သို့ စီးကျလာပြီး၊ ခေါ်မရတော့။

"မမ.."

အောင်ဦးသာမှာ ဆူညံနေကြသည့် အထဲမှ အလန့်တကြား ကြီးအော်လိုက်ပြီး စောင်းလဲနေသော ကားထဲမှ သွေးများစွာနှင့် ရွှံ့စေးရည်ကို ခဲယဉ်းစွာ ဆွဲထုတ်ပွေ့ယူလာပြီး ပုပန်ခြင်းကြီးစွာဖြင့် ဒဏ်ရာကို ကြည့်ရသည်။ နဖူးကွဲသွားရုံသာ။ တခြားနေရာမှာ ဒဏ်ရာ တွေ့ရသော်လည်း မေ့နေဆဲမို့…

"မမ…မမရေ…"

မျက်နှာကို ရေနှင့်ပွတ်သုတ်၊ သွေးများဖယ်ပြီး အတင်းလှုပ်နိုး ခေါ်လေမှ ရွှေစေတ်ရည် လူးလွန့်လာသည်။

ကားမှာ မတ်စောက်သော တောင်ကိုတက်နေစဉ် ထူးရေလာက ချိတ်ဆက်ထားသောနေရာမှ ရုတ်တရက် ပြုတ်ထွက်သွားသဖြင့် ဘားလည်း မဟန်နိုင်တော့။

အရှိန်နှင့် နောက်ပြန်လိမ့်ဆင်းလာပြီး တောင်စောင်းဘက်သို့ အိမ်းမှောက်သွားခြင်းပါ။

ကားဆရာသာ မတော်လွန်းပါလျှင် တလ်စာမျှသာ ကျယ်ဝန်းသည့် တခြားသောတက်သို့သာ လိမ့်ဆင်းသွားပါလျှင် တွေးရဲစရာမရှိ တော့။ အားလုံး၏ အသက်များ ဆုံးရှုံးဖို့ ကိုးဆယ်ကိုး ရာနှုန်းသေချာ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အရိုး၊ အသား တခြားစီဖြစ်မည်။ အလောင်းများပင် ကော
နိုင်ကြမည် မဟုတ်ပါ။

လိမ့်ဆင်း မှောက်သွားသော ဝန်တင် ထရေလာပေါ်မှ ရွှေ
မျိုးစုံတို့ ကစင့်ကလျား လွင့်စင် ဖိတ်ကျလေပြီ။

ဘာမှမဖြစ်သူများက ကိုယ့်ပစ္စည်းလေး ပြေးကောက်ကြ
မနေကြ။ ဒဏ်ရာရသူများကဖြင့် သွေးအလူးလူး၊ အဖူးဖူး အရောင်ရော
ဖြင့် ညည်းကြ၊ ညူကြ၊ တချို့ ငိုကြနှင့်ပါ။ ငရဲခန်းတစ်ခုကို ကိုယ်တွေ့
မျက်မြင် ကြည့်နေရခြင်းပါတည်း။

"ဒဏ်ရာ ပြင်းတဲ့လူပဲ တက်"

"ပြုစုမယ့်သူ မရဘူး"

နောက်ကား၏ ပြတ်သားသော အားပေးသံဖြင့် သွေးထွက်
များသော အမျိုးသမီးလူနာနှစ်ယောက်ကိုသာ တင်ခေါ်သွားသည်။
သူ့အစ်မအရင်းနှင့် သူ့ယောက်ျားကိုပါ လိုက်ခွင့်မပြု။

လိုက်သွားရသူရော ကျန်ရစ်သူတို့၏ ပရိဒေဝကိုများ ကိုယ်ချင်း
မစာလေရော့သလား။

"ကဲ…ဒီည ဒီတောထဲမှာပဲ အိပ်ရမယ်"

မိန်းမသားဆိုလျှင် အောင်ဦးသာ ငိုဖြစ်သည်။ ရွှေဝတ်ရည်ကို
ထည့်လိုက်ချင်ပါသည်။ **'ယမ်းစ'**ရောက်လျှင် ကျိုင်းတုံနှင့်နီးပြီ။ သူပါ
လိုက်ခွင့်မရ၍ မထည့်လိုက်နိုင်။ ဤဒဏ်ရာ၊ ဤအဖျား၊
ဤဆေးစွဲမှုများဖြင့် တောကြီးမျက်မည်းထဲ အိပ်ရမည်ဆိုသည်ကဖြင့်
ငိုချင်လောက်အောင် စိတ်ဓာတ်ကျစရာပါ။





"မမရယ်… မမကို ဆေးရုံပို့ခွင့် သမားတော်တွေနဲ့မှ တွေ့နိုင်
ချေရပါတော့မလား ဗျာ"

ရွှေဝတ်ရည်သာ နှစ်ခါ သေဆုံးပါလျှင်၊ သည်တစ်ခါ အောင်ဦး
သာ ကယ်ရှူးတော့မည် ထင်ပါသည်။

ချစ်ရသူအတွက် လောင်မြိုက်ရသော ပရိဒေဝ အသည်းနှလုံး
ည် တောင်ခြေမှ စမ်းရေတွင် စိမ်နှစ်စေဦး မငြိမ်းစေ၊ မအေးစေနိုင်ပါ။
မြဲမြဲစွာ ပူလောင်နေလေမည်သာ။

❖ ❖ ❖

ကျောထဲက စိမ့်တက်လာသဖြင့် အောင်ဦးသာ လန့်နိုးလာ
သည်။

ရေအိုင်တစ်ခုထဲသို့ ရောက်နေပြီဟု ရုတ်တရက် ထင်လိုက်မိ
၏။ တစ်ကိုယ်လုံးလည်း လှုပ်မရလောက်အောင် တောင့်တင်း
အေးစက် ကျင်ခဲနေသည်။

"မြေကြီးပေါ်တွင် အိပ်စက်နေရပါလား"

စိမ့်မြိုင်တွင်းမှ မြေသည် အောင်ဦးသာ အိပ်စက်စက ခြောက်
သွေ့နေပါလျက် ယခု ရေများ ထွက်လာသလို စိမ့်စို အေးစက်နေ
သည်။ ခေါင်းအောက်မှလက်ကို ရုတ်တရက်ထုတ်၍ မရ။ ခေါင်းကို
နည်းကြွပြီးမှ စွမ်းအားကုန်ထုတ်၍ ထရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓတောင်တန်းကြီးများ ဝန်းရံထားသော တောကြီးမျက်မည်း
မြေကြီးပေါ်တွင် အိပ်စက်ရသည့်အခါမှ အိပ်ရာ၏ နွေးထွေးမှု
သတိရလာသည်။ အိပ်ရာနှင့်တွဲလျက် 'အိမ်'ဆိုသည်ကို သတိ
လာလေမှ...

"မေမေ..."

တမ်းတစိတ်ဖြင့် ရွတ်ဆိုမိသည်။

မိခင်က ဆေးရုံမှ မဆင်းသေး။ ဖခင်က ပစ္စည်းဝယ်ခိုင်းလိုက်
သောငွေဖြင့် သည်နယ်ခြားမြေသို့ ရောက်လာရခြင်းပါ။

အားလုံးကို စွန့်ပစ်ထားရစ်ပြီး ဤအမြတ်နိုးဆုံး မိန်းမနော
သို့ ဘဝကိုစွန့်၊ အသက်ကို စတေးပြီး လိုက်လာခဲ့ရခြင်းပါ။

"မေမေ နေကောင်းပါစေ"

"ပါပါကတော့ ကျေနပ်မှာ မဟုတ်ဘူး"

ဟူသော စိတ်အတွေးများက ယခုရောက်နေသော မြန်မာ
'အရှေ့ဘက်စွန်း'မှနေ၍ မိဘများရှိနေသော မြန်မာပြည်၏ 'အနောက်
ဘက်စွန်း' ရပ်ဝန်းဒေသသို့ ရောက်ရှိ သွားမိသည်။ မိဘအတွက်
ရော...အနာတရဖြင့် ဖျားနာနေပါလျက် တောထဲတောင်ထဲတွင်
အိပ်စက်နေရရှာသော ချစ်ဇနီးအတွက်ပါ တွေးမိလာသည့်အခါ—

ရေခဲပြင်များ ငုံမိထားသလို အေးစက်နေသော ကိုယ်ခန္ဓာ
အတွင်းပိုင်း၌ ကိန်းဝပ်တည်ရှိနေသော နှလုံးသားက မီးတောင်တစ်
ပေါက်ကွဲပြီးကျလာသည်သို့ပါ။ ရင်မှာ ချော်ရည်ပူများ ပြန့်နှံ့လာသည်
ပမာပါ။





ကိုယ့်ဒုက္ခကို သတိမရနိုင်အားတော့။ အချစ်ရဆုံးသော မမထံ
သွားမိသည်။

မနည်းတောင့်ပန်၍ ဂျစ်ကားထဲ၌ သိပ်ထားရသော မမမှာ
ကိုယ်လုံး ခြစ်ခြစ်တောက်အောင် ကိုယ်များပူလျက် ညည်းညူရင်း
ရွှမ်းမြေ၏ အအေးဒဏ်ကို အလူးအလဲ ခံစားနေရရှာသည်။

မနေ့ညကလည်း လုံးဝ မအိပ်စက်ခဲ့ရ၍ ယနေ့ည မြေပြင်ပေါ်
အိပ်ပျော်သွားမိသည်ကိုပင် နောင်တရသွားမိသည်။

"ဪ...လူ့တကာရဲ့ဝေဒနာကို စေတနာများစွာနဲ့ ကုစားပေး
မ သည်သာ ဒီခရီးကြမ်းကြီးက ကျော်ပြီး ဆေးကုသနိုင်ခွင့်လေး
ဆုံးရပါစေဗျာ"

ရှေ့ဝတ်ရည်ကို ပွေ့ပိုက်ရင်း အောင်ဦးသာ ဆုပန်လိုက်မိသည်။

ဆုပန်ရုံမှလွဲ၍ ဘယ်လိုအင်အားမျိုးမှ သုံး၍မရ။ ငွေတစ်ကုဋေ
ပါစေ၊ ရွှေလှည်းတစ်စီးတိုက် ပါလာပါစေ ယခုအခြေနေမှ လွတ်
က်အောင် လဲလှယ်ပေးဆက်၍ မရသော အဖြစ်ဆိုးကြီးပါလား။

အောင်ဦးသာသည် တစ်နေ့လုံး ထမင်းမစားရသေး။ ဤ
ရယ်ညကြီးကို ဖြတ်ခွင်းပစ်နိုင်မည့် လင်းရောင်ခြည်ကို တမ်းတရုံမှ
၍ ဘာတစ်ခုမျှ မစွမ်းဆောင်နိုင်၊ မလှုပ်ရှားနိုင်။

အောင်ဦးသာတို့ လင်မယားလိုပင် အနာတရ ဖြစ်ရသူများမှာ
အေးဒဏ်ကြောင့် ပိုနာလာသည်။ ဘာဆေးမှမရှိ။ တစ်ယောက်နှင့်
စ်ယောက် မကူနိုင်၊ မကယ်နိုင်ကြ။

ကိုယ်လည်း ကိုယ့်ဒုက္ခနှင့်၊ သူလည်း သူ့ဒုက္ခနှင့်...



www.burmeseclassic.com

www.burmeseclassic.com



သြော်..နေ့သစ်ဦးကို ဖူးစေ..ပွင့်စေမည့် နေရောင်ခြည်တို့သာ တမ်းတ မျှော်လင့်စွာဖြင့် စောင့်စား ကြရပါတော့မည်သာ..

❖ ❖ ❖

သည်တောင်ပေါ်လမ်းကျဉ်း၊ လမ်းကြမ်းကြီးကို သွားနေရာ ကားတို့မှာ ယူဆောင်သင့်သည့် ကားပစ္စည်းများကို သည်ပိုးလာတာ ကြသည့်အတိုင်းပင်...

ကားမှာ...

ပလပ်ဆီရိုက်သည်၊ ကာဘရိုက်တာ စလိုးဂျက် ချေးပိတ် သည်။ အေ-စီ-ပန့်-ဒိုင်ယာဖရန်(Diaphragm) ပေါက်၍ အပြား အသစ်လဲရသည်။ သည်လောက်က...ခဏခေတ္တ ရပ်ရင်း နားရင်း ပြင်ရင်း သွား၍ရသော ရောဂါများ...

ကား၏ ရောဂါနုနုများက ကိစ္စမရှိ။ ဆေးမရှိသော ရောဂါ ဥပမာ ဘယ်လ်ဒင်ပျော်၊ အင်ဂျင်ကွဲတာမျိုး မဖြစ်ပါစေနှင့်ဟု ဆု တောင်းရပါ၏။

သို့ပါသော်လည်း ရောဂါ ရင့်ရင့်များနှင့် ရင်ဆိုင်ခဲ့ရပါသော ကြောင့် နောင့်နေးရခြင်းပါ။

လေးကျိုး၍ နှစ်ထုပ်လုံး လဲခဲ့ရသည်။ စပယ်ဖူး ကြေ၍ အသစ်ပါသဖြင့် တော်ပါသေးသည်။ ရေလည်အိုးဘောက်ကွဲသည်။





ရောဂါ အနုအရင့်မျိုးစုံကို သူလည်း ကြုံတွေ့ခံစားရင်းဖြင့် သနားစရာ ဂျစ်ကားလေးမှာ...

❖ ❖ ❖

"ယမ်းခ"

ကျိုင်းတုံနှင့် မိုင်နှစ်ဆယ်မျှလောက်သာ ဝေးကွာပါသော်လည်း ထင်လာချိန်က နောက်ကျ၍ ဤရွာလေးတွင် တစ်ညအိပ်ရပါဦးမည်။

အောင်ဦးသာတို့၏ ဂျစ်ကားကဖြင့် ကျန်ရစ်ခဲ့ပြီ။ ကုန်စည်ရှင် များကလည်း ကားနှင့်အတူ နေခဲ့ရရှာပါ၏။

ထရေလာချိတ်အသစ်ကို ကျိုင်းတုံသို့ ကားကြုံနှင့်မှာထား သည်။ ရောက်လာမှ ချိတ်ဆက်ပြီး ကားထွက်ရမည်မို့၊ ထွက်ခွာရမည့် အချိန်ကို မခန့်မှန်းသာ...

ယခုလို ဂျစ်ကားမျိုးကိုပင် ငွေလည်းပေးရ၊ မနည်းလည်း တောင်းပန်ရပြီး ရွှေဝတ်ရည်ရော အောင်ဦးသာပါ ကားခေါင်မိုးပေါ် နေပူကျဲကျဲအောက်မှ လိုက်ခဲ့ရသည်။

တဖွဲဖွဲမြူသိုနှင့်အတူ လွင့်စင်ကျကျန်ရစ်မတတ် ယိမ်းနွဲ့ ယမ်းခါရင်းဖြင့် 'ယမ်းကယောက်'ခေါ် 'ယမ်းကြောက်' စွပ်ပြီး ခေါ်သော ရွာငယ်လေးများကို ဖြတ်သန်းရသည်။ ရွှေဝတ်ရည်အတွက် အားကိုးရာ ဆေးတစ်ခွက်စာကိုပင် ရှာမရနိုင်သည့် နေရာများပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးခေါင်းတံဆိပ်အောက်မှ သ-က-ဆ-ဖ (သော

ဆန့်ကျင်ရေးအဖွဲ့)ဆိုသော စာတမ်းနှင့် လုံခြုံရေးတပ်ဖွဲ့များကို တ

ခေါ်လာရသည်။ သည့်ရွာမှခေါ် ဟိုရွာမှာချ၊ ဟိုရွာမှခေါ် နောက်

ချထားရပါ၏။ ခရီးသည်များအတွက် အသက်စွန့်၍ ကူညီ

လက်နက် အပ်နှင်းထားသော်လည်း အစိုးရ၏ တိကျသော တာဝန်

ထမ်းဆောင်သူတို့ မဟုတ်ပါ၍ လခ မရရှိကြသဖြင့် သူတို့၏ စေတ

ကို ငွေဖြင့် ကျေးဇူးတုံ့ပြန်လေ့ရှိကြပါ၏။

"ဒီမိန်းကလေးက ဆေးသမားပဲ၊ လောလောဆယ်တော့ အ

သက်သာအောင် ဒီတစ်ည ဆေးထိုးပေးလိုက်မယ်။ နက်ဖြန် ကျိုင်း

ဝင်ဖြစ်ရင်သာ... ဆေးရုံနဲ့ ဘိန်းဖြတ်ဆေးရုံ တွဲနေတဲ့ နေရာ

တန်းတင်လိုက်ပါ။ သူသိပ်အားနည်းနေတယ်။ စိုးရိမ်ရတဲ့အခြေနေ

"စိုးရိမ်ရတဲ့ အခြေနေ"

ဆေးမှူး၏ စကားသည် အောင်ဦးသာ၏ ရင်ကို ထိတ်ပျာသွား

စေသည်။

ယမ်းခမှာ ဆေးမှူးအဆင့်ထားပေးသော ရွာ၊ ကချင်မလေးနှ

ရှမ်းမလေးနှစ်ယောက်ထဲ တွဲ၍နေကြသော သူနာပြုဆရာမလေး

အိမ်မှာ အိပ်ခွင့်ရ၍ သူတို့၏ ကျေးဇူးကို နှစ်ပေါင်းများစွာ ကြာသည့်တိုင်

မေ့ရမည်မဟုတ်ပါ။ လူနာကလည်း တဘက်နှင့်မို့ သူတို့၏ ကူညီ

မှုက ထိရောက်လှပါသည်။

ယမ်းခရောက်မှ အောင်ဦးသာ စိတ်နည်းနည်းဖြေသာသည်၊

သုံးနှပ်ငတ်ခဲ့ရသော ထမင်းကို မီးအလင်းရောင်းသောဆိုင်မှာ စားလိုက်



သည်။ ဤရွာက ကားများ နားနေစခန်းမို့ လူသူလေးပါး မြင်ရသည်

တစ်မျိုးအားတက်စရာပါ။

တာလေ...မန်ခလုံ...တောလည်ခေါင်နှင့် ယမ်းခတို့မှာ လေးည

တိတိ အိပ်စက်ပြီး ဒုက္ခမျိုးစုံ၊ ဒဏ်ရာများစွာ၊ ထမင်းငတ်သည့်

တ်သိပ်မှုများခံစားပြီး နောက်မှ ကျိုင်းတုံအဝင် ခရီးသို့ စရပါလေပြီ

သည်း။

လေးညအိပ်ပြီး ငါးရက်မြောက် ကားလေးစင်း ပြောင်းစီး၍

သည်း မပြီးသေး။ ကုန်းတက်တိုင်းကို ကားပေါ်မှဆင်း၍ လမ်း

လျှောက်ရသည်မှာ အသက်ထွက်မတတ်ပါ။

တောတောင်ရေမြေတို့၏ အေးမြချမ်းငြိမ်းမှုနှင့် သဘာဝအလှ

တရားတို့ကို မက်မောတတ်သော ရအောင်ဦးသာမှာ မောရှမ်းမြေ၏

လှပလွန်းသော ရှုခင်းများကိုပင် မခံစားနိုင်အားတော့ပါ။

ကားခေါင်မိုးပေါ်မှ လိုက်နေရသော ချစ်ဇနီးအတွက် မနေ့က

လို ကားမှောက်လေဦးမလားဟု ပူပန်ရသော စိတ်။

အစာပြတ်လတ်ခြင်း၊ အိပ်ပျက်ညများ ဆက်ခြင်းကြောင့်

အားအင် ကုန်ခန်းနေပါလျက် ခြေလျင်ခရီးဖြင့် တောင်ကုန်းများစွာကို

တက်ရ၊ လျှောက်ရသည်မှာ ပင်ပန်းလွန်း၊ မောဟိုက်လွန်းလှပါဘိ။

မိုင်းဇင်းလွန်လာပြီ...

ကျိုင်းတုံနှင့် အနီးကပ်ဆုံး ပန်ဟွန်းမှာ ကာစတန်ဂိတ် ရှိပါ၏။

"အခြေနေ မကောင်း"

ဟုဆိုကာ စီးလာသော ကားမှာ ထမင်းဆိုင်၏ နောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များကြားသို့ ထိုးဝင်သွားတော့သည်။ ကျိုင်းတုံသို့ ခရီး မ[illegible] တော့ဟု သိရပြန်ပါ၏။

ပန်းဝင်ခါနီးမှ ခြေခေါက်လဲရသည့် အဖြစ်ပါလား။

သုံးနာရီမျှလောက်သော အချိန်တို့ ကုန်ဆုံးပြီးမှ ဂျစ်ကား[illegible] တစ်စင်းက သူ့ကုန်ကား ဝင်ဖြစ်၊ မဝင်ဖြစ်၊ လာကြည့်ကြော[illegible] သူတို့ချင်း ပြောဆိုနေသံကို ကြားရ၍...

"ကျွန်တော့်မိန်းမ သိပ်ဖျားနေလို့ ဒီကား ကျိုင်းတုံပြန်မှာဆို[illegible] လိုက်ခဲ့ပါရစေခင်ဗျာ"

ကားရှင်က ဆိုင်ရှင်ကို ရှမ်းဘာသာဖြင့် ပြောလိုက်သည်။

"ဘာကုန်မှမပါရင် လိုက်ခဲ့ပါတဲ့၊ တစ်ယောက်ကို ငွေသုံးဆယ[illegible] ပေးရမယ်"

"ရပါတယ်ဗျာ...လုပ်ပါ"

အောင်ဦးသာမှာ ရွှေဝတ်ရည်ကို ဆေးပေးပြီး ပွေ့ယူလျှက် ဂျစ်ကားပေါ်သို့ တင်လိုက်သည်။ သူတို့ပစ္စည်းက အိတ်လေးတစ်လုံး သာ။

ဘာမှမပါ၍ ဘာပြဿနာမှ မရင်ဆိုင်ရပါဘဲနှင့် ကာစတမ်[illegible] ဂိတ်ကို ကျော်လွန်... ဆေးရုံရှေ့မှ ဖြတ်ပြီး...

ပြည်မနှင့် အဆက်အသွယ်မပြတ်သော အရှေ့ပိုင်း ရှမ်းပြည် နယ်၏ မြို့တော် ကျိုင်းတုံမြို့သို့ ဖင်လေမှ...

အောင်ဦးသာ၏ရင်မှာ သယ်ပိုးလာရသော လေးလံလွန်းသည့် သက်ပြင်းကို ချလိုက်နိုင်ပါတော့သတည်း။

❖ ❖ ❖

အခန်း ။ ၂၂ ။

မင်္ဂလာဒုံလေဆိပ်မှနေ၍ ဦးစက်ရွှေကိုယ်တိုင် ကြိုဆိုသည်။ [illegible]အပြုံးက တောက်ပကြည်လွင်လွန်းလှသည်။

ယနေ့ လေယာဉ်နှင့် အောင်ဦးသာနှင့်အတူ ရွှေဝတ်ရည် [illegible]ါလာမည်ဆိုသည့် သတင်းကို ကျိုင်းတုံနှင့် မင်္ဂလာဒုံလေဆိပ် [illegible]ာဝါချင်း ဆက်သွယ်ပြောကြားပေးခဲ့သဖြင့် ဦးစက်ရွှေ ကြိုနှင့်နေနိုင် [illegible]ခြင်းပါ။

ကျိုင်းတုံတွင် တစ်ညအိပ်သာ နားနေဆေးထိုးပြီး နောက်နေ့ [illegible]ါရိုက်ဖလိုက်နှင့် တဆက်တည်း ခရီးနှင်လာခဲ့ကြခြင်းပါ။ တောတွင်း [illegible]ာ ဒုက္ခရောက်စဉ်က တောင့်တမိခဲ့သည့်အတိုင်း အချစ်ဆုံး ရွှေ့ကို အလျင်နှုန်းမြန်လွန်းစွာဖြင့် ကောင်းကင်ပြင်မှ ဖြတ်သန်းခေါ်ဆောင် လာနိုင်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း သိပ်တော်ပါလား အောင်ဦးသာ"

ဦးစက်ရွှေက လက်ဆွဲ၍ နှုတ်ဆက်လိုက်ပြီး...

"သမီး ပြန်ပါလာတဲ့အတွက် အနက်ကယ်လ် သိပ်ကျေးဇူးတင်တယ်၊ ကဲ...လာ အိမ်ရောက်မှ နားကြတာပေါ့"

အောင်ဦးသာကို နက်ရှိုင်းသောအပြုံးနှင့် ကြည့်သည်။

"ဒီမှာ ဦးလေး"

မြန်မာဆန်သော အောင်ဦးသာက ယခင်ကလို အနက်ကယ်လ် မခေါ်တော့။

"မမဟာ သိပ်ခရီးပန်းလာတယ်။ ပြီးတော့လည်း..."

အောင်ဦးသာ ခဏရပ်လိုက်ရသည်။ ရွှေဝတ်ရည်၏ ဆေး ဖြစ်သလို ဖြေဖျောက်ခဲ့ရကြောင်း မပြောချင်၊ သေးဘိ မကြားစေ ကြား၍လည်း မဖြစ်ပါ။

"တစ်ခါတည်း ဆေးရုံတန်းသွားကြမှ ဖြစ်မယ်ဦးလေး"

"ဟင်း...ဟင်း...မင်းတို့ တောမှာသာ ဆေးရုံကို အားထား ရတာပါကွာ"

"ဗျာ..."

"အိမ်မှာ စပယ်ရှယ်လစ်(စ်)တွေနဲ့ ခေါ်ကုမှာပေါ့"

အောင်ဦးသာ ဒေါသထွက်သော်လည်း သေတွင်း၏ ရှော နှုတ်ခမ်းမှ ပတ်လျှောက်ခဲ့ရသော 'အန္တရာယ်ခရီးပြန်' မို့ တစ်ကြောင်း ယောက္ခမကြီးနှင့်လည်း ပြဿနာမတက်ချင်၍ တစ်ကြောင်းမို့--



"မမ ဘာဖြစ်နေတယ်ဆိုတာ ဦးလေးသိရဲ့လား"

"အားလုံး သိပါတယ်"

"သိရင် စိတ်ကျန်းမာရေးဆေးရုံကိုပဲ မောင်းခိုင်းပါဦးလေး၊ ဒီကို တစ်ခါတည်းသွားအပ်မှ အခြေနေက သိပ်ဆိုးနေပြီ"

"သူ့နဲ့ နည်းနည်းဆွေးနွေးပြီးမှ ဆေးရုံပို့နိုင်မယ်။ ကဲ... ကားထဲ ဝင်ပါ။ အိမ်ကိုပဲ မောင်းစမ်းဟေ့"

ဦးစက်ရွှေက ရှေ့ခန်းမှဝင်ထိုင်ပြီး ဒရိုင်ဘာကို တဆက်တည်း အမိန့်ပေးလိုက်သည်။ ဦးစက်ရွှေ၏ မျက်နှာက အင်းလျားလိပ်မှာလို ငြိမ်မြဲတော့။

ကားထဲတွင် ရွှေဝတ်ရည်က ခွေခွေလေး၊ ကားအပြင်မှ အောင်ဦးသာမှာ ရှေ့ခန်းနေရာသို့ ခြေတစ်လှမ်း တိုးသွားပြီး...

"ဆွေးနွေးဖို့ ဆိုတာထက် အသက်ရှင်ဖို့က ပိုပြီးအရေးကြီးပါတယ် ဦးလေးရဲ့"

"သူဟာ ငါ့သမီးပါ"

"ကျွန်တော့် မိန်းမဗျ၊ ကျွန်တော် အသေမခံနိုင်ဘူး"

"ဟား...ဟား...ခက်တဲ့ကောင်ပဲ၊ ဖအေထက် ပိုသဲနေတယ်၊ ကဲ... မောင်စံ၊ မောင်း... ဆေးရုံကိုပဲ မောင်းလိုက်ပါကွာ"

ဦးစက်ရွှေ၏ နှစ်သိမ့်စကားကို ယုံစားပြီး ဂဲလဲန့်ကား၏ နောက်ခန်းတွင် ဝင်ထိုင်လိုက်သည်။

ဦးစက်ရွှေက ဒရိုင်ဘာ့ပေါင်ကို လက်တို့လိုက်ကြောင်းကိုဖြင့် အောင်ဦးသာ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ကားသည် မင်္ဂလာဒုံလေဆိပ်လမ်းမှ ဘယ်ဘက်သို့ ချိုးကွေ့ တဟုန်ထိုး မောင်းနှင်လာခဲ့သည်။ မရမ်းကုန်း မီးပွိုင့်ဝါကို အရှိန်ပြင်း ဖြတ်သန်း၍ ပြည်လမ်းအတိုင်း အားကုန်မောင်းနှင်လိုက်ပါ၍—

"ဘယ်လိုလဲ၊ ဘယ်လိုလဲဗျ..."

"ခဏလေး...ခဏလေး...အိမ်မှာလည်း ဆရာဝန်တစ်ယော အသင့်စောင့်နေပါတယ်။ သူ ဒီလိုပုံစံနဲ့ပါလာမယ်ဆိုတာ ကြိုသိ

ဦးစက်ရွှေက စကားကိုဆွဲ၍ ပြောနေဆဲ၊ ကားက အ မောင်းနေသည်။ အောင်ဦးသာမှာ ဦးစက်ရွှေ၏ပခုံးကို ဆွဲလှုပ် ပြီး လက်သီးနှင့်ထိုးလိုက်ရန် ဟန်ပြင်လိုက်ပြီးမှ ဆင်ခြင်စိတ် ရသည်။

သူလည်း ဖခင်ပါ...

သို့သော် တာဝန်မကျေလွန်းသော ဖခင်တစ်ယောက် သူသာ သည်တိုက်သို့ ချစ်ဇနီးအတွက် အလွမ်းဝေရင်း ရောက်မ ဖြစ်ပါလျှင် ရွှေဝတ်ရည်ကို သည်တိုင်း အဆုံးရှုံးခံရရုံသာ။

သူသိနေပါလျက် သူကိုယ်တိုင် သွားခေါ်ထားဖို့ မသင့်ပါလာ ကိုယ့်သမီးအတွက် သူ့လိုမစွန့်စားရဲဘူးလား။

"အိမ်က ရှေ့နားတင်ပါလေ၊ အိမ်ရောက်အောင်တော့ ငြိမ်ငြိ လေး လိုက်ခဲ့စေချင်တယ်"

အောင်ဦးသာ၏ လက်ကို ညင်သာစွာ ပုတ်ချပြီး စကား တည်တည်ငြိမ်ငြိမ် ပြောနေသော်လည်း ဦးစက်ရွှေ၏ မျက်ဝန်းနော



အသူရာချောက်ထက် နက်ရှိုင်းသော စဉ်းလဲမှုများ ရှိနေသည်ဟု အောင်ဦးသာ ထင်မိသည်။

"မမ... မောင့် မမရယ်"

ဦးစက်ရွှေသို့ ဥပက္ခာပြုပြီး ချစ်ဇနီးကို ပွေ့ပိုက်ထားလိုက် သည်။

ကိုယ်ပူက မကျသေး၊ မှိန်း၍နေသည်၊ ကျိုင်းတုံမှာ ဆရာဝန် ဆုံခဲ့ရ၍ တောတောင်ထဲမှာလောက်ဖြင့် အခြေနေက မဆိုး...

"ကဲ...ရောက်လာပါပြီလေ"

ကားက ပြည်လမ်း ခုနစ်မိုင်ခွဲရှိ ခြံကြီးတွင်းသို့ ဝင်လာခဲ့ပါပြီ။

အောင်ဦးသာ ကိုယ်တိုင်ပင် ပွေ့ယူ၍ ပြင်ဆင်ထားသော အောက်ထပ်ရှိ အိပ်ခန်းတစ်ခုမှာ ချသိပ်ရသည်။ ဦးစက်ရွှေ ပြောသလို ဆရာဝန် အဆင်သင့် သာမက နပ်(စ)တစ်ယောက်ပါ ရှိနေသည်။

"အင်း...သမီးမိုက်...ရုပ်တောင်မပေါ်တော့ပါလား"

ပါးရိုးများ ကျနေသော ရွှေဝတ်ရည်၏ မျက်နှာပြင်ကို ကိုင်၍ ဖခင်တစ်ယောက်၏ ကရုဏာဒေါသသံနှင့် ပြောလိုက်သည်။

"အခြေနေ"

စမ်းသပ်ပြီးသွားသော ဆရာဝန်ကို ဦးစက်ရွှေက မေးလိုက် သည်။

"သိပ်အားနည်းနေတယ်၊ အဖျားကျဖို့၊ အားပြည့်ဖို့ လုပ်ရင်းနဲ့ သစ်ဆေးဝါးဆိုင်ရာ ဆရာဝ လက်အပ်ရမှာပဲ၊ ဆေးရုံမှာ ဖြစ်ဖြစ် မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်၏စကားကို အောင်ဦးသာ သိပ်ကြိုက်သွားသည်။

သူသည် ရွှေဝတ်ရည်၏ လက်ကလေးကို ဆုပ်ကိုင်ပြီး မောဟိုက်စွာ အသက်ရှူနေသည်ကို ကြည့်မိနေမိပါ၏။

အာပဲဖြစ်ဖြစ် ရည်မှန်းမျှော်လင့်ထားသော နေရာသို့ ရောက်လာပြီမို့။ စိတ်ပူပန်ရမှု လျော့နည်းသွားမိသည် မှန်ပါသော်လည်း—

သနားကြင်နာလွန်းရခြင်း ဟူသောစိတ်က အောင်ဦးသာ၏ နှလုံးအိမ်မှာ မဆံ့အောင် ပြန့်နှံ့လျက်...

"ကဲ...ဆရာတို့ ကိစ္စပြီးရင် အပေါ်မှာ ခဏသွားနားနိုင်ပါပြီ"

ဆရာဝန်နှင့် ဆရာမကို ပြင်ပသို့မျှား တမင်ထွက်စေသေး သလားဟူသော အတွေးမဆုံးမီ ဦးစက်ရွှေက...

"အောင်ဦးသာ"

မထူးဖြစ်ဘဲ အဘိုးကြီးကိုသာ ကြည့်မိသည်။

"သတင်းအားလုံး ကြားပြီးပါပြီ၊ သူ့အမေတော့ အမိုက်ခံ ရှည်ကြီး ပြီးဆုံးသွားပြီပေါ့လေ...သမီးပါလာပါစေလို့ပဲ ဆုတောင်း နေတာပါ။ သမီးကို ခေါ်လာပေးနိုင်တဲ့အတွက် ကြိုက်တဲ့ဆု တောင်းပါ"

"ဗျာ"

"စရိတ်စက ဘယ့်လောက်ကုန်ကျခဲ့သလဲ"

"ဒါတွေ ဘာ့မေးစရာလိုသလဲ၊ ကျွန်တော့်မိန်းမကို ကျွန်တော် ခေါ်လာတယ်။ ဆေးကုမယ်၊ ပြီးရင် ကျွန်တော် ပြန်ခေါ်သွားရုံပဲပေါ့"

ဦးစက်ရွှေက နှုတ်ခမ်းကိုစေ့၍ ပြုံးပြီး ခေါင်းကို ခါယမ်း လိုက်သည်။

"ဒါ ရွှေဝတ်ရည်မှ မဟုတ်တာဘဲ"

"ဘာ"

"အန်ကယ်လ့်သမီးငယ်...ရွှေဝတ်မှုန်ပါ"

အောင်ဦးသာ တောင့်မတ်သွားသည်။ နှလုံးသားက ပြင်းစွာ ခုန်ရုန်းလာသည်။ နှလုံးသားထည့်ထားသော ကျောက်ရုပ်တစ်ခုလို ခြေဦးမှ ကြောင်ကြောင်ကြီး ဖြစ်သွားပြီးမှ 'မမ'ကို ကြည့်မိသည်။

ရုပ်ပျက်နေပြီဆိုသော်လည်း သည်နှာခေါင်း သည်နှုတ်ခမ်း သည်မျက်ခုံးများက ပုံမပျက်သေး။ ပြီးတော့ သက်သေ ဝေသာလီဒဂါး...

လောင်စာတစ်ခု မီးတောက်နှင့် တွေ့လိုက်သလို ငြိမ်သက်နေ ရာမှ အောင်ဦးသာ ရုတ်ခြည်း လှုပ်ရှားလိုက်ပြီး...

"မညာနဲ့၊ မလိမ်နဲ့၊ ခင်ဗျားကြီး ကျုပ်တို့လင်မယားကိုခွဲဖို့ ကြံနေတာနဲ့"

အောင်ဦးသာ လှုပ်ရှားနေသလောက် ဦးစက်ရွှေက တည်ငြိမ် နေသည်။ သူ့အပြုံးက ရက်စက်လွန်းစွာ အေးစက်နေပါ၏။

"မင်း...ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ငါကြိုတင် သိပြီးသားမို့ ကြည့်"

ဦးစက်ရွှေက တိုက်နံရံတွင် သွင်းမြှုပ်ထားသော ဗီရို၏ ဖော်မီကာ တံခါးကို ဆွဲဖွင့်ပြီး ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။







www.burmeseclassic.com

www.burmeseclassic.com



မြင်ရုံနှင့်ပင် ညီအစ်မဟု သိသာနိုင်သော ရွှေဝတ်ရည်နှင့် အတော်ကလေးတူသည့် အမျိုးသမီးငယ်တစ်ဦး ရယ်နေသည်။ သူ့နှုတ်ခမ်း၊ သွားနှာခေါင်းလေးများက ရွှေဝတ်ရည်အတိုင်း...

အောင်ဦးသာမှာ အိပ်ရာပေါ်သို့ အလန့်တကြား ကြည့်မိသည်။ သည်နှစ်ယောက်အနက် တစ်ယောက်ယောက် ဖြစ်နေသည်ကတော့ သေချာသည်။ ပိန်လွှမ်း ရုပ်ကျလွှမ်းနေသဖြင့်သာ မည်သူမှန်းမသိသည်ပါ။

"ငါ့မှာ ဒီထက်သက်သေပြစရာတွေ အနန္တပဲ။ မင်းလည်း အသေအချာကြည့်စမ်းပါဦး။ မင်းနဲ့ သုံးလကျော်လုံးလုံး ပေါင်းသင်းလာတဲ့မိန်းမ ဟုတ်မဟုတ်ဆိုတာ မင်းကိုယ်တိုင် အသိဆုံးဖြစ်မှာပါ မောင်အောင်ဦးသာ"

ဦးစက်ရွှေ၏ အောင်နိုင်သူအသွင် မထီမဲ့မြင် စကားများကြောင့်...

မိမိဘဝ တစ်သက်တာအတွင်း သည်မျှလောက် ချောက်ချားတုန်လှုပ်စရာအဖြစ်မျိုးကြီးကို ကြုံဆုံရလိမ့်မည်ဟု မတွေးတော်မိဘူးပါ။

"သူဟာ ငါ့ခယ်မ ဆွေသက်ထားနဲ့ ရခဲ့တဲ့ ကလေး၊ ငါတာ လွှန်းတင်နဲ့ ပေးစားလိုက်ရတယ်၊ အနှစ် နှစ်ဆယ်ကျော်က ဓာတ်လမ်းပါ။ ဒါပေမယ့် ဆွေနဲ့ ငါနဲ့ အဆက်အသွယ်မပြတ်ခဲ့ဘူး"

အောင်ဦးသာ၏နှလုံးသားများ ပြုတ်ကျမတတ် လှိုက်လှိုက်ခုန်လာသည်။





"မင်းမိန်းမ ရွှေဝတ်ရည်ရဲ့မာမီ မေသက်ထား ဆုံးတာက ကြာပြီ။ တာချီလိတ်မှာ မင်းနဲ့တွေ့ခဲ့တာ မေ့ညီမ ဆွေပေါ့။ မာရီလို့လည်း ခေါ်တယ်"

"မဟုတ်ဘူး...မဟုတ်ဘူး..."

အောင်ဦးသာ ကြုံးအော်လိုက်သည်။

"ဖအေတူ၊ မအေကွဲ ညီအစ်မအရင်းဆိုတော့ သူတို့ရုပ်ချင်း ဆင်တယ်"

"မဖြစ်နိုင်ဘူး။ ကျွန်တော့်မမကို ပြန်မပေးနိုင်ဘူးဗျ"

အောင်ဦးသာမှာ ဦးစက်ရွှေ၏ ရင်ဘတ်မှ အင်္ကျီစကို ဆုပ်ဆွဲ၍ ပြန်ဆောင့်တွန်းပြီး နံရံကို လက်သီးနှင့် ထိုးပစ်လိုက်သည်။

"အသေအချာ ကြည့်ပါလေ။ ငါ သက်သေတွေလည်း ပြပါ့မယ်ဆို"

"မကြားချင်ဘူး။ မပြောနဲ့"

"ဒီမှာ အောင်ဦးသာ၊ သူဟာ ရွှေဝတ်ရည် ဟုတ်ခဲ့ရင် မင်း ခုချက်ချင်း ခေါ်သွားနိုင်တယ်။ ရွှေဝတ်မှန်လို့ မင်းယုံကြည်ပြီးရင်တော့ ဒီအိုက်ထဲက ခုပဲထွက်သွားရမယ်။ ဟုတ်ပြီလား"

"ဟင်...ဟင်..."

ရူးသွပ်သွားသူတစ်ယောက်လို အောင်ဦးသာ ယောက်ယက်ခတ်သွားမိသည်။ ဦးစက်ရွှေ၏ ပြောကြားသံက ကျယ်လောင်သည်။ အောင်ဦးသာ၏ လှုပ်ရှားမှုက မြည်ဟိန်းနေ၍...

"အင်...ဒယ်...ဒယ်ဒီ..."

www.burmeseclassic.com

www.burmeseclassic.com



"သမီး...သမီး အိမ်ပြန်ရောက်လာပြီလေ။ ဒယ်ဒီကို မှ
တယ်နော်၊ သမီးလေး ရွှေဝတ်မှုန်..."

အမျိုးသမီးက ခေါင်းညိတ်သည်။

ဦးစက်ရွှေက ပွင့်နေဆဲ ဗီရိုတွင်းမှ ဓာတ်ပုံများကို ထ
ပြသည်။

မယ်ဆိုင် တံတားကြီးထိပ်မှာ ဘောင်းဘီနှင့် တီရှပ်နှင့် ခ
မိုက် ရပ်နေသော အမျိုးသမီးငယ်၏ပုံ။

ဒေါက်တာရွှေဝတ်ရည်နှင့် သိပ်တူသော်လည်း ရွှေဝတ်
လုံးဝ မဟုတ်သည်မှာ သေချာသည်။

"သမီး...သမီး ဘယ်သူလဲဆိုတာ ပြောပြလိုက်ပါ"

"သူ့ကို... သူ့ကို ပြောပါတယ်။ ရွှေ... ရွှေဝတ်မှုန်...ပါ
သူ...သူ...မယုံတာ..."

အမျိုးသမီးက ဖြည်းညှင်းစွာ လက်ညှိုးညွှန်လျက်...

"သူ...သူဘယ်သူလဲ"

ရီဝေသော မျက်ဝန်း၊ တိုးလွန်းသော အမျိုးသမီး၏ အ
မဆုံးမီ...

"တော်ကြ...တော်ကြ..."

အောင်ဦးသာမှာ ဓာတ်ပုံကို လွှင့်ပစ်လိုက်ပြီး ခုတင်နား
ပြေးကပ်သွား၍...

အမျိုးသမီး၏ ရင်မြင့်ပေါ်မှ အင်္ကျီစများကို လက်နှစ်ဘက်
တအားဆုတ်ဖြဲချလိုက်သည်။ စွယ်တာရော အတွင်းဘလောက်





ပြီး ရင်ပြင်တစ်ခုလုံး ပေါ်လွင်လာသည်။

"အို...ဟို..."

အောင်ဦးသာ၏ မရိုတင်ကဲ အော်လိုက်သံပါ။

ရွှေဝတ်ရည်၏ ရင်ညွန့်ထိပ်တွင် သူအမြတ်တနိုး ယုယခဲ့ဖူး
ရှိနေသည့် မှည့်နီတစ်လုံး ရှိသည်။

ယခု မတွေ့ရ။

"ခင်ဗျားတို့... ခင်ဗျားတို့..."

အောင်ဦးသာ၏ ရင်ကွဲသံက မြည်ဟိန်းစွာ ပဲ့တင်ထပ်
သည်။

"သူ့ ချစ်မြတ်နိုးရဆုံးသော 'ရွှေ'ဆိုသည့် 'မမ' မဟုတ်တော့
ဘူး"

ဆိုသည့်အချက်က သေချာသွားခဲ့ပြီမို့ သူ့နှလုံးအိမ်ကို မြား
ပေါင်းများစွာ တစ်ချိန်တည်းမှာ စူးစိုက်ထိမှန်လာသည့်ပမာ
လူး ခံစားလိုက်ရပါပြီ။

"ဒါ...ဒါက ဘယ်ကရတာလဲ"

ရွှေဝတ်မှုန်၏ လည်တိုင်မှ ဝေသာလီဒင်္ဂါးဆွဲပြားနှင့် ငွေဆွဲကြိုး
တအားဆောင့်ဆွဲဖြတ်ယူပြီး အော်မေးလိုက်သည်။

"ဒါ အဲန်တစ်(က်)(Antique)တွေမဲ၊ နယ်ခြားမှာ ဒီလို
ရောင်းပစ္စည်းရောင်းဝယ်ကြ..."

"တော်...ဒါ... မမကို ကျွန်တော် ကိုယ်တိုင် ဆွဲပေးခဲ့တဲ့ ဆွဲကြိုး
ဟောဒီ ဒင်္ဂါးပေါ်မှာ အက်(စ်)(S)ဆိုတဲ့ စာလုံးလေး ကျွန်တော်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ရေးခဲ့တာဗျ"

"ဒါတော့ ငါဘယ်သိမလဲ"

"ဘယ်ကရသလဲ...ဘယ်ကရသလဲ။ ပြောကြ"

ငွေကြိုးတန်းလန်းဖြင့် ဒင်္ဂါးနေရာကို တအားဆုပ်ကိုင်
ဦးစက်ရွှေ မျက်နှာနားကပ်၍ အောင်ဦးသာ ကြုံးအော်မေးလိုက်သည်

"ဟင်... ဒါ ဘယ်ကရသလဲ"

တစ်ချိန်လုံး ယုယလာခဲ့မိသော 'ရွှေဝတ်မှုန်' ကို ကြမ်းတမ်း
ဆွဲယမ်းလှုပ်ခါ၍ အော်ဟစ်မေးသည်။

"သမီးဟာ ယဲ့ယဲ့လေးရှိတယ်။ မင်း လွန်ပြီနော်"

"အို...ဗျာ..."

မာန်ကြီးသော အောင်ဦးသာမှာ အခန်းထဲတွင် ဝုန်းဒိုင်း
နေသည်။

"ဒါ ရွှေဝတ်ရည် မဟုတ်ဘူးဆိုတာ မင်းယုံပြီမှတ်လား။
မင်း ခု ငါ့တိုက်ထဲက ထွက်သွား"

"ခင်ဗျား...လူ...လူယုတ်မာကြီး၊ ကျွန်တော့်မိန်းမ ဘယ်မှာ
ကျုပ်မိန်းမ ဘယ်မှာလဲဗျ"

"မင်းတို့ မြောက်ဦးမှာ သေပြီဆို"

"မသေဘူး။ ကျုပ်မမ မသေဘူး။ ဒီဆွဲကြိုးလေး ပြန်တွေ့
မမ မသေသေးဘူးဆိုတဲ့ အဖြေပဲ"

"ဒါဖြင့်လည်း မင်းဟာမင်း ရှာယူလေ"

"ဒီမှာ...ခင်ဗျား ယုတ်မာလှချည့်လား"





"မင်း ထွက်သွားစမ်း"

"မသွားဘူး။ ဒီကောင်မဟာ ကျုပ်မိန်းမ၊မဟုတ်မှန်း သိရက်နဲ့
လို့ ခေါ်ခိုင်းရသလဲ။ ပြောစမ်း...ပြောစမ်းဗျာ"

ဦးစက်ရွှေ၏အင်္ကျီစကို ဆောင့်ဆွဲရင်း အော်ဟစ်နေပြန်သည်။

"မင်းနဲ့တွေ့စက ငါ မှောင်းထုတ်ပြီးမှ မင်းကို အသုံးချရင်
မယ်ဆိုတာ စဉ်းစားမိတယ်၊ ဒီခရီးကြမ်းကြီးကို ငါမသွားချင်လို့
ခိုင်းလိုက်တာ"

"ငါ ဆင်တဲ့အကွက်အတိုင်း ဝင်လာပြီ။ မင်းသာ အရူးလို့
လို့"

"ကဲ...ဗျာ..."

"ဝုန်း..."

"အား..."

ဆိုသော အသံများ တစ်ချိန်တည်း မြည်ဟီးစွာ ဆင့်ထွက်
သည်။

ခွန်အားကြီးသော အောင်ဦးသာ၏ လက်သီးချက်ကြောင့်
က်ရွှေ တစ်ချက်တည်း လန်လဲကျသွားသည်။

ကြမ်းပြင်ပေါ်မှာ ပက်လက်၊ ပါးစပ်မှ သွေးများ စီးသွန်
လာပါ၏။

လူလေးငါးဦး ပြေးလာကြသည်။ အားလုံးကို တွန်းဘိုက်
န်ကြောက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရွှေဝတ်ရည် နေခဲ့ပါသည်ဆိုသော ပိတောက်ပင် စံအိမ်ကြီး၏ ပြင်ပသို့ အောင်ဦးသာ အမြန်ဆုံးနှုန်းနှင့် လျှောက်လှမ်း ထွက်ခွာလာခဲ့ရတော့သည်။

အပြင်ထွင် နေသည် ခြစ်ခြစ်တောက်မျှ လောင်မြိုက်စွာ ပူပြင်း လျက်ရှိသည်။

ကောင်းကင်တွင် နေတစ်စင်း။

အောင်ဦးသာ၏ ရင်မှာ နေမင်းတစ်ရာ။

❖ ❖ ❖

အခန်း ။ ၂၃ ။

သည်တစ်ခါ ဆုံးရှုံးရမှုက...

ကြေကွဲစရာ ကောင်းလွန်းရုံမက...

ရှက်စရာ ကောင်းလွန်းခြင်း...

နာကျည်းခံပြင်းစရာ ကောင်းလွန်းခြင်း...

များကြောင့် အောင်ဦးသာ၏ ရင်မှာ ဒေါသမီးလျှံတို့ ဟုန်းဟုန်း တောက်နေသည်။

တာချီလိတ်မြို့ ဖုံးထုန်ရပ် ကားဂိုထောင်တွင်းမှာ ပထမဆုံး အဝေးမှ မြင်ရစဉ်က 'ရွှေ'ဟုပင် ထင်မိခဲ့သည်။

အနီးကပ် ပထမဆုံး တွေ့ရစဉ်ကမူ သူ့အချစ်ဆုံး မမ၊ မဟုတ် ပါဟု ခိုင်မာစွာ ယူဆပြီး ပြန်သိပ်ထားခဲ့ပါသေးသည်။

နောက်ပိုင်းတွင် ဖန်လာသော အခြေအနေများက သူ့ယုံကြည် ချက်များကို ဖျက်ပစ်ခဲ့သည်။

www.burmeseclassic.com



သူ၏ သံသယစိတ် မြူမှိုင်းငွေ့များကို ဝေသာလီအ သက်သေဖြင့် လွင့်ပြယ်စေသည်။ ရှင်းလင်းပြတ်သားစွာ ယုံကြည်ခဲ့သည်။

အသက်ကို ရင်း၍ တိုက်ပွဲငယ်တွင်းမှ ကယ်ယူခဲ့ရသော ရွှေဝတ်မှုန်ကို ရွှေဝတ်ရည်အထင်နှင့်ပင် တယုတယ ဖေးမမိခဲ့သည်။

ကြုံဆုံခဲ့ရသော ရက်များဆီက မိမိ၏ ချစ်ဇနီးဆိုပါသော လည်း 'ဆေးသမလေး'အဖြစ် နာမကျန်းစွာ ဒဏ်ရာများ ရလာသူ သန့်စင်ဆုံးသော စေတနာဖြင့်သာ ပြုစုပေးခဲ့ပါသည်။ တာချီလိတ် ချက်ချင်း ထွက်ခွာခဲ့၍ အချိန်တိုက လမ်းပေါ်တွင်သာ ကုန်ဆုံးခဲ့သည်။

ချစ်ဇနီးအဖြစ် ရမွက်ဆိုသော ဆန္ဒဓာလေး တစ်စွန်းတစ်စ မပါရှိပါပဲနှင့် အကြင်နာသက်သက်ဖြင့် ပြုစုဖေးမ, ပေးခဲ့မိသည်။ သူ့ရင်ဆီမှ မှဲ့နီလေးကို မမြင်ခဲ့ရ၊ မကြည့်ခဲ့မိ။

အသက်စွန့်၍ ဒုက္ခမျိုးစုံ၊ အန္တရာယ်အဖုံဖုံလမ်းမှ မြတ်နိုး မေတ္တာ ကြင်နာလွန်းသော စေတနာဖြင့် စွမ်းအားပြည့် အသုံးချ အားတက်ဝမ်းသာစွာ ထွေးပွေ့ခေါ်ဆောင်လာခဲ့ရလေသမျှ...

ယခုတော့ တစမကျန် လွင့်မြောဆုံးရှုံးခဲ့ရပြီ။

အားလုံးသည် ဦးစက်ရွှေအတွက် စွမ်းစွမ်းတမန် ဆောင်ရွက် ပေးရသည်သို့ပါ။

ယောက်ျားတို့၏ အားမာန်၊ မခံချင်တတ်သော လူငယ်တို့၏ စိတ်ဖြင့် ဦးစက်ရွှေသို့ ကလဲ့စား ချေရပါမည်။ ယခုပင် ချေပါမည်။ ဤအတွက် စဉ်းစားပြီးသား။



"ဝေသာလီဒင်္ဂါးတပ် ငွေဆွဲကြိုးလေး"

လက်တွင်းမှာ ချွေးစေးများဖြင့် နစ်နေသော ဒင်္ဂါးပြားလေးကို ကြည့်ရပါ၏။

သိပ်သေချာသည်။

ဝေသာလီတွင် အချစ်ဆုံးမမ ကောက်ရခဲ့သော ဒင်္ဂါးပြားလေး အောက်မှာ နွားလား ဥသဘရုပ်နှင့် ဗြဟ္မီအက္ခရာပွား စာများ၊ တအက်တွင် နေနှင့်လပုံ ခပ်ရေးရေး ဤသည်တို့ကထား။

ရွှေဆိုသော အမြတ်နိုးဆုံး ချစ်သူ့အတွက် S အက်(စ်)ဆိုသော စာလုံးလေးက သူကိုယ်တိုင် ရေးခြစ်ထားသည့်အတိုင်း။

ဒါဆိုရင်...

အောင်ဦးသာမှာ နောက်ဆုံးအချိန်ထိ မမ၏ လည်ပင်းတွင် ရှိနေခဲ ဆွဲကြိုးလေးကို မြင်ယောင်လာမိရင်း...

သူ့မမ အလောင်းကို တွေ့ရစဉ်က သူပါ လိုက်သေမလောက် အသည်းကြေအောင် ခံစားနေရချိန်မို့ မမကိုယ်မှာ ဒီဆွဲကြိုးပါ မပါ သတိမထားခဲ့မိ။

တာချီလိတ်သို့ ရောက်သည်အထိလည်း မတွေးမိပါ။ ရွှေဝတ်မှုန်၏ လည်တိုင်တွင် မြင်ရလေမှ သတိတရနှင့် ယုံကြည်ခဲ့ရခြင်းသာပါ။

ရွှေဝါရောင် ဝတ်စုံနှင့် အမျိုးသမီး၏ နုပ်ပျက်နေသော အလောင်းကို တွေ့ရစဉ်က အချစ်ဆုံးမမဟုသာ အားလုံးနှင့် အတူ ယုံကြည်ခဲ့ပြီး ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ...

သေဆုံးခဲ့သော အမျိုးသမီးသည် မမ စင်စစ် ဖြစ်ခဲ့လျှင် သည်ဆွဲကြိုးလေးကို ဆေးရုံဝန်ထမ်းများ မြင်ကြမည်။ ဖြုတ်ပေးကြမည်သာ

မဖြုတ်ဖြစ်ခဲ့လျှင် ဂူတွင်းမှာ ရှိနေရမည်။

ပြုတ်ကျခဲ့လျှင် ဧည့်ဝတီ၏ ကုလားတန်မြစ် အောက်မှာ ရှိနေရလေမည်သာ။

ယခု ဤဆွဲကြိုးလေးကို ရွှေဝတ်ရည်၏ညီမ ရွှေဝတ်မှုန်ထံမှ ပြန်ရလာခြင်းသည်...

ရွှေဝတ်ရည် အသက်ရှင်လျက် ရှိနေပါသေးသည်။

ဆိုကြောင်း အထောက်အထားဟု အောင်ဦးသာ ယုံကြည်စွာ မျှော်လင့်မိပြန်ပါသည်။

သူ မမှန်းဆတတ်သော တစ်မျိုးမျိုးသောနည်းဖြင့် ရွှေဝတ်မှုန်ထံသို့ ရောက်ရှိသွားခြင်းသာ ဖြစ်ရပါမည်။ သူတို့ချင်းက ညီအစ်မအရင်း။

"မမ...မောင့် မမရယ်"

မိမိသည် အချစ်ရဆုံး၊ အမြတ်နိုးမိဆုံး၊ ဤမိန်းမမြတ်အတွက်သည်မှ ခံစားလှုပ်ရှားနေပါလျက်နှင့်...

"မဓိရယ်...အသက်ရှင်ရက် ရှိပါသေးတယ်ဆိုရင် မြောက်ဦးမြေက မမရဲ့အုတ်ဂူလေးဘေးမှာ ထာဝရ တမ်းတငိုကြွေးနေရတဲ့





မောင့်ကို မမဘာကြောင့် ပစ်ပယ်ထားရက်ရတာလဲဗျာ"

နောက်ဆုံးအချိန်ထိ...

"မမရဲ့ အသည်းလေး ဆိုတဲ့ တင်စားမှုနဲ့ မမ မောင့်ကို ချစ်နေခဲ့ပါ။ မောင့် ယုယမြတ်နိုးမှုတွေကို ရှိုက်မက်စွာ ခံယူနေခဲ့တာပါ"

"ဒါဆိုရင် မောင့်ကို ဘာပစ်ထားစရာ အကြောင်းရှိလဲနော်..."

"မောင် မြောက်ဦးမှာ ရှိတယ်ဆိုတာ သိရက်နဲ့ ကိုယ့်ယောက်ျားကို ဘာလို့ မဆက်သွယ်ရမှာလဲ"

"ဆက်သွယ်မှာပါ၊ မမ မောင့်ကိုချစ်တာပဲ။ ပစ်မသွားနိုင်ပါဘူး"

သည်အတွေး ဝင်လာပြန်တော့ အောင်ဦးသာ ရင်မှ မျှော်လင့်မှုများသည် နေရောင်ခြည်အောက်ရောက် နှင်းတို့နှယ် လွင့်ပြယ်ခြောက်ခမ်းရပြန်ပါပြီ။

ဒါ...ဆို...မမ တကယ်များသေပြီလားဗျာ။

ဒီ ဝေဿလီ ဒဂ်ါးကရော...

"အို...မောင် ဘာလုပ်ရမှာလဲ၊ ဘယ်လိုတွေးရမလဲ၊ မမကို ဘယ်မှာရှာရမှာလဲ အချစ်ရယ်"

အင်းလျားရေစပ်မှာ အောင်ဦးသာ၏ မျက်ရည်စက်တို့ ကြွေကျပြန်သည်။

အငိုမလွယ်သော အောင်ဦးသာပါ၊ ခံစားမှုက သူ့ရင်နှင့် မဆန့် အောင် ပုံ့နှံ့လွှမ်း၍ မျက်ရည်အဖြစ် အံကျလာခြင်းလား...

"ယောက်ျားပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော အားမာန်ကို ပြန်သွင်းလိုက်ပြီးမှ အချိန်ကြာမြင့်စွာ တစ်ယောက်တည်း လာထိုင်နေသော အင်းလျားရေစပ်မှ ထလိုက်သည်။

ပိတောက်မြိုင်မှ ထွက်လာပြီးကတည်းက လာထိုင်နေမိသည်မှာ ဆည်းဆာသို့ ရောက်လုပြီ...။

မျက်ရည်တို့က ထပ်ကျမလာသော်လည်း ကျပြီးသားမျက်ရည်တို့ကို မသုတ်ဖြစ်။

ကိုယ့်လိုပင် အချစ်အတွက် ကြွေကျရစ်သော ယောက်ျားတို့၏ မျက်ရည်စက်များ ဤအင်းလျားရေစပ် တက္ကသိုလ်နယ်မြေတို့တွင် အနှံ့အပြား ရှိပါလေမည်။ သို့ပါသော်လည်း သူ့မျက်ရည်လောက် ပူကြွမ်းမည်မထင်ပါ။

အချစ်မြတ်နိုးရဆုံးသော မမကို ရှာဖွေဖို့ ကိစ္စက 'ဒုတိယ'အနေနှင့် ဆက်လက်မည်။

ဟူသော ဆုံးဖြတ်ချက်ဖြင့် ငွေဆွဲကြိုးလေးကို အိတ်တွင်းသို့ ထည့်လိုက်သည်။

ယခု 'ပထမ'ဆုံး လုပ်ရမည့်အလုပ်က ဦးစက်ရွှေသို့ တုံ့ပြန်ကလဲ့စားချေပစ်မည်။

သူ့ကို လူဆိုးဂိုဏ်းအန္တရာယ်ခရီးဆိုသော 'သေမင်းလမ်း'သို့ ပို့လိုက်သည်ထက် အခံရခက်သည်က အရှုံးလုပ်ခံလိုက်ရခြင်းပါ။





"မင်းကို ငါမောင်းထုတ်ပြီးမှ မင်းကို အသုံးချရင် ရနိုင်မယ်ဆိုတာ သိလို့ပေါ့"

"ငါ ဆင်တဲ့အကွက်အတိုင်း ဝင်လာပြီ၊ မင်းသာ အူလို့... အ...လို့..."

နေ့လည်ပိုင်းဆီက ဦးစက်ရွှေ၏ အသံများကို တိကျစွာ ပြန်လည်ကြားယောင်လာလေ၊ အောင်ဦးသာ၏ ခြေလှမ်းများက သွက်လက်လေ...၊

လူဆိုးဂိုဏ်းကြီး၏ ဆရာကြီးဆိုသော ပုဂ္ဂိုလ်၏စာကို ယူပေးလိုက်နိုင်ခြင်းမှာ ဦးစက်ရွှေလည်း တစ်နည်းနည်းနှင့် ပတ်သက်၍ သာဖြစ်ရပါလေမည်။ သူကိုယ်တိုင်လည်း ဖြစ်နိုင်ပါသည်မှာ...

ဤအကြောင်းစုံကို တိတိကျကျ စုံစုံလင်လင် တင်ပြပါမည်။ ရွှေဝတ်မှုန် ဆေးဆွဲနေသည့် ဆေးရုံသို့ မအပ်ပါဆိုသည်များကိုပါ ပြောပစ်မည်။

အပြစ်မဲ့ ပြည်သူ၊ တာဝန်သိလုပ်သား၊ စာရိတ္တမပျက်သော လူငယ်တို့ဘက်တွင် နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများက ထာဝရ ရပ်တည်ပေးနေသည်။ တရားဥပဒေ စိုးမိုးသည့် တိုင်းပြည်မို့ တရားဥပဒေနှင့် ရင်ဆိုင်ဖြေရှင်းမည်။ အလုံးစုံသော အကြောင်းရာကို ရှင်းလင်းပြောပြပြီး ဦးစက်ရွှေကို စုံစမ်းပါ။ စစ်ဆေးပါ၊ မေးမြန်းဖော်ထုတ်ပါ...ဟု သွားရောက်တိုင်ကြားမည် ဆိုသော ရည်ရွယ်ချက်များဖြင့်...

သွက်လက်သော အောင်ဦးသာ၏ ခြေလှမ်းများက...

မရမ်းကုန်း ရဲစခန်းနှင့် သက်ဆိုင်ရာ လူမှုရေး အကူညီပေးမည့်သူများထံသို့...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၄ ။

နုမြခိုင်မှာ... ဒေါ်ကျက်ရုံးဖြူကိုသာ နှစ်သိမ့်နေရသည်။ သူ့ကိုယ်တိုင်လည်း ပူပန်လှပါပြီ။

ရန်ကုန်သို့ ပစ္စည်းဝယ်ရန် လွှတ်လိုက်ရာမှ ပြန်မလာ၍ ပထေးဦးသာဇံလှက ဒေါသများထွက်နေသည်။ ဆေးရုံမှ မိခင်ကြီးနှင့် အလုပ်များသော ဖခင်ကို မထိမှဲမြင် ပြုရကောင်းလားဟု။

မျှော်သည်...မှာသည်ပြော

အောင်ဦးသာ ရန်ကုန်တွင် မရှိပါ...

ဟူသော အနောက်ပိုင်းပွဲရုံ သူတည်းခိုအိမ်မှ အကြောင်းပြန်ကြားလာတော့ ဦးသာဇံလှ စိတ်သိပ်ပူသွားသည်။ ဦးသာဇံလှမှာ သူ၏ တစ်ဦးတည်းသောသားလေးကို မိခင်လို အလိုမလိုက်ပါသော်လည်း အလွန်အမင်း ချစ်ရှာပါ၏။

သားဇောနှင့် ရန်ကုန်လိုက်လာသည်။ ရှာသည်။ ဘယ်ကမှ သတင်းအစအနမရ၊ စစ်တွေသို့ ပြန်ပြန်တော့လည်း ဇနီးက သား





အတွက် ပူပန်လှပြီး ရောဂါတိုးလာသည်။

ရခိုင်ပြည်နယ်မှာ နေခြင်းထက် ရန်ကုန်မြေမှာနေပြီး... ရှာဖွေခါမှ ပိုမိုနီးစပ်နိုင်မည်ဟူသော အတွေးဖြင့် အားလုံးရောက်ရှိနေကြခြင်းပေါ။

"ကျောင်းလည်း ပြီးပြီ၊ အလုပ်ကလည်း မဝင်ရသေးချိန်မို့ အားနေလို့ ခေါ်သွားပါရစေ... ခိုင် ခိုင်အနားမှာရှိရင် တစ်မျိုးအားရှိသို့ဝါ"

ဆိုသော ဒေါ်ကျက်ရုံးဖြူ၏ စကားကို ငယ်သူငယ်ချင်း ဖြစ်သော ဒေါ်စိန်နု မငြင်းဆယ်နိုင်ပါ။ ငယ်စဉ်ကတည်းက နှစ်အိမ်တစ်အိမ်လို နေခဲ့ရာမှ အောင်ဦးသာ ရွှေဝတ်ရည်ကို လက်ထပ်လိုက်သဖြင့် တန်းသွားကြသော်လည်း...

ဒေါက်တာရွှေဝတ်ရည် သေဆုံးခဲ့သည်မှာလည်း တစ်နှစ်ကျော်ခဲ့လေပြီမို့ တစ်ယောက်နှင့်တစ်ယောက် အားနာရင်း၊ အားပေးရင်းဖြင့် သခင်လိုပင် ပြန်လည်ပူးပေါင်းသွားကြသည်။

ယခု မမာသော သူငယ်ချင်း၏ တောင်းပန်ချက်ကို ဒေါ်စိန်နု ငြင်းပယ်ရက်၍ ရန်ကုန်မြို့သို့တိုင် နုမြခိုင်ကို ထည့်လိုက်ရခြင်းပါ။

ဦးသာဇံလှ၊ ဒေါ်ကျက်ရုံးဖြူနှင့် နုမြခိုင်တို့မှာ အနောက်ပိုင်းပွဲရုံတွင် တည်းခိုပြီး...ဒေါ်ကျက်ရုံးဖြူက ဆေးကုသမှု ခံယူနေရင်း သားကို ရှာနေကြခြင်းဖြစ်ပါ၏။

"သားလေး ထွက်သွားတာ တစ်လနဲ့ ဆယ့်လေးရက်ကောင်ရှိပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အရီး"

"စိတ်သိပ်လေးတယ် သမီးရယ်။ သားလေး အရီးဆီမှ ပြန်လ နိုင်ပါတော့မလား"

"အို...အရီးကလည်း"

နုမြခိုင်၏ရင်မှာ လှိုက်တက်လာသည်။ သူကိုယ်တိုင် မနစ် နိုင်ပါ၊ ခံစားမှု ရင်ဆီမှ ထွက်ပေါ်လာမည့် စကားသံလှိုင်းတို့မှာ ညီည မည်မဟုတ်၊ တုန်ခါနေမည်ဖြစ်ပါ၍ ဘာမှမပြောတော့ပါဘဲနှင့် လှ နားမှ ထခဲ့ရသည်။

"အောင်ဦးသာရယ်...ဘယ်များရောက်နေသလဲ မောင်လေ ရယ်..."

စိတ်မှုပန်ရခြင်းနှင့် လွမ်းဆွတ်အောက်မေ့ရခြင်းဆိုသော စိတ်တို့ ပေါင်းစပ်ခံစားရသော ရင်မှဝေဒနာက နွေလယ်နေ မှုလောင်မှု ပြင်းပျလှချေသည်။

တုံ့ပြန်မှုဆိုသောအရာ မရရှိနိုင်ပါသော်လည်း အောင်ဦးသ သိနားလည်စေချင်၊ စာနာစိတ် ဝင်စေချင်မိပါသည်။

အချစ်ဆုံးအတွက်မို့ ကိုယ်ခံစားရပါစေ၊ သူသာ ကျန်းမာပါစေ အန္တရာယ်ကင်းပါစေ၊ သူ့ရင်မှ အပူများ ငြိမ်းအေးပါစေ...

ဆိုသော ဆုများကို နုမြခိုင်မှာ အောင်ဦးသာအတွက် အချိန်ပြ တောင်းပေးနေမိပါသည်။

အောင်ဦးသာ ပျောက်သွားသည့်ကိစ္စကို နုမြခိုင် ဘယ်လို မတွေးတတ်နိုင်။ သူသည် စစ်တွေ့ဒ္ဓပင် နေချင်သူ မဟုတ်။ မြောက်





ရှိသူတို့လင်မယားနေခဲ့သော အိမ်နှင့် ရွှေဝတ်ရည်၏ အုတ်ဂူလေး ားတွင်သာ အမြဲလို့ ရှိနေတတ်သည်။

ဒေါက်တာရွှေဝတ်ရည် သက်ရှိထင်ရှားရှိစဉ်က လှုပ်ရှားခဲ့သော ရာလေးများနှင့် သက်မဲ့ခန္ဓာ ရှိနေရာ ဂူ၏ဝန်းကျင်နေရာလေးများ နီးမှာသာ နေချင်ရှာသည့်သူပါ။

ယခု ရခိုင်ကမ်းရိုးတန်း ဒေသကြီးတစ်ခုလုံးကိုပါ သူ စွန့်ပယ် ခဲ့ခွာ၍ ပြန်မလာသည်မှာ ကြီးမားသော ပြဿနာတစ်ခုခုကြောင့် သာ ဖြစ်ရလေမည်ဟု နုမြခိုင် တွေးမိသည်။

ယင်းပြဿနာသည် အောင်ဦးသာ၏အသက်ကို၊ သို့မဟုတ် ခန္ဓာကိုယ်ကို ဒုက္ခပေးမည့် အန္တရာယ်မျိုးများလေလား။

သတင်းအစန မရသော ကာလက ကြာရှည်လာလေ ပူပန်မှုက တစ်ခုချင်း စုစည်းမိသလို မြင့်မားမောက်လျှံလာလေပါ။

နုမြခိုင်သည် အောင်ဦးသာ၏အပေါ်တွင် ကြီးမားလွန်းသော ကြင်နာမှုများ၊ စေတနာများ၊ သံယောဇဉ်များဖြင့် နှစ်နှစ်ကာကာ ချစ်ခဲ့ရသည်က အမှန်ပါ။

ရွှေဝတ်ရည် သေဆုံးသွားရခြင်းအတွက် အောင်ဦးသာနှင့် သပ်တူနီးပါးမျှ ခံစားခဲ့ရပါသည်။ အချစ်ရဆုံး သူငယ်ချင်း ဆရာဝန် လေး၏ အဖြစ်ဆိုးအတွက် ရင်မှ နှလုံးသားများ ဆွဲထုတ်ယူငင် သွားခြင်း ခံလိုက်ရသည်သို့ပါ။

ကိုယ့်ရပ်ရွာကို ကိုယ့်အားကိုးနှင့် ရောက်လာပြီး သည့်ကာ အလုပ်ပြုတ်၍ မပြန်ချင်ဘဲ ပြန်သွားရရှာသည်မှာ မိမိအပြစ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လားဟူ၍ အချိန်ပြည့် နောင်တစိတ်များလည်း ဖြစ်ထွန်းနေမိပါသည်

နုမြခိုင်၏ ရင်တွင်းမှာ သစ္စာပြည့်လျှမ်းသော ဆန္ဒတ[illegible] ရှိပါသည်။

အချစ်ဆုံး သူငယ်ချင်းဆရာဝန်မလေး၏ဘဝကိုလည်း နှ[illegible] မိသည်။

အချစ်ရဆုံး၊ အမြတ်နိုးရဆုံး မောင်လေး၏ အဖြစ်ကိုလ[illegible] မကြည့်ရက်...။

ပွတွင်းမှ ရွှေဝတ္တာရည်၏နေရာတွင် သူ ထာဝရ လျော[illegible] စက်ပြီး...

ရွှေဝတ်ရည်ကို ရှင်သန်လှုပ်ရှားစေနိုင်ရန် လူချင်းလဲပေး[illegible] ရလျှင် လဲချင်ပါသည်။ ပြီးတော့ အောင်ဦးသာ၏ အမြတ်နိုး[illegible] ရင်ခွင်တွင်းသို့ ရွှေဝတ်ရည်ကို ပြန်ထည့်ပေးလိုက်ချင်သည်။

အချစ်ဆုံး နှစ်ယောက်၏ အလှပဆုံးဘဝလေး ပြန်လ[illegible] ဖြစ်ထွန်းသွားစေရအောင် သူ့အသက်နှင့်စက်လဲ၍ စတေးပေးလို[illegible] ချင်သည်မှာ သူ၏ သစ္စာဆန္ဒပါ။

အောင်ဦးသာ ငိုရှိုက်နေသည်ကို မမြင်ရက်၊ မကြည့်[illegible] မတွေ့ချင်။

သူ နှစ်သိမ့်ပေးလျှင် တစ်ခါတလေလည်း ပြေပျောက်လန်း[illegible] လာသည်။

ဤသို့ ထာဝရ ရှင်လန်းလာစေရအောင် အနားမှ ဖေးမကူ[illegible] အားပေးနေချင်သည်ကဖြင့် အမှန်ပါ။





သို့ပါသော်လည်း...

အောင်ဦးသာကို သူ ရယူပိုင်ဆိုင်လိုခြင်း မဟုတ်ပါ။

သူ့မေတ္တာသည် သူ့အတွက် ပြန်လည်ရရှိလာရန် မလိုပါ။

အောင်ဦးသာ၏ ရင်ခွင်သာ 'အေးငြိမ်းစွာ ကျရောက်ပါစေ [illegible]တည်း'ဟူသော ဆန္ဒမျိုးပါ။

"ဪ...အောင်ဦးသာရယ်...အရိုးရင်ထဲက ပူလောင်နေတဲ့ [illegible]င်လို မေတ္တာမျိုးနဲ့ မခိုင်လည်း အောင်ဦးသာအတွက် ပူပန်သောက [illegible]ကိနေရပါတယ်ကွယ်"

"မောင်လေး ပျောက်ဆုံးနေတာဟာ မခိုင်ရဲ့ အသည်းနှလုံး [illegible]ကိဆုံးနေတာပါ"

"အန္တရာယ်ကင်းစွာနဲ့ မင်းလေး အမြန်ဆုံး ပြန်ရောက်လာနိုင် [illegible]စေ"

"မခိုင်ရဲ့ အသည်းနှလုံးလေး မခိုင်ရဲ့ ရင်ထဲကို ပြန်ဝင်လာပါ [illegible]ကွယ်"

❖ ❖ ❖

www.burmeseclassic.com

## အခန်း ။ ၂၅

ဘိန်းဖြူ ဂိုဏ်းခေါင်းဆောင် ဦးစိုးရခေါ် ဦးစကြာ(တောင်ကြီးမြို့)ကို ရန်ကုန်တွင် ဖမ်းဆီးမိသည်။

၎င်း၏ ယောက်ဖ ပြည်လမ်းတွင် နေထိုင်သော ဦးစက်ရွှေနှင့် ၎င်း၏ဇနီး ဒေါ်မြင့်မာဦးကိုလည်း တာဝန်သိ ပြည်သူတစ်ယောက်၏ သတင်းပေးချက်အရ မရမ်းကုန်းရဲဌာနမှ ဖမ်းဆီးရမိလိုက်သည်။ ဦးစက်ရွှေမှာ ဆီစက်ပိုင်ရှင် အလုပ်ကို ဇန်းပြပြီး ရန်ကုန်မြို့၌ ဘိန်းဖြူဖြန့်ဝေမှုလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်၏။

၎င်းတို့အားလုံးကို မူးယစ်ဆေးဝါးဥပဒေ ပုဒ်မ ၁၀(က)အရ အရေးယူ ဖမ်းဆီးထားသည်။





သတင်းကတော့ အတိုအထွာလေးသာ။ ဤသတင်း၏ နောက်ပိုင်းတွင် ကျယ်ဝန်းလွန်းသော ဇာတ်လမ်းများ ရှိနေခဲ့ကြောင်းကိုဖြင့် သတင်းစာဖတ်သူများ သိရှိကြမည် မဟုတ်ပါ။

ဦးစက်ရွှေမှာ ငယ်စဉ်တည်းက ခပ်ပွေပွေ နေခဲ့သည်။ ဇနီးသည် ဒေါ်မေသက်ထား၏ အမွေများကို စံစားရသည်။ ဒေါ်မေသက်ထား၏ မိဘများ သေဆုံးသွားသည့်အခါ 'ဆွေသက်ထား' မည်သော ခပ်ဖျံ့ဖျံ့ ညီမကို ခေါ်ထားရသည်။ ကျောင်းတက်တုန်းအရွယ် ဆယ်တန်းပင် မအောင်သေး။

ဦးစက်ရွှေကလည်း မိန်းမများကို လိုက်စားသည်၊ စိတ်ဝင်စားသည်။ ဆွေသက်ထားကလည်း ကျနွံမရှိသူမို့...

ရိုးအေးသော ဇနီးသည် သိရှိရသည့် အချိန်တွင် ဆွေသက်ထား၌ ကိုယ်ဝန်ရှိနေလေပြီ။

'ကိုလွန်းတင်'မှာ စကားနည်းသည်။ အေးဆေးလေးနက်စွာ နေတတ်ပြီး သဘောကောင်းလွန်းသူ ဖြစ်ပါ၏။

ထိုအချိန်ထဲက ဆီစက်လုပ်ငန်းမှာ ဦးစက်ရွှေပြီး သူက ဦးစီးရသည့် ဦးစက်ရွှေ၏ အရင်းနှီး အယုံကြည်ရဆုံးသော တပည့်ပါ။

"ဆရာ့သဘောပါ။ ကျွန်တော်ကလည်း ဆွေဆွေ သတ်သေသွားမယ်ဆိုတာကို သနားမိပါတယ်"

လည်လွန်းသော ဦးစက်ရွှေ၏ကျော့ကွင်းမှာ ယောကျ်ားစစ်စစ် ဦးလွန်းတင် အမိခံသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်မှန်ကို ရင်နင့်စရာဖြစ်အောင် ဦးစက်ရွှေက ဖန်တီး ပြောပြသည်။

ဆွေသက်ထားမှာ ကိုယ်ဝန်ရှိနေ၍ သူ လက်ထပ်ပါရစေ ဆိုသည်ကို သူ့ဖနီး မေသက်ထားက ဘယ်နည်းနှင့်မှ ခွင့်မပြုနိုင် ညီမကို မညှာမတာ အိမ်ပေါ်မှ နှင်ချနေ၍ ဆွေသက်ထား သတ်သေ တော့မည်ဆိုသည်ကို လူရိုး၊ လူအ၊ ထိုစဉ်က အသက်နှစ်ဆယ်ကျော် ရှယ် လူငယ် မောင်လွန်းတင်မှာ တကယ်ပင် ထင်ခဲ့ရှာ ယုံခဲ့ရှာသည်။

ကိုလွန်းတင်၏လက်သို့ အပ်ပြီးနောက် ကိုလွန်းတင်မှာ ဆွေသက်ထားကို ကြည်ဖြူမြတ်နိုးစွာ ပေါင်းသင်းပါသော်လည်း—

ဆွေသက်ထားက မတည်ငြိမ်။ သူ့ကိုလည်း လုံးဝ ချစ်မြတ်နိုး ရမှန်းမသိ။ ခင်ပွန်းသည်အဖြစ်နှင့်လည်း မလေးစား။ အလုပ်သမား တစ်ယောက်လို သဘောထားလျက်ပင်…

"သမီးလေး ရွှေဝတ်မှုန်"

ကို မွေးဖွားပြီး အတော်လေး ကြီးချိန်မှ ဦးစက်ရွှေနှင့် ပြန်လည် ဆက်သွယ်နေတော့သည်။

အချစ်ကြီးသူတို့ နာကျည်းပြီဆိုသောအခါ စွန့်လွှတ်ရဲသော သတ္တိရှိလာသည်။

ကိုယ့်ရင်သွေးမဟုတ်သော ရွှေဝတ်မှုန်ကို ကလေးချစ်သော ကိုလွန်းတင်က ချစ်ပါလျက်…

ဆွေသက်ထားပေါ် ရိုးသားညှာတာစွာဖြင့် ခင်ပွန်းဝတ္တရား ကျေပွန်ပါလျက်နှင့်…





အမျိုးမျိုး ဖောက်ပြန်နေသော ဆွေသက်ထားတို့ သားအမိကို သူ လုံးဝစွန့်လွှတ် ခွဲခွာလိုက်တော့သည်။

ပိတောက်မြိုင်ကို လည်းကောင်း၊ သမိုင်းရှိ ဆီစက်များ၏ အလုပ်တာဝန်ကိုလည်းကောင်း သူလုံးဝ အဆက်အသွယ် မလုပ်တော့ သည်မှာ ယနေ့ထိအောင်ပါ။

ရွှေဝတ်မှုန်နှင့် ရွှေဝတ်ရည်မှာ အသက်ချင်းကလည်း တစ်နှစ် သာ ကွာခြားသည်။ ရုပ်ချင်းကလည်း အတော့်ကို တူညီပါ သော်လည်း…

ရွှေဝတ်ရည်မှာ ဒေါ်မေသက်ထားကဲ့သို့ ဣန္ဒြေရှိသည်။ သိမ်မွေ့သည်၊ ကြိုးစားသည်မို့ ဆရာဝန်မလေးတစ်ယောက် ဖြစ်လာပါ သော်လည်း…

ရွှေဝတ်မှုန်မှာ သူ့မိခင်လိုပင် တည်ငြိမ်ခြင်း ကင်းမဲ့သည်။ ဣန္ဒြေဆိုသည်မှာ ဘာလဲဟု မေးယူရလောက်အောင် အငြိမ်မနေသော မိန်းကလေး။

ပိတောက်မြိုင်တွင် ဒေါ်မေသက်ထား သေဆုံးသွားချိန်တွင် ဆွေသက်ထားမှာ နောက်အိမ်ထောင်များနှင့် ကွဲကွာနေချိန်မို့ ပြန်လည်ကပ်လိုသည်။ ရွှေဝတ်မှုန်ကို ပိတောက်မြိုင်မှာ လာထား သည်။

ရွှေဝတ်ရည်မှာ ညီမလေးနှင့် အထာချင်း မတူသော်လည်း ကြည်ဖြူစွာ လက်ခံရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစက်ရွှေတို့က အပါ။ ဖြစ်ချင်တိုင်း ဖြစ်လာသော ဆွေသက်ထားကို ယူရမှာစိုး၍ ငွေကြေးချမ်းသာသော...

'မြင့်မာဦး'

ဆိုသည့် ယခုလက်ရှိ ဇနီးသည်ကို ရုတ်တရက် လက်ထပ်လိုက်ပါ၏။

ဒေါ်ဆွေသက်ထားမှာ ပိတောက်မြိုင်မှ လွင့်စင်ပြီးနောက် မှော်ခိုလောကသို့ ရောက်ရှိသွားသည်။ ထို့မှ တစ်ဆင့်တက်ပြီး ဘိန်းဖြူကိုင်ရာမှ အဆက်အသွယ်ရပြီး...တာချီလိတ်မြို့သို့ ရောက်ရှိသွားတော့သည်။

ဘိန်းဖြူထုတ်လုပ်ရောင်းချသူ ဦးယုလှိုင်၏အဖွဲ့နှင့် ပူးပေါင်းမိပြီး သူ့ဇနီးဖြစ်လာချိန်မှာ ပိတောက်မြိုင်၌...

"မြင့်မာဦးမဟုတ်ဘူး၊ မောက်မာဦး၊ သိပ်ယုတ်ကန်းတဲ့ "ကောင်မ"

မိဒွေးနှင့် ပထမဆုံး၍ ပြဿနာတက်သည်က ရွှေဝတ်မှုန်။

မိဒွေးကလည်း ဤသမီးနှစ်ယောက်ကို ကြည့်မရဟု ဆိုကာ အသက်ကြီးလာပြီဖြစ်သော ဦးစက်ရွှေကို အမျိုးမျိုး ချွဲ၍ ညှ၍ သမီးများနှင့် သူ့ရန်ပွဲများကြားတွင် သူ့ဘက်ကပါစေသည်။

ရွှေဝတ်မှုန်မှာ အဆက်အသွယ်ရလာခဲ့သော သူ့မိခင်ထံ သွားမည်ဟု ကြေညာသောအခါ...





"မသွားရဘူး။ ဒီနေရာတော့ ငါ့သမီးလေးကို ဘယ်နည်းနဲ့မှ လွှတ်နိုင်ဘူး"

အရာရာ မကောင်းသော်လည်း ဖခင်စိတ်ဖြင့် ရှိရှာပါ၏။

လူကြီးမိဘ၏စကားကို နားထောင်ရကောင်းမှန်း မသိသော ရွှေဝတ်မှုန်မှာ ဖခင်တားသဖြင့် တမင်ကို ထွက်လာခဲ့ပြီး...

တာချီလိတ်မြို့သို့ ရောက်ရှိနေခြင်းဖြစ်ပါ၏။

မျက်စီးနေသော အသိုင်းအဝန်းတွင်း၌ ငယ်ရွယ်သော ရွှေဝတ်မှုန်သည် ပျော်ရွှင်မှုဝဲဩဃ၌ ပျော်ပိုက်သွားတော့သည်။

သူ့ကိုဇနီးပြု၍ ရှေ့တန်းတင်ထားသော်လည်း ဦးယုလှိုင်၏ ဩဇာကို မလွန်ဆန်နိုင်သော ဒေါ်မာရီဟု အမည်ပြောင်းထားသည့် ဒေါ်ဆွေသက်ထားမှာလည်း သမီးငယ်ကို ဂရုမစိုက်နိုင်အား။

သည်သို့ဖြင့် ရွှေဝတ်မှုန်မှာ ပျော်ရရုံမက လွယ်လွယ်ရသော ဘိန်းဖြူ၏ သားကောင်မလေး ဖြစ်သွားခဲ့ရသည်။

ရွှေဝတ်ရည်သည်လည်း မိဒွေးဆိုး၏ဒဏ်ကို မခံနိုင်တော့။ ဆရာဝန်မလေး ဖြစ်လာပြီးသည့်နောက်တွင် အချစ်ပျက်မလေး တစ်ယောက်ပါ တစ်ချိန်တည်း ဖြစ်လာခဲ့ရသဖြင့်...

တစ်ယောက်တည်း မြောက်ဦးမြို့ဆီသို့ လွင့်ထွက်လာခဲ့ခြင်းဖြစ်ပါ၏။

ရွှေဝတ်ရည်က မြောက်ဦးမြို့မှာ...

ရွှေဝတ်မှုန်က တာချီလိတ်ဆီသို့ပါ။

ဒေါ်ဆွေသက်ထားမှာ ဦးစကြာဟု အမည်ပေးထားသော



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးရနှင့် ပထမဆုံး စတင် ဆက်သွယ်မိစဉ်က မြင့်မာဦး၏ အစ်ကို
မသိခဲ့။

သူတို့အဖွဲ့ကို ချုပ်ကိုင်နေသော ဆရာကြီးဆိုသည့် ဦးစိုးရ
နတောင်ကြီးမြို့၌ လူကြီးလူကောင်းတစ်ဦး ဟန်ဆောင်နေသူမို့ သူ
အဖွဲ့သားများနှင့်လည်း အတွေ့မခံ။

ဒေါ်ဆွေသက်ထားတစ်ယောက်တည်းနှင့်သာ ပြောဆိုဆက်
သည်။ သည်ဘက်မှ ညွှန်ကြားသမျှ ဒေါ်ဆွေသက်ထားက ဦးယု
ကို ပြန်ပြောပြီး တာချီလိတ်နှင့် လက်တစ်ကမ်းအကွာ တြိဂံနယ်မြေ
ဝယ်ယူရရှိသော ဘိန်းဖြူတို့ကို ဖြန့်ဖြူးသယ်ယူကြရသည်။

အရင်းနှီးပေးသူက ဦးစိုးရ၊ သိမ်းနှင့်ချိတ်၍ ငွေထုတ်ရသည့် သူ

ဒုတိယလူက ဦးစက်ရွှေ၊ ရန်ကုန်အရောက် ဘိန်းဖြူများ ပို့
ပြီးလျှင် သူက လက်ခံရယူ ဖြန့်ဝေရသည့် တာဝန်ကို ထမ်းဆော
ရသည်။ ကွင်းဆက်များ ဖြစ်သွားသည့်အခါ ဦးစက်ရွှေနှင့် ဒေါ်ဆွေ
သက်ထားတို့လည်း ပြန်လည်ဆက်သွယ်မိကြသည်။

လူငယ်တို့၏ ဘဝနုနုလှလှလေးများကို ဆုံးရှုံးပျက်ပြား
ပြီးမှ သူ သူဌေးဖြစ်ရသည့်ဘဝကို ဦးစက်ရွှေ ကျေနပ်နေလေသည်
ဒေါ်မြင့်မာဦးနှင့် အတွေ့နောက်ကျသည်ဟုပင် ထင်မိသည်။ ငွေ
နှင့်ခနဲရသဖြင့် ဘယ်သူ့ဘဝပျက်ပျက် ကိုယ်နှင့်မဆိုင်ဟု နှပ်နေရာမှ

တကယ်ဆိုင်သောသူ၏ အကြောင်းကြားလာရသည့်အခါ
တွင် တကယ့်ကို ထိခိုက်လှုပ်ရှားရသည်။

ရွှေဝတ်မှုန်တစ်ယောက် ဘိန်းဖြူစွဲနေပြီ...

အခြေနေ သိပ်ဆိုးနေပြီ...

ဆိုသော သတင်းများက သူ့ကို ချောက်ချားတုန်လှုပ်စေခဲ့ပါ
သည်။

"အင်း...အကြီးမကတော့ သူ့ဟာသူ တောသားနဲ့ယူပြီး
တာမှာပျော်နေပြီ။ သူ့မိုက်ပုံက စိတ်ပူစရာမလိုဘူး။ အလွန်ဆုံး
ခင်းရဲ့ရှုံမဲ"

"ဘဝပျက်၊ အသက်ပါဆုံးရမှာက ငါ့သမီးလေး"

ရွှေဝတ်မှုန်ကို သူ ရန်ကုန်ပြန်ခေါ်လိုလှပါသော်လည်း တာချီ
တ်အထိဖြင့် သူ မသွားရဲ။ ဒီကနေ မှာယူအကြောင်းကြားသော်
သည်း ရောက်မလာနိုင်ခဲ့ပါ။

ဒေါ်ဆွေသက်ထားကလည်း ရွှေဝတ်မှုန်ကို ရန်ကုန်သို့ ပို့ချင်
သည်။

ဦးယုလှိုင်က ခွင့်မပေးခဲ့။

ဘိန်းဖြူစွဲသူတို့ ထုံးစံအတိုင်း စိတ်ထားပါ မှုမမှန်သဖြင့်
ရွှေဝတ်မှုန်ကို လူကောင်းအသိုင်းအဝိုင်းထဲသို့ ပြန်အပ်လိုက်လျှင်
ဘိန်းဖြူနှင့် မျှားမေးပြီး သူတို့ဂိုဏ်းကြီးကို ဖြူခွင်းဖော်ထုတ်မှာ
ကြောက်၍ နောက်ဆုံး ရွှေဝတ်မှုန်ကို အကျဉ်းချသဘောမျိုးဖြင့် ကား
ထောင်တွင်း သွင်းထားပါလေတော့သည်။

ယင်းအချိန်တွင် အောင်ဦးသာ ပိတောက်မြိုင်သို့ ရောက်ရှိလာ
ခြင်းဖြစ်ပါ၏။







www.burmeseclassic.com

www.burmeseclassic.com



ပထမ ဘာမှ ပတ်သက်စရာမရှိပါဘဲ အမွေ၊ သို့မဟုတ် ရွှေ လောဘဇောနှင့် ရောက်လာလေသလားဟု စဉ်းလဲစွာတွေး၍ နှင်ထုတ် လိုက်ပြီးမှ...

အောင်ဦးသာ ဒေါသဖြင့် တုံ့ပြန်လှုပ်ရှားသွားသည်ကို ကြို သွားသည်။

လူငယ်တစ်ယောက်၏ စိတ် ဖွဲ့မာန် အပြည့်ဖြင့် မခံချင်တတ် လွန်းပုံ၊ ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားသွားပုံနှင့် ခွန်အားပြည့်ဖြိုး သော လူငယ်တစ်ဦး၏ အားမာန်ကို အသုံးချလျှင် ရနိုင်ပြီ...

ဟူသော အတွေးကို ချက်ချင်းပင် တွေးမိလိုက်သည်။ တခဏ စောင့် ကောင်လေးကို အပြေးလိုက်ခေါ်ခိုင်းပြီး သူ့ အကြံအစည်ကို စတင်စီစဉ်လေတော့၏။

ရန်ကုန်ရောက်နေသော ဦးဖိုးရကို လူသစ် လက်မခံသော နေရာ သို့ ဝင်ခွင့်ရရန် ဤအကျိုးအကြောင်းပြောပြပြီး သူတို့၏ လျှို့ဝှက် သင်္ကေတဖြစ်သော...

"ဆရာကြီးထံမှ ထောက်ခံစာ"

ဖြင့် အောင်ဦးသာမှသည် မောင်သဲမြတ်အမည်သို့ ပြောင်းလဲ စေပြီး မြန်မာ့နယ်ခြား အစွန်ဆုံးဒေသသို့ စေလွှတ်လိုက်ခြင်းဖြစ်ပါ၏။

အောင်ဦးသာဆိုသော အမည်နှင့် မသွားစေချင်သည်က ရွှေဝတ်ရည်၏ ခင်ပွန်းဖြစ်မှန်း ဒေါ်ဆွေသက်ထားနှင့် ရွှေဝတ်မှုန်တို့ သိရှိရိပ်မိသွားမည်စိုး၍ပါ။ ရွှေဝတ်ရည် မြောက်ဦးမှာ အိမ်ထောင်ကျ သွားပြီဟု သူတို့ထံ သတင်းရောက်ရှိခဲ့ပြီးလေပြီ။



ကောင်လေးတစ်ယောက် ရောက်ရှိလာပြီး သူ့သမီးကို ကယ် ထုတ်သွားသည့်ပုံစံသာ ဦးစက်ရွှေ လိုချင်သည်။ ဒေါ်ဆွေသက်ထား ကိုယ်တိုင်ကိုပင် သူ မယုံကြည်။

သည့်အတွက် ရုပ်ချင်းဆင်ရာမှ ရုပ်ပျက်နေပြီဆိုသော ရွှေဝတ် မှုန်ကို ရွှေဝတ်ရည်အဖြစ်နှင့် ခေါ်ဆောင်လာခဲ့စေရန် သူ ကြံစည် စီစဉ်ခဲ့သည့်အတိုင်း...

တိတိကျကျ ဖြစ်မြောက်ခဲ့သည်။ ရွှေဝတ်မှုန်ဆိုသော သူ့ သမီးလေး ပိတောက်မြိုင်သို့ ပြန်လည်ရောက်ရှိနိုင်ခဲ့သည်။

အောင်ဦးသာကို ရုတ်တရက် ချက်ချင်းကြီး အဖြစ်မှန်ကို ပြောပြ၍ နှင်ထုတ်လိုက်မိသည်က ဦးစက်ရွှေ၏ အကြီးဆုံးသော အမှားကြီး ဖြစ်ခဲ့ရလေပြီ။

အောင်ဦးသာလို ဖျတ်လတ် တက်ကြွ၊ တော်လွန်းလှသော လူငယ်တစ်ဦးကို သူ လျှော့တွက်ခဲ့မိ၍...

နှစ်ပေါင်းများစွာ အုတ်နံရံတွင်းမှာ သူတို့ဇနီးမောင်နှံ နှစ်ယောက်လုံး၏ ဘဝကို မြှုပ်နှံထားရတော့မည်ဟု သူ့ကို လာရောက် ဖမ်းဆီးစဉ်ထဲကပင် သူ သိလိုက်ပါပြီ။

တတ်ကျွမ်း တာဝန်ကျေသော သက်ဆိုင်ရာ၏ စစ်မေးမှုကို သူ လှည့်စား၍ မရတော့သဖြင့်...

ဆရာကြီးဆိုသော သူ့ဖောက်ဖ ဦးဖိုးရကိုပါ သူဖော်ထုတ် လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ အဖွဲ့အစည်းကြီးမှာလည်း အောင်ဦးသာ၏ စွမ်းဆောင်ချက်ဖြင့် တာချီလိတ်တွင် ဖြိုခွင်းဖျက်ဆီးနိုင်ခဲ့ပြီးပါပြီ။

ရွှေဝတ်မှုန်ကိုလည်း သက်ဆိုင်ရာ ရပ်ကွက်လူကြီးများ၏ အကူညီဖြင့် အချိန်မီ စိတ်ကျန်းမာရေးဆေးရုံသို့ ပို့နိုင်ခဲ့ကြပါ၏။ မူးယစ်ဆေးဝါးဆိုင်ရာ ပါရဂူများက ဆေးပညာရှုထောင့်မှနေ၍ ရွှေဝတ်မှုန်၏ ဘဝမှန်လေး ပြန်ရအောင် ကုစားပေးနိုင်ကောင်းပါရဲ့။

လူညွန့်တုံး၍ အမျိုးကိုပါ ဆုံးစေသောနည်းဖြင့် စီးပွားရှာသူ၏ သွားရာလမ်းက…နှစ်ပေါင်း ကြာရှည်စွာ ကြပ်တည်းကျဉ်းမြောင်း ရပေတော့မည်ဟု ဦးစက်ရွှေ၏ နောင်တတို့မှာ…နှောင်းလွန်းနေလေပြီ။

အရည်ချင်းပြည့်ဖြင့် တော်လွန်းသော လူငယ်အောင်ဦးသာ၏ စွမ်းဆောင်ချက်များက အရာရာတိုင်းမှာ အောင်မြင်ခဲ့ပါသော်လည်း—

သူ့နှလုံးသား ဝေဒနာကိုဖြင့် သူကိုယ်တိုင် ပြေလည်အောင် မကုစား၊ မဖြေရှင်းနိုင်။ ယခုပင်…

သူ့အသည်းနှလုံးတွင် ဝေဒနာသစ်တစ်ရပ် တိုးမြင့်ဆင့်ပွား လာခဲ့ရပါပြီတည်း။

❖ ❖ ❖



**အခန်း ॥ ၂၆ ॥**

နဂိုရုပ်မင်း မပီပြင်တော့လောက်အောင် မည်းမည်းမိန့်မိန့်ကြီး ဖြစ်လာပြီး စုတ်ပြတ်ပေတူးလာသည့် အောင်ဦးသာကို အံ့သြခြင်း ကြီးစွာ၊ ဝမ်းသာခြင်းများစွာဖြင့် ကြိုဆိုခဲ့ကြသည်။

အောင်ဦးသာကလည်း သူ့အန္တရာယ် ခရီးကြမ်းကြီးအကြောင်း သူ့ကို အသုံးချခံခဲ့ရခြင်း အကြောင်းများနှင့် ဦးစက်ရွှေကို ကလဲ့စား ချေခဲ့ရပြီး မရမ်းကုန်း ရဲဌာနမှ ပြန်လာခဲ့ကြောင်းများ ပြောပြသည်။

နုမြခိုင်ကလည်း…

ဦးသာဇံလှ၏ အချစ်ဇော၊ ဒေါ်ကျော့ကျော့ရုံဖြူ၏ ပရိဒေဝနှင့် လက်ရှိရောဂါ အခြေနေများကို တင်ပြသည်။

"သား… သားလေး… ငါ့သားလေးကို မတွေ့ရတော့ဘူး အောက်မေ့တာ။ အမယ်လေး… ါသားလေး ရောက်လာပြီ။ သား… သား ပြန်လာပြီ။ မေမေ… မေမေ မသေတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျက်ရုံးဖြူက သားကို သူ့အင်အားလေး ရှိသမျှ ဖက်လျှ ပြောရင်း ငို၊ ငိုရင်း ပြောပါသော်လည်း သူ့မျက်ရည်များက ကြည်နူး မှ ကျရသော မျက်ရည်များပါ။

"ငါ့သားလေးသာ ပြန်မလာရင်လေ...၊ မင်း မေမေက သေမှာ ငါက ရူးမှာကွ"

အောင်ဦးသာ၏ ခေါင်းလေးကို အုပ်ကိုင်လျှပ်ခါရင်း ဦးသာ လှ ၏ မေတ္တာစကား။

"ဒီမှာ... ခိုင်ခိုင်အပြုစုကောင်းလို့ မင်းမေမေ အသက်ရှင်နေ တာ သိရဲ့လား"

ဟူ၍ပါ တဆက်တည်း ပြောကြားပါ၏။

အောင်ဦးသာမှာ မိခင်ကြီးကို တစ်ချက်နမ်းလိုက်သည်။ ဖခင် ၏ လက်ကိုဆွဲ၍ သူ့နဖူးနှင့် ထိပွတ်လိုက်ပါ၏။

သားချစ်လေး၏ ချွဲညုသော ထိတွေ့တောင်းပန်မှုကြောင့် မိဘများ၏ရင်မှာ ပီတိမိုးများ ရွာပါသတည်း။

အောင်ဦးသာမှာ နုမြခိုင်၏ လက်ကိုဆွဲလျက် ဝရံတာဘက်သို့ ထွက်ပြီး ကျေးဇူးတင်စကားများ ပြောကြားနေချိန်မှာ ဦးသာစံလှနှင့် ဒေါ်ကျက်ရုံးဖြူတို့၏ အပြုံးများသည် တစ်ခန်းလုံးမှာ လင်းလက် နေပါ၏။

"ပိန်သွားလိုက်တာကွယ် ဆရာဝန်ပြကြည့်ရအောင်နော်... နေကောင်းရဲ့လား မောင်လေးရယ်..."





"လူက နေကောင်းပါတယ်။ သိပ်ပင်ပန်းလာလို့ပါ။ နားလိုက် ရင် ကောင်းသွားမှာပါ။ မပူပါနဲ့"

"အခု ဒီမျက်နှာလေးမြင်ရတော့ မခိုင် ရင်ငြိမ်းရပါပြီကွယ်၊ ဟိုတုန်းကများ မခိုင်နဲ့ အရီးတို့လေ စားဖို့အိပ်ဖို့ဆိုတာ သတိမရနိုင် အောင် စိုးရိမ်ပူပန်ကြရတာပါ။ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ခုလို ပြန်ရောက် လာနိုင်တာပဲ ဝမ်းသာလှပါပြီ။ ဦးစက်ရွှေကို ဘာလို့ ရဲလက်အပ်လိုက် တာလဲ အောင်ဦးသာရယ်"

"သူက သိပ်ရက်စက်တဲ့ လူပဲ"

"သူက ဝတ်ရည်ရဲ့ဖခင်ပါ"

"တော်ပါ မခိုင်ရယ်၊ တကယ်လို့များ မမ အသက်ထင်ရှား ရှိသေးတယ် ဆိုရင်လည်း... မမဟာ ပိုပြီး ကျွန်တော့်ပေါ်မှာ ရက်စက် တယ်"

ထာဝရ မှိုင်းမှုန်ဝေဆီနေသော အောင်ဦးသာ၏ မျက်ဝန်းမှာ ပြင်းသော ရောင်စဉ်လေးများ ရောယှက်လာ၍ နုမြခိုင်က...

"ဝတ်ရည်ဟာ အောင်ဦးသာရဲ့ အချစ်ကို နားလည်ခံယူရုံ လောက်ဘဲ တုံ့ပြန်လာတဲ့ အချိန်ပါ။ သူ့မှာ အောင်ဦးသာကို စွန့်လွှတ် သွားစရာ ဘာအကြောင်းမှ မရှိပါဘူး။ ဒါပေမယ့် သူသာ အသက် ရှင်ရက်နဲ့ ပုန်းကွယ်နေတာမျိုးဆိုရင် သူ့မှာ လုံလောက်တဲ့ အကြောင်း ရှိပါလိမ့်မယ်လေ"

"အဲဒါကို ကျွန်တော် ခံပြင်းဆုံး မခိုင်၊ ရင်ဆိုင်တွေ့ပြီး မေးပစ် ဘာ ခံလိုက်ချင်တယ်။ သိခွင့်ရလိုက်ချင်တယ်။ ဒီမှာ မခိုင်



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"ကျွန်တော်သာ သူ့နေရာမှာဆိုရင် ဒီလိုမနေရက်ပါဘူးဗျာ ဘယ်လိုနည်းနဲ့မှ ကိုယ့်ယောကျ်ားကို ကိုယ် ပုန်းမနေသင့်ဘူး"

"ဝတ်ရည်ဟာ တကယ်များ သေသွားပြီလားမှ မသိနိုင်တော ကွယ်..."

"ကျွန်တော်တော့ မထင်ဘူး၊ ဟောဒီ ဆွဲကြိုးလေး ပြန်တွေ့ တာကိုက သူတကယ် မသေဆုံးဘူးဆိုတဲ့ သက်သေပဲ"

နုမြခိုင်လည်း မတွေးနိုင်၊ အဖြေမရှာတတ်နိုင်တော့ပါ။

"ပြီးတော့ ဒီဆွဲကြိုးဟာ သူ့အဖေဆီကရတာ။ သူတို့ချင်း ဆက်သွယ်မိကြပြီ ထင်ပါရဲ့။ ဦးလွန်းတင်က တစ်ဆင့်ပဲ ပြန်ပေးလိုက် တော့မယ်"

အောင်ဦးသာမှာ ရွှေဝတ်ရည်၏အကြောင်း ပြောလေတိုင်း မျက်ရည် မကျဖြစ်သည့်တိုင် မျက်ရည်ကြည်တော့ ဝိုင်းလာတတ်ပြီ ယခု သူ့မျက်ဝန်းမှာ အလွှမ်းမျက်ရည်တို့ မြင်ရ၍...

"ဘာပဲဖြစ်ဖြစ်ပေါ့ အောင်ဦးသာရယ်၊ ဝတ်ရည်ပေါ်တော့ စိတ်မနာလိုက်ပါနဲ့လေ"

"စိတ်နာတာတော့လည်း မဟုတ်ပါဘူး။ နေနိုင်ရက်တာ အသည်းထဲက နာကျင်မိတာပါ။ ဒီမှာ မခိုင်"

"ဟင်..."

"ကျွန်တော်လေ ဒီနေ့ ကျွန်တော့်ပါပါနဲ့ မေမေကို တွေ့ရတော့ နောင်တစိတ်တွေ ဝင်လာမိတယ်ဗျာ"





"ဘယ်လို..."

"ဩော်...ကျွန်တော်ဟာ မိဘနဲ့အားလုံးကိုပစ်ပြီး ကျွန်တော် သိပ်ချစ်တဲ့ မိန်းမတစ်ယောက်တည်းအတွက် ကျွန်တော့်ဘဝကို ကျွန်တော် အသုံးချနေမိတယ်"

"ဟင်..."

"ကျွန်တော် မမကိုချစ်သလို ကျွန်တော့်ကို ချစ်တဲ့သူတွေ ရှိပါ သား၊ ကျွန်တော့်လိုပဲ အပူရင်နဲ့ တမ်းတနေကြသူတွေကို ကျွန်တော် သုံးဝ လျစ်လျူရှုထားမိခဲ့တယ်။ မေမေသာ သေသွားရင် ကျွန်တော့် ကိုယ် ကျွန်တော် ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး မခိုင်"

ရဲရင့်ပြတ်သားသော အောင်ဦးသာ၏ရင်မှာ သည်အသိတရား ဝင်လာခြင်းအတွက် အားတက်မိပါသော်လည်း ရွှေဝတ်ရည်ပေါ်တွင် မေတ္တာလျှော့နည်းမည့် စကားမျိုးလားဟူသော စိုးရိမ်စိတ်ကြောင့် နုမြခိုင် ဘာမှဝင်မပြောမိ။

"သားမိုက်တစ်ယောက် ပျောက်နေချိန်မှာ မခိုင်ဟာ... အမေ ပြောတဲ့ သမီးလေးလို အားကိုးရပါတယ်၊ အသေးစိတ် ပြုစုပေးပါတယ် ဆိုတဲ့ မခိုင်ကို... ကျွန်တော် တကယ်ပဲ လှိုက်လှဲစိတ်နဲ့ ကျေးဇူးတင်မိပါ တယ်။ မခိုင်ရဲ့ စေတနာကိုလည်း ကျွန်တော် လေးစားနားလည်ရ ပါပြီဗျာ"

နုမြခိုင်၏ ဝမ်းသာရလွန်းသော နှလုံးသားက လည်တိုင်သို့ ခုန်တက်ပြီး ပိတ်ဆို့ထားလေသလား ထင်ရအောင် နုမြခိုင် ဘာစကားမှ မပြောနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့စေတနာကို နားလည်စေချင်သော ဆန္ဒသည်သာ သူ့
အကြီးမားဆုံးသော မျှော်လင့်ချက်ပါ။

နမြခိုင်မှာ အောင်ဦးသာ၏ နွမ်းနယ် ညှိုးလျှော်နေသော
မျက်နှာလေးကို အမြင့်မားဆုံးသော အကြင်နာများဖြင့် စိုက်ကြည့်
ရင်း...

သူသာ ဣန္ဒြီပါဒ် တန်ခိုးတော်ရှင်ကြီး ဖြစ်ပစ်လိုက်ချင်သည်

"ရွှေဝတ်ရည်ကို အသက်သွင်း၍ အောင်ဦးသာ ရင်မှာ ထည့်
ပေးမည်"

"ဒေါ်ကျက်ရုံးဖြူ၏ ဝေဒနာများ အားလုံးပျောက်စေ"

"သူကိုယ်တိုင်ကိုမူ ဒေါ်ကျက်ရုံးဖြူ၏ သမီးအရင်း ဖြစ်စေ
သတည်း..."

သို့မှသာ...

ပတ်ဝန်းကျင် မြင်နေသော အထင်သေးမှုများ လွင့်ပြယ်
သူ့မောင်အရင်းလေးကို သူ့စိတ်တိုင်းကျ ဖေးမပြုစုခွင့်ရမည်။

ပြီးတော့... သူတို့ချစ်သော မြောက်ဦးရွှေမြို့တော်သို့ အား
ငြိမ်းချမ်းပျော်ရွှင်စွာ ပြန်ကြလေသတည်း...။

ဟူ၍ ခေတ်ပေါင်းခန်းဖွင့်စေဟု လက်ညှိုးညွှန်လျက် တစ်ခု
တစ်ခု သူ့တန်ခိုးတော်နှင့် ဖြစ်လိုက်စေချင်စမ်းပါဘိ။

ယခုတော့...

လူ့ဘဝ၏ နက်နဲဆန်းပြားသော ဖြစ်ရပ်များ၊ ဒုက္ခများ
ပတ်ဝန်းကျင်များကြားမှာ သူတို့အားလုံး အလူးလူးအလိမ့်လိမ့်။





"မခိုင်"

အောင်ဦးသာ ခေါ်လေမှ အတွေးလွန်နယ်မြေက နမြခိုင် ပြန်
ရောက်သည်။

"ကျွန်တော်တို့အားလုံး မြောက်ဦးမြို့ကိုပဲ ပြန်ကြပါစို့ဗျာ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၇ ။

ရန်ကုန်ဆေးရုံကြီး၏ ဦးနှောက်နှင့်အာရုံကြောဌာနအတွင်းသို့ လှမ်းနေရသော 'ဦးလွန်းတင်'၏ ခြေလှမ်းများက တုန့်နှေးလွန်းနေသည်။ မိုင်များစွာ ဝေးကွာသော ခရီးရှည်ကို ခြေလျင် လျှောက်လာခဲ့ရသည့်သို့ပင် ပန်းဟိုက်နေပါ၏။

တစ်ချိန်က ပတ်သက်ခဲ့ရဖူးသော ပိတောက်မြိုင်နှင့် နှစ်ပေါင်းများစွာ ခွဲခွာခဲ့ရပြီး ဖြစ်ပါသော်လည်း 'အနုပညာခရီး'အဖြစ်နှင့် မြောက်ဦးမြို့သို့ ရောက်လေပြီးမှ ပြန်လည်ဆက်သွယ်ရန် ဖန်တီးလာခဲ့ရသော ကံကြမ္မာ။

ရင့်ကျက်တည်ငြိမ်နေသော တစ်ကိုယ်တည်း အနုပညာသမားကြီး ဦးလွန်းတင်မှာ လူနာခန်းများကိုဖြတ်သန်းပြီး သန့်ရှင်း သပ်ယပ်စွာ ထားပေးသော လူနာခုတင်တစ်လုံးရှိရာသို့ ခြေလှမ်းညက်ညက်ဖြင့် အနီးကပ်လာခဲ့သည်။



အမျိုးသမီး စာရေးဆရာမ Denise Robins ဒီနီး(စ်)ရော်ဘင်၏ The Uncertain Heart (မရေရာသော နှလုံးသား) ဟု အမည်ရသော ၁၉၆၈ ခုနှစ်ထုတ် အင်္ဂလိပ်ဝတ္ထုဟောင်းလေးတစ်ပုဒ်ကို ရင်ဘတ်ပေါ်တွင် ဖြန့်တင်ပြီး မှိန်းနေသည်။ အိပ်နေခြင်းမဟုတ်မှန်း သိသော ဦးလွန်းတင်က...

"ရွှေဝတ်ရည်"

ငြင်သာစွာ ခေါ်လိုက်သံကြောင့် ဝေသီ ရီမှိုင်းနေသော မျက်ဝန်းလေး ဖြည်းဖြည်းချင်း ပွင့်လာသည်။

"နေကောင်းရဲ့လားကွယ်"

"နေကောင်းတယ်ပဲ ဆိုပါတော့လေ၊ ဒါပေမယ့် ပကတိအတိုင်း ပြန်ကောင်းလာဖို့ဆိုတာကတော့..."

ဒေါက်တာရွှေဝတ်ရည် စကားမဆက်တော့ပါ။ မျက်ရည်များ ဝဲလာသော မျက်ဝန်းဝိုင်းဝိုင်းရှေ့မှ မျက်တောင်ကော့များနှင့် ခတ်သွင်းလိုက်ရသည်။

"ဒယ်ဒီ့အကြောင်း ဦးလေး ကြားပြီးရောပေါ့နော်"

ဦးလွန်းတင် ခေါင်းညိတ်ရသည်။ ဦးစက်ရွှေ၏ အကြောင်းသာမက အလုံးစုံသော ကိစ္စများကို ဦးလွန်းတင်က သိထားပြီးနေနှင့်သူပါ။

"ဒယ်ဒီဟာ လောဘသိပ်ကြီးတယ်၊ ဒေါ်မြင့်မာဦးကလည်း အညီမြှောက်ပေးတယ်လေ...။ ခုတော့ အရှက်တကွဲ အကျိုးနည်းနဲ့

www.burmeseclassic.com



ဘဝဖာတ်သိမ်းသွားရရှာပြီ။ ဘာပဲဖြစ်ဖြစ်...ကိုယ့်ဖခင်ဆိုတော့လည်း သံနှောင်းရတာပဲပေါ့လေ"

"အင်း..."

အင်းနှင့် သက်ပြင်းကို ရောထွေးလိုက်ရသော်လည်း ဦးလွန်းတင်၏ ရင်မှာ ရှင်းမသွားနိုင်ပါ။ ကြပ်တည်း ရှုပ်ထွေးဆဲပါ။

"ညီမလေးကို သွားတွေ့ဖြစ်သေးလား"

"တစ်ခေါက်ပဲ ရောက်တယ်၊ အခြေအနေ အများကြီး ကောင်းလာပါပြီ"

"အချိန်မီရှိလေးပဲနော်...၊ အန်တီဆွေ့ အဖြစ်ကတော့ ရင်နာစရာပါ။ ဟိုက ဂိုဏ်းကို ဖြိုပြီး ဝတ်မှုန်ကို အမြန်ပို့ပေးလိုက်ကြတဲ့သူတွေကို ကျေးဇူးတင်လိုက်တာ"

"သြော်...မသိရှာလေခြင်း ရွှေဝတ်ရည်ရယ်..."

ဦးလွန်းတင်မှာ ဆွေသက်ထားနှင့် ပေါင်းသင်းပြီး ဘဝနာလာခဲ့သူဖြစ်ပေသည်။ ဆွေသက်ထားကို ချစ်ခဲ့ရ၊ နာကျည်းခဲ့ရသော ခံစားမှုမျိုး ထပ်မံမရယူချင်တော့၍ သူ့ဘဝကို 'ပန်းချီ'ဆိုသော အနုပညာထဲတွင် မြှုပ်နှံထားထားခဲ့ရာမှ...

မြောက်ဦးမြို့သို့ ရောက်ရှိသွားပြီးသည့် နောက်တွင် လူငယ်တို့၏ ချစ်ခြင်းမေတ္တာရေးရာထဲ၌ မမျှော်လင့်ပါဘဲနှင့် ဝင်ရောက်ပတ်သက်နေရသည်။

သူတို့လေးတွေ၏ ထောင့်စုံတက်စုံမှ ခံစားမှုကိုယ်စီကို သိခွင့်ရနေသူက သူတစ်ယောက်တည်း။





'အောင်ဦးသာ...

နှမြခိုင်နှင့်

ဒေါက်တာရွှေဝတ်ရည်...

တို့၏ သီးခြားစီဖြစ်သော ရင်မှ ဝေဒနာအသီးသီးကို သူ့ထံအားလုံး တင်ပြရှာကြသည်။ သူ သိခွင့်ရနေသည်။

သို့ပါသော်လည်း...

သူတို့ သုံးယောက်လုံး၏ ဆန္ဒအရ တစ်ယောက်မှ တစ်ဦးသို့ သိစေခွင့်၊ တွေ့ဆုံခွင့်များကို သူ မဆောင်ရွက်ရ။ သူတို့၏ တားမြစ်ချက်ကြောင့်ပါ။

အားလုံးထဲတွင် အဆိုးရွားဆုံးသော ရင်နာစရာ ဒုက္ခဝေဒနာကို ယခုချိန်ထိ ခံယူ ခံစားနေရရှာသူက...

'ဒေါက်တာ ရွှေဝတ်ရည်'ပါ...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၂၈ ။

"အမယ်လေး...မောင်ရေ..."

ဟူ၍ အားကိုးတကြီးနှင့် ကြုံးအော်လိုက်သော်လည်း ခင်ပွန်းသည်၏ လက်နှင့် ဆက်တွဲခွင့်မရ။ ပြင်းထန်လွန်းသော လှိုင်းလုံးကြီး၏ အရှိန်ဖြင့် ကစင့်ကလျား လွင့်စင်လိမ့်ကျသွားခဲ့ရသည်။ ခါးရိုးနေရာကို မာကြောသောအရာနှင့် ပြင်းထန်စွာ ထိရိုက်ခြင်းခံလိုက်ရပြီးနောက်...

ရုတ်ခြည်း မှောက်သွားသော မော်တော်နှင့်အတူ ရွှေဝတ်ရည်တစ်ကိုယ်လုံး ရေထဲသို့ စက္ကန့်ပိုင်းအတွင်း နစ်မြုပ်ကျဆင်းသွားခဲ့ရပါ၏။

ရေအောက်တွင် ရုန်းကန်ရင်းမွန်းနေရာမှ...သတိကြီးသော...ရေကူးကျင်လည်သော ရွှေဝတ်ရည်မှာ အသက်ကို အောင့်လိုက်သည်။ ကိုယ်ကိုဖော့လိုက်သည်။ ရေ၏ သဘာဝအရလည်း မြုပ်သွားသော လူတစ်ယောက်မှာ ပြန်ပေါ်လာရမြဲ။





ရေပေါ်သို့ မျက်နှာပေါ်လာသည့်အခါ အသက်ကိုဝအောင်ရှူပြီး မှီတွယ်ရာကိုရှာရင်း ကူးခတ်ရန် ဟန်ပြင်လိုက်သည်။ လက်ကတောင်ယက်ကူးသည်။ ပြီးတော့ ခြေခတ်ရမည်။

"အမယ်လေး...အို..."

လှိုင်းလုံးများကြားတွင် သူ့ရင်မှလား၊ နှုတ်ကလားမသိ။ ကြောက်လန့်တကြား အော်လိုက်မိသည်။

သူ့ခြေအစုံတ လုံးဝလှုပ်ရှားယက်ခတ်၍ မရတော့ပါလား။

ကိုယ်ကို အတတ်နိုင်ဆုံးဖော့ထားပြီး လက်နှင့်သာ ရေပေါ်မှာ ယက်ပုတ်နေရသည်။ ကိုယ်ဖော့နည်းအရ ဘိုင်စကယ်စီးသလို ရေထဲကခြေမှာ လှုပ်ရှားမရ၍ စက္ကန့်ပိုင်းအတွင်း နစ်မြုပ်တော့မည်ကို ရွှေဝတ်ရည် ချောက်ချားစွာ တွေ့လာရသည်။

မြုပ်သွားသည်။ ပြီးတော့ တစ်ချက်ပြန်ပေါ်သည်။ လက်နှင့် ယက်ခတ်ပြန်သည်။

နောက်တစ်ချီတွင် ရေစီးအားနှင့် လှိုင်းပုတ်ဒဏ်များ ရောထွေးပြီး အဝေးဆီသို့ တစ်ချက်လွင့်သွားပြီး မြုပ်သွားပြန်သည်။

"အို...ဘုရား...ဘုရား..."

မွန်ထူ၍ အသက်ရှူမရ။ အဆုပ်တွင်းသို့ ရေများ ဝင်လာပြီး နောက်ဆုံးအနေနှင့် သူ တစ်ချက်ပေါ်လာချိန်တွင် အစွမ်းကုန် ကြိုးစားအားထုတ်ခြင်းဖြင့် လက်တစ်ကမ်းစာမှ အရှိန်နှင့် စီးမျောလာသော ပစ္စည်းတစ်ခုကို လှမ်းဆွဲလိုက်နိုင်သည်။

'ပလတ်စတစ် အလွတ်ပုံးကြီးတစ်လုံး'



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်များ ဤပစ္စည်းကို အားကိုးစွာ အသက်ချမ်းသာရာရအောင် လှမ်းဆွဲမိပါလိမ့်"

"ညတိုင်း ကုလားတန်မြစ်တွင်းမှာ အသက်ဆုံးရှုံးခဲ့ခွင့်ရအောင် ဘာလို့များ ငြိမ်ငြိမ်မနေခဲ့မိပါလိမ့်"

"ဘာကြောင့်များ ကိုယ့်အသက်ရှင်ရေးကို ကြိုးစားအားထုတ်ခဲ့မိပါလိမ့်ဟု ယခုအချိန်တွင် ရွှေဝတ်ရည်မှာ နောင်တရ၍ မဆုံးတော့ပါ"

❖ ❖ ❖

ဤသို့ ရေပေါ် ပေါ်နေသော ပလတ်စတစ်ပုံးကြီး၏ လက်ကိုင်နေရာကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ရင်း သူ့ရေလမ်းကြောင်းအတိုင်း စီးမြောလိုက်ပါနေရသည်။

ရွှေဝတ်ရည်၏ လိုရာနေရာသို့ ယက်ခတ်ကူးသွား၍ မရပါ။ ခြေက လုံးဝ မလှုပ်ရှားနိုင်တော့။ ခါးနေရာက နာကျင်လှသည်။

မိုးကလည်း သန်းထန်စွာ ရွာသွန်းလာသည်။

လေက ကြမ်းတမ်း ခက်ထန်လွန်းစွာ တိုက်ခတ်နေပါ၏။

ဤမိုး၊ ဤလေဒဏ်ကြောင့် ရေမျက်နှာပြင်မှာ ဒေါ်မာန်ကြီးသော လှိုင်းလုံးကြီးများက မြင့်မားမို့မောက်စွာ ဖြစ်ထွန်းနေသည်။





ရေစီးကသန်၊ လှိုင်းပုတ်သည့်ဒဏ်က ကြမ်းနေချိန်တွင် သူ့စွမ်းအားဖြင့် လှုပ်ရှားနိုင်စွမ်း မရှိရှာသော ရွှေဝတ်ရည်မှာ...

လှိုင်းကြမ်းအောက် ရေစီးနောက်သို့ အရှိန်မြင်းစွာဖြင့် ခရီးနှင်နေရသည်မှာ ခရီးတွင်လွန်းလှသည်။

ကျယ်ပြန့်သော ပင်လယ်ပြင်ကြီးကိုပင် လှမ်းမြင်နေရလေပြီ။

အချစ်ဆုံးကို ခွဲခွာပြီး မိမိ၏ တန်ဖိုးရှိလှသော ပညာနှင့် နုငယ်သေးသော အသက်ဝိညာဉ်တို့မှာ ထိုပင်လယ်ပြင်၌ နစ်မြုပ်ဆုံးရှုံးရပေတော့မည်ဟု အားလျှော့လိုက်ချိန်မှာပင် မြန်လွန်းသော ရေစီးကြောင်းအတိုင်း ချက်ချင်းလိုပင် ပင်လယ်ပြင်ဆီသို့ ရောက်ခဲ့ရပါပြီ။

ပင်လယ်လှိုင်းလုံးတို့၏ အရှိန်ပြင်းလွန်းစွာ ရိုက်ပုတ်နေသော ဒဏ်ကို အလူးလူးအလိမ့်လိမ့် ခံစားနေရင်း ပင်လယ်တွင်းသို့ မြောသွားခဲ့လေပြီ။

စိတ်အားလည်း လျှော့လိုက်ပြီ။

လက်ပန်းလည်း ကျခဲ့ပါပြီ။

ဆုပ်ကိုင်ထားသော လက်၏အင်အားလည်း ကုန်ခမ်းလာပြီ။ နွမ်းဟိုက်လွန်းနေသော အသိထဲတွင် ဖလှငယ်လေးတစ်စင်းလိုလိုရိုးတဝါး ရိုးတရိပ် မြင်လိုက်ရပြီးသည့်နောက်တွင်...

ဒေါက်တာရွှေဝတ်ရည်မှာ လုံးဝသတိကင်းစင်ကာ မေ့မြောသွားခဲ့ရပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

ဘွဂုဏ်ယာဂ၊ ဘိ သာဓဘာလွဂစ်ာသီး။ ပ်စ္စံယ်နွ်ဂြစ္စံဂွ်ဂျဂ ေဂြာ

„လင့်အင္း…ေပါထာ့ယ ဘက္ကွဟ်ာသဲ့ ဂွစ္စံးယေဟေးသစ္စေကာယူ

ဂေဂြာထာသီး။ ၁၄ွးေဟး ေဂြာဟွ်ယူဂြွဖာ"

„ဝထုဒ်ပ်ာ်ဂူကာ ဒေ့ျယူယာဓေဝိဝယုဒ်ပ်ာ်ဂျဖွ်ံ သာကူဘိ်ယွ်

ခ္ဂေဟးလဲာ ထွ္ဂ္ဂေစဘာ႑ာ္။ ဂြွးေဃဲ ေဟဘာ့လွ္ဂ္ဂးလွ္ဂ္ဂးေဟးဖြဂ္ဂ…

ေဝိဝထုဒ်ပ်ာ်ယ ဟယုဃာဂြဘာ်ာ္။ ၁၄ွးဟိစ္စံးသင္ဂယ္ဂ ဘိေသာ

ဟွ်ယုလာ"

ဂေဂါ်ယူေဃာင္ဂ၊ ယုေဃာင္းေထာယူဂေဂ်ဟွ်ယိကု၊ ၁၄ွးေဟး ဝေႏၵာ

„လ်ာလူသကူ။ ေဝိဝထုဒ်ပ်ာ်… လ်ာလူယ်ကူ။ ဂေဘာေဃာ

„အွ်… ၁၄ွး… ၁၄ွးေဟး ၁၄ွးဟိစ္စံးသင္ဂ"

အသးက် အသးလင္ဂ္ဂးပ္ပါ ယြဘ္ဂ္ဂဟွ်ယူဘာ်ဂ္ဂအ္ဂ…

အဘာ့ေယြဲသင္ဂ ဓါယူပ်ာ်းဂိင္ဂဟွ်ယူပ်ာဘာ္ဂ္ဂ။ ဓိစုးဟါဟိစ္စံး

„လာ…ေဝိဝထုဒ်ပ်ာ်ဂျဟသး"

**အစဲး ။ ၁၆ ။**



တယ်။ ဒီနေ့ လေယာဉ်နဲ့ ရန်ကုန်ပြန်ပို့မယ်ဆိုလို့ ဦးလေး လာကြည့်တာ။ ဦးလေးလည်း ဒီနေ့ လေယာဉ်နဲ့ ရန်ကုန်ပြန်မှာပဲ"

"အတော်ပဲ။ ဝတ်ရည်ကို ကူညီခေါ်သွားပေးပါ"

"ရပါတယ်။ ဒါနဲ့ အောင်ဦးသာရော"

"ရှူး… တိုးတိုးပြောပါ ဦးလေး"

"ဘာဖြစ်လို့လဲဟင်၊ ရွှေဝတ်ရည်"

"သူ့ကို ဘာမှ မသိစေချင်လို့"

"အို… ဘာဖြစ်လို့လဲ"

"အဝါရောင်ဝတ်စုံ ဝတ်ထားတဲ့ ဒေါက်တာရွှေဝတ်ရည်ဆိုတဲ့ အကောင်းကို ကျွန်းလေးပေါ်မှ တွေ့ကြပြီ။ သင်္ဂြိုဟ်ဖို့ သယ်သွားကြပြီ ဆိုတဲ့ သတင်းကို…

'ဒီ ကျောက်ဖြူမြို့' ဆေးရုံကနေပြီး ဝတ်ရည် ကြားလိုက်ရလို့ပါ"

"ဟင်…"

"အောင်ဦးသာနဲ့ မြောက်ဦးတစ်မြို့လုံး သိထားကြသလို ဒေါက်တာရွှေဝတ်ရည်ဆိုတာ တကယ်ပဲ သေဆုံးပေးလိုက်တော့မယ်"

"ဟာ… ဘယ်လို ဆုံးဖြတ်လိုက်တာလဲကွယ်၊ အောင်ဦးသာဟာ ရွှေဝတ်ရည်ကို ဘယ်လောက်ချစ်မြတ်နိုးတယ်ဆိုတာ…"

"တော်ပါတော့ ဦးလေးရယ်…၊ အဲဒါကြောင့်၊ အဲဒါကြောင့်ပါ"

"အို…မဟုတ်တာကွယ် ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"သူ့ကို ချစ်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝတ်ရည်မှာ နှလုံးသားများ ပွင့်ကွဲကျသွားပြီလားဟု ထင်လောက်အောင် သည်းသည်းထန်ထန် ငိုကြွေးသည်။ လိုက်လှိုက်လှဲ ရှိုက်နေရှာသည်။ သီးသန့်ခန်းမှာ တိုးတိုးပြောနေကြ၍ စကားသံ မကြားသာသော်လည်း ရွှေဝတ်ရည်၏ ငိုရှိုက်သံက ပြင်ပသို့ လွင့် နေပေလိမ့်မည်သာ။

ဦးလွန်းတင်မှာ ရခိုင်ပြည်နယ်သို့ ရောက်တုန်းရောက်ခိုက် စုံအောင်၊ နှံ့အောင်၊ လည်မည်ဆိုသော ရည်ရွယ်ချက်ဖြင့် မြောက်ဦး သူတို့ထက် စောထွက်လာပြီး စစ်တွေမှတစ်ဆင့် ယခု ကျောက်ဖြူမြို့ ရောက်ရှိလည်ပတ်နေခြင်းပါ။

"မိန်းကလေးတစ်ယောက်ကို တံငါလေ့က ဆယ်လာတယ် ကျောက်ဖြူကို ထွက်လာတဲ့ သင်္ဘောနဲ့ဆိုလို့ တင်ပေးလိုက်ပြီး ဆေး ရောက်နေတယ်။ အတိတ်မေ့နေတယ်။ ဘာမေးလို့မှ မရဘူး။ ရန်ကု ကမို့ ရန်ကုန်ကိုပို့ပါဆိုလို့ ဒီနေ့ ပြန်ပို့ကြမလို့။ ရန်ကုန်ဆေးရုံကြီး တင်ပေးပြီးမှ သူ့ဘဝကို ရှာကြရမယ်တဲ့"

ဆိုသော သတင်းဂယက်ကြောင့် လမ်းလျှောက်ထွက်လာရင်း ဆေးရုံသို့ ဝင်ကြည့်ခဲ့ရာမှ မမျှော်လင့်၊ မထင်မှတ်ခဲ့သော ဖြစ်ရပ်နှင့် တိုက်ဆိုင်တိုးဝင်လာခဲ့ရခြင်းပါ။

ဦးလွန်းတင်မှာ သိမ့်သိမ့်ခါအောင် ငိုကြွေးနေရှာသော ရွှေဝတ် ရည်၏ ပခုံးလေးကို ကိုင်ပြီး တူမလေး၊ သမီးလေး တစ်ယောက်လို ကြင်နာမှုမျိုးဖြင့် နှစ်သိမ့်ပေးရင်း ရင်မရှင်းရလွန်းသည့် ဖြစ်ရပ်ကို မမျိုသိပ်နိုင်တော့။





"မဟုတ်သေးပါဘူးကွယ်...၊ အောင်ဦးသာကို ချစ်လွန်းလို့ ဆိုတာ ဦးလေး ဘယ်လို နားလည်ရမလဲ။ ဟိုခမျာ ဘယ်လောက် ခံစားရမလဲ။ အောင်ဦးသာကို ငါ့တူမ မသနားဘူးလား"

"သနားလွန်းလို့...၊ ပြီးတော့ ချစ်လွန်းလို့ပါရှင်"

"အို..."

"ဝတ်ရည်လေ၊ ဝတ်ရည် ဘာဖြစ်နေလဲ ဦးလေး သိလား"

"ဘာဖြစ်လို့လဲဟင်"

"ဝတ်ရည်ရဲ့ဘဝက ဆုံးခဲ့ပြီ"

"အို... ဘာ... ဘာဖြစ်လို့လဲ"

"ဝတ်ရည်ရဲ့ ကိုယ်အောက်ပိုင်းတစ်ခုလုံး သေနေပြီ ဦးလေးရဲ့"

"ဟာ..."

ရွှေဝတ်ရည် ဆက်ပြီး ငိုရှိုက်နေပြန်သည်။

"စဉ်းစားပါဦး ရွှေဝတ်ရည်၊ ငါ့တူမဟာ ဆရာဝန်တစ်ယောက် ကွယ်၊ အောက်ပိုင်းသေတယ်ဆိုတာလည်း ကုလို့ရမှာပါ၊ အကြောင်း တိုက်ဆိုင်ရင်လည်း ပြန်ကောင်းလာနိုင်တယ်ဆို၊ ပြန်မကောင်းလာခဲ့ရင် အောင်ဦးသာဟာ ထိုက်ထိုက်တန်တန် ပြုစုပေးမယ့် ခင်ပွန်းကောင်း တစ်ယောက်ပါ။ သူ ရွှေဝတ်ရည်ကို ချစ်တာက မြတ်နိုးတာရော ကြင်နာတာရောပါ"

ရွှေဝတ်ရည်မှာ မျက်ရည်များ နစ်အိုင်နေသော မျက်နှာလေးဖြင့် ငြင်သာစွာ ခေါင်းယမ်း၍...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့ မသိနိုင်တဲ့၊ သိလို့မဖြစ်တဲ့ အကြောင်းရာ
ရှိသေးတယ်"

နမြခိုင်သို့ ရည်ညွှန်းသည်။

မြောက်ဦးမြို့တွင် ဦးလွန်းတင်ကိုယ်တိုင် သယ်ဆောင်ယူ
လာရသော နမြခိုင်၏ မေမေ ဒေါ်စိန်နုထံမှ သတင်းစကားဖြင့် ဆင့်
သိလာရသော အကြောင်းများကိုဖြင့်...ဦးလွန်းတင် ခမျာ မသိရှာ

"အေးလေ... ဒါတွေတော့ ဦးလေးမသိဘူးပေါ့။ အောင်ဦး
ရွှေဝတ်ရည်ကို သိပ်ချစ်တယ်၊ ဒီလိုမနေသင့်ဘူးလို့ပဲ မြင်မိတ
ခုတော့ သက်ဆိုင်ရာကလည်း စီစဉ်ပေးပြီးဖြစ်နေလို့ တော်ကြ
ဒီရခိုင်ပြည်က ပြန်ရတော့မှာ။ ရန်ကုန်ရောက်ရင် ထပ်စဉ်းစားပ
လားကွယ်"

"ဟုတ်ကဲ့၊ ထပ်ပြီးစဉ်းစားပါ့မယ်။ ဦးလေး ဝတ်ရည်ကို က
တစ်ခုပေးပါ"

"ဘာကတိလဲ"

"ဝတ်ရည်ဟာ ဝတ်ရည်ပါဆိုတာ ဘယ်သူ့ကိုမှ မပြောပါ

"ကောင်းပါပြီကွယ်"

"တော်သေးတယ်။ ဒီဆေးရုံမှာလည်း အသိတစ်ယောက်
မဆုံလို့"

"ဒုတိယ ကတိပေးပါဦးနော် ဦးလေး"

"ပြောပါ"



"ဝတ်ရည်ကိုယ်တိုင် မဆုံးဖြတ်ရသေးဘဲနဲ့ ဝတ်ရည်ရဲ့ အသဲ
လေး အောင်ဦးသာကို... ဝတ်ရည် အသက်ရှင်နေပါတယ်ဆိုတာ
ပြောဖို့ပါ"

"မပြောပါဘူး"

"လေးလေးနက်နက် ကတိပေးစမ်းပါ ဦးလေးရယ်"

"ဦးလေး အသက်ငါးဆယ်နား နီးပါပြီ။ တည်ငြိမ်တဲ့ အရွယ်။
ဒီတော့ ကာယကံရှင်တွေရဲ့ ဆန္ဒကို လွန်ကျော်ပြီး လုပ်ပိုင်ခွင့်လည်း
ရှိပါဘူး"

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်"

"စိတ်ချ...စိတ်ချ၊ ရွှေဝတ်ရည်က ပြောပေးပါလို့ မနိုင်းသမျှ
အောင်ဦးသာအပါအဝင် ဘယ်သူ့ကိုမှ မသိစေရပါဘူးလို့ ဦးလေး
လေးလေးနက်နက် ကတိပေးပါတယ်ကွယ်"

❖ ❖ ❖

www.burmeseclassic.com



"ဒယ်ဒီရယ်... သမီးကို သနားရင် တစ်ခုတော့ သမီးဆန္ဒအတိုင်း လိုက်လျှောပေးပါ"

"ပြော...သမီး"

"သမီးသေပြီလို့ မြောက်ဦးမှာ ဂူသွင်းသဂြိုဟ်ပြီးကြပြီ"

"ဟင်..."

မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလေမှ တယ်လီဖုန်းသတင်း ရ၍ လိုက်လာခေါ်ရသော ဦးစက်ရွှေမှာ သမီး၏ ဒုက္ခိတဘဝကိုသာ မြင်ရသည်၊ အကြောင်းရင်းကို မသိပါ။

ရွှေဝတ်ရည်မှာ သူ့ဇာတ်လမ်းကို အကျဉ်းရုံး၍ ပြောလိုက်သည်။ နှလုံးသား၏ ခံစားရချက်များဖြင့် မပါဝင်၊ ဖခင်တစ်ဦးထံသို့ သည်း တင်ပြရန် မသင့်၍ပါ။

ဦးစက်ရွှေမှာ ခင်ပွန်းနှင့် မြောက်ဦးမြို့ကို စိတ်နာလာပြီ ဟုသာ ယူဆပြီး ဘာမှမမေးတော့ပါဘဲနှင့် ရွှေဝတ်ရည်၏ စကားများကိုသာ ဆက်လက်၍ နားထောင်နေခဲ့ပါ၏။

"အဲဒီမြောက်ဦးမှာ သမီးသေပြီလို့ သတ်မှတ်ထားခဲ့သလို... ရန်ကုန်မှာလည်း သမီးဆက်ပြီး သေပါရစေလား ဒယ်ဒီရယ်"

"အို... သမီးကလည်း"

"သမီးကို တကယ်သနားတယ်ဆိုရင် သမီးပြန်ရောက်လာတာကို ဘယ်သူ့မှ မပြောပါနဲ့၊ မသိပါစေနဲ့နော်"

"ဆေးတော့ ကုဦးမှပေါ့"

# အခန်း ။ ၃၀ ။

အတိတ်မေ့နေသော မိန်းမလှတစ်ယောက်အနေနှင့် ဆေး... ဝန်ထမ်းများ၏ ကူညီပေးမှု၊ ဦးလွန်းတင်နှင့် လေယာဉ်ဝန်ထမ်းများ... ပေးမှုကြောင့်...

ရွှေဝတ်ရည် ရန်ကုန်မြို့သို့ ဆုံးရှုံးခြင်းများစွာကို ပိုက်ထွေး... သယ်ဆောင်ရင်း ပြန်လည်ရောက်ရှိလာခဲ့ရပါသည်။

"သမီး ပိတောက်မြိုင်ကို မလိုက်ပါရစေနဲ့၊ ဆေးရုံပဲတန်း... ပေးပါ"

ဖုန်းဆက်မှာ၍ ရောက်ရှိလာသော ဖခင် ဦးစက်ရွှေသို့ ရွှေဝတ်... ရည်၏ ပန်ကြားစကား...

"နောက်တော့မှ စီစဉ်ကြတာပေါ့။ ခုတော့ ဒယ်ဒီနဲ့ပဲ လိုက်ခဲ့... သမီး။ ဆရာဝန် ချက်ချင်းခေါ်ပြမှာပေါ့"

သမီးကြီးသို့ ကြင်နာစိတ်များနှင့် နှစ်သိမ့်ပြီး ပိတောက်မြိုင်... ရွှေဝတ်ရည်ကို ပြန်လည်ခေါ်ဆောင်လာခဲ့သည်။

www.burmeseclassic.com



"သမီးသူငယ်ချင်းတစ်ယောက်ယောက်ကို ခေါ်တိုင်ပင်ကြရဦးမှာ ပါ့မယ်။ ခုတော့ သမီး သိပ်ပြီး ပူလောင်ခေါင်းရှုပ်နေပါတယ်။ ဘာလုပ် စဉ်းစားဆုံးဖြတ်ရမယ်ဆိုတာတောင် သမီးကိုယ်သမီး မသိသေးဘူး ဒယ်ဒီ"

"ခေါင်းအေးအေးထားလေ သမီးကြီး"

ငိုနေသော ရွှေဝတ်ရည်သို့ ဦးစက်ရွှေက ဖြေသိမ့်သည်။

"သမီးပြောတဲ့အတိုင်း ကတိပေးနိုင်မလား ဒယ်ဒီရယ်"

"အေးပါ"

"ဖေါ့ဖေါ့တန်တန် မပြောပါနဲ့ ဒယ်ဒီ။ သမီးဆန္ဒအတိုင်း မဖြစ် ရဘဲ သမီးဒီပြန်ရောက်လာပြီဆိုတာကို တစ်ယောက်ယောက်ထံ သိသွားပါစေ၊ သမီးကိုယ်သမီး သတ်သေပစ်မယ်"

"ငါ့သမီးတွေက မလွယ်ပါလားဟူသော ဖခင်တို့၏ ခွင့်လွှတ် စိတ်ဖြင့် ရွှေဝတ်ရည်ရော ရွှေဝတ်မှုန်သို့ပါ စိတ်တွင်းမှ ရည်ညွှန်းပြီးမှ—

"ကဲ... ဒယ်ဒီ ကတိပေးတယ်။ သမီးဆန္ဒအတိုင်း ဒယ်ဒီ အားလုံး လုပ်ပေးမယ်... ဟုတ်ပြီလား"

မျက်ရည်များနှင့် ဒုက္ခသည်မလေး ရွှေဝတ်ရည်ကို ဦးစက်ရွှေ ကိုယ်တိုင် မင်္ဂလာဒုံလေဆိပ်မှ ပွေ့ယူသယ်ထုတ်ပြီး ပိတောက်မြိုင်ခြံ သို့ သူကိုယ်တိုင် ကားမောင်း၍ ပြန်လာခဲ့ပါတော့သည်။

❖ ❖ ❖

## အခန်း ॥ ၃၁ ॥

ပိတောက်မြိုင်မှာ နေရသောရက်များအတွင်းသည် ရွှေဝတ်ရည် ၏ စိတ်ဒုက္ခအရောက်ရဆုံးသော အချိန်များသာ ဖြစ်ချေသည်။

မိခွေးဖြစ်သူနှင့် မနေချင်၍ လွင့်ထွက်သွားရာမှ သည်အိမ်က ခြံတဖဝါးစာမျှ မလှမ်းနိုင်သောဘဝနှင့် ပြန်လည်ကပ်တွယ်နေရသော အချိန်ပိုင်းများကို... မျက်ရည်များစွာနှင့် ကုန်ဆုံးလွန်မြောက်စေခဲ့ရ သည်။ ဦးစက်ရွှေက သမီးအတွက် တောမှ အမျိုးသမီးကြီးတစ်ဦးနှင့် အညစ်အကြေး သန့်ရှင်းရေးအတွက် ကောင်မလေးတစ်ယောက်တို့ကို အပေါ်ထပ်ထောင့်စွန်းရှိ သီးသန့်ခန်းတွင် ထားပေးပါ၏။

မိခွေး ဒေါ်မြင့်မာဦးကို ဘာမှဝင်မပါစေရအောင် သီးသန့် ထားပေးပါသော်လည်း တစ်ခါတစ်ရံတွင် မကြားသာ ကြားသာအောင် ဆေးတိတရိ ပြောခဲ့သည်များလည်း ရှိပါ၏။ ရွှေဝတ်ရည် မျက်ရည်ကျ၍မှ လွဲ၍ ဘာမှ မချေပနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း ဒီလိုနေမယ့်အစား ဆေးရုံမှာ တက်နေပါလား ကွယ်။ ကြွက်သားတွေကို လျှပ်စစ်နဲ့ နှိုးဆွပေးတဲ့နည်းနဲ့လည်း ကုသ ယူလို့ရတာပေါ့။ တို့တွေအဖို့ ဆေးရုံဆိုတာ အိမ်ထက် ခင်တွယ်ရမယ့် ဌာနပဲ။ ပြီးတော့ ဒီအိမ်မှာလည်း ကြာရှည်မနေစေချင်ဘူး"

အရင်းနှီးဆုံး သူငယ်ချင်း 'ဒေါက်တာ ရီလှဲ့ချို'က အကြံပြု သည်။ သူ့ အဖြစ်စုံကိုတင်ပြပြီး နှုတ်လုံစေဖို့ကပြောပြီးသား။

"ဝတ်ရည် ဆေးရုံမှာ နေချင်ပါတယ်။ လူတွေသိကုန်မှာ စိုးလို့ပါ"

"ဝတ်ရည်ရယ်...နင် ကြောက်နေတာ ကမ္ဘာပေါ်က လူပေါင်း သန်းလေးထောင်ကျော်ကိုလည်း မဟုတ်ဘူး။ မြန်မာပြည်က သုံးဆယ့် သုံးသန်းကိုလည်း မဟုတ်ဘူး"

"ဟင်"

"နင်ကြောက်နေတာ တစ်ယောက်တည်းပါ၊ အောင်ဦးသာ တစ်ယောက်တည်းကို သိမှာကြောက်နေတာပါ"

သူငယ်ချင်း ရီလှဲ့ချို၏ စကားသည် ရွှေဝတ်ရည်၏ ဆန္ဒအနှစ် ချုပ်ကို ထုတ်ဖော်ပေးနိုင်ခဲ့ခြင်းပါ...

"အောင်ဦးသာ ဘယ့်လောက် လွမ်းဆွေး ကြေကွဲနေမယ် ဆိုတာလည်း ထည့်တွေးဦးလေ"

"ဝတ်ရည်ကိုယ်တိုင်လည်း သေမတတ် လွမ်းနေရတာ လှဲ့ချို အမြင်ပါပဲ"





"ဝတ်ရည် နင်ဆုံးဖြတ်တာ မှန်တယ်လို့ ငါမထင်ဘူး။ နင်တို့ နှစ်ယောက် သိပ်ချစ်ကြတယ်ဆို"

"ဟုတ်တယ်...သိပ်ချစ်လို့...သိပ်ကိုချစ်လွန်းလို့"

"မငိုပါနဲ့ဟယ်"

"သူဟာ မြောက်ဦးမှာ အားလုံးရဲ့ အပစ်ပယ်ခံလို ဖြစ်နေရ တယ်။ သူလေ ဝတ်ရည်နားမှာပဲ အရိပ်လေးလို အမြဲကပ်ပြီး နေရှာလို့၊ သူ့အသိုင်းဝိုင်းကို သူက ခွဲခွာနေတာလို့ ပြောရင်လည်း ရပါတယ်"

"အင်း"

"သူ့မိဘတွေလည်း သူ့အတွက် စိတ်မချမ်းသာကြဘူး။ ပြီး တော့ နုမြခိုင်"

"ဒါတွေကို ထည့်တွေးဖို့အချိန်က လွန်မြောက်လာခဲ့ပြီပဲ..."

"ဟုတ်တယ်ပဲ ထားပါ လှဲ့ချိုရယ်။ ဒါပေမယ့် ဝတ်ရည်အဖြစ် ကိုလည်း ကြည့်ပါဦး"

"အောင်ဦးသာက ပြုစုမှာပါ"

"ပြုစုမယ်... သိပ်ကိုယုယမယ်။ ဝတ်ရည်သိတယ်။ ဝတ်ရည် လည်းလေ...သိပ်ချစ်ရတဲ့ အသဲလေးရဲ့ အပြုစုအယုယကို ခံယူချင်လှ ပါတယ်။ ဒါပေမယ့် ဝတ်ရည် အချစ်ဆုံးပေါ်မှာ မရက်စက်ချင်ဘူး"

"ဟင်"

"သူငယ်ချင်း စဉ်းစားကြည့်လေ... ဘယ်အချိန်မှာ ပြန်ကောင်း လာမယ်ဆိုတဲ့ အာမခံချက်မရှိတဲ့ ဒုက္ခိတကြီးကို ပြုစုပေးနေရတာ မကြည့်ရက်ဘူး။ မခံယူရက်ဘူးကွယ်။ သူ့မိဘတွေကလည်း နုမြခိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



အားနာစိတ်နဲ့ ပြန်မခေါ်ကြဘူး၊ မထောက်ပံ့ကြဘူး၊ ဒါကြောင့် မောင်ဟာ လူမမာက တဘက်၊ စားဖို့ ရှာရမှာတဘက်နဲ့။ အို... ဝတ်ရည်ရဲ့ အသဲလေး သိပ်ပင်ပန်းရှာမယ်"

ရွှေဝတ်ရည်က ပြောနေရင်း ရှိုက်ရှိုက်ပြီး လှိုက်လှဲစွာ ငိုနေရှာသည်။ ဒေါက်တာ ရီလှဲ့ချိုပါ ရင်နှင့်စွာ မျက်ရည်စဲရပါသည်။

"အချစ်ဆုံးရဲ့ မေတ္တာမြစ်ထဲမှာ ပျော်ရွှင်အေးမြိမ်းနေတဲ့ ဝတ်ရည်ပါ..."

"ရေနေ ငါးလေးတစ်ကောင်ကို ပူလောင်တဲ့ သဲပြင်မှာ တင်ထားရင် ဖျပ်ဖျပ်လူး လှိုက်ဖိုပမ်းဟိုက်နေတာ မြင်ဖူးတယ်မဟုတ်လား။

"ဒီလိုပါပဲ...အချစ်ဆုံးရဲ့ မေတ္တာမြစ်ထဲမှာ ပျော်နေတဲ့ ဝတ်ရည်ဟာ ကန္တာရလို ပူလောင်တဲ့ ဒီပီတောက်မြိုင်မှာ ဘယ်လိုခံစားနေရတယ်ဆိုတာ လှဲ့ချိုအမြင်ပါ၊ မျက်ရည်ပူထဲမှာ မလူးပ်ရှားနိုင်တဲ့ဘဝကို နှစ်ထားရတဲ့အဖြစ်ပါ သူငယ်ချင်းရယ်"

သည်တစ်ခါတော့ ဒေါက်တာရီလှဲ့ချိုပါ ဝိုင်းငိုမိတော့သည်။

"မငိုနဲ့လှဲ့ချို... ဝတ်ရည် ချစ်ရသူအပေါင်းဟာ ဝတ်ရည်ကြောင့် မပူရလောင်စေရဘူး။ ဝတ်ရည်ကသာ ကိုယ့်ချစ်ရသူ... ကြင်နာရသူတွေအတွက် ပူလောင်ပါစေ၊ ပင်ပန်းပါစေဆိုတဲ့ စေတနာမျိုး အမြဲရှိတဲ့ ဝတ်ရည်မှာမှ... အားလုံးကို ဒုက္ခပေးဖို့ချည်း ဖြစ်ဖြစ်နေရပါလားကွယ်"

ရီလှဲ့ချိုမှာ ရွှေဝတ်ရည်ကို ဖက်ငိုမိပြီးမှ သူကပြန်၍ အားတင်းလိုက်ရှာသည်။





"ကဲ... ဒီအိမ်မှာလည်း ဘာတွေမှန်းမသိဘူး။ ရှုပ်နေတာပဲ။ ဒီတော့ ဆေးရုံတက်ဖို့ စီစဉ်လိုက်ပါရစေ။ ဒီတစ်ခါ ငါ့စကားကို နားထောင်စမ်းပါ ဝတ်ရည်ရယ်နော်... ငါလည်း ဒီကို သိပ်မလာချင်ဘူး"

ရွှေဝတ်ရည်မှာ မျက်ရည်ပေါက်များ လိမ့်ဆင်းနေရင်းက ငြိမ်းညှင်းစွာ ခေါင်းညိတ်ပြရှာသည်။

"ဪ... ဝတ်ရည်ရဲ့ ရင်ထဲက စေတနာအတိုင်း ဘာမှ ဖြစ်ခွင့်ရတဲ့ ကံကြမ္မာရယ်...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၂ ။

မျက်ရည်ဝဲနေသော ဒေါက်တာရွှေဝတ်ရည်သို့ ဦးလွန်းတင်က ကြည့်လျက်...

ကြင်နာမှုများနှင့်ဝေဝိုင်နေရှာသော ဦးလွန်းတင်သို့ ဒေါက်တာရွှေဝတ်ရည်က ကြည့်ရင်းဖြင့် ရင်တွင်းခံစားမှုကိုယ်စီနှင့် စဉ်းစားနေမိကြခြင်းဖြစ်ပါ၏။

"ဝတ်ရည်စားဖို့ ဦးလေးဝယ်လာတယ်"

ပန်းသီးနှင့် ကိတ်မုန့်များကို ပေးပါ၏။

"ဟာ... ဦးလေးက လာတိုင်းဝယ်လာတာပဲ။ ဝတ်ရည်မှာ ပြည့်စုံနေပါတယ်။ မယူခဲ့ပါနဲ့၊ အားနာလို့ပါ"

"ပြည့်စုံတာ သိတယ်။ ဦးလေးရဲ့ စေတနာပါ"

"ကျေးဇူးတင်ပါတယ်...ဝတ်ရည်ရဲ့ ဒယ်ဒီဟာ မသမာနည်းနဲ့ စီးပွားရှာတာကလွဲလို့ ဝတ်ရည်ပေါ်မှာ ကောင်းခဲ့ရှာပါတယ်။ စပယ်ရှယ်(လ်)နပ်(စ) ငှားပေးထားပြီး လိုလေသေးမရှိအောင် ပို့ပေး





နေတာပါ"

"အေးကွယ်...ဘာပဲဖြစ်ဖြစ် ဦးလေး စိတ်မကောင်းပါဘူး။ အခုသူတို့နှစ်ယောက်လုံးကို ဖမ်းသွားတော့..."

"ဝတ်ရည် အိမ်ပြန်ရမယ်လေ"

"ဟုတ်ရဲ့လား"

"ဒက်ဒီက ဝတ်ရည်အိမ်မှာ ပြန်ပြီးအုပ်ချုပ်စီမံပါ၊ ရွှေဝတ်မှုန်ကောင်းလာရင်လည်း ဆုံးမထိန်းသိမ်းပါလို့ လူကြုံစကားနဲ့ ပြောခိုင်းလိုက်ပါတယ်"

"ဟုတ်တာပေါ့။ ဗန္ဓုည်းတွေက ရွှေဝတ်ရည်တို့ ညီအစ်မတစ်သက်စားမကုန်ပါဘူးလေ။ ရွှေဝတ်ရည်က မထနိုင်ဘူးဆိုပေမယ့် အိပ်ရာထဲက စီမံပေးနိုင်တာပဲ"

"အခု နိုင်ငံခြားက (Wheel Chair)ဘီးတပ်လှည်း မှာထားတာရောက်လာပါပြီ၊ အိမ်ထဲမှာ လှည်းနဲ့သွားနိုင်မယ်ဆိုရင် အဆင်နည်းနည်းပြေသွားမှာပေါ့လေ"

"ရွှေဝတ်ရည် ဘယ်တော့ ဆေးရုံကဆင်းမလဲ"

"ဝတ်ရည်သူငယ်ချင်း ဒေါက်တာရီလှဲ့ချို အားလုံးစီစဉ်ပေးနေပါတယ်။ ရောဂါကတော့ ဒီအတိုင်းနေမှာပါပဲ"

"ဘာရောဂါလဲ၊ ဘယ်လိုဖြစ်တာလဲ ဟင်"

"ဒီရောဂါကို ဝတ်ရည်တို့ ဆေးပညာအခေါ်အရ Paraplegia (ပါရာပလီးဂျီးယား)လို့ ခေါ်ပါတယ်။ Nerve Injury နဗ် အင်ဂျူရီ ဆိုတဲ့ အာရုံကြောထိခိုက်မှုပါ။



www.burmeseclassic.com

www.burmeseclassic.com



"မုဋ္ဌအားကျွန်းမြို့က အဝေးကမှာ ဝတ်ရည်တို့မော်တော် လှေကြောင်း အကြောင့် ရုတ်တရက် မှောက်သွားချိန်မှာ လှုလည်း လိမ့်ဆင်းသွားတယ်။ မော်တော်ပေါ်မှာပါတဲ့ ပစ္စည်းတွေလည်း သွန်ချလိုက်သလို ဖြစ်သွားရာက လေးလံမာကြောတဲ့ ပစ္စည်းတစ်ခု ဝတ်ရည်ရဲ့ခါးကို အရှိန်နဲ့ရိုက်မိခြင်း ခံလိုက်ရတယ်။

"လူ့ရဲ့ ခါးရိုးဟာ ငါးဆစ်ရှိပါတယ်။ ဝတ်ရည်ရဲ့ စတုတ္ထခါးရိုးကို ပြင်းပြင်းထန်ထန် ထိခိုက်သွားခြင်း ခံလိုက်ရတာပါ။ ဒါကြောင့် ချက်ချင်း ရေကူးလို့မရအောင် ဖြစ်သွားခဲ့ရပါတယ်။

"Spinal Jacket လို့ခေါ်တဲ့ ခါးရိုးထိန်းနည်းနဲ့လည်း ကုတယ်။ ဝတ်ရည်ရဲ့ ကြွက်သား(Muscles)မာဖယ်လ်တွေကိုလည်း လျှပ်စစ်နည်းနဲ့ နှိုးဆွတယ်။ လှုပ်ရှားမှု Exercise လည်း လုပ်ပေးကြပါတယ်။ ဝတ်ရည်က ဆရာဝန်ဆိုတော့ ဝတ်ရည် စိတ်ချမ်းသာအောင် အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ဝိုင်းလုပ်ပေးနေကြတာပါ။

"ဒါပေမယ့် ဦးလေးရယ်... ဝတ်ရည် ထင်ပါတယ်။ ဝတ်ရည်ရဲ့ ခါးရိုးထဲက ဦးနှောက်နဲ့ဆက်နေတဲ့ အာရုံကြော နဗ်(Nerve)ပြတ်သွားပြီ လို့...

"အဲဒီ နဗ် ပြတ်သွားရင် ပြန်ကောင်းဖို့ မလွယ်တော့ဘူးလေ"

"အို...ကွယ်..."

ရွှေဝတ်ရည်၏ ရှင်းပြချက်ကို တစ်ချိန်လုံး စောင့်ဆိုင်းနားထောင်နေရာမှ သူ့စကား နိဂုံးကြောင့် ရင်နင့်သံဖြင့် ဦးလွန်းတင် ညည်းညူလိုက်မိပါသည်။





"ပီတောက်မြိုင်ဆိုတဲ့ ခြံကျယ်ကြီးထဲမှာ ဘယ်မှ မသွားလာနိုင်တဲ့ အထီးကျန် ဒုက္ခသည်မဘဝနဲ့နေရင်း ဝတ်မှုန်ပြန်အလာကို စောင့်ရတော့မှာပဲ ဦးလေးရေ..."

"ရွှေဝတ်မှုန် မကြာခင်ပဲ ဆေးပြတ်ပြီး ပြန်ကောင်းလာပါစေလို့ ဆုတောင်းရတာပဲ"

တစ်ချိန်က ဖခင်ဟု အမည်ခံခဲ့ရဖူးသော ဦးလွန်းတင်၏ သံယောဇဉ်စကားလေးများပါ။

"ဝတ်မှုန်ဟာ ဆေးပြတ်ပြီး ရောဂါပျောက်ရုံတင် မဟုတ်ဘဲ သူ့ရင်ထဲမှာ 'နောင်တ'ဆိုတဲ့ အရာပါ အတူပါရှိလာစေချင်မိတယ်"

ဦးလွန်းတင်မှာ ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

သူ့တိုက်ပုံအင်္ကျီ၏ အတွင်းအိပ်မှာ အသေအချာ ထည့်ယူသိမ်းဆည်းလာခဲ့ရသော ပစ္စည်းလေးကို ဆွဲထုတ်ပြီး ရွှေဝတ်ရည်သို့ လှမ်းပေးလိုက်သည်။

"ဟင်...ဝတ်ရည်ရဲ့ ဝေသာလီဒင်္ဂါး ဆွဲကြိုးလေးပါလား"

ရွှေဝတ်ရည်က ကမ်းယူပြီး သူ့လည်တိုင်မှာ မြတ်နိုးစွာ ပြန်လည်ချိတ်ဆွဲလိုက်ပါ၏။ ဤဆွဲကြိုးကို လွန်ခဲ့သည့် တစ်လကျော်က ဦးစက်ရွှေကိုယ်တိုင် ခဏကြည့်ဖို့ တောင်းယူသွားခဲ့စဉ်က...

"ဒါဟာ သမီးရဲ့ဘဝမှတ်တမ်းအဖြစ်နဲ့ အမြတ်နိုးဆုံးပစ္စည်းလေးပါ ဒယ်ဒီ"

"ခဏလေးပါ၊ ပုံစံကြည့်ပြီး ပြန်ပေးပါ့မယ်"

ဆိုသော်လည်း ပြန်မရခဲ့။ ဖခင်နှင့် ဆုံရတိုင်း မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပေးမှာပါ၊ ခဏလေးနေပါဦး"

ဟု အမြဲပြောခဲ့လေ့ရှိရာမှ ယခု ပြန်ရတော့...

"ဒယ်ဒီက ဦးလေးကို ပြန်ပို့ခိုင်းလိုက်တာလား ဟင်... ဦးလေး"

"မဟုတ်ဘူး။ ဒီ ဆွဲကြိုးကို အခု ဘယ်သူ့ဆီက ရခဲ့တယ် ထင်သလဲ ရွှေဝတ်ရည်"

"ဘယ်သူ့ဆီကလဲ"

"အောင်ဦးသာ ဆီက..."

"ရှင်... ရှင်... သူ... သူ့ဆီက... ဟုတ်လား"

"ဟုတ်တယ်"

"ယူတုန်းက ဒယ်ဒီယူသွားတာ။ မောင်နဲ့ ဟို... သူနဲ့ ဒယ်ဒီနဲ့ ဘယ်လိုပတ်သက်လို့လဲ။ ဘယ်လိုကြောင့် သူ့ဆီ... အို... သူ... သူ ရန်ကုန်ရောက်နေသလားဟင်... သူ သိသွားပြီလား" -

ရွှေဝတ်ရည်မှာ ထိန်းသိမ်းဆင်ခြင်လေ့ရှိခြင်းဆိုသော ကျင့်စဉ် လမ်းမှ ခွဲထွက်ကာ လှုပ်ရှားလွန်းစွာဖြင့် ဆက်တိုက်မေးလာရှာသည်။

"ဟုတ်တယ်။ အောင်ဦးသာ ရန်ကုန်ရောက်နေတယ် ရွှေဝတ်ရည်"

"သူနဲ့ ဒယ်ဒီနဲ့ အို... ဝတ်ရည် သိချင်လှပါပြီရှင်"

ဆေးရုံပေါ်မှာ လပေါင်းများစွာ နေရရှာသော လူမှုရေး ပိတ်ဆို့ မှုကြောင့် ပြင်ပကိစ္စကို သိချင်ပုံမျိုးမှုကတော့။

ပိတ်ဆို့ထားရသော နှလုံးသားဝေဒနာ၏ တံခါးဝကို တစ်ချိန်တည်း ဖွင့်လှစ်ခြင်းခံလိုက်ရပါ၍ ရွှေဝတ်ရည် မထိန်းနိုင် မသိမ်းနိုင်ရှာ။

"ဒီလိုရွှေဝတ်ရည်၊ လွန်ခဲ့တဲ့ နှစ်လလောက်က အောင်ဦးသာ ဦးလေးဆီ လာတယ်"

"ဟင်...ဝတ်ရည်လည်း မသိခဲ့ရပါလား"

"ကလေးပဲ အသိမခံချင်ဘူးဆို"

"ဝတ်ရည်သတင်းသာ သူ မကြားစေချင်တာ၊ သူ့သတင်းတော့ ဝတ်ရည် ကြားချင်လှပါတယ်ရှင်"

အောင်ဦးသာမှာ ရွှေဝတ်ရည်အတွက် ခံစားချက်ပြင်းလွန်းစွာ ပြင်း ပြောဆိုပြီး သူ့အိမ်ပေါ်က ဆင်းသွားပြီးနောက် ဆေးရုံသို့ တစ်ခေါက်ရောက်ခဲ့ပါသော်လည်း ဦးလွန်းတင် မပြောပြမိခဲ့။ ရွှေဝတ်ရည်ပေါ် ထားရှိသော ဂရုဏာ သက်သက်ကြောင့်ပါ။

"ဒီလိုပါ ရွှေဝတ်ရည်၊ အောင်ဦးသာ အဲဒီတစ်ခေါက်ရောက်ပြီး ထွက်သွားလိုက်တာ စနေနေ့ကမှ သူပြန်ပေါ်လာခဲ့တယ်၊ အဲဒီဆွဲကြိုး ကလေးကို ဆုပ်ကိုင်လို့"

သိချင်လွန်းစိတ်ဖြင့် အသက်ရှုရပ်မတတ် ကြောင်ကြောင်လေး စိုက်ကြည့်နေပုံက မေးနေသည်ထက်ပင် သူ့သိချင်စိတ်ကို ပိုမိုဖော်ပြ နေပါ၏။

"ဦးလေး သိတာ... အေးလေ... သိတာဆိုတာထက် ပြောနိုင်တာ တစ်ခုပဲရှိတယ်"

"ဘာကိုလဲရှင်"







www.burmeseclassic.com

www.burmeseclassic.com



"ဦးစက်ရွှေဟာ အဲဒီဆွဲကြိုးကို သူ့အဖွဲ့ တစ်ဦးဦးနဲ့ ဆက်သွ
ပြီး တာချီလိတ်ကို ပို့ခဲ့တယ်။ ရွှေဝတ်မှုန်ကို ဆွဲထားစေခဲ့တယ်

"ရှင်"

"ရွှေဝတ်မှုန်ကို ရွှေဝတ်ရည်လို့ ယုံကြည် လက်ခံစေတဲ့နည်း
သူသုံးခဲ့လိမ့်မယ်၊ ပြီးတော့... အောင်ဦးသာကို တာချီလိတ် လွှတ်
တယ်"

"ဟာ..."

"ရွှေဝတ်မှုန်ကို ရွှေဝတ်ရည်အထင်နဲ့ အောင်ဦးသာ
တာချီလိတ်ကနေပြီ ခဲခဲယဉ်းယဉ်း ရန်ကုန်ကို ခေါ်လာခဲ့ရရှာတာ
ကွယ်"

"အမယ်လေး..."

"ဦးလေးပြောနိုင်တာ ဒါပဲ ရွှေဝတ်ရည်ရေ"

"ဒယ်ဒီဟာ သိပ်ဉာဏ်သွားတယ်။ သူ မောင့်ကို အသုံးချ
မြောက်ဦးမြို့မှ တာချီလိတ်အထိ ခိုင်းခဲ့တယ်လား။ မောင် အခိုင်းခံ
တယ်လား... ဟုတ်လားဟင်"

"ဒါ... ဒါ... ဖြင့် ဝတ်ရည် မသေသေးဘူးလို့ သူ ထင်လို့
ယုံလို့ပေါ့နော်"

"အင်းပေါ့ကွယ်"

"အ... အခုတော့... အခုတော့ရော သူသိသွားပြီလား"

"ရွှေဝတ်မှုန်ဟာ ရွှေဝတ်ရည် မဟုတ်ဘူးဆိုတာတော့ သ
သိသွားပါပြီ။ ဒါပေမယ့် ဒီဝေသာလီ ဆွဲကြိုးလေးကြောင့် ရွှေဝတ်ရ





အသက်ထင်ရှား ရှိနေလေဦးမလားဆိုတဲ့ မျှော်လင့်ချက်ကြီးတော့ သူ့
ရင်ထဲမှာ ရှိနေရှာတယ်"

"မောင်ရေ...မမရဲ့ အသဲလေးရယ်"

ရင်ထဲမှ အော်မြည်ရင်း ရွှေဝတ်ရည်၏ ပိုမိုပူလောင်သော
မျက်ရည်များက ကျဆင်းလာတော့သည်။

"ရွှေဝတ်ရည်"

"ရှင်"

"အောင်ဦးသာနှစ်ခေါက်လာတယ်။ ဒုတိယခေါက်မှာ ဒီဆွဲကြိုး
ပါလာလို့ ဦးလေးတောင်းယူပြီး လာပို့တယ်။ ဦးလေး သိရတာရယ်၊
ပြောနိုင်တာရယ်၊ ဆောင်ရွက်ပေးနိုင်တာရယ်ဟာ ဒါအကုန်ပါပဲလေ။
သူငယ်တွေရဲ့ ခံစားမှု၊ လျှို့ဝှက်မှုထဲမှာ ဦးလေး မပါပါရစေနဲ့။ ရွှေဝတ်
ရည် ကိုယ်တိုင်ကလည်း ကတိတောင်းထားတယ်မဟုတ်လား"

"ဟုတ်...ပါ...တယ်"

"တကယ်လို့များ ဒီထက်ပိုပြီး သိချင်၊ ကြားချင်တယ်ဆိုရင်
အာယက်ရှင်တစ်ဦးဖြစ်တဲ့ နုမြခိုင်လည်း ရန်ကုန်ရောက်နေတယ်"

"ဟုတ်လား... ဝတ်ရည် ခိုင့်ကိုတွေ့ချင်လိုက်တာ။ သူ ဘယ်မှာ
လဲဟင်"

"နုမြခိုင်လည်း ဦးလေးဆီ ရောက်လာရှာတယ်။ သူတို့လည်း
အောင်ဦးသာ ပျောက်သွားတဲ့အတွက် သောကတွေ ပင်ပန်းစေလို့
ပေါ့။ ခုတော့လည်း အားလုံး ပြန်ဆုံဆည်းမိကြလို့ စိတ်အေးကြပြီ
ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဦးမြို့တွင် ခင်မင်ခဲ့ပြီး... သူ့ကို ရှာယူရန် လွယ်ကူသော အနုပညာရှင် ဦးလွန်းတင်ထံသို့ နုမြခိုင်လည်း ရောက်ရှိလာသည် ရောက်ရှိနေကြခြင်း အကြောင်းရင်းကိုလည်း ပြောပြသည်၊ နုမြခိုင်၏ ရွှေဝတ်ရည် သေဆုံးလေပြီဟု သံသယမဲ့စွာ ယုံကြည်နေရှာပါ၏ အောင်ဦးသာအတွက် အသည်း၊ အသက်နှင့် စက်လဲပေးရဲလော အောင် ချစ်မြတ်နိုးစွာဖြင့် သနားနေမိသူဟူသော ဦးလွန်းတင်၏ ပြောပြချက်များထဲမှ စကားတစ်စုသည် အားလုံးထက် ကျယ်လောင်စွာ ရွှေဝတ်ရည်၏ နှလုံးသားရင်ပြင်ကို လာရောက် တီးခတ်နေသည် သို့ပါ။

"ခုတော့လည်း အားလုံး ပြန်ဆုံဆည်းမိကြလို့ စိတ်အေးကြည် ထင်ပါရဲ့"

ဦးလွန်းတင်မှာ စိတ်မကောင်းသည့် အကြောင်းရာများကို ထပ်ထပ်ခါခါ ပြောဆို၍... နှုတ်ဆက်လျက် သူ့ခုတင်ဆောင်မှ ထွက်သွား သွားပြီးသည့်တိုင် ဤပုံတင်သံများက အနားမှာ ကျန်နေရစ်သည်။

"မောင်လေးရေ... အောင်ဦးသာ၊ အို...မမရဲ့ အသဲလေးရယ်"

"မမ လွမ်းလှပြီ... တွေ့ချင်လှပြီ၊ ဒီဘဝနဲ့ မောင်လေးရင်ခွင် ထဲကို ပြန်ဝင်ရမလား"

"ဒါမှမဟုတ်...နုမြခိုင် ဘဝထဲကို မင်းလေး ဝင်ဖြစ်စေရအောင် လုပ်ရမလား"

မမ ဘာလုပ်ရမလဲ...

မမ ဘာလုပ်သင့်သလဲ အချစ်ရယ်...





မြောက်ဦးမြို့တွင် ချစ်ကြင်ဦးစ, ကာလများဆီက ကြည်နူးခြင်းရသ၊ မြတ်နိုးယုယခြင်း ခံရသော 'တပ်မက်ဖွယ် အချစ်ဇာတ်ကလေးများ'ကို ပြန်လည်လွမ်းဆွတ်ရင်းဖြင့် ချစ်ခင်ပွန်းသို့ တမ်းတမျက်ရည်များသည်...ရွှေဝတ်ရည်၏ မျက်ဝန်းမှာ အိုင်ထွန်းလျက်...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၃ ။

ငှဝါရောင် လင်းလွင်းတောက်တောက်တို့ဖြင့် ပင်လုံးညွတ်ပွင့်နေခဲ့ရာမှ ညှိုးရော်နွမ်းကြွေနေလေပြီ။

ငုပွင့်ဖတ်တို့သည် အနှင်းခံဘဝဖြင့် မြေပြင်မှာ ပြန့်ပြန့်ကျဲနေပေသည်။

ရွက်စိမ်းတို့ကြွေ၍ အပွင့်မဝေနိုင်သော ငုပင်ကြီးမှာ ရိုးတံပြိုင်းပြိုင်းဖြင့် နေ့နေ့အောက်မှာ အထီးကျန်နေပါ၏။

အပွင့်နှင့်အရွက်တို့က စွန့်ခွာသွားကြသော်လည်း သူ့ဘဝက လိုက်လံပျက်ကြွခွင့်မရ။ အပူဒဏ်ကို အလူးလူးအလဲလဲ ခံယူရင်းဖြင့် ညှိုးခြောက်သည်ထက် ညှိုးခြောက်နေပါ၏။

"ဩော်... သက်မဲ့ ငုရယ်၊ ငါ့ဘဝနဲ့ တူလိုက်တာကွယ်"

ဒေါက်တာရွှေဝတ်ရည်မှာ ဘီးတပ်ကုလားထိုင်ကို ကိုယ်တိုင်တွန်းရွေ့ရင်း နေပူပူအောက်မှ ငုပင်ကြီးကို မော့ကြည့်နေမိရာက နှုတ်မှ ပွင့်ကျသွားအောင်ပင် နှိုင်းယှဉ် တင်စားလိုက်မိသည်။





"ပိတောက်မြိုင်"

ဆိုသော သိန်းချီတန်သည့် ခြံနှင့် တိုက်သစ်ကြီး၏ အရှင်သခင်မ ဖြစ်နေရသော်လည်း...

ဘဝလည်း သေ၍... နှလုံးသားလည်း ကြွေနေရသော ဖြစ်စပါ...

တိုက်၏ ဆောင် အရိပ်ကျသောနေရာတွင် ထိုင်ရင်း ပူပြင်းသော နေရောင်အောက်မှ သစ်ခြောက်ပင်များကို ငေးကြည့်နေမိဆဲ...

"ဟာ...ဟိုမှာ..."

ခြံဝတွင် ရပ်လာသော လူရိပ်ကို သူ့အရင် စတင်မြင်လိုက်ရသဖြင့် ဘီးတပ်လှည်းကို သူကိုယ်တိုင် နောက်ဖေးဘက်သို့ တွန်းလှည့်ပြေးလာသည်။ ဒုက္ခိတမို့ စိတ်ရှိသလောက် ခရီးက မတွင်။

"နန်းမူ နန်းမူရေ"

အလန့်တကြား အော်သံကြောင့် ရွှေဝတ်ရည်၏ သီးသန့်သူနာပြုဖော် ကရင်မလေး ပြေးလာသည်။

"မမကို စည့်ခန်းမြန်မြန်ပို့စမ်း၊ ဒီလှည်းကိုလည်း ဝှက်လိုက်"

ခွန်အားကောင်းသော 'နော်နန်းမူ'က ပိန်သွယ်နေသော ရွှေဝတ်ရည်ကို ပွေ့ချီပြီး စည့်ခန်းရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် တင်ထားပေးလိုက်သည်။

"မောင်အုံးရေ၊ တံခါးဖွင့်လိုက်၊ ငါ ဒီလိုဖြစ်နေတာ လုံးဝ သိစေချင်ဘူးနော်"

"ဒီမှာ နော်နန်းမူ၊ မမ အကောင်းလို ဟန်လုပ်နေမှာ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာမှ မချွတ်ယွင်းကြပါစေနဲ့နော်"

အလန့်တကြား အလောတကြီး မှာကြားရသည်။

"စိတ်ချပါ မမ"

နော်နန်းမူက သူ့သခင်မကို ချစ်ခင်လေးစားစွာ ကြည့်ပြီး ဝင်လာသော ဧည့်သည်များကို သူမျှော်ကြည့်လိုက်သည်။ အမျိုးသား ကြီး တစ်ဦးနှင့် အရပ်မြင့်မြင့်၊ ညိုညိုချောချော မိန်းကလေး တစ်ယောက်။

"လာလေ...ခိုင်ရယ်"

ရုပ်တုတစ်ခုလို လှုပ်ရှားမှုများ ရပ်ဆိုင်းသွားသော နုမြခိုင်ကို ရွှေဝတ်ရည်က ဖိတ်ခေါ်လိုက်ပြီသည်။ သူ့ဘေးမှာ မျက်နှာပျက်နေ သော ဦးလွန်းတင်...

"ခိုင်... သူငယ်ချင်း သိပ်အံ့ဩနေတယ်လား"

"ရွှေဝတ်ရည်က ရက်လပေါင်းများစွာ မပြုလုပ်ခဲ့မိသော အလှ တစ်ခုကို ကြိုးစားပန်းစား ပြုလုပ်၍ နုမြခိုင်ကို ပြောလိုက်သည်။ ရွှေဝတ်ရည်၏ ဟန်ဆောင်မှု အပြုံးပါ။

"ဝတ်ရည်၊ အို... ကြည့်စမ်း၊ တ...တကယ်ပဲ ဒီပိတောက်မြိုင် ထဲမှာ၊ မင်းရှိနေတယ်။ ဟာ... ဝတ်ရည်ရယ်"

နုမြခိုင်က လှုပ်ရှားခြင်းကင်းမဲ့စွာ ရပ်နေရာမှ တဟုန်ထိုး ပြေးလာပြီး ရွှေဝတ်ရည်ကို လှမ်းဖက်လိုက်သည်။

ခံစားမှုမရှိသော ကိုယ်ခန္ဓာအောက်ပိုင်းက မလှုပ်ရှားနိုင်သော် လည်း လက်များက နုမြခိုင်ကို ပြန်လည် ဖက်တွယ်နိုင်ပါ၏။





နုမြခိုင်က ကျောခိုင်းအနေထား။

ရွှေဝတ်ရည်က မျက်နှာမူထားသော နေရာတွင် ဦးလွန်းတင် ရပ်နေပါ၍ မေးဆက်ပြပြီး မေးမိသည်။

"ရွှေဝတ်ရည်က တွေ့ချင်တယ်ဆိုလို့ ခေါ်လာပေးတာ"

ဦးလွန်းတင်က ခေါင်းခါရင်း ပြောသည်။ 'သူ့ကိုဘာမှ ပြော မထားပါ'ဟူသော အဓိပ္ပာယ်ပါ။

"ဝတ်ရည်... ဝတ်ရည်ရယ်... ဘာအဓိပ္ပာယ်နဲ့ ဒီလို လုပ်နေ တာလဲဟင်"

နုမြခိုင်က ရွှေဝတ်ရည်၏ ပခုံးနှစ်ဘက်ကို မချိုင့်မရဲနှင့် လှုပ်ကိုင်ဆွဲခါပြီး မေးရှာပါ၏။

"ထိုင်ပါ ခိုင်၊ ထိုင်ပါဦး။ အေးအေးဆေးဆေး ဆွေးနွေးချင်လို့ တမင်ခေါ်ခိုင်းရတာပါ"

နုမြခိုင်မှာ အံ့ဩလန့်ကြောက်လွန်းသူတစ်ယောက် အကြောက် မပြေသေးသလို တုန်တုန်ယင်ယင်ဖြင့် ရွှေဝတ်ရည်၏ ဘေးတွင် ဝင်ထိုင်သည်။

"ရွှေဝတ်ရည်က ဦးလေးကို ခေါ်ခိုင်းပြီး ပြောတယ် မဟုတ် လား။ ဘာမှမပြောခဲ့ဘဲ နုမြခိုင်ကို ခေါ်လာပေးဖို့"

"ဟုတ်ကဲ့..."

"ဦးလေးတောင် မသွားရသေးဘူး။ သူလာနှုတ်ဆက်တာနဲ့ အတော်ပဲ၊ တစ်ခါတည်းခေါ်လာခဲ့တယ်။ ဒီအိမ်ရှေ့ရောက်မှ ရွှေဝတ် ရည်အတွက် သိပ်ပြီး မလှုပ်ရှားပါနဲ့။ သူရှိနေတယ်လို့ ဒီတစ်ခွန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခေါ်လာခဲ့တာ။ သူက ယုံတောင်မယုံဘူး။ ဒီလိုတွေ့ရလိမ့်မယ်လို့လည်း မထင်ဘူး။ အိပ်ခန်းထဲမှာပဲ ရှိနေမယ်ထင်မိတာ"

"ဝတ်ရည် လုပ်ပုံက အိပ်မက်မဆန်လွန်းဘူးလား။ စိတ်ကူးမယဉ်လွန်းဘူးလား။ အို… မရက်စက်လွန်းဘူးလား… ဦးလေးရဲ့ဟင်…"

ခံစားမှု ပြင်းနေသော နုမြခိုင်က ဦးလွန်းတင်သို့ တိုင်တည်၍ ပြောနေပါ၏။ သူ့အသံများက လှိုက်လှိုက်ခုန်နေသည်။

ငိုနေသော နုမြခိုင်ကိုလည်း မကြည့်ရက်ပါ။ ရှိုက်ငိုမှုကို ထိန်းချုပ်ထားရသဖြင့် ပိုမိုခံစားနေရရှာသော ဒေါက်တာရွှေဝတ်ရည်၏ အဖြစ်ကို သူက ပိုမို၍ပင် မကြည့်ချင်၊ မမြင်ရက်တော့ပါ၍…

"ကဲ… မင်းတို့ သူငယ်ချင်းနှစ်ယောက်သာ ဆွေးနွေးကြပါတော့ကွာ၊ ဦးလေး ပြန်ပါရစေတော့"

စကားမဆုံးမီ ဤမိန်းမလှလေး နှစ်ယောက်နှင့် သူတို့၏ မျက်ရည်များကို ကျောခိုင်း၍ ဦးလွန်းတင် ထွက်လာခဲ့သည်။ ငှားလာသော တက္ကစီဖြင့် သူပြန်နှင့်တော့မည်။

လာစဉ်က နုလို ရုတ်တရက်ကြီး လှည့်ပြန်ဖို့ မရည်ရွယ်ပါ။ ရွှေဝတ်ရည်က စာရေးပြီး ကားလွှတ်၍ သူ့ကိုခေါ်ခိုင်းသည်။ ပြီးတော့… အောင်ဦးသာ၏ အကြောင်းများကို သနားစရာကောင်း လောက်အောင် သပ်ခါတလဲ မေးရှာပါ၏။ ပြီးတော့ နုမြခိုင်ကို သူ့ထံ ခေါ်လာပေးပါရန် ပန်ကြားရှာသည်။ ညနေမှ သွားချိန်းပြီး ရွှေဝတ်ရည်သို့ ကျိုတင်အကြောင်းကြားမည်ဟု ကြံရွယ်ထားခဲ့သည်။ ယခု အပြင်သို့





ကိစ္စတစ်ခုနှင့် ထွက်ခါနီးဆဲဆဲတွင် နုမြခိုင် ရောက်လာသည်။ နောက်ရက်မှာ အချိန်မရတော့ပါဆို၍ ငှားထားသော တက္ကစီနှင့်ပင် နုမြခိုင်ကို ခေါ်လာခဲ့ရခြင်းပါ။

ယခင်တစ်ခေါက် အောင်ဦးသာနှင့်အတူ ဦးလွန်းတင်ထံ ရောက်လာခဲ့ဖူးသည်။ ယနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သူတစ်ယောက်တည်း လာရောက်နှုတ်ဆက်သည်။ မြောက်ဦး မပြန်မီ သူပြန်ပေးမိခဲ့သော ဝေသာလီဆွဲကြိုးလေး ယခု ပြန်လာတောင်းတာပါ။ အောင်ဦးသာက တောင်းခိုင်းလို့ပါဟု ဆိုပါ၏။

မထူးတော့၍ တစ်ခါတည်း ခေါ်လာခဲ့ရခြင်းပါ။

ရွှေဝတ်ရည်၏ ရင်တွင်းမှ ရည်ရွယ်ချက်နှင့် ဆန္ဒမှန်ကို သူမသိပါ။ သူတို့ချင်း မည်သို့ ရှင်းကြမည်ဆိုသည်ကို သိလိုစိတ် ရှိမိသည် မှန်သော်လည်း ယခုလို မြင်ကွင်းမျိုးကို သူမကြည့်ရက်တော့။

လူငယ်များ၏ လှို့ဝှက်လွန်းသော မေတ္တာတရား၏ သိမ်မွေ့နက်ရှိုင်းလွန်းမှုကိုလည်း သူ နားမလည်ချင်တော့။

တစ်ချိန်က ကိုယ်တိုင် ခံစားရမှုများဖြင့် ဤပိတောက်မြိုင်ကို ကျောခိုင်းခဲ့ရသည်။

ယခု နောက်ထပ်မျိုးဆက်သစ်ရွယ် လူငယ်တို့၏ ကြေကွဲဖွယ် ခံစားချက်များကို မကြည့်ရက်၍ ကျောခိုင်းလျက် ပိတောက်မြိုင်မြေမှ ဆေးရာသို့ ပန်းချီ အနုပညာရှင်ကြီး ဦးလွန်းတင်မှာ ထွက်ခွာလာခဲ့ပြီတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွင်း၌မူ...

"ရင်ဖွင့်ခွင့်ရသူနှင့်..."

"မဖွင့်ဟရဲဘဲ ထိန်းချုပ် သိမ်းဆည်းထားရသူ"

မိန်းမငယ်နှစ်ဦးတို့မှာ...

"ပြောစမ်းပါ ဝတ်ရည်ရဲ့။ မင်းအတွက် အသည်းတွေကြွေနေတဲ့ အောင်ဦးသာပေါ်မှာ ဘာကြောင့် ဒီလောက် ထိအောင် ရက်စက်ထားရတာလဲ။ ဟိုမှာ သေတော့မယ်... သိရဲ့လား"

ကျယ်ဝန်းခမ်းနားလွန်းသော တိုက်ကြီးအတွင်းမှာ အခန့်သား ထိုင်နေသော ရွှေဝတ်ရည်ကိုကြည့်ပြီး အောင်ဦးသာဘက်မှ နာနာကျည်းကျည်း ပြောမိသည်။ နုမြခိုင်၏ ရင်တွင်းမှာ ခံပြင်းလွန်းစိတ်က လျှံနေသည်။

သူ့လှုပ်ရှားခြင်းများ၊ ခံပြင်းမှုများ၊ ရက်စက်လွန်းသည်ဟူသော ထင်မြင်ချက်များအားလုံးမှာ...

နုမြခိုင်သည် အောင်ဦးသာအတွက်...အောင်ဦးသာဘက်က မည်မျှရှိနေသည်။ မည်သို့ သနားနေသည်။ အဘယ်မျှ ချစ်နေသည် ဆိုသော မြင့်မားသည့် ခံစားချက်များကို တိုင်းတာပြနေသည်သို့ပါ...

"ဟိတ်... ဒါ ဘာလုပ်တာလဲ ခိုင်... သူ့ဆီကို ဆက်မလို့ မဟုတ်လား"

"ဟုတ်တယ်၊ အောင်ဦးသာ့ကို ခုချက်ချင်း လာခဲ့ခိုင်းမလို့"

တယ်လီဖုန်းနံပါတ်များကို စတင်လှည့်နေပြီဖြစ်သော နုမြခိုင်ထံသို့ သူမသွားနိုင်... မတားဆီးနိုင်။





ဒုက္ခိတဘဝရောက်မှ သည်တစ်ခါလောက် စိတ်ဆင်းရဲစွာ ချောက်ချားရပုံမျိုး မကြုံဘူးခဲ့ရသေး။

"နော်နန်းမူ... နန်းမူရေ... သူ... သူ"

ကြိုး၍ လက်ညှိုးညွှန်ပြလိုက်သည်။ ဘာစကားမှ ဆက်မပြောနိုင်...

ဂဏန်းငါးလုံးလှည့်ပြီးပြီ။ တဘက်သို့ ခေါ်မြည်နေချိန်လောက်မှာ နော်နန်းမူက အခန်းထောင့်မှ ခလုတ်ကို ပိတ်လိုက်နိုင်သည်။ တယ်လီဖုန်း လုံးဝဆက်သွယ်ခွင့်မရအောင် ခလုတ်တစ်ခု တပ်ဆင်ထားကြောင်း နော်နန်းမူသိသည်။ လက်ရှိဖြစ်ရပ်ကိုလည်း ရိပ်မိသည်။ ပါးနပ်အားကိုးရသော နော်နန်းမူသို့ ကျေးဇူးတင်လှကြောင်း မျက်ဝန်းဖြင့်ပင် ကြည့်မိပါသည်။

"ကြည့်စမ်းပါဦး ဝတ်ရည်ရယ်... မင်းလုပ်ရပ်တွေက မလွန်လွန်းဘူးလား"

တယ်လီဖုန်းလိုင်း ပိတ်လိုက်မှန်းသိသော နုမြခိုင်က တယ်လီဖုန်းကို ခပ်ကြမ်းကြမ်း ချလိုက်ပြီး ရွှေဝတ်ရည်၏ မျက်နှာချင်းဆိုင် နေရာမှာ သူဝင်ထိုင်လိုက်သည်။ အတူမထိုင်တော့။ အချစ်ဆုံး သူငယ်ချင်း၏ လုပ်ရပ်အတွက် သိပ်စိတ်ပျက်သွားကြောင်း မြင်ရသည်။ သဘောထားကောင်း၍ ဒေါသကင်းသော နုမြခိုင်မှာ ရွှေဝတ်ရည်သို့ နည်းနည်းလေးမှ မကျေနပ် ပါသော်လည်း သူ ဘာစကားမှ မပြောတော့ရှာပါ။

"ခိုင်...သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



နုမြခိုင်က ရွှေဝတ်ရည် ဘာပြောမလဲဟုသာ စောင့်ကြည့်နေသည်။ သူဘာမှ ပြောချင်ပုံမရတော့။

"ဝတ်ရည် အောင်ဦးသာကို ဘာကြောင့် ပုန်းနေလဲသိလားဟင်.."

အသံလေးများ တုန်လှိုက်လာသည်။ ငိုသံပါလာသော်လည်း နုမြခိုင်က ငေးကြည့်ရင်းသာ စောင့်စားနေသည်။ ဘာစကားမှ ဝင်မထောက်မပေး။

"ချစ်လို့...သူ့ကို ဝတ်ရည် သိပ်ချစ်လို့"

မျက်ရည်စက်တို့ ကြွေလာသည်။

"ခိုင်မယုံဘူး ဝတ်ရည်၊ ကိုယ့်ချစ်သူအတွက် ကိုယ့်ဘက်က အနစ်နာခံပေးနိုင်ခြင်းနဲ့သာ အချစ်ရဲ့သက်သေကို ပြကြရစမြဲပါ။ များများချစ်လေ၊ များများအနစ်နာခံနိုင်လေသာ ဖြစ်ရမှာပေါ့..."

နုမြခိုင်က သူ့ကိုယ်သူလည်း ရည်ညွှန်းသည်။ ရွှေဝတ်ရည် ဘာမှမသိပါဟုသာ သူကသိနေရှာသူ...

"ဩော်... ခိုင်ရယ်... ခိုင့်စကားအတိုင်း ဝတ်ရည်လေ မောင့်ကို သိပ်ချစ်လို့ အများကြီး အနစ်နာခံပေးနေတာပါရှင်"

နုမြခိုင်သို့ ကြေကွဲစွာကြည့်ရင်း ရင်တွင်းမှပြောနေမိသည်။ မျက်ရည်တို့ ထပ်မကြွေပါစေရန် နာကျင်သော နှလုံးသားတွင်းမှာ ဆို့ပိတ်သိမ်းဆည်းထားရပါ၏။

နုမြခိုင်က သူ့စကားကိုဆက်သည်။





"ခုတော့...ဝတ်ရည်က ကိုယ့်တိုက်ကြီးမှာ ပြန်လာနေတာ သူ့ကို ချစ်ရာရောက်ပါ့မလား။ အောင်ဦးသာဆိုတဲ့ ခိုင့်မောင်လေးဟာ ဝတ်ရည်ထက် ဆင်းရဲလို့ မဟုတ်လား။ ဘွဲ့မရတဲ့ အလုပ်မရှိတဲ့ တောသားလေးမို့ မဟုတ်လားဟင်"

"ဩော်... ခိုင်ရယ်"

"အောင်ဦးသာအဖြစ်ကို ဝတ်ရည် မြင်ရရင် ဒီလိုနေရက်မှာ မဟုတ်ဘူး။ သူ့ကို ဒီလိုပစ်ထားရက်မှာ မဟုတ်ဘူး"

ခံပြင်းနေသော နုမြခိုင် မာန်မတင်းနိုင်တော့ပါ၊ ပြောရင်း သူ့ငိုချလိုက်ပြန်တော့သည်။

ငိုရှိုက်ခွင့်ရသူထက် ငိုရှိုက်မှုကို ထိန်းထားရသူက ပို၍ပင်ပန်းလှပါကြောင်း ခံစားဖူးသူတို့သာ စာနာတတ်ပါလေမည်။

နုမြခိုင်ကတော့ ဘာမှမသိရှာ။ ဆက်လက်၍သာ ငုံ့ပြီး ငိုရှိုက်နေရှာသည်။

"ခိုင်တို့ ဘယ်တုန်းက ရောက်နေကြတာလဲ"

"ကြာပါပြီ"

"ဒီက သတင်းတွေကြားတယ် နော်"

"သတင်းစာထဲမှာတွေ့တယ်။ ဟိုဘက်ခြံက ခိုင်တို့အကြီးလည်း ပြောင်းသွားတော့ ဒီဘက်ကို မရောက်ဘူးလေ၊ မြို့ထဲနဲ့ ဆေးရုံနဲ့ပဲ အချိန်ကုန်နေတာပဲ"

"ဒေါ်ကျက်ရုံးဖြူကို ဆေး--လာကုတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ဝတ်ရည် ဒယ်ဒီ့သတင်းကြားရတာလည်း စိတ်မကောင်းပါဘူး။ ခု ဝတ်ရည်တစ်ယောက်တည်းလား"

နုမြခိုင်က မျက်ရည်များသုတ်ပြီး မေးပါ၏။ ဦးစက်ရွှေနှင့် ဒေါ်မြင့်မာဦးတို့ အဖမ်းခံရခြင်းမှာ အောင်ဦးသာ၏ တိုင်တန်းမှုကြောင့်ဟု နုမြခိုင် မသိယောင်ဆောင်နေရပါ၏။

ရွှေဝတ်ရည်လည်း သည်အိမ်ရောက်မှ ဒယ်ဒီ၏ တပည့်များ ပြောပြမှုကြောင့် အောင်ဦးသာ၏ တိုင်ချက်ဖြစ်ကြောင်း သိခွင့်ရခဲ့သည်။

ဖခင်ကို သနားပါသော်လည်း အချစ်ဆုံးကို အပြစ်မယူရက်ပါ။ သူမတိုင်တန်းခဲ့လျှင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မကောင်းမှု၏ ဒဏ်ကို ခံရမည်ဖြစ်ကြောင်း ရွှေဝတ်ရည် တရားနှင့်ဖြေသိမ့်ပြီးသားပါ...

"ခု ဒီအိမ်မှာ ဝတ်ရည်တစ်ယောက်တည်းလား"

ငိုင်နေသော ရွှေဝတ်ရည်ကို နုမြခိုင်က ထပ်ဆင့်မေးလာ၍ ခေါင်းညိတ်ပြလိုက်ရပါ၏။

"အခု ဆေးရုံမှာ လုပ်နေလား၊ သမဝါယမ ဆေးခန်းပဲ ထိုင်သလားဟင်"

ဆေးရုံ၊ ဆေးတိုက်နှင့် လူနာများဆိုသော ရွှေဝတ်ရည်၏ ကြင်နာခင်တွယ်ရသူများအကြောင်း ကြားလာရခြင်းကြောင့် ဝမ်းနည်းရလွန်းစိတ်တို့ ဖြစ်ထွန်းလာရပါသော်လည်း...

"ခိုင့်ကို ဝတ်ရည် တွေ့ချင်တာ အကြောင်းရှိပါတယ် ခိုင်"





လိုရင်းကိုသာ ပြောချင်လာသည်။ ကိုယ်ခန္ဓာ ချွတ်ယွင်းမှုရင်တွင်းမှ မျိုသိပ်ထားရချက်များ ကြာလျှင် ပေါ်သွားမှာ စိုးရိမ်လာမိသည်။

"ဘာလဲ ဝတ်ရည်"

"အောင်ဦးသာတို့ မိသားစုအကြောင်း ဝတ်ရည် သိချင်တယ်။ အထူးသဖြင့် ဒေါ်ကျက်ရုံးဖြူရဲ့ အခြေအနေ..."

နုမြခိုင်က အံ့သြစွာ ကြည့်လိုက်သည်။

"ဝတ်ရည် တကယ်သိသင့်တာက အောင်ဦးသာအကြောင်း တစ်ခုတည်း မဟုတ်ဘူးလား"

"ခိုင်"

"ဟင်..."

"ဝတ်ရည်မေးတာသာ ဖြေစမ်းပါ"

"အို... ခိုင်မေးတာ အရင်ဖြေပါလေ။ တစ်နှစ်ကျော်လုံး ဝတ်ရည်ဟာ ဘာလို့ ဘဝဖျောက်ထားရတာလဲ။ ခိုင် မေးသလို အောင်ဦးသာဟာ နိမ့်ကျလို့ စိတ်ပျက်သွားတာလား ဟင်...။ ဘာလို့ ဒီလိုလုပ်ထားရတာလဲ"

"ပြောမယ် ခိုင်၊ ဒါပေမယ့် ဝတ်ရည်မေးတာတွေ ဖြေပြီးမှ ဝတ်ရည် ပြောနိုင်မယ်"

"အို..."

"ဒီအဖြေတွေ သိရပြီးမှ... မောင့်ဘဝထဲကို ဝတ်ရည် ပြန်နိုဝင်သင့် မဝင်သင့် ဆုံးဖြတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နုမြခိုင်၏ မျက်လုံးလေးများ ဝိုင်းသွားသည်။

မနက်ဖန် လေယာဉ်နှင့် သူတို့မိသားစုလေးဦး ပြန်လည် ဆုံဆည်းပေါင်းဆုံကာ မြောက်ဦးမြို့သို့ ပြန်ကြတော့မည်။ လေယာဉ် လက်မှတ်လည်း ဝယ်ယူပြီးပါပြီ။

အောင်ဦးသာမှာ... တာချီလိတ်မှ ပြန်ရောက်ပြီးမှ နည်းနည်း တော့ စိတ်လျှော့သွားပုံရသည်။ သူ့ရင်မှာ ခေါင်းကပ် ငိုကြွေးသည့် နေ့လေးတစ်နေ့ကို ချက်ချင်း ပြန်လည်သတိရလာသည်။

ထာဝရ ပိုင်ဆိုင်ခြင်းဖြင့် သူ့ရင်တွင်းသို့ ဝင်လာမည့်ဆဲဆဲ ရတနာလေးကို ပိုင်ရှင်လက်သို့ ပြန်ပေးရတော့မည့် ဧနက်တိုဖွယ် ခံစားမှုမျိုး သူ့ရင်မှာ ရုတ်တရက် ဖြစ်ထွန်းလာပြီးမှ...

"အို...မဟုတ်ဘူး...မဟုတ်ဘူး...အချစ်ကြီးလေ အနစ်နာခံနိုင် လေလို့ ခုပဲ ငါပြောပြီးပြီ။ သူတို့ဟာ တရားဝင် လင်နဲ့မယား။ ငါ ဘာဆိုင်လဲ... ငါနဲ့ ဘာဆိုင်လို့လဲ...။ သူတို့ စိတ်ချမ်းသာရင် ပြီးရော ငါ့မောင်လေး... ငါ့အချစ်လေး ဝမ်းသာကြည်နူးမှာကို ငါဘာလို့ မကြည်ဖြူနိုင်ရမှာလဲ"

"ခိုင် ဘာတွေ စဉ်းစားနေလဲ၊ ဝတ်ရည်မေးတာ ဖြေလေ"

"ဘာ... ဘာ... ဖြေရမလဲ"

"မေးထားတာ ပြန်စဉ်းစားပြီး ဖြေပါလေ"

"ဪ... အရီးအခြေအနေနဲ့ မိသားစုအကြောင်းနော်"

"အင်း..."





"စစ်တွေဆေးရုံမှာ အရီး တက်နေတုန်း အောင်ဦးသာ ရန်ကုန် ရောက်လာပြီး တာချီလိတ်သွားခဲ့တာ ဝတ်ရည် သိတယ်နော်"

"အင်း..."

"ဟုတ်တယ်... သိမှာပါပဲ၊ ခု ဝတ်ရည် လည်ပင်းက ဆွဲကြိုး လေးနဲ့အတူ 'ရွှေဝတ်မှုန်'ကို သူ ခေါ်လာခဲ့ရတာပဲ"

သည်အကြိမ်အစည်းကြီးတွင် ရွှေဝတ်ရည်ပါ၊ ပါသည်ဟု ဆွဲကြိုးကြောင့် နုမြခိုင်၏ မျက်ဝန်းများက စွပ်စွဲနေကြောင်း ရွှေဝတ် ရည် သိပါသည်။

"တာချီလိတ်က ပြန်ရောက်မှ သူနည်းနည်းတော့ စိတ်လျှော့ သွားပုံရတယ်"

"ဘာကိုလဲ"

"အားလုံးကိုပဲ စိတ်မဆိုးနဲ့နော်။ ဝတ်ရည်ဒယ်ဒီရဲ့ လှည့်ကွက် ကိုလည်း သူ ခံပြင်းသွားပုံရပါတယ်။ ပြီးတော့... သူ့မိဘများ သူ့ အတွက် ဘယ်လောက်သောကတွေ ရောက်ရတယ်ဆိုတာလည်း သူသိသွားတယ်။ မမာနေတဲ့ မိခင်ကြီးကိုလည်း ကြည့်ပြီး နောင်တရ သွားတာတော့ အမှန်ပဲ၊ ဒါပေမယ့် ဝတ်ရည်ရယ်...သူ့ရင်ထဲမှာ 'ရွှေ ဆိုတဲ့ သူ့မကို မေ့မရလို့သာ အလွမ်းပြေကြည့်ဖို့ ခိုင့်ကို အဲဒီ ဆွဲကြိုးလေး ပြန်အောင်းနိုင်းလိုက်တာပေါ့"

"ဒါ ဝတ်ရည်ပိုင်... ပြန်မပေးနိုင်ပါဘူး"

နုမြခိုင်က အံ့ဩစွာ ကြည့်သည်။ အမှန်တော့ ရွှေဝတ်ရည်

www.burmeseclassic.com



အတွက် အချစ်ဆုံး အောင်ဦးသာနှင့် ပတ်သက်၍ ဤပစ္စည်း တစ်ခုသာ ကိုယ်စားကျန်ရစ်ပါသည်။

"ဒေါ်ကျက်ရုံးဖြူ အခြေနေရော..."

"သိပ်အံ့သြစရာကောင်းပါတယ် ဝတ်ရည်ရယ်...။ ဆေးရုံမှာ နေ့လားညလား ဖြစ်နေခဲ့တဲ့ အရီးဟာ သားမျက်နှာလည်း မြင်ရော... ရောဂါတွေ ဘယ်ရောက်ကုန်လဲ မသိတော့ပါဘူး အောင်ဦးသာဟာ အရီးရောဂါအတွက် အထက်မျက်ဆုံးသော ပါ ပါ၊ သမားတော်ပါ"

"အင်း..."

"သူ့ပါပါကလည်း သားကို ဆူတယ်၊ ဆုံးမတယ်၊ စည်းကမ်းကြီးတယ်ဆိုပေမယ့် သူ့သားပျောက်သွားတော့ ပိန်ကျသွားလိုက်တာ ရုပ်ပျက်ဆင်းပျက်ပါ။ ခုတော့ သူ့သားလေးကို ပစ်မထားတော့ဘူး သူ့သား စိတ်ချမ်းသာရင် အားလုံး လိုက်လျောမယ်တဲ့"

"ဟာ... တ... တကယ်ပဲလား၊ မောင်ကရော... အောင်ဦးသာကရော... ဟင်"

သူ့အတွက် ကောင်းမြတ်သောသတင်းတစ်ရပ်မို့ ရွှေဝတ်ရည် အားတက်စွာ မေးမိသည်။

"အောင်ဦးသာကလည်း နောင်တရသွားပြီလို့ ပြောခဲ့ပြီး မြောက်ဦးကိုပြန်ပြီး မိသားစု စည်းစည်းလုံးလုံးနဲ့ လုပ်ငန်းအားလုံး သူဦးဆောင် လုပ်ကိုင်ပါတော့မယ်တဲ့"



"အို"

တောင့်မတ်ရာမှ ဖြေလျော့စွာ ဆိုဖာပေါ်သို့ မှီချပစ်လိုက်သည်။

"လိမ္မော်ရည်သောက်ပါဦး ခိုင်"

"တော်ပါပြီ ဝတ်ရည်ရယ်...

ဒီအအေးရည်ဟာ ခိုင့် ရင်ပူကို မငြိမ်းစေနိုင်ပါဘူး။ ကဲ... ဝတ်ရည် ဘာကြောင့် ဒီလိုဇာတ်မြုပ်နေရတယ်ဆိုတာ..."

"ခွင့်လွှတ်ပါ ခိုင်၊ ဝတ်ရည် ဒီနေ့ ပြောနိုင်စွမ်းအား မရှိတော့ပါဘူးကွယ်"

"အို...ဝတ်ရည်ရယ်"

သည်တစ်ခါ ရှိုက်ငိုသူက ရွှေဝတ်ရည်ပါ။

"ဘာပဲဖြစ်ဖြစ်... အောင်ဦးသာကိုတော့ မင်းတွေ့ဖြစ်အောင် တွေ့လိုက်ပါ ဝတ်ရည်ရယ်၊ သူငယ်ချင်းတို့နှစ်ယောက် ပြန်လည် ချစ်ကြည်နူးကြမှာကိုပဲ ခိုင် မြင်ပါရစေတော့"

နုမြခိုင်၏ အသံများလည်း တိုးတိမ်သွားသည်။ မျက်ရည်တို့ မျက်ဝန်းမှာ ပြန်လည် လျှံပြည့်လာသည်။

"ခိုင်တို့ ဘယ်တော့ပြန်ကြမှာလဲ"

"မနက်ဖြန်"

"ဟင်...မနက်ဖြန်"

"ဟုတ်တယ် ဝတ်ရည်... ဂျက်နဲ့... မနက်ပိုင်းမှ"

"ခိုင်..."

"ဟင်..."

www.burmeseclassic.com



"ဝတ်ရည် လိုက်ခဲ့မယ်"

"အို..."

"လေယာဉ်ကွင်းမှာ ဆုံကြမယ်လေ"

"ဝါကာယ်လားကွယ်"

"ဝတ်ရည် တစ်ညလုံး စဉ်းစားမယ်။ ဆုံးဖြတ်မယ်။ ဘာပဲဖြစ်ဖြစ် နက်ဖြန်ပြန်တော့မယ့် ဝတ်ရည်ရဲ့ အသဲလေးကို ဝတ်ရည် လာတွေ့မယ်"

"မြောက်ဦးကို လိုက်ခဲ့မှာလား ဟင်"

"ခိုင်ကရော လိုက်စေချင်သလား"

"ခိုင့်ဆန္ဒကတော့ ဝတ်ရည်တို့နှစ်ယောက် စိတ်ချမ်းသာမယ်ဆိုရင်... အို... ဝတ်ရည်ရယ်... ယုံချင်မှပဲယုံပါ။ ဝတ်ရည် တကယ်သေတာယ်ထင်တုန်းကများ မြောက်ဦးကဂူထဲမှာ ခိုင့်ရဲ့ ခန္ဓာကို ထားပြီး ဝတ်ရည်နဲ့ လဲပေးချင်ခဲ့တာပါ။ အောင်ဦးသာ စိတ်ချမ်းသာကြည်နူးဖို့အတွက်ဆိုရင် ခိုင် အားလုံး စွန့်လွှတ်ရဲတယ်။ လုပ်ပေးပါတယ် ဝတ်ရည်"

အားမာန်ပြည့် စကားများကို အံခဲ၍ ပြောကြားပါသော်လည်း နှမြခိုင်၏ မျက်ဝန်းမှ မျက်ရည်တို့က တစ်ပေါက်ချင်း ကြွေကျနေသည်။

ယခု မြင်ကွင်းက မှုန်ဝါးသွား၍...

မြောက်ဦးမြို့တွင် အောင်ဦးသာကို လက်ထပ်ခါနီးဆဲဆဲက—





နှမြခိုင် လာရောက်ငိုခဲ့၊ ပြောခဲ့သည့် ပုံစံဟောင်းလေးက ပြန်လည်ပေါ်ပြင်လာသည်။

"ဟုတ်တယ်၊ သိပ်ခံစားရတာပဲ"

"ဝတ်ရည်ရေ... ခိုင် ရှုံးပြီ၊ ရှုံးရပါပြီကွယ်"

"ခိုင့်ရင်ထဲကအချစ်ဟာ အစားထိုးလို့ မရတဲ့ အချစ်မျိုးပါ"

"ဝတ်ရည်နဲ့ အောင်ဦးသာကို ခိုင် သိပ်ချစ်ပါတယ်ဆိုတာ သံသယမဲ့ ယုံကြည်ကြပါ"

"ခိုင့်ကိုသာ ခွင့်လွှတ်ကြပါ သူငယ်ချင်းတို့ရယ်"

"ခိုင် သွားပါရစေတော့ နော်..."

ဟူသော အပြောများ၊ မျက်ရည်များသည် ရွှေဝတ်ရည်၏ နားကျင်မှာ ပြန်လည်၍ သက်ဝင်လှုပ်ရှားနေပါ၏။

"ဝတ်ရည် တကယ် လိုက်ခဲ့မှာလား ဟင်။ အောင်ဦးသာ သိပ်ပြီး ဝမ်းသာသွားမှာကို ခိုင် မြင်ပါရစေ"

"ကောင်းပါပြီ ခိုင်၊ နက်ဖြန်ကျမှ အားလုံးပြောပြမယ်။ ဝတ်ရည် ဘယ်လိုဆုံးဖြတ်တယ်ဆိုတာလည်း တစ်ခါတည်း ခိုင် သိစေရပါ့မယ်"

"အခု ခိုင် ဘာလုပ်ရမလဲ ဟင်"

"ခိုင် ဝတ်ရည်နဲ့ အောင်ဦးသာကို တကယ်ချစ်သလား"

"မေးနေရမယ့် မေးခွန်း မဟုတ်ပါဘူးကွယ်"

"ဒါဖြင့် ကတိပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပေးရမလဲ"

"ဒီကအပြန်ကစပြီး နက်ဖြန် လေယာဉ်ကွင်းမှာ ပြန်ဆုံတဲ့အထိ မောင့်ကို ဘာမှပြောမထားနှင့်ပါဘူးလို့ ခိုင်မြဲတဲ့ကတိပေးခဲ့ပါ"

"ပေးပါတယ်။ မေးသာ မေးပါရစေ"

"မေးပါ"

"နက်ဖြန်က ခိုင်တို့ ပြန်ကြတော့မှာ။ လေယာဉ်လက်မှတ်မရှိဘဲ ဝတ်ရည် ဘယ်လိုလုပ်လိုက်မလဲ။ ခွဲခွာဖို့ နှုတ်ဆက်ရုံဆိုရင်တော့ ဝတ်ရည်ရယ်… ခိုင် တောင်းပန်ပါတယ်"

"ဟင်…"

"မင်းကို သိပ်ချစ်တဲ့ ခိုင့်မောင်လေးကို ဒုက္ခထပ်မပေးပါနဲ့တော့လို့"

"မခွဲခွာနိုင်ဘူး ဆိုရင်ရော"

"ဒါကတော့ ဝတ်ရည်နဲ့ အောင်ဦးသာက ဇနီးမောင်နှံချင်းပါ။ ကြိုက်သလိုဆုံးဖြတ်ယို့ရတာပဲလေ"

"မောင့်ကို ခေါ်ထားလိုက်မယ် ဆိုရင်ရော"

"ပြောပြီးပါပြီ ဝတ်ရည်ရယ်၊ မင်းတို့နှစ်ယောက်အတွက် အလုံးစုံသော ကျေနပ်ခြင်းနဲ့ ခိုင် ကျေနပ်ဝမ်းမြောက်ပြီးသားပါကွယ်"

"ကျေးဇူးတင်ပါတယ် ခိုင်"

"ဝတ်ရည် လိုက်ရင်လည်း ဈေးကြိုက်ခဲ့ပါ။ ဒါမှမဟုတ် အောင်ဦးသာကို ဒီမှာ ခေါ်ထားဦးမယ်ဆိုရင်လည်း အရီးနဲ့ ဘကြီးကို ခိုင်ပဲ ဖေးဖေးမမ ခေါ်သွားပေးပါ့မယ်လေ"





"သြော်…မွန်မြတ်လွန်းတဲ့ သဘောထားရှင်မလေး။ အောင်ဦးသာပေါ်မှာ ချစ်နိုင်လွန်းတဲ့ နုမြခိုင်ဆိုတဲ့ ဝတ်ရည်ရဲ့ အချစ်ဆုံးသူငယ်ချင်းရယ်…"

မျက်ရည်ဝေနေသော မျက်နှာလေးနှင့် နုမြခိုင်ကို ငေးကြည့်ပြီး ရွှေဝတ်ရည်ရင်ထဲမှာ အမွန်းတင်နေမိခြင်းပါ။

"ခိုင် ဘာလုပ်ပေးရဦးမလဲ ဝတ်ရည်"

"မရှိပါဘူးကွယ်"

"ဒါဖြင့် ခိုင် ပြန်မယ်လေ"

"နှန်းမူရေ… ဒရိုင်ဘာကို လိုက်ပို့ခိုင်းလိုက်ပါ၊ ဝတ်ရည် လိုက်မပို့တော့ဘူးနော်"

"ရတယ် သူငယ်ချင်း… နေပါ"

သူ့မှာ ဘာသံသယမှ မရှိပါဘဲနှင့် နှုတ်ဆက်လျက်… သည်အိမ်မှ နောက်ကားသစ် မာဇဒါဆီဒင်လေးပေါ်သို့ တက်သွားရှာသည်။ ထိုခင် ဂဲလန့်ကားက အမှုကြောင့် သက်ဆိုင်ရာမှ သိမ်းထားပါ၏။

ပိတောက်မြိုင်မှ မခွဲခွာဘိ သူ့မျက်ဝန်းမှ မျက်ရည်များကို သုတ်သိမ်းသွားပါကြောင်း ရွှေဝတ်ရည် လှမ်းမြင်နေရသည်။

ကိုယ့်ဘဝအတွက်ရော… ချစ်သူငယ်ချင်း၏ နှလုံးသားခံစားမှုများအတွက်ပါ ရောထွေးလျက် ဒေါက်တာရွှေဝတ်ရည်မှာ ဤနေရာတွင် ထိုင်ရင်း ကြာမြင့်စွာ ငိုရှိုက်နမိပါသတည်း။

ပထမ မောင့်သတင်းများ ကြားရစဉ်က အသည်းတွေကြွကျကုန်ပြီလား ထင်ရလောက်အောင် ခံစားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



**မြောက်ဦးမြို့မှသည် တာချီလိတ်ဆီသို့** တိုင် မိမိအတွက် အသက်စွန့်၍ လိုက်လံရှာဖွေသည်ဟူသော သတင်းဆိုး၏ နောက်ပိုင်းတွင်...

"ငါလည်း ဒီတိုက်ကြီးမှာ တစ်ယောက်တည်း၊ အားလုံး မောင့်ကို ဖွင့်ပြောမယ်၊ မောင့်ကို ဒီမှာခေါ်ထားမယ်။ သူ ငါနဲ့နေရရင် ပျော်မှာပါ။ ပြုစုပေးမှာပါ၊ ကျေနပ်မှာပါ...။

"ငါ့ရဲ့ အထီးကျန် ဒုက္ခိတဘဝကို အချစ်ဆုံးလေးရဲ့ ယုယပေးမှုများနဲ့နေမယ်... ဆေးကုမယ်"

"မောင်နဲ့ ပြန်ဆုံမယ်"

"တို့နှစ်ယောက် ပီတောက်မြိုင်မှာ လွတ်လပ်ပျော်ရွှင်စွာ နေကြမယ်"

ဟူသော ဆုံးဖြတ်ချက်များ အပြီးအပိုင် ချမှတ်ပြီးမှ...

နုမြခိုင်ကို တွေ့ပါဦးမည်... မေးပါဦးမည် ဆိုသော စာနာစိတ်ဝင်လာသည်။

ယခု နုမြခိုင်နှင့် တွေ့ရပြန်တော့...

သူ၏ကြီးမားသော မေတ္တာအင်အားဖြင့် 'ဒုတိယအကြိမ် စွန့်လွှတ်ပေးနိုင်ခြင်း'ကို တွေ့လာရသည်။

သို့ပါသော်လည်း...

သူတို့မိသားစု၏ စည်းလုံးမှု၊ သူ့ဖခင်၏ အားကိုးခြင်း၊ မိခင်ကြီး၏ ရောဂါဝေဒနာ...။





"အို...ငါ ဒါတွေ ဘာစဉ်းစားဖို့လိုလဲ၊ မောင်ဟာ ငါ့ယောကျ်ား၊ ငါနဲ့ လက်ထပ်ပြီးသား၊ သူက ငါ့ကို ပိုချစ်တာ၊ ငါနဲ့နေရရင် ပျော်မှာ..."

"ငါ ပုန်းနေမိတဲ့ အချိန်တွေကိုတောင် နှမြောမိတယ်၊ မောင့်ကို ပြန်ခေါ်မယ်"

"မောင့်ကိုပြန်ခေါ်မယ်"

"အို...မဟုတ်သေးဘူး...မဟုတ်သေးဘူး"

"သူ့မြို့ သူ့မြေမှာ...သူ့မိဘတွေ...အလုပ်ကိုင်တွေနဲ့ နေပါစေလေ...

"ဟာ...ဒါတွေ စဉ်းစားမနေတော့ဘူး၊ မငွဲနိုင်တော့ဘူး။ မောင့်ကို လွမ်းလို့ပြီ၊ သနားလို့ပြီ...ငါ့ယောကျ်ား ငါပြန်ခေါ်တာပဲ"

"အို... အိုကွယ်... ငါဘာလုပ်ရမလဲ၊ ဘာတွေ စီစဉ်ရမလဲ"

"အချိန်က နီးနေပြီ"

"သိပ် နီးနေပြီ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၃၄ ။

ဒေါက်တာ ရီလှဲ့ချို့က ရွှေဝတ်ရည်၏ ဆန္ဒအတိုင်း အားလုံး ကူညီစီစဉ်ပေးခဲ့သည်။

ရွှေဝတ်ရည် ဆုံးဖြတ်ပြီးပါပြီ။

သူတို့တွေ မင်္ဂလာဒုံလေဆိပ်၏ အပေါ်ထပ် စားသောက်ခန်းမ မှာ ကြိုတင်ရောက်ရှိနေကြသည်။ ရီလှဲ့ချို့၏ အစီအစဉ်ပါပင်။

ရွှေဝတ်ရည်ကို ရွှေဝါရောင် ဝတ်စုံလေးနှင့် ပြန်လည်မြင်ရသော နေ့။

မျက်နှာကို လှပစွာ ခြယ်သထားသည်။ ရှည်သွယ်သော ဆံပင် ကို ရှင်းရှင်းစန့်စန့်ချပြီး လက်ကိုင်ပဝါ ဝါဝါလေးနှင့် ချည်နှောင်ထား ပါ၏။ မြောက်ဦးမြို့ရောက် ရွှေဝတ်ရည်ကို 'အောင်မြတ်ရွှေး မော်တော်'ပေါ်တွင် အောင်ဦးသာ ပထမဆုံး စတင် မြင်ရသည့်အတိုင်း ရွှေပုံလေး တစ်ပုံလို သူ မှန်ခန်းမ၏ ထောင့်စွန်းမှာ ထိုင်နေသည်။

ယခင်ထက်ပိုသည်က နှစ်ခု။

ရွှေဝါရောင် လည်ဟိုက် အင်္ကျီနှင့်မို့ ရင်ညွန့်ဝင်းဝင်းလေး ပေါ်မှာ ဓေသာလီဒင်္ဂါး ဆွဲကြိုးလေး၊ အင်္ကျီထိပ်မှာ ငုပန်းလေးနှစ်ပွင့်





ဆင့်နေသော ပန်းသွယ်ကို ချိတ်ဆွဲထားပါ၏။ သို့သော်လည်း ငုပန်း များက မလန်းတော့။ နွမ်းညှိုးနေသည်။

နော်နန်းမူက ခရမ်းပြာရောင် တံဆိပ်နှင့် Thai Airways လေယာဉ်လုလုကြီးကို ငေးကြည့်လိုက်၊ လှလွန်းနေသော သူ့သခင်မ ရွှေဝတ်ရည်ကို ကြင်နာစွာ ကြည့်လိုက်နှင့်ပါ။

စားပွဲဝိုင်းတွင် လက်ဖက်ရည်တစ်အိုးနှင့် ဆင်းဒဝစ်ပေါင်မုန့် များ ရှိနေသည်။

ဒေါက်တာရီလှဲ့ချို့နှင့် အနောက်တိုင်းဝတ်စုံရှင် အမျိုးသား တို့က ရွှေဝတ်ရည်သို့ အသက်မရှူရဲလောက်အောင် ချောက်ချား တုန်လှုပ်စွာ ကြည့်နေကြသည်။

တည်ငြိမ်မှုရနေသော အမျိုးသား ချောချော၏ မျက်ဝန်းမှာ ကြင်နာရိပ်ယောင်များ လွှမ်းရင်းဖြင့် ရွှေဝတ်ရည်ကို စိုက်ကြည့်နေ ပါ၏။

"ကျေးဇူးပြု၍ နားဆင်ပါရှင်၊ စစ်တွေမြို့သို့ လိုက်ပါကြမည့် ခရီးသည်များ..."

"ဟော...ခေါ်နေပြီ"

ရွှေဝတ်ရည်က ထရပ်နိုင်သူ တစ်ယောက်လို ကိုယ်ကို ကြွလိုက် သည်။ သူ့စိတ်စောမှုအတိုင်း လူက မလိုက်နိုင်ရှာ။

"ဝတ်ရည်...လှဲ့ချို့ သွားတော့မလား"

"သွားတော့။ ဒီလာလေ

www.burmeseclassic.com



ရွှေဝတ်ရည်၏ အမိန့်အတိုင်း ဒေါက်တာ ရီလှဲချိုက တယ်လီဖုန်းဆက်ပြီး ထားရာနေရာနှင့် ကောင်တာများကို ဖြတ်သန်းပြီး ခန်းမမှ ထွက်သွားသည်။ သူ့ အောက်ထပ်သို့ ဆင်းခေါ် လိမ့်မည်။အမျိုးသားကလည်း ရွှေဝတ်ရည်၏ဆေားမှာ လာကာမ်ထိုင်သည်။ အေးစက်နေသော ရွှေဝတ်ရည်၏ လက်ကလေးကို ဆုပ်ကိုင်ပြီး မျက်နှာကို ငေးကြည့်နေပါ၏။

မကြာခင်မှာပင် ဒေါက်တာရီလှဲချို ဦးဆောင်၍ ဝင်လာသည်။

ရီလှဲချိုနောက်မှာ နုမြခိုင်၊

နုမြခိုင်၏နောက်မှာ အောင်ဦးသာ၊

ရွှေဝတ်ရည် တစ်ချက် ယိမ်းယိုင်သွားသဖြင့် အမျိုးသားက ထိန်းမထားရပါ၏။

"အို... မောင်ရယ်... အောင်ဦးသာဆိုတဲ့ မမရဲ့အသဲလေး... မမ ပိုင်ဆိုင်တဲ့ မမရဲ့ လင်ယောက်ျား"

အားလုံးကိုကျော်ပြီး အချစ်ဆုံး၏ မျက်နှာကို ကြည့်မိသည်။ မိမိလိုပင် အချစ်ဆုံးနှင့် ခွဲခွာ ကွေကွင်းရသောဒဏ်ကို အလူးအလဲ ခံစားရကြောင်း၊ ရုပ်ပြောင်း ရုပ်ကျသွားသည်က သက်သေခံနေပါ၏။

"ဝတ်ရည်... ဝတ်ရည်... လိုက်... လိုက်မယ်လားဟင်"

ရီလှဲချိုကို ဖြတ်ကျော်ပြီး နုမြခိုင်က ရွှေဝတ်ရည်နားသို့ ပြေးလာရှာသည်။

သူ့နှုတ်ခမ်းများ ပြုံးနေသည်။ သူ့အမူရာက ကျေနပ်ကြည်နူးနေသည်။ အားရဝမ်းသာဟန်က ရုပ်လုံးကြွနေပါသော်လည်း...





နုမြခိုင်၏မျက်ဝန်းမှာ မျက်ရည်များ လျှံလာသည်။

"အောင်...ဦး...သာ"

ရွှေဝတ်ရည်၏ ခေါ်သံက လေသံမျှသာ။

"သူ့ ခိုင့်လို မခံစားရစေချင်လို့ အခုမဲ... အခု လေ့ကားပေါ် တက်လာရင်းမှာပဲ ပြောခဲ့တယ်။ ဝတ်ရည် မင်းကို စောင့်နေတယ်လို့..."

နုမြခိုင် စကားကို သူတို့နှစ်ယောက်လုံး မကြားနိုင်ကြ။

"ရွှေ... မမ.. မမ"

အောင်ဦးသာ သိပ်လှုပ်ရှားသွားကြောင်း မျက်နှာကသာ ဖော်ပြသည်။

ဘဝနာလွန်းခဲ့ရသော အောင်ဦးသာမှာ ခြေလှမ်းမှန်စွာဖြင့် ရွှေဝတ်ရည် နားသို့ တိုးလာနိုင်ခဲ့သည်။

"မောင်...မောင် ထင်တဲ့အတိုင်း မမတကယ် ခေါ်ပါလားဗျာ"

အောင်ဦးသာ၏ အသံများ လှိုင်းခတ်နေသည်။

"ဝတ်ရည်"

ရီလှဲချိုက ပခုံးကို ညှစ်ကိုင်ရင်း သတိပေးလိုက်ရပါ၏။

ရွှေဝတ်ရည်မှာ အောင်ဦးသာ၏ မျက်နှာကို မေ့မေ့မောမောကြီး မော့ကြည့်နေသည်။ သူ့ ဘာကိုမှ သိပုံမရတော့။ မျက်တောင်မခတ်ဖြစ်။

"မမ... ရွှေ... မောင့်ရဲ့ အသက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဦးသာက ဖျတ်လတ်စွာ ရှေ့သို့တိုးလာပြီး ရွှေဝတ်ရည်၏လက်ကို ဆုပ်ကိုင်လိုက်သည်။ အံ့သြမှုများ တစစ ပြေလေ၊ သူ့မျက်နှာက တဖြည်းဖြည်းချင်း ပြုံးလာလေ။

"ကြည့်ပါဦးဗျာ၊ ဒီတစ်နှစ်ကျော်ကြီးမှာ မမ ဘာတွေဖြစ်နေလဲ မောင့်ကို ဘာလို့ ညှင်းထားရတာလဲ လို့"

"အို...ဒါတွေ ခုမေးနေစရာ မလိုတော့ပါဘူး။ တစ်သက်လုံး မေးလို့ရတယ်"

"မောင် သိပြီ၊ မောင် နားလည်ပြီ၊ မမကို စတွေ့တဲ့ ပုံစံလေးအတိုင်းနဲ့ မောင့်ကို ပြန်ကြိုတာ မဟုတ်လားဟင်၊ ဒီမှာ..."

"မမ မြောက်ဦးကို လိုက်မှာလား"

"မောင် ဒီမှာနေခဲ့ရမှာလား မိန်းမရဲ့"

ရွှေဝတ်ရည်ကို သူလှမ်းဖက်ရန် လက်ကမ်းလိုက်သည်။

အောင်ဦးသာသည် မြတ်နိုးမှု မေတ္တာနှင့် ချစ်ခဲ့ရသူမို့၊ အရာအားလုံး ခွင့်လွှတ်ခြင်းဖြင့် ကြည်ဖြူနိုင်သည်ပါလားကွယ်။

"ဒီမှာ"

ရွှေဝတ်ရည်ဘေးမှ အမျိုးသားက ကမ်းဆက်ထားသော အောင်ဦးသာ၏လက်ကို တွန်းဖယ်လိုက်ပြီး၊ သူ့ ဖျတ်လတ်စွာ မတ်တတ်ရပ်လိုက်သည်။

"ဟယ်... ဒေါက်တာမျိုးငွေပါလား"

နုမြခိုင်၏အော်သံကြောင့် အောင်ဦးသာက သူ့ဘေးမှ အမျိုးသားကို လှည့်ကြည့်လိုက်သည်။





"ဆောရီး ငါ့ညီရာ... ဝတ်ရည်ကို ကိုယ်တောင်းပန်တာ ကြာလှပြီ။ ညကမှ ကိုယ့်ကို ဖုန်းဆက်တယ်။ သူ ကိုယ့်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီတဲ့"

"ဘာ...ဘာ...ဘာဗျ"

"မင်း ကြားပါတယ်လေ..."

"ခင်ဗျားတို့ ဘာ ကြောင်ကြတာလဲ၊ ရူးနေကြသလား၊ ဒါ ကျုပ်မိန်းမဗျ၊ အခု မယားခိုးမှုနဲ့တိုင်ရင်..."

"အို...ဟို...ဒီလိုမရဘူးလေ...၊ ဟင်း...ဟင်း...ရေအဆုံး...ဘုန်းတစ်ဝက်လို့..."

"ဒီသတ်မှတ်မှုက ပစ္စည်းဗျ၊ လူမဟုတ်ဘူး...သူ့မှာ ကာမပိုင်သင် ကျုပ်ရှိတယ်"

အောင်ဦးသာ၏အသံက ကျယ်လောင်လာသည်။

"ဝတ်ရည် နင်ဘာဖြစ်နေတာလဲ"

ရီလွဲချိုက ဟောက်သည်။ သည်ဆရာဝန်မကလည်း လေသံ တို မြှင့်လိုက်သည်။

"နင်ပဲ ဒေါက်တာမျိုးငွေကို ဒီနေ့ လက်ထပ်ပါတော့မယ်လို့ ညက ဆုံးဖြတ်ပြီး... ငါ့ကို ကျညီခိုင်းပြီးတော့ နင့်ဇာတ်နင်ရှင်းပါလား"

အောင်ဦးသာက မောက်မောက်မာမာနှင့် မိန်မကို လှမ်းကြည့်လိုက်ပြီး...

"ခင်ဗျားတို့က ဘာတွေလဲ၊ ဘာဆိုင်လဲ၊ ကဲ... ထစမ်းဗျာ... ဆားယူတွေ ဖယ်ကြ၊ ဒါ... ကျုပ်မိန်းမဗျ..."



www.burmeseclassic.com

www.burmeseclassic.com



"အောင်ဦးသာ"

"ရွှေဝတ်ရည်အသံက တုန်တုန်နှင့် တိုးတိုးလေး။

"လုပ်မနေနဲ့... လာခဲ့၊ အောက်မှာ မောင်တို့ လင်မယားချင်း ရှင်းမယ်၊ ကျုပ်မိန်းမကို ယူဝံ့တဲ့ကောင် သတ်ပစ်မယ်... ထစမ်းပါဆိုမှ မမကပါ ဘာဖြစ်နေတာလဲ"

အောင်ဦးသာက ယောက်ျားမာန်အပြည့်နှင့် ရွှေဝတ်ရည်ကို အတင်းဆွဲထူသည်။

"မတ်တတ်မရပ်နိုင်ပါလား"

ဟူသောအသိ ဝင်လာလေမှ ရွှေဝတ်ရည်က အံကိုခဲပြီးလက်ကို ဆောင့်ရုန်းလိုက်သည်။

"ဒီမှာ... အောင်ဦးသာ"

အောင်ဦးသာမှာ ဝမ်းသာအားရရှိခြင်းနှင့် ဒေါသထွက်ခြင်းတို့ ပေါင်းစပ်နေရာမှ အံ့ဩမှုပါ ရောယှက်လာသည်။

"မင်း ဘာလုပ်ခဲ့သလဲ"

"မမကလည်း... မောင်ဘာလုပ်လို့လဲ"

ရွှေဝတ်ရည်က တစ်ချက် နှုတ်တွန့်ဆွံ့အ,သွားပြီးမှ...

"ငါ့အဖေကို ထောင်ထဲသွင်းခဲ့တာလေ"

"ဟင်..."

"အဲ... အဲဒီကောင်နောက်ကို ငါက ပြန်လိုက်ရမှာလား"

"ဒီမှာ...မမ၊ ကျွန်တော့်ကို သေတွင်းပို့ခဲ့တာ ဘယ်သူလဲ။ အဲ့လုပ်ခဲ့တာရော ဘယ်သားအဖနှစ်ယောက်လဲ"





"အို... ဒါပေမယ့် မင်း မသေပါဘူး။ ထောင်လည်း မကျပါဘူး"

"ဒီမှာ... မမ။ သစ္စာဖျက်ချင်တာနဲ့ မောင့်ကို ရန်မရှာနဲ့ဗျာ"

"မြောက်ဦးလို တောမြို့လေးမှာလည်း ငါမနေနိုင်ဘူး"

"ဒီကိစ္စက ပြေလည်ပြီးသားပဲ၊ ကဲ... မမ ဘယ်မှာနေချင်လဲ သာ ပြောလေ"

အောင်ဦးသာ၏ ယခုချိန်ထိ ခွင့်လွှတ်နိုင်ခြင်း စကားသံလေးကို ကြားရပြန်တော့ ရွှေဝတ်ရည် ရင်ကွဲသွားမတတ် ခံစားလိုက်ရပါသော်လည်း...

"ဘယ်မှာမှ မနေချင်ဘူး။ မင်းနဲ့ဆို ဘယ်မှာမှကို မနေနိုင်ဘူး"

"မမ စကားတွေ မလွန်နဲ့ဗျာ"

"ငါ အမြွက်ပြောမယ်၊ ငါ တကယ်ချစ်တာ ဟောဒီက ငါ့ရဲ့ အချစ်ဦးကိုပဲ။ ရင်နာကြေကွဲနေချိန်မှာ မင်းကို ခဏအစားထိုးခဲ့မိတာ။ ခုတော့ ကိုကိုနဲ့ငါနဲ့ ပြန်ပြေလည်ပြီ..."

"ဘာ...ဘာ..."

မှသားစကားများ ရွတ်ဆိုရန် မာန်သွင်းပြီးမှ ရွှေဝတ်ရည်မှာ—

"မင်း ကြိုက်တဲ့ဆီ တိုင်၊ တရားစွဲ၊ ငါနဲ့ ကိုကိုနဲ့ အတူနေကြပြီ၊ တရားဝင် လက်ထပ်မှာက ဒီနေ့မှ"

"ဩော်... ဒါဖြင့် ခင်ဗျား ပျောက်နေတာ ဒီကောင်နဲ့ ညားနေသို့ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်...ဟုတ်တယ်"

"ဒါနဲ့ မောင့်ကို ချစ်လာပါပြီဆို၊ မမရဲ့ အသံလေးတွေဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီကော... အစားထိုးခဲ့တာပါလို့"

"ဟင်... ဟင်... ခင်ဗျားကြောင့်... ခင်ဗျားကြောင့် ကျွန် ဘယ်လောက်ခံစားခဲ့ရတယ်၊ ဘယ်လိုစွန့်စားခဲ့ရတယ်ဆိုတာတွေ အိုဗျာ..."

အောင်ဦးသာ ရင်ပွင့်ပါလေပြီ။

အချစ်ဆုံး မမအတွက် ကြွေနေကျ မျက်ရည်တို့ ပြန်ကြွေ လာသည်။

သူ ကြေကွဲရုံမဟုတ်တော့။

နာကျည်းလာလေပြီ။

"တကယ်ဆုံးရှုံးတာ ခံနိုင်တယ်။ သစ္စာဖျက်လို့ ဆုံးရှုံးရတာ ကိုတော့ ငြိမ်ပြီး မခံနိုင်ဘူး"

"ပြန်တော့ အောင်ဦးသာ"

"ခင်ဗျား... အို... ရွှေဝတ်ရည်ဆိုတဲ့ ဆရာဝန်မကြီးရယ်— ခင်ဗျား ကျုပ်ကို နှိပ်စက်လှချည်လား။ ကျုပ်ဘဝကို ချေဖျက်လှ ချည်လား"

"သွား...သွား..."

ရွှေဝတ်ရည် ကြုံးအော်သည်။

အောင်ဦးသာက အားလုံးကို ဆွဲရိုက်တော့မလို လှုပ်ရှားသွား သည်။

ဒေါက်တာ ရီလှဲချိုက ရွှေဝတ်ရည် လဲကျမသွားစေရန် ဖေး ထားရပါ၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်



အောင်ဦးသာကို နုမြခိုင်က အတင်းဆွဲထားရသည်။

အောင်ဦးသာက နုမြခိုင်ကို တွန်းပစ်လိုက်ပြီး... ရွှေဝတ်မှုန် နှင့် တုန်းကလိုပင် ရွှေဝတ်ရည်၏ လည်တိုင်မှ ဝေသာလီ ဆွဲကြိုးလေး ကို ဆောင့်ဆွဲ၍ ပြုတ်ပါလာသည်။

"သူတစ်ပါး အသည်းကြွေအောင်၊ ဘဝပျက်အောင် လုပ်ပြီး သစ္စာဖျက်လိုက်တဲ့ မိန်းမနဲ့ ကျုပ်တို့ဆီက ရှေးအနုပညာနဲ့ မထိုက် တန်ဘူး"

"ကျုပ်မေတ္တာနဲ့လည်း မထိုက်တန်ဘူး"

ဆွဲကြိုးကို ဆုပ်ကိုင်ရင်း အောင်ဦးသာက နာနာကျည်းကျည်း စိုက်ကြည့်လိုက်သည်။

"ဒီမိန်းမကို ငါ့ဘဝနဲ့ပုံပြီး ချစ်လိုက်ရတာ၊ မြတ်နိုးလိုက်ရတာ။ ငါ့ကိုတော့ အစားထိုးတာတဲ့။ ငါ သူ့ဂူဘေးမှာ ငိုနေတဲ့အချိန်တွေမှာ သူက သူ့အချစ်ဦးဆိုတဲ့ကောင်ရဲ့ ရင်ခွင်ထဲမှာပေါ့လေ"

"ခင်ဗျားကို သေမလောက် ချစ်ခဲ့တဲ့ကောင်ကို 'သတ်စေ'ဆိုတဲ့ အမိန့်ထက် ရက်စက်တဲ့စကားတွေပြောဖို့ ဒီမှာလာစောင့်နေတာကိုး"

"ကျွန်တော်လေ... ခင်ဗျားကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးခဲ့ တယ်။ ခင်ဗျားမို့ ဒီလိုလုပ်ရက်တယ်ဗျာ"

"ခုတော့ သိပ်စိတ်နာတယ်၊ သိပ်မုန်းတယ်"

"အမယ်လေး..."

ရွှေဝတ်ရည် အော်ငိုလိုက်သည်။

အောင်ဦးသာ လှည့်ထွက်သွားလေပြီ။

www.burmeseclassic.com



နမြစ်ခိုင်က ပြေးလိုက်သွားရပါ၏။

ဖဝါးခြေထပ်ခရီး၏ နိဒါန်းခြေလှမ်းများသာ ဖြစ်ပါချေမည်။

အောင်ဦးသာသည် စေသာလီ ဆွဲကြိုးကို ဖြတ်ယူသွားသည်ဟု မထင်၊ သူ့ရင်ကိုဖွင့်ခွဲ၍ သူ့အသည်းနှလုံးကို ဆွဲထုတ်ယူဆောင်သွားခြင်းသာဝါဟု ရွှေဝတ်ရည် ထင်မိ၊ ခံစားမိသည်။

အောင်ဦးသာ၏ နာကျည်း ရှုံမှုန်းစွာဖြင့် ကျောခိုင်းထွက်ခွာသွားသော ခြေလှမ်းများသည် ရွှေဝတ်ရည်၏ နှလုံးသားမှဲ ဟင်းလင်းပြင် ရင်ကို ဖြတ်နင်းသွားသည်သို့ပါ။

"မောင်ရေ... မမရဲ့ အချစ်ဆုံး..."

"ဟာ... ဟာ... လုပ်ကြပါဦး"

ကုလားထိုင်ပေါ်မှ ခွေလဲကျသွားသော ရွှေဝတ်ရည်ကို ဝိုင်းမထားကြရသည်။

အားနည်းနေသော ရွှေဝတ်ရည်မှာ တစ်ညလုံးငိုခဲ့ရ၍ အားဖျော့နေချိန်တွင် ပြင်းပျသော ခံစားမှုကြောင့် သူ့ ခဏမျှ သတိလစ်သွားခဲ့ရခြင်းပါ။

ဆရာဝန်နှစ်ယောက်က သွေးစမ်းကြ၊ အနီးကပ် ပြုစုကြနှင့်မကြာခင်မှာ သတိပြန်ရလာခဲ့ပါပြီ။

ရွှေဝတ်ရည်၏ နားမှာ စတင်ကြားလိုက်ရသည်က လေယာဉ်စက်နှိုးသံ။

အောင်ဦးသာကို သယ်ဆောင်သွားမည့် လေယာဉ်သည် လေယာဉ်ပြေးလမ်းပေါ်မှာ စတင်လိမ့်ပြေးနေလေပြီ။



"ကဲ... ကိုမျိုးဝေ သွားတော့လေ၊ ဟိုမှာ "စမ်းမြမြ" စောင့်နေရတာ ကြာလှပြီ။ သူပါ ကြည်ဖြူ ကျေနပ်စွာ လာကူညီရှာတယ်"

ရိုလှဲ့ချို့က ဝေးဝေးဆီမှ အမျိုးသမီးနှင့် အတော်ကြီးနေပြီဖြစ်သော သားလေးကို ညွှန်ပြရင်း ပြောလိုက်သည်။ နိုင်ငံခြားတပြန်လာပြီးမှ သည်ချစ်စဘွယ်သားလေး "ချစ်ဦးဝေ"၏ သံယောဇဉ်ကြောင့် သူ့ စမ်းမြမြကိုပင် တရားဝင်ပေါင်းသင်းနေထိုင်ပါ၏။

"ဝမ်းနည်းပါတယ်... ရွှေဝတ်ရည်၊ ကိုယ် သွားမယ်နော်"

"ခုလို လာကူညီပေးတာကို ကျေးဇူးတင်လှပါတယ်ရှင်"

ရွှေဝတ်ရည်ကိုယ်စား ရိုလှဲ့ချို့က ပြောလိုက်ရသည်။

တစ်ချိန်က အရူးအမူး ချစ်ခဲ့ရသော သူ့အချစ်ဦးသည် ဇနီးနှင့်သားငယ်ကို ကြင်နာစွာ လက်တွဲလျက် ထွက်ခွာသွားပါပြီ။

ဤမိသားစုသုံးဦး ရွှေဝတ်ရည်၏ ရှေ့မှ ထွက်ခွာပျောက်ကွယ်သွားချိန်မှာ လေယာဉ်သည် ကောင်းကင်ပြင်သို့ စတင်၍ အားယူဦးမော့တက်လေပြီ။

"ဝတ်ရည်... သတိထား သူငယ်ချင်းရယ်၊ ဝတ်ရည်ရဲ့ အသဲလေးအတွက် ဝတ်ရည်ကိုယ်တိုင် ဆုံးဖြတ်ခဲ့တဲ့အတိုင်း တို့က ဝိုင်းကူညီပေးရတာပါ"

"မှတ်ပါတယ်...ဟုတ်ပါတယ် လှဲ့ချို့ရယ်၊ ဝတ်ရည်လို အကိုကြီးကို သူပြုစုနေရမှာ သံနားတယ်၊ ဝတ်ရည်နဲ့အတူ သူ့သံပါ လိုက်သေပေးရမယ့် အဖြစ်ကို ဝတ်ရည် မကြည့်ရက်နိုင်ဘူးရှင်"

"အင်း"

www.burmeseclassic.com



"သူ့ မိသားစုနဲ့လည်း မခွဲစေရက်တော့ပါဘူးလေ"

"ပြီးတော့ သူ့ကို ထာဝရခွင့်လွှတ်နိုင်ခြင်းမေတ္တာနဲ့ သိပ်ချစ်ရှာတဲ့ နှမြခိုင်ရဲ့ ရင်ထဲမှာ အချစ်ရဆုံးမောင်လေး အေးငြိမ်းပါစေတော့ကွယ်"

"ဝတ်ရည် ဖယ်ပေးလိုက်မှ ဝတ်ရည်ရဲ့ အချစ်ဆုံး အသဲလေးရဲ့ ဘဝဟာ အားလုံး ရှင်သန်စိုပြေလာမယ်"

"အခု ဝတ်ရည်ကို သူ မုန်းသွားပြီ။ ဝတ်ရည်အတွက် သူ ဘယ်တော့မှ မငိုရတော့ဘူး။ ဝတ်ရည်ဖြစ်စေချင်တာ ဒါပါပဲလေ... ဝတ်ရည်ရဲ့ ဒုက္ခတွေကို သူ့ဖို့ မျှဝေပြီး မခံစားစေရက်ဘူး"

"ဝတ်ရည်သည်သာ သူ့အတွက် တဘဝလုံး ငိုနေရပါစေတော့ကွယ်"

"ကဲ... တိတ်ပါတော့ ဝတ်ရည်ရယ်...။ လေယာဉ်ပျံလည်း တက်သွားပြီ။ ပြန်ကြပါစို့ နော်"

"ဟင်အင်း... ဟင်အင်း... မျက်စိတစ်ဆုံး ကြည့်ပါရစေဦး...။ မောင်လေး... အို... ဝတ်ရည်ရဲ့ အသဲနှလုံးလေး ပါသွားတဲ့ လေယာဉ်ကို ကြည့်နေပါရစေဦး"

"ဒီတစ်ခါမှာတော့ တကယ့်ကို အဆုံးစွန်သော ဝေးကွာခြင်းနဲ့ ခွဲခွာရပါပေါ့လား အသဲလေးရေ..."

ဂျက်လေယာဉ်သည် ကောင်းကင်ပြင်သို့ အလျင်နှုန်းကြီးစွာဖြင့် ထိုးတက်ရင်း တိမ်ကြားတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။



"မိုး နဲ့ မြေ"

"ကမ္ဘာပြိုပျက်သည့်တိုင် ထိတွေ့နိုင်ခြင်းမရှိတဲ့ အရာနှစ်ခုလို မမနဲ့ မောင့်ဘဝလည်း ဘယ်သောအခါမှ တွေ့နိုင်ခွင့်၊ ဆုံနိုင်ခွင့် မရတော့ဘူး အသဲရေ...'

"အဲဒီလို မမ ဆုံးဖြတ်လိုက်တာဟာလေ..."

"မောင်လေးကို ချစ်လွန်းလို့..."

"အသဲလေးကို မြတ်နိုးလွန်းလို့..."

"အချစ်ဆုံးကို သနားလွန်းလို့ပါ"

ဆိုတာတွေကို မမမောင်လေး ဘယ်သောအခါမှ သိနိုင်ခွင့် မရအောင် မမ ပိတ်ဆို့ဆီးကာထားပါ့မယ်"

မမတစ်ယောက်တည်း ခံစားရင်း ငိုနေမယ်...

ပိတောက်မြိုင်မှာ အထီးကျန် ဒုက္ခိတဘဝနဲ့ မမရဲ့ အသက်နဲ့ အမျှ...

အချစ်ဆုံးကို တမ်းတရင်း ငိုနေမယ်...

ငိုရင်း တမ်းတနေမယ် အချစ်ရယ်...

✻

ပြီးပါပြီ။

✻

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

၁၁-၂-၁၉၈၁

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ပြန်ကြားလွှာ

၂၅ အုပ်မြောက် ငွေရတုဝတ္ထု ရေးသားစဉ်ကပင်... ရွှေရတုဝတ္ထုထိ ကိုယ်တိုင်က ရေးနိုင်ခဲ့လျှင်၊ ကိုယ်တိုင် ရေးနိုင်သည့်တိုင်၊ ကျွန်မ၏ စာဖတ်သူများက လက်ခံနိုင်ပါသေးလျှင်... "အစွမ်းကုန်ကြိုးစားမယ်" ဆိုသော ဆန္ဒများ ထားရှိမျှော်မှန်းမိခဲ့ပါသည်။

ငွေရတု ဝတ္ထုတွင် မြန်မာ့မြောက်ဘက်စွန်း "မချမ်းဘော" မြို့လေးနှင့်၊ တောင်ဘက်စွန်း မြန်မာ့ပင်လယ်ပြင်ကို တင်ပြခဲ့ပြီးပါပြီ။

ယခု ရွှေရတုတွင် မြန်မာပြည်၏ အရှေ့ဘက်စွန်းနှင့် အနောက်ဘက်စွန်း၊ ကန့်လန့်ဖြတ် ခရီးကို အခြေခံ၍ ရေးသားပါမည်ဟု ရည်ရွယ်ခဲ့သည့်အတိုင်း...

၁၉၇၉–ခုနှစ်မှာ တာချီလိတ်... သို့

၁၉၈၀–ခုနှစ်မှာ မြောက်ဦးမြို့... သို့ပါ...

အနောက်ဘက်ဆိုမှ ရခိုင်တို့၏ ယဉ်ကျေးမှုကြီးကျယ်စွာ ထွန်းကားခဲ့ရာ၊ နောက်ဆုံးမင်းနေမြို့တော် "မြောက်ဦးမြို့" ကို ရွေးမိပါသည်။

(ခ)

ခရီးက သီးခြားစီမို့ အချိန်များစွာယူရပါ၏။

မချူချာတတ်သော ကျွန်မမှာ တာချီလိတ် ဒုတိယခရီးကို စတင်သည့်နေ့က အဖျားဒီဂရီ ၁၀၃ နှင့် စတင်ထွက်ခဲ့ရပြီး...

ဒုတိယ ရခိုင်ပြည်နယ်သို့ သွားစဉ်ကလည်း အဖြင်းများ နေရာက အိပ်ရာထဲမှထပြီး "ဟားခါးသတော်" သို့ ဆင်းခဲ့ ရပါသည်။ ကြိုတင်စီစဉ်ပြီးသားချည်းမို့ အဖျားပျောက်အောင် သာ စောင့်နေလျှင် ဤခရီးများကို ရောက်နိုင်ခွင့် ရတော့မည် မဟုတ်ပါ။

ရခိုင်ကမ်းရိုးတန်း၏ ပင်လယ်လှိုင်းအထဲများကို ဖြတ် လျက်က အလူးလူးအလိမ့်လိမ့် မူးဝေစွာ လိုက်ပါသွားရသော်လည်း ရခိုင်ပြည်နယ် ခရီးစဉ်မှာ ကျွန်မ နိဒါန်း၌ ရေးခဲ့သလို ချောပြေသာယာလှပါပေသည်။

တာချီလိတ်ခရီးကိုဖြင့် ကျွန်မ၏ ချစ်သော စာဖတ် သူများကို တိုင်တန်းတင်ပြချင်လှပါသည်။

ဤဝတ္ထုပါ အောင်ဦးသာ၏ အဖြစ်က ကျွန်မလောက် မဆိုးပါ။

ဒုက္ခရောက်လိုက်သည့်ဖြစ်ခြင်း...

ဤခရီးကို ကျွန်မနှင့် ညီအစ်မတော်တစ်ယောက်၊ သူ၏ ကိုးနှစ်ရွယ်သမီးလေးတစ်ယောက်သာ "ခင်ထမ်း" ဆိုင် မှောင်ခိုကုန်ကူးမည့် သူများအကြား အငြိမ်ခံ၍ လိုက်ခဲ့ ရပါသည်။

www.burmeseclassic.com



၁၀၂-မိုင် ခရီးကို ဒုက္ခမျိုးစုံနှင့် အသွားနှစ်ရက် ကြာပါသည်။ တာချီလိတ်တွင် မမျှော်လင့်ဘဲ ကြာမြင့်စွာ နေခဲ့ရသည်။

စားသောက်စရိတ်က ကြီးလှပါ၏။

ကျွန်မတို့မှာ သူတို့လို ကိုက်မည့်ကုန်ကို စောင့်ဝယ်ပြီး ပြန်ရောင်းရန် ငွေပိုလည်းမပါပါ။ ပြန်သင့်ချိန်မှာ သူတို့ကိစ္စ မပြီး၍ မပြန်ရပါ။ သူတို့က ပြန်ဖြစ်မည်ဟု ကြေညာသဖြင့် အရှေ့တက်တွင် ထ၍ စီစဉ်ထားသောကား' ပေါ် ပစ္စည်းများ တင်ပြီးလေမှ... "မထွက်ရ"... ဟု ဆို၍ ပြန်ဆင်းရသည်က နှစ်ကြိမ်၊ နှစ်ရက်ပါ။

သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ အမိန့်မဟုတ်ပါ။ အတူသွားရသော "တာဝန်ခံအဖွဲ့ ဆိုသူများ"၏ ပစ္စည်း သယ်ယူမှု၌ သူတို့ချင်းမပြေလည်ကြ၍ ကျွန်မလို သာမာန်ခရီးသည်က မြေဇာမြက်ပင်ဖြစ်ရခြင်းပါ။

အပြန်လမ်း၏ဒုက္ခကို ရေးရပါလျှင် ယခု ဝတ္ထုနှစ်ပုဒ်စာထက်ပင် ရှည်လျားအောင် ကျွန်မ ရေးနိုင်ပါသော်လည်း ဖတ်ရမည့်သူများ စိတ်ညစ်သွားမှာကို စိုးရိမ်အားနာပါ၍ အကျဉ်းရုံးပါမည်။

မြင့်မားလွန်းသော တောင်များသားမှ ကျဉ်းလွန်းသော မြေလမ်းပေါ်မှာ ကားနှင့်ကုန်က မတန်တဆ၊ လူတွေက တအုံကြီး။



ဘယ်လိုမှ မနိုင်သောဝန်ကို ထမ်းလာရသော ကားမှာ တိမ်းစောင်းသွားသဖြင့် ချောက်ကမ်းပါးယံနှင့်ကားနှင့် ဖိညှပ်ပွတ်တိုက်လိုက်ချိန်မှာ ကျွန်မအဖော်ညီမ၏ ခြေခုံတစ်ခုလုံး၊ အသားများ ပွဲကြွေပွင့်လန်သွားတော့သည်။ သွေးများက မြင်မကောင်း၊ နေရာက တောလယ်ခေါင်၊ တစ်နာရီ ၁၀ မိုင်ထက် ပိုမမောင်းနိုင်၍...ဘာမှ လုပ်မရ။ "သွေးများလွန်လေမလား" ဟူသော ပူပန်လွန်းစိတ်ဖြင့်သာ၊ သည်ဒဏ်ရာကြီးနှင့် တောရွာလေးမှာ တစ်ညအိပ်ခဲ့ရသည်။

နောက်တစ်နေ့ ခရီးအဆက်တွင် တနင့်တပိုး တင်လာသော ဂျစ်ကားနောက်မှ ချိတ်တွဲလာသည့် ထရေလာ၏ ချိတ်ပြုတ်ပြီး ကားထပ်မှောက်သည်။

ကားက တောင်ဆောင်းဘက် ပြိုကျ၍သာ...တလံစာမျှကွာသော ချောက်ဘက်သို့သာ ကျခဲ့ပါလျှင် ကျွန်မ၏ အလောင်းကိုပင် လာကောက်နိုင်သူ ရှိမည်မဟုတ်ပါ။

တောင်ခြေသို့ လိမ့်ဆင်း တိမ်းမှောက်သွားသော ထရေလာတွဲပေါ်မှ ပစ္စည်းများက ပြန့်ကြဲလွင့်စင်ကုန်သည်။

မယ်ဆိုင်ဘက်ကမ်းတွင် မြင်တွေ့ရသော အလှအပမျိုးစုံ ပစ္စည်းများထဲမှ အိမ်သုံးပစ္စည်း အနည်းငယ်ကို အစားအငတ်ခံ၍ ဝယ်လာခဲ့ရသော ကျွန်မ တပ်မက်သည့် ပစ္စည်းလေးများကို လိုက်လည်း မကောက်မိ၊ ကြည့်ပင် မကြည့်ချင်လောက်အောင် စိတ်ကုန်သွားမိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းတွေ ထားခဲ့လို့ မဖြစ်ဘူး၊ ကျိုးသွားတဲ့ သံချိတ်ကို ကျိုင်းတုံမှာပြီး ရောက်လာမှ ကားထွက်ရမယ်၊ တောထဲမှာပဲ ညအိပ်ရလိမ့်မယ်"

ကားဆရာ၏ ကြေညာသံကြောင့် ကျွန်မ မျက်ရည်ဝိုင်းလာမိသည်၊ လူနာကို ဘယ်လိုလုပ်ရပါ့။ နောက်ဆုံးတွင် ဖြတ်လာသော ကားကြီးတစ်စင်းသို့ အတင်းလက်တားပြီး တင်ပေးလိုက်ရပါ၏။ ကျိုင်းတုံဆေးရုံသို့ အမြန်ပို့ပေးပါရန် တောင်းပန်ရသည်။ ကျွန်မနှင့် သူ့သမီးလေးက လိုက်ခွင့်မရှိ၊ တွယ်လိုက်စရာပင် နေရာမရ...။

"ဒီတစ်ခါတော့ ငါ့အိမ်ယာကို ပြန်မှ ရောက်နိုင်ပါတော့မလား"

ဟူ၍ ကလေး၏လက်ကို ဆုပ်ကိုင်လျက် မောရှမ်းမြေ၏ တောင်ထွတ်များဆီမှ ပြည်မဘက်သို့ လှမ်းမျှော်ရင်း အားငယ်စွာ တွေးမိပါသည်။

တောလယ်ခေါင် မြေကြီးထဲတွင် အခင်းမပါ၊ ခြုံစရာမရှိဘဲ အိပ်စက်ရဖူးသောည။ ထမင်းနပ်ပေါင်းများစွာ ငတ်ခဲ့ရသောခရီး...။ အကြင်နာမဲ့သူများ၏ နေရာလုမှုကြောင့်၊ နေရာအခက်ခဲများ၊ ကားပျက်၍ ကားအမျိုးမျိုးသို့ပြောင်း၍ တွယ်စီးခဲ့ရခြင်းများ စသော ဒုက္ခတောလယ်တွင်...

ဖေးဖေးမမ ကူညီခဲ့သူများ၊ ညီမ လူနာကို ပွေ့ချီသယ်ယူသွားကြသူများ၊ ထမင်းငတ်သော ရက်များမှ အစား



အစာ မျှဝေခဲ့သော ခရီးသည်ချင်းများ၏ အကြင်နာတရားများကိုလည်း ခံယူရရှိခဲ့ပါသည်။

သည်သို့ဖြင့် လေးရက်၊ လေးည လွန်မြောက်ပြီးနောက် လူနာနှင့် ကလေးကို ပြုစု သယ်ဆောင်၍ ကျိုင်းတုံမှတစ်ဆင့် လေယာဉ်ခရီးဖြင့် ဟဲဟိုးသို့၊ တစ်ဖန် မီးရထားဖြင့် ရွှေညောင်မှ ရန်ကုန်သို့လည်း ကူညီသူမဲ့စွာဖြင့် တစ်ယောက်တည်း ပြန်လာခဲ့ရပါသည်။

ခရီးဟူသည် ဒေသန္တရ ဗဟုသုတချည်း မဟုတ်ပါ။ ကျွန်မမှာ အရိန္ဒိဝါမရှိသော သာမန်ခရီးသည်တစ်ဦးသာ ဖြစ်ပါ၍ အကြင်နာလမ်းနှင့် လောဘခရီးကြမ်းများသို့ တိုးဝင်ရင်း လူသားတို့၏ ကရုဏာ၊ ကောက်ကျစ်မှု၊ မေတ္တာတရား၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ငဲ့ညှာခြင်း၊ ရက်စက်ခြင်း၊ ဖွဲ့မာန်၊ အားငယ်မှု စသော ခံစားမှုအတွေ့တွေ့ကို ထိတွေ့ကြုံဆုံနိုင်ခွင့်များလည်း ရရှိခဲ့ပါ၏။

လူ့ဘဝ၏ အတွေ့အကြုံနှင့် ရင့်ကျက်မှု ဟူသည် ထိတွေ့ကြုံဆုံရာမှ ရရှိနိုင်သည့်အရာပါ။ ဖန်တီးယူ၍ ဖြစ်သော ကိစ္စမျိုး မဟုတ်ပါ။ ဤအတွေ့အကြုံတို့သည်လည်း လူသားတို့၏ စရိုက်များအဖြစ် ကျွန်မ၏စာမှာ ထင်ဟပ်စေချင်ပါသည်။

ဤတာချီလိတ်ခရီးသို့ မသွားမီကပင် သည်ဒုက္ခမျိုး ရှိနိုင်ကြောင်း သိပြီး၊ ကြားပြီး ပါလျက်နှင့် ဆိုခဲ့ပြီးသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စွန်းသို့ သွားမည်ဟူသော ဆုံးဖြတ်ထားချက်ကြောင့်ပါ။

ခရီးမျိုးစုံသို့ သွားပြီးမှ စာတ်လမ်းကောင်းများ ရရှိနိုင်သည်ဟု ကျွန်မ ခံယူမထားပါ။

သို့ပါသော်လည်း ကျွန်မ၏ အုပ် ၄၀ မြောက်တွင် ရေးသားဖူးခဲ့သည်သို့ပင် ကျွန်မကိုယ်တိုင်နှင့် နှိုင်းစာ၍ပါ...။ ကျွန်မ စာဖတ်သူဘဝက ကိုယ်မရောက်ဖူးသော နေရာ၊ နယ်မြေသစ်လေးများ အကြောင်းကို ကျေနပ်ကြည်နူးစွာ ဖတ်ရှုမှတ်သားဖူးပါ၍ ဆန္ဒတူ ပရိသတ်များ ရှိနိုင်ပါသည်ဟု ယူဆမိပါသည်။

အရေးညံ့ခဲ့ပါလျှင် တွေးခေါ်မှုဖြင့် နှစ်ခြိုက်ပါစေ၊ အတွေးသိမ်ဖျင်းခဲ့ပါလျှင် ဇာတ်လမ်းကို လက်ခံနိုင်ပါစေ၊ ဇာတ်လမ်းမကောင်းခဲ့ပါလျှင် နယ်မြေသစ်၏ ဗဟုသုတလေးများ ရနိုင်ကြပါစေ ဟူ၍ တစ်ထောင့်တစ်နေရာရာမှ ကျေနပ်မှု ရရှိစေချင်သည့် စေတနာသက်သက်ကြောင့်သာ ဖြစ်ပါသည်။

ကျွန်မ၏စာသည် ဂန္ထဝင်မြောက် ရသစာပေအဆင့်မျိုး မဖြစ်နိုင်ပါ၊ မရည်ရွယ်ပါ။

ခံစားမှု အနုပညာပိုင်းမှသာ တင်ပြလိုခြင်းဖြစ်ပါ၍ အကျိုးမဖြစ်သည့်တိုင် မနစ်နာစေချင်သော ကျွန်မ၏ စေတနာဆန္ဒကို ခံယူရရှိစေချင်လှပါသည်။



ဝတ္ထုရေးသားလေတိုင်း ဤစိတ်မျိုး ထားရှိခဲ့ရာမှ ယခုအုပ် ၅၀ မြောက် ဝတ္ထုတွင်ဖြင့် ကျွန်မ၏ တတ်စွမ်းနိုင်သမျှသော အင်အားအားလုံးကို အသုံးချထားခဲ့ပါသည်။

ဤဝတ္ထုအတွက် အရှေ့အနောက် ခရီးက တစ်နှစ်စီခြားပြီး သွားရပါသည်။ ကျမ်းများစွာကို ဖတ်ရှုလေ့လာချိန်နှင့် ရေးသားချိန်က ၆ လ ကျော်မျှ ကြာမြင့်ပါ၏။

ခရီးဒဏ်နှင့် အိပ်ပျက်ညများစွာကြောင့် အိပ်ရာထဲလဲသည့်အဖြစ်သို့ ရောက်ခဲ့ရပါသော်လည်း ဆေးကုသရင်းဖြင့်ပင် လုံ့လနှင့် ဇွဲကို မလျှော့ပါဘဲ တွေးမြဲ ရေးမြဲပါ။ (ဤစာအုပ် ရေးသားနေချိန်အတွင်းမှာ စိတ်မချမ်းမြေ့ဖွယ်ရာကိစ္စနှင့်ပါ ရင်ဆိုင်ကြုံဆုံနေရပါကြောင်း ရင်းနှီးသူတိုင်း သိကြပါသည်)

ဤစာအုပ်အတွက် ကျွန်မ၏ လှိုဒုက္ခ စိတ်ဒုက္ခသာမက ဆော်င်းသဇင်စာပေမှ ထုတ်ဝေသူက ကျွန်မ ဆန္ဒရှိသလောက် အကုန်အကျမခံနိုင်၍ ကျွန်မက ငွေကြေးစိုက်ထုတ် အကုန်အကျခံရခြင်း၊ အခက်ခဲမျိုးစုံများနှင့် လူမှုရေးဝတ္တရား ပျက်ကွက်ခြင်းများ အားလုံးနှင့် ရင်းပြီး ကျွန်မ၏ ကိုယ်ပိုင်အချိန်များကို သည်စာအုပ်ကိစ္စမှာ မြှုပ်နှံသွင်းထားခဲ့ပါသည်။ အစမှ အဆုံးတိုင် စာကြမ်းများကို ကိုယ်တိုင်ပုံနှိပ်တိုက်မှာ ဖတ်ရှုပြင်ဆင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဈ)

"စာရေးသူ၏ ကြီးမားသော ကြိုးပမ်းချက်ဖြင့် တင်ဆက်ထားပါသည်…"

ဆိုသော်လည်း…

အရေးအသား ချောမွေ့ပြေပြစ်ပါသည်။

ဇာတ်လမ်း ကောင်းလှပါသည်ဟု… ကျွန်မ မပြောလိုပါ။ ကောင်းချင်မှလည်း ကောင်းပါမည်။

သို့ပါသော်လည်း…

ကျွန်မ၏ စာပေကို အချိန်ပေး၍ ဖတ်ရှုနေကြသော ကျေးဇူးရှင် ကျွန်မ၏ စာဖတ်သူများအတွက်…

သက်စွန့်ကြိုးပမ်း ခရီးလမ်းနှင့်…

တပင်တပန်း ပြုစုထားပါသည်ဆိုသော ကျွန်မ၏ အကြီးမားဆုံးသော စေတနာများထဲမှ…

တစ်စွန်းတစ်စ၊ တစ်စိပ်တစ်ပိုင်းလေးမျှ ခံယူရရှိသည် ဆိုလျှင်ပင်…

ကျွန်မအတွက် အတိုင်းအဆ မရှိသော ကျေနပ်ခြင်းဖြင့် နှစ်သိမ့်ကြည်နူးရပါလေမည်။

(ည)

ကျွန်မ၏ စာများကို ဖတ်ရှုပေးကြသည့် ချစ်သော စာဖတ်သူများ၊ အငှားဆိုင်၊ အရောင်းဆိုင်မှအစ ကျွန်မ၏ စာအုပ်စာပေနှင့် ထိတွေ့ပတ်သက်ရသူများအားလုံးသို့…

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော ကျွန်မမှာ နေ့စဉ် ဘုရားရှိခိုး သီလယူပြီးတိုင်း သီးသန့်ရည်ရွယ်၍ မေတ္တာပို့သပါသည်၊ ခံယူရရှိကြပါစေဟုလည်း ဆုတောင်းပါသည်။

ကျွန်မ၏ စာချစ်သူများ အားလုံး၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မေတ္တာရေးများမှာ ဆန္ဒရှိသမျှ ပြည့်ဝကြပါစေဟု ထာဝရလှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့ဝေနေပါသော…

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)

www.burmeseclassic.com